
www.burmeseclassic.com

လာဘ်မိုးရွာ စာပေ ❁ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်၊

မှတ္တပစ္စယော

# ရောင်ပြိုင်

မဂ္ဂဇင်း



ဘုရိမပညော သိပ္ပါနံ၊ သဗ္ဗေသံ ကုသလော ဘဝေ။
ဗိသဒ္ဒေတို့ သမဂ္ဂော၀၊ သမ္ဗုပ္ပဏ္ဍာနံ ဟာနသော။

မင်းသိခ် ၏ ထူးဆန်းသော ရွှေသော့ကလေး (စာ-၆၃)



နတ်လူ မ,စ လိုတိုင်းရ (စာ-၇၅)

- ဘုရားစင် မင်္ဂလာရှိပါမှ သင့်ဘ၀လည်းလှ (စာ-၇၁)
- တံတားခင်းပါ ညောင်ထောက်ပါ (စာ-၆၉)

ဒေါက်တာစောယုနွယ် ၏ '၂၀၁၇' မင်္ဂလာရှိသော နှစ်သစ် (စာ-၂၇၈)

Graphic: Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၇ ခုနှစ်၊ မတ်လ၊ အမှတ် (၂၇၈)

## မာတိကာ

### ရောင်ပြန် ကဗျာ

နန္ဒာမိုးကြယ်၊ ရွှေဓါန်းသန်းလွင်(မုံရွာ)၊ ဝေယံမြင့်(ဗိုလ်ကလေး)၊
အုံ့ငြိမ်းမင်း၊ ငယ်လေးမောင်(သပြေရုံ)၊ အောင်ရာဇာ(ဥက္ကလာ)၊
ငြိမ်းငြိမ်းအောင်၊ သက်နိုင်(ကြို့ပင်ကောက်)

### ရောင်ပြန် အခန်းဆက်ရသ

တစ်နှံကိုး
ရဲဖိုး —— ၉၁

မွန်းတည့်ချိန်မှာ အရိပ်ရှာသူ(ဇာတ်သိမ်းပိုင်း)
ကျော်မြသန်း —— ၁၄၂

မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရှုပ်တော်ပုံ(၆)
မောင်ယဉ်မွန်(မောင်နေခြည်) —— ၁၆၈

ဘဝအာသဝေ့(၉)
မင်းသိခ် —— ၁၈၀

တောင်စကြာမွေ့နန်းမှ လွမ်းပုံပြင်(၁)
လေးသုစံ —— ၂၀၂




စာ-၁၃၆

သီတဂူဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်း ဂုဏ်ပြုမှတ်တမ်း

တက္ကသိုလ်သင်

စာ-၄၉



စစ်ကိုင်းတောင်ရိုးရှိ သီတဂူဓမ္မတက္ကသိုလ်ကို တွေ့ရစဉ်။

ပလီကမ်းခြေ ဂိုတ္တောရှာမှ အမတသုခတောင်တော်ဆီသို့ တိလောကသဃမ္ဗုရုပ်ပွားတော်မြတ်ကြီး ပူးခဲ့စဉ်

မြမဥ္စူဓေ(ကျုံမဝေး)



စာ-၁၇

မြို့ရန်ကုန်ဝန်းကျင်မှ ဝန္တိရဆန်းကြွယ် ဖြစ်ရပ်များ(၆)


စာ-၁၁၇

ပထမံဝိဇ္ဇာအောင်



www.burmeseclassic.com

www.burmeseclassic.com




## ရောင်ပြန် ရသ

ယ်ကိုပြောတစ္ဆေ
တာမြဦး ———————— ၁၀၂
ဆိုင်သာယာဂေဟာ
သကျော်ဝင်း ———————— ၁၂၈
မောဟ
ဝင်းလှ ———————— ၁၃၆
ခွန်ပါတောင်တော်မှ ကြေကွဲဖွယ်ရာ ဧည့်သည်
ထွန်းသစ် ———————— ၂၁၆
ဆန်းသော လက်စွပ်
န်း ———————— ၂၃၆
ဉ်တန်တဲ့ ပဏ္ဏများ
န်ရှင် ———————— ၂၄၆
တဲ့အသည်း
နှင်း ———————— ၂၅၆

## မြန်မာ့ရေးရာ

ပေလီကမ်းခြေ ဂိုဏ္ဍာရွာမှ အမတာသုခတောင်တော်ဆီသို့
တိလောကသယမ္ဘူ ရုပ်ပွားတော်မြတ်ကြီး ဖူးခဲ့စဉ်
မြမဥ္ဇူဝေ(ကျုံမငေး) ———————— ၁၇
ရှေးတဘောင်နှင့် စေတီတော်များ
မင်းသန်းခိုင်(ကွမ်းခြံကုန်း) ———————— ၂၁
နေပြည်တော်မြို့နယ်၊ နဲ့ကြီးရွာလယ်ကျောင်းတိုက်မှ ခန္ဓာကိုယ်ရုပ်
မပုပ်မသိုးသည့် တတိယဆရာတော် ဘဒ္ဒန္တစာရိတ္တာဘိဝံသ၏
ထူးခြားအံ့ဖွယ်အသွယ်သွယ်
မင်းသုခ ———————— ၂၆
တောင်စောင်းရိပ်မှောင် ယောဂီချောင်ဝယ်(၁၂)
မြစံပယ် ———————— ၄၂
အိပ်မက်ထဲက ပန်းတစ်ပွင့်တောင်
ထွန်းအောင်ရင်(မော်ဘီ) ———————— ၄၅
သီတဂူဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်း ဂုဏ်ပြုမှတ်တမ်း
တက္ကသိုလ်သန် ———————— ၄၉




အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွာ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)၊
၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

www.burmeseclassic.com

www.burmeseclassic.com

## တောင်ခေါင်းရိုပ်မှောင် ယောဂီချောင်ဝယ် (၁၂)

မြစ်ပယ်



စာ - ၄၂

## လောကီရေးရာ


ကံကောင်းချင်သလား ဒါစားသွား
တက်လူမျိုးသံစ် ---------- ၅၂
ရောင်ပြန်မဂ္ဂဇင်းပြကွဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၅၃
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇၊ မတ်လ…
ကေတီ-အောင်သိန်း ---------- ၅၄
သည်လအတွက် ကောင်းသောရက်
နှယ်သာကီအောင် ---------- ၅၇
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ---------- ၅၉
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---------- ၆၀
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟာန်ကြွယ် ---------- ၆၁
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------- ၆၂
နေထွက်မီးလင်း နေ့ချင်းညချင်း စီးပွားပြင်း
ရွှေပြည့်ပြည့်လျှံ ---------- ၆၄
မင်္ဂလာပါ နံနက်ခင်း
ကိုမောင်သန်းဝင်း ---------- ၆၇
တံတားခင်းပါ ညောင်ထောက်ပါ
နန္ဒာမိုးကြယ် ---------- ၆၉
စပါးစေ့ ကြဲပက်၍ ရန်ဖက်ကို ပြေငြိမ်းပါ
[illegible] ---------- ၇၄
ဘုရားခုနစ်ဆူ ပူဇော်မှ နတ်လူမစ လိုတိုင်းရ
ဂမ္ဘီရဆရာငြိမ်း ---------- ၇၅
ဘုရားကိုးဆူ
ဦးကြီးဖေ(မြန်မာ့စွယ်စုံကျမ်း) ---------- ၇၇
သူတော်ကောင်း နတ်ကောင်းစောင်မ
အောင်မြင့်မြတ်(ပြည်ရွှေတို) ---------- ၈၃
ရောင်းထွက်ချင်သလား အိမ်၊ ခြံ၊ မြေ
ဆရာဇီဝအောင်ထွန်း ---------- ၉၀
နေ့အလိုက် ကံကောင်းစေသော အရောင်များ
မောင်စံထား(နေမြို့) ---------- ၁၀၀
လိပ်ပြာဖလင်ပျံကာဝဲ ဝင်ငွေတသဲသဲ
မင်းသိန်းကြည် ---------- ၁၀၆
ဘဝလမ်း မှန်းဆမသိခဲ့ချေ…
ဆရာညီညီ(အမေ့သား) ---------- ၁၀၇
နံ(ဩ)ကလေးသိပ္ပံပြတိုက်
မောင်ကောင်းမြင့် ---------- ၁၁၀
ဝတ်ကြောင်ကိုငွတ်ရှောင်ရန်း နောင်ကြိုးကိုဖြေ ပြေးနိုင်မှလွတ်စေ
ခင်မောင်အေး(မန္တလေး) ---------- ၁၁၃
အဂ္ဂိတော၀ါ
ဒေါက်တာစောယုနွယ် ---------- ၁၁၅
မြို့ရန်ကုန်ဝန်းကျင်မှ ဂမ္ဘီရဆန်းကြယ်ဖြစ်ရပ်များ(၆)
ပထမံဝိဇ္ဇာအောင် ---------- ၁၁၇





စာ - ၁၆၀

www.burmeseclassic.com

www.burmeseclassic.com





- ၂၄၆

## လောကီရေးရာ

ာနိက ရည်စူးဒါန
င်မောင်အိုင်(အိမ်မဲ) ———————— ၁၂၃
ာသေးအဖွဲ့ မဟုတ်ပါ
ထွန်း(တွံတေး) ———————— ၁၂၅
ဘုံဘဝ အမှုကြုံရလျှင်
ဝိဇ္ဇာဆရာအောင် ———————— ၁၃၄
ဆည်းလည်းသံ တညံညံ
ကိုးဆွေ ———————— ၁၅၅
ချီးပေးမည့် အဆောင်များ
ခိန္ဒီကျော်ခေါင် ———————— ၁၆၀
တွင်းသို့
ုလှိုင် ———————— ၁၆၁
အမောစင်မယ့် လုတောတစ်ခွင်ဟာသများ
ကောင်းထူး ———————— ၁၆၃
အလုပ်သမား မြစေသား
ဓမိုးဟန်ကြွယ် ———————— ၁၇၀
သာဆီလူး ရွှေချယ်ဦး
ဆရာပွင့် ———————— ၁၈၄
ခုံးမွေးယကြာ(တရုတ်ဂမ္ဘီရပညာ)
တီ-အောင်သိန်း ———————— ၁၉၅
သာပြန်အိပ်မက်
င်မိုးဦး ———————— ၁၉၇
အဲ့ဖွယ်သရဲ ထူးခြားဖွံဖြိုးတိုးတက်အောင်
ဆောင်ရွက်တတ်မှု အနုပညာ
မောင်ကျေးဇူး ———————— ၂၀၀
ထူးဆန်းသော ဂမ္ဘီရစကြာ
ဂမ္ဘီရဆရာပွင့် ———————— ၂၁၁
လော၊ ဒေါ၊ မောကုန်ရာ စမတောင်တော်မဟာ
အေးကြူလေး ———————— ၂၁၃
ကြိတ်ပြီးကြံစည် အောင်ရမည့်
ဆရာမိုးဟန်ကြွယ် ———————— ၂၃၀
နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၃)
မဟာထွန်း ———————— ၂၃၁
မတူကွဲပြား ယဉ်ကျေးမှုထုံးစလေ့များ
မောင်မောင်စန်းထွေး ———————— ၂၄၀
ဘူတန်နိုင်ငံရှိ ထူးဆန်းအံ့ဖွယ်ရာများ
နန္ဒာမင်းခေါင် ———————— ၂၄၃
မြေအောက်ထဲရှိ မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များ
ကျိုင်းထီးဆောင်း ———————— ၂၅၃
သာသနာ ၅၀၀၀
ဦးကုန်းဇော်ဝင်းမောင် ———————— ၂၅၅
အများကြာ အမှန်ဖြစ်မှာစိုး လာဘ်လာဘချမ်းသာကြစေအကျိုး
ဇာပြုပွင့် ———————— ၂၆၃
ပုဂ္ဂိုလ်ထူးပေး ငွေရောင်အိုးကလေး
မော်တင်သိန်းဇော်ဇ ———————— ၂၆၅
ပုရိသအတွေး
မောင်ချိမင်း(ကန္တာရဝတီ) ———————— ၂၇၇

### တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံများ


သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)



စာ - ၂၆၇

www.burmeseclassic.com

www.burmeseclassic.com

လော၊ ဒေါ၊ မော၊ ကုန်ရာ
**စမ်တောင်တော်မဟာ**
အေးကြူလေး စာ - ၂၁၃


## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ထူးဆန်းသော ရွှေသော့ကလေး
မင်းသိခ် ———————— ၆၃

သင့်အိမ်ရှိ ဘုရားစင် မင်္ဂလာရှိပါမှ သင့်ဘဝလည်း
ပြည့်ကျော်လွင်(ပညာရေး) ———————— ၇၁

ရှင်ပြုပွဲတွင် နတ်ပြုရသော မြန်မာမှုဓလေ့ထုံးစံများ
ကျော်ဇောဟိန်း(နွံသာ) ———————— ၈၀


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လုဝိုး(စိတ်ပညာ) ———————— ၁၉၁


## ရောင်ပြန် နှစ်သစ်မင်္ဂလာ


၂၀၁၇ မင်္ဂလာရှိသော နှစ်သစ်ဖြစ်စေသော်
ဒေါက်တာစောယုနွယ် ———————— ၂၇၀











လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

(တရုတ်ဂန္ထိရပညာ)

## မျက်ခုံးမွေးယတြာ

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)



စာ - ၁၉၅

စာ - ၁၈၀



## ရောင်ပြန်ပေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———— ၂၇၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ———— ၂၉၄


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ———— ၂၉၆




စာ - ၁၂၈

## ရောင်ပြန် တိုင်းရင်းဆေး


ရွှာန်များမှ လူသားများကို အကျိုးပြုပုံများ ၂၆၇
ါက်တာသက်ခွေ ———— ၂၆၇
င်ဆာရောဂါ
ဇော်(သုံးဆယ်) ———— ၂၇၃



အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
**လာဘ်မိုးရွာ စာပေ**
တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
၅၂-လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇






စာ - ၁၄၂

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော ရွှေသော့ကလေး



"ထူးဆန်းသော ရွှေသော့လေးဟာ အောက်ကိုစိုက်ပြီးထားလိုက်ရင် နက္ခတ်ဗေဒင်ပညာမှာသုံးတဲ့ ဗုဒ္ဓဟူးဂြိုဟ်ရဲ့ အမှတ်တံဆိပ်နဲ့တူနေတယ်…၊ အဲဒါကို ပညာရေးအဆောင်အဖြစ် စီရင်ပြီး သုံးလေ့ရှိကြတယ် …၊ မာကျူရီရယ်ကီးလို့လည်း ခေါ်ကြတယ်၊ ဒီသော့လေးဟာ စိတ်နဲ့ပတ်သက်တဲ့လုပ်ငန်းတွေ၊ စာပေရေးသားခြင်းတို့၊ စာမေးပွဲဖြေဆိုခြင်းတို့ အဲဒီကိစ္စတွေမှာ ကောင်းကောင်းအစွမ်းပြတယ် …၊ အင်တာဗျူးဖြေမယ့်လူတို့၊ အလုပ်လျှောက်မယ့်လူတို့ သုံးနိုင်တာပေါ့ …၊ ခြုံပြီးပြောရရင်တော့ ပိတ်နေတာတွေ ပွင့်စေချင်တဲ့ကိစ္စအားလုံးမှာ သုံးနိုင်တာပေါ့…"

(မှတ်ချက်။ ။ ၎င်း မာကျူရီရယ်လ်ကီး(ခေါ်) ဂိုလ်းဒင်းကီး (ခေါ်) ရွှေသော့ပုံလေးကို စာသင်ကျောင်းများ၊ စာကျက်ခန်းများ၊ စာကြည့်စားပွဲများတွင်ပါ ချိတ်ဆွဲထားနိုင်ပါသည်)

www.burmeseclassic.com

www.burmeseclassic.com

# ခွင့်လွှတ်ချစ်

ဖြိုးမြင့်အောင်

● တိမ်တွေက ပြန့်ခင်း
အလင်းတန်းမျှော့ အနားသတ်
ပါးလှပ်တဲ့ လရောင်ပဝါလို
အယောင်ဆောင် မောင့်အချစ်
ကျွန်မ…အပြစ်မတင်ရက်ပါဘူး…။

● ကြယ်ကြွေချိန် ညအေး
အတွေးဆောင်နဲ့ လက်လှမ်း
အဖမ်းခက်တဲ့ ရွှေကြယ်စင်လို
လက်တွေ့မဖြစ်တဲ့ မောင့်အချစ်
ကျွန်မ…မပယ်ရက်ပါဘူး…။

● ကျိုးပဲ့ကာ ပြတ်ကြွေ
အဝေးရောက်သွားတဲ့ လေတစ်သုတ်
အတွေးစိတ်ကူးနဲ့ ဖမ်းဆုပ်
ချုပ်ကိုင်လို့မရတဲ့ မောင့်အချစ်
ကျွန်မ…မေ့မပစ်ရက်နိုင်ပါဘူး…။

● မောင်ရေ…
လျှောက်ခဲ့တဲ့ အချစ်လမ်းကို
တမ်းတကာ မှန်းဆရင်း
နွမ်းလျနေတဲ့ စိတ်က
မျက်ရည်တွေ မခန်းသရွေ့
ကျွန်မ…လွမ်းနေဦးမှာပါ…။ ။





www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းကမ္ဗည်း

ဆုငြိမ်းမင်း

- အမှောင်ကိုတကယ်မကြိုက်ရင်
  တံခါးတွေဖွင့်လိုက်လေ ...။
- စီးချင်းထိုးဖို့မဝံ့ရင်
  သူရဲကောင်းအမည်မခံနဲ့ ...။
- နုတ်ထွက်စကားသက်သက်နဲ့တော့
  အပြောင်းအလဲဆိုတာ
  လေထဲတင်ပျောက်သွားမှာ ...။
- ကိုယ့်လိပ်ပြာကိုမရှက်ရင်လည်း
  သဘောအတိုင်းပဲ ...။
- တစ်ခုတော့သတိပေးမယ်
  သမိုင်းကမ္ဗည်းဟာ
  ဘယ်တုန်းကမှ
  သတ်ပုံမမှားခဲ့ဘူး ...။





www.burmeseclassic.com

www.burmeseclassic.com

# ဉာဏ်မြေကမ္ဘာ မင်္ဂလာ

**ထယ်ခလေးအေးမောင်ဝိ(သမြှစ်)**

- အတ္တနိုးဝေ၊ မြူမှောင်မွေ၍
  အမေချစ်သော၊ ယာလယ်တောလည်း
  ကျယ်ပြောထုပျစ်၊ ချုံနွယ်ရစ်၍
  ဆူးခြစ်ခယောင်း မြင်မကောင်း။
- အတ္တနိုးဝေ၊ မြူမှောင်မွေ၍
  အမေအချစ်၊ သားရင်နှစ်လည်း
  လယ်ပစ်ယာပစ်၊ နယ်ခြားလစ်၍
  ကျွန်ဖြစ်နေရှာ ကာလကြာခဲ့။
- အတ္တနိုးဝေ၊ မြူမှောင်မွေ၍
  အမေရင်နှစ်၊ သမီးချစ်လည်း
  ဖြစ်ဖြစ်သမျှ သခါရဟု
  ချွသံဝေ၊ စိတ်မှာမြေ၍
  နွေနေပူထဲ၊ မီးပူခဲနှင့်
  လျှောက်ခဲလှမ်းခဲ မောပန်းမြဲလေ။
- အမေ့အပူ၊ သောကမြူတို့
  တိမ်ထုမိုးနယ်၊ ပြန့်ပြောကျယ်စွ
  ဘယ်လိုကူမှ အေးပါလိမ့်။
- အတ္တချွန်ထက်၊ အဆိပ်လက်ကို
  ချိုးဖျက်သုငါ၊ အကြင်နာဖြင့်"
  မေတ္တာပွားဝေ၊ စောင့်ရှောက်နေလျှင်
  ဉာဏ်မြေကမ္ဘာ၊ မင်္ဂလာ
  ဘယ်ခါအမှုလာ၍ ကပ်နိုင်လိမ့်။ ။




www.burmeseclassic.com

## ရှာမျက်ရည်

ရွှေချိုသခိုးချွပ်(မုံရွာ)

● ရချင်သလောက် ရ
ငါ့မျက်ရည် မကျ။
ဆဲချင်သလောက် ဆဲ
ငါ့မျက်ရည် မဝဲ။
ဆိုချင်သလောက် ဆို
ငါ့မျက်ရည် မပြို။
နှင်းချင်သလောက် နှင်း
ငါ့မျက်ရည် `မဆင်း။
နိုင်ချင်သလောက် နိုင်
ငါ့မျက်ရည် မဒိုင်း။
ရိုက်ချင်သလောက် ရိုက်
ငါ့မျက်ရည် မလိုက်။
စေချင်သလောက် စေ
ငါ့မျက်ရည် မဒွေ။
● ဒါပေမယ့်လေ...
ငဲ့ညှာထောက်ရှု ကြင်နာမှုတော့
မပြုကြားနှင့်၊ စိတ်ထားမနိုင်
တားမျက်ရည်တို့ မဆည်နိုင်။ ■




www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းကုန်

ဆေးယံမြို့(မိုးဝိတာဒေသ)

- ဇာတိပုည
  ခါချဉ်
  ဖော်ကြ ချက်ကြ
  ဟန်ရေးပြလျက်
  ဘဝရေးရေး
  အသက်မွေးဖို့
  ယော်သွေးရှုပ်
  ရုပ်သဏ္ဍာန်ကို
  မန်းဦးရွာ
  မှတ်ယူကာဖြင့်
  ရှက်ပါသော်လည်း
  တတ်နိုင်ပဲဖို့
  ရှိုးပွဲဆက်လျှောက်ရဦးမည်။ ■




www.burmeseclassic.com

# အာရှတောင်ပြန့်

**သခင်ဒိုင်(ကြာခွင်ဝေဘာသ်)**

● နှင်းဆီနေဝန်းက
တောင်တန်းရဲ့ ဟိုမှာဘက်ကို
လျှောက်လှမ်းကာ လိုရာဆက်နေရင်း
အိပ်စက်ဖို့ ဟန်တွေပြင်၊
● ရောင်စုံဆေး
ခြယ်ရေးကာ တိမ်ကနုတ်တွေက
ရုပ်စုံတွေ ဇာတ်စုံခင်းလေရဲ့
လင်းတစ်လှည့် မှောင်တစ်ခါပေါ့
မရှောင်သာ မောဟာအမှိုက်တွေနဲ့
လောင်မြိုက်ကာ အပူခိုးတွေဖြင့်
မိုးမြင့်မှာ အလိပ်လိပ်
ပုံရိပ်တွေဆင်။
● စိတ်အလိုကျ
သိပ်ကိုလှနေတဲ့
ပြာမြမြ မိုးကောင်းကင်
အခု မကြည်လင်တော့ပါလား။
● အမှောင်ကျလေတော့
ယောင်နန နေသမျှမှာ
အလှတွေ ဘယ်မထင်လည်း
နေဝင်ပြီး အမှောင်ရောက်
မိုးသောက်ရင် အလင်းသစ်ပေလိမ့်
သူ့မေတ္တာစေတနာတရားတွေနဲ့
ဉာဏ်အမြင် ရှုန်ဝင်စားရင်တော့
လူသားတွေ ဂုဏ်ရည်တိုးမှာပ
မိုးကောင်းကင်ကြည်ပြာမြမှာ
အလှတွေ ရောင်ပြန်ကိန်း
ငြိမ်းချမ်းလိမ့်တကား။ ။




www.burmeseclassic.com

# ပေလီကမ်းခြေ ဂျိတ္တောရှာမှ
# အ မ တ သု ခ ‌ေ တ ာ င် ‌ေ တ ာ် ဆီ သို့
# တိလောကာသယမ္ဘူရုပ်ပွားတော်မြတ်ကြီး ဖူးခဲ့စဉ်

မြမဥ္ဇူဝေ(ကျုံမဝေး)

မြန်မာနိုင်ငံ၏ အနောက်တောင်ဘက် အစွန်ဆုံး အရပ်မှာ သေးသွယ်သော ကမ်းမြောင်လေးဖြင့် တည်ရှိနေသော ပင်လယ်ပြင်ကို မျက်နှာစာပြုထားသည့် ရခိုင်ပြည်နယ်တွင် သာယာလှသော ရွာခင်းများ၊ သဘာဝ သစ်တောသစ်ပင်ကြီးများနှင့် အလွန်သာယာလှပါသည်။ ရေသယံဇာတလည်း ကြွယ်သောကြောင့် ရေထွက်ပစ္စည်းဖြင့် ရခိုင်ပြည်နယ်သားများ စီးပွားဖြစ်ထွန်းရာ အရပ်လည်း ဖြစ်ပါသည်။



မြောက်ဦးနှင့် စစ်တွေဘုရားတွေများ လွန်လှသည်မို့ "သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဆိုသော လင်္ကာဖြင့် ရခိုင်ပြည်နယ်ရှိ ရှေးဘုရားစေတီပုထိုးများ၏ အရေအတွက်ကို ဖော်ပြနေပါသည်။ ထို့အပြင် ထပ်မံတည်ထား ဘုရားစေတီများလည်း တည်ရှိစံပျော်နေသော သာသနာကြွယ်သည့်ဒေသပင်တည်း။

စာရေးသူ ကျွန်မအဖို့ အခွင့်အခါရသည်နှင့် ဘုရားဖူးခရီးများ သွားဖြစ်နေမြဲဖြစ်ရာ ယခုနှစ် တာတန်ခူးမှာ သံတွဲမြို့နှင့် ပေလီကမ်းခြေသို့ ဘုရားဖူးအပန်းဖြေခရီး ထွက်ဖြစ်ခဲ့ပါသည်။ သံတွဲမြို့နှင့် အနီးအနားမှ ရှေးဟောင်းသမိုင်းဝင် ဆံတော်၊ နံတော်၊ အံတော် ဘုရားစေတီများ ဖူးမြော်အပြီး နောက်တစ်နေ့တွင် ပေလီကမ်းခြေသို့ ရောက်ခဲ့ပါသည်။

"ဂျိတ္တောရှာ"တွင် ထူးခြားသော မုခြာဟန်ဖြင့် ဓာတ်ရုပ်တော် ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်တော်မူရာသို့



www.burmeseclassic.com

www.burmeseclassic.com




ဗုဒ္ဓဘုရားရှင်၏ ကြည်ညိုဖွယ် အောင်ခြင်းရှစ်ပါး ရုပ်လုံးရုပ်ကြွပုံဟန်

ပေလီအလှကို အသာထား၍ ဦးစွာ ဘုရားဖူးရန် စခဲ့ပါသည်။ သံတွဲမြို့ ပေလီကမ်းခြေ ဂျိတ္တောခရီးကို ကုန်းကြောင်းခရီး ဖြင့်သွားခဲ့ရာ တောင်ပေါ်သို့ ရောက်မှန်းမသိ ရောက်ခဲ့ပြီး လှမ်းမျှော်၍ ဖူးတွေ့ရသော ရုပ်ပွားတော်မြတ်မှာ လွန်စွာ ကြည်ညိုဖွယ် ကောင်းလှပါသည်။

တစ်ချိန်သောအခါက အမတသုခတောင်ဟု အမည် ရခဲ့သော ယနေ့ မဒေးတောင်မှာ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ ၂၅၀ ခန့် ရှိပါသည်။ မတ်ရပ်တော် ရုပ်ပွားတော်မြတ်၏ ဉာဏ်တော်မှာ ၅၄ ပေရှိပြီး ကုသိုလ်ပြု အလှူရှင်မှာ အလိုတော်ပြည့်ဆရာတော်ကြီး "ဘဒ္ဒန္တဒေါက်တာအရိယဝံသ"က ခရစ်နှစ် ၂၀၀၇ ခုနှစ်တွင် တည်ထား ခဲ့ကြောင်း သိလိုက်ရပါသည်။


"အမတသုခ"တောင်မှာ သံတွဲမြို့နှင့် ဆယ်မိုင်အကွာ ပေလီကမ်းခြေ ဂျိတ္တောရွာခံများက ဆိုပါသည်။ ဂျိတ္တောရွာ မှာ လုံးသာကမ်းခြေရှိ အမြင့်ဆုံးတောင်ဟုလည်း ဒေသခံများ က ဆိုပါသည်။ ရုပ်ပွားတော်မြတ်မှာ ပင်လယ်ပြင်သို့ မျက်နှာ မူကာ ရပ်တော်မူ တည်ထားခြင်းဖြစ်ပါသည်။ ဘွဲ့အမည် တင်လှူခဲ့သည်မှာ "တိလောကသယမ္ဘူဗုဒ္ဓရုပ်ပွားတော်"ဟု ဖြစ်ပါသည်။

ဘုရားတည်မြင်ကွင်းအရ ရပ်တော်မူဘုရားကြီး၏ အောက်ခံကြာပလ္လင်နှင့်ဖြစ်ပြီး ကြာပလ္လင်မပါ ဉာဏ်တော် အမြင့်မှာ ၅၄ ပေဖြင့် ပင်ပယ်ပြင် မျက်နှာမူရပ်တော် လျက် လက်ျာလက်တော်မှာ မြှောက်ချီဟန်၊ လက်ဝဲလက် တော်ကို အောက်ဘက်တည့်တည့်ချကာ အန္တရာယ်အပေါင်း ကို တားဆီးနေပုံဖြင့် အလွန်ကြည်ညိုဖွယ် ကောင်းလှ သည်။


အလိုတော်ပြည့် ဆရာတော်ဘုရားကြီးသည် "အမတ သုခ"တောင်တော်တွင် တောရဆောက်တည်ရင်း "မဒေး တောင်"ဟု အမည်တွင်ခဲ့၏။ တောရဆောက်တည်နေချိ တရားစခန်းများလည်း ဖွင့်လှစ်ကာ စေတီငယ်တစ်ဆူန သိမ်တော်ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့၏။ သာသနာ့နယ်မြေ အဖြစ် စေတီ၊ သိမ်၊ ဓမ္မာရုံများ တည်ဆောက်ခဲ့ပြီးသောအ "ဘုရား"တစ်ဆူကိုပါ တည်ထားရန် ဆန္ဒရှိသောကြော ဉာဏ်တော် ၅၄ ပေရှိ ရုပ်ပွားတော်မြတ်ကြီးကို တည်ခဲ့ခြ

www.burmeseclassic.com

www.burmeseclassic.com



နဂါးရုပ်လုံးရုပ်ကြွများနှင့် ရင်ပြင်တော်အောင်မြေ



အောင်မြေနှင့် တံခွန်တိုင်

ဖြစ်ပါသည်။

ဤသို့ဖြင့် ဆရာတော်စတင်ခဲ့သော အမတသုခတောင် (မဒေးတောင်)၏ သာသနာ့နယ်မြေတွင် ရုပ်ပွားတော်မြတ်ကြီး တည်ထားနိုင်ရန် ဒါယိကာလည်း ပေါ်ထွန်းခဲ့၏။ ထိုအလှူရှင်မှာ ဟိန်းစည်သူကုမ္ပဏီမှ ဒါရိုက်တာဦးသိန်းထွေး ဖြစ်ပါသည်။ အလှူရှင်ဦးသိန်းထွေးနှင့် အလိုတော်ပြည့်ဆရာတော်တို့ ဦးဆောင်၍ ၂၀၀၇ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ရတနာအုတ်မြစ်တော်စီခြင်း စခဲ့ပြီး တည်ထားခဲ့ရာ ၂၀၀၈ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ဘုရားကြီးတည်ခြင်း ပြီးဆုံးခဲ့ပါသည်။


တောင်တော်တစ်ခွင်၌ ရုပ်ပွားတော်မြတ်ကြီး ကိန်းအောင်းခဲ့ပြီးချိန်မှစ၍ သာသနိက နယ်အတွင်း တည်ရှိရမည့် သာသနာတော်ဆိုင်ရာ ရုပ်လုံးရုပ်ကြွများ၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ နားနေဆောင်များပါ တည်ထားခဲ့သောကြောင့် ရပ်ဝေးရပ်နီး ဘုရားဖူးများအတွက် အလွန်အဆင်ပြေခဲ့ရပါသည်။

အမတသုခတောင် (မဒေးတောင်)တစ်ခွင်၌လည်း သဘာဝရေမြေတောတောင်အရ ပေါက်ရောက်နေသော ပင်ကြီးပင်ငယ်များနှင့် အေးချမ်းသောအရိပ်များကို ဖြစ်စေသောကြောင့် ဘုရားဖူးများလည်း စည်ကားနေပါသည်။ ဘုရားကြီး၏ရင်ပြင်မှ လှမ်းမျှော်ကြည့်သော် မြပြင်ရွှာရှိ မြစ်သာနာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော် အရှေ့အရပ်မှ အသက်ဝင်လှသည့် မိကျောင်းရုပ်ကြီး

တောင်ထိပ်ပေါ်ရှိ "မြရတနာဆုတောင်းပြည့်"စေတီတော်ကို လှမ်းမျှော်၍ ဖူးမြင်နေရပါသည်။ စာရေးသူတို့အဖွဲ့လည်း ရောက်ရန်ဖူးရန်မလွယ်သော "တိလောကသယမ္ဘူရုပ်ပွားတော်မြတ်"၏ ခြေတော်ရင်း ဘုရားဖူးကာ နားနေချိန်ကြာသွားသောကြောင့် "မြရတနာဆုတောင်းပြည့်"စေတီသို့ ဘုရားဖူး မသွားနိုင်ခဲ့၍ လှမ်းမျှော်၍သာ ဖူးမျှော်ခဲ့ရပါသည်။

ပေလီကမ်းခြေအလုတွင် သာသနာတည်ရန် ဆန္ဒတော်ရှိခဲ့သော ဆရာတော်၏ စိတ်အကြံသည် အလွန်ကြည်ညိုလေးစားဖွယ်ကောင်းလှပါသည်။ ပင်လယ်လေကို ရှူရှိုက်ရင်း ရင်ပြင်မှာ ရေကူးကြရင်း ဘုရားဖူးအပန်းဖြေနားနေနိုင်သော အမတာသုခတောင်(မဒေးတောင်)သို့ တစ်ခါတစ်ခေါက်ရောက်ကြရသော သူများအဖို့ လွန်စွာပီတိဖြစ်ရကြောင်းလည်း ခရီးသွားသူများပါးစပ်ဖြား ပြောကြားနေသံများလည်း ကြားခဲ့ရပါသည်။

လတန်ခူး နေပူပူနေ့လယ်အချိန် စာရေးသူတို့ ရနိုင်ဘုရားဖူးအဖွဲ့ အချိန်အတော်ကြာကြာ နားနေခဲ့ပြီး "တိလောကသယမ္ဘူရုပ်ပွားတော်မြတ်ကြီး"၏ ခြေတော်ရင်း ပွားများအာရုံ ကောင်းမှုအစုံ ပြုခဲ့ရခြင်းများကိုလည်း မေ့ပျောက်နိုင်တော့မည် မဟုတ်သော ခံစားမှုများပင် ဖြစ်ပါသည်။ သို့ပါ၍ တစ်ခါမက အခါခါ ရောက်ရပါလိုကြောင်း ဆုမွန်များတောင်းကာ သံတွဲမြေ ပေလီကမ်းခြေကို ကျောခိုင်းခဲ့ရပါသည်။

မြမဥ္ဇူဝေ(ကျုံမငေး)

**မှီငြမ်းမှု** - ပေလီကမ်းခြေ ဂိုတ္တော့ရွာမှ ဒေသခံများ၏ ဆိုစကားနှင့် မဒေးတောင်ခရီး မှတ်တမ်းကိုပေးခဲ့သော ဒေသခံများ၏ မှတ်တမ်းများကို ကိုယ်တွေ့ဘုရားဖူးမှတ်တမ်းဖြင့် ရေးသားပါသည်။ ၁၃.၄.၂၀၁၆ နေ့။




www.burmeseclassic.com

www.burmeseclassic.com

# ရှေးတဘောင်နှင့် စေတီတော်များ

မင်းသန်းခိုင်(ကွမ်းခြံကုန်း)



ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းကြီးအနောက်၊ ကျွန်းချောင်းကျေးရွာ၊ တံခွန်ဦး မင်းလွန်း အောင်စကြာစေတီတော်သမိုင်း အခြေခံတဘောင် ဖြစ်သည်။ ရှေးအစဉ်အလာ ဗုဒ္ဓမပွင့်ထွန်းမီ ကာလမှစ တဘောင်သက်နှန်းဟူ ရှိခဲ့သည်။ အတိတ်တဘောင် အမြင်လက်ဆောင်ဟူ လည်း ရှိခဲ့သည်။ အစဉ်အဆက် ပညာရှိသူတော်ကောင်းများ ကျင့်သုံးမှတ်ယူကြသည်။

မိမိပြုခဲ့ဘူးသောအတိတ်က ကောင်းကံ မကောင်းကံတို့သည် မိမိထံသို့သည် မိမိတို့ထံ အရိပ်သဖွယ် ကြဆောက်စမြဲဖြစ်သည်။ ထို့အတူ အမှန်မည်သော သစ္စာတရားတို့သည် ဗုဒ္ဓတစ်ဆူပွင့်ထွန်းတိုင်း ပေါ်ပေါက်မြဲဖြစ်သည်။ ထိုအမှန်တရားမပေါ်ထွန်းခင် ကြိုတင် နတ်ဒေဝါများ ဗြဟ္မာမင်းများ၊ လူဘုံဌာနအစရှိသည်တို့၌ သတိပေးသတင်းစကား ကြားစေခဲ့သည်။

ဗုဒ္ဓပွင့်ထွန်းတော့မည်ကို "အနှစ်နှစ်သောင်း"ကြိုတင်သတင်းနိမိတ် နှုတ်သံပြုခဲ့တယ်။ နတ်၊ ဗြဟ္မာမင်းများ၊ လူ့ပြည်တွင် တောင်ကျွန်းကို မွမ်းမံပြင်ဆင်ရသည်။ သိမ်းတစ်ကုဋေစာရှိသော သိင်္ဂုတ ရမြတ်ကုန်းမြေ မဏိမေခလာ နတ်သမီး ရေပြင်မြေခင်းပြီး (ပဒေသာပင်)ဆန်စပါးစိုက်ပျိုးခွင့် ပင်လယ်ရေဆုတ်ပေးခဲ့ရသည်။ ဩဘာသ သာသနာ့အလင်းရောင် တဘောင်နိမိတ်ထွန်းတောက်မည့်အကြောင်း ဖြစ်သည်။

ထို့အတူ တစ်ဆယ့်နှစ်နှစ်စော မင်္ဂလာအမေပုဏ္ဏာ ထုတ်ခဲ့သည်။ ထို့အတူ ဗုဒ္ဓမိဂတာဝန် ပွင့်ထွန်းတော့မည်ကို ကြိုတင်သိနေကြသည်မှာ အတိတ်တဘော သက်နှန်းတို့ကြောင့်ပင်ဖြစ်သည်။ ဤသည်ကို တ ဘောင်သက်နှန်းဟူ ခေါ်ဆိုအပ်ပေသည်။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူ သစ္စာတရားထွန်းတောက်ခဲ့သည့် သာသနာနှစ်သည် နှစ်ပေါင်း ၂၆၀၀ ပြည့်သို့ ယခုကျရောက်ခဲ့သည်။ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းစတွ တဖု ၊ ဘလ္လိကညီနောင် သံဃာမပေါ်မီ ဒွိဝါစိကသရဏဂုံနှင့် ဥပါသိကာဘွဲ့ထူးခံယူ ဆံတော်စေတီတည်ထားခွင့်ရခဲ့သည်။

တဖု –သတို့သား ဖွားမြင်ချိန်တွင် ဥက္ကလာမင်းကြီး မြို့တွင်းလှည့်လည်ရန် အချိန်အခါ တံပိုးမှုတ်စည်တီးသော နန်းတော်မှထွက်၊ တိုင်းခန်းလှည့်ချိန်ဖြစ်သည်။

ဒုတိယမြောက် သားမွေးချိန်သည် ထို့အတူ ဘုရင်မင်းမြတ်နန်းတွင်းမှထွက်ချိန် မင်းတို့ထွက် ရက်ရာဇာ ဟူသည့်အတိုင်း အချိန်ကောင်း အခါကောင်း တံပိုးမှုတ် စည်တီးချိန်ဖြစ်သည်။ ထို့ကြောင့် 'ဘလ္လိက' ဒုတိယမြောက်သားဟု အနက်အဓိပ္ပာယ်ထူးကဲစွာဖြင့် အနွတ မည်သော

www.burmeseclassic.com

နာမည်။ ဘဝနှင့်လိုက်ဖက်သော နာမည်ဖြစ်ခဲ့သည်။

ကြီးပွားချမ်းသာ ထင်ရှားကျော်ဇောခြင်း အတိတ်ပါရမီကံတို့ အထွတ်ရောက်သော ဗုဒ္ဓဆံတော် ဘုရင့်ထံ ပါရမီဖြည့်နိုင်သူဘဝ ဖြစ်သည်။

**ပဒုမုတ္တရာ**–မြတ်စွာဘုရားရှင် လက်ထက်ဥပါသကာ နှစ်ယောက်ကိုရှေးဦးစွာ သရဏဂုံတည်သောအရာဝယ် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်အားကြကာ ကောင်းမှုကုသိုလ်ပြု ဆုတောင်းပါရမီစခဲ့ရတာ ပါရမီရှေးကောင်းမှုဖြစ်သည်။

ယခု ဂေါတမမြတ်ဗုဒ္ဓ၏ သာသနာတွင် “ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿဘလ္လိကာ ဝါဏိဇာ”ဥပါသကာတို့တွင် အသာဆုံးအမြတ်ဆုံးဘွဲ့ထူး ဧတဒဂ်ရရှိခဲ့သည်။

ထို့နောက် မြတ်စွာဘုရားရှင် ရာဇဂြိုလ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ကုန်ရောင်းသွားရင်း ဘုရားရှင်ထံသို့ရောက်၍ တရားဟောကြားတော်မူလေလျှင် နောင်တော်ဖြစ်သော တပုဿသည် သောတာပတ္တိဖိုလ်၌တည်၍ ဥပါသကာသာလျှင်ဖြစ်၏။ ညီတော် ဘလ္လိကသည် သာသနာ့ဝန်ထမ်း ရဟန်းပြု၍ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော “ဆဠာဘိည”ရဟန္တာဖြစ်လေသည်။ (ထေရဂါထာ၌ ၁။ စာမျက်နှာ ၆၀)

ထိုအကြောင်းအရာသည် ဩဘာနိမိတ်ထွန်းသော တောင်ကျွန်းဒီပါ အရပ်ဒေသနေရခြင်း၊ ရှေးဘုန်းကံ စွမ်းပကားအပါအဝင်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်တို့သည် မဇ္ဈိမဒေသ ကမ္ဘာအလယ်ဗဟိုရ်ချက် ဓမ္မစကြာပထဝီမြေဓာတ်၌ ဓမ္မစက် မြည်ဟီးတုန်လှုပ်ကာ ဗြဟ္မာနှစ်ဆယ် စကြဝဠာ အနန္တထင်ရှားစေသော မြတ်ဗုဒ္ဓ၏ အတိတ်ပါရမီ စွမ်းပကားတန်ခိုးတော်တို့ ဖြစ်သည်။

ထို့နည်းတူစွာ ဗုဒ္ဓငါးဆူပွင့်တော်မူမည်ဖြစ်သော မွေတော်ဓာတ်တော်များ စုစည်းရာ ဘဒ္ဒကမ္ဘာ၏ သာသနာ့တံခွန်စေတီတော်များ၏ ဌာပနာတည်ရှိရမည့် နေရာအဖြစ် ရှိခဲ့သည်။ ဤသည်မှာ ဩဘာသနိမိတ်ထွန်းသော တောင်ကျွန်းဒီပါ ကျွန်းမြတ်မဟာ့ဖြစ်ခွင့်သာခဲ့သည် မဟုတ်တုံလော။

ယနေ့ ဘဒ္ဒကမ္ဘာသည် ကျွန်ုပ်တို့နေထိုင်ရာ ဆီမီးတန်ဆောင်ပမာ သာသနာထွန်းပြောင်လျက် ကမ္ဘာ့အလယ်တွင် ထင်ရှားစေခဲ့သည်။ သာသနာနှစ် ၂၆၀၀ ပြည့် သာသနာတော်သည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် တည်တံ့လျက် သံဃာတော်အပေါင်း ကိုးကွယ်ဆည်းကပ် ပူဇော်ခွင့်ရရှိလျက်ရှိသည်။

**သံဃေ ဒိန္နံမဟာဖ္ဖလ္လံ** – သံဃာတော်အရှင်မြတ်အပေါင်းတို့အား၊ **သမ္မာ**–ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့၊ **ဦးပဇ္ဇိ**–ခေါင်းတုံးပြောင်၊ **အရဟတ္တဓဇ**–သင်္ကန်းဝတ်ရုံလို့၊ ဝတ်နည်းတော်သီလနှင့် ပရိက္ခရာရှစ်ပါး ခန္ဓာဝန်အတွက် ငြိမ်းချမ်းစွာ အရုံအတားနှင့် သီတင်းသုံးနေတော်မူသော နှစ်ပေါင်း ၂၆၀၀ ခန့်က ရှေးဟောင်းပစ္စည်းကိုးကွယ်ရာ ဆည်းကပ်ရာ ရတနာမြတ်အဖြစ် ရှေးပဝေအဆက်ဆက် ကိုးကွယ်ဆည်းကပ်မှုပါဘဲလို့ သမ္မာတူညီမျှတ ဗုဒ္ဓမြတ်စွာရှိစဉ်ကကဲ့သို့၊ **ဒိန္နံ**–ပေးလှူခြင်းသည်၊ **မဟာဖ္ဖလ္လံ**–အကျိုးကျေးဇူးမြင့်မားစွာ၊ **ပရမတ္ထ**–သံဃာတော်များရရှိထားသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆုမြတ်လည်း ပြီးပြည့်စုံစေသော အချိန်အခါကောင်းနှင့် ကြုံတွေ့နေရသည့် မြန်မာပြည်ဖြစ်သည်။

ထို့အတူ ဗုဒ္ဓပွင့်ထွန်းစအချိန် တပုဿ၊ ဘလ္လိက ညီနောင်နှစ်ဦး ကျေးဇူးဆံတော် ပင့်ဆောင်လာရာ လမ်းတစ်လျှောက် ဆံတော်ကြိုစေတီ၊ ဆံတော်နားစေတီ၊ ဆံတော်ရှင်စေတီ၏ မှန်လမ်းပနက်စေတီတော်များအဖြစ် ကြည်ညိုဖွယ်ရာ တံခွန်(အလံ) (သာသနာ့ဓဇ)စိုက်ထူ သတ်မှတ်ပြီး ဥက္ကလာပမင်းကြီး အမိန့်တော်ခံယူ၍ ဆံတော်နားခိုရာ ရွှေတိဂုံစေတီတောင်ဘက်မုခ် ဘုရားလမ်း အလံပြစေတီအထိ တံခွန်စေတီများ ကိုးကွယ်ဆည်းကပ်ခွင့် ပေါ်ပေါက်ခဲ့ရသည်။ တံခွန်စေတီများ ပေါ်ပေါက်၍ (တံခွန်နှင့်ဘုရား)ဟူသော ရှေးတဘောင်အဖြစ် ယခုတိုင် ကြားယောင်နေရခြင်းဖြစ်သည်။

ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်တော်မူသော ၁၀၃ ခုနှစ်တွင် ယနေ့မြန်မာပြည် ရွှေတိဂုံစေတီတော်ကြီးကို ကကုသန်၊ ဂေါဏဂုံ၊ ကဿပ၊ ဂေါတမ မြတ်ဗုဒ္ဓလေးဆူ ဓာတ်တော်မွေတော်များနှင့်အတူ ထီးတော်အထွတ်ကို ထွေ့သညီနောင်၊ ဥက္ကလာပမင်း၊ ဘိုးတော်သိကြားမင်း ဗြဟ္မာ



www.burmeseclassic.com

www.burmeseclassic.com

နတ် လူအပေါင်း တင်လှူပူဇော်ခွင့်ရခဲ့သည်။ ဆံတော်ကြိုစေတီ (တံခွန်စေတီ)များလည်း ထီးတော်တင်လှူခွင့်ရရှိခဲ့ကြသည်။

စေတီယ သဒ္ဒါ၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ အမြတ်ဆုံးရတနာသုံးပါး၏ အစွန်းအစ လက္ခဏာတော်မျှ ကိန်းမွေ့ပျော်ရာ (ဗုဒ္ဓဗျာဒိတ်)ရှိရာ မဟာပထဝီလူ့ဘုံဌာန အထွတ်ထား ပူဇော်ရာစေတီ ဖြစ်သည်။

တစ်နည်း စေတီယသဒ္ဒါ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟု လေးပါးပြားသော်လည်း ဥဒ္ဒိဿရည်မှတ်၍ ဗုဒ္ဓမြတ်စွာ၏ ပုံတော်ကို အာရုံတင်လျှက် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးကို နှလုံးသားကြည်နူးဘွယ်ရာသဒ္ဒါ မိမိခန္ဓာဝယ် လွှမ်းခြုံ၍ ကြည်ညိုဖွယ် ဗုဒ္ဓဂုဏ်ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမလောင်းရိပ်အောက်၌ ဒုက္ခအပေါင်းကင်းငြိမ်းပြီး အေးချမ်းသာယာသည့် မြတ်သုခဖြင့် ပြည့်စုံစေသော သာသနာ့အဝန်း "ဓဇက္က"တံခွန်အလံဖြစ်သည်။

သာသနာနှစ် ၂၅၅၂ ခုနှစ်၊ မေလ ၂ ရက်နေ့၊ သောကြာ၊ စနေအကူး (သိကြားသန့်စင်မိုး)နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည်။ အကောင်းတွေ့ခါနီး အဆိုးရှေ့က ခံဆိုသကဲ့သို့ လောကဓံက ပြုလုပ်စီမံခဲ့သည်။ ကမ္ဘာသိအောင် နှစ်ပေါင်းနှစ်ထောင်ကျော် မဖြစ်စဖူးထူးကဲစွာ တွေ့ကြုံခံစားခဲ့ရသည်။ သာသနာ နတ်ဒေဝါစောင့်ရှောက်မြဲဖြစ်သည်။ နာဂစ်မုန်တိုင်းဒဏ် အင်တာနက်မှတွေ့ရသည်။ မင်္ဂလွန်းစေတီ၏ ထီးတော်သည် ဦးစွာပထမ ဘုံအဆင့်ကျန်ပြီး စိန်ဖူးတော်နှင့် ထီးတော်များ မြေခခဲ့ရသည်။

(ပထမထီးတော်ဘုံမှာ အများပြည်သူကောင်းမှုအလှူဖြစ်သည်။) ထို့နောက် ဆံတော်ကြိုစေတီတော်များ ထီးတော်မြေခ ပြုတ်ကြလာကြသည်။ ထီးတော်၏ ပိန္နဲတိုင်သံချောင်းကြီးသည် ရွှေတိဂုံစေတီတော်ရှိရာ ဦးခိုက်ညွှန်းဆိုဘိသကဲ့သို့ ကိုင်းညွှတ်နေကြသည်မှာ အံ့သြဝမ်းနည်းဖွယ်ဖြစ်သည်။

လောကဓံတရားဟူသည် ခေတ္တမျှသာဖြစ်သည်။ ထိုနှစ် တပေါင်းလပြည့်ဝန်းကျင် အများပြည်သူနှင့် မွန်ပြည်နယ်၊ ကျိုက်ထီးဆောင်းဆရာတော် ဦးပညာဒီပ မဟာသီရိသုဓမ္မ ဒေါက်တာဦးခင်ရွှေ ထီးတော်များပြန်လည် ပူဇော်အထွဋ်တင်နိုင်ခဲ့ကြသည်။ ဆံတော်ကြိုစေတီတော်များ တစ်ကျော့ပြန်သာသနာ့ထက်ဝက် ခရီးပြန်လည်ပြီး နိုးထခွင့် ဘုန်းသာသနာထွန်းပစေခဲ့သည်။

အံ့သြဖွယ်ရာ ဆံတော်ကြိုစေတီများနှင့်အတူ ရွှေတိဂုံစေတီပုံတူ နေပြည်တော်တွင် နိုင်ငံတော်မှ ဗိုလ်ချုပ်မှူးကြီး ဦးသန်းရွှေ ဦးစီးတည်ထားခဲ့သော စေတီတော်ကြီးပါ တပေါင်းလဆန်း ၁၄ ရက် စက်ယန္တရားဖြင့် ထီးတော်တင်လှူနိုင်ခဲ့သည်။ လပြည့်ကျော် ၁ ရက်နေ့ တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီတော် စတုမဟာရစ်နတ်မင်းလေးပါး အပ်နှင်း၍ ပန်းရထားဖြင့် ထီးတော်တင်လှူ ပူဇော်ခွင့်ရခဲ့သည်။ ထူးကဲလှသည့် သာသနာ့မြန်မာပြည် အံ့ဖွယ်ကောင်းခြင်းဖြစ်သည်။

တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီတော်၏ သမိုင်းတစ်ဘောင်ကို ကြားသိခဲ့ရသည်။

၁။ သာသနာပေါက်ကာထွန်းမည်ပါ့
ဖောက်ကာထွင်းညီညာ ကြယ်တာရာစုံလို့
မြေကြီးကို လက်ခတ်လို့စိုးမယ်
ပန်းသံပြေ မန္တမ်းခင်ညောင်ရေလောင်းပါလို့လေး။

၂။ မန္တမ်းသည် ဘုန်းရောင်လက်မည်ပါ့
ဖိုးလမင်းစံအိမ်ပြောင်သလို မြန်မာပြည်သာယာဘို့
စနေနံဂေါ်ရောက်ပါတော့မယ်၊
သေီရိစန်းလက်အိမ် နန်းတက်ချိန်နီးပြီကွဲ့လေး။

၃။ တစ်နည်းမျှော်တော်ရောင် ဘုန်းမောင်လာစေဖို့
အောင်သပြေ ညောင်ရေမည်ျိုးစေနဲ့ မျှော်ကိုးလို့နေကြ၊ မိုးချုပ်လို့လမသာ မျှော်တော်ရောင်လေး
ဖန်မီးရွှေအိမ်နဲ့ဆီးကြိုပါ့လေး။

၄။ တံခွန်ဦးစေတီပေါ်မယ် ဆီးကြိုတော့ကွယ်
တာပေါင်းကိုပယ် တာပြိုလို မှန်ကာသပါလို့
အရှေ့တောင်ညီနောင်က လူနီနီဘောင်းဘီဝတ်ပါလို့၊ အရှေ့ဆိုတောင်ပေါ်ထိပ် ကေလာသရောင်ဆံ
တော်ထွေး၊ ပြည်ညွှတ်အောင်လာဖို့ ဘုန်းမောင်ကွဲ့လေး။



www.burmeseclassic.com

www.burmeseclassic.com

## “ဖော်ကျူးဖွင့်ဆိုချက်”

၁။ **သာသနာပေါက်ကာထွန်းမည်ပဲ့။** ဝိမုတ္တိရဂ ခေတ် တစ်ကျော့ပြန် ဝိပဿနာတရားများ ပေါ်ထွန်းချိန် ဗုဒ္ဓပွင့်ထွန်းစကဲ့သို့ ဓမ္မစကြာ။ အနတ္တ လက္ခဏာသုတ်၊ မဟာသတိပဋ္ဌာန် တရားများပေါ်ထွန်းပြီး သာသနာတော်ကြီး ထွန်းလင်းသည့်အချိန်ကာလကို ညွှန်းဆိုသည်။ **ဖောက် ကာထွင်းညီညာ၊ ကြယ်တာရာစုံလို့ မြေကြီးကို လက်ခတ်လို့စိုးမယ်။** ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းစ တောင်ကျွန်း မဟာ“စေတီ”ဦးစွာရ၍ ထိုစေတီတော်သည် ဆံတော်ဦး ရွှေတိဂုံဆံတော်ရှင်စေတီတော်။ ရှစ်ဝါမြောက်ဆံတော်ရှင် စေတီတော်များ ကြယ်တာရာကဲ့သို့ ညီညာစုံလင်စွာ ကမ္ဘာမြေပြင်ထိုးဖောက်ကာ ရှေးပညာရှိသူတော်ကောင်းများ ပါရမီတော်ဖြည့်ဆည်းလျက် မြင့်မိုရ်တောင် ကမ္ဘာမြေပြင်ကို လက်ဖြင့် ကုတ်ခြစ်ထုဆစ် အမွှမ်းတင်ခဲ့သော စေတီတော်များကို ညွှန်းဆိုသည်။

၂။ **ပန်းသပြေညောင်ရေလောင်းပါလို့ မနွမ်းသည် ဘုန်းရောင်လက်မည်ပဲ့။** မြန်မာလူမျိုးတို့ ကိုးကွယ်ဆည်းကပ်မှု စေတီတော်များ ပန်းသပြေညောင်ရေလောင်းလို့ ဗုဒ္ဓဝေယျာဝစ္စ ဥပါသကာအနွယ်ဖွား မြန်မာလူမျိုးများ ကြိုးစားအားထုတ်မှုကြောင့် စေတီတော်များ ဘုန်းရောင်တောက်၍ သာသနာမညှိုးနွမ်းခြင်းကို ညွှန်းဆိုသည်။ **ဖိုးလမင်းစံအိမ်ပြောင်သလို၊ မြန်မာပြည်သာယာဘို့ စနေနံ ဧကံ ရောက်ပါတော့မယ်။** ဗုဒ္ဓမြတ်စွာ သာသနာဆရာ ဒကာ ကြည်ညိုလေးစားမှုကြောင့် တစ်လရက် ၃၀ တွင် ၁၅ ရက်တစ်ကြိမ် လပြည့်ဝန်းကြီး ကမ္ဘာမြေပြင်ထွန်းလင်းသကဲ့သို့ သာသနာထက်ဝက်ခရီးတွင် ဗုဒ္ဓမြတ်စွာ အဆုံးအမ အထွတ်တင်ထားသော မြန်မာပြည်သာသနာ ထွန်းလင်းတောက်ပြောင်စေဘို့ (သာယာစေဖို့) စနေနံထီးတော်တင်လှူပွဲများ ကျရောက်မည်ကို ညွှန်းဆိုသည်။ **သေီရိစန်းလင်္ကာအိမ် နန်းတက်ချိန်နီးပြီကွဲ့လေး။** ရှေးမြန်မာမင်းများ နန်းတက်ချိန် တိုင်းသူပြည်သားများ အေးချမ်းသာယာပျော်ရွှင်ဖွယ် လမ်း၊ တံတား၊ စေတီပုထိုးများ သဲဖြူခင်းရာဇမတ်ကာ သာသနာတော်အတွက် ဆရာဒကာ အေးချမ်းသာယာစွာရှိသော နက္ခတ်တာရာ စန်းနဲ့လင်္ကာတစ်ထပ်တည်းကျ၍ ကောင်းမွန်သော အချိန်ကာလကို ညွှန်းဆိုခြင်းဖြစ်သည်။ (ထီးတော်များ တင်လှူပူဇော်ချိန်ကာလ)

၃။ **တစ်နည်းမျှော်တော်ရောင် ဘုန်းမောင်လာစေဘို့ အောင်သပြေ ညောင်ရေမညှိုးစေနဲ့။** သာသနာထက်ဝက်ခရီးတွင် ဗုဒ္ဓမြတ်စွာ ဆံတော် စေတီများနှင့်အတူ ဆရာဒကာ လက်တွဲညီကြစေဘို့ ဗုဒ္ဓ၏ ရောင်တော်ထက်ပါလာသော ဆံတော်များကို ပညာရှိသူ တော်ကောင်းများ ဆံတော်စေတီ လမ်းပနက်တင်ခဲ့သည်။ရှေးပဂေအစ ဂန္ထဝင်မြောက် ဆံတော်ကြိုစေတီများ ဘုန်းသဘာတင့်အောင် ဘုန်းသဘာရှိ ပညာရှိသူတော်ကောင်း ပါရမီရှင်များ နတ်ဒေဝါ အစောင့်အရှောက်တာဝန်ရှိ ပါရမီရှင်များ ရောက်လာစေဘို့ အောင်သပြေ ညောင်ရေမညှိုးအောင် စောင့်မျှော်ကိုးခြင်းကို ညွှန်းဆိုသည်။ **မျှော်ကိုးလို့ နေကြ၊ မိုးချုပ်လို့လမသာ၊ မျှော်တော်ရောင်ကလေး၊ ဖန်မီးရွှေအိမ်နဲ့ ဆီးကြိုပါ့လေး။** ဆန္ဒမွန်ဖြင့် သာသနာ အကျိုးမျှော်ကိုးသော်လည်း အချိန်အခါနေရာ သဘာဝမျှတမှု စောင့်ဆိုင်းကြရမြဲဖြစ်သည်။ မိုးချုပ်လို့ လမသာဆိုသကဲ့သို့ ဆံတော်ကြိုစေတီများ ပွဲခင်းကျင်းပ ဘုန်းသဘာတင့်သော်လည်း တံခွန်ဦးစေတီတော်ကျန်နေခြင်း၊ ရှေးပဝေအစတွင်လည်း ဆံတော်ရှင်စေတီတော်ကြီး ရွှေတိဂုံ (မဟာတိဂုမ္ဘဆံတော်ရှင်)ပြီးမှ တံခွန်ဦးစေတီတော်အား ဥက္ကလာပမင်းကြီး ကိုယ်တော်တိုင် ဦးစီးကျင်းပကြောင်း သီးခြားသဖွယ် အချိန်အခါ ရွေးချယ်ကြောင်းသိရသည်။ ထိုကဲ့သို့ နောက်ကျကျန်၍ ရောက်မလာသော်လည်း ဖန်မီးရွှေအိမ်နဲ့ ဆိုထားဘိသကဲ့သို့ လူမဖန်တီးနိုင်သော်လည်း နာဂစ်မုန်တိုင်းကျေးဇူးနဲ့ နတ်ဒေဝါအစောင့်အရှောက် လျှပ်စစ်ဖန်မီးသီးများနှင့် ရွှေရောင်ငွေရောင်အလင်းရောင် တိုးမြစ်ကြီးတစ်လျှောက် ဆံတော်ကြိုတံခွန်ဦးစေတီအဖြစ် ပြနေ၊ ဆီးကြိုနေခြင်းဖြစ်သည်ကို ရည်ညွှန်းဆိုခြင်းဖြစ်သည်။

တိုးမြစ်ကြီး၏ ကျေးဇူးသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့အတွက် မြန်မာပြည်ဆန်အိုးကြီး ဖြစ်အောင်ဖန်တီးခြင်း၊ သား၊ ငါး၊ သီးနှံဖြစ်ထွန်းအောင်မြင်ခြင်း။ ကမ္ဘာမြေပြင် တည်တံ့ခိုင်မြဲစေဖို့ သွေးကြောသဖွယ်ရှိခြင်း။ ကမ္ဘာမြေပြင် သမိုင်းအဆက်ဆက်ကောက်ကြောင်း ခြေရာမြေပုံညွှန်းသဖွယ် သိင်္ဂုတ္တရကုန်းမြေ ရွှေတိဂုံတည်ရာဌာနကို မြို့လေး



www.burmeseclassic.com

www.burmeseclassic.com

မြို့ချောင်းလေးချောင်း ပိုင်းရံထားသော အလယ်တွင်ရှိသည့် ကမ္ဘာ့အထင်ရှားဆုံးစေတီဟု ညွှန်းဆိုသက်သေနေရာဖြစ်သည်။

၄။ **တံခွန်ဦးစေတီပေါ်မယ် ဆီးကြိုတော့ကွယ်။** တံခွန်ဦးစေတီတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့အပိုင် ဂရမ်ကြီး ၂၅၀၀အတွင်း မုတ်ကျွန်းပိုင်နယ်မြေအတွင်း ကျရောက်ခြင်း။ ဓမ္မစကြာဖြင့် အောင်ပွဲခံခြင်း။ နတ်ဒေဝါများ စောင့်ရှောက်ခြင်း။ ၁၄ ရက်အဖိတ်နေ့များတွင် ရောင်ခြည်တော်ကွန့်မြူးတတ်ခြင်း။ ရွှေခြံမြေအဖြစ် "မုခ"တောင်ကျွန်းဒီပါ၏ မျက်နှာဝမုခ်ဦးအဝင်ဖြစ်ခြင်း။ သာသနာဇေသာသနာ ၂၅၀၀ ခရီး တံခွန်သဖွယ်ဖြစ်ခြင်း။ တိုးမြစ်ကြီး၏ လက်ပအဝင် ကမ်းခြေဖြစ်သည့် ထိုစေတီတော် စည်ကားမှုဆီးကြိုရန် ညွှန်းဆိုသည်။ **တာဟောင်းကိုပယ်တာပြိုလို့ မှန်ကာသပါလို့။** ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးမှ နိုင်ငံတော်ကို တောင်းခံမှုဖြင့် နာဂစ်မုန်တိုင်းတတ် ရေလမ်းကြောင်း ပျက်စီးခဲ့သည့်အစား နောက်ထပ်တစ်ဖန် တည်ဆောက်သော မြစ်ပေါက်ဟာပြိုကို ယခုတစ်ဖန်ပြန် လည်၍ အကောင်းဆုံးစာဘောင် လမ်းဖြစ်အောင် ၅.၂.၂၀၁၂ တနင်္ဂနွေနေ့ စေတီဝန်းကျင်ပြီးစီးခဲ့သည်။ ဤသည်ကို လေးစားဖွယ် တဘောင်သက်ညွှန်း အချိန်အခါနေရာ သာသနာသက္ကရာဇ် ၂၆၀၀ ပြည့်အံ့ဖွယ်အခါ ကောင်းဖြစ်သည်။

လူနီနီ ဘောင်းဘီဝတ်ပါလို့ ဒါယကာတို့အထက် ရဟန်းမြတ်(စေတီယင်္ဂဏ) ခစေတီတော်များ မြင်းမိုရ်တောင် ကမ္ဘာမြေပြင် ထုဆစ်အမွှန်းတင်နိုင်သော ရဟန်း။ တပ်မတော်မှ ပါရမီရှင် စစ်သူရဲကောင်းများကို ဆိုလိုသည်။

**အရှေ့တောင်ညီနောင်က လူနီနီဘောင်းဘီ ဝတ်ပါလို့။** စေတီတော် ပြုပြင်မည့်သူသည် အရှေ့တောင်အရပ်ဟု ဆိုလိုသည်။ ညီတော်နောင်တော်ဟူ၍ ရှေးဗုဒ္ဓ ဘုရားရှင်များအား သက်သေပြုခဲ့သည်။ သာသနာဦး တဖုဿနှင့် ဘလ္လိကညီနောင် အပါအဝင် သာသနာတွင် ညီနောင်အတွဲမှစ်ဝါမြောက် တီသရသေ့ညီနောင်။ သာ သနာနှစ် ၂၃၅-၂၃၆တွင် သောဏမထေရ် ရဟန္တာညီနောင်များ ယနေ့တိုင် သာသနာမညှိုးစေသောကျေးဇူး။ မြန်မာသမိုင်းတစ်လျှောက် ဆရာဒကာလက်တွဲညီကာ သာသနာ့ဝန် ထမ်းဆောင်ခြင်းကျေးဇူးဖြစ်သည်။ **အရှေ့ဆို တောင်ပေါ်ထိပ်၊ ကေလာသရောင် ဆံတော်ထွေး။ ပြည်ညွှတ်အောင်လာဖို့အရေး ဘုန်းမောင်ကွဲ့လေး။** မွန်ပြည်နယ် ဘီးလင်းတောင်စွန်းတောင်ကြီးမှ ကေလာသတောင်ထိပ် ကျိုက်ဒေးယျိုစေတီ (ကေလာသစေတီ+ကေလာသဖစေတီ) ကြက်မင်းစေတီ၊ မြသပိတ်စေတီ၊ ကြောင်တရာစေတီ၊ ကျားစေတီတော်၊ သထုံမြသပိတ်စေတီ (ပထမစေတီ)တို့ကို သာသနာထက်ဝက်ခရီးမှစတင်၍ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ထိပ်တန်းသာသနာပြု ကျိုက်ထီးဆောင်းဆရာတော်ကြီးသည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဖုတ်သုတ်ကျေးရွာ မြဦးတောင်ထိပ်ရှိ ကျိုက်ထီးဆောင်းဆံတော်ရှင်ကို ထီးမဏ္ဍိုင်သဖွယ် ဗဟိုရုံပြု၍ ခရိုင်သဖွယ်ဖြစ်သော မဟာစေတုဝင်၊ မဟာထူပဝင်၊ မဟာဂန္ဓ ဝင်ဆံတော်ရှင်စေတီ အပြိုအပျက်များကို ပြန်လည်ပြုပြင်စေပြီး တစ်ကျော့ပြန့်သာသနာ ဤအချိန်အခါဝယ် ဗုဒ္ဓ၏ ဉာတတ္ထ အန္တိယပရိသတ်တို့အား ကြုံဆုံစေလျှက် ဝိဇ္ဇာဉာဏ်သုံးပါးသော "ပုဗ္ဗေနိဝါသဉာဏ်"ရှေးကောင်းမှု အတိတ်ပါရမီ ဉာဏ်ရှိခြင်း၊ "ဒိဗ္ဗစက္ခု"သာသနာအတွက် ဉာဏ်ထက်မြက်ခြင်း၊ နတ်ဒေဝါများအလှူရခြင်း။ "အာသဝက္ခယဉာဏ်" အကုသိုလ်ကင်း၊ ကုသိုလ်ရှင်းအောင် သိမြင်ခြင်း၊ မမြင်အပ်မြင်အပ်အတားအဆီး ကျော်လွှားနိုင်ခြင်းစသော ဘုန်းကံကြီးသူ ပါရမီရှင် ဘုန်းမောင်ကွဲ့လေးဟု လာဆဲလာလတ္တံ့ဟု ဖော်ညွှန်းချိန်ခါ ဖြစ်ကြောင်းတွေ့ရှိ ရလေသည်။

ဆံတော်ရှင်စေတီများ သာသနာဦးဆံတော်ထူး ဥက္ကလာပတိုင်း ဇနပုတ် တဖုဿ၊ ဘလ္လိကညီနောင်မှ အစပြု၍ ဗုဒ္ဓကိုယ်တော်တိုင်ကြွချီ၍ သုဝဏ္ဏဘုမ္မိ သူတော်ကောင်းများနေရာ အမှန်ဖြစ်အောင် ပြောင်းလဲပေးခဲ့သော သာသနာ၏အဝန်း မြန်မာပြည်ဖြစ်ကြောင်း ဆရာဒကာ သာသနာ့တာဝန်ကို ကျေပွန်စွာရှိကြောင်း ကြည်ညိုဖွယ်ရာ စေတီမဟာများအတွက် စွမ်းနိုင်ကြသော ပါရမီရှင်ကြီးများအတွက် ဂုဏ်ယူစွာ ဖော်ကျူးရေးသားအပ်ပါသည်။

ဤတဘောင်သည် ယောမင်းကြီး ဦးဖိုးလှိုင်၏ တဘောင်ဖြစ်ကာ ညွှန်းတန်းဝင်ဖြစ်လေတော့သည်။

**မင်းသန်းခိုင်(ကွမ်းခြံကုန်း)**

www.burmeseclassic.com

www.burmeseclassic.com

# ဓနုဖြူမြို့နယ်၊ နဲ့ကြီးရွာလယ်ကျောင်းတိုက်မှ ခန္ဓာကိုယ်ရုပ်မပုပ်မသိုးသည့် တတိယဆရာတော် ဘဒ္ဒန္တစာရိတ္တာဘိဝံသ (သကျသီဟမွာစရိယ) ၏ ထေရုပ္ပတ္တိနှင့် ထူးခြားအံ့ဖွယ်အသွယ်သွယ်

## မင်းသုခ

### သာသနာ့တံခွန် မြို့ဇလွန်

ကျေးဇူးရှင် နဲ့ကြီးရွာလယ်ကျောင်းတိုက်၊ တတိယ ဆရာတော်ကြီး ဘဒ္ဒန္တစာရိတ္တာဘိဝံသ၏ မွေးဖွားသန့်စင်ရာ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်သည် ရန်ကုန်မြို့နှင့်ကားလမ်း ၆၅ မိုင်၊ ဟင်္သာတမြို့နှင့် ၁၆ မိုင်၊ ဓနုဖြူမြို့နှင့် ၁၆ မိုင် ပုသိမ်မြို့နှင့် ၉၂ မိုင် ကွာဝေးပြီး၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မီးရထားဖြင့်လည်းကောင်း ရာသီမရွေးသွားရောက်နိုင်ပါသည်။ အဆိုပါ ဇလွန်မြို့နယ်ကား သာမန်မည်မည်ရရမြို့နယ် မဟုတ်ပေ။ အကြောင်းကား ရာသီမရွေး ဘုရားဖူးများနှင့် အမြဲစည်းကားလျက်ရှိသည့် ရှေးဟောင်းသမိုင်းဝင်တန်ခိုးတော်ကြီးဆုတောင်းပြည့် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးကိန်းဝပ်စံပယ်တော်မူရာ ဘူမိနက်သန့်အောင်မြေအမှန် ဖြစ်သောကြောင့်တည်း။ အဆိုပါ သမိုင်းဝင်တန်ခိုးတော်ကြီး မာရ်အောင်မြင်ပြည်တော်ပြန် ဘုရားကြီးအပြင် ဗုဒ္ဓအံတော်မြတ်၊ ရဟန္တာဦးသီလ ဓာတ်တော်၊ ကျိုက်သဲလခပေါင်းစေတီ၊ ဖောင်တော်ချိတ်စေတီ၊ ဗျည်းလျောင်းတော်မူနှင့် လောကမုနိန်မာရဇိန်ဘုရားကြီး အစရှိသည့် သမိုင်းဝင်ဘုရားအဆူဆူတို့ ကိန်းဝပ်စံပယ်တော်မူသည့်အတွက် သာသနာ့တံခွန် မြို့ဇလွန်မှာ ရန်ဘယာဘေးမသန်းဘဲ အေးချမ်းစွာတည်ရှိနေပါသည်။

### ဇလွန်မြို့နယ်မှ ထင်ရှားကျော်ကြားသောဆရာတော်ကြီးများ

ဇလွန်မြို့နယ်တွင် သာသနာတော်ဆိုင်ရာ ပါရဂူ ဒေါက်တာဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အစရှိသည့်ဘွဲ့ထူး ဂုဏ်ထူး ရရှိတော်မူခဲ့ကြသည့် သာသနာ့သူရဲကောင်း၊ သာသနာ့အာဇာနည် ဆရာတော်ကြီးများ ထူးချွန်စွာပေါ်ထွက်လာခဲ့သလို ယခုအခါမှာလည်း သာသနာ့အာဇာနည်ဆရာတော်ကြီးများ ဆက်လက်ထွက်ပေါ်လျက်ရှိပါသည်။

အဆိုပါ သာသနာ့အာဇာနည်ဆရာတော်ကြီးများအနက် ဘဝနတ်ထံပျံလွန်တော်မူခဲ့ကြသော ကော့ကပ်ကြီးကျောင်းတိုက်၊ ပဓာနနာယက ဘဒ္ဒန္တရေဝတာဘိဓဇ (လင်္ကာပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ သံသာရဘီရုက ဂဏပါမောက္ခ ဘာသန္တရဆေက) မဟာထေရ်မြတ်နှင့် တပည့်ဖြစ်သူ ဘဒ္ဒန္တစာရိတ္တာဘိဝံသ (သကျသီဟမွာစရိယ) မဟာထေရ်မြတ်တို့လည်း အပါအဝင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မီးရှူးသန့်စင် ဖွားမြင်တော်မူခြင်း

သာသနာစက်ကို လင်းလက်ထိန်လင်းအောင် အကျိုးတော်ဆောင်မည့် သာသနာ့အာဇာနည်လောင်းလျာ၊ **'မောင်စိန်ဝါ'**ကို ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ကော့ကပ်ကြီးကျေးရွာတွင် ခမည်းတော် ဦးဖိုးထင်၊ မယ်တော် ဒေါ်ရွှေသက်တို့မှ ၁၂၇၃ ခုနှစ်၊ နယုန်လဆန်း ၁၄ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ (ကော့ကပ်ကြီးကျေးရွာမှာ ဇလွန်မြို့၏အနောက်တောင်ဘက် ၈ မိုင်ခန့် အကွာတွင် တည်ရှိသည်။)

## ပဗ္ဗဇအမွေ ရှင်သာမဏေ

ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ်အရွယ်တွင် ကော့ကပ်ကြီးကျောင်းတိုက် ကျေးဇူးရှင် သာသနာ့အာဇာနည်ဆရာတော် ဘဒ္ဒန္တရေဝတာ ဘိဓဇ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်စာရိတ္တဘွဲ့နာမဖြင့် ရှင်သာမဏေပြုခဲ့ပါသည်။

## ကျမ်းဂန်သင်လာ၊ မန်း,တောင်သာ

ကောဇာသက္ကရာဇ် ၁၂၉၀ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်နေ့တွင် မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ အလယ်ချိုင့်ရွာ၊ လေသာခဏ္ဍသိမ်ကျောင်း၌ ဆရာတော်ဦးကဝိကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူခဲ့သည်။

ထို့နောက် တောင်သာမြို့နယ်၊ ဇဂျမ်းရွာနေဆရာကြီး ဦးကြွက်(ဦးဂုဏရံသီ)ထံတွင် နက်နဲခက်ခဲလှသည့် သဒ္ဒါကျမ်းကို မိမိရရဖြင့်ပိုင်နိုင်စွာဆည်းပူး သင်ယူခဲ့ပါသည်။ တစ်ဖန် မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ထံတွင်လည်းကောင်း၊ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ [illegible] မဟာထေရ်မြတ်ထံတွင်လည်းကောင်း နေ့ဝါ၊ ညဝါများကို သင်ကြားနာယူတော်မူခဲ့ပါသည်။

## သကျသီဟ ဓမ္မာစရိယ

အထက်ပါ သာသနာ့ အာဇာနည်ဆရာတော်ကြီးတို့ထံ၌ ပိဋကတ်ကျမ်းဂန်ကို လမ်းမှန်စွာ သင်အံတော်မူခဲ့ရသည့်အတွက် ၁၂၉၈ ခုနှစ်တွင် ထိုခေတ်အခါက အခက်ခဲဆုံးဖြစ်သော ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သကျသီဟဓမ္မာစရိယ) စာမေးပွဲကို တစ်နိုင်ငံလုံးအမှတ်အများဆုံးဖြင့် 'ပထမဆု'ကို ထူးချွန်စွာ ရရှိတော်မူခဲ့သည်။ (၎င်း၏ သာသနာဝင်မှတ်တမ်း အမှတ်စဉ်မှာ ၂၅၄၈၂ ဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင်အမှတ်မှာ ၁၄/ဓနဖ(သ)၀၀၀၃၆၄ ဖြစ်သည်။)

## ကော့ကပ်ကြီးရွာ ပြန်ကြွလာ

ဆရာတော်သည် အထက်ပါအတိုင်း အဘိဓမ္မာပိဋကတ်၊ ပါဠိအဋ္ဌကထာ ဋီကာမဟုကျမ်း အစုစုတို့ကို ဝီရိယကျော်ရှိန်၊ ဖွဲ့ထမ်းပိုးဖြင့် အားကြိုးမာန်တက်ကြိုးစား လေ့ကျက်တော်မူခဲ့သည့်အတွက် မန်းရတနာပုံတွင် ကျမ်းကုန်အောင် ပရိယတ္တိစာပေကျမ်းဂန်များကို ကောင်းစွာ တတ်မြောက်တော်မူခဲ့ပါသည်။

ထို့နောက် ၁၃၁၂ ခုနှစ်တွင် ကော့ကပ်ကြီးရွာသို့ ပြန်လည်ကြွမြန်းရောက်ရှိလာပြီး ပရိယတ္တိ စာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်ကာ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းရွက်တော်မူခဲ့သည်။

လောကီနှင့်ပတ်သက်သော အခွင့်အရေးဟူသမျှကို လက်သင့်ခံတော်မမူဘဲ ကျောင်းဝင်းအတွင်း သီးသန့်ကမ္မဋ္ဌာန်းကျောင်းကလေး၌ပင် သီတင်းသုံးတော်မူပြီး စေတီဆောက်တည်ခြင်း၊ ဝိပဿနာ ဘာဝနာတရားပွားများခြင်းစသည့် တရားအလုပ်ဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူခဲ့ပါသည်။

## ဂျီးဖြူတောရစခန်း ကြွချီမြန်း

၁၃၃၃ခုနှစ်၊ သက်တော် ၆၀ ပြည့်နှစ်တွင် ကိလေသာတောရှုပ်တောနက်ကို ဝိပဿနာဓား သန်လျက်ဖြင့် ခုတ်ဖြတ်ရှင်းလင်းရန်အတွက် ကော့ကပ်ကြီးကျောင်းတိုက်မှ တိုက်ကြီးမြို့နယ်၊ ဂျီးဖြူတောရစခန်းသို့ အရှည်ဝါသီ



www.burmeseclassic.com

www.burmeseclassic.com

တောရမှီကာ ဘာဝနာကမ္မဋ္ဌာန်းကို ဖွဲလုံ့လကြီးမားစွာဖြင့် နေ့ညမပြတ် အခါခါ စီးဖျန်းအားထုတ်တော်မူခဲ့ပါသည်။ ထိုစဉ်က ဆရာတော်ဆွမ်းခံကြွရာ ဂျီးဖြူရွာ၊ ကျားချောင်းရွာ စသည့်ရွာများမှ ရှမ်းတိုင်းရင်းသား ဒကာ၊ ဒကာမများက ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်ကို တသသ ချီးကျူးပြောဆိုကြပြီး ကြည်ညိုမဆုံးနိုင်အောင်ရှိကြသည်။

## နဲ့ကြိုးရွာလယ်ကျောင်း ပြန်ရွှေ့ပြောင်း

ဤသို့ ဂျီးဖြူတောရစခန်းတွင် ဖွဲလုံ့လဝီရိယ ကြီးမားစွာဖြင့် ဘာဝနာကမ္မဋ္ဌာန်းကို နေ့ညမပြတ်စီးဖျန်း အားထုတ်တော်မူခဲ့ရာ သုံးနှစ်ခန့်ကြာခဲ့သည်။ ၁၃၃၄ ခုနှစ်တွင် မမျှော်လင့်ဘဲ ကော့ကပ်ကြီးကျောင်းတိုက်မှ မိမိ၏ဥပဇ္ဈာယ် ဆရာတော်ဖြစ်ခဲ့သည့် နဲ့ကြိုးရွာလယ်ကျောင်းတိုက် ဒုတိယ ဆရာတော် ဘဒ္ဒန္တရေဝတာဘိဝံသ မဟာထေရ်မြတ် ၈၆ နှစ်သည် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

အဆိုပါ ဆရာတော်ကြီး မပျံလွန်တော်မီ မိန့်မှာကြားချက်အရ ဆရာတော်မှာ ဂျီးဖြူတောရ စခန်းမှ နဲ့ကြိုးရွာလယ်ကျောင်းတိုက်သို့ တတိယဆရာတော်အဖြစ် ပြန်လည်ကျောင်းထိုင်ကာ သီတင်းသုံးတော်မူရသည်။ ဤသို့ သီတင်းသုံးတော်မူရင်း ဂန္ထဓူရ၊ ဝိပဿနာဓူရ နှစ်ဌာနကို ဆက်လက်ကြိုးပမ်း အားထုတ်တော်မူခဲ့သည်။ ပရိယတ္တိနယ်ပယ် မြစ်ပင်လယ်ကို လွယ်ကူကမ်းရောက် ကူးမြောက်အားထုတ်လျက်ရှိကြသော စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိကျမ်းဂန်စာပေ အထွေထွေကို မမောနိုင် မပမ်းနိုင်အောင် ကျွမ်းကျင်ပိုင်နိုင်စွာ သွန်သင်ပြသတော်မူခဲ့ပါသည်။ ဤသို့ဖြင့် ငယ်လတ်အကြီး အသီးသီးနှင့် အပြီးစာချ သာသနဓဇဓမ္မာစရိယ အပါအဝင် ဒီဃဘာဏက အစရှိသည့် သာသနာ့သူရဲကောင်းများကို မွေးထုတ်ပေးနိုင်တော်မူခဲ့ပါသည်။

## ဂုဏ်ပေါင်းဖြာဝေ မြတ်မထေရ်

သီလ သစ္စာ ခန္တီ မေတ္တာနှင့် ပြည့်စုံတော်မူသော ကျေးဇူးရှင်ဆရာတော်ကြီးသည် ပရိယတ္တိအရာ၌ တတ်ကျွမ်းခြင်း၊ ရဲရင့်ခြင်းတည်းဟူသော **ပရိယတ္တိဝိသာရဒဂုဏ်တော်**၊ ပရိယတ္တိအရာ၌ ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်ခြင်းတည်းဟူသော **ပရိယတ္တိဆေကဂုဏ်တော်**၊ ပရိယတ္တိကို အသက်တမျှ မြတ်နိုးခြင်းတည်းဟူသော **ပရိယတ္တိသာသနမာမကဂုဏ်တော်**၊ မကောင်းမှုပြုရာ၌ ရှက်ကြောက်ခြင်းတည်းဟူသော **လဇ္ဇီပေသလဂုဏ်တော်**၊ ပညာဉာဏ်ကြီးရင့်ခြင်း၊ ပကတိတည်တံ့ ဖြောင့်မတ်ခြင်း၊ လွန်ကဲသောသမာဓိရှိခြင်းတည်းဟူသော **အတိဓိရဂုဏ်တော်**၊ ကိုယ်ကျင့်သီလ စင်ကြယ်သန့်ရှင်းခြင်းတည်းဟူသော **သီလဝန္တဂုဏ်တော်**၊ ဝိနည်းကိုအလေးထားသော **ဝိနယဂရုက ဂုဏ်တော်**၊ အသက်တော်ရှည်ခြင်းတည်းဟူသော **အာယုဒီဃဂုဏ်တော်**၊ စသည့်ဥဿုံ ထိုထိုဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသည့် သာသနာ့အာဇာနည် မထေရ်မြတ်တစ်ပါး ဖြစ်တော်မူပေသည်။

ဤသို့ သီလသမာ၊ မြတ်ပညာနှင့်၊ သစ္စာခန္တီ၊ မေတ္တာဂုဏ်ရည်၊ အလီလီနှင့် ပြည့်စုံတော်မူသော ကျေးဇူးရှင်ဆရာတော်ကြီးသည် တပည့်ဒါယကာများသံဃာတို့အပေါ်၌ မြတ်နိုးတွယ်တာ၊ သံယောဇဉ်ကြီးမားလှစွာဖြင့် ချစ်ခင်သနားကရုဏာထားတော်မူ၍ မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးကြီးစွ **မိနှင့်ဖပမာ** တူလှပါပေသည်။

ထို့ပြင် တစ်ဖြာ တပည့်ဒါယကာတို့အပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့်ဥပေက္ခာလေးဖြာ၊ ဗြဟ္မာစရိယ အစရှိသည့် အကျင့်မြတ်တရား အလွန်ကြီးမား၍ သုံးဆယ့်တစ်ဘုံ အလုံးစုံတို့တွင် အမြင့်မြတ်ဆုံးဘုံဘဝတို့၌ လေးဝဈာန်တရား ဝင်စားချမ်းသာသော **မဟာဗြဟ္မာကြီးကဲ့သို့** မခြားပမာ တူလှပါပေသည်။

ထို့ပြင်တစ်ဝ မျှားသိဿတို့အပေါ်၌လည်း လိမ္မာယဉ်ကျေးအောင် ကျနသွန်သင် ဆုံးမပဲ့ပြင်ခြင်း အရာ၌ ကောက်ကွေ့သောမြား ဖြောင့်မတ်သွားအောင် မီးပူဖြင့်ပြုလုံ့လကြီးစွာ ပြုပြင်ပါငြား **လေးသမားများနှင့်လည်း** တူလှပါ ပေသည်။

ထို့အတူ တပည့်သံဃာတော်အပေါင်းတို့အား နှိုင်းမရသောစေတနာဖြင့် အတတ်ပညာသင်ကြား ပေးတော်မူရာ၌လည်း ရောင်ခြည်တစ်ထောင် အလင်းဆောင်ကာ အမှောင်မသန်းအောင် စွမ်းဆောင်နိုင်သော **"သူရိယနေမင်းကြီး"** နှင့်လည်း တူလှပါပေ၏။

ဤသို့ဆရာတော်ကြီးသည် သိစရာအဖြာဖြာအဝဝတို့ကို ဇိနဘဂဝါဓမ္မနှင့်အညီ တပည့်ဒကာအပေါင်းတို့အား



www.burmeseclassic.com

www.burmeseclassic.com

လမ်းညွှန်ဆုံးမဩဝါဒပေးတော်မူခဲ့သလို တပည့်သံဃာ အပေါင်းတို့အားလည်း သာသနာတော်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ်ကျမ်းဂန်ကို လမ်းမှန်စွာဖြင့် နှေးညမပြတ် သင်ကြားပို့ချပေးတော်မူသောကြောင့် **"နဝရတ်ကျောက် အလား သာသနာ့ကြယ်အမြောက်အများ"**ကို မွေးထုတ်ပေးနိုင်တော်မူခဲ့ပါသည်။

ထို့ကြောင့် **ပရိယတ်ဖခင်**ဟူသော အမည်ဆန်း တစ်ခုနှင့် ရဟန်းသမုတို့အတွက် အားပြုကာ စံပြိုင်မှီး လောက်သည့် **မဏ္ဍိုင်ကြီးပမာ**လည်း ဖြစ်တော်မူပေသည်။

ထိုသို့များလှစုံစွာ ဂုဏ်ဒြပ်အဖြာဖြာတို့ကြောင့် ဂုဏ်တော်ရှိသလောက် ဉာဏ်မရောက်နိုင်လောက်အောင် **"မိဘဆရာ၊ တစ်ဖြာလေးသမား၊ နေရောင်လား"**ဟု ပုံပြုနိုင်းယှဉ် ဂုဏ်တင်မဝလောက်သည့် **"သာသနာ့သူရဲကောင်း (ဝါ) သာသနာ့အာဇာနည်"** မြတ်မထေရ်တစ်ပါးဖြစ်တော်မူပေသည်။

ထို့ကြောင့်လည်း မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက **"ရှေးဘုန်းရှေးကံ ရှိသူတစ်ယောက်ကို မွေးဖွားပေးလိုက်ခြင်းကား အဖိုးထိုက်တန်လှသည့် ကျောက်ကောင်း တစ်လုံးပမာ ဆွေမျိုးရင်းချာမကျန်၊ တစ်တိုင်းလုံး တစ်ပြည်လုံး တစ်နယ်လုံးအတွက်ပါ ယခုလည်းကောင်း၏ နောင်လည်းကောင်းစေ၏"**ဟု မိန့်ဆိုခဲ့ခြင်းဖြစ်ပေသည်။

ထို့အတူ **"သားကောင်းတစ်ယောက်၊ ထွန်းပေါ် ပေါက်က၊ သူ့နောက်ဆွယ်ကျုံ။ တစ်နယ်လုံးလည်း၊ ကံဘုန်းဆင့်လျှောက်၊ အမြင့်ရောက်၏"**ဟု ရှေးပညာရှိတို့ မိန့်ဆိုခဲ့ကြသည်။

အမှန်တကယ်တွင်မူ **"အာဇာနည်ပုဂ္ဂိုလ်ဟူသည် ကား သာမန်ဌာန၊ နေရာတိုင်းဟူသမျှ၌ မဖြစ်ပေါ်ရိုး အမှန်ဖြစ်၏။ ထို့ကြောင့် စိန်စစ်မြကောင်း၊ ပုလဲကောင်း ဆတ်၊ ဆပေါင်းအရာ၊ မကသာအောင် လွန်စွာရခဲပေ၏"** ဟူ၍ ရှေးပညာရှိတို့ဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

## ဆရာကောင်းတပည့် ပန်းကောင်းပန်

ကျေးဖူးရှင်ဆရာတော်ကြီးသည် ပရိယတ်၊ ပဋိပတ် အရာတွင် နှံ့စပ်သိမြင်ပြီး ထူးခြားထက်မြက်သော တပည့်ကြီးများစွာ ရှိသည့်အနက် စာရေးသူလေ့လာသိရှိရသည်မှာ ဖန်ခါးကွင်းကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏိတ၊ ကော့ကပ်ကြီးကျောင်းတိုက် ဆရာတော်ဦးတေဇဝန္တ ၊ ကျောင်းစုကျောင်းတိုက် ဆရာတော်ဦးသုနန္ဒ၊ နဲ့ကြိုးရွာလယ်ကျောင်းတိုက် စတုတ္ထဆရာတော် ဦးဝေပုလ္လနှင့် ပဥ္စမဆရာတော် ဦးမဟိန္ဒ စသည်တို့ ဖြစ်ပါသည်။ (ယခုအခါ ဆရာတော် ဦးသုနန္ဒနှင့် ဦးမဟိန္ဒ နှစ်ပါးသာ သက်ရှိထင်ရှား ရှိတော့သည်။ ဆရာတော်ကြီး၏ တပည့်ရင်းမှန်သမျှ ပညာတတ်မွှာစရိယအောင်မြင်ပြီးသော တပည့်များဖြစ်ကြသည်။)

ဆရာတော်ကြီးသည် တပည့်သံဃာတော်များနှင့် ဒကာ၊ ဒကာမအပေါင်းတို့အား ဘဝတစ်သက်တာတွင် အဖိုးမဖြတ်နိုင်သည့်ဩဝါဒကထာ မြောက်မြားစွာကို မေတ္တာကရုဏာတော်ထားပြီး မြတ်မဥ္ဇူရွှေနှုတ်တော်ခံတွင်းမှ အလင်းပြထုတ်ဖော် လမ်းညွှန်ဆုံးမတော်မူလေ့ရှိပါသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ဆုံးမဩဝါဒ စကားတစ်ခွန်းကား ပတ္တမြားတစ်ဖွန်းပမာ လွန်စွာ အဖိုးထိုက်တန်လှပါသည်။

ဤသို့မေတ္တာအရာတွင် အကြင်နာကြီးမားလှသည့် ကျေးဖူးရှင်ဆရာတော်ကြီးသည် တပည့်သံဃာတော်များနှင့် ဒကာဒကာမအပေါင်းတို့၏ **"ဘဝအမှောင်ကို ဓမ္မအရောင်"**ဖြင့် မီးမောင်းထိုးပြခဲ့သည့် ဆုံးမဩဝါဒများစွာ ရှိပါသည်။ ၎င်းတို့အနက် အဆီကိုထုတ်၍ အနှစ်ကိုချုပ်ထားသော

**"ဥုံ မခိုနဲ့ မကပ်နဲ့ စောစောထ ပြီးအောင်လုပ် စိတ်ကောင်းမွေး"**ဟူသော ဩဝါဒကား လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ် ကျားမ ပျိုအို ရဟန်းပုဂ္ဂိုလ်များပါမကျန် မိမိတို့ဘဝတစ်သက်တာ အတွက်အဖိုးမဖြတ်နိုင်သော ဩဝါဒအဖြစ် ယနေ့ထက်တိုင် အထင်အရှားတွေ့မြင်မှတ်သားရပါသည်။

အဆိုပါ ဩဝါဒမှာ ဆရာတော်ကြီး၏ တပည့်ဒကာ သံဃာတော်တို့အတွက်သာမကဘဲ လူသားအားလုံး အတွက် ဘဝတစ်သက်တာတွင် တသွေမတိမ်းလိုက်နာကြရမည့် "လောကနီတိ" အဆိုအမိန့် ဖြစ်ပေသည်။

အဆိုပါ ဩဝါဒနှင့်ပတ်သက်ပြီး ဆရာတော်ကြီးက မိမိ၏ငယ်တပည့်ဖြစ်သူ တူတော်မောင် ဦးလှမြင့်ကို "ဒီမှာ ဇော်ဂျီ (ဦးလှမြင့်ကိုဆရာတော်က ဇော်ဂျီဟုခေါ်သည်) မင်းတို့ကိုငါဆုံးမခဲ့တဲ့ "ဥုံမခိုနဲ့၊ မကပ်နဲ့" ဩဝါဒကမင်းတို့



www.burmeseclassic.com

www.burmeseclassic.com

အတွက် အလွတ်ကျက်ို သက်သက်မဟုတ်ဘူး။ အမြဲတမ်း လိုက်နာကျင့်သုံးရမယ့် ဩဝါဒကွ၊ နောက်ပြီး မင်းက ရန်ကုန်တက်ပြီး ဆေးဝါးလုပ်ငန်းလုပ်တော့မယ်ဆိုတော့ အများနဲ့ ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ အားလုံးအဆင်ပြေအောင် ငါထပ်ပြီးမှာလိုက်မယ်။ ဦးမခိုနဲ့၊ မကာပ်နဲ့ စတဲ့ ဩဝါဒအပြင် **"သည်းညည်းခံ၊ မေတ္တာထား။ ဆင်ခြင်ပြော၊ သတိနဲ့နေ"**ဆိုတဲ့ အထူးဩဝါဒကို ထပ်ပေးလိုက်မယ် အမြဲလိုက်နာဖို့ မမေ့နဲ့ကွ ဟု ထပ်မံဆိုဆုံးမခဲ့ပါသည်။

ဦးလှမြင့်ဆိုသူကား ယခု နိုင်ငံကျော်ကေသီပန်ဆေးတိုက်ပိုင်ရှင် ဖြစ်ပါသည်။ သူသည် မိဘမဲ့ဘဝ၊ အညတြ ဆင်းရဲသားဘဝ၊ ဘုန်းကြီး ကျောင်းသားဘဝ၊ လယ်စာရင်းငှားဘဝ၊ ကား။ ရထား။ သင်္ဘောပေါ်တွင် သတင်းစာလက်ပွေ့ရောင်းသမားဘဝ အစရှိသည့် ခါးသီးသောဘဝဇာတ်ခုံ



ဆရာတော်ကြီး၏ တူတော်မောင် ကေသီပန်ဦးလှမြင့်

အဖုံဖုံကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။ ထို့အပြင် စာပေ ဗိမာန် စာစီဝန်ထမ်းဘဝ တစ်ဖက်နှင့် ကေသီပန် ဆေးကြော်ငြာရောင်းချရင်း မိမိ၏ငယ်ဆရာတော်ကြီးဖြစ်သည့် နဲ့ကြီးရွာလယ်ကျောင်းတိုက် တတိယဆရာတော် ဘဒ္ဒန္တ စာရိတ္တ ဘိဝံသအရှင်သူမြတ်ထံသို့ မိမိ၏ အလှူငွေအပါအဝင် ရန်ကုန်မြို့မှ ဆရာတော်ကြီး၏ တပည့်ဒကာများထံ အလှူခံရရှိငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်း လစဉ် ပုံမှန်သွားရောက်လှူဒါန်း ဆက်ကပ်ကာ ကျေးဖူးဆပ်ခဲ့သူဖြစ်သည်။ ဤသို့ဖြင့် ဖိုးသုညဘဝမှ သီရိသုဓမ္မ မဏိဇောတဓရ အမျိုးသားစာပေဆုရှင်ကြီးအဖြစ် ယခု အသက် ၈၃ နှစ်သို့တိုင် အပြုံးပန်းလိုင်လိုင်ဖြင့် အောင်ပန်းဆင်နိုင်ခဲ့သူဖြစ်သည်။ ဤသို့ဖြင့် ကေသီပန်ဦးလှမြင့်သည် "ဆရာကောင်းတပည့်၊ ပန်းကောင်းပန်ပြီး လမ်းကြောင်းမှန်ခဲ့သူ" ဖြစ်ပေသည်။

## ကျမ်းဂန်စာပေ နှံ့စပ်လေစွ ဆရာခ

ဆရာတော်ကြီး၏ အမျိုးအဆွေများထဲတွင် သီလ သမာဓိပညာနှင့် ဘက်စုံထူးချွန်သည့် ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်ခဲ့သည်။ ထိုသူကား ဆရာတော်ကြီး ဦးစာရိတ္တ ဘိဝံသ၏ မယ်တော် ဒေါ်ရွှေသက်နှင့် မောင်နှမတစ်ဝမ်းကွဲ တော်စပ်သူ ဆရာခ (ခေါ်) ယောကျ်ားတံခွန် ဆရာခဖြစ်၏။

'ဆရာတော်ကြီး၏ဦးလေးတော်စပ်သူ ဆရာခသည် လောကီ လောကုတ္တရာစာပေ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူသည့် သီရိလင်္ကာ(သီဟိုဠ်)ပြန်ဆရာတော်ကြီး ဘဒ္ဒန္တရေဝတာ ဘိဓေ (လဗ္ဗိပေသလ၊ သိက္ခာကာမ၊ ဝိနယဂုဏ၊ သံသာရဘီရုက၊ ဂဏပါမောက္ခ၊ ဘာသန္တရဆေက) မဟာထေရ်မြတ်ထံမှ လောကုတ္တရာစာပေနှင့် လောကီစာပေ (သင်္ချာ + အင်္ဂလိပ်စာအပါအဝင်) စသည်တို့ကို ကောင်းစွာသင်ယူလေ့လာခဲ့ရသူ ဖြစ်သည်။

(ထို့ကြောင့် ဆရာခသည် ဆရာကောင်းတပည့်ပန်းကောင်းပန်ခဲ့ရသူဖြစ်၏) ဆရာခ၏ ဇာတိမှာ ဇလွန်မြို့နယ်နှင့် ၈ မိုင်ခန့်ကွာဝေးသည့် ကော့ကပ်ကြီးရွာဖြစ်၏။ တောရွာတွင် မည်သူမျှ မစဉ်းစားရဲ၊ မလုပ်ရဲမကိုင်ရဲသည့် စာပုံနှိပ်စက်လုပ်ငန်းကို ထူထောင်ခဲ့သည်သာမက အယ်(ဖ်)ရန်နိုင်ဘာရားသား တိုင်းရင်းဆေးတိုက်ကိုလည်း ထူထောင်ခဲ့

www.burmeseclassic.com



ဆရာတော်ကြီး၏ ဦးလေးတော်သူ
ယောက်ျားတံခွန်ဆရာခ

သည်။ သူသည် ကျောင်းဆရာဘဝဖြင့်နေထိုင်ရင်း စစ်ကြို ခေတ်စာနယ်ဇင်းများ၊ စစ်ပြီးခေတ် ဆယ်သန်း၊ သူရိယ၊ မြန်မာ့အလင်းစသည့် သတင်းစာနှင့် စာနယ်ဇင်းများကို နေ့စဉ်လေ့လာဖတ်ရှုခဲ့ရသည့် ခေတ်မီစာပေဝါသနာရှင် ဖြစ်ခဲ့သည်။

ကော့ကပ်ကြီးကျေးရွာ၌ နေထိုင်ခဲ့စဉ် ဟင်္သာတ ဒိစတြိတ်ကောင်စီ ချယ်ယာမင်းလူကြီးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ လောကီ၊ လောကုတ္တရာစာပေ တတ်ကျွမ်းသူ ဆရာခသည် ဟင်္သာတ ယုန်သလင်းရွာမှ ဦးထွန်းလွင်၊ မန်းဘခိုင်(အာဇာနည်)၊ မန်းဘဆိုင်တို့နှင့်လည်းကောင်း၊ ဟင်္သာတနယ်၊ နိဗ္ဗာန်ရွာမှ အမျိုးသားပညာဝန်ဦးဖိုးကျား၊ ဟင်္သာတနယ်သားများဖြစ်ကြသူ ဆရာကြီးဦးသော်ဇင်၊ ဆရာကြီး ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဆရာကြီး ပါရဂူ အစရှိသည့် ဂုဏ်သရေရှိ စာပေပညာရှင်ကြီးများနှင့်လည်းကောင်း၊ ဆရာမြို့မမောင်(ဦးအောင်မြင့်–ရန်ကုန်သတင်းစာတိုက်)၊ လောကခံ ဦးထွန်းလှတို့နှင့်လည်းကောင်း အကျွမ်းတဝင်ဖြစ်ခဲ့သည်။

၎င်းအပြင် သဘင်အနုပညာရှင်များဖြစ်ကြသည့် ဆိုင်းဆရာ အလင်္ကာကျော်စွာ ဦးဟန်ပ ရွှေမန်းတင်မောင်နှင့် ဦးစိန်အောင်မင်းတို့နှင့်လည်း ခင်မင်ရင်းနှီးခဲ့သူ ဖြစ်သည်။ သူသည် စာပေ၊ ဂီတ၊ သဘင် ပညာရပ်များ၌ ကျွမ်းကျင်သူဖြစ်သည့်အလျောက် ဗိမ္ဗိသာရဇာတ်၊ ဆဒ္ဒန် ဆင်မင်းဇာတ်၊ ပဒုမဇာတ်နှင့် စန္ဒကုမာရဇာတ်တော်ကို ဂုဏ်၊ ရသ၊ အလင်္ကာမြောက်အောင် ဇာတ်စာ၊ ဇာတ်စကား နဘေထပ်များဖြင့် ပိုင်နိုင်ကျွမ်းကျင်စွာ ရေးသားနိုင်ခဲ့သည်။ အဆိုပါဇာတ်တော်များကို ဖတ်ရှုရသည့် မြန်မာပညာရှိ ဘိုကလေးဦးသက်ရှေက "ဆရာတို့ကွယ်လွန်ရြေား သော်လည်း ကဗျာ ၁၀၀၊ စာ ၁၀၀ ထူးချွန်သည့် စာဆိုတော်ပညာရှိ တပည့်တစ်ဦးပေါ်ထွန်းလာပြီဖြစ်လို့ အထူးဝမ်းမြောက်ရပါကြောင်း" ယောက်ျားတံခွန်ဆရာခ၏ ကဗျာ ၁၀၀၊ စာ ၁၀၀ကို ချီးကျူးပြောဆိုခဲ့ကြောင်းသိရှိရသည်။

ဆရာခသည် **"ကြီးပွားရေးမင်္ဂလာ (ခေါ်) ယောက်ျားတံခွန် နီတိကျမ်း"**ကို ရေးသားထုတ်ဝေခဲ့ပြီး ၁၉၅၃ ခုနှစ် အမျိုးသားကျောင်းတွင်သင်ကြားသည့် ၁၀ တန်း မြန်မာစာ၌ စိတ်ကြိုက်အပိုဘာသာအဖြစ် ပညာရေး ဌာနက ပြဋ္ဌာန်းခဲ့သည်။

ကျောင်းဆရာ၊ တိုင်းရင်းဆေးဆရာ၊ စာရေးဆရာ ဘဝနှင့် စီးပွားရေးလုပ်ငန်းရှင် ဘဝစသည် တို့ဖြင့် ကျင်လည်ခဲ့သူ ဆရာခသည် သူကိုယ်တိုင် ထူးချွန်ထက်မြက်သလို ၎င်း၏သားသမီးများကိုလည်း ထူးချွန်ထက်မြက်သော ပညာတတ်ဘွဲ့ရများဖြစ်အောင် ပြုစုပျိုးထောင်ကာ ကြိုးပမ်းနိုင်ခဲ့သူ ဖြစ်သည်။


သူသည် ၁၉၅၀ ပြည့်နှစ်က ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ်(၈၇) နေအိမ်၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည်။ ဇလွန်မြို့နယ်အသင်း (ရန်ကုန်) ကိုစတင်တည်ထောင်ခဲ့ပြီး ပထမဦးဆုံး ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ထိုသို့နေထိုင်ခဲ့သည့် အချိန်ကာလ၌ ၎င်း၏တူတော်စပ်သူ ဆရာတော် ဘဒ္ဒန္တစာရိယ



www.burmeseclassic.com

www.burmeseclassic.com

ဘိဝံသအရှင်သူမြတ်က ၎င်း၏နေအိမ်သို့ မကြာခဏ ကြွရောက်တော်မူလေ့ရှိပြီး ကျောင်းအဖြစ် ခေတ သီတင်းသုံးနေလေ့ရှိကြောင်း။ ဆရာတော်ကြီးသက်တော် ၆၀ ပြည့်သည့်နှစ်၊ တိုက်ကြီးမြို့နယ်၊ ဂျီးဖြူတောရစခန်းသို့ ကြွရောက်တော်မူခဲ့စဉ်က ဆရာခ၏မိသားစုများက လိုက်ပါပို့ဆောင်ပေးခဲ့ကြပြီး ဂျီးဖြူတောရစခန်းအနီးရှိ ကျားချောင်းရွာ၌ သီးသန့်ကမ္မဋ္ဌာန်းကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းပေးခဲ့ကြကြောင်း သိရှိရသည်။



ရွှေပေါင်းသမိုင်းဝင် ဆုတောင်းပြည့်စေတီတော်

## ဂုဏ်ပေါင်းသိုက်မြိုက် နဲကြိုးရွာလယ်ကျောင်းတိုက်

နဲကြိုးရွာလယ်ကျောင်းတိုက်ကြီးမှာ ငါးဧကကျော် ကျယ်ဝန်းသည့် မြေပေါ်တွင် ကျောင်းတိုင်အလုံးပေါင်း ၁၀၈ တိုင်ရှိပြီး ၁၂ ပင် × ၉ ပင် ကျယ်ဝန်းသည့် ရှေးဟောင်းကျောင်းတိုက်ကြီး ဖြစ်သည်။ ယခုအခါ နှစ်ပေါင်းတစ်ရာနီးပါးခန့် ရှိပြီဖြစ်သည်။ ကျောင်းဒါယကာမှာ ဦးတလုတ်အို + ဒေါ်ငွေယုံတို့ မိသားစုဖြစ်ကြောင်း သိရှိရသည်။

သန္တိသုခ အေးချမ်းလှသည့် အဆိုပါကျောင်းမြေပရိဝုဏ်အတွင်း၌ ရှေးဟောင်းစေတီတော်ကြီး သုံးဆူ၊ စေတီငယ် နှစ်ဆူ၊ နဂါးဘုရား၊ ရှင်ဥပဂုတ္တ နှင့် မဂ်လာရေကန်၊ သာသနာ့တံခွန်တိုင် အစရှိသည့် ကြည်ညိုဖွယ်ရာ



နဲကြိုးရွာလယ်ကျောင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပထမဆရာတော်ဘုရားကြီး ဦးကေတုမာလာ



ဒုတိယဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတာဘိဓေ

ဘုရားစေတီနှင့် ပုပ်ပွားတော်များကို ဖူးမြော်ပူဇော်နိုင်ပြီး ပုတီးစိပ် အဓိဋ္ဌာန်ပြုကာ ဝိပဿနာ ဘာဝနာတရားကို လည်း အခါခါပွားများအားထုတ်နိုင်ကြပါသည်။

နှဲကြိုးရွာလယ်ကျောင်းတိုက်၏ ပထမ ကျောင်းထိုင်ဆရာတော်ကြီးမှာ ဦးကေတုမာလာ ဖြစ်ပြီး၊ ဒုတိယ ကျောင်းထိုင်ဆရာတော်ကြီးမှာ ဘဒ္ဒန္တရေဝတာဘိဓေ (လဗ္ဗိ သာလ၊ သိက္ခာကာမ၊ ဝိနယဂုဏ၊ သံသာရဘီဂုဏ၊ ပါမောက္ခ၊ ဘာသန္တရဆေက) ဖြစ်သည်။

တတိယဆရာတော်ကြီးမှာ ဘဒ္ဒန္တစာရိတ္တ ဘိဝံသ (ဘကျသီဟမ္မာစရိယ)ဖြစ်ပြီး၊ စတုတ္ထ ဆရာတော်ကြီးမှာ ဒုတိယဆရာတော်ကြီး၏ ညီတစ်ဝမ်းကွဲတော်စပ်သူ ဘဒ္ဒန္တဝေပုလ္လ (သာသနဓဇသိရီပဝရ ဓမ္မာစရိယ) ဖြစ်သည်။


ယခုအခါ စတုတ္ထ ဆရာတော်ကြီး၏ ညီအရင်းဖြစ်သူ ပဉ္စမဆရာတော် ဘဒ္ဒန္တမဟိန္ဒ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ/ဒီဃဘာဏက)က ခရစ်သက္ကရာဇ် ၂၀၁၀ ပြည့်နှစ်မှ ယခုအချိန်ထိ လက်ရှိကျောင်းတွင် သီတင်းသုံးတော်မူရင်း သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူလျက်ရှိသည်။

တတိယဆရာတော်ကြီး ဘဒ္ဒန္တစာရိတ္တ ဘိဝံသ အရှင်သူမြတ်သည် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး စမ္မခဏ်ဂါထာ ပါဠိတော်ကို မြန်မာပြန်အနက်သို့ ပြန်ဆိုတော်မူခဲ့ပါသည်။

## ဘဝနုတ်နန်း စံမြန်းတော်မူ

ကျေးဖူးရှင်ဆရာတော်ကြီးသည် ဂန္ထ ဓူရ၊ ဝိပဿနာ ဓူရ နှစ်ဌာနကို ကြိုးပမ်းအားထုတ်တော်မူရင်း သက်တော်

www.burmeseclassic.com



တတိယဆရာတော်ဘုရားကြီး ဘဒ္ဒန္တစာရိတ္တာဘိဝံသ



မပုပ်မသိုးဖြင့် စံကျောင်းတော်ပေါ်တွင်
နေတော်မူသော
ဆရာတောဘုရားကြီး ဘဒ္ဒန္တစာရိတ္တာဘိဝံသ

၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါ အရောက် ၁၃၅၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၅ ၄၅ မိနစ်အချိန်၌ တပည့်အစုံကျောင်းရွှေဘုံကြီးကို ဘုရားရဟန္တာတို့ပင် လွန်ဆန်နိုင်ခြင်းမရှိသော သေမြင်း တရားကို ရဲဝံ့တည်ကြည်စွာရင်ဆိုင် ဘဝနတ်နန်းသို့ စံမြန်းတော်မူခဲ့ပါသည်။

ဇာတိကိုရလာသမျှ ဇရာမရဏနှင့်မကင်းနိုင်ကြကြောင်း၊ ပရမတ အသွားအလာမှာ အနတ တရား ဓမ္မများသာဖြစ်ကြောင်း၊ တပည့်ဒကာအပေါင်းတို့က အသေအချာသိကြသော်လည်း ဖြေစရာမချိတာကြောင့် မိမိတို့၏ဘဝင်နှလုံးမှာ ကြိမ်မီးအုံးပမာ ခံစားကြရင်း သောကပိုပွဲ ဆင်နွှဲကြရသည်။

**ဩော့ အနိစ္စ ဝတ သင်္ခါရာ၊ ဒုက္ခဝတ သင်္ခါရာ၊ အနတ္တ ဝတသင်္ခါရပါတကား။**


## မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

မြန်မာနိုင်ငံ၌ ပျူ၊ ဟန်လင်း၊ ဗိ နိုး၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်နှင့် ဗြိတိသျှခေတ်အပါအဝင် ယနေ့မျက်မှောက်ခေတ်ကာလအထိ ပဋိပတ္တိ သာသနာဝင်များဖြစ်ကြသည့် ရဟန္တာနှင့် ရဟန်းထူးများ အခြားအရိယာပုဂ္ဂိုလ်များ၊ ဈာန်အဘိညာဉ်ရဟန်းပုဂ္ဂိုလ်များ၊ အရိယာမဖြစ်သေးစေကာမူ အရိယာဖြစ်ကြောင်းဖြောင့်မှန်စင်ကြယ်စွာကျင့်ကြံတော်မူခဲ့ကြသည့် ယောဂီသူတော်စင် ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွက်တော်မူခဲ့ပါသည်။


ဤခေတ်တွင် ရဟန္တာဖြစ်နိုင်သလော၊ ဈာန်အဘိညာဉ်ကောရနိုင်သလောဟူသော မေးခွန်း ပြဿနာများ မကြာခဏ ကြားသိနေရသည်။ အဆိုပါမေးခွန်းနှင့်ပတ်သက်ပြီး မဟာပရိနိဗ္ဗာနသုတ်၌ မြတ်စွာဘုရားက သုဘဒ္ဒအား **"တရားစစ် တရားမှန်များတည်ရှိ ကျင့်ကြံနေသူများရှိနေသမျှ ခေတ်၊ နှစ်၊ အကန့်အသတ်မရှိ အချိန်မရွေး ဖြစ်လိုသောအရာမရွေး ဖြစ်နိုင်လေသည်"** ဟု မိန့်ကြားတော်မူခဲ့ကြောင်း မှတ်သားရသည်။

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝေပုလ္လ



ပဥ္စမဆရာတော်ဘုရားကြီး ဘဒ္ဒန္တမဟိန္ဒ

## သမာဓိသီလ မြဲခိုင်လှသ... ဒုတ...

မြန်မာနိုင်ငံသည် ပရိယတ် ပဋိပတ်အကျော... တို့ ပေါ်ထွန်းရာ မြေထူးမြေမြတ်ဖြစ်ပေသည်။ အချို့သော ရဟန်းထူးရဟန်းမြတ်များမှာ သက်တော်ထင်ရှားရှိစဉ် ကာလကပင် ကျော်စောထင်ရှားကြသော်လည်း အချို့သော ပုဂ္ဂိုလ်များမှာကား နီးစပ်ရာ ဒါယကာ၊ ဒါယိကာမ အသိုင်းအဝိုင်းကသာ သိရှိ ကိုးကွယ် ဆည်းကပ်မှုကို ခံယူကြရသည်။ သို့သော် ထိုဒုတိယအမျိုးအစားဖြစ်သည့် ရဟန်းထူး ရဟန်းမြတ်များမှာ သက်တော်ထင်ရှားရှိစဉ်က မကျော်ကြားခဲ့သော်လည်း ဘဝနတ်ထံ ပျံလွန်တော်မူသောအခါမှ ထူးခြားအံ့ဩဖွယ်အခြင်းအရာများကို ကြည်ညိုလေးစားဖွယ် ဖူးမြော်ကြရသည်။

သမာဓိသီလ မြဲခိုင်လှပြီး မြတ်ဗုဒ္ဓ၏ တရားစစ်တရားမှန်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့သော ဇလွန်မြို့နယ်သားဖြစ်သူ ဓနုဖြူမြို့နယ်၊ နဲ့ကြီးရွာလယ်ကျောင်းတိုက် တတိယဆရာတော် ဘဒန္တစာရိတ္တ ၁ဘိဝံသ မဟာထေရ်မြတ်ကား ဒုတိယအမျိုးအစားဖြစ်သည့် ရဟန်းထူး ရဟန်းမြတ်စာရင်းတွင် ပါဝင်သည်။ အကြောင်းမှာ ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသည့်အချိန်မှ ယခု ၂၃ နှစ်သို့တိုင် ရောက်ရှိနေသော်လည်း မိမိခန္ဓာကိုယ်ပြိုမှာ မပုပ်မသိုးဘဲ စံကျောင်းတော်ပေါ်တွင် သီတင်းသုံးတော်မူလျက်ရှိသောကြောင့် ဖြစ်သည်။

(**မှတ်ချက်** ။ ဆရာတော်ကြီး၏ ပြိုကလာပ်တော်ကို ရင်ခွဲခြင်း၊ ဆေးထိုးခြင်း စသော လောကီအစီအရင်များ လုံးဝ မပြုလုပ်ပါ။)

## ဘဝနတ်ထံပျံလွန်တော်မူစဉ် ထူးခြားမှုဖြစ်စဉ်များ

(၁) ဓနုဖြူမြို့နယ်၊ နဲ့ကြီးရွာလယ်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူချိန်တွင် အဆိုပါ ကျောင်းတိုက်မှ မိမိသီတင်းသုံးတော်မူခဲ့ရာ နေရာဟောင်းဖြစ်သည့် ဇလွန်မြို့နယ်၊ ကော့ကပ်ကြီးကျောင်းတိုက်မှ ဇော့ကင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီး၏ မပုပ်မသိုးသည့် ရုပ်ကလာပ်တော်

ကြီးရွာလယ် ကိုးဆူဘုရားကြီးသို့ အလင်းတန်းကြီးပျံသွားသည်ကို ထူးခြားအံ့သြစွာ ဖူးမြော်ကြရသည်။

(၂) ပျံလွန်တော်မူသည့် ညတွင် သစ်ပင်များ၊ အဆောက်အဦများ လဲပြိုကျနိုင်လောက်သည့် ပြင်းထန်သော လေအဟုန်တိုက်ခတ်ခဲ့သော်လည်း မိုးလင်းသည်နှင့် မည်သည့်အဆောက်အဦမျှ လဲပြိုကျခြင်းမရှိကြောင်း ထူးခြားစွာ တွေ့မြင်ကြရသည်။

(၃) ဆရာတော်ကြီးပျံလွန်တော်မူသည့် ညမှောင်ရီပျိုးစအချိန်တွင် လေပြင်းတိုက်ခတ်လျက်ရှိသည်။ ကျောင်းတိုက်၏ အနောက်တောင်ဘက် သုံးမိုင်ကျော်အကွာရှိ တော်ကွဲကျေးရွာမှ ဆရာတော်ကြီး၏ တပည့်ဒကာအရင်းဖြစ်သူ ဦးသန်းရွှေက ပြတင်းတံခါးပြေးပိတ်လိုက်စဉ် နှဲကြီးရွာလယ်ကျောင်းတိုက်ပေါ်မှ ရန်ကုန်မြို့ဘက်ဆီသို့ သက်တန့်လို အလင်းတန်းကြီး ထင်ရှားစွာ ပေါ်ထွက်နေသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။ အဆိုပါ သက်တန့်လို အလင်းတန်းကြီးပေါ်တွင် ရဟန်းတစ်ပါး စကြံကြွသွားသည်ကိုလည်း အံ့သြစွာဖူးတွေ့လိုက်ရသည်။

ထိုအချိန်တွင် ဦးသန်းရွှေ၏စိတ်ထဲတွင် ဆရာတော်ကြီး တစ်ခုခုများဖြစ်နေပြီးလားဟု စိုးရိမ်စိတ် ဖြစ်ပေါ်သွားသည်။ သို့နှင့် နောက်တစ်နေ့ အ႑ဏ်ကျင်းအလင်းရောက်သည်နှင့် နှဲကြီးရွာလယ်ကျောင်းတိုက်သို့ အမော တကောသွားရောက်ရာ ဆရာတော်ကြီး ယမန်နေ့ညနေက ပျံလွန်တော်မူသွားကြောင်း အံ့သြစွာသိရှိလိုက်ရသည်။

(၄) ဆရာတော်ကြီးပျံလွန်တော်မူသည့် အဆိုပါ ညမှောင်ရီပျိုးစအချိန်၌ပင် နှဲကြီးချောင်း အနောက်ဘက် ကမ်းရှိပြင်ရွာမှ ဒကာဒကာမများလည်း နှဲကြီးရွာလယ် ကျောင်းတိုက်ဘက်ဆီမှ "ဝုန်း"ဟူသော ကျယ်လောင်သည့် ပေါက်ကွဲသံတစ်ခုကြားလိုက်ကြရသည်။ ထိုပေါက်ကွဲသံကြီး ကြားလိုက်သည်နှင့် တျပြိုင်နက် ကျောင်းတိုက်ကြီးပေါ်မှ အလင်းတန်းကြီးသည် ကောင်းကင်ထက်သို့ ပျံတက်သွားသည်ကို ထူးဆန်းစွာ တွေ့မြင်ကြရသည်။


ထိုသို့ တစ်ချိန်တည်း၌ပင် ရေနံဆီမီးအုပ်ဆောင်းဖြင့် ကျောင်းရှေ့တွင် ဖြတ်လျှောက်သွားသော နှဲကြီးရွာသူအမျိုးသမီးကြီးတစ်ဦးကလည်း ကျောင်းတိုက်ကြီးပေါ်မှ အလင်းတန်းကြီး ကောင်းကင်ထက်သို့ ပျံတက်သွားသည်ကို တွေ့မြင်ခဲ့ရသည်။

(၅) အဆိုပါ ဆရာတော်ကြီးပျံလွန်တော်မူသည့်နေ့ ညဦးသန်းခေါင်ယံအချိန်၌ ကော့ကပ်ကြီးရွာသားဖြစ်သူ ဦးနီတော (ခေါ်) ဦးလှသောင်းနှင့် ရေလုပ်သားအဖော်များက ကော့ကပ်ကြီး အထက ရေဆိပ်အနီး၌ ယင်းလိပ်များဖြင့် ဘဝင်းခါ ိတ်ပြီး ငါးဖမ်းနေကြစဉ် ကောင်းကင်ယံကြယ်ကိုးလုံးတို့မှာ ချောင်းဦးအတိုင်းဆန်တက်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး ဘဒ္ဒန္တစာရိတ္တာဘိဝံသ
၏ စံကျောင်းတော်

ထူးဆန်းစွာ တွေ့မြင်ကြရသည်။

(၆) မီးသင်္ဂြိုဟ်မည့်ရက်မတိုင်မီ အကြိုညဖြစ်သည့် တပေါင်းလပြည့်နေ့ည ၁၁ နာရီအချိန်တွင် ဆရာတော်ကြီး ကိုယ်တော်တိုင် ရွှေထီးတော်တင်လှူပူဇော်ခဲ့သည့် ကော့ကပ်ကြီးရွာလယ်ရှိ "ရတနာ့ ရံသီအောင်စေတီတော်"၏ စိန်ဖူးတော်၌ ရောင်ခြည်တော် ထူးခြားစွာ ကွန့်မြူးနေသည်ကို ဘုရားစေတီအနီးရှိ ရွာသူရွာသားများက ဖူးမြင်ကြည်ညိုကြရသည်။

အဆိုပါ ရောင်ခြည်တော်ကွန့်မြူးနေသည့် အလင်းရောင်ကို နဲ့ကြီးရွာလယ်ကျောင်းတိုက်ရှိ ဆရာတော်ကြီး၏ အန္တိမစျာပနကျင်းပနေသည့် ပြန်ကြားရေးမဏ္ဍပ်မှ အသိပေးကြေညာမှုကြောင့် ကွင်းထဲရှိ ပရိသတ်များ တအံ့တသြဖြင့် တွေ့မြင်ကြရပါသည်။

(၇) အန္တိမစျာပန ကျင်းပပြုလုပ်မည့် ၁၃၅၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် အခါမဟုတ် မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် မီးသင်္ဂြိုဟ်မည့် လောင်တိုက်တော်မှာ ပျက်စီးသွားခဲ့သည်။

(၈) ထို့အတူ အန္တိမစျာပနပူဇော်ပွဲ၌ ရတု၊ တေးထပ်များနှင့် ယေဉ်ကျူးငိုချင်း စသည်များဖြင့် တီးမှုတ်သီဆိုပူဇော်ကြသည့် ဘိုကလေးတင့်အောင်၊ ဂီတလုလင် ဦးကိုကိုနှင့် အဆိုတော်အဖွဲ့သားများတို့ ပူဇော်ဖျော်ဖြေနေချိန်တွင် ကောင်းကင်ယံမှ အလင်းတန်းကြီးနှစ်ခု မီးသလိုက်ပမာ လင်းထိန်ဖြာသည်ကို ထူးခြားအံ့သြစွာ ဖူးမြင်ကြရသည်။

(၉) အဆိုပါနေ့၌ ကောင်းကင်ပြင်တစ်ခွင်လုံး အုံ့မှိုင်းပြီး အန္တိမစျာပနကျင်းပသည့် ကျောင်းဝင်းနှင့် ကွင်းပြင်တစ်ခုလုံး ခြေဖမိုးမြုပ်မျှ မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ဤတွင် ဆရာတော်ကြီး၏ တပည့်ကြီးများက **"အလောင်းတော်ကို မီးသင်္ဂြိုဟ်ခြင်းအမှု မပြုလုပ်သင့်"** ဟုဆုံးဖြတ်ချက်ချကြသည်။ ထို့နောက် တပည့်ကြီးဖြစ်သူ ဖန်ခါးကွင်းကျောင်းတိုက်ဆရာတော် ဦးဝဏ္ဏိတအရှင်သူမြတ်က ရတနာသုတ်တော်လာ **"ယထိန္ဒခီလော ပထဝိံ တောသီယာ"** အစရှိသော ဂါထာတော်ကို ပါဠိအနက် သုံးကြိမ်ရွတ်ဆို **"တပည့်သားများ၌ အပြစ်ကြီး၊ အပြစ်ငယ် ရှိပါက ခွင့်လွှတ်တော်မူပါရန်"** ဆရာတော်ကြီးအား ဦးတိုက် တောင်းပန်လျှောက်ထားတော်မူသည်။

ထို့အပြင် စံကျောင်းချမည့် ရက်ကိုလည်း ရွှေ့ဆိုင်းလိုက်ကြောင်း ဆရာတော်ဦးဝဏ္ဏိတက အသံချဲ့စက်ဖြင့် ဆက်လက်ကြေညာလိုက်သည်နှင့် ကျောင်းရှေ့ရှိ ရှင်ဥပဂုတ ကန်ပေါင်ရိုး၌ တပ်ဆင်ထားသည့် ကောင်းကင်ပုံး သုံးလုံးအနက် တစ်လုံးမှာ အလိုအလျောက် ထပေါက်သွားသည်ကို ထိတ်လန့်တုန်လှုပ်စွာ ကြားလိုက်ကြရသည်။ တစ်ချိန်တည်းမှာပင် သဲသဲမဲမဲရွာသွန်းနေသော မိုးကြီးသည် တိတ်ခြည်း ရပ်စဲသွားကာ ကောင်းကင်ပြင်တစ်ခွင်လုံး၌လည်း မိုးတိမ်များ လုံးဝကင်းစင်သွားသည်ကို ထူးခြားစွာ တွေ့မြင်ကြရသည်။

ထို့အပြင် ကျောင်းအနောက်ဘက်ရှိ လက်ခုပ်ပင်ပေါ်မှ ပွတ်ခဲနေသည့် လင်းဆွဲငှက်များလည်း ဗုံးသံကြောင့် လန့်ဖျပ်ပြီး ကောင်းကင်ပြင်တစ်ခွင်လုံးမှောင်မဲသွားသည်အထိ အုပ်စုလိုက်လှည့်လည် ဝဲပျံနေကြသည်ကို တွေ့မြင်ကြရသည်။

ဤသို့ ဆရာတော်ကြီး၏ ပုံကလာပ်တော်ကို မီး


www.burmeseclassic.com

www.burmeseclassic.com

သဂြိုဟ်ခြင်းအမှုမပြုလုပ်ကြတော့ခြင်းမှာ အဓိကအားဖြင့် မိုးကြီးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခြင်းကြောင့် ဖြစ်သည်။

ထို့ပြင် ထူးခြားမှုတစ်ခုကား ပက်တန်းကျေးရွာမှ ကျမ်းတတ်အကျော် ရဟန်းလူထွက် ဦးသုဒဿန (နက္ခတ္တ ဗေဒပညာရှင်ကြီး)၏ ကြိုတင်ဟောကိန်းကို ထိတ်လန့်ကြောက်ရွံ့နေကြသူ တပည့်ရဟန်း သံဃာအချို့နှင့် ဂေါပကအချို့တို့က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ခြင်းမပြုဘဲ ရပ်ဆိုင်းလိုက်သည်ကို အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ အကြောင်းကား အဆိုပါ ဗေဒင်ဆရာကြီး၏ ကြိုတင်ဟောကိန်းအရ "အလောင်းတော်ကို မီးသဂြိုဟ်မည်ဆိုပါက ရုတ်တရက် မိုးကြီးလေကြီး ပြင်းထန်စွာကျရောက်ပြီး မိုးကြိုးပါပစ်ချနိုင်ကြောင်း၊ လူအများ (သို့မဟုတ်) နွားများလည်း မိုးကြိုးပစ်ချမှုကြောင့် သေကျေပျက်စီးသွားနိုင်ကြောင်း" ဟောကိန်းထုတ်ထားခြင်းကြောင့် ဖြစ်သည်။

(၁၀) ၁၃၅၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်နေ့၌ အလောင်းတော်သီတင်းသုံးတော်မူရာ ကျောင်းတော်မှ အပူဇော်ခံထားရှိရာ စံကျောင်းတော်သို့ ပြောင်းရွှေ့သောည ၁၀ နာရီခန့်တွင် ကော့ကပ်ကြီးကျောင်းတိုက်ဘက်မှ ရွာလယ်ဘုရားကြီးဘက်ဆီသို့ ပြိုးပြိုးပြက်ပြက် အရောင်လက်သော အလင်းတန်းကြီးပျံသန်းသည်ကို တွေ့မြင်ကြရပြန်သည်။ (ဤနေရာ၌ ပုဂ္ဂလဝိသေသ ပုဂ္ဂိုလ်ထူးများဖြစ်တော်မူကြသော လယ်တီဆရာတော်ဘုရားကြီးနှင့် ဝေဘူ ဆရာတော်ဘုရားကြီးတို့သည် သီတင်းသုံးရာ နှစ်ဌာနစီ ရှိတော်မူကြသဖြင့် ဆရာတော်ကြီးများ ခန္ဓာဝန်ချတော်မူသောအခါ တပည့်ဒကာများနှစ်အုပ်စုကွဲပြီး ပဋိပက္ခဖြစ်မည့်အရေးကို ဆရာတော်ဘုရားကြီးတို့၏ သီလ၊ သမာဓိဂုဏ်ကျေးဇူးတို့ကြောင့် အေးချမ်းရသည့်နည်းတူ နဲ့ကြိုးရွာလယ်ကျောင်းတိုက်၊ ဆရာတော်ဘုရားကြီး၏ ကိစ္စ၌လည်း ပေါ်ပေါက်ခဲ့ရသည်။)

အကယ်၍ထိုနေ့ထိုအခါက အလောင်းတော်ကို သဂြိုဟ်သည့်အမှုပြုလုပ်မည်ဆိုပါက ကျောင်း ဝိုင်းအတွင်းမှ သုဿာန်သို့အသွား လမ်းခရီး၌ ကရဝိက်ဖောင်ရထားယာဉ်တော်ကို ကော့ကပ်ကြီးရွာမှ တပည့်ဒကာများက ကြားဖြတ်၍ ကော့ကပ်ကြီးသို့သယ်ဆောင်ရန် အတွင်းကျိတ်စီမံထားပြီးဖြစ်ရာ ဤပဋိပက္ခမဖြစ်စေရန် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်ကျေးဇူးတော်တို့ကြောင့် မိုးနတ်သားက အချိန်မီ တားဆီးပေးလိုက်ခြင်းပင် ဖြစ်သည်။

အကယ်စင်စစ် ဆရာတော်ဘုရားကြီးသည် သက်တော်ထင်ရှားရှိစဉ်ကာလက မိမိ၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရှိန် အတိမ်အနက်ကို ထိမ်ဝှက်၍ထားသကဲ့သို့ရှိသော်လည်း ပျံလွန်တော်မူသောအခါ၌ကား ထူးခြားသောဖြစ်ရပ်များ အထင်အရှားပြသတော်မူခြင်းမှာ တပည့်ဒကာများ၏ သဒ္ဓါတရားကို ပွားများစေကာ မလျော့သောလုံ့လဝီရိယဖြင့် ကုသိုလ်တရားကို ပွားများအားထုတ်ရစ်ကြကုန်လော့ဟု မိန့်ကြားနေသယောင် ထင်မြင်ရပါသည်။

ဤကားဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူစဉ် အံ့ဖွယ်ထူးခြားမှုများဖြစ်ပါသည်။

## သက်တော်ထင်ရှားရှိစဉ်က
## ကျော်ကြားမှုဂုဏ်သတင်းနှင့် ထူးခြားမှုဖြစ်စဉ်များ

(၁) ဆရာတော်ကြီးသည် ကျေးဇူးရှင် တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီးနှင့် စာသင်ဖက်ဖြစ်ပြီး ၎င်းက အတန်းတစ်တန်းငယ်သည်။ ကောဇာသက္ကရာဇ် ၁၂၉၈ ခုနှစ်က ထိုခေတ်၌ အခက်ခဲဆုံးဖြစ်သော ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သဓျသီဟဓမ္မာစရိယ) စာမေးပွဲ၌ တစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးရရှိကာ ပထမအဆင့်ဖြင့် ထူးခြားစွာအောင်မြင်တော်မူခဲ့သည်။

(၂) ဆရာတော်ကြီး၏တပည့်ဖြစ်သူ ယခုနဲ့ကြိုးရွာလယ်ကျောင်းတိုက်၊ ပဋ္ဌမဆရာတော်ဘဒ္ဒန္တ မဟိန္ဒ (ဒီဃဘာဏက) အရှင်သူမြတ်ငယ်စဉ် ရှစ်ဝါအရတွင် စစ်ကိုင်း မင်းကွန်းတောင်ရိုး စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ ကျေးဇူးရှင်တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီးထံ ပညာရင်နို့သောက်စို့ခဲ့ရသည်။

ထိုသို့ ပညာသင်ယူနေစဉ် ဆရာကောင်းတပည့်ပီပီ သဒ္ဒါကျမ်းအရေး အဖတ်တွင် ဌာန်ကရိုဏ်းကျကျဖြင့် ကျွမ်းကျင်စွာ ရွတ်ဖတ်ရေးသားနိုင်ခဲ့သည်။ ထို့ကြောင့် တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီးက "ဟဲ့ ... မောင်ပဥ္စင်း ဘယ်ကျောင်းတိုက်ကလာတာလဲ"ဟုမေးရာ "တပည့်



www.burmeseclassic.com

www.burmeseclassic.com

တော် ဇလွန်မြို့နယ်၊ ကော့ကပ်ကြီးကျောင်းတိုက်ကပါ ဘုရား''ဟု ပြန်လည်လျှောက်တင်လိုက်သည်။ ထိုအခါ ဆရာတော်ကြီးက ''သြော် ...လက်စသတ်တော့ မောင်ပဥ္စင်းက သဒ္ဒါကျမ်းမှာ တစ်ဖက်ကမ်းခပ်တဲ့ ဆရာတော်ဦးစာရိတ္တရဲ့ တပည့်ကိုး''ဟု မင်းကွန်းဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဆရာတော်ကြီး၏ ပညာဂုဏ်ပုဒ်ကို ချီးကျူးပြောဆိုတော်မူခဲ့သည်။

(၃) ဆရာတော်ကြီးသည် ဝိနည်းသိက္ခာပုဒ်ကို အသက်တမျှ တန်ဖိုးထားသည့်အတွက် မွန်းလွဲပိုင်းရောက်သည်နှင့် လက်ဖက်ခြောက်ခတ်ထားသော လဘက်ရည်ကြမ်းကို လုံးဝဘုဉ်းမပေးတော့ဘဲ ရေနွေးအဖြူထည် သက်သက်ကိုသာ ဘုဉ်းပေးလေ့ရှိသည်။ ထို့အတူ သံပရာရည်စသည့် ဖျော်ရည်များ၌လည်း အဖတ်များကို ရေစစ်ဖြင့် စစ်စေပြီးမှ အရည်ကို ဘုဉ်းပေးလေ့ရှိသည်။

(၄) ဆရာတော်ကြီးသည်-အဘိဓမ္မာ ပိဋကတ်ကျမ်းဂန်၌ တစ်ဖက်ကမ်းခပ်အောင် ကျွမ်းကျင်တတ်မြောက်ပြီး ဉာဏ်ပညာအလွန် ထူးချွန်ထက်မြက်သူ ဖြစ်သည့်အလျောက် ပိဋကတ်ကျမ်းဂန်စာအုပ်များ ကိုလည်းရေးသားပူဇော်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် **''ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပိဋကတ်ကျမ်းစာ စိစစ်ရေးအဖွဲ့''**တွင် တာဝန်ယူခဲ့ရသည်။ ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့သည့် အတွက် နိုင်ငံတော်အစိုးရမှ **''အဂ္ဂမဟာပဏ္ဍိတ''** ဘွဲ့တံဆိပ်ချီးမြှင့်ပူဇော်မည့်စာရင်းတွင် ၎င်း၏ အမည်စာရင်းပါရှိနေသည်ကိုသိရှိလိုက်ရသည်။ ရာထူးဂုဏ်သိရ်ဖြင့် ထင်ရှားကျော်ကြားခြင်းကို မလိုလားသော ဆရာတော်ကြီးသည် ရန်ကုန်မြို့တွင် ဆက်လက်မနေတော့ဘဲ မိမိသီတင်းသုံးရာ ဇလွန်မြို့နယ်သို့ ချက်ချင်းကြွသွားတော်မူသည်။ အကြောင်းကား ရာထူးဂုဏ်သိရ်နှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်ရှိန်ကိုမလိုလားသည်ကတစ်ကြောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိပါက နိုင်ငံတော်မှပေးအပ်သည့် တာဝန်ကို ထမ်းဆောင်ရသည့်အတွက် ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းများကို ထိရောက်စွာ မဆောင်ရွက်နိုင်မည်ကို စိုးသောကြောင့်တစ်ကြောင်းတို့ဖြစ်ကြောင်း သိရှိရသည်။

(၅) မိုးရာသီနေ့တစ်နေ့တွင် ဇလွန်မြို့နယ် သင်မန်းကျွန်းကျေးရွာမှ တပည့်ဒါယကာတစ်ဦးက ဆရာတော်အား ဆွမ်းစားပင့်ကြသည်။ ထိုနေ့က အဆိုပါ နေအိမ်သို့ ယောက်ျားတံခွန် ဆရာခ၏ ဇနီးဖြစ်သူ ဒေါ်ဖွားမြလည်း ရောက်ရှိနေသည်။ (ယောက်ျားတံခွန်ဆရာခသည် ဆရာတော်ကြီး၏ ဦးလေတော်စပ်သူ ဖြစ်၏။)

ထိုနေ့မှာ မိုးသဲသဲမဲမဲရွာသွန်းနေချိန် ဖြစ်သည်။ ဆရာတော်ကြီးက မိုးထဲရေထဲ၌ သင်္ကန်း ခေါင်းမြီးခြုံပြီး အဆိုပါနေအိမ်သို့ ခပ်သုတ်သုတ် ကြွလှမ်းလာတော်မူသည်ကို အဝေးမှပင် လှမ်းမြင်နေကြရသည်။ ထိုအခါ ဆွမ်းကျွေးမည့် အလှူ့ဒကာက ဆရာတော်ကြီးအား ထီးမိုးပေးရန် အိမ်ရှေ့ တံခါးဝဆီသို့သွားရောက် ဆီးကြို၏။ သို့သော် ဆရာတော်က ထီးအမိုးမခံဘဲ မိမိ၏ သင်္ကန်းကို ခေါင်းမြီးခြုံလျက်နှင့်ပင် အိမ်ရှေ့ဆင်ဝင်ပေါက်အထိ ခတ်သုတ်သုတ် ကြွသွားတော်မူ၏။ ထိုအခါ ဒေါ်ဖွားမြက ''ဟယ် ...ဆရာတော် မိုးရေထဲကြွလာတာ သင်္ကန်းလည်း လုံးဝမစိုပါလား''ဟု တအံ့တသြဖြင့်မေးလိုက်ရာ ဆရာတော်ကြီးက ''ဟဲ့ ...ဒကာမကြီး၊ ဒီသင်္ကန်းမိုးရေမစိုတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ ကြားလား''ဟု တောင်ဝှေးကို ကိုင်မြှောက်ရင်း နှုတ်ပိတ်လိုက်ရာ ဒေါ်ဖွားမြက ''တင်ပါ့ဘုရား''ဟုသာ ပြန်ဖြေလိုက်ရ၏။ (ဆရာတော်ကြီး ပျံလွန်တော်မူပြီးမှသာ ဒေါ်ဖွားမြက သားသမီးများအား ပြောပြကြောင်းသိရှိရ၏။)

(၆) တစ်နေ့တွင် ဓနုဖြူမြို့နယ် ကျုံအိတ်ကျေးရွာမှ တပည့်ဒကာဖြစ်သူ ဦးမောင်ချစ်၏ဇနီး ဒေါ်လှသင်က နဲ့ကြီးရွာလယ်ကျောင်းတိုက်သို့ ဆွမ်းပို့လာရာ ဆရာတော်ကြီး နတ်လမ်း စောင်းတန်းတွင် ခြေထောက်နှင့် သံမံတလင်း လုံးဝမထိဘဲ စင်္ကြံလျှောက်နေသည်ကို အံ့သြစွာ ဖူးမြင်ရသည်။ ဆရာတော်ကြီးက ဒေါ်လှသင်အား ရုတ်တရက်တွေ့လိုက်ရာ ''ဟဲ့ ...လှသင် ငါဒီလို စင်္ကြံလျှောက်တာကို ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ ကြားလား''ဟု နှုတ်ပိတ်လိုက်ရာ ဒေါ်လှသင်က ''တင်ပါ့ဘုရား''ဟုသာ ပြန်ဖြေလိုက်ရ၏။

### ဘဝနတ်ထံ ပျံလွန်တော်မူပြီးသည့် နောက်မှ ထူးခြားဆန်းကြယ် အံ့သြဖွယ်ရာများ

၁။ နဝတ အစိုးရလက်ထက်၌ တစ်နေ့တွင် ဗိုလ်မှူးအဆင့်ရှိသူထောက်လှမ်းရေးအရာရှိတစ်ဦး နဲ့ကြီးရွာလယ်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတိုက်သို့ ရုတ်တရက်ရောက်ရှိလာသည်။

ဎင်းက **"ခန္ဓာကိုယ်ရုပ် မပုပ်မသိုးသည့် ဆရာတော်၏ ရုပ်ကလာပ်ကို လိမ်ညာပြသထားပြီး အလှူခံနေကြကြောင်း တိုင်ကြားစာရရှိ၍ အထက်မှတာဝန်ပေးချက်အရ မိမိလာရောက် စစ်ဆေးရခြင်းဖြစ်ကြောင်း"** စတုဗ္ဗကျောင်းထိုင်ဆရာတော်ဦးဝေပုလ္လအား လျှောက်ထား၏။ ထို့နောက် ဆရာတော်ကြီးရုပ်ကလပ်တော်ကို စစ်ဆေးကြည့်ရှုရန် စံကျောင်းတော်တံခါးသော့ကို တောင်းရာ ဆရာတော်က "ဦးပဥ္စင်းဦးကျော်စိုးနောက်သို့ ပါသွားကြောင်း" ပြောလိုက်၍ ထောက်လှမ်းရေးဗိုလ်မှူး ဆိုသူက ပို၍မယုံသင်္ကာ ဖြစ်တော့သည်။

ထိုခဏ၌ အဆိုပါအရာရှိက ချက်ချင်းပင် ခန်းနေဆရာတော် ဦးမဟိန္ဒအား စံကျောင်းတော်သို့ လိုက်ပို့နိုင်းတော့၏။ စံကျောင်းတော်၏ တံခါးဝသို့ရောက်သည်နှင့် သော့ခတ်ထားသော တံခါးမကြီး မှန်ပေါက်မှ ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို သံသယမျက်လုံးဖြင့် လှမ်းကြည့်ရင်း မိမိ၏စိတ်ထဲ၌လည်း "သူတို့လိမ်ညာထားသည့်ကိစ္စ ပေါ်မှာစိုး၍ သော့မပေးလိုက်ခြင်းဖြစ်ကြောင်း" သံသယအတွေးများ ဝင်နေ၏။

ထိုသို့ သံသယအတွေး ဝင်နေစဉ် ဎင်းတို့ရှေ့နားရှိ တံခါးမကြီးတွင် ခတ်ထားသော သော့ခလောက်ကြီးမှာ **"ဂျောက်"**ခနဲဟူသော အသံကျယ်လောင်စွာ ထွက်ပေါ်လာပြီးနောက် သော့ခလောက်ကြီးမှာ အလိုလိုပွင့်သွား၏။ အဆိုပါအရာရှိမှာ အထိတ်တလန့်ဖြင့် အံ့ဩတုန်လှုပ်သွားပြီး မိမိ၏စိတ်ထဲ၌ "ဟာ ...ငါ သူတော်စင်ဆရာတော်ကြီးကိုပြစ်မှားမိတာ မှားသွားပြီ" ဟု ယူကျုံးမရဖြစ်မိ၏။ ဎင်းနောက် ချက်ချင်းပင် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို လက်အုပ်ချီမိုးပြီး "ဆရာတော် အရှင်ဘုရား၊ တပည့်တော်အနေဖြင့် မယုံကြည်၍ မဟုတ်ပါဘုရား။ အထက်မှ တာဝန်ပေးချက်အရ လာရောက်စစ်ဆေးရခြင်းဖြစ်၍ တပည့်တော်အား ခွင့်လွှတ်သနားတော်မူပါရန် အလေးအနက် ရှိခိုးတောင်းပန်အပ်ပါသည်ဘုရား" ဟု အကြိမ်ကြိမ် ဦးချကန်တော့လိုက်သည်။

ဤသို့နောင်တကြီးစွာရပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို မစစ်ဆေးတော့ဘဲ ကျောင်းထိုင် ဆရာတော် ဦးဝေပုလ္လအား ရှိခိုးဦးချ တောင်းပန်ကန်တော့ကာ ဝတ္ထုငွေကျပ် သုံးသောင်းကို ပေးအပ်လှူဒါန်းပြီး စိတ်မကောင်းစွာဖြင့် နှုတ်ဆက်ကန်တော့သွားကြောင်း သိရှိရသည်။

(၂) ၁၃၇၂ခုနှစ်၊ ဆောင်းရာသီနေ့တစ်နေ့က စာရေးသူကိုယ်တွေ့ ဖြစ်ရပ်ဆန်းတစ်ခု ကြုံတွေ့ခဲ့ရသည်။ ဆရာတော်ကြီး၏ငယ်တပည့်ဖြစ်သူ သီရိသုဓမ္မမဏိဇောတဓရ ကေသီပန်ဦးလှမြင့် (အမျိုးသားစာပေဆုရှင်)၏ အတ္ထုပ္ပတ္တိဖြစ်စဉ် ဗီဒီယိုမှတ်တမ်း ရိုက်ကူးစဉ်ကဖြစ်၏။ နဲ့ကြိုးရွာလယ်ကျောင်းတိုက်၊ စံကျောင်းတော်တွင် ခန္ဓာကိုယ်ရုပ် မပုပ်မသိုးသည့် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ဗီဒီယိုကင်မရာဆရာ ဦးနိုင်ဦးက ခွင့်မပန်မိဘဲ ကင်မရာဖြင့် ရိုက်ကူးလိုက်၏။ ထို့နောက် ကျောင်းတိုက်အပေါ်ထပ်ရှိ ဘုရားရုပ်ပွားတော်များကို ဆက်လက်ရိုက်ကူးနေရာမှ ရုတ်တရက် ဗီဒီယိုကင်မရာမှာ လုံးဝဆက်ရိုက်၍မရဘဲ ဖြစ်သွား၏။ ထိုအခါ စာရေးသူက ဆရာဦးနိုင်ဦးအား "ဆရာတော်ကြီးရုပ်ကလာပ်ရိုက်ကူးတုန်းက ခွင့်ပန်ကြားမိသေးသလားဆရာ"ဟု မေးရာ ဎင်းက ခွင့်မပန်ကြားမိကြောင်း၊ ခွင့်ပန်ရမည်ကိုလည်း မသိကြောင်း ပြန်ပြော၏။ ဤတွင်မိမိတို့နှစ်ယောက် အောက်ထပ်ရှိ ဆရာတော်ကြီး၏စံကျောင်းတော်သို့ ခတ်သုတ်သုတ်သွားရောက်ကာ ဆရာတော်ကြီး၏ ရုပ်ကလာပ်အား မိမိတို့ မသိနားမလည်၍ ခွင့်မပန်ကြားမိသည်ကို ခွင့်လွှတ်တော်မူပါရန် အကြိမ်ကြိမ် ရှိခိုးတောင်းပန်ကန်တော့ကြ၏။ မကြာမီ ဎင်းဗီဒီယိုကင်မရာကို ဆက်ရိုက်ကြည့်ရာ ပကတိအကောင်းအတိုင်းဖြစ်သွားသည်ကို အံ့ဩစွာ တွေ့ကြုံခဲ့ရသည်။

(၃) နဲ့ကြိုးရွာလယ်ကျောင်းတိုက်၊ စတုဗ္ဗဆရာတော် ဦးဝေပုလ္လသက်တော်ထင်ရှားရှိစဉ်က ခြေဖဝါးတွင် 'ငါးမျက်စိ'ရောဂါဖြစ်၍ ခြေထောက်မထောက်နိုင်အောင် ခံစားရ၏။ ရန်ကုန်မြို့ရှိ ဆေးရုံကြီး နှစ်ရုံတွင် သွားရောက်ခွဲစိတ်ကုသခံယူသော်လည်း လုံးဝမပျောက်ဘဲ နာကျင်စွာ ခံစားနေရမြဲ ဖြစ်၏။

တစ်နေ့သော ညသန်းခေါင်ယံအချိန်၌ အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေချိန်တွင် "ဝေပုလ္လရာ ... မင်းအခု ခံစားနေရတဲ့ ငါးမျက်စိရောဂါ ပျောက်ဖို့ဘာခဲယဉ်းလို့လဲကွာ။ ဟောဟို ရေကန်ထဲက ရေတစ်ခွက်ခပ်ပြီး အနာပေါ် ရေလောင်းလိုက်ရင် ပျောက်ပြီပေါ့ကွာ"ဟူသော အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

လိုလို အသံကြားလိုက်ရ၍ လန့်နိုးသွား၏။ ထိုစကားသံမှာ မိမိ၏ဆရာတော်ကြီး ဦးစာရိတ္တအသံဖြစ်ကြောင်း ကောင်းကောင်းမှတ်မိလိုက်၏။

ဆရာတော်သည် မိုးလင်းသည်နှင့် တစ်ပြိုင်နက် မိမိအိပ်မက်ထဲကအတိုင်း ကျောင်းရှေ့ ရေကန်ထဲမှ ရေတစ်ခွက်ခပ်ယူပြီး ခြေဖဝါးမှ ငါးမျက်စိအနာပေါ်သို့ ရေလောင်းချလိုက်ရာ မိနစ်ပိုင်းအတွင်း အနာပျောက်ကင်းသွားသည်ကိုတွေ့မြင်ရ၍ အံ့ဩဝမ်းသာစွာ ဖြစ်ခဲ့ရသည်။

ကျ[illegible]ဆရာတော်ကြီး ပျံလွန်တော်မူပြီးသည့် နောက်ပိုင်းမှ ထူခြားဆန်းကြယ် အံ့ဩဖွယ်ရာများ ဖြစ်ပါသည်။

## သွားရောက်ဖူးမြော် ပူဇော်လိုလျှင်

ခန္ဓာကိုယ်ရုပ် မပုပ်မသိုးသော ကျေးဇူးတော်ရှင် နဲ့ကြီးရွာလယ်ကျောင်းတိုက်၊ တတိယ ဆရာတော် ဘဒ္ဒန္တစာရိတ္တာဘိဝံသ မဟာထေရ်မြတ်၏ ရုပ်ကလာပ်တော်ကို သွားရောက်ကြည်ညို ပူဇော်ဖူးမြော်လိုပါက ရန်ကုန်မြို့၊ အုံ့ရောအဝေးပြေးကားဂိတ် (လှိုင်သာယာအဝေးပြေးဂိတ်) မှ ဇလွန်မြို့၊ ဟသ်ာတမြို့သို့ ပြေးဆွဲသည့်ခရီးသည်တင် မော်တော်ယာဉ်ကြီးများဖြင့် စီးနင်းကာ သွားရောက်ပူဇော်နိုင်ကြပါသည်။

ပထမဦးစွာ လှိုင်သာယာအဝေးပြေးမှ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာလမ်းခွဲ၊ မအူပင်မြို့ လမ်းခွဲသို့ရောက်ရှိပြီး၊ ထိုမှတစ်ဆင့် ဆက်လက်သွားပါက ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း)ကို ဖြတ်ကျော်ပြီး ညောင်/ဟသ်ာတလမ်းခွဲရှိရာ ကြိမ်ပင်ဆည်ရွာကို ရောက်ရှိပါသည်။ ထိုဟသ်ာတလမ်းခွဲမှ ဆက်လက်သွားပါက စကြော့ရွာ သပြုရွာကို ဖြတ်ကျော်ပြီး ဓနုဖြူမြို့သို့ ရောက်ရှိပါသည်။ (ဗိုလ်မြတ်ထွန်းတံတားဟောင်းဘက်သို့ မသွားဘဲ ကျောက်တံတား(ညောင်တုန်း) တံတားသစ်ဘက်သို့လည်း သွားနိုင်ပါသည်။) အဆိုပါ ဓနုဖြူမြို့မှ ခြောက်မိုင်ကျော် ဆက်လက်သွားပါက ဇီးဖြူကုန်းကျေးရွာတာဆုံသို့ ရောက်ပါမည်။ ထို့နောက် မော်တော်ယာဉ်ပေါ်မှဆင်းကာ အဆိုပါဇီးဖြူကုန်း ကျေးလက်ကားလမ်းအတိုင်း ခုနစ်မိုင်နီးပါးခန့် သွားရသည့် နဲ့ကြီးရွာလယ်ကျောင်းတိုက်သို့ ဆိုင်ကယ်ကယ်ရီဖြင့်လည်းကောင်း၊ ကွန်ဒေါင်း (ခေါ်) ဒိန်းဒေါင်းမော်တော်ယာဉ်ဖြင့်လည်းကောင်း သွားရောက်နိုင်ပါသည်။ မိမိတို့ ကိုယ်ပိုင်ယာဉ်ဖြစ်သည့် ဆလွန်းကားငယ်များ၊ ပါဂျဲရိုး၊ ပါရာဒို၊ ဘီအမ်(မ်)ကားများဖြင့်လည်း ဆောင်းရာသီ နွေရာသီကာလတို့တွင် သွားရောက်နိုင်ပါသည်။ မိုးရာသီ၌မူကား ကျောက်ကြမ်းလမ်းတစ်ဝက်၊ မြေသားလမ်းတစ်ဝက် ဖြစ်နေ၍ ရွှံ့ဗွက်ချိုင့်ခွက်ထူကာ ဆလွန်းကားငယ်များ သွားလာရန် အလွန်ခက်ခဲပါသည်။ သို့သော် ဆိုင်ကယ်ကယ်ရီနှင့် ကွန်ဒေါင်း (ခေါ်) ဒိန်းဒေါင်းကားများဖြင့် နွေမိုးဆောင်းရာသီမရွေး သွားရောက်နိုင်ပါကြောင်း နတ်လမ်းညွှန်ကာ သတင်းကောင်း ပါးအပ်ပါသည်။

*(နိဗ္ဗာနဿ ပစ္စယော ဟောတု)*

**မင်းသုခ**

၀၉ ၄၂၀၂၇၃၈၈၄

**ညွှန်း**

(၁) တက္ကသိုလ်သျှင်သီရိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ/ဓမ္မာစရိယ-ဘီအေ) ရေးသားသည့် **"သာသနာ့သူရဲကောင်းများစာအုပ်"**။

(၂) ဆရာဦးသန်းဆွေ (မောင်သန်းဆွေ/ကော့ကပ်ကြီး) ရေးသားပူဇော်သည့် **"ကော့ကပ်ကြီး+နဲ့ကြီးရွာလယ်ကျောင်း ဂျိုးဖြူတောရဆရာတော် ဘဒ္ဒန္တစာရိတ္တာဘိဝံသ"** ဆောင်းပါး (ပထမအကြိမ်-ဇလွန်မြို့နယ်အသင်း မဂ္ဂဇင်း)။

(၃) နဲ့ကြီးရွာလယ်ကျောင်းတိုက် **ပဉ္စမဆရာတော် ဘဒ္ဒန္တမဟိန္ဒ** (သာသနဓဇသိရီပဝရဓမ္မာစရိယ/ ဒီယဘာဏက) ရှင်းလင်းမြွက်ကြားချက်များ။

(၄) ရန်ကုန်မြို့၊ ရွှေနံ့သာမြို့နယ်၊ ရွာဦးကျောင်းတိုက် ဆရာတော် ဦးဥတ္တမ (ကော့ကပ်ကြီးဆရာတော် ဦးတေဇဝန္တ၏တပည့်)၏ ကိုယ်တွေ့ပြောကြားချက်များ။

(၅) **ကေသီပန်ဦးလှမြင့်**၏ ကိုယ်တွေ့ဖြစ်ရပ်ပြောပြချက်များနှင့် ၎င်းရေးသားသော **"ဖခင်နှီတိုက်ခဲ့သော ကျွန်တော့်အဖေ"** စာအုပ်။

(၆) မိမိကိုယ်တိုင် အကြိမ်ကြိမ်သွားရောက်ဖူးမြော်ခဲ့သည့် ကိုယ်တွေ့မှတ်တမ်းများ။



www.burmeseclassic.com

www.burmeseclassic.com

# တောင်စောင်းရိပ်မှောင် ယောဂီချောင်ဝယ် (၁၂)

## မြစံပယ်

**ဝါတွင်းအဓိဋ္ဌာန်**

နှစ်စဉ်ဝါတွင်းအဓိဋ္ဌာန်ဝင်မြဲအတိုင်း ယခုနှစ် ၁၃၇၈ ခုနှစ်မှာလည်း ကျိုက်ထီးဆောင်းထီးဒီပံမြေ သာသနာ့ရိပ်တွင် တစ်ဝါဆိုခဲ့ပြန်ပါသည်။

**ဆံတော်ရှင်သာသနာ**

ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ကြီး မရှိတော့သော်လည်း ဒုတိယဆရာတော်ဘုရားနှင့် တပည့်ဒကာအပေါင်းတို့၏ ဗုဒ္ဓသာသနာတော်ကြီးအပေါ် ကြည်ညိုသက်ဝင်သော နှလုံးသားများကြောင့် ဆရာတော်ဘုရားကြီးလက်ထက်တော်ကအတိုင်းပင် ဆံတော်ရှင်သာသနာတော်ကြီးသည် လင်းလက်တောက်ပနေမြဲပင်။


**ကျင့်စဉ်များ**

ဤသာသနာရိပ်မှာ ဓိဋ္ဌာန်ဝင်ပါက သမထနှင့် ဝိပ နာတို့ကို ပုတီးပဲကိုင်ကိုင်၊ တရားပဲထိုင်ထိုင် မိမိပါရမီရှိသည့်အတိုင်း ကျင့်ကြံပူဇော်နိုင်ကြပါသည်။ မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် ပရိတ်ပဋ္ဌာန်းတော်များကို ရွတ်ဖတ်ပွားများပူဇော်နိုင်ရန်အတွက် ဘုရားရှိခိုးစာအုပ်များနှင့် ပုတီးများကို ချီးမြ င့်ပေးပါသည်။

နေ့ခင်းပိုင်းတွင် ဝင်လေသိ၊ ထွက်လေသိ ကမ္မဋ္ဌာန်းတရားကိုလည်း သင်ကြား တရားမှတ်စေခဲ့ပါသည်။

ကျွန်မသည် ငယ်စဉ်ကတည်းက မဟာစည်မှာ တရားထိုင်ခဲ့သူဖြစ်ပါသောကြောင့် ပုတီးစိပ်ပြီး သမာဓိထူထောင် ဖောင်းပိန်အမှတ်နှင့် ဓမ္မတရားကို ပူဇော်မြဲဖြစ်ပါသည်။

ထို့အပြင် ကျိုက်ထီးဆောင်း၏ အထူးအဓိဋ္ဌာန်ကြီးကျင့်စဉ်တို့ကိုလည်း ကျင့်ကြံရပါ၏။ တစ်ထပ်ဆွမ်းကို



ပတ ပိုက်ဆွမ်းအဖြစ် စားရပါသည်။ ထို့နောက် သစ်သီးဆွမ်း၊ သစ်ဥဆွမ်းနှင့် ရေဆွမ်းတို့ ဖြစ်ပါသည်။ အစာအသောက်တို့ကို သည်းခံမြိုးမြိုပါက အခြားအရာများကိုလည်း သည်းခံနိုင်ကြောင်း၊ သည်းခံမှ တရားရမည်ဖြစ်ကြောင်းတို့ကို တရားပွဲများမှာ ကြားနာရပါသည်။ ဤအဓိဋ္ဌာန်ကြီး ကျင့်စဉ်ကိုတော့ ယောဂီတိုင်းကို မပေးပါ မကျင့်နိုင်းပါ။ ကျွန်မနှစ်စဉ် ကျင့်ကြံအောင်မြင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**နွဲ့ပျော့ကုသိုလ်တော်များ**

ဘိုးရဟန်းဟု ဒေသခံများခေါ်ဝေါ်ကြပါသော အရှင်ဥပဂုတ ရဟန္တာ ပူဇော်ပွဲကျင်းပသည့် ဝါဆိုလဆန်း ငါးရက်မတိုင်မီ အကြိုရက်ကတည်းက တရားနယ်မြေသို့ ရောက်ရှိနေခဲ့ပါ၏။ ပင်လယ်ဝတွင် ကျင်းပပူဇော်သော ဘိုးရဟန်းပွဲတွင် ကုသိုလ်ယူခဲ့ပြီးနောက် ဝါဆိုလဆန်း ကိုးရက်တွင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ပါသော ကျိုက်ထီးဆောင်း ဆရာတော်ကြီး ဘဝနတ်ကျောင်းသို့ ပြောင်းရွှေ့စံတော်မူခြင်း အထိမ်းအမှတ်ပူဇော်ပွဲကြီးမှာလည်း ကုသိုလ်တွေ ထပ်ဆင့်ရပြန်ပါသည်။

ဤပွဲပြီးသည်နှင့် လပြည့်ဝါဆိုပွဲကြီးဖြစ်၏။ တရားဓမ္မနှင့် ကုသိုလ်နှင့် မွေ့လျော်နေပါသော ကျွန်မအတွက် ဝါဆိုလပြည့်ကျော် ၁၂-၁၃-၁၄ ရက်တွေမှာ နှစ်စဉ်ကျင်းပမြဲဖြစ်ပါသည်။ ကလျာဏီသိမ်ကျောင်း၏ ၁၆ ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးက ရောက်လာပြန်ပါသည်။ နိုင်စွမ်းသမျှကုသိုလ်တွေယူ ကြည်နူးခဲ့ရပါ၏။

ဒုတိယကျိုက်ထီးဆောင်း ဆရာတော်ဘုရား၏ အဓိဋ္ဌာန်ဆွမ်းခံကြွရက်တွေကလည်း မကြာခင်ပင် ရောက်လာဖူးတွေ့ခဲ့ရပြန်ပါသဖြင့် ကုသိုလ်တွေ တိုးပွားခဲ့ရပြန်၏။

ဝါတွင်းကာလများတွင် ဒါနသီလဘာဝနာတို့အပြင် ဝေယျာဝစ္စ ကုသိုလ်တွေပါ ဆင့်ကဲဆင့်ကဲ ရနေခဲ့ပါသော ကျွန်မတို့အတွက် ကုသိုလ်တွေထပ်မံရရှိလိုက်ပုံကလည်း မျှော်လင့်မထားသော အဖြစ်နှင့်ပါ။

**ဆံတိုင်းအလှူ ကုသိုလ်ယူ**

ကျိုက်ထီးဆောင်းသာသနာ့စခန်းခွဲ တစ်ခုဖြစ်ပါသော ကလျာဏီသိမ်ကျောင်း၏ ကျောင်းထိုင်ဘုန်းကြီးမှာ ကျွန်မ၏ မောင်ပဥ္စင်းဖြစ်ပါသည်။ ကျိုက်ထီးဆောင်း ဆရာတော်ကြီးနှင့် မနီးမဝေးမှာ တည်ရှိ၏။

ထိုကျောင်းမှာ ကျွန်မနေရပါသည်။ မောင်ဘုန်းကြီးကျောင်းနှင့် ကျွန်မနေခွင့်ရနေပါသော ကျောင်းသခမ်းလေးတို့မှာ ဘုရားဝင်း၏ ဟိုဘက်ထိပ်နှင့် ဒီဘက်ထိပ်ဖြစ်၏။ ထို့ကြောင့် ညဘက်မှာ ယောဂီများက အဖော်ပြုပေးကြပါသည်။

ငလျှင်လှုပ်ပြီး ပုဂံဘုရားများ ပြိုပျက် ရက်မကြာခင်မှာပင် ကလျာဏီသိမ်ကျောင်း၏ မဟာရံတံတိုင်း နှစ်ဖက်ပြိုကျသွားခဲ့ပါ၏။ ရှေးခေတ်က ဘိလပ်မြေမပေါ်သေးပါသောကြောင့် သဲ၊ ထုံး၊ နွားချေးတို့ဖြင့် မံ တည်ဆောက်ထားခဲ့ပါသော ဤတံတိုင်းကြီးက နှစ်ပေါင်း ၁၀၇ နှစ်ရှိခဲ့ပြီဖြစ်ကြောင်းကို ဂဝံကျောက်တုံးပေါ်မှ ၁၂၇၁ နှစ်က ပြဆိုနေခဲ့လေသည်။



ကျိုက်ထီးဆောင်းဆရာတော် ဘဒန္တနာဂိဒီပနှင့် တပည့်ဒကာအပေါင်းတို့သည် စိတ်ဝမ်းညီညွတ်ကြစွာဖြင့် ချက်ချင်းပင် အပျက်အစီးများ ဖယ်ရှားကြပြီး ပြုပြင်ခဲ့ကြပါသည်။ ဆံတော်ရှင်သာသနာတော်အပေါ် ယုံကြည်သက်ဝင်ကြပါသော ဖုတ်သုတ်ရွာသူ ရွာသားများကလည်း လှူဒါန်းမှုအစုစုတို့အပြင် လိုအပ်သည့်နေရာများတွင် လိုအပ်သကဲ့သို့ လုပ်အားပေးပျော်ရွှင်နေကြပါသည်။ အုတ်သဲကျောက်သယ်ယူကြရမှာလည်းကောင်း၊ ချက်ပြုတ်ကျွေးမွေးကြရမှာလည်းကောင်း တက်တက်ကြွကြွရှိကြသည်။ တံတိုင်းလေးဖက်လုံးကို အသစ်ပြန်လည်တည်ဆောက်မည်ဖြစ် နတ်တော်လလောက်ဆိုလျှင် အားလုံးပြီးစီးနိုင်မည်ဟု ခန့်မှန်းရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အန္တရာယ်အပေါင်းမှ ကာကွယ်တားဆီးပေးနိုင်ပါသော အရံတံတိုင်းကြီးတည်ဆောက်ရာတွင် ကျွန်မနှင့်အတူ ခင်မင်ကြပါသော စာရေးဆရာမ တချို့လည်း ပါဝင်လှူဒါန်းခဲ့ကြပါသည်။


## ရှိုးပွဲတော် ရောင်ခြည်တော်

ဤကလျာဏီသိမ်တော်ကို တရားမင်းသိမ် ဟုလည်း ခေါ်ကြပါသည်။ ယနေ့မျက်မှောက်ပွင့်လင်း စည်ပင်လျက်ရှိပါသော ဗုဒ္ဓသာသနာတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ပြန်လည်ဖွင့်ဖော်ခဲ့သည့် အရှင်သောဏ မထေရ်မြတ်နှင့် အရှင်ဥတ္တ ရမထေရ်မြတ် နှစ်ပါးတို့က တည်ဆောက်ခဲ့သည့် မွန်းတည့်သိမ်ဖြစ်၏။

သိမ်နှင့်အတူ စေတီနှစ်ဆူကိုလည်း တည်ထားတော်မူခဲ့ပါသည်။ နောင်တော်ကြီးနှင့် နောင်တော်လေးစေတီများဟု ဒေသသုံးခေါ်ဝေါ်ခဲ့ကြသော်လည်း သောကုတ ရစေတီဟု ထင်ရှားပါသည်။

သောကုတ ရစေတီ (သို့) နောင်တော်ကြီးစေတီမှ နံနက်အ ဏ်တက်အချိန်တွင် ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို လေးရက်တိုင်တိုင်ဖူးတွေ့ခဲ့ရပါသဖြင့် မျက်





ရည်ကျခဲ့ရသည်အထိ ပီတိဖြစ်ခဲ့ရပါသည်။ အသက်ခြော
ဆယ်ကျော်မှာ ယခုမှ ပထမဦးဆုံး ဖူးမြင်ဘူးရခြင်းယ

## သာသနာ့နေပြည်

ကုသိုလ်ပွဲတွေ မပြတ်သော ဤဌာနကို သာသ
နေပြည်ဟုသာ တင်စားချင်ပါတော့သည်။ သီတင်းကျ
လဆန်း ၁၂ ရက်နေ့တွင် ၈၃ ကြိမ်မြောက် မဟာတ
ဆွမ်းကြီးလောင်းလှူပွဲကြီးနှင့် မဟာနတ်ပွဲကို နွှဲပျော်ကုသိ
တော်ယူခဲ့ရပြန်ပါသည်။ သံဃာအပါး ၄၅၀ နှင့် သီလ
၅၀ ကျော်တို့ကို လောင်းလှူခဲ့ကြရပါ၏။

သီတင်းကျွတ်လပြည့်နေ့မှာလည်း ပဝါရဏာပွဲ
ဆွမ်းလောင်းလှူခဲ့ရပါသေးသည်။

## မေတ္တာ ဘို့ဆုတောင်း

ကျွန်မ၏ ပြုပြုသမျှဒါန သီလဘာဝနာ ကုသို
အစုစုတို့အား ၃၁ ဘုံမှာ ကျင်လည်ကြကုန်သော ဝေနေ
ဒုက္ခိတ၊ သုခိတ သတ ဝါအားလုံးတို့အား ပေးဝေလ
အမျှရကြ ကျန်းမာချမ်းသာကြပါစေသတည်း။

ငြိမ်းဝေ

၀၉-၁၀-၁၉၉၄



www.burmeseclassic.com

www.burmeseclassic.com


# ဒီပါမက်ထဲက ပန်းတစ်ပွင့်တောင်

**ထွန်းအောင်ရင်(မှော်ဘီ)**

**"အသိနှင့် အလုပ်"**

မှားတာသိတော့ မှားကြဲကြဲ
မှားကြဲကြဲတော့ မှားသံထွက်
မှားသံထွက်တော့ မှားဘက်ပါ
မှားဘက်ပါတော့ မှားတာလုပ်
သေတော့အပယ်မြုပ်။
မှန်တာသိတော့ မှန်ကြဲကြဲ
မှန်ကြဲကြဲတော့ မှန်သံထွက်
မှန်သံထွက်တော့ မှန်ဘက်ပါ
မှန်ဘက်ပါတော့ မှန်တာလုပ်
သေတော့ ဝဋ်တွေပြုတ်။
*(ပန်းတစ်ပွင့်တောင် ဆရာတော်)*

ပန်းတစ်ပွင့်တောင်ဆရာတော်ကြီး ကိုယ်တိုင်ရေးသော သတိပေးကဗျာ လင်္ကာလေးဖြစ်ပါတယ်။ ဆရာတော်ကိုယ်တိုင်က စာပေဝါသနာပါသူ၊ စာပေချစ်မြတ်နိုးသူဖြစ်စာပေနှင့်ပတ်သက်သူတိုင်းကို ချစ်ခင်လေးစားတတ်သော ရဟန်းတော်တစ်ပါး ဖြစ်သည်။ ပန်းတစ်ပွင့်တောင်ဟာ တိုက်ကြီးမြို့နယ်နဲ့ မှော်ဘီမြို့နယ်တို့ရဲ့ကြား နယ်နိမိတ်မှာရှိတာမို့ တိုက်ကြီးမြို့နယ်စာရေးဆရာများ၊ မှော်ဘီမြို့နယ်စာရေးဆရာများ အားလုံးနဲ့ ဆရာတော်က ရင်းနှီးနေပါတယ်။ ဆရာတော်ရဲ့ကျောင်းမှာ ပြုလုပ်တဲ့ပွဲမှန်သမျှ နှစ်မြို့နယ်ရှိ စာရေးဆရာတို့ အမြဲတက်ဖြစ်ခဲ့ကြပါတယ်။



မဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ
ဆရာတော် ဘဒ္ဒန္တ ပညာသာရ မထေရ်မြတ်



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်မို့လို့လည်း ဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စနှင့် လူမှုအကျိုးပြု ပရဟိတလုပ်ငန်းတွေကို စာရေးသူတို့တွေ သိမြင်နေရပါတယ်။ ဆရာတော်၏ စိတ်နေသဘောထား၊ လောကီ၊ လောကုတ္တရာ အားထုတ်မှုများစွာကို အထူးလေ့လာစရာပင် မလိုအောင် အမြဲနီးစပ်နေကြသူများ ဖြစ်နေတယ်။ ဒါကြောင့်မို့လို့လည်း စာရေးသူများရဲ့ တိုက်တွန်းအားပေး လျှောက်တင်ချက်အရ ဆရာတော်ရဲ့ ပန်းတစ်ပွင့်တောင် သာသနာပြုမော်ကွန်း စာအုပ်ကြီးနှစ်အုပ်ကို ထုတ်ဖြစ်ခဲ့ပါတယ်။ ပထမမော်ကွန်း စာအုပ်ကတော့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လက ထုတ်ဝေခဲ့သော ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာကျောင်း ၁၅ နှစ်ပြည့် အထိမ်းအမှတ်ဖြစ်ပြီး ဒုတိယမော်ကွန်းစာအုပ်မှာ ၂၀၁၆ ခုနှစ်၊ မေလကထုတ်ဝေခဲ့သော ကမ္မဋ္ဌာနာစရိယဂုဏ ပူဇာဘွဲ့လက်မှတ်ဆည်းကပ်ပွဲ အမှတ်တရ ထုတ်ဝေခဲ့သည့် မော်ကွန်းစာအုပ်ဖြစ်ပါတယ်။

ဘဒ္ဒန္တပညာသာရဘွဲ့အမည်ခံ ပန်းတစ်ပွင့်တောင် ဆရာတော်ကြီးကို နိုင်ငံတော်မှ အောက်ပါဘွဲ့တံဆိပ်တော်လေးပါး ချီးမြှင့်ခဲ့ပါတယ်။ ၄. ၁. ၂၀၀၅ ခုနှစ်က နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော သဒ္ဓမ္မဇောတိကဓဇဘွဲ့တော်၊ ၄. ၁. ၂၀၀၈ ခုနှစ်က နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တော်၊ ၄. ၁. ၂၀၁၂ ခုနှစ်က နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တော်နှင့် ၄. ၁. ၂၀၁၆ ခုနှစ်က နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော ကမ္မဋ္ဌာနစရိယဘွဲ့တံဆိပ်တော်တို့ ဖြစ်ပါတယ်။ သာသနာ့အကျော်အမော် ဆရာတော်ကြီး၏ ထေရုပတ္တိအကျဉ်းကို ဖော်ပြရလျှင် ဆရာတော်ကြီးကို ခမည်းတော် ဦးသာအောင်၊ မယ်တော် ဒေါ်ခင်မြင့်တို့မှ မြန်မာသက္ကရာဇ် ၁၃၃၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့မှာ ဖွားမြင်ပါတယ်။ ယခုနှစ် ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့ဆိုလျှင် သက်တော် ၄၇ နှစ်ပြည့်မည်ဖြစ်ပြီး ရဟန်းဝါတော် ၂၇ ဝါရှိမည်ဖြစ်ပါတယ်။ မွေးရပ်ဇာတိကတော့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မိဖုရားကျေးရွာ ဖြစ်ပါတယ်။ ရိုးသားသော မြန်မာလယ်သမားမိသားစုမှ မွေးဖွားလာသူဖြစ်ပါတယ်။ ဆရာတော်၏ ငယ်မည်မှာ မောင်မောင်

**ရသေ့ကြီးဟာ ဆရာတော်၏ရည်ရွယ်ချက် အောင်မြင်မည်၊ မအောင်မြင်မည်ကို သိလို၍ သစ်ပင်ငယ်တစ်ပင်ကို အဓိဋ္ဌာန်ပြုကာ စိုက်ပျိုးကြည့်ပါတယ်။ ရက်ပိုင်းအတွင်းမှာပဲ သစ်ပင်လေးဟာ ရှင်သန်လာခဲ့ပြီး ပန်းဖူးများထွက်လာပါတယ်။**

● ● ● ● ●

သန့် ဖြစ်ပါတယ်။

ဇာတိရွာ ကွမ်းခြံဆရာတော်ထံ၌ သာမဏေပြု၍ အသက် ၂၀ ပြည့်တဲ့အခါ အဖျောက်မြို့ ပခန်းလေးကျောင်းဆရာတော် ဦးပညာဇောတိန္ဒအား ဥပဇ္ဈာယ်ဆရာပြုကာ ရဟန်းဝတ်ပါတယ်။ ပရိယတ္တိစာပေများကို မှုလကွမ်းခြံကျောင်း၊ အမရပူရ(တောင်မြို့) မဟာဂန္ဓာရုံကျောင်း၊ စစ်ကိုင်းရွှေကျင် မဟာသုဓောဓာရုံကျောင်း၊ ညောင်တုန်းမြို့ သုဓမ္မာဝိသုတာရာမ ကျောင်းတိုက်များတွင် သင်ကြားခဲ့ရပြီး ၁၃၅၁ ခုနှစ်တွင် ပထမကြီးတန်းကို အောင်ပါတယ်။ ဆရာတော်၏ဘွဲ့အမည်မှာ ပညာသာရ ဖြစ်ပါတယ်။

မြန်မာပြည်အနှံ့ ခရီးဆန့်၍ ရဟန်းတို့တတ်အပ်၊ သိအပ်သော ပရိယတ္တိစာပေများကို သင်ကြားခဲ့ပြီး ယခုသီတင်းသုံးရာဖြစ်သော ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေသို့ ရောက်ရှိခဲ့ပုံမှာ ဤသို့ဖြစ်ပါတယ်။

ပရိယတ္တိစာပေကျမ်းဂန်များကို သင်ကြားတတ်မြောက်ခဲ့ပြီးနောက် ဝိပဿနာတရားကို အသိမှသည်အရှိအတိုင်းမြင်နိုင်ရန် ကိုယ်တိုင်ကျင့်ကြံအားထုတ်လိုစိတ်များက တဖွားဖွားဖြစ်ခဲ့သည့်အတွက် ပဲခူးအတိုင်းဒေသကြီး၊ အင်းတကော်နယ်မြေအတွင်းရှိ တောင်သုံးလုံးသာသနာပြုနယ်မြေကို ရွေးချယ်ခဲ့ပါတယ်။ ထိုစဉ်က သာသနာပြု၍ ကျော်ဇောထင်ရှားနေသူ အဘ အဘိုးသံနှင့်အတူ သီတင်းသုံးရင်း သာသနာပြုလုပ်ငန်းများကို ဘဝနှစ်၍စတင်ဆောင်ရွက်ပါတော့တယ်။ ထိုသို့နေစဉ် ညတစ်ညမှ ထူးဆန်းသောအိပ်မက်တစ်ခုကို ထင်ထင်ရှားရှား မက်တော်မူခဲ့ပါတယ်။ အိပ်မက်ထဲတွင် ဆရာတော်ကြီးတစ်ပါးက လက်ညှိုးညွှန်ပြပြီး –



www.burmeseclassic.com

www.burmeseclassic.com

**ဆရာတော်၏ ပဋ္ဌာန်းဆက်ကြောင့် တရားကျင့်ရာအနီးတစ်ဝိုက်တွင် ချုံနွယ်များဖုံးအုပ်နေသော စေတီတော်နှစ်ဆူကိုတွေ့ခဲ့ရပြီး စေတီတစ်ဆူကို 'စကြာရှင် ဆုတောင်းပြည့် ဆယ့်တစ်မီးငြိမ်း' စေတီတော်ဟုလည်းကောင်း၊ နောက်တစ်ဆူကို 'ဆုတောင်းပြည့် ဇမ္ဗူဟိန်းအောင်' စေတီတော်ဟုလည်းကောင်း ....**

"အဲဒီနေရာဒေသမှာ သာသနာတော်ထွန်းကားပြန့်ပွားရန်အတွက် သေတစ်ပန်သက်တစ်ဆုံး သာသနာပြုသွားပါ"ဟု မိန့်တော်မူခဲ့ပါတယ်။ ဆရာတော်ကြီး လက်ညှိုးညွှန်ပြခဲ့သောနေရာမှာ လွန်စွာရှုမောဖွယ်ကောင်းပြီး သာယာလှပသော တောင်တန်း၊ တောအုပ်များကြားမှ တောင်ပူစာကြီးတစ်ခု ဖြစ်ပါတယ်။ အိပ်မက်ကနိုးထခဲ့ရာတွင် မြင်မက်ထားသောတောင်ကြီးကို မျက်စိထဲတွင် သေချာစွဲမြဲ၍ အမှတ်အသားပြုလိုက်ပြီး ထိုတောင်တော်အား ရှာဖွေရန်အတွက် ခရီးစထွက်ခဲ့ပါတယ်။

ဧရာဝတီတိုင်းရှိ ပုသိမ်ဒေသတစ်ဝိုက်၊ ရန်ကုန်တိုင်းအတွင်းရှိ သန်လျင်၊ ကျောက်တန်းနေရာများတွင် ရင်းနှီးသော ဒကာများနှင့်အတူ လိုက်လံရှာဖွေခဲ့သော်လည်း အိပ်မက်ထဲမှပုံစံတူ တောင်တော်ကို မတွေ့ခဲ့ရပေ။ သုံးလခန့်ကြာလတ်သော် အိပ်မက်ခရီးအတွက် ဒုတိယအကြိမ်ထွက်ဖြစ်ခဲ့သော ဒေသမှာ ၊ ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ မှော်ဘီမြို့နယ်ရဲ့ အရှေ့ဘက် ပဲခူးရိုးမတစ်ခွင်သို့ ဖြစ်ပါတယ်။

မှော်ဘီမြို့မှတစ်ဆင့် အရှေ့ဘက်ရှိ ဝါးနက်ချောင်းရွာလေးအရောက်တွင် ဆရာတော်စိတ်ကူးရလိုက်သည်မှာ ခပ်ဝေးဝေးမှ လှမ်းမြင်နေရသော ပဲခူးရိုးမတောင်တန်းကြီးကိုကြည့်ပြီး အိပ်မက်ထဲမှတောင်ကို နောက်ဆုံးအနေနှင့် ရိုးမတောထဲဝင်၍ ရှာမည်၊ မတွေ့သည့်အဆုံးမှသာ မူလစခန်းကိုပြန်တော့မည်။ အတူပါလာသော ဒကာများကိုလည်း စာနာစိတ်ဖြင့် နေရပ်သို့ပြန်လွှတ်ကာ ရိုးမတောထဲသို့ တစ်ပါးတည်း ခြေလျင်ကြွသွားခဲ့ပါတယ်။ ဆရာတော်ရဲ့ ဒွာရီခရီးစဉ်က ဤမှစခဲ့ပါတယ်။ ရိုးမတောတောင်အနှံ့ ခြေဆန့်၍ ရှာဖွေကာရှိသမျှ အာဟာရဖြစ်ဖွယ်လေးများကို ဘုဉ်းပေးတော်မူပြီး ကြုံရာနေရာတွင် ကျိန်းစက်၍ ရက်များကြာမီမှာပင် အိပ်မက်ထဲမှ တောင်တော်၏ပုံစံနှင့် ထပ်တူဆပ်မျှတူသော တောင်ငယ်တစ်လုံးကို တွေ့ပါတော့တယ်။ တောင်တော်ပေါ်သို့ တောရှင်း၍တက်ရောက်ခဲ့ရာ လွန်စွာအုဆန်းသော ရသေ့အိုကြီးတစ်ပါးကို တွေ့ရ၍ အကျိုးအကြောင်းဖြစ်ရပ်မှန်ကို လျှောက်ထားပါတယ်။ ရသေ့ကြီးက ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်အရှိန်၊ တည်ကြည်လေးနက်သော ရုပ်ဆင်း၊ နူးညံ့သိမ်မွေ့သော အသံတို့ကြောင့် ဆရာတော်လေးအပေါ် လုံးဝယုံကြည်စိတ်ဖြင့် အတူသီတင်းသုံးရန် ခွင့်ပြုခဲ့ပါတယ်။ ရသေ့ကြီးဟာ ဆရာတော်၏ ရည်ရွယ်ချက်အောင်မြင်မည်၊ မအောင်မြင်မည်ကိုသိလို၍ သစ်ပင်ငယ်တစ်ပင်ကို အဓိဋ္ဌာန်ပြုကာ စိုက်ပျိုးကြည့်ပါတယ်။ ရက်ပိုင်းအတွင်းမှာပဲ သစ်ပင်လေးဟာ ရှင်သန်လာခဲ့ပြီး ပန်းဖူးများထွက်လာပါတယ်။ ပန်းဖူးလေးများထဲမှ ပန်းတစ်ပွင့်သာပွင့်ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် အဲဒီပန်းပွင့်ဟာ ကြွေသွားခဲ့ပါတယ်။ နောက်မကြာမီ ရက်အတွင်းမှာပဲ နောက်ထပ် ပန်းတစ်ပွင့်က ထိုသစ်ပင်ငယ်လေးမှာ ထပ်မံပွင့်ခဲ့ပြီး ရက်လများစွာ မကြွေလွင့်တော့သည့်အတွက် သစ္စာဓိဋ္ဌာန်အောင်ပြီဟုဆိုကာ ရသေ့ကြီးမလုပ်နိုင်သော သာသနာပြုလုပ်ငန်းကို ယခုရောက်လာသော ရဟန်းပျိုလေးက လုပ်ဆောင်နိုင်ပေမည်ဟု မြွက်ကြားခဲ့ပါတယ်။ ထိုတောင်တော်ထက်တွင် ရဟန်းလေးနှင့် ရသေ့အိုတို့ တရားကျင့်စဉ်များကို ကျင့်ကြံခဲ့ကြရာ တဆင့်ပြီးတဆင့် အောင်မြင်ခဲ့ကြသည့်အတွက် မနောမယသိဒ္ဓိနှင့် ပြီးပြည့်စုံခဲ့ကြပါတယ်။ ပန်းတစ်ပွင့်တောင်တွင် စတင်သာသနာပြုသည့်နှစ်မှာ ၁၃၅၈ ခုနှစ်မှာဖြစ်ပါတယ်။

သာသနာတော်အကျိုးကို သယ်ပိုးကြမည့် အဓိဋ္ဌာန်ဝင်စခန်းဖြစ်သည့် ထိုတောင်တော်မြတ်အား အောင်အဓိဋ္ဌာန်ပန်းတစ်ပွင့်က အတိတ်တဘောင် နိမိတ်ဆောင်ခဲ့သည့်အတွက် ပန်းတစ်ပွင့်တောင်ရယ်လို့ ယနေ့တိုင်ခေါ်ဝေါ်သမုတ်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၏ ပဋ္ဌာန်းဆက်ကြောင့် တရားကျင့်ရာအနီးတစ်ဝိုက်တွင် ချုံနွယ်များဖုံးအုပ်နေသော စေတီတော်နှစ်ဆူကိုတွေ့ခဲ့ရပြီး စေတီတစ်ဆူကို 'စကြာရှင်ဆုတောင်းပြည့် ဆယ့်တစ်မီးငြိမ်း'စေတီတော်ဟုလည်းကောင်း၊ နောက်တစ်ဆူကို 'ဆုတောင်းပြည့် ဖမ္ဗုဟိန်းအောင်'စေတီတော်ဟုလည်းကောင်း ဘွဲ့သမုတ်တော်မူခဲ့ပြီး ပြုပြင်မွမ်းမံကာ ထီးတော်များတင်ရန် နှစ်ပေါင်းများစွာကြိုးစားခဲ့ရတယ်လို့ သိရပါတယ်။ ရသေ့ကြီးနှင့် လမ်းခွဲပြီးနောက် သာသနာပြုအလုပ်များကို ဆရာတော်တစ်ပါးတည်း ကြိုးစားလုပ်ဆောင်ရင်း အနီးအစပ် ဒေသခံများ၏ ကြည်ညိုသဒ္ဓါစိတ်များကြောင့် ချုံပင်နွယ်ပင်များကို ရှင်းလင်းကာ တစ်နိုင်တစ်ပိုး ကြိုးစားခဲ့ကြ၍ ပန်းတစ်ပွင့်တောင်ဟူ၍ လူသိများလာခဲ့ပါတယ်။ ဆရာတော်၏ ရှေးဘုန်းရှေးကံနှင့် ကျင့်ကြံအားထုတ်သော သီလပါရမီ၊ ဒါနပါရမီတို့၏ အကျိုးဆက်ကြောင့် ယခုအခါတွင် သာသနိကအဆောက်အအုံကြီးများ၊ တစ်ပါးကျောင်းများ၊ တရားအားထုတ်ရန် ယောဂီတို့အတွက် လုံးချင်းတိုက်ငယ်များ၊ စာသင်စာချ သံဃာတော်များအတွက် ပါဠိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်များ၊ သံဃာ့အိပ်ဆောင်များ၊ ဒေသခံကလေးများ၏ ပညာရေးကို အထောက်အပံ့ပေးနိုင်ရန်အတွက် ဆရာတော်ဆောက်လုပ် လှူဒါန်းထားသော အထက်တန်းကျောင်းများ၊ သီလရှင်ဇရပ်များ၊ လစာပေးခန့်ထားသော ကျောင်းဆရာ၊ ဆရာမများ၊ ရေတွင်းရေကန်များ၊ ပြည်လမ်းမကြီးထိပေါက်သော မော်တော်ကားလမ်းများ အပြင် ကျန်းမာရေးဆေးရုံ၊ မိဘမဲ့ကလေးဂေဟာတို့ဖြင့် ပန်းတစ်ပွင့်တောင် သာသနာအကျိုးပြု လုပ်ငန်းများက ရောင်ဝါထွန်းလင်းလျက် ရှိနေပြီဖြစ်ပါတယ်။

မြန်မာပြည်အနယ်နယ်အရပ်ရပ်က လာရောက်ကြသော ဘုရားဖူးညွှသည်များသာမက တရားစခန်းဝင်ယောဂီများအပြင် နိုင်ငံခြားတိုင်းပြည်များမှ သူတော်ကောင်း ညွှသည်များပင် နေ့စဉ်လာရောက်ကြည်ညိုနေကြပြီဖြစ်ပါတယ်။ လာရောက်ကြသူအပေါင်းကိုလည်း သက်သတ်လွတ်စားသည့် သာသနာ့နယ်မြေ ဖြစ်သည့်အတွက် သက်သတ်လွတ်ထမင်းဟင်းလျာများဖြင့် စေတနာဒါနပြုလျက်ရှိပါတယ်။ ပန်းတစ်ပွင့်တောင်နှင့် ပန်းတစ်ပွင့်တောင်ဆရာတော်အား လာရောက်ဖူးမြော်ကြသူများ၊ ရိုပ်သာဝင် တည်းခိုနေထိုင်ကြသူများနှင့် ပတ်သက်၍ ဆရာတော်မှ အစစအရာရာ တာဝန်ယူစောင့်ရှောက်ပေးပါတယ်။ ဆရာတော်၏ မေတ္တာဖြန့်ကြက်ပေးမှုကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဘေးဥပဒ်အန္တရာယ် ဖြစ်သည်ဟုမကြားဖူးသေးပါ။ မရောက်ဖူးသော မိတ်ဆွေများ ပန်းတစ်ပွင့်တောင်ကို ရောက်ဖူးအောင် လာရောက်နိုင်ရန်အတွက် နည်းလမ်းညွှန်ပေးချင်ပါတယ်။ ရန်ကုန်မှလာလျှင် မိုင် ၃၀ ဝေးသော မှော်ဘီမြို့ကို ရောက်ပါမယ်။ ရထားသံလမ်းမကျော်ခင် ညာဘက်ခြမ်းတွင် ပန်းတစ်ပွင့်တောင်သာသနာပြု ဆိုင်းဘုတ်ကြီးကိုတွေ့ရပါမယ်။ ဝါးနက်ချောင်းရွာမှ တစ်ဆင့် ဘယ်ဘက်သို့ မြေလမ်းအတိုင်းချိုးကွေ့၍ ဝင်ခဲ့လျှင် ပန်းတစ်ပွင့်တောင်ကို ရောက်မှာဖြစ်ပါတယ်။

ဒါမှမဟုတ် ဆရာတော် နောက်ဖောက်ထားသော လမ်းမှဝင်လိုလျှင် မှော်ဘီမြို့ကိုကျော်သွားပြီးနောက် မြောက်ချောကုန်းရွာ ပစ်တိုင်းထောင်အရုပ်ကြီးများနှင့် ပန်းတစ်ပွင့်တောင် မုခ်ဦးမှဝင်လျှင် လမ်းပိုကောင်းပါတယ်။ ရောက်ဖူးသူများလည်း ထပ်မံ၍လာကြပါ။ မရောက်ဖူးသေးသောလူများလည်း ရောက်အောင်လာခဲ့ကြပါ။ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော ဆရာတော်ကြီး၏ အပြုကလာသမျှ သူတော်ကောင်းများ၏ရင်ကို အေးစေပါလိမ့်မယ်။ မေတ္တာဓါတ်တွေ ပြည့်ဝနေတဲ့ ပန်းတစ်ပွင့်တောင်မှာ ကြိုသမျှ အဓိဋ္ဌာန်တွေ အမြဲအောင်ကြလို့ သာသနာရောင်ထွန်းလင်းပြောင်တဲ့ ပန်းတစ်ပွင့်တောင်ကို လာရောက်အဓိဋ္ဌာန်ပြုလို့ နိဗ္ဗာန်ဆုကိုယူကြပါရန် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း လိုက်ရပါတော့သည်။

**စာကြွင်း** ။ ။ (ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် တရားကျင့်ခဲ့သော ရသေ့ကြီးဦးအဂ္ဂသည် ယခုအခါ ရဟန်းဝတ်လျက်ရှိပြီး သက်တော် ၉၀ ကျော်သည့်တိုင် ကျန်းမာစွာဖြင့် ပန်းတစ်ပွင့်တောင်အနီး ကညင်ပင်ကျေးရွာတွင် တစ်ပါးကျောင်းလေးဖြင့် သီတင်းသုံးလျက်ရှိပြီး ရသေ့ကြီး၏ လိုအပ်ချက်မှန်သမျှကို ဆရာတော်မှ အမြဲလှူဒါန်းလျက် ရှိကြောင်းသိရသည်။)

**ထွန်းအောင်ရင်(မှော်ဘီ)**



www.burmeseclassic.com

www.burmeseclassic.com

# သီတဂူဆရာတော်ကြီး ၏ သာသနာပြုလုပ်ငန်း ဂုဏ်ပြုမှတ်တမ်း

တက္ကသိုလ်သခ်

ကမ္ဘာပေါ်တွင် ဘာသာကြီးလေးခု ရှိသည့်အနက် ဗုဒ္ဓဘာသာကိုးကွယ်သူ ဦးရေမှာ အခြားဘာသာကြီးသုံးခုထက် နည်းသည်ဟု သိရ၏။ ထိုနည်းပါးသော အရေအတွက်တွင် အများစုမှာ မြန်မာနိုင်ငံတွင် နေထိုင်ကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ သာသနာရောင်ဝါသည် မြန်မာနိုင်ငံ၌ ထွန်းလင်းတောက်ပလျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါ၏။

ထိုကဲ့သို့ မြန်မာနိုင်ငံတွင် သာသနာတော် ထွန်းကားရခြင်းမှာ ပါရမီရှင် ဆရာတော်ကြီးများ၏ ကြိုးပမ်းမှုကြောင့် ဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ချေ။ အဆိုပါ ဆရာတော်ကြီးများတွင် သီတဂူဆရာတော်ကြီးလည်း တစ်ပါးအပါအဝင် ဖြစ်လေသည်။

သီတဂူဆရာတော်ကြီးသည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာ၌ပင် ထင်ရှားလှပါ၏။ ဆရာတော်ကြီးသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ခံမင်မြတ်နိုးသော ပုဂ္ဂိုလ်



စစ်ကိုင်းတောင်ရိုးရှိ သီတဂူဗုဒ္ဓတက္ကသိုလ်ကို တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြီး ဖြစ်ပါ၏။ သာသနာတော်ကြီး အစွန်နှရှည်တည်တံ့ရေးအတွက် ဓမ္မရေအေး အမြိုက်ဆေးကို အချိန်နေရာဒေသမရွေး ကြွရောက်ဟောကြားပေးတော်မူသကဲ့သို့ သာသနာတော် ထွန်းကားပြန့်ပွားရေးကို အလေးပေး ဆောင်ရွက်တော်မူသည်။

ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရသည် မစိုးရိမ် ခုနှစ်တိုက်အပါအဝင် လျှော်ဖြူချောင်ကို "သီတဂူချောင်"ဟု ပြင်ဆင်သမုတ် သီတင်းသုံးတော်မူခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် သီတဂူအသင်းကြီးကို ဖွဲ့စည်းခဲ့၏။ ထိုအသင်းကြီးတွင် အဖွဲ့လေးဖွဲ့ ပါရှိသည်။ ယင်းတို့မှာ -

(၁) ဩဝါဒစရိယဆရာတော်များအဖွဲ့၊

(၂) အနုပါကအဖွဲ့၊

(၃) ပဓာနဦးဆောင်အဖွဲ့၊

(၄) ကပ္ပိယကာရကအဖွဲ့တို့ ဖြစ်သည်။

## သီတဂူအသင်း၏ ရည်ရွယ်ချက်

သီတဂူအသင်း၏ ရည်ရွယ်ချက်မှာ -

(၁) ဘဝတိုးတက်ရေး(ဝါ) မိမိအကျိုး၊

(၂) ပတ်ဝန်းကျင်အကျိုး၊

(၃) လောကအကျိုး သယ်ပိုးရန်ဟူ၍ ဖြစ်သည်။

ဖော်ပြပါ ရည်ရွယ်ချက်သုံးရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံကိန်းလေးခုကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့မှာ -

(၁) သီတဂူ ရေအလှူတော်၊

(၂) သီတဂူဆေးအလှူတော်၊

(၃) သီတဂူပညာအလှူတော်၊

(၄) သီကဂူတရားအလှူတော်တို့ ဖြစ်သည်။

ဆရာတော်ကြီးသည် နိုင်ငံခြား သာသနာပြုအဖွဲ့များက မြန်မာနိုင်ငံတွင် စာသင်ကျောင်းတည်ထောင်ခြင်း၊ မိဘမဲ့ဂေဟာများ တည်ထောင်ခြင်း၊ ဘိုးဘွားရိပ်သာများ တည်ထောင်ခြင်း၊ ဆေးရုံများတည်ထောင်ခြင်းတို့ကို လေ့လာ၍ ၈၅ ရာခိုင်နှုန်းမျှရှိသော ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ရာလေးသိန်းမျှရှိသော ဗုဒ္ဓဘာသာ ရဟန်းသာမဏေ၊ သီလရှင်တို့က တိုင်းပြည်နှင့်လူမျိုး ဘာသာ သာသနာအကျိုးအတွက် ပြည်ပ သာသနာပြုအဖွဲ့များကဲ့သို့ လုပ်ဆောင်နိုင်ကြရမည်ဟု ခံယူ၍ သီတဂူဆေးရုံ၊ သီတဂူဗုဒ္ဓတက္ကသိုလ်၊ သီတဂူရေအလှူတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါ၏။

## သီတဂူ ရေအလှူ

သီတဂူရေအလှူတော်အဖွဲ့ကို ၁၃၄၂ ခုနှစ်တွင် စတင်တည်ထောင် ဆောင်ရွက်ခဲ့၏။ အထက်မြန်မာပြည်အဖွဲ့နှင့် အောက်မြန်မာပြည်အဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ တာဝန်ပေးဆောင်ရွက်ခဲ့သည်။ ၁၃၄၇ ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ သီတဂူရေအလှူကို စစ်ကိုင်းတောင်ရိုးရှိ ချောင်ပေါင်း ၁၀၀ တွင် ရေပေးဝေခြင်းဖြင့် စတင်ခဲ့၏။ ယခုအခါ ကျောင်းပေါင်း ၈၀၀ ကျော်၊ ရဟန်းသာမဏေ၊ သီလရှင်ဦးရေ ၉၀၀၀ ကျော်တို့အား နေ့စဉ် တစ်နေ့လျှင် ရေဂါလံငါးသိန်းကျော် ပေးလှူလျက်ရှိ၏။ သီတဂူရေအလှူတော်သည် စက်ရုံသုံးရုံမှ ရေခုတ်မောင်း၍ ရေကန်ကြီး ၁၇ လုံးတွင် ရေဂါလံပေါင်း ၁၁ သိန်းကျော်တို့ကို သိုလှောင်လျက် စစ်ကိုင်းတောင်ရိုးရှိ ချောင်များသို့ နေ့စဉ် ရေဖြန့်ဝေပေးလျက်ရှိသည်။

## သီတဂူဆေးအလှူ

သီတဂူအာယုဒါနဆေးရုံကြီးကို ၁၃၄၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ စတင်တည်ဆောက်ခဲ့သည်။ ရဟန်းသာမဏေ၊ သီလရှင်၊ ယောက်ျား၊ မိန်းမ ငါးမျိုးအတွက် တစ်ဆောင်လျှင် ၁၆ ခုတင်ဆံ့ အဆောင်ငါးဆောင်ပါ ဆေးရုံကြီးဖြစ်သည်။ ယင်းဆေးရုံကြီးကို ၁၃၅၁ ခုနှစ် တပေါင်းလပြည့်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ကုန်ကျငွေမှာ ကျပ်သိန်း ၃၀၀ ဖြစ်သည်။ ဆရာဝန်ငါးဦး၊ အခြားဝန်ထမ်းဦးရေ ၇၀ တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ၏။ အခါအားလျော်စွာ ပြည်ပမှ ဆရာဝန်ကြီးများလည်း လာရောက်ကုသပေးလျက်ရှိသည်။

ထို့အပြင် ၁၃၆၆ ခုနှစ်တွင် မျက်စိအထူးကုဆေးရုံကို ပြည်တွင်းပြည်ပ အလှူရှင်များ၏ ကူညီမှုဖြင့် ဖွင့်လှစ်ကာ လူအများကို ကုသပေးလျက်ရှိသည်။ သီတဂူ အာယုဒါနဆေးရုံများကို စစ်ကိုင်းမြို့တွင်သာမက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ သီတဂူစက္ခုဒါနဆေးရုံ၊ ၁၃၇၀ ပြည့်နှစ်တွင် ရှမ်းပြည်နယ်၊ သီပေါမြို့၌ သီတဂူ စက္ခုဒါနမျက်စိဆေးရုံ ၁၃၇၁ ခုနှစ်တွင် ကလေးမြို့၌ သီတဂူ စက္ခုဒါန မျက်စိ



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံ၊ မင်းတပ်မြို့၌ သီတဂူစက္ခုဒါနမျက်စိဆေးရုံ၊ ၁၃၇၂ ခုနှစ်တွင် စစ်ကိုင်းမြို့နယ် ဆားတောင်ကျေးရွာ၌ သီတဂူ ဗြဟ္မယုဆေးရုံ၊ ထားဝယ်မြို့၌ သီတဂူအာယုဒါန မျက်စိဆေးရုံ၊ ရန်ကုန်မြို့၌ သီတဂူပြည့်ဟိန်းစက္ခုဒါနမျက်စိဆေးရုံ၊ ရှမ်းပြည်နယ် အင်းလေးရွာမရွာ၌ သီတဂူဆေးရုံ၊ သဲကုန်းမြို့၌ စက္ခုဒါနမျက်စိအထူးကုဆေးရုံ၊ ကရင်ပြည်နယ်၌ သီတဂူဆေးရုံ၊ ၁၃၇၃ ခုနှစ်တွင် ကယားပြည်နယ်၌ သီတဂူစက္ခုဒါနမျက်စိအထူးကုဆေးရုံ၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သီတဂူစက္ခုဒါန မျက်စိဆေးရုံ၊ ၁၃၇၄ ခုနှစ်တွင် မော်လမြိုင်ကျွန်း၌ သီတဂူစက္ခုဒါနမျက်စိဆေးရုံ၊ ၁၃၇၅ ခုနှစ်တွင် ကျိုက်ထိုမြို့၌ သီတဂူစက္ခုဒါနမျက်စိဆေးရုံ၊ ပန်းတနော်မြို့ ပေါင်အစုကြီးအရပ်၌ သုမေဓာဆေးရုံ၊ ရပ်စောက်မြို့၌ သီတဂူသံယာ့ဆေးရုံ၊ သံတွဲမြို့၌ သံတွဲဆေးရုံ၊ ဟုမ္မလင်းမြို့၌ စက္ခုဒါနဆေးရုံ၊ သဲကုန်းမြို့၌ သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံ ၂၇ ရုံ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ထိုနည်းတူ ဖားကန့် ပြွန်တန်ဆာနှင့် ပခုက္ကူ သီတဂူစက္ခုဒါန ဆေးရုံသုံးရုံကိုလည်း မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ၏။

## သီတဂူပညာအလှူ

မြန်မာနိုင်ငံတွင် ရဟန်းတော်ပေါင်း လေးသိန်းကျော်ရှိသည်။ မြန်မာနိုင်ငံတွင် ဓမ္မာစရိယဘွဲ့ရအောင် သင်ကြားပေးသည့် စာသင်တိုက်များ မြို့တိုင်းတွင် ရှိ၏။ သို့ရာတွင် ဓမ္မာစရိယတန်းအောင်မြင်ပြီးသူများအနေဖြင့် ပိဋကတ်သုံးပုံ [illegible]မဖြစ်မီ ကြားအဆင့် သင်ကြားရေးဖြစ်သော ဗုဒ္ဓ[illegible]သိုလ် မရှိဘဲဖြစ်နေသည်။ ထို့အပြင် ဗုဒ္ဓဘာသာနှင့် [illegible] သက်၍ နိုင်ငံတကာ အဆင့်မီ တက္ကသိုလ်များမရှိသည့်အတွက် ဆရာတော်ကြီးက **“သီတဂူဗုဒ္ဓတက္ကသိုလ်”** ကို [illegible]ထောင်ခဲ့ခြင်းဖြစ်ပါ၏။

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကို ၁၃၅၆ ခုနှစ်တွင် [illegible]ဆောင်ရွက်ခဲ့သည်။ ၁၃၆၀ ပြည့်နှစ်တွင် ဒီပလိုမာ[illegible]များ စတင်ဖွင့်လှစ်ခဲ့၏။ အဆောင်နေကျောင်းသား [illegible] အပါး ၆၀ နှင့် ပြင်ပကျောင်းသား ရဟန်း [illegible] သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၂၀၀ ကျော် [illegible]သင်ကြားလျက် ရှိသည်။ ဤတက္ကသိုလ်တွင် ပိဋကတ်သုံးပုံကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးလျက်ရှိသည်ဟု သိရ၏။

## သီတဂူတရားအလှူတော်

သီတဂူဆရာတော်ကြီးသည် သတ္တဝါအများ ဗုဒ္ဓတရားတော်ကို သိရှိ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းစေရန် တရားတော်အလှူများကိုလည်း ဖြည့်ဆည်းတော်မူလျက်ရှိသည်။ သီတဂူတရားအလှူ စာပြန်ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ဝါတွင်းကာလ ဥပုသ်နေ့တရားဟောကြားခြင်းကို ဆောင်ရွက်လျက်ရှိ၏။ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်လည်း တရားအလှူပေးတော်မူလျက်ရှိ၏။ ထို့အပြင် ကမ္ဘာ့ ဗုဒ္ဓဘာသာညီလာခံများသို့ တက်ရောက်၍ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းစေရန် တရားအလှူပေးတော်မူသည်။

ဆရာတော်ကြီးသည် ပြည်တွင်းပြည်ပ ပင့်ဆောင်ရာ ဒေသများသို့ ကြွရောက်တော်မူပြီး တရားရေအေး တိုက်ကျွေးကာ တရားအလှူပြုတော်မူ၍ သာသနာတော် ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်တော်မူသည်။

ထိနောက်ဆရာတော်ကြီးသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၏ မြို့တော် အော်စတင်မြို့တွင် ထေရဝါဒဗုဒ္ဓသာသနာပြုအသင်းကို ၁၃၇၄ ခုနှစ်တွင် စတင်တည်ထောင်ပြီး ၁၃၄၉ ခုနှစ်တွင် သီတဂူဗုဒ္ဓဝိဟာရကို တည်ထောင်သည်။ ၁၃၇၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါ၌ သီထဂူသံယာ့ဝိဟာရကျောင်းကို တည်ထောင်ခဲ့၏။ ထိုနည်းတူ သီတဂူဗုဒ္ဓဝိဟာရများကို အာရှ ဥရောပ၊ အမေရိကတို့တွင် ဆက်လက်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တည်ရှိရပါ၏။

သီတဂူဆရာတော်ကြီးသည် ထေရဝါဒဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့ရေးနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် မနေမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများအဖို့ ဂုဏ်ယူဖွယ်ရာဖြစ်ပါသဖြင့် ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ရပါ၏။

**တက္ကသိုလ်သဉ်**

၀၉-၄၃၁၉၂၂၆၇



www.burmeseclassic.com

www.burmeseclassic.com

# ကံကောင်းချင်သလား ဒါစားသွား

## တက်လှူမျိုးသစ်

လူတစ်ယောက်အဖို့ စီးပွားဥစ္စာတိုးတက်ဖို့၊ ကြီးပွားချမ်းသာဖို့ဆိုသည် ကံကောင်းဖို့ အထူးပင် လိုအပ်လှချေ၏။ ကံဆိုသည်မှာ တကယ်တော့ "အလုပ်"ပဲ ဖြစ်ပါသည်။ ကံကောင်းဖို့ဆိုရာဝယ် အလုပ်ကောင်း လုပ်တတ်ဖို့ပင် ဖြစ်၏။ သည်နေရာ၌ ဉာဏ်ကိုလည်း လှသုံးတတ်ဖို့ လို၏။ လုံ့လဝီရိယ ကြီးမားဖို့လည်း လို၏။ ကောင်းသောအကြံဉာဏ်ကို ရယူပြီးသည့် သကာလ လုံ့လဝီရိယဖြင့် ဇွဲရှိရှိ အားထုတ်လုပ်ကိုင်ပါလျှင် မတိုးတက်ဘဲ ဘယ်နေမှာတဲ့နည်း။ မကြီးပွားမချမ်းသာဘဲ ဘယ်နေမှာတဲ့နည်း။

သည်နေရာမှာ လောကီပညာရပ်များကို ချန်လှပ်၍ မရစကောင်းပေ။

လောကီအစီအရင်များသည် ကြီးပွားချမ်းသာမှုကို ကောင်းစွာ အထောက်အကူပြုလျက် ရှိချေသည်။ သည့်အတွက် မသိသူတွေ ကျော်လွှားသွားခဲ့ကြသော်ငြား သိသူတွေက ဖော်စားကြရင်း လောက၌ လူတစ်လုံးသူတစ်လုံးဖြင့် ထည်ဝါဝင့်ကြွားလျက် ရှိနေကြလေပြီ။

သင်သည် စီးပွားရေးအလုပ်အကိုင်တစ်ခုအတွက် ခရီးသွားရတော့မည် ဆိုပါစို့။ အောက်ပါအတိုင်း ကိုယ့်နေ့နံသားနှင့် ကိုက်ညီစွာ အရပ်တစ်ခုကို မျက်နှာမူလျက် အစားအစာတစ်ခုခုကို စားသောက်သွားမည်ဆိုလျှင် လက်တွေ့ထူးခြားစွာ အကျိုးခံစားရပါလိမ့်မည်။

၁။ တနင်္ဂနွေသားအဖို့ အနောက်အရပ်ကို မျက်နှာမူ၍ သစ်သီးတစ်လုံးကို စားပြီးမှ သွားပါ။
၂။ တနင်္လာသားအဖို့ မြောက်အရပ်ကို မျက်နှာမူ၍ နွားနို့သောက်ပြီးမှ သွားပါ။
၃။ အင်္ဂါသားအဖို့ အနောက်တောင်အရပ်ကို မျက်နှာမူ၍ အာလူးကြော်စားပြီးမှ သွားပါ။
၄။ ဗုဒ္ဓဟူးသားအဖို့ အရှေ့မြောက်အရပ်ကို မျက်နှာမူ၍ ကိတ်မုန့်စားပြီးမှ သွားပါ။
၅။ ကြာသပတေးသားအဖို့ အရှေ့အရပ်ကို မျက်နှာမူ၍ စမူဆာစားပြီးမှ သွားပါ။
၆။ သောကြာသားအဖို့ အရှေ့တောင်အရပ်ကို မျက်နှာမူ၍ ရေတစ်ခွက်သောက်ပြီးမှ သွားပါ။
၇။ စနေသားအဖို့ တောင်အရပ်ကို မျက်နှာမူ၍ ပေါင်မုန့်စားပြီးမှ သွားပါ။

ဘာမျှ အပန်းမကြီး လွန်စွာခရီးရောက်သော အဆိုပါ လောကီအစီအရင်ကလေးဖြင့် အကြံကောင်းလှ ကံကောင်းကြမှာ သေချာပါသည်။ ယုံကြည်စွာ လုပ်ဆောင်ကြည့်ကြပါကုန်။

တက်လှူမျိုးသစ်



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်


## ၁၃၇၈-ခုနှစ်၊ တပေါင်းလ - တန်ခူးလ

## 2017 MARCH


| | | |
|---|---|---|
| ဗုဒ္ဓဟူး Wednesday | 1 ၄ ရက်ရာဇာ | |
| ကြာသပတေး Thursday | 2 ၅ တောင်သူလယ်သမားနေ့ | |
| သောကြာ Friday | 3 ၆ | |
| စနေ Saturday | 4 ၇ | 18 ၆ |
| တနင်္ဂနွေ Sunday | 5 ၈ ရက်ရာဇာ အမြိတ္တစုတ်ရက် | 19 ၇ ရက်ရာဇာ |
| တနင်္လာ Monday | 6 ၉ | 20 ၈ |
| အင်္ဂါ Tuesday | 7 ၁၀ | 21 ၉ |
| ဗုဒ္ဓဟူး Wednesday | 8 ၁၁ ရက်ရာဇာ | 22 ၁၀ ရက်ရာဇာ |
| ကြာသပတေး Thursday | 9 ၁၂ | 23 ၁၁ |
| သောကြာ Friday | 10 ၁၃ | 24 ၁၂ |
| စနေ Saturday | 11 ၁၄ | 25 ၁၃ |
| တနင်္ဂနွေ Sunday | 12 ၁၅ ရက်ရာဇာ တပေါင်းလပြည့် | 26 ၁၄ ရက်ရာဇာ |
| တနင်္လာ Monday | 13 ၁ | တပ်မတော်နေ့ 27 တပေါင်းလကွယ် |
| အင်္ဂါ Tuesday | 14 ၂ | 28 ၁ |
| ဗုဒ္ဓဟူး Wednesday | 15 ၃ ရက်ရာဇာ | 29 ၂ အမြိတ္တစုတ်ရက် |
| ကြာသပတေး Thursday | 16 ၄ အမြိတ္တစုတ်ရက် | 30 ၃ |
| သောကြာ Friday | 17 ၅ ယာဂရက်ကြီး | 31 ၄ ရက်ရာဇာ |



၁. ၃. ၂၀၁၇



စန်းပြောင်းရက်စွဲ



၁၄. ၃. ၂၀၁၇

## ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၄. ၃. ၂၀၁၇ အင်္ဂါနေ့ ညနေ ၆ နာရီ ၁၉ မိနစ်တွင် မိန်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂. ၃. ၂၀၁၇ ကြာသပတေးနေ့ နံနက် ၄ နာရီ ၂၈ မိနစ်တွင် မိဿရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၁. ၃. ၂၀၁၇ စနေနေ့ နံနက် ၃ နာရီ ၂၆ မိနစ်တွင် မိန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၇. ၃. ၂၀၁၇ တနင်္လာနေ့ နံနက် ၈ နာရီ ၃၀ မိနစ်တွင် မိဿရာသီသို့ ပြောင်းသည်။

## ၂၀၁၇ ခုနှစ်အတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၂၄. ၃. ၂၀၁၇)သောကြာနေ့၊ ညနေ ၅ နာရီ ၄၁ မိနစ် ၃ စက္ကန့်။

(၅. ၃. ၂၀၁၇)၊ (၁၆. ၃. ၂၀၁၇)ရက်နှင့် (၂၉. ၃. ၂၀၁၇)ရက်တို့သည် အမြိတ္တစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

## အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။
တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။
*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။
ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။
ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။
သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။
စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၇ ခုနှစ် ၊ မတ်လ

# တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကောတိ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလတွင် သင်၏ကံကြမ္မာမှာ အကောင်းနှင့်အဆိုးများ ဒွန်တွဲနေသလို တက်လိုက်ကျလိုက်နှင့် မတည်ငြိမ်ဖြစ်၍နေပါသည်။ လုပ်ငန်းကိစ္စ အစစ်အရာရာမှာ သတိကြီးစွာထားပြီး လုပ်ကိုင်ဆောင်ရွက်မှ တော်ရုံကျမည်ဖြစ်ပါသည်။ ရေမှတိုးသင့်သေး။ မူလရှိရင်းစွဲ အလုပ်ကိုသာ ကောင်းအောင် ထိန်းသိမ်းစောင့်ရှောက်ပါလေ။ မိမိ၏ လက်အောက်ငယ်သားများ ပုန်ကန်တတ်၏။ သတိကြီးစွာထားပါလေ။ ပြေလည်စွာ ဆက်ဆံပါ။

### ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ဖို့ ငွေရင်းနှီးမြှုပ်နှံဖို့ မလုပ်ပါနှင့်ဦး။ ခဏခေတ္တ ရှောင်နေပါ။ ဆုံးရှုံးတတ်ပါသည်။ ပြင်ပသွားလာလှုပ်ရှားရာ၌ သတိကြီးစွာထားပါ။ ညဉ့်အခါ ကားမမောင်းပါနှင့်။ ခိုက်တတ်၏။ ကျန်းမာရေးဂရုစိုက်ပါ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလတွင် သင်၏ကံကြမ္မာ အကောင်းအနက်ထဲမှ အဆိုးများ ပါလာတတ်ပါသည်။ အစစအရာရာ သတိကြီးစွာထားပြီး ဆောင်ရွက်ပါ။ အကောင်းထဲက အဆိုးပေးတတ်ပါသည်။ အမှတ်မထင် အသေးဖွဲကိစ္စမှ ပြဿနာကြီးတတ် ဖြစ်တတ်၏။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးဝေး မသွားသင့်ပါ။ ဘေးအန္တရာယ်များလှပေသည်။ ဖျားနာခြင်းနှင့် သွေးထွက်သံယိုမှုတို့ကို ကြိုတင်ကာကွယ်ပါ။ ပြည်ပသွားလာလှုပ်ရှားမှု သတိကြီးစွာထားပါ။ ယာဉ်တိုက်မှု ဖြစ်ပွားတတ်၏။ ကူးသန်းရောင်းဝယ်ဖောက်ကားမှု နိုင်ငံခြားကုန်သွယ်မှုတို့ကို ရှောင်ပါ။ ခဏစောင့်ဆိုင်းပါဦး။ မစောင့်နိုင်လျှင် အကျိုးယုတ်တတ်ပါသည်။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေး အလုပ်အကိုင်များတွင် အနှောင့်အယှက် အတားအဆီးများ ရှိသော်လည်း သူတော်ကောင်းမိတ်ဆွေကောင်း ကူညီမစပေးမှုကြောင့် ကျော်လွှားနိုင်မည်ဖြစ်၏။ အချစ်ရေး အိမ်ထောင်ရေး ပြေလည်မည်။ ပျော်ရွှင်သာယာနေမည်။

### ရှောင်ကြဉ်ရန်အချက်များ

ဖဲကစား လောင်းကစားမှု ကျပ်ကျပ်ရှောင်ပါ။ ရှောင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်လေ ကောင်းလေ။ ပြင်ပအစားအသောက် ရှောင်ပါ။ အစာအိမ်ရောဂါရတတ်၏။ စားသောက်နေထိုင်မှု အထူးဂရုစိုက်မှ တော်ရုံကျမည်ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်ရာတွင် သတိကြီးစွာထားပါ။ မတော်တဆ ထိခိုက်မှုဖြစ်ပွားတတ်ပါသည်။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လုပ်ငန်းအကြံအစည် ထမြောက်အောင်မြင်မည်။ နိုင်ငံခြားကုန်သွယ်ရေးလုပ်လျှင် အကျိုးအမြတ်ဖြစ်ထွန်းမှုရှိမည်။ ထီထိုးပါ။ ထီပေါက်ကိန်းရှိ၏။ ကံစမ်းနိုင်ပါသည်။ ဆောင်သူလယ်သမား၊ ခြံစိုက်သမား အောင်မြင်မှုရှိမည်။ အပြည့်အဝ ရိတ်သိမ်းရလိမ့်မည်။ သီးနှံဈေးကောင်းမည်။

## ရှောင်ကြဉ်ရန်အချက်များ

အစားအသောက် အနေအထိုင် ဂရုစိုက်ပါ။ အလုပ်ပင်ပန်းလွန်းလှသဖြင့် ဖျားနာတတ်၏။ ရောဂါနုတုန်း အမြန်ဆေး ကုသမှုခံယူပါ။ ရောဂါကို မွေးမထားပါနှင့်။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ငွေပြုတ်လပ်မှု ပေါ်မည်။ ငွေကြေး စံနစ်တကျသုံးစွဲပါ။ ကြာမီ ကြုံလာမည့် ငွေပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။ မိုးရွာတုန်း ရေခံထားပါ။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ သူငယ်ချင်း၊ ဆွေမျိုးသားချင်း အထင်လွဲသဘောကွဲ ကြုံရတတ်၏။

## ရှောင်ကြဉ်ရန်အချက်များ

ပြောဆိုဆက်ဆံမှု မဆင်ခြင်လျှင် ခိုက်ရန်ဖြစ်ပွားတတ်ပါသည်။ ပြင်ပသွားလာမှု မတော်တဆ ဖြစ်ပွားတတ်သဖြင့် သတိကြီးစွာနှင့် ဆင်ခြင်ရန် လိုအပ်ပါသည်။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းနောက်ကွယ်တွင် အနှောင့်အယှက် ပယောဂများရှိသော်လည်း သူတော်ကောင်း ကူညီမစမည်ဖြစ်သောကြောင့် အခက်အခဲတို့ကို ကျော်လွှားနိုင်ပါလိမ့်မည်။ လုပ်ငန်းအကြံအစည် အောင်မြင်မှုရှိမည်။ ခရီးဝေးသွားနိုင်၏။ စေ့စပ်နိုင်၏။ အချစ်ရေး၊ အိမ်ထောင်ရေး ကောင်း၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးဝေးသွားနိုင် ခရီးထွက်နိုင်ပါသော်ငြားလည်း ရေကြောင်းခရီးရှောင်ပါ။ လှေ၊ သင်္ဘော မစီးကြရပါ။ တစ်ဖန်စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်ပါနှင့်ဦး။ ခဏစောင့်ဆိုင်းပါ၊ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်၏။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိအိမ်တွင်းရှိ သက်ကြီးရွယ်အို၏ ကျန်းမာရေးကို အထူးဂရုစိုက်ပါ။ ဖျားနာခဲ့လျှင် ရောဂါကို မမွေးထားသင့်။ ချက်ချင်း ဆေးဝါးကုသမှုကို ခံယူပါ။ ပြင်ပသွားလာမှု သတိထားပါ။ စီးပွားရေးလုပ်ငန်းကိုင်ငန်း အနှောင့်အယှက်ရှိတတ်၏။ သည်းခံစိတ်ရှည်လက်ရှည် လုပ်ကိုင်လျှင် ကျော်လွှားနိုင်ပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

သူခိုးဘေးရန် ကာကွယ်ထားပါ။ သူခိုးရန်မအေးပါ။ ပြင်ပသွားလာလျှင် မိမိ၏နေအိမ်ကို လုံခြုံစွာ ပိတ်ထားပါ။ ပြင်ပ၌ မတော်တဆ ထိခိုက်တတ်သဖြင့် အထူးသတိနှင့် ဆင်ခြင်ပါ။ ကျန်းမာရေးဂရုစိုက်ပါ။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လာဘ်ရွှင်ကြီးပွားလိမ့်မည်။ မမျှော်လင့်သောအရပ်မှ ဝင်ငွေများ လိမ့်၍ဝင်လာတတ်၏။ လုပ်ငန်းတိုးချဲ့နိုင်ပါသည်။ နိုင်ငံခြားကုန်သွယ်မှုလုပ်လျှင် အကျိုးဖြစ်ထွန်းပါလိမ့်မည်။ အခက်အခဲ အဟန့်အတားရှိသော်ငြားလည်း ကျော်လွှားအောင်မြင်ပါလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ ကံစမ်းနိုင်ပါသည်။ ထီပေါက်ကိန်းရှိ၏။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်သော်ငြားလည်း ချက်ချင်း လက်မထပ်သင့်သေး။ ခဏခေတ္တစောင့်ပါဦး။ မစောင့်နိုင်လျှင် အကျိုးယုတ်ရလိမ့်မည်။ ခရီးထွက်နိုင်သော်လည်း လေကြောင်းခရီးကိုရှောင်ပါလေ။ ဘေးအန္တရာယ် များလှပေသည်။ ကုန်းကြောင်းခရီးသွားလျှင် ကောင်း၏။ အကျိုးရှိမည်။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အကောင်းအဆိုး ဒွန်တွဲနေတတ်၏။ ရုပ်ဝေနယ်ဝေ ကူးသန်းရောင်းဝယ်နိုင်၏။ အကျိုးဖြစ်ထွန်းမှုရှိမည်။ ငွေကြေးကိစ္စ ခေါင်းအေးအေးထား စီစဉ်ပါ။ စံနစ်တကျသုံးစွဲပါ။ ငွေပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

ရုပ်ဝေနယ်ဝေ ကုန်ကူးလျှင် သတိကြီးစွာထား ဆင်ခြင်ပါ။ အသက်ဘေးအန္တရာယ်များရှိ၏။ ကျန်းမာရေးဂရုစိုက်ပါ။ အအေးစာကိုရှောင်ပါ။ ဗိုက်နာရောဂါရတတ်၏။ လက်အောက်ငယ်သားကို သတိထားပါ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ စက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း အကျိုးပေးမှုရှိမည်။ လုပ်ငန်းအဆင်ပြေပြီး အကြံအစည် ဖြောင့်ဖြူးအောင်မြင်မှုရှိမည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ခရီးတိုထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

အလုပ် အကြံအစည် အောင်မြင်သဖြင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာများအား မမေ့ကောင်း။ ကျေးဇူးပေးဆပ် ပြန်လည်ကျွေးပါ။ သို့မဟုတ် ကံပြန်နိမ့်ကျဖွယ်ရှိမည်။ သတိနှင့်ဆင်ခြင်ပါ။ ခရီးဝေးရှောင်ပါ။ အသက်ဘေးအန္တရာယ်များလှ၏။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကုန်သည်၊ စီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်လျှင် အကျိုးပေးမှုရှိမည်။ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း လစာတိုး၊ ရာထူးတိုးဖွယ်ရှိ၏။ အထက်လူကြီးသဘောကျရလေအောင် ရိုးသားကြိုးစားလုပ်ပါလေ။

## ရှောင်ကြဉ်ရန်အချက်များ

အလုပ်ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ခြင်းကြောင့် ဖျားနာလိမ့်မည်။ အအေးမိ နာဖျားရပါလိမ့်မည်။ အအေးမခံပါနှင့်။ ရေနွေးဖြင့် ရေချိုးပေး၊ နားနားနေနေ နေပေးပါ။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း အလုပ်သစ်လျှောက်ပါ။ ရာထူးတိုး၊ လစာတိုးဖွယ်ရှိ၏။ စီးပွားရေးလုပ်ငန်းရှင်များအဖို့ အလုပ်အကြံအစည် အောင်မြင်တိုးတက်မှုရှိမည်။ ငွေရင်းနှီးမြှုပ်နှံပါ။ အကျိုးဖြစ်ထွန်းမှုများ ရရှိပါလိမ့်မည်။ နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားခရီးသွားမှု အကျိုးများရှိ၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ရေကြောင်းခရီးရှောင်ပါ။ လှေ၊ သင်္ဘောစီးလျှင် သတိထားဆင်ခြင်ပါ။ ရေဘေးသတိထားပါ။ အစားအသောက်အနေအထိုင် ကျန်းမာရေး ဂရုစိုက်ပါ။ အစားများအသောက်များတတ်၏။ ဖဲ၊ လောင်းကစားမှု ကျပ်ကျပ်ရှောင်နိုင်မှ တော်ရုံကျမည်။ သတိကြီးစွာထားပါ။ မိဘ၊ ဆရာ၊ ကျေးဇူးရှင်များအား မမေ့ကောင်းပါ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-*

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆ ခုနှစ်၊ တရုတ်ဗေဒင်ဆရာကြီး မစ္စတာကြင်း(လီကော့ကျူ)၊ Hong Kong (China)



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက်ကောင်းသောရက်

## ၂၀၁၇ ခုနှစ်၊ မတ်လအတွက်

နွယ်သာကီအောင်

နွေမိန်တပေါင်း နေရှိန်လောင်း၍၊ ရွက်ဟောင်းကြွေကျ၊ မြေမှာစသော ကာလရာသီသို့ ရောက်ရှိခဲ့ပြန်ပါပြီ။ နေ့ဆိုလျှင် ပူမည်၊ ညဆိုလျှင် ချမ်းမည်။ လေရူးကလည်း ဟိုဝှေ့သည်ဝိုက်ဖြင့် သရမ်းချင်တိုင်း သရမ်းပေဦးတော့မည်။

ပွင့်လင်းသော ရာသီကာလ အခါသမယ၌ ဓမ္မမြို့တွင်း တောလုံးလင်းကာ လောကီလူသားများအဖို့ ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ကြိုးဆလုပ်ကိုင်နေကြပေသည်။ ဤတွင် နေ့ကောင်းရက်သာများ ရွေးချယ်၍ လုပ်ကိုင်ပါက အလုတွင် အယဉ်ဆင့်သည့်ပမာ သာယာလှပ ပြည့်စုံကြွယ်ဝခြင်း အကျိုးဆက်များ တွေ့ကြုံခံစားကြရပေလိမ့်မည်။ သည့်အတွက် ကောင်းသောရက်များကို ရွေးချယ်ပေးလိုက်ပါသည်။

၁။ နေအိမ်ဝယ်ယူရန်

မတ်လ (၂)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၈)၊ (၂၉) စသောရက်များသည် နေအိမ်ဝယ်ရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၂။ ကား/ယာဉ်ဝယ်ယူရန်

မတ်လ (၈)၊ (၁၆)၊ (၂၄)၊ (၂၆) စသောရက်များသည် ကား/ယာဉ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ငါးဖမ်းရန်

မတ်လ (၈)၊ (၂၆) စသော ရက်များသည် ငါးဖမ်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ရွှေတွင်း/ကျောက်တွင်း တူးရန်

မတ်လ (၂)၊ (၅)၊ (၁၁)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် ရွှေ/ကျောက်တူးရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၅။ ယှဉ်ပြိုင်ကစားများ ဆောင်ရွက်ရန်

မတ်လ (၂)၊ (၅)၊ (၈)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၉) စသောရက်များသည် ယှဉ်ပြိုင်ကစားများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ ကျောင်း/အိမ် ဆောက်လုပ်ရန်

မတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်း/အိမ်ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ ပဥ္စင်းခံ/ရှင်ပြု/နားသမင်္ဂလာ ကျင်းပရန်**

မတ်လ (၄)၊ (၈)၊ (၁၂)၊ (၁၃)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည် ပဥ္စင်းခံ/ရှင်ပြု/နားသမင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

မတ်လ (၂)၊ (၅)၊ (၁၃)၊ (၁၈)၊ (၂၄)၊ (၂၉) စသောရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ အမည်ပေး/ဆိုင်းဘုတ်တင်ရန်**

မတ်လ (၈)၊ (၁၀)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၂)၊ (၂၅)၊ (၂၉)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ လက်ထပ်မင်္ဂလာကျင်းပရန်**

မတ်လ (၅)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၈)၊ (၂၄)၊ (၂၉) စသောရက်များသည် လောကီရေးရာဖြစ်သော လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ ခရီးသွားရန်**

မတ်လ (၂) (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၂။ လယ်ထွန်မင်္ဂလာကျင်းပရန်**

မတ်လ (၄) (၅)၊ (၈)၊ (၁၀)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ အရောင်းအဝယ်လုပ်ကိုင်ရန်**

မတ်လ (၄) (၅)၊ (၈)၊ (၁၀)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည် အရောင်းအဝယ်ကိစ္စများလုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ သီးနှံမျိုးစေ့ကြဲရန်**

မတ်လ (၄) (၅)၊ (၈)၊ (၁၀)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည် သီးနှံမျိုးစေ့များကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ ရေတွင်းရေကန် တူးဖော်ရန်**

မတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၇) စသောရက်များသည် ရေတွင်းရေကန် တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ ပညာသင်ကြားရန်**

မတ်လ (၄) (၈)၊ (၁၆)၊ (၁၈)၊ (၂၄)၊ (၂၉)၊ (၃၀) စသောရက်များသည် အတတ်ပညာများသင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

**၁၇။ မင်္ဂလာအခါပေးရန်**

မတ်လ (၂)၊ (၃)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၉)၊ (၃၀)၊ (၃၁) စသောရက်များသည် မင်္ဂလာအခါပေးဖို့ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နှယ်သာကီအောင်

www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၇ ခုနှစ်၊ မတ်လအတွက်

**နေမျိုးထွင့်ခေါင်**

၁။ မတ်လ (၃)၊ (၁၂)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ မတ်လ (၄)၊ (၈)၊ (၁၃)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် "**ဘဒြာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ မတ်လ (၅)၊ (၉)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ [illegible]ခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ မတ်လ (၁)၊ (၆)၊ (၁၀)၊ (၁၆)၊ (၂၁)၊ (၂၆) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လေ့ကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ မတ်လ (၂)၊ (၇)၊ (၁၁)၊ (၁၇)၊ (၂၂)၊ (၂၇)၊ (၃၁) စသောရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဥ္စင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ မတ်လ (၅)၊ (၆)၊ (၂၉) ရက်သည် "**အမြိတ္တစုတ်**"တွင် ကျရောက်၏။ ထိုရက်၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ မတ်လ (၁)၊ (၅)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၆)၊ (၃၁) စသောရက်များသည် "**ရက်ရာဇာ**"တွင်ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ ဆောင်ရွက်ပါက အလုံးစုံ ပြီးမြောက်နိုင်ပြီးနာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

**နေမျိုးထွင့်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၇ ခုနှစ်၊ မတ်လအတွက်

■ မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

မတ်လ (၄)၊ (၅)၊ (၆)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

မတ်လ (၄)၊ (၅)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

မတ်လ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

မတ်လ (၇)၊ (၈)၊ (၁၀)၊ (၁၃)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

မတ်လ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၅)၊ (၂၁)၊ (၂၂)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

မတ်လ (၆)၊ (၇)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၈)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

မတ်လ (၅)၊ (၆)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

မတ်လ (၇)၊ (၈)၊ (၁၀)၊ (၁၃)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

သို့ဖြစ်၍ ဖွန်လအတွင်း၌ မိမိတို့ မွေးနံနှင့် ကံအားလျော်ညီစွာ ရက်ကောင်းများကို ရွေးချယ်လျက် တိုးတက်ကြီးပွားအောင် ကြိုးစားလုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

■ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွှားအတွက် ကံဇာတာ

## ၂၀၁၇ ခုနှစ်၊ မတ်လအတွက်

■ ဆရာမိုးဟန်ကြွယ်

ရပ်ဝေးမှ မောင်နှမသားချင်းများ ရောက်ရှိလာတတ်သည်။ အဆိပ်ရှိသော သတ္တဝါ၏ ဒုက္ခပေးမှုကိုလည်း ကြုံရတတ်သည်။ ဆန့်ကျင်ဘက်လိင်ကြောင့် မျက်နှာပျက်ရကိန်းများ ကြုံတွေ့ရလိမ့်ဦးမည်။ မြေအောက်သယံဇာတများ မမျှော်လင့်ဘဲ ဝင်လာတတ်သည်။ ကုန်ရောင်းကုန်ဝယ် လုပ်လိုသူများအဖို့ ကြေးအပါအဝင် သံထည်ပစ္စည်း အမျိုးမျိုးတို့ကို ဝယ်ယူ၍ တစ်လကျော်ကြာမှ ရောင်းချလျှင် အမြတ်အစွန်းများ ရရှိလာတတ်ပါသည်။ သစ်သီးဝလံ၊ ကျောက်သံပတ္တမြား၊ မုန့်၊ ဖန်ခွက်များ၊ ပလတ်စတစ်ပစ္စည်းများ၊ ရာဘာပစ္စည်းများ၊ ပိုးချည်၊ ကြံ၊ ကြံသကာ၊ ဓာတ်ဆီ၊ ပန်းပု၊ ပန်းချီ၊ တူရိယာပစ္စည်းများ၊ နာရီ၊ ဦးထုပ်၊ ဖိနပ်၊ အိတ်အမျိုးမျိုး၊ ကြိမ်နှင့် ကြိမ်ထွက်ပစ္စည်းများ၊ ရေမွှေးနံ့သာများ၊ အမွှေးဆပ်ပြာ၊ ပေါင်ဒါ၊ မိတ်ကပ်များမှာမူ အကျိုးအမြတ် အနည်းငယ်သာ ရရှိပါလိမ့်မည်။ ပဲ၊ ပြောင်း၊ စပါး စသည်တို့ကို ဝယ်ယူသိုလှောင်ထားသူများအနေဖြင့် အမြတ်အစွန်းများစွာ ရရှိပါလိမ့်မည်။

ဖခင်နှင့်ပတ်သက်၍ အမွေအနှစ်များ ရရှိခံစားရတတ်ပါသည်။ ဆီး၊ အစာအိမ်တို့နှင့် ပတ်သက်သော ရောဂါဝေဒနာများအား ဂရုစိုက်ပေးဖို့ လိုပါလိမ့်မည်။ ခရီးသွားလာခြင်းမှ မမျှော်လင့်ဘဲ အထက်လူကြီးများနှင့်သော်လည်းကောင်း၊ အဆင့်တူများနှင့်သော်လည်းကောင်း၊ လက်အောက်ငယ်သားများနှင့်သော်လည်းကောင်း စကားကတောက်ကဆ ပြောဆိုခြင်းများ ကြုံရတတ်သည်။ မမျှော်လင့်ဘဲနှင့် နိုင်ငံခြားခရီးတစ်ခု ထွက်ရတတ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းတစ်ခုမှ ငွေကြေးများကို အစုလိုက်၊ အပုံလိုက် ရရှိတတ်ပါသည်။ နေအိမ်၊ လက်ဝတ်ရတနာပစ္စည်းများ မမျှော်လင့်ဘဲ ထွက်တတ်သည်ကို သတိပြုပါ။ ကံငါးပါးကို လုံခြုံအောင် ထိန်းချုပ်ပါ။

ပျိုရွယ်သူများအနေနှင့် ချစ်ရေးချစ်ရာ ကိစ္စရပ်များ၌ ကံခေနေလိမ့်ဦးမည်။ အိမ်ထောင်ရှင်များအဖို့မူ အိမ်ထောင်ဘက်၏ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုများ ကြုံရတတ်သည်။ ရွှေငွေရတနာပစ္စည်းများ ရောင်းဝယ်ပါက အကျိုးခံစားရတတ်သည်။ လက်ရှိနေရာမှ ပြောင်းရွှေ့ရခြင်းမျိုးနှင့်လည်း ကြုံရတတ်သည်။ အိုးသစ်၊ အိမ်သစ်များ ဝင်လာတတ်ပါသည်။ အပျော်ခရီးစဉ်များ ထွက်ရတတ်သည်။ သင့်တင့်ရုံ ပျော်ပါ။ လွန်ကျူးသော အပျော်ကိစ္စများကို ရှောင်ကြဉ်ပါ။ လူလိမ်လူညာများကို လူယုံအဖြစ် သတ်မှတ်မိသဖြင့် ငွေကြေးဆုံးရှုံးခြင်းများနှင့် ကြုံရတတ်သည်။ လုပ်ငန်းသစ်များ တိုးချဲ့ရတတ်သည်။ သွေးသားနှင့်ပတ်သက်သော ရောဂါ၊ မူးဝေသောရောဂါများ ဝင်ရောက်လာတတ်သည်။ ဥတုကြောင့်ဖြစ်သော ရောဂါများကို သတိပြုပါ။ သားသမီးများနှင့် ပတ်သက်၍ ငွေအစုလိုက် အပြုံလိုက် ရရှိကိန်းရှိသည်။ ငွေဝင်လာက ကျန်းမာရေး ညံ့တတ်၏။ ဘာသာရေးလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ပေးပါ။

***ယတြာပြုလုပ်လိုပါက*** သောက်ရေအိုးတစ်လုံးအား ဘုန်းကြီးကျောင်းသို့ သွားရောက်လှူဒါန်းပေးပါ။

**ဆရာမိုးဟန်ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၇ ခုနှစ်၊ မတ်လအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီ ကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာမရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ မတ်လ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉) ကျရောက်သော ရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ မတ်လ (၈)၊ (၂၅)၊ (၂၇) ကျရောက်သော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ မတ်လ (၂)၊ (၅)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၇) ကျရောက်သော ရက်များ၌ ထွန်ယက်ခြင်းစိုက်ပျိုး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင် ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊အမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။


၄။ မတ်လ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉) ကျရောက်သောရက်များသည် သီးနှံများ မျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော ရွှေသော့ကလေး

မင်းသိခ်

မောင်မောင်မြင့်အေးသည် ကျွန်ုပ်အား လောကီပညာရပ်နှင့် ပတ်သက်သော ပညာများ တစ်ခုပြီးတစ်ခု မေးနေလေ၏။ ကျွန်ုပ်သည် သိမှတ်သမျှ ဖြေဆိုနေလေ၏။

မောင်မောင်မြင့်အေးက . . .

"ဒီလိုဆရာရဲ့၊ ကျွန်တော့်ကလေးတွေ စာမေးပွဲဖြေခါနီးမှာ စာမေးပွဲကို စိုးရိမ်နေတတ်ကြတယ်။ အဲဒါကြောင့် ဆရာ့ဆီရောက်တဲ့အခါ အဆောင်တောင်းခဲ့ပါလို့ ပူဆာနေတယ်။ အဲဒါလေး ကူညီပါဦးဆရာ"

"ငါတို့ မြန်မာပညာရပ်တွေမှာတော့ စာမေးပွဲအောင်တဲ့အဆောင်ရယ်လို့ သီးခြားမရှိပါဘူး။ အစစအရာရာ ကံကောင်းအောင်လုပ်ပေးတဲ့ အဆောင်တွေရှိပါတယ်။ အစစအရာရာ ကံကောင်းတဲ့အထဲမှာလည်း စာမေးပွဲလည်း ပါသွားတာပေါ့ကွာ။ ဒါပေမယ့် အနောက်တိုင်း လောကီပညာရှင်တွေကတော့ (ဂိုးလ်ဒင်းကီး)လို့ခေါ်တယ်။ တစ်ချို့ကလည်း (မာကျူရီရယ်လ်ကီး)လို့ ခေါ်တဲ့ စာမေးပွဲအတွက် အဆောင်တံဆိပ်တွေရှိတယ်ကွ။

မင်းတို့ငါတို့ အသုံးပြုနေတဲ့ သော့တံဟာ ကွင်းကလေးကို အပေါ်ထားပြီး အတံကလေးကို အောက်စိုက်ကြည့်လိုက်ရင် နက္ခတ်ဗေဒင်မှာအသုံးပြုတဲ့ ဗုဒ္ဓဟူးဂြိုဟ်ရဲ့ အမှတ်တံဆိပ်နဲ့တူတယ်။ ဒါကြောင့် သော့တံပုံကလေးနဲ့ ထားတဲ့ ပညာရေးအဆောင်ကို တချို့က (မာကျူရီရယ်လ်ကီး) ဗုဒ္ဓဟူးဂြိုဟ်သော့လို့ ခေါ်တယ်။ အဲဒီအဆောင်တံဆိပ်ကလေးကို ငါအသုံးပြုခဲ့တာ ကြာပြီကွ။

၁၉၆၂ ခုနှစ်ထုတ်၊ အမှတ်(၅)၊ အတွဲ(၂၈)၊ ပရီဒစ်ရှင်းခေါ်တဲ့ မဂ္ဂဇင်းစာမျက်နှာ (၉၆)မှာပါတဲ့ ဆောင်းပါးရှင် မယ်ဒယ်လိုင်းမွန်တာဗင်ရေးတဲ့ အဆောင်လက်ဖွဲ့ ဘယ်လိုရွေးချယ်မလဲဆိုတဲ့ ဆောင်းပါးမှာပါတဲ့ အထောက်အထားပဲ အလွယ်တကူရှိတယ်။

သော့တံ တံဆိပ်အဆောင်ကလေးဟာ ပီယဘက်မှာလည်း မစွမ်းဘူး။ နေဘက်မှာလည်း မစွမ်းဘူး။ အာရောဂျဘက်မှာလည်း မစွမ်းဘူး။ စိတ်နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေမှာ စွမ်းတယ်။ အထူးသဖြင့် ဗုဒ္ဓဟူးဂြိုဟ်ရဲ့ ပတ်သက်တဲ့ စာပေရေးသားခြင်း၊ ဖြေဆိုခြင်းတွေမှာသာ အစွမ်းပြလိမ့်မယ်ဆိုတဲ့ အနက်အဓိပ္ပာယ်မျိုးရတယ်။

ငါ ဗေဒင်ဆရာလုပ်တဲ့ သက်တမ်းတစ်လျှောက်မှာ စာမေးပွဲနားနီးရင် အဲဒီအဆောင်ကလေးတွေ လာလာတောင်းကြတယ်။ ဟိုတုန်းက အခုလို ဖိုတိုစတက် မပေါ်သေးဘူးကွ။ အဲဒါကြောင့် အဲဒီပုံကလေးကို ဓာတ်ပုံရိုက်ပြီး ပေးရတယ်ပေါ့။ အဲဒီပုံလေးရသွားတဲ့ ကလေးတွေကတော့ အကျိုးထူးတယ်လို့ လာပြီးပြောကြတာပဲ။ အောင်စာရင်းထွက်တဲ့အခါ ငါ့အိမ်မှာ သကြားတွေ၊ နို့ဆီတွေ၊ မုန့်ပုံးတွေ ပြည့်နေကြတာပဲ"

ဟု ပြောဆိုကာ အားရပါးရ ရယ်လိုက်လေတော့သတည်း။

သဗ္ဗေသတ္တာကမ္မဿကာ

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com

# နေထွက်မီးလင်း နေ့ချင်းညချင်း စီးပွားပြင်း

ရွှေပြည့်ပြည့်ကျော်

အတာကျူးသည့် လတန်ခူး၏ မင်္ဂလာနံနက်ခင်း။

နှစ်ဟောင်းကြွေ၍ နှစ်သစ်ကို ကြိုနေသော မင်္ဂလာအခါသမယမှာ မနက်စောစောက ရွာထားသော မိုးကြောင့် အိမ်ရှေ့ခြံထဲရှိ ပိတောက်ပင်သည် စိမ်းလန်းညို့မှောင်နေလေသည်။ မိုးကို မျှော်နေသော ပိတောက်ပန်းကလေးတွေသည်လည်း မိုးရေထိသွားပြီဖြစ်သဖြင့် အားရဝမ်းသာစွာ ဖူးရာမှ ပွင့်အာ၍ လာကြလေသည်။ ထိုအချိန်တွင် အရှေ့ဘက်ဆီမှာ ထွက်ပြူစနေမင်းကြီးသည် ပင်လုံးညွတ်မျှ ဝေဆာနေသော ပိတောက်ပင်အိုထက်ဆီသို့ ရွှေဝါရောင် နေခြည်ရည်များ ဖျန်းပက်လိုက်လေသည်။ နဂိုကမှ ငိုချင်ရက် လက်တို့ ဆိုသလို ဖြစ်နေသော ပိတောက်ပန်းကလေးတွေသည် အလုတွင် အယဉ်ဆင့်ကာ အသွင်တင့်သွားလေတော့သည်။

ထိုစဉ် . . .

ပိတောက်ပင်အိုထက် သစ်ရွက်သစ်ခက်ကြားမှ လက်ကျန်ပုန်းကွယ်နေကြသော ပိတောက်ဖူးလေးများသည်လည်း နေမင်းကြီးမှ ပေးပို့လွှတ်လိုက်သော နေခြည်ရည်များကို သူ့ထက်ငါ အပြိုင်အဆိုင် အနိုင်လုယက်ယူငင်သောက်ဆုံးကြလေသည်။ သောက်သုံးမိသော ပိတောက်ဖူးလေးများသည် အားအင်ပြည့်ဖြိုးအလှတိုးကာ လန်းဆန်းတက်ကြွ လှသွေးကြွယ်လျက် ရှိနေပြန်လေသည်။

"ဆရာရေ . . . ဆရာ"

အိမ်ရှေ့ခြံဝမှ တရင်းတနှီးဖြင့် တကြော်ကြော်အော်ခေါ်နေသော ရပ်ကွက်ထဲမှ မြမောင်ဆိုသော လူငယ်လေးသည် ပိတောက်ပန်းတွေ တပွေ့တပိုက်ဖြင့် အော်လည်းအော်၊ ခေါ်လည်းခေါ်လျက် ခြံတံခါးကို တိုးဖွင့်ပြီး အိမ်ခြံဝန်းအတွင်းသို့ ဝင်လာခဲ့လေပြီ။

"မောင်မြမောင် . . . လာလေ ဒီမှာထိုင်"

ကျွန်တော်သည် မောင်မြမောင်ကို ထိုင်ခုံရှိရာနေရာသို့ ညွှန်ပြရင်း –

"မင်းကလည်းကွာ၊ ပိတောက်ပန်းတွေ များလှချည်လား၊ ရောင်းဖို့လား"

"ဟာ . . . ဆရာ မဟုတ်ရပါဘူး။ ဆရာက မနက်တိုင်း မနက်တိုင်း ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့တွေ ရွတ်ဖတ်သရဇ္ဈာယ်နေတော့ ကျွန်တော့်ခြံထဲက ဦးဦးဖျားဖျားပွင့်တဲ့ ပိတောက်ပန်းတွေမှ ဆရာ့ကို အရင်ဆုံး ဘုရားတင်လှူဖို့ လာကန်တော့တာပါ။ ဆရာလိုသလောက်ယူပါ"

"အေး . . . အေး . . . ကောင်းတယ်၊ ကောင်းတယ်။ သာဓု သာဓု သာဓုပါဗျာ။ မင်းလည်း ကုသိုလ်ရငါလည်း ကုသိုလ် ရတာပေါ့ကွာ ကဲ . . . ကဲ ပေးပေး"

ကျွန်တော်သည် မောင်မြမောင် ပေးလာသော ပိတောက်ပန်းတချို့ကို ချိုးဖဲ့ရွေးဆေးပြီး ဘုရားစင်ပေါ်ရှိ ပန်းအိုးများဆီသို့ ခွဲဝေကာ စိုက်လှူလိုက်လေတော့သည်။ ပြီးမှ စင်ပေါ်မှ အမွှေးတိုင်နှင့် ဖယောင်းတိုင်တွေကို လှမ်းယူလိုက်စဉ် –

"ဆရာ . . . ဆရာ့လက်ထဲက အမွှေးတိုင်တွေနဲ့ ဖယောင်းတိုင်တွေက"

မောင်မြမောင်ဆိုသော လူငယ်ကလေးက ကျွန်တော့်ကို မေးလေသည်။

"အဲဒါတွေက ဘုရားကိုလည်း ပူဇော်၊ သူရဿတီနေမင်းကြီးကိုလည်း ဦးတိုက်ဖို့အတွက် မီးလည်းပူဇော်၊ အမွှေးတိုင်လည်း ထွန်းဖို့ပါ။ အခုတောင် အချိန်က ကပ်နေပြီ"

"ဆရာကလည်း ဘုရားပူဇော်တာ ဘယ်အချိန် ပူဇော် ပူဇော် ရတာပဲမဟုတ်လားဆရာရဲ့။ ဘုရားက မပြောပါဘူး"

"ဟကောင်ရ . . . အဲသည်လိုမပြောရဘူး သူ့လနဲ့



www.burmeseclassic.com

www.burmeseclassic.com

သူ့အချိန်တွေမှာ နေထွက်တာကြည့်ပြီး ဘုရားမှာ **မီးပူဇော်ဖို့** ရှေးဆရာကြီးများက ဂမ္ဘီရအစီအစဉ်တွေ ရေးထားတာရှိတယ်ကွ။ အဲဒီအချိန်တွေမှာ မီးထွန်းပူဇော်တော့ ကိုယ်လို ချင်တောင့်တတဲ့ ဆုတွေထိလည်းထိရောက်တယ်။ အကျိုး အာနိသင်လည်းပိုရတယ်။ ကဲ ... ကဲ ... မင်းခဏစောင့်၊ အချိန်ရှိတုန်း ဆရာ ဘုရားမီးပူဇော်ပြီး အမွှေးတိုင်ထွန်း လိုက်ဦးမယ်''

ပြောပြောဆိုဆိုဖြင့် ကျွန်တော်သည် အချိန်မီရန် အတွက် စားပွဲပေါ်မှ နာရီကိုကြည့်ရင်း ဗုဒ္ဓမြတ်ဘုရားရှင် အား ရည်မှန်းပြီး ဂျင်းတစ်တက်ပေါ်တွင် ဖယောင်းတိုင် နှင့် အမွှေးတိုင်များကို မီးထွန်းပူဇော်လိုက်လေသည်။ ပြီး သည်နှင့် ဘုရားဝတ်တက်ရန် ခန္ဓာငါးပါးအပ်ပြီး ငါးပါး သီလခံယူကာ နေမင်းကြီးကို ပူဇော်သော နေနတ်သား ဂါထာကို ရွတ်လေသည်။

**တထာဂတံ အရဟန္တံ**
**(သူရိယော) သရဏံ ဂတော**
**ရာဟု (သူရိယံ) ပမုဉ္စဿု**
**ဗုဒ္ဓါ–လောကနု ကမ္ပတာ**

လို့ ဟောထားတယ်ကွ၊

အနက်အဓိပ္ပာယ်ကတော့

**သူရိယ** – နေမင်းကြီးသည်၊ **အရဟန္တံ** – ပူဇော် အထူးကိုခံယူတော်မူထိုက်သော၊ **တထာဂတံ**–မြတ်စွာ ဘုရားကို၊ **သရဏံ** – ကိုးကွယ်ရာဟူ၍၊ **ဂတော** – ဆည်း ကပ်ပါ၏။ **ရာဟု** **(သူရိယံ)** – သူရိယနေမင်းကြီးကို၊ **ပမုဉ္စဿု** – လွှတ်လိုက်ပါလော့၊ **ဗုဒ္ဓေါ** – မြတ်စွာဘုရား သည်၊ **လောကကာနုကမ္ပတာ** – လောကကို အစဉ်စောင့် ရှောက်တော်မူပါပေ၏။

ကျွန်တော်သည် ဗုဒ္ဓမြတ်စွာဘုရားနှင့်တကွ သူရိယ နေမင်းကြီးကို ပူဇော်သော နေနတ်သားဂါထာတော်ကို ရွတ်ပြီးတာနဲ့ အမျှဝေမေတ္တာပို့ခြင်းမှုတွေကိုလည်း လုပ် ဆောင်ပြီးသွားသည်ကို အစမှ အဆုံးတိုင် ကြည့်ရှုပြီး စောင့် နေသော မောင်မြမောင်သည် –

"ဆရာ ... ခုန ကျွန်တော့်ကို ခဏစောင့်ဆိုတာ ကျွန်တော့်ကို ခိုင်းမလို့လားဟင်''

"အော် ... အေး ... အေး။ မင်းကို ဆရာရှင်းပြဖို့ စောင့်ခိုင်းတာပါကွ''

"ဟုတ်ကဲ့ ပြောပါဆရာ''

"ဒီလို မောင်မြမောင်ရေ''

ကျွန်တော်က စားပွဲပေါ်ရှိ ဓာတ်ဘူးထဲမှ ရေနွေးကို ပန်းကန်လုံးထဲသို့ ငှဲ့ထည့်ရင်း နှုတ်အာရှင်းသွားအောင် သောက်လိုက်လေသည်။ ပြီးမှ –

"ရှေးဘိုးဘွား၊ ဘိုးဘင်ဆရာ့ ဆရာကြီးတွေက မင်း တို့ ငါတို့ လူတွေ စီးပွားတက်စေဖို့အတွက် ဆင့်ကဲ ဆင့်ကဲ အခါပေးလာတဲ့ နည်းတွေအများကြီးထဲက –

"နေထွက် မီးလင်း၊ နေ့ချင်းညချင်း စီးပွားပြင်း'' ဆိုတဲ့ စီးပွားတက်စေတဲ့ ဘုရားမီးပူဇော်တဲ့ နည်းတစ်နည်း ပဲကွ။ အဲဒါမင်းကို ပြောဖို့ခဏစောင့်ခိုင်းထားတာပဲ။ ဆရာ ဘုရားရှိခိုးတုန်းက ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ဂါထာတော်က တို့ဗုဒ္ဓမြတ်စွာဘုရားရဲ့ နှုတ်ခပါတ်တော်မှ ထွက်တော်မူတဲ့ နေနတ်သားအတွက် မိန့်ကြားတော်မူသော ဂါထာတော်ဖြစ် တယ်ကွ၊ မီးပူဇော်ဖို့အတွက် လစဉ်လတိုင်း နေထွက်တဲ့ အချိန်ဇယားလက်ာကတော့ –

**ကူး – သောင်း – နေး – တုန်**
**ဆုန် – ပေါ် – မိ – နှင်း**
**ယုန် – မင်း – လှ – ပန်း**
**ဆို – ပြန် – ဆယ် – ထပ်**
**ခေါင် – မြတ် – လည် – တို**
**တော် – ဖြို – ပြန် – နက်**
**ကျွတ် – ဟိန်း – ထွက် – တင်**
**မုန်း – သက် – အောင် – ထိပ်**
**နတ် – သား – ချိပ် – တီး**
**သို – သိပ် – စို – နှံ**
**တွဲ – သန်း – ခေါင် – တွင်**
**ပေါင်း – သင်း – အင်း – ထွေ**

လို့ဆိုထားတယ်ကွ။

၁။ ကူး – သောင်း – နေး – တုန် ဆိုတာက တန်ခူးလမှာ မနက် ၆း၀၀ နာရီနဲ့ ၀ မိနစ် ၀ စက္ကန့်မှာ နေစထွက်တာ။

၂။ ဆုန် – ပေါ် – မိ – နှင်း ဆိုတာက ကဆုန်လ မှာ မနက် ၅း၀၀ နာရီနဲ့ ၅၀ မိနစ် ၀ စက္ကန့်မှာ နေစထွက် တာ။

၃။ ယုန် – မင်း – လှ – ပန်း ဆိုတာက နယုန်



www.burmeseclassic.com

www.burmeseclassic.com

လမှာ မနက် ၅း၀၀ နာရီနဲ့ ၄ မိနစ် ၅ စက္ကန့်မှာ နေစထွက်တာ။

၄။ ဆို – ပြန် – ဆယ် – ထပ် ဆိုတာက ဝါဆိုလမှာ မနက် ၅း၀၀ နာရီနဲ့ ၃ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

၅။ ခေါင် – မြတ် – လည် – တို ဆိုတာက ဝါခေါင်လမှာ မနက် ၅း၀၀ နာရီနဲ့ ၄ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

၆။ တော် – ပြို – ပြန် – နက် ဆိုတာက တော်သလင်းလမှာ မနက် ၅း၀၀ နာရီနဲ့ ၅ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

၇။ ကျွတ် – ဟိန်း – ထွက် – တင် ဆိုတာက သီတင်းကျွတ်လမှာ မနက် ၆း၀၀ နာရီနဲ့ ၇ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

၈။ မုန်း – သက် – အောင် – ထိပ် ဆိုတာက တန်ဆောင်မုန်းလမှာ မနက် ၆း၀၀ နာရီနဲ့ပ ၁ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

၉။ နတ် – သား – ချိပ် – တီး ဆိုတာက နတ်တော်လမှာ မနက် ၆း၀၀ နာရီနဲ့ ၂ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

၁၀။ သို – သိပ် – စို – နှံ့ ဆိုတာက ပြာသိုလမှာ မနက် ၆း၀၀ နာရီနဲ့ ၃ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

၁၁။ တွဲ – သန်း – ခေါင် – တွင် ဆိုတာက တပို့တွဲလမှာ မနက် ၆း၀ နာရီနဲ့ ၂ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

၁၂။ ပေါင်း – သင်း – အင်း – ထွေ ဆိုတာက တပေါင်းလမှာ မနက် ၆း၀၀ နာရီနဲ့ ၁ မိနစ် ၇ စက္ကန့်မှာ နေစထွက်တာ။

"အဲဒီ လတိုင်း လတိုင်းရဲ့ အချိန်တွေမှာ ဆရာတို့ မိသားစုဟာ အိမ်ရှိဗုဒ္ဓမြတ်စွာဘုရားကိုပဲဖြစ်ဖြစ် ဘုရားစေတီမှာပဲဖြစ်ဖြစ် နေနတ်သားဂါထာတော်ကို ရွတ်ဖတ်ပြီး ဂျင်းတစ်တက်ပေါ်မှာ ဖယောင်းတိုင်၊ အမွှေးတိုင် မီးထွန်းပူဇော်ခဲ့ရင် နေ့ချင်းညချင်း စီးပွားတက်မြန်တာကို ပြောတာကွ။ ရှေးဆရာကြီးတွေရဲ့ ယူဆပုံ ယူဆနည်းလေးတွေက စနေမှာ သုညချလျက် ကြွင်းသမျှကို နံသင့်အဆိုသည့် (ဗဟို – နေထွက်နာရီတည်း)လို့ လင်္ကာလေးက ဆိုထားပြန်သေးတယ်။ ဒါက နေထွက်ချိန်ကိုပြောတာ။ ဒါ့အပြင် နာရီဗဟို၊ နောက်ဆုတ်ဆိုသည့် အရှက်အချိန်တည်းလို့ ထပ်ပြီးဆိုပြန်ရော။ ဒါက နေ့စဉ် နေထွက်အချိန်မရောက်ခင် ကာလအချိန်ကို အရှက်အချိန်လို့ ဆိုထားပြန်တယ်။ နောက်ပြီးတော့ ထပ်ရှင်း ပြရရင် –

**ကူးဆိုတာက – တန်ခူးလ**

**သောင်ဆိုတာက – ၆း၀၀ နာရီ**

**နှေးဆိုတာက – ၀ မိနစ်**

**တုန်ဆိုတာက – ၀ စက္ကန့်**

လို့ ခေါ်ဝေါ်ပုံတွေက ဒီလိုညွှန်ပြထားပြန်တယ်။ ရှင်းကောရှင်းရဲ့လား မရှင်းရင် ငါ့ကိုထပ်မေး"

"ရှင်းပါတယ်ဆရာ။ နေထွက်မီးလင်း နေ့ချင်းညချင်း စီးပွားပြင်း ဆိုတာတော့ ဟုတ်ပါပြီ။ နေဝင်တာကိုလည်း ရှင်းပြပါဦးဆရာရဲ့"

"အေးလေ … တစ်ကန့်ရှင်းသွားရင်တော့ နောက်တစ်ကန့်လည်း ရှင်းပြရတာပေါ့။ အမေးရှိရင် အဖြေရှိရမယ်လေ။ ဆရာ ရုံးတက်သွားရဦးမယ်ကွ။ အချိန်က မရဘူး။ ညကျမှပဲ မင်းငါ့ဆီလာခဲ့။ နေဝင်းမီးလက် စီးပွားတက်ဆိုတဲ့ အကြောင်း ထပ်ရှင်းပြဦးမယ်။ မင်းသာ ဆက်ဆက်လာခဲ့တော့"

"ဟုတ်ကဲ့ဆရာ၊ ဆရာ့ဆီ လာရင် ဉာဏ်ပညာတစ်ခု ခုတိုးတာ အမှန်ပဲ။ လာခဲ့မယ်ဆရာရေ။ လာခဲ့မယ်။ ကျွန်တော် ပြန်တော့မယ်နော်"

"အေး … အေး၊ မင်္ဂလာပါ မောင်မြင့်မောင်"


"မင်္ဂလာပါဆရာ"

ဒေါမင်မြမောင်ဆိုသော လူငယ်လေးသည် ကျွန်တော့်ကို နှုတ်ဆက်ရင်း ပြန်သွားလေတော့သည်။ ပြန်သွားတော့ မောင်မြမောင်၏ ကျောပြင်ကိုကြည့်ရင်း ကြည့်ရင်း ကြည့်ရင်းဖြင့် …

*ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြည့်ရှုနိုင်ကြပါစေ …*

ရွှေပြည်

www.burmeseclassic.com



# မင်္ဂလာပါ နံနက်ခင်း

ကိုမောင်သန်းဝင်း

ဘဏ်ကြီးတစ်ဘဏ်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ် တုန်းက ဝံတာဝန်တစ်ရပ်အနေနဲ့ ဆီဒိုးနားဟိုတယ်ကြီးမှာ ရက်သတ္တတစ်ပတ်လောက် နေခဲ့ရပါတယ်။

ပြောချင်တာက အဲဒီမှာနေ့စဉ်လို မနက်စောစောထ တာဝန်ကျရာ အလုပ်တွေကိုလုပ်၊ ဟိုတယ်အနှံ့လျှောက် ချင်းပေါ့လေ။ မကြားမဖြစ်ကြားနေရ၊ မပြောမဖြစ်ပြောနေရ တဲ့ စကားက 'ဂွတ်မောနင်း'ဆိုတဲ့ မင်္ဂလာစကားလေး တွေပါ။

ဟိုတယ်ဝန်ထမ်းတွေရော၊ နိုင်ငံတကာကလာ ရောက် တည်းခိုကြတဲ့ဧည့်သည်တွေပါ၊ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်တွေ့ဆုံလိုက် ကြတာနဲ့ အဲဒီလို 'မင်္ဂလာရှိသော နံနက်ခင်းပါ'လို့ ကိုယ် [illegible]တွေ ကိုင်းညွှတ်၊ တရိုတသေနဲ့ နူးညံ့သိမ်မွေ့စွာ ပြော ဆိုဆက်ဆံကြပါတယ်။ အင်မတန်မှ နားဝင်ပီယံရှိလှပါ တယ်။ တစ်နည်းအားဖြင့် တကယ့်ကို မင်္ဂလာရှိသော နံနက်ခင်းလေးတစ်ခုကို မြင်တွေ့ရခြင်းပါပဲ။

စာရေးသူဟာ မနက်စောစောထတဲ့အကျင့်ရနေ တာက အဘိုး၊ အဘွား၊ အဖေ၊ အမေတို့ရဲ့အဆုံးအမတွေ အောက်မှာ ကြီးပြင်းခဲ့ရတာမို့ပါ။

အဘိုး၊ အဘွား၊ အဖေ၊ အမေတို့ဟာ မနက်စော စော အထနိုင်းလေ့ရှိပါတယ်။ အအိပ်ပုပ်ရင် မကြိုက်ကြ ပါဘူး။ သူတို့တင်မဟုတ်ပါဘူး။ ကိုယ်စောင့်နတ်တွေကပါ မကြိုက်ကြပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်စောင့် နတ်တွေဟာ မနက်စောစောမှာ နတ်သဘင်အစည်းအဝေး ကို တက်ကြရပါသတဲ့။ အဲဒီလို မနက်စောစော နတ်သဘင် အစည်းအဝေးကို တက်ကြရတော့ အအိပ်ပုပ်တဲ့သူကို စောင့်ရတဲ့ ကိုယ်စောင့်နတ်ဟာ အစည်းအဝေးကိုတက်တာ အမြဲနောက်ကျရတာမို့ နတ်မင်းကြီးရဲ့ ဆူပူမှုကို အမြဲခံရပါ တယ်တဲ့။ အဲဒီလို အဆူအပူအကြိမ်းအမောင်းကိုခံရတာ အအိပ်ပုပ်တဲ့သူကြောင့် ဖြစ်ရတာမို့ အအိပ်ပုပ်တဲ့သူကို ကျိန်ဆဲပါသတဲ့။

ဒီတော့ အအိပ်ပုပ်တဲ့သူဟာ နေမကောင်း ထိုင်



www.burmeseclassic.com

www.burmeseclassic.com

မသာဖြစ်တာတို့ လာဘ်လာဘတိတ်တာတို့ ဒုက္ခရောက်တာတို့ ဖြစ်ပါရောတဲ့။ နောက်ပြီး တောင်းရမ်းစားသောက်ကြတဲ့သူတွေဟာ နေမြင့်အောင် အိပ်ကြပါတယ်တဲ့။ ဘာ့ကြောင့်လဲဆိုတော့ သူများတွေ ချက်ပြုတ်စားသောက်ပြီးတဲ့အချိန်ကို စောင့်ပြီးအိပ်ကြလို့ပါတဲ့။

အဲဒီလို အဘိုးအဘွား၊ အဖေအမေတို့က ဥပမာ၊ ဥပမေယျတွေ၊ ဥပါယ်တံမျဉ်တွေနဲ့ ဆိုဆုံးမခဲ့ကြပါတယ်။

ကိုယ်စောင့်နတ်ကျိန်ဆဲမှာ ကြောက်တာရယ်၊ တောင်းစားတဲ့သူမဖြစ်လိုတာရယ်ကြောင့် စာရေးသူဟာ ငယ်စဉ်ကပဲ မနက်စောစောထဖြစ်ခဲ့လို့ ဒီနေ့အထိ ကျင့်သားရနေပြီလို့ ဆိုတာပါပဲ။

ဆိုခဲ့သလို မနက်စောစောထကြရပေမယ်လို့ အလကား မနေကြရပါဘူး။ သူတို့နဲ့အတူ ဆွမ်းကပ်၊ ဆွမ်းလောင်းဖို့ ပိုင်းကူပြီးတော့ ဘုရားမှာ ဆွမ်းကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေခြင်းအမှုတွေ လုပ်ကြရပါသေးတယ်။

အဲဒီလိုနဲ့ ဆွမ်းကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ ဘုရားရှိခိုး၊ မေတ္တာသုတ်ရွတ်၊ မေတ္တာပို့၊ အမျှဝေခြင်းအမှုတွေကို နှုတ်ငုံရရှိလို့နေပြန်တာပေါ့။

စာရေးသူတို့ မိသားစုဟာ နေ့စဉ်လို ပူဇော်သက္ကာယပြုနေတဲ့ ဘုရားခန်းလေးကို ကြည်ညိုစဖွယ်ဖြစ်အောင်၊ သပ္ပာယ်စွာဖြစ်အောင် ပြုလုပ်ထားရှိပါတယ်။ ကြည်ညိုစဖွယ် ဘုရားခန်းလေးနဲ့အတူ လိုက်ဖက်အောင်လို့ အိမ်ခန်းလေးကိုလည်း အနုပညာဝါသနာဗီဇအရ နှစ်လိုစဖွယ် ပြုပြင်လို့ထားရှိပါတယ်။

ဒီတော့ အိမ်ကိုရောက်လာကြသူအပေါင်းက –

"ဟယ် ဘုရားခန်းလေးက သပ္ပာယ်လိုက်တာ၊ အိမ်ခန်းကလေးကလည်း ချစ်စရာလေး"

လို့ ချီးမွမ်းထောပနာပြုကြပါတယ်။

ဒါကြောင့်လားမသိ။ အိမ်သာတော့ ဧည့်လာဆိုသလို အိမ်မှာ ဧည့်ပြတ်တယ်ရယ်လို့ မရှိသလောက်ပါပဲ။ မိတ်ဆွေတွေလည်း တိုးပွားလို့နေပေါ့။ သူတို့လိုအပ်တာ ကိုယ်က တတ်နိုင်သလောက် အကျိုးဆောင်ပေး၊ ကိုယ်လိုအပ်တာ သူတို့က ကူညီတန်၊ ကူညီလို့ အပြန်အလှန် ကျေးဇူးတွေနဲ့ ဘဝင်ကျစရာပါ။

လေးစားဖွယ်ရာဆရာတစ်ဦးရဲ့အဆိုအရကတော့ –

"အိမ်သာတော့ ဧည့်လာရုံတင်ဘယ်ဟုတ်ပါ့မလဲ" အိမ်က ဘုရားခန်းလေးကလည်း သပ္ပာယ်စွာရှိမယ်၊ မိမိကိုယ်၌ကလည်း ဘာသာတရားကိုင်းရှိုင်းမယ်၊ ဘုရားပွဲ၊ တရားပွဲ၊ သံဃာပွဲ၊ ဘိုးတော်ပွဲတွေလည်း တတ်နိုင်သလောက် ပူဇော်ပသထားမယ်ဆိုရင်ပေါ့လေ။ မနက်စောစောမှာ သမ္မာဒေဝနတ်ကောင်း နတ်မြတ်တွေနဲ့ သူတော်ကောင်း၊ သူတော်မြတ်တွေ ဝင်ရောက်လာတတ်ကြပြီး မိမိတို့နဲ့အတူ ဘုရားဝတ်ပြု ကြည်ညိုတတ်ကြပါတယ်။ ပြီးတော့ သူတို့က အိမ်သူအိမ်သား တွေကို သာဓုအနုမောဒနာပြုလို့ ကောင်းချီးမင်္ဂလာ ပေးကြပါတယ်တဲ့။

နောက်ပြီး မိမိရဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှအတန်းပေးဝေ၊ မေတ္တာတွေပို့ခဲ့လို့ ကျွတ်လွတ်ထိုက်သူတွေလည်း ကျွတ်လွတ်ခဲ့ကြတာမို့ သူတို့ရဲ့ကျေးဇူးအထူးကို မရ မရှိရကြမှာ ဖြစ်ပါတယ်တဲ့။

ခြုံကြည့်လိုက်တော့ မနက်စောစောထ ကုသိုလ်အလှူပြုခြင်းရဲ့ ရလာဘ်တွေပါပဲ။ မင်္ဂလာနံနက်ခင်းလို့ ဆိုရင်လည်း မမှားတန်ရာပါဘူး။

နိဂုံးချုပ်အနေနဲ့ပြောရရင် မနက်စောစောထခြင်း (အရုဏ်မတတ်မီ)အတွက် ဗုဒ္ဓမြတ်စွာအရှင်ကိုယ်တော်မြတ်ကြီးက တပည့်သာဝကတွေကို ပညတ်တော်မူတယ်လို့ ဆိုပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ကြီး ကိုယ်တော်တိုင်လည်း တစ်နေ့တာ တရားဟောရမည့် ကျွတ်ထိုက်သော သတ္တဝါတို့ကို ရွေးချယ်စဉ်းစားရာ၌ ဤအချိန်အခါမျိုး၌သာ လောကကြီးတစ်ခုလုံးကို ရွှေဉာဏ်တော်ကွန်ယက် ဖြန့်ကြက်လို့မဆုံး ဖြစ်တော်မူပါတယ်တဲ့။

ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင်လည်း မနက်စောစောထခြင်း (နံနက်မိုးမလင်းမီ၊ အရုဏ်တက်ချိန်)၌ အိပ်ရာမှထခြင်းသည် ကျန်းမာ၏။ စိတ်ရွှင်လန်း၏။ အာရုံကို ကြည်လင်စေ၏။ အသက်ကို ရှည်စေနိုင်၏။

အာယုဗ္ဗေဒဆေးကျမ်းတို့အလိုအရ ဝှင်းအချိန်သည် ဗြဟ္မာမုဟုတ္တအခါဖြစ်၏။ မြန်မာလိုကတော့ အမြတ်ဆုံးအချိန်၊ မင်္ဂလာရှိသောအချိန်ပဲပေါ့။

မင်္ဂလာရှိသော နံနက်ခင်းလေးတွေကို ပိုင်ဆိုင်ရရှိနိုင်ကြပါစေ ...။

**ကိုမောင်သန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com



# တံတားခင်းပါ ဘောင်ထောက်ပါ

နန္ဒာမိုးကြယ်

(၁)

"ဖေဒင်ဆရာက ယတြာပေး [illegible]တယ်။ မွေးနေ့မှာ ဘုရားသွား [illegible] ဘောင်ထောက်ရမယ်တဲ့"

"ဟုတ်တယ် ကျွန်မကိုလည်း [illegible]လမ်းတစ်နေရာမှာ တံတားခင်းရမယ်တဲ့။ ဘယ်လိုယတြာမျိုးလဲ မသိပါဘူးနော်"

လမ်း၌ဆုံသော မိတ်ဆွေဖနီးမောင်နှံနှစ်ဦးမှာ ဖေဒင်ကို လွန်စွာ ဝါသနာပါကြသူတွေ ဖြစ်သည်။ ပြောရလျှင် သူတို့နှစ်ဦး ဖူးစာဆုံကြသည်မှာလည်း ဖေဒင်သွားမေးကြရာမှ ဆုံကြခြင်းဖြစ်သည်။ ဖေဒင်ကို ဟိုတုန်းကလည်း ယုံခဲ့၊ ယခုလည်း ယုံဆဲ။ ဘာလုပ်လုပ် ဘာကိုင်ကိုင် ဖေဒင်ကို ပြေးမေးတတ်ကြသည်ချည်း။ ယခုလည်း နှစ်ဦးစလုံး ကျန်းမာရေးသိပ်

www.burmeseclassic.com

မကောင်း။ လုပ်ငန်းကိုင်ငန်းတွေလည်း အလွဲလွဲအချော်ချော်ဖြစ်နေ၍ ဗေဒင်မေးရာမှ ပြန်လာရင်း ဆုံကြခြင်းဖြစ်သည်။ သည့်တော့လည်း မဆုံကြသည်မှာ အတန်ကြာပြီဖြစ်၍ နီးစပ်ရာ လက်ဖက်ရည်ဆိုင်သို့ဝင်ရင်း ၎င်းတို့ကိုပေးလိုက်သော ယတြာနှင့်ပတ်သက်၍ မိမိဉာဏ်မီသလောက် ရှင်းပြပေးခဲ့ရပါသည်။

(၂)

စင်စစ် ညောင်ထောက်ခြင်း၊ တံတားခင်းခြင်း ဆိုသည်မှာ ယတြာတစ်မျိုးပင်ဖြစ်သည်။ အချို့က ဘုရားကု ကုသည်ဟု ဆိုကြ၏။

ဦးစွာ ညောင်ထောက်ခြင်းနှင့် ပတ်သက်၍တင်ပြချင်ပါသည်။ စင်စစ်ညောင်ထောက်ခြင်းသည် ညောင်ပင်၏ အကိုင်းအခက်များ ကျိုးကြေပျက်စီးမှုဘေးမှ ကာကွယ်ပေးသည့် ကောင်းမှုကုသိုလ်တစ်ရပ် ဖြစ်၏။ ထိုကောင်းမှုအတွက် တူသောအကျိုးကို ရရှိရန် ရည်စူးပြုလုပ်သော ယတြာပင် ဖြစ်တော့သည်။

မိမိတို့ မြန်မာလူမျိုးဆိုသည်မှာ မြေသားတွေ့လျှင် စိုက်ပျိုးချင်၍ သစ်ပင်ကိုချစ်ခင်ကြသူများ ဖြစ်လေသည်။ သစ်ပင်ခုတ်လှဲရမည့်အမှုကို လွန်စွာစိုးရွံ့ကြသူများလည်း ဖြစ်သည်။ အပင်အမျိုးအမည် များစွာရှိသည့်အနက် ညောင်ပင်ကိုမှ ရွေးချယ်ပြီး ထောက်စေခြင်းကား စဉ်းစားဖွယ် ဖြစ်သည်။

စင်စစ် ညောင်ပင်ဟူသည် သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်တော်မူရာ သစ်ပင်ဖြစ်ခြင်း၊ မြတ်စွာဘုရား၏ ဖွားဖက်တော်များတွင်လည်း ညောင်ပင်သည် အပါအဝင်ဖြစ်ခြင်း၊ ဘုရားပွင့်တော်မူရာ ညောင်ပင်သည် စေတီထိုက်ခြင်းတို့ကြောင့် သာမန်သစ်ပင်တို့နှင့် နှိုင်းစာလျှင် ညောင်ပင်သည် မြင့်မြတ်သည့်သဘောဆောင်နေလေသည်။ ဤသို့ဂုဏ်ထူးဝိသေသ များစွာရှိသည့် ညောင်ပင်ကို ကူထောက်အကျိုးပြုခြင်းဖြင့် တန်ပြန်အကျိုးဆက် သက်ရောက်ကာ ညောင်ပင်ကြီးနည်းတူ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကွာလျက် သောကအပူများ ငြိမ်းစေသည့် သဘောအရ ယတြာချေခြင်းတစ်မျိုးဟု မှတ်ယူကြခြင်း ဖြစ်ပါတော့သည်။

(၃)

သတ္တဝါတို့မည်သည် ကံ၊ စိတ်၊ ဥတု၊ အဟာရတို့အပေါ်တွင် မူတည်လျက် သက်ရှင်နေထိုင်ကြရသည်။ ဤ၌ ဥတုဖောက်ပြန်၍သော်လည်းကောင်း၊ အာဟာရယွင်းမှား၍သော်လည်းကောင်း ဓာတ်များဖောက်ပြန်ကာ နာဖျားမကျန်းဖြစ်ပါက သမားတော် ဆေးဆရာတို့ထံသွား၍ ကုသမှုကို ခံယူကြရသည်။ စိတ်ဓာတ်ကျဆင်းလျှင်၊ စိတ်ရောဂါ ခံစားရလျှင် သမားတော် ဆေးဆရာတို့သည် ၎င်းတို့ ကျွမ်းကျင်တတ်မြောက်သော ပညာ၊ အစွမ်းထက်မြက်သော ဆေးဝါးတို့ဖြင့် ပေါင်းစပ်ကာ လူနာသက်သာရအောင် ကုသကာကွယ်ပေးနိုင်ကြသည်ချည်း ဖြစ်ပါ၏။ သို့သော် –

သို့သော် ကံနှင့်ပတ်သက်၍ ဖြစ်ပေါ်သော ရောဂါဝေဒနာတို့ကိုကား သမားတော် ဆေးဆရာတို့အနေဖြင့် ၎င်းတို့တတ်ကျွမ်းသော ဆေးပညာ၊ ဖော်စပ်သော ဆေးဝါးသက်သက်တို့ဖြင့် ကုသခြင်းငှာ မလုံလောက်တော့ပါ။ ဤအခါ၌ ယတြာကိုချေရတော့၏။

ဤသို့ ယတြာနှင့်အပ်စပ်၍ ကောင်းသွားသည်လည်း အနမတဂ္ဂ ရှိကြပါ၏။ မအပ်စပ်၍ အခြေအနေမထူးသည့်တိုင် ကုသိုလ်ကောင်းမှု ဖြစ်ပေါ်သဖြင့် အကျိုးမယုတ်ပါ။ ထို့ကြောင့် တံတားခင်းခြင်း ယတြာကို ပြုလုပ်ခြင်းဖြစ်ပါသည်။ တံတားခင်းရမည်ဆို၍ ငွေကြေးကုန်ကျခံနိုင်လျှင် ခံနိုင်သလို အကုန်အကျများရှိနိုင်သကဲ့သို့ တစ်နိုင်တစ်ပိုင်အဖြစ် ဝါးလုံးကလေး လေးငါးလုံးမျှလောက်ကို အချုပ်အကွပ်များဖြင့် ရေမြောင်းငယ်ကလေးအပေါ် ဖြတ်ကျော်ခင်းပေးလိုက်လျှင်ပင် ယတြာနှင့်ကိုက်ညီအောင် ဆောင်ရွက်ပြီးစီးသွားပြီဟု သတ်မှတ်ရမပါမည်။

စင်စစ် ရောဂါဝေဒနာရှိမှမဟုတ်။ အခက်အခဲ ဘေးအန္တရာယ်များ ကြုံတွေ့မှမဟုတ်။ စိတ်စေတနာကောင်းကို အရင်းခံလျက် တံတားခင်းသည့်အမှုကို ပြုလုပ်ခြင်းသည် လောကီအကျိုး၊ လောကုတ္တရာအကျိုး စသည့် နှစ်ဖြာသော အကျိုးတရားများပြားသည့် လုပ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ဘုရားကု ကုသည်ပြောပြော၊ ယတြာချေသည်ဟုဆိုဆို ညောင်ထောက်ခြင်း၊ တံတားခင်းခြင်း စသော အမှုကိစ္စသည် ပြုဖွယ်ကောင်းသောအလုပ်များသာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

# သင့်အိမ်ရှိဘုရားစင် မင်္ဂလာရှိပါမှ သင့်ဘဝလည်း ...

ပြည်ကျော်လွင်

ဤကမ္ဘာလောကတွင် အသက်ရှင်နေသူ မှန်သ၍ ကြီးပွားချမ်းသာမှု တိုးတက်ပြည့်စုံမှုတို့ကို မလိုချင် မတောင့်တသူဟူ၍ မရှိနိုင်ပါ။ ထိုလောကီချမ်းသာ ကြွယ်ဝမှုတို့ကို မလိုချင် မတောင့်တသောပုဂ္ဂိုလ်များမှာ ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ရဟန္တာပုဂ္ဂိုလ်များသာ ဖြစ်ကြပါသည်။ ကျန်သော ပုထုဇဉ်သတ္တဝါမှန်သမျှ ချမ်းသာကြွယ်ဝမှုကို လိုချင်ကြတာ အမှန်ပင်ဖြစ်ပါသည်။ မိမိတို့ ကံစွမ်း၊ ဉာဏ်စွမ်းရှိသ၍ ငွေကြေးဥစ္စာများကို ရှာဖွေနေကြသူများသာ ဖြစ်ကြပါသည်။ လောကီစည်းစိမ်ချမ်းသာကို လိုချင်တောင့်တကုန်သော ဗုဒ္ဓဘာသာဝင်များသည် မိမိတို့အိမ်၌ ကိုးကွယ်ထားရှိရာ ဘုရားစင်အား အောက်ပါအချက်များနှင့် ပြည့်စုံကိုက်ညီမှု ရှိမရှိ ဆန်းစစ်ကြည့်ပါရန် တင်ပြပါသည်။ ပြည့်စုံမှုမရှိသေးရင်လည်း ပြည့်စုံအောင် ကြိုးစားအားထုတ်စေချင်ပါသည်။

လောကီလူသားများအတွက် ကြီးပွားချမ်းသာစေခြင်းငှာလည်းကောင်း၊ ကျက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံစေခြင်းငှာလည်းကောင်း၊ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခများ တိုးတက်စေခြင်းငှာလည်းကောင်း လမ်းညွှန်တော်မူသော ဆရာတော်ဘဒ္ဒန္တဝေပုလ္လ၏ မိန့်ကြားချက်များကို ဦးထိပ်ပန်၍ ဤဆောင်းပါးကို ရေးသားတင်ပြအပ်ပါသည်။

## (၁) ဘုရားစင်သည် ကျယ်ဝန်းမြင့်မား ခန့်ထည်ရပါမည်။

မိမိတို့နေအိမ် (သို့မဟုတ်) အိမ်ခန်း၏ မြင့်မြတ်သောနေရာတွင် ဘုရားစင်ကို ထားရှိရန် လိုအပ်ပါသည်။

ဘုရားခန်း သီးသန့်ထားရှိနိုင်ရင်တော့ အကောင်းဆုံးပါ။ မြို့၌ နေသူများသည် အနေအထိုင် ကျဉ်းကျပ်ကြသဖြင့် ဘုရားစင်ကို ကျယ်ကျယ်ဝန်းဝန်း ထားရှိလိုလျှင်လည်း ဆန္ဒရှိသလောက် အခြေအနေမပေးကြပါ။ ဘုရားစင်ကို အနည်းဆုံးတော့ ၆ ပေ၊ ၇ ပေ ပတ်လည်ခန့် သီးခြားနေရာလေး ပေးသင့်ပါသည်။ သို့မှသာ ဘုရားရှိခိုးရန်နှင့် ဘုရားဝတ်ပြုရန် နေရာသီးသန့်လေး ဖြစ်လာပါမည်။

ဘုရားစင်၏အမြင့်သည် လူ့အရပ်ဝန်းကျင်ခန့် ရှိသင့်ပါသည်။ လက်လှမ်းမီသလောက် မြင့်နိုင်လေ ကောင်းလေ ဖြစ်ပါသည်။ ပရိဘောဂဆိုင်မှ အသင့်ပြုလုပ်ပြီး ဘုရားစင်ကိုသုံးလည်း ဖြစ်နိုင်ပါသည်။ မိမိတို့အိမ် အနေအထားနှင့် ကိုက်ညီမည့် စင်မြင့်ကလေး သီးသီးသန့်သန့်ပြုလုပ်ပြီး အခင်းသပ်ရပ်စွာ ခင်းလိုက်လျှင်လည်း ဖြစ်နိုင်ပါသည်။

ဘုရားစင်၏ အကျယ်အဝန်းသည် ဗုဒ္ဓရုပ်ပွားတော်များ ထားရှိရန်အတွက် တစ်ခုတည်းမဟုတ်ဘဲ ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်း စသည်တို့ကို ကပ်လှူပူဇော်ရန်အတွက်ပါ နေရာအလုံအလောက် ကျယ်ဝန်းသင့်ပါသည်။

မိမိတို့အိမ်တွင် ဘုရားခန်းသီးသန့်မရှိနိုင်လျှင် သင့်တော်ရာ ခန်းစည်းဖြင့် ဘေးပတ်လည် သုံးဘက်ကို ကာရံပြီး ဘုရားခန်းသီးသီးသန့်သန့်လေး ထားရှိကိုးကွယ်နိုင်လျှင် များစွာသင့်တော်ပါမည်။

## (၂) ဘုရားစင်ကို လုပတင့်တယ်အောင် ပြုပြင်မွမ်းမံရမည်။

ဗုဒ္ဓဘာသာဝင် အများစုသည် နေ့စဉ် လှပတင့်တယ်အောင်ခြယ်သပြင်ဆင်ကြပြီး တစ်နေ့တစ်မျိုး မထပ်



www.burmeseclassic.com

www.burmeseclassic.com

အောင် ဝတ်စားပြင်ဆင်ကြသော်လည်း မိမိတို့အိမ်ရှိ ဘုရားစင်ကိုတော့ ဝတ္တရားကျေရုံလောက်သာ ထားရှိကြပြီး နေ့စဉ် မွမ်းမံပြုပြင်ရန် မေ့လျော့နေတတ်သည်။

နေ့စဉ် ကိုယ်လုံးပေါ် မှန်ရှေ့တွင် အကြိမ်ကြိမ် အလှပြင်တတ်ကြသော်လည်း အိမ်တွင် ပူဇော်ကိုးကွယ်ထားသော ဘုရားစင်ကိုတော့ တစ် ပတ်လျှင် တစ်ကြိမ်ခန့် ပြုပြင်မွမ်းမံဖို့ ဝန်လေးနေတတ်ကြပါသည်။ အမှန်တော့ မိမိကိုယ်မိမိ နေ့တိုင်းပြင်ဆင်သလို ဘုရားစင်ကို နေ့စဉ် လှပတင့်တယ်လာအောင် မွမ်းမံနိုင်ရန် ကြိုးစားသင့်ကြပါသည်။

## (၃) ဘုရားစင်သည် အမြဲသန့်ရှင်း၊ စင်ကြယ်၊ သပ်ရပ်နေရမည်။ ရှုပ်ထွေးမနေစေရပါဘူး။

နေအိမ်များတွင် ပြုလုပ်သော နေ့စဉ်သန့်ရှင်းရေးလုပ်ငန်းများကို လေ့လာကြည့်သော် ကြမ်းပြင် တံမြက်စည်းလှဲမယ်။ ညှိခန်းထိုင်ခုံတွေ ဖုန်သုတ်မယ်။ တီဗွီအပေါ်စက်၊ အောက်စက် ဖုန်သုတ်မယ်။ စတာတွေကို တွေ့နေရတာ များပါသည်။ ဘုရားစင်ကို နေ့စဉ်ဖုန်သုတ်ပြီး သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်နိုင်တဲ့အိမ် အလွန်နည်းပါးတာ တွေ့ရပါတယ်။ လှပတင့်တယ်အောင် မွမ်းမံမှုမလုပ်နိုင်တာက တော်ပါသေးသည်။ သန့်ရှင်းသပ်ရပ်မှုရှိနေအောင်တော့ ဆောင်ရွက်ဖို့ အလွန်လိုအပ်ပါသည်။ ဖုန်များ၊ ပင့်ကူမျှင်များ၊ အမှိုက်များ လုံးဝရှိမနေစေသင့်ပါ။

သန့်ရှင်းသပ်ရပ်မှုရှိအောင် နေ့စဉ် ဂရုတစိုက် ဆောင်ရွက်ပြီးရင် ဘုရားစင်ပေါ်မှာ မလိုအပ်တဲ့ အတိုအစ ပစ္စည်းတွေ မထားမိအောင် ဂရုပြုရပါမယ်။ ဘုရားစင်ဆိုတာ ပစ္စည်းတင်ဖို့လုပ်ထားတဲ့စင် မဟုတ်ဘူးဆိုတာ အိမ်သားအားလုံး နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ အနန္တကျေးဇူးတော်ရှင်မြတ်စွာဘုရားကို ဦးထိပ်ထား၍ အနန္တော အနန္တငါးပါးကို ပူဇော်ကန်တော့နိုင်ရန် သတ်သတ်မှတ်မှတ်ထားရှိတဲ့ မြင့်မြတ်တဲ့နေရာ ဖြစ်ပါတယ်။ အတိုအစပစ္စည်းတွေ၊ ဘုရားစင်နှင့် မသက်ဆိုင်တဲ့ ပစ္စည်းတွေ မထားရှိရင် ဘုရားစင်ဟာ ရှုပ်ထွေးမှု မဖြစ်တော့ဘဲ အမြဲသန့်ရှင်းလှပ တင့်တယ်နေပါလိမ့်မယ်။

ပိုပြီး သတိထားရမှာက လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူထိုက်သော မြတ်စွာဘုရားနှင့်တန်းတူ မည်သည့်ရုပ်တုတော်၊ ပုံတော်များကိုမျှ မထားအပ်ပါ။ မိမိတို့၏ဆန္ဒ အယူအဆအရ ထားရှိလိုပါက ဘုရားစင်၏ဘေးနား၊ ဘုရားစင်ထက် နိမ့်ကျသောနေရာတွင်သာ ထားသင့်ပါသည်။ ဤသို့ဆိုလျှင် သင့်အိမ်ဘုရားစင်သည် အမြဲထာဝရ သန့်ရှင်းလှပတင့်တယ်နေပြီး ရှုပ်ထွေးမှု မရှိနိုင်တော့ပါ။

အမြင်အားဖြင့် သန့်ရှင်းလှပတင့်တယ်နေရုံဖြင့် မပြီးသေးပါ။ ဘုရားစင်ရှေ့မှာ မဖွယ်မရာပြုမူနေထိုင်ခြင်း၊ ရှန့်ရင်းကြမ်းတမ်းသောစကားများ ပြောဆိုနေထိုင်ခြင်း၊ ဖနီးမောင်နှံ အတူအိပ်ခြင်းများရှိပါက သင့်အိမ်ရှိ ဘုရားစင်၏ စင်ကြယ်မှုကို ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ဘုရားစင်ရှေ့ ဘုရားခန်းတွင် အနေ၊ အထိုင်၊ အပြော၊ အဆို၊ အပြုအမူများကိုလည်း အထူးဂရုပြုနိုင်ရန် လိုအပ်ပါသည်။

## (၄) ဘုရားစင်သည် အမြဲတမ်း မွှေးကြိုင်နေရပါမည်။

ကျယ်ကျယ်ဝန်းဝန်း ခံ့ခံ့ထည်ထည် တင့်တယ်လှပနေသည့် ဘုရားစင်လည်းရှိပါပြီ။ ရှုပ်ထွေးမှုမရှိဘဲ သန့်ရှင်းစင်ကြယ်သပ်ရပ်မှုလည်း ပြည့်စုံနေပါပြီ။ ဘုရားစင် ဘုရားခန်းတွင် မကောင်းသော အနံ့အသက်များ လုံးဝ မရှိစေသင့်ပါ။ အမြဲမွှေးကြိုင်အောင် ဆောင်ရွက်ထားနိုင်လျှင် ပိုကောင်းပါမည်။ မိမိတို့နေ့နှင့် လိုက်ဖက်သည့် အနံ့သင်းသောပန်းများ ကပ်လှူပူဇော်သင့်ပါသည်။

လူ့ရဲ့ခန္ဓာကိုယ်မှာ ရေမွှေးဆွတ်ဖျန်းသလို အကောင်းစားရေမွှေးများသုံးရန် မလိုအပ်ဟု ထင်ပါသည်။ သဘာဝအနံ့ဖြင့် မွှေးကြိုင်စေသော နံ့သာဖြူအရည်မျိုးကိုသုံးလျှင် သင့်တော်မည်ထင်ပါသည်။ အမွှေးတိုင်ထွန်း ပူဇော်လျှင်လည်း အနံ့မပြင်းလွန်းသော အမွှေးတိုင်မျိုးကိုသုံးလျှင် သင့်တော်ပါမည်။ သတိထားရမည့်အချက်မှာ အမွှေးရည်ပက်ဖျန်းခြင်းကြောင့်လည်းကောင်း၊ အမွှေးတိုင်ထွန်းပူဇော်ခြင်းကြောင့်လည်းကောင်း ဘုရားစင်၏သန့်ရှင်းမှုကို မထိခိုက်စေရန် လိုအပ်ပါသည်။

သင့်အိမ်ရှိ ဘုရားစင်သည် သဘာဝပန်းရနံ့၊ သဘာဝနံ့သာဖြူရနံ့တို့ဖြင့် ထုံလွှမ်းနေသည်ဖြစ်အံ့။ ဘုရား... လောက် ကျက်သရေမင်္ဂလာရှိမယ်ဆိုတာ စိတ်ကူးဖြင့် မှန်း

www.burmeseclassic.com

www.burmeseclassic.com

**ဆန်နိုင်ပါသည်။ ဘုရားအာရုံပြုရှိခိုးသူ၏ စိတ်နှလုံးကိုလည်း ကြည်နူးဝမ်းမြောက်မှု ဖြစ်စေမည်မှာ အမှန်ပင် ဖြစ်ပေမည်။**

လောကီအကျိုးကို ပိုမိုထင်ရှားသိသာအောင် ရေးသားဖော်ပြရပါလျှင် –

(က) ဘုရားစင်အား အဆင့်မြင့်မားအောင် ကြိုးစားပါ။ သင့်ဘဝ၊ သင့်မိသားစု၊ သင့်အလုပ်အကိုင်များလည်း အဆင့်မြင့်မားလာပါလိမ့်မည်။

(ခ) ဘုရားစင်အား လှပတင့်တယ်အောင် ကြိုးစားပါ။ သင့်ဘဝ၊ သင့်မိသားစုလည်း လှပလာပါမည်။

(ဂ) ဘုရားစင်အား အမြဲသန့်ရှင်း စင်ကြယ်နေအောင် ကြိုးစားပါ။ သင့်ဘဝ၊ သင့်မိသားစုလည်း အပြစ်ကင်းစင်၍ သန့်ရှင်းနေသောဘဝကို ပိုင်ဆိုင်လာပါမည်။

(ဃ) ဘုရားစင်အား အမြဲမွှေးကြိုင်နေအောင် ကြိုးစားပါ။ သင်နှင့် သင့်မိသားစုရဲ့ ဂုဏ်သတင်းလည်း ကောင်းမွန်နေပြီး လူချစ်လူခင် ပေါများလာနိုင်ပါသည်။ ကျန်းမာရေး တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(င) ဘုရားစင်ရှိ အသုံးအ ဆောင်ပစ္စည်းများသည် ပွဲ့ရွဲ့၊ ကွဲအက်၊ ပေါက်ပြဲ၊ ဟောင်းနွမ်းခြင်းမရှိဘဲ အမြဲသစ်လွင်တောက်ပ ပြောင်လက်နေရပါမည်။

သင်နှင့် သင့်မိသားစုရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်နှင့် အနှောင့်အယှက်ကင်းပြီး တိမ်စင်လပမာ ကောင်းမွန်တောက်ပလာပါလိမ့်မည်။

မိမိတို့ အိမ်ဂေဟာရှိ ဘုရားစင်များတွင် ရှိအပ်သည့် ကောင်းခြင်းမင်္ဂလာ ငါးဖြာနှင့် ရရှိလာနိုင်သော အကျိုးအရာများကို ဖော်ပြခဲ့ပြီးပါပြီ။

ရေမြင့်လျှင် ကြာမြင့်လာမည့် သဘောပမာ ဘုရားစင်မြင့်လျှင် မိမိဘဝ မြင့်မားမည်။ ဘုရားစင်ကောင်းလျှင် မိမိဘဝ ပိုကောင်းမည်။ ဘုရားစင်ကြီးပွားချမ်းသာလျှင် မိမိဘဝလည်း ပိုမိုကြီးပွားချမ်းသာမည်။

ဆက်လက်၍ ဘုရားစင်တွင် မည်ကဲ့သို့ ဆက်ကပ်ပူဇော်သင့်သည်ကို အကျဉ်းမျှ တင်ပြပါမည်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည် လောကုတ္တရာ တရားစစ်စစ်ဖြစ်ပြီး မိဘနှင့် ဆရာသမားနှစ်ပါးသည် ကျေးဇူးရှင် ကျေးဇူးရှိသော ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား ထိုငါးပါးအား အမြဲမပြတ် ရှိသေသင့်ပါသည်။ နေ့စဉ် ရှိခိုးကန်တော့သင့်ပါသည်။ တတ်အားသရွေ့ လှူဖွယ်ဝတ္ထု ဒါနဗွအစုစုဖြင့် ပူဇော်သင့်ပါသည်။

ထို့ကြောင့် မိမိတို့အိမ်ဂေဟာ ဘုရားစင်များတွင် အနန္တငါးပါးအား ရည်စူးဦးထိပ်ပန်၍ –

- ပန်းဆက်ကပ်လျှင် ပန်းအိုး (၅)အိုး ကပ်လှူပါ။
- သောက်တော်ရေ ဆက်ကပ်လျှင် ရေ (၅)ခွက် ကပ်လှူပါ။
- ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ကပ်လှူလျှင် (၅)ပွဲ ကပ်လှူ (သို့) ဤကာလတွင် ပန်းကန်ထဲတွင် ဆွမ်းကို (၅)ပုံ ပုံ၍ ကပ်လှူပါ။
- ဆီမီးပူဇော်လျှင် (၅)တိုင် ထွန်း၍ ပူဇော်ပါ။
- အမွှေးတိုင်ထွန်းလျှင် (၅)တိုင်ထွန်း၍ ပူဇော်ပါ။

ဤလောကတွင် ရှိကြကုန်သော ဗုဒ္ဓဘာသာဝင်မှန်သမျှသည် မိမိတို့အိမ်ဂေဟာရှိ ဘုရားစင်များအား ယခုထက် ပိုမိုကောင်းမွန်ပြည့်စုံအောင် ကြိုးစားပြုပြင်နိုင်ကြပါစေ။

လောကီအကျိုးအတွက်လည်းကောင်း၊ လောကုတ္တရာအကျိုးအတွက်လည်းကောင်း ပြည့်ပြည့်စုံစုံ အကျိုးပေးစေရန်အတွက် အနန္တောအနန္တငါးပါးအား ဘုရားစင်တွင် ပြည့်စုံစွာ ပူဇော်ကိုးကွယ်နိုင်ကြပါစေဟု စေတနာကောင်းဖြင့် တိုက်တွန်းအပ်ပါသည်။

**(လမ်းညွှန်မိန့်ကြားတော်မူသော ဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဦးညွှတ်ကန်တော့လျက်)**

**ပြည်ကျော်လွင်(ပညာရေး)**



www.burmeseclassic.com

www.burmeseclassic.com

# စပါးစေ့ ကြဲပက်၍ ရန်ဖက်ကို ပြေငြိမ်းပါ

## မောင်နှင်းဆန်း

စာရေးသူ ထိုနည်းလေးကို ရထားတာ ကြာပါပြီ။ စာရေးသူတို့နေသောအိမ်ဟာ ကန်ထရိုက်တိုက် မဆောက်သေးခင်က တန်းလျားသဖွယ် အခန်းသုံးခန်းရှိသော နေအိမ်ဖြစ်ပါသည်။

အခန်းသုံးခန်းရှိရာတွင် စာရေးသူတို့က အိမ်ဦးခန်းတွင်နေပြီး ကျန်နှစ်ခန်းသည် ဘာသာခြားလူမျိုးနှစ်မျိုး နေထိုင်သော အခန်းနှစ်ခန်း ဖြစ်ပါသည်။ စရိုက်လက္ခဏာတို့ မတူညီကြသော အိမ်တန်းလျားဖြစ်နေ၍ တစ်မိသားစုနှင့် တစ်မိသားစု မကြာခဏဆိုသလို ရန်ဖြစ်စကားများကြပါသည်။ အထူးသဖြင့် မိန်းမသားချင်း စကားများကြခြင်းပင် ဖြစ်သည်။

စာရေးသူ၏ ညီမများထဲမှ တွေးပုဆိုသော ညီမသည် အရပ်ပုသလောက် လွန်စွာ စွာပါသည်။ ဆတ်ဆတ်ထိမခံ ရန်ပြန်တွေ့တတ်သူ ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူ၏ညီမ တွေးပုနှင့် အလယ်ခန်းမှ အမျိုးသမီးဟာ တစ်ယောက်နှင့်တစ်ယောက် စကားအစွန်းအတင်မခံဘဲ တစ်ပတ်တစ်ကြိမ်ကျ ရန်ဖြစ်တတ်ကြပါသည်။ ရန်ဖြစ်သည်မှာ အော်ကြီးဟစ်ကျယ်ဖြစ်ကြခြင်းပင်။

ကြာလာတော့ စာရေးသူဟာ ညီမတွေးပုတို့ရန်ပွဲကြောင့် ရှက်လာပါသည်။ သူတို့ရန်ပွဲကို ပြေငြိမ်းအောင် လုပ်ဆောင်နိုင်မည့်နည်းလမ်း ကို ရှာကြံမိပါသည်။ ရှာကြံလိုက်သည်နှင့် ပြေငြိမ်းအောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းကို သုံးရက်အတွင်း ရရှိလိုက်ပါသည်။ ဆရာတစ်ယောက်ထံမှ ရရှိလိုက်ခြင်း ဖြစ်သည်။ ယခု ထိုနည်းလမ်းကောင်းလေးအား စာရေးသူက မေတ္တာရှေ့ထား၍ ပြန်လည်ဖြန့်ဝေလိုက်ပါသည်။

အဆိုပါ နည်းလမ်းသည် လွယ်လွယ်လေးဖြစ်သည်။ ရန်ဖြစ်စကားများတတ်သော စာရေးသူ၏ ညီ မဖြစ်သူရဲ့ အသက်အတိုင်း ဆန်ထဲမှ စပါးစေ့ကိုကောက်၍ ရန်ဘက်ဖြစ်သူ၏ အိမ်ရှေ့မျက်နှာစာမှာ ကြဲပက်ထားလိုက်ရုံပင် ဖြစ်ပါသည်။ လက်တွေ့ပွဲအောင်နည်းဖြစ်၍ လုပ်ဆောင်ကြပါရန်။

(ရန်ဖြစ်စကားများသူများ ရန်ဖြစ်စကားမများစေရန် ဖော်ပြပါအတိုင်း လုပ်ဆောင်ပါက ချစ်ခင်ရင်းနှီးမှုကို ရရှိစေမည်ဖြစ်ပါသည်။)

မေတ္တာဖြင့် ...

မောင်နှင်းဆန်း



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားခုနစ်ဆူ ပူဇော်မှု

# နတ်လူမစ လိုတိုင်းရ

## ဂမ္ဘီရဆရာငြိမ်း

ကုမ္ပဏီဝန်ထမ်းဖြစ်သူ မောင်ကျော်လှ၏ အကူအညီ တောင်းခံမှုကြောင့် ကျွန်ုပ်က "ဘုရားငါးဆူ ပူဇော်မှု၊ ကြည်ဖြူမှုတ၊ လိုတိုင်းရ"ဂါထာကို လက်ဆောင်ယတြာအဖြစ် ပေးအပ်ခဲ့သည်။

ဝန်ထမ်းအချင်းချင်း အတွန်းအတိုက်ရန်ဘေးက လွတ်ကင်းရေး၊ သေကြောင်းကြံစည်သူများ၏ ရန်စွယ် အန္တရာယ်မှ ဖယ်ရှားနိုင်ရေး၊ ရာထူးတိုးရေး၊ အကြံအစည် မှန်သမျှ အောင်မြင်ရေး၊ မုန်းသူကို ချစ်ခင်လာစေရေး စသည့် အကျိုးရလဒ်များကို ရရှိစေသည့် ဂါထာဖြစ်ကြောင်း ကျွန်ုပ်က ရှင်းလင်းမှာကြားပြီးမှ ပေးအပ်ခဲ့ခြင်း ဖြစ်၏။

မောင်ကျော်လှ၏ အခြေအနေမှာ နယ်သို့ ပြောင်းရွှေ့ရမည့်အပြင် ရာထူးပါ ကျနိုင်သည်ဖြစ်ရာ သူ့အား တွန်းတိုက်နေသူများနှင့် ခိုက်ရန်ဖြစ်ပွားတော့မည့် ရာဇဝတ်မှုအထိ ဆက်လုနီးပါးအချိန်ဖြစ်၏။

ထိုအချိန်တွင် ကျွန်ုပ်ထံသို့ ရောက်လာလေရာ ကျွန်ုပ်က "ဘုရားငါးဆူ၊ ပူဇော်မှု"ဂါထာကို ပေးလိုက်ခြင်း ဖြစ်၏။

သုံးလခန့်ကြာသောအခါ မောင်ကျော်လှသည် ကျွန်ုပ်ထံသို့ ရောက်လာ၏။ သည်တစ်ခါရောက်လာတော့ သူ့မျက်နှာက ကြည်သာရွှင်ပျ ဝင်းပနေ၏။ လက်ထဲမှာလည်း စတိုးဆိုင်များတွင် အဆင်သင့် စီစဉ်ထားသော လက်ဆောင်လက်ဆွဲခြင်းတစ်လုံးကို ဆွဲလာသေး၏။

ဤမျှဆိုလျှင် မောင်ကျော်လှသည် အခြေအနေကောင်းလာပြီဟု ကျွန်ုပ် မှတ်ယူလိုက်သည်။ ကျွန်ုပ်၏ ယူဆချက် မှန်နေပါ၏။

"အဘငြိမ်းရေ အဘငြိမ်းပေးလိုက်တဲ့ ဘုရားငါးဆူ ပူဇော်မှု၊ ကြည်ဖြူမှုတ၊ လိုတိုင်းရ ဂါထာယတြာက အတော်စွမ်းတာပဲ။ အဘငြိမ်းမှာတဲ့အတိုင်း ကျွန်တော် အလွတ်ကျက်ပြီး ဘုရားရှေ့မှာ ရွတ်ဆိုရုံသာမကဘဲ သွားလေရာ လာလေရာမှာပါ ရွတ်ဆိုနေခဲ့တာပါ။

ကျွန်တော့်ကို တိုက်တွန်းနေသူတွေက ကျွန်တော့်ဘက်သားတွေ ဖြစ်လာကြတယ်။ သူတို့များကြောင်း အထက်လူကြီးတွေကို သူတို့ကိုယ်တိုင် သွားပြောကြတယ်။ ကုမ္ပဏီတစ်ခုလုံးက ကျွန်တော့်ကို ချစ်ခင်လာကြတယ်။ အခုတော့ ကျွန်တော် နယ်မပြောင်းရတော့ဘဲ ရာထူးလည်း တက်သွားပြီ အဘငြိမ်း။ အဲဒါကြောင့် အဘငြိမ်းကို လာပြီးကန်တော့တာပါ။ ကျေးဇူးဆပ်တာပါ"

"မလိုပါဘူး မောင်ကျော်လှရာ။ အဘငြိမ်းက ဓမ္မဒါန ပေးဝေမှုတဲ့ သဘောပါ။ မင်းအဆင်ပြေရင် အဘငြိမ်းလည်း ကုသိုလ်ရတာပေါ့ကွာ။ ခုနက်ရက်သားသမီးအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းစေချင်တာ အဘငြိမ်းရဲ့ ဆန္ဒမှန်ပါကွာ"

ကျွန်ုပ်က အားရဝမ်းသာ ပီတိဖြာစွာ ပြောဆိုနေသော မောင်ကျော်လှကို အလိုက်သင့်စကား ပြောကြားလိုက်လေသည်။

ထိုအခါ မောင်ကျော်လှက စာဒကတက်ပြန်လေ၏။

"ဩော်···အဘငြိမ်းရယ်၊ အဘငြိမ်းရဲ့ စေတနာကို ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ဘဝတစ်သက်တာမှာ အဘငြိမ်းရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့စေရပါဘူး။ အခုလည်း တန်ဖိုးမရှိပေမယ့် ကျွန်တော့်ရဲ့ ကျေးဇူးတုံ့ပြန်မှုကို အဘငြိမ်းအနေနဲ့ လက်ခံပေးပါ အဘငြိမ်းရယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း…လက်ခံပါတယ်ကွာ။ မင်းနဲ့ငါနဲ့က ပဋ္ဌာန်းဆက်အကျိုးကြောင့် သာဆုံရပြီဆိုတော့ကာ ငါ့အနေနဲ့ ဆက်ပြီး စောင့်ရှောက်သွားပါ့မယ်။ အခုလည်း ဘုရားငါးဆူဂါထာပြီးတော့ ဘုရားခုနစ်ဆူ ဂါထာကို ဆက်ပေးလိုက်ဦးမယ်ကွ"

"ဟာ…တကယ်လား အဘငြိမ်း။ ဝမ်းသာလိုက်တာ အဘငြိမ်းရယ်။ အခု ပေးမှာလားဟင်"

"ပေးမှာပေါ့ကွာ။ မင်းကိုပေးဖို့ အဆင်သင့် လုပ်ထားပါတယ်။ ရော့…ငါ ရှင်းပြမယ်"

ကျွန်ုပ်သည် မိတ္တူပွားထားသော "ဘုရားခုနစ်ဆူ၊ ပူဇော်မှု၊ နတ်လူမစ၊ လိုတိုင်းရ"ဂါထာ စာရွက်ကလေးအား မောင်ကျော်လူ၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

### ဘုရားခုနစ်ဆူ ပူဇော်မှု
### နတ်လူမစ၊ လိုတိုင်းရဂါထာ

နမောတဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) နမောတဿ ဝိပဿိဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၂) နမောတဿ သိခိဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃) နမောတဿ ဝေဿဘုဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၄) နမောတဿ ကကုသန္ဓဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၅) နမောတဿ ကောဏာဂမနဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၆) နမောတဿ ကဿပဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၇) နမောတဿ ဂေါတမဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၈) နမော ဘဂဝတော နမေ သတ္တန္နံ
သမ္မာသမ္ဗုဒ္ဓါနံ။

အထက်ပါ ဂါထာတော်မြတ်ကြီးမှာ ပွင့်လေပြီးကုန်သော ဘုရားခုနစ်ဆူတို့အား ဦးထိပ်ထားကာ ပူဇော်ကန်တော့သော နမောတဿ ဂါထာတော်မြတ်ကြီးဟုလည်း ခေါ်သည်။

"ကဲ …မောင်ကျော်လူ။ ဒီဂါထာရဲ့ အဓိပ္ပာယ်ကတော့ ရှင်းနေပါတယ်ကွာ။ ပွင့်တော်မူပြီးဖြစ်တဲ့ ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား အဲဒီမြတ်စွာဘုရားခုနစ်ဆူကို ရှိခိုးပူဇော်တဲ့ ဂါထာပဲကွယ့်။

ဒီဂါထာကို မနက်အိပ်ရာထ မျက်စိနှစ်လုံးပွင့်တဲ့အချိန်ကစပြီး ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကန်တော့ရမယ်ကွ။ မနက်ဘက်မှာ အနည်းဆုံး ကိုးခေါက်၊ ညဘက်မှာ အနည်းဆုံး ကိုးခေါက် နေ့စဉ်မှန်မှန် ရွတ်ဖတ်ပူဇော်နေမယ်ဆိုရင် ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုး အမျိုးမျိုးက ကင်းလွတ်နိုင်တယ်ကွယ့်။

ဒီဂါထာကို ရွတ်ဖတ်သူတိုင်းကို လူနတ်တွေ အထူးပဲ ချစ်ခင်လွန်းလို့ လာဘ်လာဘရွှင်စေတယ်ကွယ့်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်တယ်။ အခက်အခဲ အကျပ်အတည်းမှန်သမျှ ကျော်လွှားလွတ်မြောက်နိုင်တယ်။ မကြောင့်မကြ၊ မတောင့်မတ၊ လိုတရနိုင်တယ်လို့ ရှေးဆရာမြတ်တွေက အဆိုရှိခဲ့တယ်ကွယ့်"

"ဒီလိုဆိုရင် ဘုရားငါးဆူဂါထာအတိုင်း အကျိုးပေးတာပါပဲလား အဘငြိမ်း"

"အေးပေါ့ကွာ။ ဗုဒ္ဓမြတ်စွာရဲ့ တန်ခိုးတော်ဆိုတော့လည်း ဘာပြောစရာ လိုတော့မှာလဲ။ ထက်မြက်ပြီး တန်ခိုးကြီးနေတာပေါ့။ အဲဒါကို မှန်မှန်ကန်ကန် စေတနာမှန်မှန်နဲ့ သုံးတတ် ပူဇော်တတ်ဖို့ပဲ လိုတာပေါ့ကွာ"

"စိတ်ချပါ အဘငြိမ်းရယ်။ ကျွန်တော်ဟာ ရတနာသုံးပါးနဲ့ ဆရာမိဘတွေကို ရိုသေလေးစား တန်ဖိုးထားပြီး ဦးထိပ်ပန်ဆင်နေသူပါ။ ထာဝရ ကိုးကွယ်ဆည်းကပ်နေသူပါ"

ကျွန်ုပ်သည် မောင်ကျော်လူ၏ စကားကို ကြားလိုက်ရသောအခါ ကျေနပ်ပီတိ ဖြစ်မိသွားပါတော့သည်။

ဂမ္ဘီရဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားကိုးဆူ

ဦးကြီးဖေ(မြန်မာ့စွယ်စုံကျမ်း)

ဘုရားကိုးဆူဆိုရာမှာ (၁) ဘုရား။ (၂) ရှင်သာရိပုတ္တရာ၊ (၃) ရှင်မောဂ္ဂလာန်၊ (၄) ရှင်ကောဏ္ဍည၊ (၅) ရှင်အာနန္ဒာ၊ (၆) ရှင်ဂဝံပတိ၊ (၇) ရှင်ရာဟုလာ၊ (၈) ရှင်ရေဝတ၊ (၉) ရှင်ဥပါလိဟူ၍ ဘုရားတစ်ပါးနှင့် ရဟန္တာရှစ်ပါးကိုပေါင်း၍ ပူဇော်သည်ကို အစွဲပြုကာ ဘုရားကိုးဆူခေါ်ဆိုခြင်းဖြစ်သည်။

လောကီဆရာတို့ အသုံးပြုသော (သံ-ဂုံ-ပ-မ-ယျ) ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ မေတ္တေယျဘုရားငါးဆူ၊ အာဋာနာဋိယသုတ်၌ ဝေဿဝဏ်နတ်မင်းကြီး မိမိသိမီသမျှ ဘုရားကိုလျှောက်ထားသော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရားခုနစ်ဆူ၊ ဘုရားနှစ်ကျိပ်ရှစ်ဆူ စသည်ဖြင့် သူ့နေရာနှင့်သူ ခေါ်ဝေါ်အသုံးပြုကြသည်လည်း ရှိသေး၏။

ယင်းဘုရားကိုးဆူ၌ ဘုရားတစ်ပါးနှင့် ရဟန္တာရှစ်ပါးဖြစ်၍ ဘုရားချည်းမဟုတ်ဘဲလျက် ဘုရားကိုးဆူဆိုရာမှာ ပြတ္တာန်းသောဘုရားကို အစွဲပြု၍ ပဓာနနည်းအားဖြင့်လည်းကောင်း၊ သို့မဟုတ် ဘုရားနှင့် ရဟန္တာကား ဒက္ခိဏေယျပူဇာရဟ(မြတ်သောအလှူကို ခံယူထိုက်သဖြင့် ပူဇော်ထိုက်သော) လက္ခဏာချင်းတူရကား နေတ္တိပါဠိတော်၊ ဟာရတစ်ဆယ့်ခြောက်ပါး ပြဆိုအပ်သော လက္ခဏာဟာရနည်းအားဖြင့်လည်းကောင်း၊ ရဟန္တာကို ဘုရားနှင့်အတူထား၍ ဘုရားကိုးဆူခေါ်ဆိုခြင်း ဖြစ်လေသည်။

ထိုသို့ယူခဲ့သော် ယင်းရဟန္တာရှစ်ပါးသာမဟုတ်၊ ရဟန္တာအများကိုပင် ဘုရားဟူသော အနက်အဓိပ္ပာယ်ဖြင့် ယူသင့်ပေသည်။ ထိုသို့ ယူသင့်သော်လည်း ရဟန္တာအများကို မယူဘဲ အရပ်ရှစ်မျက်နှာအနေအထားအားဖြင့် အသင့်လျော်ဆုံးဖြစ်သော ယင်းရဟန္တာရှစ်ပါးကိုသာ ဘုရားကိုးဆူပူဇော်ရာ၌ ယူအပ်လေသည်။

ဘုရားကိုးဆူ ပူဇော်သော အလေ့အထမှာလည်း သက္ကရာဇ် ၇၆၇ ခုနှစ်လောက်က ဇင်းမယ်ပြည်တွင် တရုတ်တရက်တို့ နှောင့်ယှက်လာသောအခါ ရွတ်ဖတ်နာယူသူတို့ကို ဘေးကြီးမှ လွတ်ကင်းအေးချမ်းရန် ရှင်သီလဝံသ ရေးသားအပ်သော ဥပ္ပါတသန္တိကျမ်း ဖြစ်ပေါ်လာပြီးနောက် ပိဋကတ်တော်၌ ကျွမ်းကျင်လိမ္မာသော ဆရာတော်တို့ ညွှန်ကြားစီမံချက်အရ ဖြစ်ပေါ်လာဟန်တူသည်။ အကြောင်းကား ဘုရားကိုးဆူ ပူဇော်ရာ၌ ဘေးအန္တရာယ်ကင်း၍ ကောင်းကျိုးချမ်းသာဖြစ်စေခြင်းမှာ ဥပ္ပါတသန္တိကျမ်းကို ရွတ်ဖတ်လေ့ရှိသောကြောင့် ဖြစ်သည်။

တစ်ကြောင်းလည်း ဇင်းမယ်ပြည်တွင် နှစ်ပေါင်းများစွာ ရှေးအခါကပင် (၁) တနင်္ဂနွေ၊ (၂) တနင်္လာ၊ (၃) အင်္ဂါ၊ (၄) ဗုဒ္ဓဟူး၊ (၅) စနေ၊ (၆) ကြာသပတေး၊ (၇) ရာဟု၊ (၈) သောကြာ၊ (၉) ကိတ်ဟူသော ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်သော အလေ့အထရှိခဲ့ဟန်တူသည်။ နက္ခတ်ဗေဒင်ကို အယူအဆရှိသောသူတိုင်း ဂြိုဟ်ကြီးကိုးလုံးကို စောင့်သောနတ်တို့တွင် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာသောမဂြိုဟ် လေးလုံးကိုစောင့်သော နတ်တို့သည် လူတို့အား ကောင်းကျိုးကိုပေးတတ်သည်။ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု ပါပဂြိုဟ်လေးလုံးကိုစောင့်သော နတ်တို့သည် မကောင်းကျိုးကို ပေးတတ်သည်ဟု ယူဆကြသည်။ ယူဆကြသည့်အတိုင်း မကောင်းကျိုးပျောက်၍ ကောင်းကျိုးရောက်အောင် ပူဇော်ကြခြင်း ဖြစ်လေသည်။

ဥပ္ပါတသန္တိကျမ်းပေါ်ပြီးနောက် နှစ်ပေါင်း တစ်ရာငါးဆယ်ကျော် သက္ကရာဇ် ၉၁၉ ခုနှစ်သို့ ရောက်သောအခါ ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီးသည် ဇင်းမယ်ကို အောင်နိုင်၍ သားတော်နော်ရထာကို ဇင်းမယ်ဘုရင်အဖြစ်

www.burmeseclassic.com

လွှဲအပ်အုပ်ချုပ်စေသည်။ ထိုအခါ ပိဋကတ်တော်မှစ၍ စာပေကျမ်းဂန် ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်အများ ထွန်းကားခဲ့သည်။

ယင်းဘုရင်လက်ထက် ပိဋကတ်တော်၌ ကျွမ်းကျင်လိမ္မာသော ဆရာတော်တို့သည် ဤဇင်းမယ်ပြည်၌ ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်ကြသည်ကား လောကီအကျိုးမျှသာ ရည်ရွယ်ကြသည်။ တပည့်လိမ္မာသည် ဆရာကို သရက်ပင်ရင်း၌ ရေချိုးစေသဖြင့် ဆရာရေချိုးခြင်းကိစ္စ၊ သရက်ပင်ရေလောင်းခြင်းကိစ္စ နှစ်ကိစ္စပြီးစေသော (အမ္ဗသေဝနဂရုသိနန) နည်းဖြင့် အကျိုးစီးပွားများရာသကဲ့သို့ ဂြိုဟ်ကြီးကိုးလုံးပူဇော်ရာဝယ် ဘုရားကိုးဆူကို ထည့်သွင်းပူဇော်စေရလျှင် ဂြိုဟ်ကြီးကိုးလုံး ပူဇော်ခြင်းကိစ္စ၊ ဘုရားကိုးဆူ ပူဇော်ခြင်းကိစ္စ နှစ်ကိစ္စပြီးစေ၍ အကျိုးစီးပွားများရသည်ဟူသော ရည်ရွယ်ချက်ဖြင့် ပြည်သူပြည်သားတို့အား ဂြိုဟ်ကြီးကိုးလုံးနှင့်တွဲဖက်၍ ဘုရားကိုးဆူကိုပါ တစ်ပြိုင်တည်းပူဇော်ရန် အလေ့အထဖြစ်ပေါ်လာဟန်တူသည်။ နောက် မြန်မာနိုင်ငံသို့ရောက်လာကာယနေ့ထက်တိုင် ပူဇော်လျက်ရှိလေသည်။

ပူဇော်သောအခါ ဘုရားကိုးဆူထားရန် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဘုရားကို လူနတ်တို့ဆရာ ရဟန်းသံဃာတို့အကြီးအမှူးဖြစ်၍ အလယ်ဗဟိုအရပ်၌ ထားရသည်။

(၂) ရှင်သာရိပုတ္တရာကို ဘုရား၏ လက်ျာတော်ရံဖြစ်၍ တောင်အရပ်၌ထားရသည်။

(၃) ရှင်မောဂ္ဂလာန်ကို ဘုရား၏ လက်ဝဲတော်ရံဖြစ်၍ မြောက်အရပ်၌ ထားရသည်။

(၄) ရှင်ကောဏ္ဍညကို ရဟန္တာရှစ်ပါးတွင် သိက္ခာဝါအကြီးဆုံးဖြစ်၍ အရှေ့အရပ်၌ ထားရသည်။

(၅) ရှင်အာနန္ဒာကို ဘုရား၏ အလုပ်အကျွေး နောက်တော်ပါဖြစ်၍ အနောက်အရပ်၌ ထားရသည်။

(၆) ရှင်ဂဝံပတိကို ရာဟုဂြိုဟ်၏ အရှင်ဖြစ်၍ ရာဟုဂြိုဟ်တည်နေရာ အနောက်မြောက်အရပ်၌ ထားရသည်။ (ဂဝံပတိ၌ ဂေါသဒ္ဒါနွားအနက်ကို ရသည်။ ပသုသဒ္ဒါလည်း နွားအနက်နှင့် ရာဟုဂြိုဟ်အနက်ကို ရသည်။ ရာဟုဂြိုဟ်အနက်ကိုရသော ပသုသဒ္ဒါသည် ဂေါသဒ္ဒါကဲ့သို့ နွားအနက်ကိုလည်း ရသောကြောင့် ဂေါသဒ္ဒါလည်း နွားအနက်သာ မဟုတ်၊ ရာဟုဂြိုဟ်အနက်ကိုလည်း ရနိုင်သည်။ ထို့အတွက် ဂဝံပတိသဒ္ဒါသည် ရာဟုဂြိုဟ်အရှင်ဟု ဆိုပါသည်)

(၇) ရှင်ရာဟုလာကို ရဟန္တာရှစ်ပါးတွင် သိက္ခာဝါအငယ်ဆုံးဖြစ်၍ အသက်အငယ်ဆုံးဖြစ်သော တနင်္ဂနွေဂြိုဟ်တည်နေရာ အရှေ့မြောက်အရပ်၌ ထားရသည်။

(၈) ရှင်ရေဝတကို ရှင်သာရိပုတ္တရာ၏ ညီတော်ရင်းဖြစ်၍ ရှင်သာရိပုတ္တရာ၏အနီး အရှေ့တောင်အရပ်၌ ထားရသည်။

(၉) ရှင်ဥပါလိကို ဝိနည်းကိုဆုံးဖြတ်ရသော ဝိနည်းမိုရ်ဖြစ်၍ ရှေးအခါက တရားသူကြီးဖြစ်ဖူးသော စနေဂြိုဟ်တည်နေရာ အနောက်တောင်အရပ်၌ ထားရသည်။

ဘုရားကိုးဆူပူဇော်ရာ၌ ဘုရားကိုးဆူသက်သက်လည်း ပူဇော်နိုင်သည်။ ဂြိုဟ်ကြီးကိုးလုံးနှင့် တစ်နေရာတည်း တွဲဖက်၍လည်း ပူဇော်နိုင်သည်၊ တစ်နေရာစီခွဲ၍လည်း ပူဇော်နိုင်သည်။ ပူဇော်သောအခါ ဂြိုဟ်ကြီးကိုးလုံးကိုထားရန်မှာ အောက်ပါအစီအစဉ်အတိုင်း ဖြစ်သည်။

(၁) တနင်္ဂနွေဂြိုဟ်ကို အရှေ့မြောက်အရပ်၌ ထားရသည်။
(၂) တနင်္လာဂြိုဟ်ကို အရှေ့အရပ်၌ ထားရသည်။
(၃) အင်္ဂါဂြိုဟ်ကို အရှေ့တောင်အရပ်၌ ထားရသည်။
(၄) ဗုဒ္ဓဟူးဂြိုဟ်ကို တောင်အရပ်၌ ထားရသည်။
(၅) စနေဂြိုဟ်ကို အနောက်တောင်အရပ်၌ ထားရသည်။
(၆) ကြာသပတေးဂြိုဟ်ကို အနောက်အရပ်၌ ထားရသည်။
(၇) ရာဟုဂြိုဟ်ကို အနောက်မြောက်အရပ်၌ ထားရသည်။
(၈) သောကြာဂြိုဟ်ကို မြောက်အရပ်၌ ထားရသည်။
(၉) ကိတ်ဂြိုဟ်ကို အလယ်ဗဟိုအရပ်၌ ထားရသည်။

ဘုရားကိုးဆူနှင့် ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်ရာ၌ ပို၍စုံလင်အောင်ထည့်သွင်းလိုလျှင် (၁) သူရဿတီ၊ (၂) စန္ဒီ



www.burmeseclassic.com

www.burmeseclassic.com

(၃) ပရမီသွာ၊ (၄) မဟာပိန္နဲ (၅) ဂေါရမန္တ နတ်မင်းကြီး ငါးပါးနှင့် (၆) ရက္ခစိုး (၇) ဘုမ္မစိုး (၈) အာကာသစိုး (၉) အိမ်စောင့်နတ်ဟူ၍ နတ်ကိုးပါးကို ထည့်သွင်းနိုင်ပေသည်။ အကယ်၍ ထည့်သွင်းလျှင် ဘုရားကိုးဆူ (၉)ပွဲ အစုံအလင်၊ ဂြိုဟ်ကြီးကိုးလုံး (၉)ပွဲ အစုံအလင်၊ နတ်ကိုးပါး (၉)ပွဲ အစုံအလင် အားလုံး (၂၇)ပွဲ ပြင်ရသည်။

"ဒါနဝတ္ထု၊ စုစုမြားမြောင်၊ ကျောင်းဆောင်ဆီမီး၊ တံခွန်ထီးနှင့်၊ သစ် သီးသုံးထွေ၊ မသွေရေချမ်း၊ ပန်းလည်း သုံးပါး၊ မုန့်ကားဖြူနီ၊ ယိုစုံစီနှင့်၊ တစ်လီအုံ့လောက်၊ ပေါက်ပေါက်ချိုဖြုန်း၊ ကြံအုန်းငှက်ပျော၊ ချိုမောနှစ်သက်၊ လက်ဖက် ကွမ်းယာ၊ သုတာစုံလင်၊ ဆွမ်းဘောဇဉ်"ဟု ရေးဆရာကြီးများ စပ်ဆိုထားသည့် အတိုင်း...

## ဆွမ်းချက်ရန် အစီအစဉ်

ဆန်ကျိုးမပါ ဆန်သစ်ဆန်ကောင်းကို (၉)နဝင်းကြေ ချက်လိုသလောက် (၉)ခွက်ချင့်၍ (၉)ကြိမ်ဆေး၊ မချက် ဖူးသေးသော အိုးသစ်တွင်ထည့်၍ ဆီးသားထင်း၊ ဆီးသား ယောက်မ၊ သို့မဟုတ် သန့်သော ထင်းယောက်မ၊ ဖိုခုံလောက် ကို ဂဠုန်ရုပ်၊ နဂါးရုပ်၊ ခြင်္သေ့ရုပ်ခံ၍ နံနက်အရုဏ်တက် ဆွမ်းကပ်မီ မတူးမခြစ်အောင် ချက်ရမည်။

ဆွမ်းချက်သောနေရာကို သန့်ပြန့်စွာပြုလုပ်၍ သဲဖြူ ခင်း၊ ရာဇမတ်ကာ၊ အထက်က ပိတ်မျက်နှာကြက်၊ ထောင့် လေးထောင့်နှင့် အလယ်မီးထွန်း၊ ထောင့်လေးထောင့်၌ ငှက် ပျောအုန်းစိုက်၊ ရာဇမတ်ပေါ်တွင် တံခွန်ကုက္ကား ကြက်လျှာ ထီးတံခွန် စိုက်ရမည်။

ဆွမ်းချက်မည့်သူ စောစောထ ရေချိုး၊ ခေါင်းလျှော်၊ အဝတ်ဖြူစင်ကြယ်ဝတ်၊ ငါးပါးသီလခံပြီး ရာဇမတ်တွင်းဝင်၊ မင်း ထိုယ်ချည်(ပရိတ်ချည်) ပတ်မိအောင်ပတ်၊ ဆွမ်းမကျက်မီ အပြင်မထွက်နှင့်၊ ဆွမ်းကျက်မှ အပြင်ထွက်ရမည်။

## ပွဲပြင်ရန် အစီအစဉ်

ကျောင်းဆောင်၊ သို့မဟုတ် စားပွဲကြီး၊ ဆီမီးဖယောင်း တိုင်၊ ထီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ၊ သစ်သီးသုံးမျိုး၊ ပန်းသုံးမျိုး၊ ယိုသုံးမျိုး၊ မုန့်ဖြူ၊ မုန့်နီ၊ ပေါက်ပေါက်၊ ကြံ၊ အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်းယာ၊ ဆွမ်း၊ ရေချမ်း စုံလင်အောင်စီစဉ်ရမည်။ သို့မဟုတ် မိမိတို့စွမ်းနိုင်သလောက် စီစဉ်နိုင်သည်။ ပွဲပြင်ရာ၌ ဘုရား(၉)ဆူအတွက် (၉)ပွဲ အစုံ အလင်၊ ဂြိုဟ်ကြီး (၉)လုံးအတွက် (၉)ပွဲ အစုံအလင်၊ နတ်ကိုးပါးအတွက် (၉)ပွဲ အစုံအလင် ညဦးက ပြင်ဆင်ထား ရမည်။ ဆွမ်းပွဲကို နံနက်အရုဏ်တက်မှ ပြင်ဆင်ရမည်။

## ပူဇော်ပုံ အစီအစဉ်

ရှေးဦးစွာ ခွင့်ပန်သောအနေဖြင့် ညဦးယံ ဘုရား ပင့်၊ နောက် အရုဏ်တက်သောအခါ ထပ်၍ ဘုရားပင့်ပြီး လျှင် ရဟန္တာရှစ်ပါးကို အစဉ်အတိုင်းပင့်၊ ပူဇော်၊ ဆုတောင်း၊ ရေစက်ချ၊ အမျှပေးဝေရမည်။ နောက် ဂြိုဟ်ကြီး (၉)လုံးနှင့် နတ်(၉)ပါးကိုလည်း ထိုအစီအစဉ်အတိုင်းပင့်၊ ပူဇော်၊ ဆု တောင်း၊ နောက် ဂြိုဟ်ကြီး(၉)လုံးကို အစဉ်အတိုင်း ပြန်ပို့ ရမည်။

မှတ်ချက် - ဘုရား(၉)ဆူ ပူဇော်နည်းကို သက္ကရာဇ် ၁၂၂၁ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်နေ့ ကင်းဝန်မင်းကြီး စာရေးတော်ကြီးဘဝက လျှောက်ထားသဖြင့် ဒုတိယမောင်း ထောင်ဆရာတော် ဦးပုညာသာမိ ဖြေဆိုဆုံးဖြတ်အပ်သော (ဗုဒ္ဓနဝမပူဇာဝိနိစ္ဆယ)နှင့် သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် ဝိနတ္ထပကာသနီ စသော ကျမ်းပေါင်းများစွာ ပြုစုစီရင်သည့် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးသားသော သဠ္ဌန ဝိလာသနီကျမ်းတွင်ပါသော (ဘုရားကိုးဆူကပ်)တို့မှယူ၍ ထည့်သွင်းရေးသားပါသည်။ ဂြိုဟ်ကြီး(၉)လုံး ပူဇော်နည်းကို ရှေးဆရာကြီးများ ရေးသားထားသော နည်းကိုယူ၍ ထည့် သွင်းရေးသားပါသည်။

ဦးကြီးလေ(မြန်မာ့စွယ်စုံကျမ်း)

www.burmeseclassic.com

# ရှင်ပြုပွဲတွင် နတ်ပြုရသော မြန်မာမှုဓလေ့ထုံးစံများ

ကျော်ဇောဟိန်း(နံ့သာ)

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့သည် သားယောက်ျားလေးမွေးဖွား၍ အရွယ်ရောက်လာလျှင် သာသနာဘောင်သွတ်သွင်းကြကာ သာသနာ့အမွေ ခံယူကြလေ့ရှိပါသည်။ မိဘတို့သည် မိမိတို့၏သားကို သာသနာဘောင်သွတ်သွင်း၊ သာသနာအမွေ ခံယူပြုလုပ်နိုင်ရန်အတွက် ဦးစွာပထမ သားကို သင်္ကန်းတောင်း၊ သင်္ကန်းပေး၊ သရဏဂုံဆောက်တည် သီလတောင်းတတ်စေရန် ဥပဇ္ဈာယ်ဟုခေါ်သော ရှာဦးဘုန်းကြီးထံ အပ်နှံသင်ကြားစေရသည်။

ထို့နောက် ဆရာဘုန်းကြီး သတ်မှတ်ပေးသော နေ့ကောင်းရက်မြတ်တွင် ရှင်ပြုပွဲကို ပြုလုပ်ကြရသည်။ ရှင်ပြုပွဲနေ့တွင် ရှင်လောင်းကို မင်းညီမင်းသားကဲ့သို့ ဝတ်စားဆင်ယင်စေပြီး မြင်း (သို့မဟုတ်) ဆင်(သို့မဟုတ်) ထမ်းစင် (ခေါ်) ဝေါဖြင့်လည်းကောင်း (ယခုခေတ်တွင် ကားဖြင့်တင်၍ ရွှေထီးဆောင်းကာ လှည့်လည်ကြရသည်။) ရှင်လောင်းလှည့်သောအခါ အိမ်ရှေ့မင်းအဆောင်အယောင်ကဲ့သို့ အပြစ်ခြောက်ပါးကင်းပြီး မိဘနှစ်ပါးစုံလင်၍ ရပ်ရွာတွင် အချောဆုံးအလှဆုံးဟု သတ်မှတ်သမုတ်အပ်သော မိန်းမပျိုတို့က ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်အဖြစ် လိုက်ပါရသည်။ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် မိန်းကလေးများသည် မည်မျှပင် ချောမောလှပစေကာမူ မိဘစုံစုံလင်လင်မရှိက ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မပြုလုပ်ရပေ။

### သာသနာအမွေခံယူခြင်းပြုသောဓလေ့

သာသနာအမွေခံယူခြင်းပြု ဓလေ့သည် မြတ်စွာဘုရားရှင် ကပိလဝတ္ထုသို့ ကြွရောက်စဉ် သားတော်ရာဟုလာသည် ဖခင်ဘုရားရှင်ထံမှ ရွှေအိုးကြီးများ အမွေတောင်းရာ ဘုရားရှင်က ကျောင်းတော်သို့ခေါ်ဆောင်သွားပြီး သာမဏေဝတ်ပေးကာ သာသနာအမွေကိုပေးခဲ့သည်။ ဤသည်ကို [illegible] မှု၍ သာသနာအမွေခံသောဓလေ့ ဖြစ်လာသည်။ တစ်ဖန်



www.burmeseclassic.com

www.burmeseclassic.com

သီရိဓမ္မာသောကမင်းကြီးသည် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင် လှူဒါန်းခဲ့ပြီးနောက် သာသနာအမွေခံ ထိုက်သူ ဖြစ်/မဖြစ် အရှင်မောဂ္ဂလိပုတ္တိတဿမထေရ်အား လျှောက်ထားခဲ့သည်။

အရှင်မောဂ္ဂလိပုတ္တိတဿမထေရ်က ထိုမျှအလှူဖြင့် သာသနာအမွေခံထိုက်၊ မိမိရင်၌ဖြစ်သော သားသမီးဖြစ်စေ၊ သူတစ်ပါးသားသမီးကိုဖြစ်စေယူ၍ ရှင်ပြုပေးမှ သာသနာ အမွေခံထိုက်ဖြစ်သည်ဟု မိန့်ကြားခဲ့သည်။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီးသည် မိမိ၏သားတော် မဟိန္ဒနှင့် သမီးတော် သိယ်မိတ္တတို့ကို သာသနာ့ဘောင်သွင်း၍ သာသနာ့အမွေခံခဲ့သည်။ ထိုသည်ထုံးကို နလုံးမူကြပြီး ဗုဒ္ဓဘာသာ မိဘတို့သည် သာသနာ့အမွေ ခံယူကြသည့်ဓလေ့ထုံးကို လိုက်နာကျင့်သုံး ဆောင်ရွက်ခဲ့ကြသည်။

ရှင်ပြုပွဲ လှည့်ရာတွင် ရှင်လောင်းအား မင်းညီမင်းသားကဲ့သို့ ဝတ်စားဆင်ယင်စေခြင်း၊ ကွမ်းတောင်ကိုင်၊ ပန်းဆောင်ကိုင်များလိုက်စေခြင်း၊ ရွှေထီးမိုးခြင်း စသည်တို့မှာ သီရိဓမ္မာသောကမင်းကြီး၏ ညီတိဿမင်းသာသနာဘောင်ဝင်သည့် အခမ်းအနားအတုပြု၍ လိုက်နာကျင့်သုံးကြခြင်းဖြစ်သည်။

## ညီတော်အိမ်ရှေ့မင်းသား၏ အကြံ

သီရိဓမ္မာသောကမင်းကြီး၏ ညီတော်အိမ်ရှေ့မင်း[illegible] တစ်နေ့တွင် တောကစားထွက်ရာ တောနေသမင်တို့[illegible] မြက်သစ်ရွက်စားပြီး တောတွင်း၌ အချင်းချင်း ပျော်ရွှင်[illegible] နေသည်ကိုမြင်၍ ဤသို့ ကြံစည်မိလေသည်။ [illegible]သစ်ရွက်ကို စားရကုန်သော သမင်တို့သည်ပင် အမှုကိစ္စ[illegible] မိမိတို့အလျောက်သာနေရသဖြင့် ပျော်ပါးမြူးထူးကြ[illegible] သိမ်မွေ့သောအစာကို သုံးဆောင်ကာ သိမ်မွေ့သော [illegible] အိပ်ခါနေကုန်သော ရဟန်းတို့မှာကား အဘယ်မှ [illegible]တဲ့ ရှိအံ့နည်းဟု ကြံစည်မိသည်။ တောကစားမှ [illegible]တွင် ထိုအကြံကို မင်းကြီးအား လျှောက်ထားမိသည်။

မင်းကြီးလည်း ညီတော်အိမ်ရှေ့မင်းသားသည် အရာမဟုတ်သည်ကိုကြံမိ၏တကားဟု စိတ်မသက်မသာရှိတော်မူသော ထိုအကြံကို ဥပါယ်တံမျဉ်ဖြင့် သိစေလိုပြီး တစ်နေ့တွင် တစ်စုံတစ်ခုသော အကြောင်းဖြင့် အမျက်ထွက်သကဲ့သို့ပြုကာ

"အမောင် . . . ခုနစ်ရက်မင်းပြုဘိ၊ ခုနစ်ရက်ကျော်လျှင် သင့်ကို ငါသတ်တော့မည်"ဟု ခြိမ်းခြောက်၍ အကြောင်းကို သိစေသည်။ အိမ်ရှေ့မင်းသားသည် ခုနစ်ရက်လွန်သော် နောင်တောင်သည် ငါ့ကိုသတ်လတ္တံ့ဟု ကြောက်စိတ်ဝင်ကာ မစားမသောက် ချောက်ချားသောစိတ်ဖြင့် ကိုယ်သည် ပိန်လှီဖျော့တော့ကိုယ်ရှိသည်။

ခုနစ်ရက်စေ့သောအခါ မင်းကြီးက အိမ်ရှေ့မင်းကို ခေါ်၍ မေးသည်။

"ညီတော် . . . သင် အဘယ်ကြောင့် ခေါင်းပါးညှိုးညှိုးသောကိုယ် ရှိရပါသနည်း"

"အရှင်မင်းကြီး သေဘေးကိုကြောက်သောကြောင့် ဖြစ်ရပါသည်"

"ညီတော် သေအံ့သောနေ့ရက်ကို မြင်နိုင်သေးသျှက် မမြူးထူးနိုင်ရှိသေး၏။ အရှင်ဖြစ်သော ရဟန်းတို့ကား အာနာပါနနှင့်စပ်သော သေခြင်းတရားကို နေ့ညဉ့်မပြတ် ရှုတည်နေသည်မှာ အဘယ်မှ မြူးထူးနိုင်မလဲ"

အိမ်ရှေ့မင်းသားသည် ထိုနေ့မှစ၍ သာသနာကို အလွန်ကြည်ညိုသွားမိသည်။ တစ်နေ့ တောကစားသွားရာမှ အပြန်တွင် ဆင်ပြောင်ကြီးသည် အင်ကြင်းခက်ကိုကိုင်၍ အရှင်ယောနက မဟာရက္ခိတမထေရ်ကို ယပ်ခတ်နေသည်ကို တွေ့မြင်မိသည်။ စိတ်ထဲ၌ ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။

မဟာထေရ်သည် အိမ်ရှေ့မင်းသား၏ အကြံအစည်ကိုသိ၍ မင်းရှေ့မှာပင် ကောင်းကင်သို့ပျံတက်၍ အသောကာရာမကျောင်းအနီး လေးထောင်ကန်၌ ရေချိုးရန် သက်ဆင်းလေသည်။ အိမ်ရှေ့မင်းသားသည် ထိုမထေရ်မြတ်၏ တန်ခိုးအာနုဘော်ကြောင့် သာသနာတော်ကို အတိုင်းထက်အလွန်ကြည်ညိုသည်ဖြစ်၍ ယနေ့မှပင် ရဟန်းပြုအံ့ဟု ဆုံးဖြတ်ကာ မင်းကြီးထံဝင်၍ ခွင့်တောင်းလေသည်။ မင်းကြီးကလည်း အိမ်ရှေ့မင်းသားကို အလွန်မြတ်နိုးတော်မူသဖြင့် အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

ရပာန်းမပြုရန် တောင်းပန်သည်။ နောက်ဆုံး တောင်းပန်၍ မရသောအခါ ခွင့်ပြုလိုက်ရသည်။

အိမ်ရှေ့မင်းသား ရပာန်းပြု၍ စီးမံသောအခါ ဦးစွာ အသောကာရာမကျောင်း သွားရာလမ်းတစ်လျှောက်ကို တန်ဆာဆင်စေသည်။ အဆောင်အယောင် မင်းညီမင်းသား အဝတ်တို့ကိုဝတ်စေပြီး အခြံအရံအလုပ်အကျွေးတို့က အသုံးအဆောင်များကို ကိုင်စေပြီး အထူးထူးသော ချပ်ဝတ်တန်ဆာဆင်ထားသော စစ်သည်အပေါင်းခြံရံလျက် ကျောင်းတော်သို့ ခမ်းနားကြီးကျယ်စွာဖြင့် ပို့စေသည်။

## ဤထုံးကို နမူနာယူပြီး

ဤသည်ထုံးကို နမူနာယူ၍ ရှင်လောင်းကို မင်းဝတ်တန်ဆာဆင်သည်။ ကွမ်းတောင်ကိုင်ပန်းတောင်ကိုင်များ လိုက်ပါစေပြီး အခြံအရံများနှင့်လှည့်ကာ ကျောင်းသို့ပို့ရသည်။ ရှင်လောင်းလှည့်စဉ် ရွာဦးနတ်စင်ကိုဝင်ပြရသည်။ နတ်ကိုဝင်ပြစဉ် ရှင်လောင်းသည် နတ်ကိုရှိမခိုးရပေ။ နတ်အတွက် ကန်တော့ပွဲပေးရသည်။ ဤဓလေ့များမှာ ရှေးအခါက မင်းအမိန့်ရ ရွာတော်ရှင်နတ်ရှိသည်။ ထိုနတ်က ရွာကို စောင့်ရှောက်ရသည်ဖြစ်၍ ရွာသူရွာသားတို့ကို ပိုင်ဆိုင်သည်ဟုဆိုသည်။ ရွာထိပ်၌လည်း နတ်ကွန်းပေးပြီး အမြဲထားရသည်။ ယနေ့ခေတ်တွင်လည်း နတ်စင်နတ်ကွန်းများ ရွာထိပ်၌ ထားရှိကြသည်။

သာသနာ့ဘောင်သို့ ဝင်မည့်သူကို နတ်သည် ပိုင်ဆိုင်ခွင့်မရှိတော့။ သာသနတော်က (ဝါ) ဘုရားသခင်ကသာ ပိုင်ဆိုင်သွားတော့သည့်အတွက် ဤယခုပြုသော သူငယ်သည် မြင့်မြတ်သော သာသနာ့ဘောင်သို့ ဝင်ပါတော့မည်။ အရှင်နတ်မင်း သိတော်မူပါ။ ဤသူငယ် သာသနာ့ဘောင်ဝင်ရာတွင်လည်း တစ်စုံတစ်ရာ အန္တရာယ်များမပေါ်အောင် မကျရောက်အောင် စောင့်ရှောက်ပေးတော်မူပါဟူသော သဘောဖြင့်ပြောကာ နတ်ကိုကန်တော့ပွဲပေးပြီး ခွင့်တောင်းခြင်းသဘောဖြင့် ပြုလုပ်ကြခြင်းဖြစ်သည်။

## ရှင်လောင်းဖုက်ခြင်းဓလေ့

ရှင်လောင်းလှည့်ပြီး မဏ္ဍပ်သို့ပြန်ရောက်သောအခါ ရှင်လောင်းထမ်းအဖွဲ့က ရှင်လောင်းကိုဖုက်ကြသည်။ ရှင်လောင်းပိုင်ရှင်တို့က မုန့်ဆေးလိပ်စသည်တို့ဖြင့် လိုက်၍ရွေးယူရသည်။ ဤဓလေ့မှာ သီရိဓမ္မာသောကမင်းကြီးအလှူတွင် မာရ်နတ်ဖျက်မည့် အစီအစဉ်ကို ရှင်ဥပဂုတ္တမထေရ်က အကာအကွယ်ပေးခဲ့သည့်ထုံးကို နှလုံးမူ၍ ရှင်လောင်းဖုက်ဓလေ့ကို ပြုလုပ်ကြခြင်းဖြစ်သည်ဟု ဆိုပါသည်။

ရှင်သူငယ် သာသနာဘောင်သို့ မဝင်နိုင်အောင် သာသနာဘောင်သို့မရောက်အောင် ဘုရားသာသနာ စည်ပင်သာယာတိုးတက်စည်ပွားများကို မလိုလား၍ မာရ်နတ်က ဖုက်သည့်သဘောပြုလုပ်ကြခြင်းဖြစ်သည်။

ဤသည်မှာ ဘာသာရေးအထိမ်းအမှတ်ပွဲမှ နောက်ပိုင်းတွင် လူငယ်များ ပျော်ရွှင်ပွဲသဘင်ဖြစ်ကာ အလှူရှင်ထံမှ မုန့်ဆေးလိပ်စသည် တောင်းယူ၍ ရွှေးနှုတ်စေခြင်းသဘောမျိုး ပြုလုပ်လာခဲ့ကြခြင်း ဖြစ်သည်။

အလှူပွဲသို့ ဝိုင်းဝန်းကူညီကြသော လူငယ်များ ပျော်လည်းပျော်ရ၊ ဘာသာရေးအထိမ်းအမှတ်သဘောလည်းဖြစ်ရ၊ အလှူရှင်မှာလည်း ဒါနအပေါ် ဒါနထပ်မံပွားပြီး ပေးလှူရသဖြင့် အလွန်နှစ်သက်ပျော်ရွှင်ဖွယ်သော ဓလေ့ဖြစ်၍ ယနေ့ခေတ် မြန်မာလူမျိုးတို့ ရိုးရာမပျက် ဆင်နွှဲကျင်းပပြုလုပ်နေကြပါသည်။

ဤသို့ဖြင့် သာသနာအမွေခံ သားရှင်ပြုပွဲတွင် ဗုဒ္ဓဘာသာ ရိုးရာဓလေ့ယဉ်ကျေးမှုအရ လိုက်နာကျင့်သုံးဆောင်ရွက်ကြသော ဆောင်ရွက်မှုများသည် ယနေ့ခေတ်ထိ ခေတ်အဆက်ဆက် ထွန်းကားနေလျက်ရှိလေတော့သည်။

သတ္တာဝါမှန်သမျှ ဘေးမခ အေးမြရွှင်လန်း ချမ်းမြေ့ပါစေ

**ကျော်ဇောဟိန်း(နံ့သာ)**

**ကိုးကား**

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီအေ)၏ ဗုဒ္ဓယဉ်ကျေးမှုလာ မြန်မာဓလေ့ထုံးစံများ။



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်း နတ်ကောင်းစောင်မ

## အောင်မြင့်မြတ်(ပြည်ရွှေဘို)

စာရေးသူအနေဖြင့် သူတော်ကောင်း နတ်ကောင်း စောင်မဆိုတဲ့ ဆိုရိုးစကားကို ငယ်စဉ်ကလေးဘဝကစပြီး လူကြီးသူမတွေ ပြောကြားကြသည်ကို ကြားဖူးနားဝရှိခဲ့ဖူးပါတယ်။

ကြားသာကြားဖူးပေမယ့် သူတော်ကောင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဆိုလိုတယ်၊ နတ်ကောင်းဆိုတာလည်း ဘယ်လိုနတ်မျိုးကို ဆိုလိုတယ်။ စောင်မဆိုတာလည်း ဘယ်လိုအန္တရာယ်တွေကို ကင်းရှင်းသွားအောင်၊ ဘယ်လို စီးပွားဥစ္စာ စည်းစိမ်ချမ်းသာတွေကို ရရှိလာအောင် စောင်မ ဆိုသည်ကိုတော့ အတိအကျ မသိရှိခဲ့ပါ။

နောက် နောင်အချိန်အခါ အသက်အရွယ်ထောက်လို့ လူလားမြောက်ပြီး စာပေပရိယတ္တိ၊ ဘာသာရေးအသိပညာ အတွေ့အကြုံ ရင့်ကျက်လာတဲ့အခါကျမှ –

သူတော်ကောင်းဆိုတာ –

- (၁) သူတော်ကောင်းလက္ခဏာ ၁၂ ပါး
- (၂) သူတော်ကောင်းဥစ္စာ ၇ ပါး
- (၃) သူတော်ကောင်းတရား ၇ ပါး

တို့နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို သူတော်ကောင်းဆိုတာ ပါကလားလို့ သေချာစွာ လေ့လာသိရှိခဲ့ရပါတယ်။

### သူတော်ကောင်းလက္ခဏာ ၁၂ ပါး

- (၁) စိတ်ထားရှည်ခြင်း၊ တစ်နည်းဆိုသော် အရှည်ကိုမျှော်မြင်ပြီး ဆင်ခြင်စဉ်းစားတတ်တဲ့ စိတ်ထားရှိခြင်း
- (၂) မောက်မာကြွားဝါမှု ကင်းရှင်းခြင်း
- (၃) ဒေါသအမျက်အပြင်မထွက်အောင် ထိန်းချုပ်နိုင်ခြင်း
- (၄) မာနတံခွန်ထောင်လွှားမှု မရှိခြင်း
- (၅) သူတစ်ထူးရဲ့ ဂုဏ်ကျေးဇူးကို သိမြင်တတ်ခြင်း
- (၆) သူတစ်ထူးတို့ရဲ့ ဂုဏ်ပြိုင်ဆိုင်မှုမရှိခြင်း
- (၇) ကိုယ်ကျိုးစီးပွားသက်သက်ကိုသာ မကြည့်ရှုခြင်း
- (၈) သူတစ်ပါးအပြစ်ကို မရှာကြံခြင်း
- (၉) အပြစ်ဖြစ်လာရင်လည်း သူတစ်ပါးအပေါ် မလွှဲမချခြင်း
- (၁၀) မလွှဲသာ၍ မကောင်းမှုပြုရပေမယ့် မမွေ့လျော်ခြင်း
- (၁၁) ကောင်းမှုပြုတဲ့အခါမှာလည်း မွေ့လျော်ပျော်ရွှင်ခြင်း
- (၁၂) သူတစ်ပါးက စော်ကားပေမယ့် သည်းခံခွင့်လွှတ်နိုင်ခြင်း

စသဖြင့် သူတော်ကောင်းလက္ခဏာ ၁၂ ပါးရှိသည်ကို သိရှိလာရပါတယ်။ ဒီ ၁၂ ပါးကို အကျဉ်းချုံးလိုက်ပါက

- (၁) ကောင်းသောအမှုကို ပြုလုပ်ခြင်း။
- (၂) ကောင်းတဲ့စကားကို ပြောဆိုခြင်း။
- (၃) ကောင်းတဲ့စိတ်ထားရှိခြင်း

တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

### သူတော်ကောင်းဥစ္စာ ခုနစ်ပါး

- (၁) ရတနာသုံးပါး၊ ကံ ကံရဲ့အကျိုးတရားတွေကို သက်ဝင်ယုံကြည်ခြင်း
- (၂) ငါးပါးသီလစတဲ့ ကိုယ်ကျင့်တရားတွေနဲ့ ပြည့်စုံခြင်း။
- (၃) အတွေ့အကြုံကြွယ်အမြင် ဗဟုသုတများခြင်း
- (၄) ပေးသင့်ပေးထိုက် ချီးမြှင့်ထိုက်တဲ့ သူတွေကို ပေးကမ်းစွန့်ကြဲခြင်း
- (၅) စူးစမ်းဆင်ခြင် သုံးသပ်တတ်တဲ့ ဉာဏ်ပညာရှိခြင်း



www.burmeseclassic.com

www.burmeseclassic.com

(၆) မကောင်းမှုပြုရမှာကို ရှက်ကြောက်ခြင်း
(၇) မကောင်းမှုပြုရမှာကို ထိတ်လန့်ခြင်း

ဒီခုနစ်ပါးမှာ သူတော်ကောင်းတွေမှာ ရှိနေတဲ့ ဥစ္စာများ ဖြစ်ပါတယ်။

## သူတော်ကောင်းတို့ ကျင့်အပ်သော သူတော်ကောင်းတရား ခုနစ်ပါး

(၁) ရတနာသုံးပါး၊ ကံ ကံရဲ့အကျိုးတရားတွေကို သက်ဝင်ယုံကြည်ခြင်း
(၂) ငါးပါးသီလစတဲ့ ကျင့်ဝတ်တရားများကို မြဲအောင် စောင့်ထိန်းရခြင်း
(၃) ရတနာသုံးပါး၊ ဖြစ်ပျက်မှုသင်္ခါရတရားတွေမှာ အမြဲမပြတ် အာရုံကပ်ပြီး ရှုကြည့်နေခြင်း
(၄) ကောင်းတဲ့အာရုံမှာ စွဲမြဲအောင် ဖွဲ့လုံ့လရှိအောင် အားထုတ်ရခြင်း
(၅) မလွဲမမှားအောင် စဉ်းစားဆင်ခြင်တတ်တဲ့ အသိတရားနဲ့ ကျင့်ကြံရခြင်း
(၆) မကောင်းမှုမှန်သမျှ မပြုမိအောင် ရှက်ကြောက်ရခြင်း
(၇) မကောင်းမှုမှန်သမျှ မပြုမိအောင် ထိတ်လန့်သွားအောင်နေရခြင်း

ဒီခုနစ်ပါးမှာ သူတော်ကောင်းတွေ ကျင့်ကြံအပ်တဲ့ သူတော်ကောင်းတရားများ ဖြစ်ပါတယ်။

## သူတော်ကောင်းဥစ္စာ ခုနစ်ပါးနှင့် သူတော်ကောင်းတရား ခုနစ်ပါးတို့၌ အထူးသတိပြုရန်

လူတော်တော်များများ သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့မှာ အတူတူပါပဲဆိုပြီး ထင်ယောင်ထင်မှား ဝိုးတဝါး ရှိတတ်ကြပါတယ်။ သုတနဲ့ စာဂတို့မှာ သူတော်ကောင်းဥစ္စာ ခုနစ်ပါးမှာ ပါဝင်ကြပြီး သတိနဲ့ ဝီရိယတို့မှာ သူတော်ကောင်းတရား ခုနစ်ပါးမှာ ပါဝင်နေပါတယ်။ ကျန်ရှိ ငါးပါးကတော့ သူတော်ကောင်းဥစ္စာရော၊ သူတော်ကောင်းတရားမှာပါ အတူတူ ပါဝင်နေကြပါတယ်။ ဒါကြောင့် သူတော်ကောင်းဆိုတာ –

(၁) သူတော်ကောင်းလက္ခဏာ ၁၂ ပါးနဲ့ ပြည့်စုံစေရမယ်။
(၂) သူတော်ကောင်းဥစ္စာ ၇ ပါးနဲ့ ပြည့်စုံစေရမယ်။
(၃) သူတော်ကောင်းတရား ၇ ပါးကို ကျင့်ကြံအားထုတ်နေသူလည်း ဖြစ်ရမယ်။

ဒီအင်္ဂါသုံးပါးနဲ့ ပြည့်စုံတဲ့သူကို သူတော်ကောင်းအစစ်အမှန်ဖြစ်တယ်လို့ ဆိုရပါမယ်။

## နတ်ကောင်း နတ်ယုတ်

နတ်ကောင်းနတ်မြတ်ဆိုတာ လူတွေကိုးကွယ်တဲ့ နတ်တိုင်း နတ်ကောင်း နတ်မြတ်လို့ မထင်လိုက်ပါနဲ့။ နတ်ယုတ်မာ၊ နတ်မိစ္ဆာတွေလည်း အများကြီး ရှိနေပါတယ်။ နတ်တွေသာမဟုတ်၊ ဗြဟ္မာတွေမှာလည်း ဗြဟ္မာမိစ္ဆာတွေ ရှိကြပါတယ်။ နတ်ယုတ်နတ်မိစ္ဆာတွေ ရှိကြောင်းကို အာဋာနာဋိယသုတ်ကို သာဓကပြုပြီး သိရှိနိုင်ပါတယ်။

အာဋာနာဋိယသုတ်ကို ဟောရခြင်းမှာ တစ်ရံရောအခါက မြတ်စွာဘုရားရှင်ဟာ ရာဇဂြိုဟ်ပြည်အနီးက ဂိဇ္ဈကုတ်တောင်ကြီးမှာ တောရကျောင်း၊ သီတင်းသုံးစဉ် စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့ဟာ နောက်ပါနတ်ဘီလူးကြီးများ ခြံရံပြီး မြတ်စွာဘုရားထံ ရောက်လာကြပါတယ်။ ဒီအခါ စတုမဟာရာဇ်နတ်မင်းကြီး လေးဦးထဲက မြတ်စွာဘုရားနဲ့ အကျွမ်းတဝင်ဖြစ်တဲ့ ကုဝေရ ခေါ်တဲ့ ဝေဿဝဏ်နတ်မင်းကြီးဟာ မြတ်စွာဘုရားကို အောက်ပါအတိုင်း လျှောက်ထားပါတယ်။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားကို မကြည်ညိုကြတဲ့ ဘုန်းတန်ခိုးအကြီးအစား အလတ်စား၊ အငယ်စားဖြစ်တဲ့ နတ်ဘီလူးတွေ တပည့်တော်တို့အထဲမှာ ရှိနေကြပါတယ်။

ဒီလိုရှိနေတာကြောင့် အရှင်ဘုရားရဲ့ တပည့်သားသံဃာတော်များ၊ ဥပသကာ၊ ဥပါသိကာမများ၊ လူသူမနီးတောကြီးတောင်ကြီးထဲမှာ သူတော်ကောင်းတရားပွားများကြိုးစားအားထုတ်နေကြတဲ့အခါ သူတို့မနှစ်သက်တဲ့အလုပ်ကို လုပ်နေရမလားလို့ အမျက်ဒေါသထားကာ နှောင့်ယှက်ဖျက်ဆီး ခြောက်လှန့်ပြီး လုပ်ကြပါလိမ့်မယ်။ ဒါကြောင့် သူတော်ကောင်းတရားအားထုတ်နေကြတဲ့ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတွေကို



www.burmeseclassic.com

www.burmeseclassic.com

အစောင့်အရှောက်အရံအတား အကာအကွယ်ပြုဖို့ရာ အာဋာနာဋိယပရိတ်တရားကို ဟောကြားတော်မူပါဘုရား" လို့ တောင်းပန်လျှောက်ထားမှုကို အကြောင်းပြုပြီး အာဋာနာဋိယသုတ်ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါတယ်။

ဒီဒေသနာတော်လာ စကားကို ထောက်ဆပြီး မြတ်စွာဘုရားဟောကြားတော်မူအပ်တဲ့ သူတော်ကောင်းတရားကို မနှစ်မြို့ မလိုလားတဲ့ နတ်များရှိကြောင်း သိသာထင်ရှားပါတယ်။ ဗြဟ္မာများထဲမှာလည်း ဗကဆိုတဲ့ ဗြဟ္မာကြီးဟာ "ငါတစ်ဦးဟာ သတ္တဝါတွေကို ဖန်ဆင်းနိုင်တယ်။ ငါ့ဘုံဟာ အထက်ဆုံးက အမြတ်ဆုံးဖြစ်တယ်။ ငါ့ဘုံလည်း မြဲတယ်။ ငါလည်းမြဲတယ်" စသဖြင့် အတ္တအယူ ရှိနေပြီး မမြဲကြောင်းကို မြတ်စွာဘုရား ဟောကြားရသည်ကို ထောက်ဆပြီး မိစ္ဆာအယူရှိကြတဲ့ ဗြဟ္မာကြီးတွေလည်း ရှိနေကြောင်း သိသာထင်ရှားလှပါတယ်။

ဒါကြောင့် "သူတော်ကောင်း နတ်မ" ဆိုတဲ့ စကားမှာ သူတော်ကောင်းဖြစ်ပေမယ့် နတ်တိုင်း မစောင့်မပါဘူး။ ဖျက်လိုဖျက်ဆီး နတ်တွေလည်း အများကြီးရှိကြောင်း သတိပြုရပါမယ်။

နတ်ကောင်းနတ်မြတ်ဆိုသည်မှာ သိကြားမင်း၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၊ မာတလိ၊ ဝိသကြုံ၊ ပဥ္စသိခ်၊ အရိမေတ္တယျ၊ ဇနဝသဘ၊ မယ်တော်မိနတ်သားတို့နဲ့အတူ တရားဘာဝနာ ပွားများနေကြတဲ့ နတ်တွေကိုသာ နတ်ကောင်းနတ်မြတ်ဖြစ်ကြောင်း ဆိုရပါမယ်။

ဒါကြောင့် ရွတ်ဖတ်ကြတဲ့အခါ သမ္မာဒေဝ နတ်ဗြဟ္မာတွေကို ပင့်ဖိတ်ရန် သမ္မာဒေဝဆိုတဲ့ ဝိသေသနအထူးပြု စကားထည့်ပြီး ဆရာမြတ်တို့က သတ်မှတ်ခဲ့ကြတယ်။ ဒီနေရာမှာ နတ်ကောင်းဆိုတဲ့ စကားကို သိသာထင်ရှားအောင် ဖော်ပြလိုက်ပါတယ်။

စောင့်မသည်ဆိုတဲ့စကားကတော့ သူတော်ကောင်းတွေ ဘေးအန္တရာယ်ကင်းရှင်းအောင်၊ မသေသင့်၊ မသေထိုက်ဘဲ ဥပစ္ဆေဒကကံကြောင့် မသေရအောင်၊ စီးပွားဥစ္စာတိုးတက်အောင်၊ နောက်နောက်ဘဝက ပါရှိလာတဲ့ ကုသိုလ်ကံကို အထောက်အပံ့ အကူအညီပေးတဲ့အနေနဲ့ စောင့်ရှောက် ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ အိပ်မက်ပေးကာ သတိပေးခြင်း စသည်ပြုလုပ်တာကို စောင့်မသည်ဟု ဆိုလိုပါတယ်။

## နတ်ပြည်ရောက်နိုင်သောအကြောင်း

နတ်ပြည်သို့ ရောက်နိုင်သည်မှာ ရတနာသုံးပါးကို ကိုးကွယ်မှ၊ ဗုဒ္ဓဘာသာအယူရှိမှ နတ်ပြည်သို့ ရောက်နိုင်သည် မဟုတ်ပါ။ လူဖြစ်စဉ်ဘဝက (၁) သူတစ်ပါးအသက်ကို မသတ်ဖြတ်ခြင်း၊ (၂) သူတစ်ပါးက မပေးတဲ့ဥစ္စာကို မခိုးယူခြင်း၊ (၃) သူတစ်ပါးသားမယား သားပျို သမီးပျိုများကို မဖျက်ဆီးခြင်း၊ (၄) လိမ်ညာမပြောဆိုခြင်း၊ (၅) သေရည်အရက် မသောက်စားခြင်းဆိုတဲ့ လူကျင့်ဝတ်တရားများနဲ့ ပြည့်စုံခြင်း၊ တံတားဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ လမ်းခင်းခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်းစတဲ့ ကုသိုလ်ကောင်းမှုတွေပြုလုပ်ရင် ဗုဒ္ဓဘာသာကို မယူပေမယ့်၊ ဘယ်အယူဝါဒမှ တိတိကျကျမယူထားပေမယ့် နတ်ပြည်ကို ရောက်နိုင်ပါတယ်။

မြောက်ကျွန်းသူ မြောက်ကျွန်းသားများမှာ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်ကြသူများ မဟုတ်ကြပါ။ ဒါပေမယ့် ငါးပါးသီလမြဲကြသဖြင့် နတ်ပြည်သို့ အမြဲရောက်ကြပါတယ်။

## နတ်ပြည်သို့ ရောက်နိုင်သည့်အကြောင်း သုံးပါး

(၁) မှန်ကန်တဲ့စကားကို ပြောဆိုရပါမယ်။

(၂) အမျက်ဒေါသမကြီးရအောင် အပြင်မထွက်မရအောင် ထိန်းချုပ်နိုင်ရပါမယ်။

(၃) တောင်းခံလာရင် အနည်းငယ်မျှ ပစ္စည်းကို ပေးကမ်းစွန့်ကြဲနိုင်ရပါမယ်။

ဒီအင်္ဂါသုံးပါးနဲ့ ပြည့်စုံက ဘယ်အယူကိုပဲ ယူယူ၊ အယူဝါဒ တစ်ခုမျှမယူဘဲနေနေ နတ်ပြည်ကို ရောက်နိုင်ကြောင်း ဓမ္မပဒပါဠိတော်မှာ မြတ်ဗုဒ္ဓဟောတော်မူခဲ့ပါတယ်။

တစ်နည်းဆိုရရင် မိဘဆရာသမား၊ လူကြီးသူမတွေကို လုပ်ကျွေးသမှုပြုပါက ဘယ်ပုဂ္ဂိုလ်မျိုးမဆို နတ်ပြည်ရောက်နိုင်ကြောင်း ဣတိဝုတ်ပါဠိတော်မှာလည်း မြတ်ဗုဒ္ဓ ဟောကြားခဲ့ပါတယ်။ ဒါပေမယ့် အမိကို သတ်ခြင်း၊ အဖကို သတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို သင်းခွဲခြင်းဆိုတဲ့ ပဉ္စာနန္တရိယ ကံငါးပါးနဲ့ နိယတမိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်များကိုတော့ ချန်လုပ်ခဲ့ရပါမယ်။ ဘာကြောင့်လဲဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါပုဂ္ဂိုလ်များ သေပါက ငရဲမှာကျရောက်ရမယ့်သူတွေဖြစ်လို့ သေသည်၏ အခြားမဲ့ဘဝမှာ နတ်ပြည်သို့ မရောက်နိုင်သူတွေဖြစ်ပါတယ်။

## စောင်မဖူးသည့် အထောက်သာဓက

သူတော်ကောင်းဖြစ်ပြီး နတ်ကောင်းစောင်မတဲ့ သာဓကဝတ္ထုတွေ ဘုရားဟောကျမ်းဂန် စာပေများမှာ အများအပြားရှိပါတယ်။ စာဖတ်ပရိသတ်တွေ မှတ်သားလွယ်ကူတဲ့ ဝတ္ထုနှစ်ပုဒ်ကို ဖော်ပြပေးလိုက်ပါတယ်။

### သုဇာတာဝတ္ထု

တစ်ချိန်တုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံနေချိန် သုဇာတာအမည်ရှိတဲ့ အမျိုးကောင်းသမီးတစ်ယောက်ရှိတယ်။ အချိန်တန် အရွယ်ရောက်လာတဲ့အခါ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ထိန်းချုပ်ခြင်း၊ စောင့်စည်းခြင်းစတဲ့ လူကျင့်ဝတ်တရား သူတော်ကောင်းလက္ခဏာများနဲ့ ပြည့်စုံပြီး သူတော်ကောင်းတရားလို့ ဆိုလောက်တဲ့ ဂုဏ်ရည်တူ အမျိုးကောင်းသားတစ်ယောက်နဲ့ မိဘများက သဘောတူ ပေးစားထိမ်းမြားလိုက်ပါတယ်။

ရှေးထုံးစံအတိုင်း အိမ်ထောင်ကျက သျှောင်နောက်ဆံထုံးပါဆိုတဲ့ စကားအတိုင်း လင်ယောက်ျားနေထိုင်ရာ ရွာသို့ လိုက်ပါနေထိုင်ရလေတယ်။ သုံးနှစ်သုံးမိုးကြာတဲ့အခါ မိဘတွေရှိရာ ဗာရာဏသီပြည်သို့ ကန်တော့ရန် သွားဖို့ လှည်းတစ်စီးနဲ့ စားနပ်ရိက္ခာများ တင်ဆောင်ပြီး ထွက်ခွာလာခဲ့ကြတယ်။

ဗာရာဏသီပြည်အနီးအနားသို့ ရောက်ရှိသွားတဲ့အခါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ဗြဟ္မဒတ်မင်းကြီးကလည်း တိုင်းခန်းလှည့်လည်တဲ့အခါနဲ့ ခရီးရင်ဆိုင် ကြုံတွေ့ရတယ်။ ဒီလိုတိုက်ဆိုင်ကာ ကြုံတွေ့ရတဲ့အခါ မင်းကြီးမှာ သုဇာတာရဲ့ ရုပ်ဝါအဆင်းလှပခြင်းကို မြင်သွားလို့ စိတ်လွတ် ကိုယ်လွတ် အလွန် ကြိုက်နှစ်သက်ပြီး တစ်ခဏအတွင်း မင်းချင်းယောက်ျားများကို ခေါ်ကာ ဒီလှည်းနောက်က လိုက်ပါလာတဲ့ အမျိုးသမီးဟာ သဿာမိက၊ အဿာမိက ဆိုတဲ့ ပိုင်ရှင် လင်ယောက်ျားရှိ၊ မရှိ မေးမြန်းခိုင်းလိုက်ပါတယ်။

မင်းကြီးအမိန့်အတိုင်း မင်းချင်းယောက်ျားများက သွားရောက်မေးမြန်းတဲ့အခါ သုဇာတာက "လှည်းမောင်းနေတဲ့သူဟာ ကျွန်မယောက်ျားဖြစ်ပါတယ်"လို့ ဖြေလိုက်တယ်။ မင်းကြီးကို ပြန်လည်လျှောက်တင်တဲ့အခါ မင်းကြီးမှာ အလွန်အမျက်ထွက်ပြီး သူဆောင်းထားတဲ့ ဦးသျှောင်ကိုချွတ်ကာ လျို့ဝှက်စွာ လှည်းနောက် အတင်းခိုင်းလိုက်ပါတယ်။

မကြာမီ ဘုရင့်ဦးသျှောင် ပျောက်သွားတယ်လို့ဆိုကာ ဟိုဟိုဒီဒီ ရှာဖွေယောင်ဆောင်ပြီး သုဇာတာရဲ့ လှည်းနောက်က တွေ့ရှိတယ်လို့ မတရားစွပ်စွဲပြီး လှည်းမောင်းသမား သူ့ယောက်ျားကို ခိုးသူအဖြစ် တရားခံလုပ်ကာ သုသာန်ကိုထုတ် သတ်ဖို့ အမိန့်ချမှတ်လိုက်ပါတယ်။ သူ့ယောက်ျားကို သတ်မဲ့ဆဲဆဲ သုဇာတာလည်း ငိုပွဲဆင်ကာ သုသာန်ကို လိုက်သွားရှာပေမယ့် ဘယ်လို ဘယ်လိုမှ မတတ်နိုင်တော့တဲ့အဆုံး ငါ့မှာ မှန်ကန်တဲ့သစ္စာမှ တစ်ပါးအခြားကိုးကွယ် အားထားရာမရှိဖြစ်နေပြီလို့ ကြံစည်ကာ "ကျွန်မယောက်ျားဟာ သူတော်ကောင်းအစစ် ကေန်ဖြစ်ပါတယ်။ ကျွန်မမှာလည်း သူနဲ့ လင်မယားဖြစ်တဲ့နေ့ကစပြီး ဘယ်ယောက်ျားကိုမှ စိတ်ထဲက မပြစ်မှားမိပါ။ ဒီမှန်ကန်တဲ့သစ္စာစကားကြောင့် ကျွန်မယောက်ျားကို ကယ်မစောင့်ရှောက်မယ့် သမ္မာဒေဝနတ်များ ပေါ်ပေါက်လာပါစေသား" လို့ သစ္စာတိုင်တည်ဆိုလိုက်ပါတယ်။

သစ္စာတိုင်တည်ပြုလိုက်တာနဲ့ တစ်ချိန်တည်းမှာပဲ သမ္မာဒေဝသိကြားမင်းမှာ မြကျောက်ဖျာကမ္ဗလာတင်း နေနိုင်ခြင်းမရှိဖြစ်ကာ တစ်ခဏအတွင်း ချက်ချင်းရောက်ရှိလာရတယ်။ ဒီအချိန်မှာ မင်းချင်းယောက်ျား အာဏာပါးကွက်သားများက သုဇာတာရဲ့ လင်ယောက်ျားကို သတ်ဖို့ရာ စဉ်းတီတုံးပေါ်မှာ တင်ထားပြီး လည်ပင်းကို ဓားဖြင့်ခုတ်သတ်ဖို့ အသင့်အနေအထားမှာ ရှိနေချိန် ဘုရင်ဗြဟ္မဒတ်မင်းကြီးကလည်း ကိုယ်တိုင်မြင်လိုသဖြင့် ဆင်စီးပြီးလာအကြည့် ကောင်းကင်မှာ ရောက်ရှိနေတဲ့ သိကြားမင်းကလည်း သူ့တန်ခိုးဖြင့် တစ်မျိုးလှည့်လိုက်တဲ့အခါ သုဇာတာယောက်ျားက ဆင်ပေါ်ရောက်၊ ယုတ်မာအကောက်ကြံတဲ့ ဗြဟ္မဒတ်ဘုရင်ခမျာ စဉ်းတီတုံးပေါ်မှာ ဦးခေါင်းပြတ်သေဆုံးသွားရပါတယ်။

ဒီနောက်မှာ သိကြားမင်းက ကိုယ်ထင်ပြကာ ပြည်သူပြည်သားတွေကို ဆုံးမဩဝါဒစကား ပြောကြားပြီး သုဇာတာရဲ့ယောက်ျားကို မင်္ဂလာဘိသိက်ဖျန်း ခရုသင်းမှုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းအဖြစ် တင်မြှောက်သွားပါတယ်။ ဒီဇာတ်ဝတ္ထုမှာ သုဇာတာရဲ့ယောကျ်ားမှာ သူတော်ကောင်းဖြစ်ကာ သိကြားမင်းကလည်း သောတာပန်နတ်ကောင်းဖြစ်ပြီး ဥပဒ္ဒေဒက ကံကြောင့် မသေရအောင်၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရတဲ့ အဖြစ်ရအောင် စောင်မကြည့်ရှုတာကို ထောက်ထားပြီး "သူတော်ကောင်း နတ်ကောင်းမသည်" ဆိုတဲ့စကားဟာ ထင်ရှားသိသာနိုင်ပါတယ်။

## ဓမ္မဓဇဝတ္ထု

ငါးရာ့ငါးဆယ် ဝတ္ထုအပါအဝင် ဓမ္မဓဇဇာတ်တော်မှာလည်း ရှေးအခါက ဗာရာဏသီပြည်မှ ယသပါဏိ အမည်ရှိတဲ့မင်းကြီး မင်းကျင့်တရား ဆယ်ပါးနဲ့အညီ တိုင်းပြည်အုပ်ချုပ်နေတယ်။

စစ်သူကြီးက ကာဃက၊ ပုရောဟိတ်က ဓမ္မဓဇ အမည်ရှိတယ်။ ဒီနှစ်ဦးမှာ တစ်ဦးနဲ့တစ်ဦး မတူညီတဲ့ အကျင့်စရိုက်တွေ ရှိတယ်။ စစ်သူကြီးမှာ ကောက်ကျစ်တယ်၊ စဉ်းလဲတယ်၊ မနာလိုဝန်တိုစိတ်တွေရှိတယ်၊ အမျိုးမျိုး မာယာပရိယာယ်ကြွယ်ဝကာ လှည့်စားတတ်တဲ့ စရိုက်တွေရှိတယ်။

ပုရောဟိတ်ခင်မျာ ရိုးသားတယ်၊ စိတ်ကောင်းနှလုံးကောင်းရှိတယ်။ သည်းခံခွင့်လွှတ်တတ်တယ်။ ထိန်းချုပ်ခြင်း၊ စောင့်စည်းခြင်း ဂုဏ်တွေနဲ့လည်း ပြည့်စုံတယ်။ သူတော်ကောင်းလက္ခဏာနဲ့ ပြည့်စုံတာကြောင့် တိုင်းသူပြည်သားများက ကြည်ညိုလေးစားကြ အားထားသမှုပြုကြတယ်။

တစ်နေ့တော့ စစ်သူကြီးဟာ ပုရောဟိတ်ကို တိုင်းသူပြည်သားတွေက ကြည်ညိုလေးစားနေတာကို မနာလိုဝန်တိုပြီး ကောက်ကျစ်တဲ့ စိတ်ထားနဲ့ ပုရောဟိတ်မရှိတဲ့အခါ ဗြဟ္မဒတ်မင်းကြီးထံ သွားရောက်ခစားပြီး "အရှင်မင်းကြီး... ယခုတလော ပုရောဟိတ်ပုဏ္ဏားဟာ မင်းအဖြစ်ကို လိုလားနေသူဖြစ်ပါတယ်။ တစ်နေ့မဟုတ် တစ်နေ့မှာတော့ မင်းကြီးကို ပုန်ကန်ခြားနားပါလိမ့်မယ်။ သတိရှိတော်မူပါ" လို့ လျှောက်ထားလေတယ်။ မင်းကြီးမှာ စစ်သူကြီးရဲ့ စကားကို မယုံကြည်ဖြစ်ကာ –

"စစ်သူကြီး ... ဒီလိုမဟုတ်မတရား မလျှောက်ထားပါနဲ့။ ငါမယုံကြည်ဘူး။ ပုရောဟိတ်ဟာ အလွန်တရာမှ စိတ်စေတနာကောင်းရှိတဲ့ သူတော်ကောင်းတစ်ယောက်ဖြစ်တယ်။ ကိုယ်တိုင်မဆိုထားနဲ့ သူတစ်ပါး မကောင်းကြံစည်တာကိုပင် မနှစ်မြို့က်တဲ့သူဖြစ်တယ်" လို့ အမိန့်ရှိလိုက်ပါတယ်။

## ယုံကြည်ရန် အကြောင်းပေါ်လာပုံ

တစ်နေ့သောအခါ ယုံကြည်ဖို့ အကြောင်းပေါ်ပေါက်လာပုံမှာ ဗာရာဏသီပြည်နဲ့ မနီးမဝေး တောရွာတစ်ရွာမှာနေတဲ့ ပုဏ္ဏားအိုကြီးတစ်ယောက်ဟာ အသက်အရွယ်ငယ်တဲ့ ပုဏ္ဏေးမတစ်ယောက်နဲ့ အိမ်ထောင်ကျကာ ကာမဂုဏ် အမှောင်ထဲမှာ ပုဏ္ဏားအိုကြီးနဲ့ မရောင့်ရဲနိုင်ဘဲ အသက်တူ ပျိုရွယ်သူ ပုဏ္ဏားတစ်ယောက်နဲ့ လင်ငယ်ပြုနေတယ်။ တစ်နေ့မှာတော့ ပုဏ္ဏားအိုကြီး ခရီးထွက်ဖို့ အကြံထုတ်ကာ မျက်နှာမသာမယာ ဆောင့်အောင့်ကာ လုပ်ပြီးနေတယ်။ ပုဏ္ဏားအိုကြီးက ဘာအလိုမကျဖြစ်နေတာလဲလို့ မေးမြန်းတဲ့အခါ အိမ်မှာ တောက်တိုမည်ရ ခိုင်းစေဖို့ အိမ်ဖော်တစ်ယောက် ခေါ်ထားလိုကြောင်း ပူဆာတယ်။

ပုဏ္ဏားအိုကြီးဟာ မယားရဲ့ အကြိမ်ကြိမ် အခါခါ ပူဆာတာကို မငြင်းဆန်နိုင်တော့ဘဲ ရိက္ခာအပြည့်အစုံထည့်ပြီး အိပ်ကိုလွယ်ကာ အိမ်ဖော်ခေါ်ဖို့ရန်အတွက် ပိုက်ဆံရှာထွက်ရလေတယ်။ ရွာစဉ်တစ်လျှောက် ရောက်ရာရောက်ရာ အလှူခံပြီး အိမ်ဖော်အတွက် ပိုက်ဆံပြည့်စုံသဖြင့် အိမ်ပြန်မရောက်မီ ခရီးအကြား အိတ်ကို တစ်နေရာမှာထားပြီး ရေသောက်ထွက်လေတယ်။ ဒီအချိန်မှာ မြွေဟောက်တစ်ကောင်ဟာ အိတ်ထဲက မုန့်နံ့ရကာ ထွက်လာပြီး အိတ်ထဲဝင်ကာ ခွေပြီးနေတယ်။ ပုဏ္ဏားကြီးဟာ ရေကန်မှ ရေသောက်ပြန်လာတဲ့အခါ အမှုမဲ့ အမှတ်မဲ့ လွယ်အိတ်ကိုလွယ်ပြီး အပြန်ခရီးဆက်ခဲ့တယ်။

အိမ်မရောက်မီ လမ်းခရီးအကြား သစ်ပင်ရိပ်မှာ နားခိုနေချိန် သစ်ပင်စောင့်နတ်ဟာ သစ်ပင်ခွဲကြားက ကိုယ်ထင်ပြကာ "အို ... ပုဏ္ဏားကြီး လမ်းခရီးမှာ ကြာနေရင် သင်သေဆုံးလိမ့်မယ်။ အိမ်ကို အမြန်ရောက်အောင် ပြန်ရင်လည်း သင့်မယားသေလိမ့်မယ်" လို့ ပြောကြားပြီး ကွယ်ပျောက်သွားတယ်။ ပုဏ္ဏားအိုကြီးဟာ ရက္ခစိုးနတ်ပြောကြား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ စကားကို ကြားပြီး လမ်းတစ်လျှောက်လုံး အမျိုးမျိုးတွေးပြီး ဒိုကြေးပူဆွေးကာ သွားလေရာ ဗာရာဏသီပြည် မြို့တံခါးကို ဝင်ရောက်ခဲ့လေပြီ။

ပုဏ္ဏားကြီးရောက်တဲ့နေ့မှာ ဥပုသ်နေ့ဖြစ်သဖြင့် ဓဇဆိုတဲ့ ပုရောဟိတ်အမတ်ကြီး တရားဟောမယ့်နေ့နဲ့ ကြုံတွေ့ရတာကြောင့် တရားနာသူတွေ အများအပြား စည်ကားသွားလာနေတာကို မြင်ရပါတယ်။

ဒီအခါ ပုဏ္ဏားကြီးက စဉ်းစားကြည့်သည်မှာ "ပညာရှိဆိုတာ သူတစ်ပါး ပူဆွေးသောကရောက်ရင် ပယ်ဖျောက်နိုင်တယ်။ ငါတရားဝင်ပြီးနာရရင် ကောင်းမယ်"လို့ ကြံစည် ပြီး တရားဟောပလ္လင်အနီးသွားကာ ငိုကြွေးပြီးနေတယ်။ ပုရောဟိတ်အမတ်ကြီးက "ဘာကြောင့် ဒီမှာလာပြီး မကြီးမငယ်နဲ့ ငိုယိုနေတာလဲ"လို့ အကျိုးအကြောင်းမေးမြန်းစူးစမ်းကြည့်လိုက်တဲ့အခါ ပညာရှိ ပုရောဟိတ်ကြီးမှာ စဉ်းစားခန်းတစ်ခုဝင်သွားတယ်။ "ဒီပုဏ္ဏားအိုကြီးရဲ့လွယ်အိတ်ထဲမှာ ကေန်မုချ မြွေဟောက်တစ်ကောင် ဝင်ခွေနေကြောင်း အတပ်သိမြင်သွားပြီး –

"အသင်ပုဏ္ဏားကြီး မစိုးရိမ်နဲ့၊ မငိုကြွေးနဲ့ သောကမီးတောက်လောင်မနေနဲ့တော့။ သင်ဟာ ယခုအခါ လွယ်အိတ်ကို ပရိသတ်အစွန်ယူသွားပြီး တုတ်ရှည်တစ်ချောင်းယူကာ လွယ်အိတ်ကို ရိုက်ပုတ်ပါ"လို့ပြောလိုက်တယ်။ ပြောတဲ့အတိုင်း ရိုက်ပုတ်လိုက်ရာ မြွေဟောက်တစ်ကောင်ထွက်လာပြီး ပါးပျဉ်းထောင်ပြီး ပေါ်လာတာကို မြင်တွေ့ရပါတယ်။ ဒီအဖြစ်ကို မြင်တွေ့ရသူ လူအများဟာ အံ့အားသင့်ကာ ပညာရှိပေစွတကား ချီးကျူး ဂုဏ်တင်ပြောမဆုံးဖြစ်ကြရပါတယ်။

ဒီနောက် ပုရောဟိတ်မှာ နန်းတွင်းသို့ ဆက်လက်သွားရောက်တဲ့အခါ စစ်သူကြီးက တံစိုးစားပြီး မတရားအဆုံးအဖြတ်ခံရသဖြင့် မကျေနပ်တဲ့ အမှုသည်တစ်ယောက်ဟာ လာရောက်ပြီး မင်းကြီးထံ တိုင်ကြားနေတာကို မင်းကြီးရဲ့အမိန့်အရ အမှုကို ထပ်မံစစ်ဆေးပြီး ဥစ္စာရှင်အမှန်ကို အမှန်တိုင်းပြန်ရအောင် ဆုံးဖြတ်ပေးလုက်တာကြောင့် တစ်တိုင်းပြည်လုံး အုန်းအုန်းကျွက်ကျွက် ဆူပွက်အောင် ကောင်းချီးပေးကြပြန်ပါတယ်။

ဒီအခါကျမှ မင်းကြီးဟာ ပုရောဟိတ်ဓမ္မဓဇကို ရာထူးမြှင့်ကာ တရားသူကြီးချုပ်အဖြစ် ခန့်အပ်လိုက်တယ်။ စစ်သူကြီးမှာ အနာပေါ်တုတ်ကျခံသလို မခံမရပ်နိုင်ဖြစ်အောင် မင်းကြီးထံအမြန်သွားရောက်ပြီး "အရှင်မင်းကြီးကျွန်ုပ်ပြောခဲ့တာတွေကို မယုံမရှိပါနဲ့။ ယခုအခါ ဆူဆူညံညံအုန်းအုန်းကျွက်ကျွက် အသံတွေနဲ့ တစ်တိုင်းပြည်လုံးပုရောဟိတ်လူတွေ အကုန်ဖြစ်နေပါပြီ။ လေသာပြတင်းပေါက်က ဖွင့်ကြည့်တော်မူပါ"လို့ လျှောက်တင်လိုက်ရာလေသာပြတင်းဖွင့်ကြည့်လိုက်တဲ့အခါ ပုရောဟိတ်နောက်မှာ လူတွေ တရုန်းရုန်း စုရုံးပြီး လိုက်နေတာကို မြင်ရသဖြင့်စစ်သူကြီးစကားကို ယုံကြည်သွားပါတယ်။

## ပုရောဟိတ်ကို သတ်ရန်အကြံ

"စစ်သူကြီး၊ သင်ပြောတာ ယခုမှန်နေပြီ၊ ငါဘယ်လို လုပ်ရမလဲ"လို့ မေးတယ်။ စစ်သူကြီးဟာ ငါ့အကြံအမှန်အောင်မြင်ရမယ်လို့ စိတ်ကူးပြီး –

"အရှင်မင်းကြီး၊ ပုရောဟိတ်ကိုခေါ်ပြီး အသင်ပညာရှိပီပီ ညတွင်းချင်း ဥယျာဉ်တစ်ခုဖြစ်အောင် ပေးပါ။ မလုပ်နိုင်ပါက သေဒဏ်ပေးမယ်။ အကယ်၍ လုပ်ပေးနိုင်ရင်လည်း ကြာမျိုးငါးပါး၊ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ရေကန်ကြီးဖြစ်အောင် လုပ်ပေးပါ။ တကယ်လုပ်နိုင်ရင်လည်း သူဟာ စောင်မသူ နတ်ရှိလို့ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် နတ်မစောင်မနိုင်အောင် နောက်ဆုံးအနေနဲ့အကြံပြုလိုတာက အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ အမြဲတမ်းစောင့်နိုင်တဲ့ ဥယျာဉ်စောင့်တစ်ယောက် ထားပေးပါလို့ပြောပါ။ မထားနိုင်ရင် သေဒဏ်ပေးမယ်လို့ အမိန့်တော်ချပါ"လို့ အကြံပေးလိုက်တယ်။

မင်းကြီးလည်း စစ်သူကြီးပြောတဲ့အတိုင်း သတ်ရန်အကြံနဲ့ အမိန့်တော်ချမှတ်ခိုင်းစေလိုက်ပါတယ်။

ပုရောဟိဓမ္မဓဇဟာ သူတော်ကောင်းတစ်ယောက်ဖြစ်တာကြောင့် နတ်ကောင်းဖြစ်တဲ့ သိကြားမင်းဟာ ဥယျာဉ်ရော၊ ရတနာခုနစ်ပါးနဲ့ပြည့်စုံတဲ့ ရေကန်ပါ အားလုံးပြည့်စုံအောင် အကုန်ပြုလုပ်ပေးတယ်။ နောက်ဆုံး အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ အမြဲတမ်းလူအဖြစ်နဲ့ စောင့်ရမယ့်ဥယျာဉ်စောင့်မှာတော့ နတ်တို့အလုပ်မဟုတ်လို့ ငါမတတ်နိုင်၊ သင်တို့ မင်းကြီးရဲ့ ဆတ္တာသည်ဖြစ်တဲ့ ဆတ္တပါဏိဟာ အင်္ဂါလေးပါးနဲ့ ပြည့်စုံသူဖြစ်လို့ တတ်နိုင်ပါတယ်လို့ ပြောရာ



www.burmeseclassic.com

www.burmeseclassic.com

ဟိတ်အား လမ်းညွှန်အကြံပြုလိုက်ပါတယ်။

ပုရောဟိတ်ကြီးဟာ သိကြားမင်းရဲ့ လမ်းညွှန်ချက်အရ နန်းတော်သို့အသွား လမ်းခရီးမှာ အဆင်သင့် ဆတ္တာသည်နဲ့ တွေ့ဆုံရပြီး အင်္ဂါလေးပါးနဲ့ သင် ပြည့်စုံတယ်ဆိုတာ ဟုတ်ရဲ့လားလို့ မေးလိုက်တယ်။ ဆတ္တာသည်ကလည်း ဟုတ်ကြောင်း ဝန်ခံသဖြင့် မင်းကြီးထံသို့ ခေါ်ဆောင်သွားသည်။ မင်းကြီးထံရောက်တဲ့အခါ မင်းကြီးက ဆတ္တာသည် သင်ဟာ အင်္ဂါလေးပါးနဲ့ ပြည့်စုံတယ်ဆိုတာ မှန်ရဲ့လား။ မှန်တယ်ဆိုရင် အင်္ဂါလေးပါကို လျှောက်တင်စမ်းလို့ အမိန့်ရှိတယ်။

## အင်္ဂါလေးပါး

"အရှင်မင်းကြီး ...(၁) အချက် ကျွန်ုပ်ဟာ ရှေးအခါက ဒီပြည်နေရာမှာ မင်းဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက မိန်းမနဲ့ပတ်သက်ပြီး ပုရောဟိတ်တစ်ဦးကို နှိပ်စက်ခဲ့ဖူးပါတယ်။ နောင်အခါ မဟုတ်မမှန်ကြောင်း သိရပြီး ဖြစ်လေရာ ဘဝတိုင်းမှာ မိန်းမနဲ့ ပတ်သက်ပြီး ဝန်တိုခြင်း၊ မြူစူခြင်း ကင်းရပါလို၏လို့ ဆုတောင်းခဲ့ရာ ဆုတောင်းခဲ့တဲ့အတိုင်း ယခုဘဝ ကင်းပါ၏။ ဒါက အင်္ဂါတစ်ချက်ပါ မင်းကြီး"

"အရှင်မင်းကြီး (၂) အချက်က ကျွန်ုပ်ဟာ ရှေးအခါက ဒီပြည်နေရာမှာ မင်းဖြစ်ခဲ့ဖူးပါတယ်။ အရက်မူးပြီး အမဲဟင်းလျာမရတဲ့နေ့မှာ ကိုယ့်ပေါင်ပေါ်တင်ထားတဲ့ သားကို လည်ချိုးပြီး သတ်စားခဲ့ဖူးပါတယ်။ နောင်အခါ သတိရပြီး ဖြစ်လေရာဘဝတိုင်းမှာ သေရည်သေရက်မသောက်လို့ ဆုတောင်းအဓိဋ္ဌာန်ခဲ့ပါတယ်။ ယခုအခါ ဆုတောင်းအဓိဋ္ဌာန်ခဲ့တဲ့အတိုင်း သေရည်အရက် သောက်စားခြင်း ကင်းပါ၏။ ဒါက အင်္ဂါတစ်ချက်ပါမင်းကြီး"

"အရှင်မင်းကြီး (၃) အချက်က ကျွန်ုပ်ဟာ ရှေးအခါက ဒီနေရာမှာ မင်းဖြစ်ခဲ့ဖူးပါတယ်။ မိမိရဲ့သားဟာ [illegible]ဗုဒ္ဓါများကို ဆဲရေးရိုက်နှက်တဲ့အထိ မိုက်ရိုင်းလုပါ[illegible] ကြောခင်သေသွားလို့ မိုက်ရိုင်းတဲ့သားကို ချစ်ခြင်း[illegible]နဲ့ ပူဆွေးဒုက္ခရောက်ခဲ့ရပါတယ်။ နောင်အခါ [illegible]ပြီး ငါဟာ ဘယ်သူကိုမျှ အလွန်အမင်း မချစ်ပါစေ[illegible] ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းခဲ့တဲ့အတိုင်း ယခု[illegible] ဘယ်သူ့ကိုမှ အလွန်အမင်းမချစ်တော့ပါဘူး။ ဒါက အင်္ဂါတစ်ချက်ပါ မင်းကြီး"

"အရှင်မင်းကြီး (၄) အချက်က ကျွန်ုပ်ဟာ ရှေးအခါက အရကအမည်ရတဲ့ ရသေ့တစ်ပါး ဖြစ်ခဲ့ဖူးတယ်။ ခုနစ်ရက်ပတ်လုံး မနားမနေ မေတ္တာဘာဝနာကို ပွားများအားထုတ်ခဲ့တာကြောင့် သေသည်၏ နောက်ဘဝမှာ ဗြဟ္မာပြည်ကို ရောက်ခဲ့ရပါတယ်။ အဲဒီဗြဟ္မာပြည်မှာ အကြိမ်ကြိမ် အခါခါဖြစ်ခဲ့တာကြောင့် ယခုဘဝမှာ အမျက်ဒေါ သာဃာတ ကင်းခဲ့ရပါတယ်။ ဒါက အင်္ဂါတစ်ချက်ပါ မင်းကြီး"

ဒီလို ဆတ္တပါကာ အမည်ရှိတဲ့ ဆတ္တာသည်က လျှောက်ထားတဲ့စကားကို မင်းကြီးစဉ်းစားမိလိုက်တာက ငါဟာ စစ်သူကြီး ကုန်းချောတဲ့စကားကို ယုံစားမိလို့ ပုရောဟိတ်ကို သတ်လိုတဲ့စိတ်ထားနဲ့ ပြစ်မှားမိခဲ့တာ အလွန်မှားချေပြီလို့ သတိသံဝေဂရကာ ပုရောဟိတ်ကြီး ဝန်ချတောင်းပန်ပြီး ကုန်းချောတဲ့ စစ်သူကြီးကို တိုင်းသူပြည်သားတို့လက် အပ်နှံလိုက်တယ်။

မင်းကြီးက စစ်သူကြီးကို ပြည်သူလူထုအား အပ်နှံလိုက်တယ်ဆိုရင်ပဲ သူဌေး၊ ကုန်သည်၊ ပွဲစား၊ လယ်သမား၊ အလုပ်သမား၊ ဆင်းရဲသား၊ စားတောင်းစားမကျန် အားရပျေကနပ်စွာဖြင့် စစ်သူကြီးဖမ်းဆီးကာ သင်ယုတ်မာ ကောက်ကျစ်မကောင်းကြံတဲ့အတွက် ငါတို့ ပုရောဟိတ်ခမျာ ဒုက္ခရောက်ရတယ်လို့ ဆဲဆိုကြိမ်းမောင်းပြီး တိုင်းပြည်က နှင်ထုတ်လိုက်ကြပါတယ်။

ဒီဓမ္မဇ ဇာတ်တော်ကို ထောက်ရှုပြီး အယောင်ဆောင်သူတော်ကောင်းမျိုးမဟုတ်ဘဲ တကယ်အမှန်အကန် သူတော်ကောင်းအစစ်ဖြစ်ခဲ့ရင် ဒုက္ခသုက္ခရောက်ပေမယ့် ခေတ္တခဏသာခံရပြီး နောင်အရေးလည်း အဖြစ်မှန်ပေါ်လာတဲ့အခါ သမ္မာဒေဝ နတ်ကောင်းနတ်မြတ် သူတော်ကောင်းတွေက ကြည့်ရှုမစ စောင့်ရှောက်ကြသဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းခြင်း၊ သေကျေလောက်တဲ့အဖြစ်ဆိုး ရောက်ပေမယ့် မသေဘဲ လွတ်မြောက်ကာ ချမ်းသာစွာ နေထိုင်ရကြောင်း၊ ယုံကြည်လောက်တဲ့ အထောက်အထားသာဓကများရှိသမို့ လူတိုင်း လူတိုင်း သူတော်ကောင်း သူမြတ်လောင်း စိတ်တွေထားနိုင်ကြပါစေ၊ အချင်းချင်း ကိုယ်ချင်းစာတရားတွေ မွေးမြူနိုင်ကြပါစေလို့ မေတ္တာဆန္ဒပြုလိုက်ပါရစေ ...။

**အောင်မြင့်မြတ်(ပြည်မြောက်)**

www.burmeseclassic.com

www.burmeseclassic.com

# ရောင်းထွက်ချင်သလား

# အိမ်၊ ခြံ၊ မြေ

## ဆရာဇိဝအောင်ထွန်း

စာရေးသူအဖို့ လောကီပညာရပ်များကို လေ့လာလိုက်စားနေသည့် သမယ ဘဝအခက်အခဲပေါင်း စုံလင်စွာ ရင်ဆိုင်နေရသူတို့နှင့် တွေ့ကြုံခဲ့ဖူးသည်။ ထိုသူတို့သည် ရေနစ်နေသူတို့နှင့်မခြား။ စာရေးသူအား ကောက်ရိုးတစ်မျှင်၊ ဝါးတစ်လုံးအလား သဘောထားကြကာ ၎င်းတို့ တွေ့ကြုံနေရသော အခက်အခဲတို့ကို တင်ပြပြောဆိုလျက် ဖြေရှင်းပေးပါရန် အကူအညီ တောင်းခံကြကုန်၏။ စာရေးသူကလည်း လေ့လာဆည်းပူးထားသော ပညာရပ်များဖြင့် ကူညီဖြေရှင်းပေးခဲ့စမြဲ။

ဤသို့ နေအိမ်ကို ရောင်းချချင်ပါလျက် ရောင်းမထွက်ဘဲ ဖြစ်နေသူတွေ၊ ခြံရောင်းချင်ပါလျက် ရောင်းမထွက်ဘဲ ဖြစ်နေသူတွေ၊ မြေကွက်ကို ရောင်းချင်ပါလျက် ရောင်းမထွက်ဘဲ ဖြစ်နေသူတွေအတွက် ဤစာကို ဖတ်ရှုလျက် ရောင်းထွက်စေရန် လွန်စွာမှ ထိရောက်သော လောကီအစီအရင် ယတြာလေးတစ်ခုကို တင်ပြချင်ပါသည်။

ဦးစွာ အုတ်ခဲအသစ်တစ်လုံးကို ရှာပါ။ ရှာသောအုတ်ခဲတွင် အပေါက် (၁၀) ပေါက်ပါဖို့ လိုပါသည်။ ရရှိလာပါက အုတ်ခဲ၏ မျက်နှာပြင် ခြောက်ဘက်စလုံး၌ ဆေးဖိပင်ဖြင့် အိမ်ရောင်းလိုပါက အိမ်ရောင်းမည်၊ ခြံရောင်းလိုပါက ခြံရောင်းမည်၊ မြေရောင်းလိုပါက မြေရောင်းမည် စသဖြင့် ရေးသားရပါမည်။ အဆိုပါ အုတ်ခဲပေါ်သို့ တာအိုးအသစ်တစ်လုံးကို တင်ရပါမည်။ တာအိုး၏ ကိုယ်ထည်ပေါ်၌လည်း အိမ်ဆိုလျှင်အိမ်၊ ခြံဆိုလျှင်ခြံ၊ မြေဆိုလျှင်မြေ မိမိရောင်းချ လိုသော ကိစ္စကို ဆေးဖိပင်ဖြင့် ရေးသားရပါမည်။

ထို့နောက် တာအိုးအတွင်းသို့ ရေတစ်ဝက်ခန့် ထည့်ပါ။

ပြီးလျှင် သပြေညွှန့် (၉)ညွှန့်၊ အုန်းညွှန့် (၉)ညွှန့်၊ ဆီးညွှန့် (၉)ညွှန့်တို့ကို ပေါင်းစုလျက် စိုက်ထိုးပေးထားရမည်။

(ထိုသို့ ပြုလုပ်ပြီးပါက အုတ်ခဲကိုသော်လည်းကောင်း၊ ရေထည့်ပြီး အညွှန့်များထိုးထားသော တာအိုးကိုလည်းကောင်း ရွှေ့ပြောင်းခြင်း၊ သွားရောက်ထိကိုင်ခြင်းတို့ကို မပြုလုပ်ရပါ)

အဆိုပါ ယတြာလေးကို ယုံယုံကြည်ကြည် လုပ်ကြည့်စေလိုပါသည်။

မိမိရောင်းချလိုသည့် အိမ်သော်လည်းကောင်း၊ ခြံသော်လည်းကောင်း၊ မြေသော်လည်းကောင်း မိမိခန့်မှန်းသောဈေးဖြင့် ဝယ်လိုသူတို့ ပေါ်လာပါမည်။ ဈေးကောင်းလည်း ရနိုင်ပါသည်။ အချိန်ကာလများများ မစောင့်ရပါ။ သီတင်းတစ်ပတ်မှ တစ်လအတွင်း ထူးခြားလာပါလိမ့်မည်။ အရောင်းအဝယ် ဖြစ်ပြီဆိုပါက ရရှိသောငွေကြေးတို့ သန့်စင်တည်တံ့စေရန်အလို့ငှာ မိမိတို့ တတ်အားသမျှ အလှူဒါန တစ်ခုခုကို ပြုလုပ်စေချင်ပါသည်။

**ဆရာဇိဝအောင်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ကြိုက်သော ဝတ္ထုရှည်များ


အသက် ၅ နှစ် ၆ နှစ် မူလတန်းကျောင်းသားဘဝကတည်းက ဝတ္ထုဖတ်ခဲ့သော ကျွန်တော်သည် စုံထောက်ဝတ္ထု၊ သိုက်သမိုင်း၊ အချစ်၊ ဘဝသရုပ်ဖော်စာအုပ်များစွာကို ဖတ်ဖူးခဲ့သည်။

ထိုသို့ဖတ်ခဲ့သော စာအုပ်များတွင် ကျွန်တော်အနေနှင့် စွဲလန်းနှစ်သက်ခဲ့ပါက စာအုပ်များကို ဝယ်ယူသိမ်းထားခဲ့ပါသည်။ တခါတရံတွင် ထိုဝတ္ထုများကို သတိရသည်ရှိသောအခါ ပြန်လည်ဖတ်ရှုခဲ့သည်။

ယခုအခါ ထိုဝတ္ထုတို့ကို စာဖတ်ပရိသတ်ကို ဖတ်စေလိုသောစေတနာဖြင့် ပြန်လည်ဖော်ပြပေးပါသည်။

အကြိုက်ချင်းမတူပါက မဖတ်ဘဲ ကျော်သွားနိုင်ပါသည်။

ယောင်ယောင်မြင့်အေး




(၁)

သေဒဏ် အပြစ်ပေးခဲ့ရသည့် အမှုပေါင်း မြောက်မြားစွာရှိခဲ့သော စက်ရှင်တရားသူကြီးဟောင်း ဖြစ်သည့် ဦးနေအောင်ထွန်းသည် စက်ရှင်တရားသူကြီး၏ အလုပ်ဝတ္တရားတို့မှ အနားယူခဲ့သည်မှာ တစ်နှစ်ခွဲကျော်ကျော်မျှသာ ရှိသေးသည်။ စက်ရှင်တရားသူကြီး တာဝန်ဝတ္တရားများ ဆောင်ရွက်နေစဉ်က သူ့ကို ထီးပြန့်တရားသူကြီး၊ ဘိနပ်ပြန် တရားသူကြီးဟူ၍ ခေါ်ကြသည်။ အကြောင်းမှာ သူ့ရုံးရောက်လျှင် တရားခံလွတ်ခဲသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

တရားဥပဒေကို လေးစားကြသော တရားခံဘက်မှ အကျိုးဆောင်သော ဝတ်လုံတော်ရကြီးများသည် ဤတရားသူကြီး၏ရုံးတွင် အမှုရင်ဆိုင်ရလျှင် အမှုမတိုင်မီညွှ် တရားဥပဒေစာအုပ်၊ တရားဥပဒေ ဖြတ်ထုံးများကို အထူးလေ့လာကြရသည်။

www.burmeseclassic.com

ဤတရား သူကြီးသည် ဥပဒေဘောင်အတွင်းမှ တရားမျှတစွာ စီရင်ဆုံးဖြတ်သူ တစ်ယောက်ဖြစ်၍ သူတို့သည် တရားဥပဒေကို အထူး တလေးစား လေ့လာကြရသည်။

ရန်ကုန် မော်လမြိုင် အမြန်ရထား အထက်တန်းတွဲ၏ နောက်ဆုံးမှ တစ်ယောက် ထိုင်ခုံနောက်မှီကို ကျောကပ်၊ ခုံအောက်မှ ခြေတင်ကို ထုတ်၍ ခြေတင်ရင်း ရန်ကုန်မှထွက်စက ထိုနေ့ထုတ် သတင်းစာကိုဖတ်ချိပြီး ပဲခူးအလွန်တွင် စတင် ငိုက်မျဉ်းလာခဲ့သည်။

သထုံဘူတာမှ ထွက်သောအခါ လက်ပတ်နာရီကိုကြည့်သည်။ အိပ်ချင်စိတ် ကုန်သွားပြီဖြစ်၍ ခြေတင်ကို ပြန်သွင်းကာ နောက်ကို ပြန်တည့်၍ထိုင်သည်။

သူ၏ ကုတ်အင်္ကျီ အတွင်းအိတ်ထဲက စာတိုက်မှ ရောက်လာခဲ့သော စာတစ်စောင်ကို ထုတ်၍ စာအိတ်ထဲမှယူကာ ဖတ်ကြည့်၏။ ဤစာကို ဖတ်ရသည်မှာ တစ်ကြိမ်နှစ်ကြိမ်မကတော့ပေ။ စာထဲပါ အကြောင်းအရာများထဲတွင်အကြောင်း တစုံတရာသည် ဟာသလိုလို ဖြစ်နေလေသလားဟုတွေးမိ၍ ဖတ်ရှုကြည့်ခြင်းဘဲ ဖြစ်သည်။

စာဖတ်ပြီးသည့် အခါတိုင်းတွင်လည်း ကျေနပ်မှုရရှိဟန် ဖတ်သူ၏ မျက်နှာတွင် ပေါ်လွင်ပါပေသည်။

**ကိုနေအောင်ထွန်း**

မတွေ့ကြရတာလဲ နှစ်တွေတောင် တော်ကြာသွားပြီနော် . . . မိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ ပင်စင်ယူလိုက်ပြီ ကြားရတာကြောင့် စာရေးလိုက်ပါတယ်။

ပင်စင်ယူထားပြီဆိုတော့ လူအားကြီးတစ်ယောက် ဖြစ်နေပြီဆိုတာလဲ ယုံကြည်တာရယ်၊ ကျွန်မရဲ့ဖိတ်ခေါ်ချက်ကို မငြင်းဘူးလို့ ယုံကြည်တာရယ်ကြောင့် သဘက်ခါ အမြန်ရထားနဲ့ လိုက်ပါဘို့ ရထားလက်မှတ်စီစဉ်ပြီးဖြစ်တဲ့အကြောင်း ပူးတွဲပါလာတဲ့ သီးသန့်နေရာ ဖြတ်ပိုင်းကလေးက သက်သေခံဘဲ။

ဒီလက်မှတ် နဲ့ ဘူတာရုံမှာ ရထားလက်မှတ် လဲယူရုံပါဘဲ။

မော်လမြိုင်ရောက်တဲ့အခါမှာ အောက်လမ်းမကြီးက နေပျော်ပျော်တည်းခိုစခန်းမှာ တည်းဘို့လဲ စီစဉ်ပြီးပါပြီ၊ မော်လမြိုင်ကို ညနေဘက်ရောက်မှာဆိုတော့ တစ်ညတော့ အိပ်ရပါမယ်၊ နောက်တစ်နေ့ညနေ သုံးနာရီမှာတော့ ဘရင်ဂျီကျွန်းကို လိုက်လာနိုင်ဘို့အတွက် မော်တော်ဘုတ်စီစဉ်ထားပါတယ်။ ကိုနေအောင်ထွန်းကို လာခေါ်ပါလိမ့်မယ်။

ပြောစရာတွေက အများကြီး၊ တိုင်ပင်စရာတွေကလဲ တပုံကြီးမို့ ဆက်ဆက်လာလိမ့်မယ်လို့ မျှော်လင့်နေမှာဘဲ။

ကျွန်မမှာ တိုင်ပင်သင့်တိုင်ပင်ထိုက်တဲ့ လူဆိုလို့ ကိုနေအောင်ဘဲရှိတော့တယ်။

ကြည်ကြည်ညွန့်

ကြည်ကြည်ညွန့်နှင့် နေအောင်ထွန်းတို့မှာ မတွေ့ကြသည်မှာ လေးငါးဆယ်နှစ်ခန့်ပင် ရှိပေပြီ၊ ကြည်ကြည်ညွန့်သည် သူ၏ကျောင်းနေဘက် မိတ်ဆွေ တစ်ယောက်၏ဇနီး ဖြစ်၏။ သူထက်လည်း လေးငါးနှစ် အသက်ကြီးသည်။

လူပျိုကြီး ကိုနေအောင်ထွန်းအား အိမ်ထောင်ပြုရန် မိန်းမစပ်ပေးခဲ့ပေါင်းများသည်၊ ဤဘဝတွင် အိမ်ထောင်ပြုရန် ဇာတာမပါသော နေအောင်ထွန်းသည် ငြင်းပယ်ခဲ့သည်။

သူ့မိတ်ဆွေ ကြည်ကြည်ညွန့်၏ ခင်ပွန်း ကွယ်လွန်သည်မှာ ဆယ့်ငါးနှစ်ကျော်ကျော်မျှပင် ရှိသွားခဲ့ပေပြီ။ ကြည်ကြည်ညွန့်နှင့် မကြာခဏဆိုသလို တွေ့ဆုံကြသည်။ ထို့နောက် ကြည်ကြည်ညွန့်တစ်ယောက် အထက်မြန်မာပြည်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သတင်းကို ကြားခဲ့ရ၏။

ထိုသတင်းသည် မှန်ကန်သောသတင်းဖြစ်သည်ဟူ၍ သူယုံကြည်ခဲ့သည်။ ကြည်ကြည်ညွန့်တို့တွင် အမွေစား အမွေခံ သားသမီးမရှိ၊ သူကဲ့သို့ပင် ဆွေမျိုးမရှိသူဖြစ်သည်။ ကြည်ကြည်ညွန့်၏ မိဘများတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ ယောက္ခမများတွင်လည်း ကောင်း ငွေကြေးဥစ္စာပေါများသူများ ဖြစ်၍ ကြည်ကြည်ညွှန့်သည် သူဌေး မကြီးဖြစ်သည်ဟု ဆိုနိုင်ပေမည်။

ကြည်ကြည်ညွှန့် သေပြီဟူ၍ ကြားရစဉ်က ကြည်ကြည်ညွှန့်ပိုင် ပစ္စည်းဥစ္စာများ ဘာတွေဖြစ်ကုန်လိမ့် မည်လဲဟု သူတွေးမိခဲ့သည်။

ဘရင်ဂျီကျွန်းကလေးသည် ကြည်ကြည်ညွှန့်ပိုင် ဖြစ်၏။

ဘရင်ဂျီကျွန်းဟု ခေါ်ကြရခြင်းမှာ တစ်ချိန်က ထိုကျွန်းကလေးပေါ်တွင် နှစ်ထပ် ပျဉ်ထောင်အိမ်ကြီး ဆောက်လျက် ဘရင်ဂျီ ဘုန်းတော်ကြီးများ အနားယူ တရားအားထုတ်ခဲ့ကြ၍ ထိုအမည်တွင်ခဲ့သည်။

သာသနာပြု ဘရင်ဂျီဘုန်းကြီးများသည် မြန်မာပြည် နယ်အရပ်ရပ်တွင် သာသနာပြု ကျောင်းများ ဖွင့်လှစ်ကြရလေ၏။ ဘရင်ဂျီကျွန်းမှာ သူတို့အဖွဲ့အဘို့ မပြုလိုသော နေရာဖြစ်ခဲ့၏။ ကျွန်းဂရန်နှင့်တကွ ကျွန်းပေါ်ရှိ အဆောက်အဦတို့ပါ ဝယ်ယူလိုသူတို့အား ရောင်းချလိုက်သည်။

ဝယ်ယူသူမှာ ရာဘာခြံပိုင်ရှင် အင်္ဂလိပ်လူမျိုးတစ်ယောက် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ထိုကျွန်းတွင် ထိပ်သီးဂျပန် စစ်ဗိုလ်ကြီးများအတွက် အနားယူစခန်းအဖြစ် အသုံးပြုခဲ့သည်။ စစ်ပြီးခေတ်တွင် ပိုင်ရှင်သူဌေး ကွယ်လွန်သွားပြီဖြစ်၍ သူ၏ အမွေစား အမွေခံများက မြန်မာပြည်တွင် အခြေမစိုက်လိုတော့သဖြင့် ထိုကျွန်းနှင့်တကွ ရာဘာခြံများကိုပါ ရောင်းချလိုက်သည်။

တရုတ်သူဌေးတစ်ယောက်၏ လက်ဝယ်သို့ ရောက်သွားပြန်သည်။

သောင်းကျန်းသူများ၏ ဒဏ်ကိုမခံနိုင်ဘဲ စီးပွားရေးကျဆင်းသွားသဖြင့် ဘရင်ဂျီကျွန်း ဂရန်နှင့်တကွ အဆောက်အဦတို့ကို ထို တရုတ်သူဌေးက ကြည်ကြည်ညွှန့်ထံ ပေါင်နှံခဲ့သည်။ ပေါင်နှံရင်းမှ အပြီးအပိုင် ရောင်းချခဲ့သည်။ အရောင်းအဝယ် စာချုပ်ချုပ်ဆိုပြီးနောက် မကြာမီတွင် ကြည်ကြည်ညွှန့်၏ခင်ပွန်း အလုပ်မှ ခွင့်ယူစဉ်တွင် ဘရင်ဂျီကျွန်းတွင် သွားရောက်နေထိုင်ခဲ့သည်။ ထိုစဉ်က နေအောင်ထွန်းလည်း နှစ်ညအိပ် အလည် ရောက်သွားခဲ့ဘူးသည်။

* * *

(၂)

မကြည်ပွင့်သည် ဆယ့်လေးနှစ်သမီးအရွယ်တွင် အင်္ဂလိပ်မြန်မာ ခြောက်တန်းအောင်ခဲ့သည်။ မိခင်မုဆိုးမကြီးကို ကူညီလုပ်ကိုင်ပေးရသောကြောင့် ကျောင်းဆက်လက် မနေဖြစ်ခဲ့တော့ပေ။ ဆယ့်ငါးနှစ်သမီး အရွယ်တွင် မိခင် ကွယ်လွန်ခဲ့ပြန်သည်။

ပတ်ဝန်းကျင်၏ ကျေးဇူးကြောင့် အင်္ဂလိပ်လူမျိုးတစ်ယောက်အိမ်တွင် အိမ်ဖော်အလုပ်ကို ရရှိခဲ့သည်။ အင်္ဂလိပ်စာ အခြေခံရှိနေ၍ အပြောအဆို လေ့ကျင့်မှုလည်း ရရှိခဲ့ခြင်းကြောင့် အင်္ဂလိပ်စကားကို သွက်လက်စွာပြောဆိုနိုင်ခဲ့သည်။

နောက်တစ်အိမ်သို့ ပြောင်း၍ အလုပ်,လုပ်သောအခါတွင် "နယ်နီ" ခေါ် ခလေးထိန်းအလုပ်ကို ရရှိပြီး လစာငွေလည်း ကောင်းလာခဲ့သည်။ ထိုအိမ်ထောင်စု ဘိလပ်ပြန်၍ သူတို့နေရာတွင် ရောက်လာသူမှာ လူပျိုကြီးဖြစ်၍ ပထမလူတို့၏ ထောက်ခံချက်ကြောင့် အိမ်တွင်းမှု အုပ်ချုပ်စီမံခန့်ခွဲရေး တာဝန်ဝတ္တရားကို ရရှိ၏။

ထိုလူပျိုကြီး ရှစ်လခန့် မြန်မာပြည်တွင်နေပြီး စင်္ကာပူသို့ ပြောင်းခါနီးတွင် မကြည်ပွင့်၏ ရိုးသားမှု၊ သစ္စာရှိမှုတို့ကို သဘောကျသောအားဖြင့် အခြား အင်္ဂလိပ်လူမျိုး အိမ်ထောင်စုထံတွင် အလုပ်ကောင်းပေးခဲ့သည်။ ထိုအိမ်ထောင်စုမှာ သားတစ်ယောက်ရှိ၍ ထိုသားငယ်ကိုလည်း ထိမ်းရသည်။ အိမ်တွင်းမှု၊ စီမံမှုများကိုလည်း ပြုလုပ်ပေးရသဖြင့် အလုပ်ခွင်မှန်ကို လုပ်ရသည်။

မကြည်ပွင့် လုပ်ရည်ကိုင်ရည်နှင့် တည်ကြည်မှုတို့ကြောင့် ထိုအင်္ဂလိပ်လူမျိုး အိမ်ထောင်စုတို့က အလုပ်သမားတစ်ယောက်အဖြစ် မဆက်ဆံဘဲ မိတ်ဆွေတစ်ယောက် အဖြစ်ဆက်ဆံသည်။ တစ်အိမ်လုံးမှာ သူ၏



www.burmeseclassic.com

www.burmeseclassic.com

ခြေ သူမ၏ လက်တို့ ဖြစ်နေလေသည်။

လက်အောက်ငယ်သားအလုပ်သမားတို့နှင့် တန်းတူနေ၍၊ တန်းတူစားခြင်း မပြုသော ထိုလူမျိုးသည် မကြည်ပွင့်ကို အထူးအခွင့်အရေးပေးသောအားဖြင့် တန်းတူနေ၊ တန်းတူစားသောက်ကြသည်။

မာနကြီးပြီး အရှေ့တိုင်းသားများကို ကျွန်သဘောက်သဘွယ် ဆက်ဆံသော အိမ်ရှင်မှ မစ္စစ်ကလေတင်သည် မကြည်ပွင့်ကို ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ် ဆက်ဆံသောကြောင့် မစ္စစ်ကလေတင်၏အကြောင်း သိသူများပင် အံ့သြကြသည်။

မစ္စတာ ကလေတင်မှာ သဘောကောင်းသော လူချောကြီး တစ်ယောက်ဖြစ်သည်။

ကလေတင်ကို၏ ရှစ်နှစ်သားအရွယ် သားကလေး ဆယ်နှစ်သားအရွယ်ထိ ထိုအိမ်မှာ အလုပ်လုပ်ခဲ့သည်။

ထို့နောက် အလုပ်မှာ မယ်မယ်ရရ မရှိခဲ့တော့ပေ။ ယခုကံကောင်းလာပြန်ပြီဟု သူ မယူဆပေ။မည်သည့် အလုပ်မှ မရှိခဲ့၍ ရှိသည့် လက်ဝတ်လက်စား အဝတ်စားကလေးများကို ထုခွဲကာ ချွေတာ၍ သုံးစွဲနေခဲ့ရာက စာတိုက်မှ ရောက်ရှိလာသော စာကြောင့် ကံကောင်းသည် ဆိုရခြင်း ဖြစ်သည်။

**မကြည်ပွင့်**

မကြည်ပွင့်၏အမည်နှင့်လိပ်စာကို ရင်းနှီးသော မိတ်ဆွေတစ်ယောက်ထံမှ ရရှိပါသည်။ မကြည်ပွင့်ထံသို့ စာရေးပြီး ခေါ်လျှင် မကြည်ပွင့်သည် မငြင်းဘဲ ကျွန်တော်ပေးသောအလုပ်ကို လက်ခံလိမ့်မည်ဟု ယုံကြည်သည်။

သို့ဖြစ်၍ ဤစာနှင့်အတူ ပို့လိုက်သော မီးရထားလက်မှတ်ကို အသုံးချလျက် မော်လမြိုင်သို့ လိုက်လာစေလိုပါသည်။ မော်လမြိုင် အောက်လမ်းမကြီးရှိ နေပျော်ပျော်တည်းခိုခန်းတွင် တစ်ညအိပ် တည်းခိုရပါမည်။ နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် မကြည်ပွင့်အား ဘုရင်ဂျီကျွန်းသို့ မော်တော်ဘုတ်နှင့် ပို့ပေးသူက လာရောက်တွေ့ဆုံ ခေါ်ယူသွားပါမည်။

မကြည်ပွင့်အား ပေးလိုသည့်တာဝန်များမှာ ကျွန်တော်၏ အမေမဲ့ ရှစ်နှစ်သားအရွယ် သားကလေးနှင့် ငါးနှစ်သမီးအရွယ် သမီးကလေးတို့ကို ကြည့်ရှုစောင့်ရှောက်ပြီး အိမ်မှုရေးရာ အစစအရာရာကို စီမံခန့်ခွဲ အုပ်ချုပ်ပေးရန် ဖြစ်ပါသည်။

မကြည်ပွင့်၏ လစာငွေကို မျက်နှာဖြူ လူမျိုးများနည်းတူ မပေးနိုင်သော်လည်း ပထမသုံးလ အစမ်းသဘောမျိုးနှင့် တစ်လလျှင် နှစ်ရာငါးဆယ် သတ်မှတ်ပါသည်။ကျွန်တော့်မှာ အလုပ်ကိစ္စနှင့် ခရီးထွက်နေရသည်က များနေပါ၍ လင်ငယ်နောက်လိုက်သွားသော မိခင်က ပစ်ပြီးထားခဲ့သော ခရွှေလေးငယ်နှစ်ယောက်နှင့် ထာဝစဉ် အတူတူ မနေနိုင်ပါ။

ယခုလည်း ခရီးထွက်လုဆဲဆဲ ဖြစ်ပါသည်။ မကြည်ပွင့်နှင့် တွေ့ပြီးမှ ခရီးထွက်ပါမည်။

× × ×

အောက်တွင် ရေးထိုးထားသော လက်မှတ်မှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်၍ ဖတ်မရအောင် ဖြစ်နေသဖြင့် မည်သူမည်ဝါ ဟူ၍ မကြည်ပွင့် မသိပေ။

သို့သော် အထက်တန်းသီးသန့် လက်မှတ် ဖြတ်ပိုင်းနှင့်အတူ တွဲ၍ပါလာသော နှစ်ဆယ်တန် ဆယ်ရွက်တို့က သူမအား မများချင် များချင်အောင် တိုက်တွန်းလျက်ရှိပေသည်။

ထို့ကြောင့်လည်း လိုက်ပါလာခဲ့ခြင်းသည်။ ဘုရင်ဂျီကျွန်းသို့ ရောက်ကာမှ သူလုပ်ရမည့် အလုပ်ကို မနှစ်သက်လျှင် အကျိုးအကြောင်းပြောပြီး ပြန်မည်ဟု ဆုံးဖြတ်သည်။

သို့သော်...

“ငါ ဒီလိုအလုပ်မျိုး ဘယ်မှာရနိုင်မှာလဲ...နာမည်ပျက်ခဲ့လို့ နိုင်ငံခြားသားတွေကတော့ ငါ့ကို အလုပ်မပေးပါတော့ဘူး”

သူ့ကိုယ်သူ ပြန်ပြောသည်။

ထိုသို့ပြောလိုက်သောအခါ ကလေးငယ်

www.burmeseclassic.com

၏ ဆယ်နှစ်အရွယ် သားကလေး ဂျက်ကီကလေးတင်၏ အင်းယားကန် ရှက်တိုက်အသင်းနှင့် မနီးမဝေး ရေထဲတွင် ပေါ်လိုက်မြုပ်လိုက် ဖြစ်နေသည်ကို မျက်စိထဲတွင် မြင်ရောင်လာမိသည်။

ဂျက်ကီ ရေနစ်သေဆုံးမှုနှင့် ပတ်သက်၍ မကြည်ပွင့်မှာ စုံစမ်းမေးမြန်းခြင်းခံခဲ့ရသည်။ မစ္စစ်ကလေးတင်က မခံမရပ်နိုင်ဖြစ်လာ၍ ရုံးသို့ ဦးတိုက်လျှောက်ပြီး တရားစွဲဆိုခဲ့သည်။

မကြည်ပွင့်၏ ပေါ့လျော့မှုကြောင့် မဟုတ်ဟူ၍ ရုံးတော်က စီရင်ချက်ချပေးခဲ့သည်။

သို့သော် မကြည်ပွင့်သည် နိုင်ငံခြားသားများ လောကတွင်အလုပ်ရရှိရေး မလွယ်ကူတော့ပေ။ မိမိစောင့်ရှောက် ကြည့်ရှုရသော ခလေးရေနစ်သေဆုံးသွားသည့်အတွက်ကြောင့် မကြည်ပွင့်အား မည်သူကမှ အလုပ်မပေးဘဲ နေကြတော့သည်။

မကြည်ပွင့်သည် နောက်ကြောင်းများကို မျက်စိကလေးမှေးကာ ငိုက်စားနေသည်။ သူမဘေးမှ အသက်ခြောက်ဆယ်ခန့်ရှိ အမျိုးသမီးကြီးသည် ပြူတင်းပေါက်ဘက်သို့ ကိုယ်စောင်း၍ အိပ်မောကျနေသည်။ မကြည်ပွင့်ကလည်း မျက်စိမှေး၍ ငိုက်စားနေရာမှ မျက်လွှာများကို ဖွင့်လိုက်သည်။ သူမ၏ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်မှ ထိုင်နေသော အရပ်အမောင်း ကောင်းကောင်း မျက်နှာထား ဆိုးဆိုးလူနှင့် မျက်စိချင်းဆုံမိသည်။

အရပ်ဆိုးသူများသည် သဘောကောင်းကြသည်ဟူ၍ ကြားဘူးသည်။ ယခုလူမှာ အရုပ်လည်းဆိုးသည်၊ သူ၏မျက်လုံးနှင့် နှုတ်ခမ်းအနေအထားတို့ကို ကြည့်ခြင်းအားဖြင့် တဘက်သားအပေါ်တွင် ရက်စက်မည့်သူ၊ တကိုယ်ကောင်းကြံစည်မည့်သူ ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟူ၍ လူကဲခပ်မဆိုးသော မကြည်ပွင့်ကတွေးလိုက်သည်။

* * *

(၃)

အရုပ်ဆိုးရသည့်အထဲ မျက်နှာပေါက်လည်း ဆိုးသည်။ သူသည် ထာဝစဉ်အမြဲ တစုံတရာ ကြံစည်နေသည်ဟူ၍ သူ၏အငြိမ်မနေသော မျက်လုံးတို့က သက်သေခံသည်။

တကိုယ်ကောင်းကြံ ရက်စက်တတ်သူ တစ်ယောက်ဖြစ်ကြောင်း သူ၏ နှုတ်ခမ်းအနေအထားတို့မှ သိနိုင်သည်။ အမည်နှင့် လူနှင့်လည်း လိုက်ပါပေသည်။ သူ့အမည်မှာ ဗိုလ်ကုသဖြစ်သည်။

**ဗိုလ်ကုသ**

ခင်ဗျားအကူအညီကို ရယူမှ ဖြစ်ပါသည်။ ခင်ဗျားအကြောင်းကို ခင်ဗျားနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်က ပြောပြ၍ သိရပါသည်။ ထိုမိတ်ဆွေက သူ့အမည် ဖော်မပြရဆို၍ ဤစာတွင် ဖော်မပြမိခြင်းကို ခွင့်လွှတ်ပါ ခင်ဗျား။

ဗိုလ်ကုသ တတ်နိုင်သော ကျွမ်းကျင်သော တာဝန်တစ်ခုကို ပေးလိုပါသည်။ ထိုတာဝန်ထမ်းဆောင်ပေးရာတွင် အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဗိုလ်ကုသ၏ ဒုက္ခအတွက် ငွေသုံးထောင် ပေးပါမည်။ ထမ်းဆောင်ရမည့် တာဝန်မှာ နှစ်ရက်သာသာမျှသာ ကြာပါမည်။ ရာဇဝတ်မှုနှင့် ကင်းသော အလုပ်တာဝန်ဖြစ်ကြောင်း ဝန်ခံပါသည်။

ကျွန်တော်နှင့် တွေ့ဆုံဆွေးနွေးပြီးမှ ထိုတာဝန်ကို ခင်ဗျားက လက်မခံနိုင်ခဲ့ပါလျှင် ခင်ဗျား၏ အချိန်ဖြုန်းမိသည့်အတွက် ကျွန်တော်က ငွေလေးရာ ထပ်၍ ပေးပါမည်။

ယခု ပူးတွဲပါ ငွေတစ်ရာနှင့် မုတ္တမအထက်တန်း လက်မှတ်ကို လက်ခံပါ။ လက်မှတ်တွင် ပါရှိသည့်နေ့တွင် မော်လမြိုင်ကို လိုက်ခဲ့ပြီး နေပျော်ပျော်မှာ တည်းခိုပါ၊ နောက်တစ်နေ့တွင် ဘရင်ဂျီကျွန်းသို့ လိုက်ပို့ပေးမည့်လူ လာရောက်ခေါ်ယူပြီး မော်တော်ဘုတ်ဖြင့် ပို့ပေးပါမည်။

ကျန်တာတွေတော့ လူချင်းတွေ့မှဘဲ ဆွေးနွေးပါရစေ။

မောင်ကြည်

မောင်ကြည်ဆိုသော အမည်နှင့် သူသိသူတစ်ယောက်မှမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ လွယ်လွယ်နှင့် ငွေရပေါက်ဆိုလျှင် လွယ်လွယ်နှင့်ပင် လိုချင်သည်။ သို့သော် ခက်ခဲသော နည်းများဖြင့်ပင် ငွေရှာခဲ့သည်။

လွယ်လွယ်ကူကူနှင့် ရရှိမည့် ငွေကို ရယူပြီး သူ့ရှေ့တည့်တည့်မှ ထိုင်နေသော မဒီကလေးမျိုးနှင့် ပျော်လိုက်ရရင်...၊

ဗိုလ်ကုသသည် မကြည်ပွင့်၏ မဆိုးလှ ကြည့်ပျော်သော ရုပ်ရေကို မဖြူမညို၊ မပိန့်မဝ ပြေပြစ်ကာ ကိုယ်လုံးကိုယ်ပေါက်ကို သဘောကျနေသည်။ ရန်ကုန်မှ ထွက်လာစဉ်ကပင် မကြည်ပွင့်ကိုကြည့်၍ မျက်စိအရသာခံယူခဲ့သည်၊ စိတ်ကူးလည်း ယဉ်ခဲ့ပေသည်။

မိန်းမချောတစ်ယောက်မဟုတ်သော မကြည်ပွင့်တွင် ချစ်စဖွယ်တစ်နေရာပါသည်။ တင်းတင်းရင်းရင်းနှင့်ဖေါင်းနေသော ပါးကလေးများပေလား။ သဘာဝအရောင် နှုတ်ခမ်းဆိုးဆေး ဆိုးထားသော နှုတ်ခမ်းလေးပင်လား။ သို့မဟုတ် တစုံတရာစဉ်းစားနေစဉ်တွင် မျက်တောင်တဖျတ်ဖျတ်ခတ်သော ဝိုင်းစက်ကြည်လင်သော မျက်လုံးကလေးတွေကြောင့်ပင်လောဟူ၍ သူစဉ်းစား ဆုံးဖြတ်၍မရပေ။

ပဲခူးဘူတာအလွန်တွင် မကြည်ပွင့်သည် အိပ်မောသို့ ခေတ္တထသွားခဲ့သဖြင့် သူမ၏ ရှေ့နောက် နှစ်မျိုးစလုံးကို မျက်စိအရသာ ခံစားခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ဤအမျိုးသမီးသည် လိင်သဘာဝအရ ဖိုဓါတ်ကိုဆွဲဆောင်နိုင်သော မဓါတ်သဘာဝအပြည့်အစုံရှိသူဖြစ်ကြောင်း ဗိုလ်ကုသ မှတ်ချက်ချလိုက်သည်။

* * *

(၄)

ဒေါ်နှင်းဦးသည် မကြည်ပွင့်ဘေးတွင်ထိုင်နေသော အမျိုးသမီးကြီးဖြစ်၍ တတွဲစီး ခရီးသည်များက မကြည်ပွင့်၏ အဒေါ်များဖြစ်လေမည်လားဟု ထင်ကြပေမည်။ တကယ်စင်စစ် မကြည်ပွင့်နှင့် ဒေါ်နှင်းဦးတို့သည် ရထားပေါ်ရောက်မှ တွေ့ဘူးကြပေသည်။

ဒေါ်နှင်းဦး မှိန်း၍လိုက်လာခဲ့ရာမှ ဇင်းကျိုက်ဘူတာသို့ရထားမရောက်မီတွင် မျက်လုံးများဖွင့်ကြည့်၏။ တောင်တန်းများပေါ်တွင်မြင်ရသော စေတီပုထိုးတို့ဆီသို့ ရည်စူး၍ လက်အုပ်ချီကာ နဖူးဖြင့်လက် သုံးကြိမ်ထိ၍ ကန်တော့လိုက်ပြီး တောင်တန်းများဆီသို့ ကြည့်ကာ ငေးနေသည်။

**ဒေါ်ဒေါ်နှင်း**

ကျမကို မှတ်မိမယ် မထင်ပါဘူး။ တမြန်နှစ် ရွှေစက်တော်ဖူးသွားစဉ်က ဒေါ်ဒေါ်နှင်းနှင့် ကားအတူတူ စီးသွားခဲ့ဘူးပါသည်။ ဒေါ်ဒေါ်နှင်းမှာ ကွယ်လွန်သူ ကျမ၏ကျေးဇူးရှင် မိခင်နှင့် တူလွန်း၍ ချစ်ခင်လေးစားမိခဲ့ပါသည်။

မိခင်တစ်ယောက်သဘွယ်ပြုစုလိုသော်လည်း ထိုစဉ်က အချိန်အခါနှင့် ကုသိုလ်ကံကမပေး၍ ဆန္ဒမပြည့်ဝခဲ့ပါ။ ယခုအခါ ကျမနှင့် ကျမ၏ခင်ပွန်းတို့သည် ဘီလူးကျွန်းအနီးမှ ဘရင်ဂျီကျွန်းတွင် အပန်းဖြေစခန်းတစ်ခု ဖွင့်လှစ်လိုက်ပါသည်။ ထိုစခန်းဖွင့်လှစ်မည့်နေ့တွင် စတင်ရောက်ရှိလာမည့် လူကြီးလူကောင်း ပုဂ္ဂိုလ်တွေများပါသည်။

ဖွင့်စလုပ်ငန်းဖြစ်၍ မိခင်သဘွယ် ကြည်ညိုနေသော ဒေါ်ဒေါ်နှင်းကို ကန်တော့သည့်အနေဖြင့် ပြုစုလိုပါသောကြောင့် ကျမ၏ ဘရင်ဂျီကျွန်းအပန်းဖြေစခန်းသို့ လေးငါးရက် သို့မဟုတ် ပျော်သလောက် လာရောက်နေစေချင်ပါသည်။

မုတ္တမမှ မော်လမြိုင်ဘက်သို့ ကူးပြီးနောက် အောက်လမ်းမကြီးရှိ နေပျော်ပျော် တည်းခိုစခန်းသို့ သွားပါ။ ဒေါ်ဒေါ်နှင်း တစ်ညအိပ်ရန် စီစဉ်ပြီးပါပြီ၊ နောက်တစ်နေ့တွင် မော်တော်ဘုတ်နှင့် ပို့ဆောင်ပေးမည့်သူက လာ၍ ခေါ်ပါလိမ့်မည်။

ဆက်ဆက် လာဖြစ်အောင် လာခဲ့ပါ။

မမလေး (ခေါ်) **ကြည်ကြည်ညွန့်။**

စာနှင့်အတူ မီးရထားအထက်တန်းသီးသန့် လက်မှတ်ဖြတ်ပိုင်းနှင့် တွဲလျက် ငွေတဆယ်တန် ဆယ်ငါးရွက်ကိုပါ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မမလေးဆိုသော မိန်းကလေးကို ဒေါ်နှင်းဦး မမှတ်မိပေ။ တမြန်နှစ်က ရွှေစက်တော်ဘုရားဖူးသွားခဲ့သည်မှာ မှန်သည်။ ကားပေါ်တွင် ဘုရားဖူးသွားကြသူတွေ ယောက်ျား မိန်းမ အများအပြားပါခဲ့သည်။

မိမိမှာလည်း အသက်ခြောက်ဆယ်ပင်ရှိပြီဖြစ်၍ တစ်နှစ်ကျော်က ကိစ္စကို မှတ်မိနိုင်ရန်မှာ မလွယ်ကူတော့ဟုထင်သည်။ အပျိုကြီးဘဝနှင့်နေခဲ့သည်။ ဈေးသည်၊ ပွဲစား၊ ကုန်သည် ဘဝတွေလည်းစုံခဲ့သည်။ ဘဝအမျိုးမျိုးတွင် လူအမျိုးမျိုးကို တွေ့ခဲ့ရသည်။ အားလုံးကိုတော့ မမှတ်မိနိုင်တော့ပေ။

ယခု မမလေးဆိုသူ အမျိုးသမီးက ဖိတ်ခေါ်ရာတွင် လမ်းစရိတ်ထည့်ခဲ့သည်။ သုံးရန်ငွေလည်းပေးသည်။ သို့ဖြစ်၍ မိမိအဖို့တွင် အမြတ်ထွက်စေကာမူ အရှုံးမပေါ်နိုင်ဟု တွေးမိသည်။

"ငါးရက်နေပြီး၍ မပြန်ပါနဲ့နေပါ ...တားခဲ့လျှင် နောက်ထပ်သုံးလေး ...နေမည်"

ဟူ၍လည်း စဉ်းစားထားသည်။ ...ပေးစားရသော အလုပ်လုပ်...တွင် စီးပွားရေး မကောင်းကြ၍ ...အတိုးမှန်မှန် မပေးနိုင်ကြ။ ...အတိုးမဆိုထားဘိ၊ အရင်း...သည်ရရှိရန် မလွယ်တော့သည့် ...နေသို့ ရောက်နေရာ မိမိ၏ ဝင်ငွေမှာလည်း သိသိသာသာကြီး နည်းသွားခဲ့သည်။

ဒေါ်နှင်းဦးသည် ငွေတိုး ပေးစားသည့် အမျိုးအနွယ်ထဲမှမဟုတ် ငယ်ရွယ်စဉ်က လယ်ပိုင်ရှင် သူဌေးသမီးဖြစ်ခဲ့သည်။ မိဘ၏ ဥစ္စာဂုဏ်မောက်ခဲ့ပြီး မာနကြီးခဲ့၍ စပ်ဟပ်သူများ ရှိခဲ့သော်လည်း မတူမတန်ဟု သဘောထားပြီး ငြင်းခဲ့ရာမှ အပျိုဟိုင်းကြီး ဖြစ်ခဲ့ရသည်။

အပျိုဟိုင်းကြီး ဖြစ်လာသောအခါ ရွယ်တူ လူပျိုကြီးများသည် မနှင်းဦးရှိသည်ဟူ၍ပင် မထင်ကြတော့ပေ။ ငယ်ရွယ်သူများကိုသာ ချိန်ရွယ်ကြသည်။

အပျိုဟိုင်းကြီးဘဝသို့ရောက်၍ စပ်ဟပ်သူများ လာသေး၏။ တစ်ခုလပ် မုဆိုးဖိုများသာဖြစ်၍ အချို့မှာ သားသမီးများပင် ပါလာခဲ့သည်။

သို့ဖြင့် အပျိုကြီးဘဝနှင့်ပင် အရိုးထုတ်ရလေတော့သည်။

မမလေးဆိုသူသည် မည်သူများဖြစ်ပါလိမ့်မည်လဲဟု တွေးလေလေ မျက်စိထဲတွင် ရေးရေးမျှ မမြင်လေလေ ဖြစ်တော့သည်။

"ဟယ် . . . မထူးပါဘူး၊ ဟိုရောက်ရင် တွေ့ရတော့မှာဘဲ . . ."

အတွေးရပ်လိုသဖြင့် မိမိကိုယ်ကို နှစ်သိမ့်မိသည်။

သို့သော် မမလေးဆိုသူအား မိမိကမြင်၍မှ မြင်မြင်ခြင်းမမှတ်မိ၊ မသိလျှင် တဘက်သား၏ခံပ်မင်တွယ်တာမှုကို သရော်သလို ပျက်ရယ်သလိုများ ဖြစ်နေလိမ့်မည်လား ဟူ၍ကား စိုးရိမ်မိလျက်ရှိပေသည်။

* * *

(၅)

ဘရင်ဂျီကျွန်းအကြောင်းကို သူကြားဘူးသည်။ သွားရောက်နေထိုင်၍ အပန်းဖြေရန် အလွန်ကောင်းသည့် နေရာဟူ၍ လူပြောများကြသည်။ သို့သော် ဘရင်ဂျီကျွန်းနှင့် ပတ်သက်သူကို မသိကျွမ်း မရင်းနှီးခဲ့ရ၍ တစ်ချိန်က ကျိုက္ခမီကမ်းခြေမှာပင် သွားရောက်ကာ အနားယူခဲ့ရဘူးသည်။

စံကင်းမောင်သည် တပ်မှူးဘဝနှင့် အမှုထမ်းနေစဉ်က သောင်းကျန်းသူများ ချုံခိုတိုက်ခိုက်ခြင်းခံရ၍ ကားမောင်းသူသည် သေနတ်မှန်ပြီး ကားမှောက်ခဲ့ရာတွင် ဒဏ်ရာများရရှိသည့်အနက် အဆိုးဆုံးဒဏ်ရာမှာ ပေါင်ကျိုးခဲ့သော ဒဏ်ရာပင် ဖြစ်သည်။

ဆေးရုံတွင် ခြောက်လကျော်ကုခဲ့ရသည်။ လမ်းလျှောက်ရာတွင် သာမန်လူကဲ့သို့ မလျှောက်နိုင်တော့ဘဲ ထော့နင်းထော့နင်းနှင့် လျှောက်ရသည်။ ဆေးအဆင့်အတန်း မမှီတော့၍ ပင်စင် ယူလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စကား အလွန်ပြောဆိုချင်သူ ဖြစ်၍ သူ့ကို တစ်ဦးတစ်ယောက် သည် နှစ်ကြိမ်မျှတွေ့ဆုံပြီးနောက် တတိယ အကြိမ်တွင် အကြောင်း တခုခုပြကာ ရှောင်တတ်သည်။

ထိုသို့ရှောင်ကြသည့်အကြောင်း ရင်းကို သူမသိဘဲ၊ သူကတမျိုးတမည် ထင်သည်။

"ဟိုခွေးမသား လူဇော်လက် ချက်ဖြစ်မှာပဲ ဒီကောင်အရက်မူးပြီး လျှာသွက်သွက်နဲ့ ငါ့အကြောင်းတွေ လျှောက်ပြောပြီထင်တယ် . . ."

လူဇော်ကို အပြစ်တင်မိသည်။ ဖြစ်ခဲ့သည့်ကိစ္စကလည်း တော်တော် ကြာခဲ့ပြီဖြစ်သောကြောင့် လူဇော် သတိရချင်မှ ရတော့မည်ဟူ၍လည်း စဉ်းစားမိသည်။

စိတ်မလုံ လိပ်ပြာမသန့်သော သူတစ်ယောက်သည်တစုံတယောက် ၏ တွေဝေငေးမောနေသော မျက်စိ နှင့် အကြည့်ချင်းဆုံလိုက်လျှင် မိမိ အကြောင်းကို သိ၍ တွေးနေသည် ဟူ၍ ထင်မိသည်မှာ ဓမ္မတာပင်ဖြစ် သည်။

တစုံတယောက်ယောက်က စိတ်မလုံသူအား ခနဲ့တဲ့တဲ့အမူအရာ နှင့် ကြည့်လျှင်လည်း ငါ့အကြောင်း သိလို့ ခနဲ့နေတာဘဲဟူ၍ ထင်မိသည် မှာလည်း ဓမ္မတာပင် ဖြစ်သည်။

ထိုနည်းတူ ပြောင်ချော်ချော် သယောင်တော်တော် ဖြစ်သူကိုလည်း စိတ်မလုံသူတစ်ယောက်သည် မျက်နှာ ချင်းမဆိုင်ရဲပေ။

"ငါ့ကိုယ်က မလုံလို့ဖြစ်ပါလိမ့် မယ်ဟူ၍လည်း ဗိုလ်မှူးစံကင်းမောင် တွေးမိသည်။

ရှေးဟောင်းနောက်ဖြစ်များ လည်းပြောရင်း၊ ဗိုလ်မှူးအတွက် အထူးအဆန်းရှိမဲ့ ကိစ္စတခုကိုလည်း ဆွေးနွေးရင်း ဘုရင်ဂျီကျွန်းကိုအလည် အပတ် လာစေချင်ပါသည်။ စော်ကား ဟူ၍တော့ မထင်ပါနဲ့၊ ပူးတွဲပါ ရထား လက်မှတ်နှင့် ငွေနှစ်ရာသည် ဗိုလ်မှူး ကြီးကြိုက်သလို သုံးနိုင်ပါသည်။

အကယ်၍ ဗိုလ်မှူးရောက်ခဲ့ လျှင် အဲဒီနေ့မှာ နေပျော်ပျော်ဟိုတယ် တွင် တည်းခိုပါ၊ နောက်တစ်နေ့မနက် ဘုရင်ဂျီကျွန်းသို့ ပို့ပေးမည့် မော်တော် ဘုတ်က လာရောက်ခေါ်ယူပါလိမ့်မည် ခင်ဗျား၊ ဗိုလ်မှူးကြိုက်တတ်သော ဂျော်နီဝါကားလည်း အသင့်ရှိပါသည်။

လက်မှတ်ထိုးထားသည်မှာ ရှုပ်ထွေးနေ၍ အမည်မကွဲပြားသော် လည်း အမည်၏ရှေ့မှ ဗိုလ်,ဆိုသော စာလုံးကိုမူ ဖတ်၍ရသည်။

သူ၏တပည့် တစ်ယောက် ယောက်ထဲမှ ဖြစ်လိမ့်မည်ဟု ယုံ ကြည်သည်။

မည်သို့ပင်ဖြစ်စေ သူ့ကိုဖိတ် ခေါ်ခဲ့သူသည် သူနှင့်ရင်းနှီးသူတစ် ယောက်ပင် ဖြစ်ရမည်၊ ထို့ကြောင့် လည်း သူ့ကို မှတ်မိမည် ထင်၍ ထိုးနေကျ လက်မှတ်အတိုင်း ရှုပ်ရှုပ် ထွေးထွေးပင် ထိုးပေးလိုက် ခြင်းဖြစ် သည်ဟု သူထင်မိလေသည်။

* * *

(၆)

ဒေါက်တာ လူဇော်မင်းသည် နာမည်ကျော် ဆရာဝန်တစ်ယောက် ဖြစ်သည်။

ဆရာဝန်ဆိုသည်မှာ သိပ္ပံ ပညာရှင်ဖြစ်၍ ကံကို ယုံခဲ့သည်။ သို့ သော် လူဇော်မင်းသည် ကံကို မယုံ ကြည်ဘဲနေ၍ မဖြစ်ပေ။

လူပေါင်းဆံ့၍ အထက်တန်း လွှာတွင် လူအသိမိတ်ဆွေ အပေါင်း အသင်းပေါများသော အတွင်းဝန်က တော် စုစုခင်သည် ဆရာဝန်ပေါင်း စုံခဲ့ပြီဖြစ်သည်။ မူးသည်၊ ဝေသည်၊ မောသည်၊ အစရှိသော ရောဂါအမျိုး မျိုးကို အကြောင်းပြလျက် ကုသခဲ့ သော်လည်း မပျောက်ကင်းခဲ့ပေ။

တစ်နေ့တွင် ထမင်းစားပွဲတစ် ခုတွင် ဒေါက်တာ လူဇော်မင်းနှင့် စကားလက်ဆုံကျကြ၏။ လူဇော်မင်း နှင့် စကားလက်ဆုံကျနေစဉ် လူဇော် မင်းအား လာရောက်တွေ့ဆုံနှုတ်ဆက် သူများကို အကဲခပ်မိသည်။ အတွင်း ဝန်ကြီးများ၊ ဆရာဝန်ကြီးများ၊ ခရိုင် ဝန်များ အစရှိသည့် ထိပ်သီးအရာရှိ ကြီးများလည်း ပါဝင်သည်ကို တွေ့ရ သည်။ ရှိင်းရာကျမည်စိုး၍ ထိုသူ စုစုခင်က မည်သို့မှမပြောလိုသော်

www.burmeseclassic.com

လည်း နောက်တစ်နေ့တွင် လူဇော်မင်း၏ ဆေးတိုက်ရောက်သွားခဲ့ပြီး သူ့တွင် ခံစားနေရသော မူးဝေခြင်း၊ မောဟိုက်ခြင်း၊ အိပ်မပျော်ခြင်း အစရှိသော ရောဂါများကို ပြောပြသည်။

လူဇော်မင်းက နားကြပ်ဖြင့် စမ်းသပ်ကြည့်။

"ခင်ဗျားလို ချောချောလှလှ အမျိုးသမီး တစ်ယောက်ဟာ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ"

လူဇော်မင်းက မေးသည်။

"ဒါတော့ ကျွန်မက ဆရာဝန်မှမဟုတ်ဘဲ ဒေါက်တာရယ်"

စုစုခင်က ပြန်ပြောသည်။

ဆီး ဝမ်းနှင့် မစင်တို့ကို စမ်းသပ်၍ လူဇော်မင်းက တောင်းလိုက်သည်။ စုစုခင်အားလည်း ဓါတ်မှန်ရိုက်သည့်နေရာသို့ စေလွှတ်ကာ အသဲနှလုံးနှင့် အဆုပ်တို့ကို ဓါတ်မှန်ရိုက်စေသည်။ သုံးရက်မြောက်သော နေ့တွင် ဓါတ်မှန်နှင့်တကွ ဆီး ဝမ်း သွေးတို့ကိုစစ်ဆေးထားသော အစီရင်ခံစာရရှိသည်။ စုစုခင်လည်း ချိန်းဆိုသည့် အချိန်တွင် ရောက်ရှိလာသည်။

"ဘာရောဂါလဲဆရာ သိရပြီလား"

စုစုခင်ကမေးသည်။

"မူယာမာယာရောဂါ"

လူဇော်မင်းက နှုတ်မှထုတ်၍ပြော စိတ်ထဲမှသာ ပြောလိုက်ခြင်းဖြစ်သည်။ နှုတ်ကမူ . . .

"အရေးမကြီးပါဘူး၊ စုစုခင် ဆေး လေးငါးခြောက်ချောင်း ထိုးလိုက်ရင် ကောင်းသွားမှာပါ၊ ဘာမှစိတ်မပူပါနဲ့"

လူဇော်မင်းက အားပေးစကား ပြောပြီး ဆေးတစ်ချောင်း ထိုးပေးလိုက်သည်။ စုစုခင်ပြန်သွားလျှင် သွားချင်းသူသည် စုစုခင်ကို စမ်းသပ်သော ဆရာဝန်ဖြစ်ပါသည်။ ဆွေးနွေးလိုပါ၍ စုစုခင်မသိအောင် ရုံးမှအပြန်တွင် သူ့ ဆေးတိုက်သို့ ဝင်ခဲ့ရန် မှာကြားလိုက်သည်။

ညနေရုံးဆင်းချိန်တွင် စုစုခင်၏ ခင်ပွန်း အတွင်းဝန်ရောက်လာသည်။ ဇနီးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးလိုသည်ဆိုသောကြောင့် ရင်တထိတ်ထိတ်ဖြစ်နေခဲ့သည်။ ဆေးရှာ၍မရသေးသော ကင်ဆာရောဂါဟူ၍ ပြောလေမည်လားဟု စိုးရိမ်နေမိသည်။

"ခင်ဗျားဇနီးကို ဆေးကုရာမှာတော့ ဆေးတစ်ခုထဲနဲ့ မပြီးဘူးဗျာ၊ ခင်ဗျားရဲ့ အကူအညီလဲ လိုပါတယ်"

"ဟုတ်ကဲ့ဆရာ . . .သူ့ဘာရောဂါဖြစ်လို့လဲ"

"ရောဂါတော့ မဖြစ်သေးပါဘူး။ ဒါပေမယ့် စိတ်ကြောင့်တော့ မကြာခင်ဘဲ သွေးတိုးနဲ့ နှလုံးရောဂါ ဖြစ်နိုင်တယ်"

"ဟုတ်ကဲ့ . . ."

"ခင်ဗျားမိန်းမနဲ့ စကားပြောကြည့်ရသလောက်မှာတော့ ခင်ဗျားဟာ နေ့ခင်းမှာ အလုပ်ပင်ပန်းလာတယ်၊ ညနေ ထမင်းမစားခင်မှာ အရက်နည်းနည်းပါးပါးကို ဆေးအဖြစ်ဝါးအဖြစ်အနေနဲ့ သောက်တယ်ဆိုတဲ့ နာမည်တပ်ပြီး ညသန်းခေါင်ကျော် အထိတစ်ပုလင်းကုန်အောင် သောက်ဘာဘဲ"

"ဟုတ်ကဲ့"

"ခင်ဗျားဇနီးကလဲ သားသမီးမရှိ၊ ခင်ဗျားကလဲ အရက်ပုလင်းနဲ့ ပျော်နေလေတော့ အဖျင်းပြေဆိုသလို ပါတီသွားတယ်၊ မင်းကတော်တွေနဲ့ ဖဲရိုက်တတ်တယ်၊ လင်မယားချင်း အတူနေ၊ အဆိုးအကောင်း ပြောစရာ အချိန်လဲ မရကြဘူး"

"ဟုတ်ကဲ့"

ဒီလောက်ပြောရင် နားလည်ပါပြီဗျာ၊ ခင်ဗျားလဲလူ့လောကအကြောင်း သိတဲ့ လူတစ်ယောက်ပါဘဲ၊ အိမ်ထောင်သည်ဘဝမှာ သာယာမှုရှိမှလဲ စိတ်ချမ်းသာကြမယ်၊ အသောက်နည်းနည်းလျှော့ပြီး စုစုခင်ကို အရေးပေးပါ အားလုံး စိတ်ချမ်းသာနိုင်ပါတယ်"

"ဟုတ်ကဲ့"

"အခုလိုပြောတာတော့ စိတ်မရှိနဲ့နော်၊ ဆရာဝန်တို့ရဲ့ဝတ္တရားဟာ ပြောစရာရှိလို့ ပြောပြမှလဲ လူမမာက နားလည်မှာပါ"

ဆက်ပါဦးမည် . . .

ရဲနိုး



www.burmeseclassic.com

www.burmeseclassic.com

# နေ့အလိုက် ကံကောင်းစေသော အရောင်များ

မောင်စံထား(ဓနုဖြူ)

လူ့လောက ပတ်ဝန်းကျင် တစ်ခွင်လုံးအား လွှမ်းမိုးဖြန့်ကြက်ထားသည်က အရောင်တွေပဲဖြစ်သည်။ ပုံနှိပ်လောကမှာတော့ အခြေခံအရောင်က လေးမျိုးပဲဖြစ်သည်။ အနီ၊ အပြာ၊ အဝါနှင့် အနက်တို့ပဲဖြစ်၏။ ထိုအခြေခံအရောင်မှ ပွားများလိုက်သောအခါ အရောင်တွေက အမျိုးမျိုးအဖုံဖုံ။

အရောင်သည် လူ့စိတ်ကို ဆွဲဆောင်လျက်ရှိ၏။ အရောင်တို့တွင် မမြင်နိုင်သော သတ္တိထူးများ၊ စွမ်းအင်များ ရှိကြသည်။ မိတ်ဖက်အရောင်တွေ ရှိသကဲ့သို့ ရန်ဘက်ဖြစ်သော အရောင်များလည်း ရှိသည်။ စိမ်းလန်းငြိမ်းချမ်းသော အရောင်များရှိသည့်နည်းတူ တောက်လောင်ပူပြင်းသော အရောင်များလည်း ရှိကြသည်။ မြန်မာ့ရိုးရာ အယူအဆတွင် နေ့အလိုက် ကံကောင်းစေသော အရောင်များ ရှိကြသည်။ သို့ရာတွင် နေ့အလိုက် ရွေးချယ်တတ်ဖို့ အရေးကြီးသည်။ လိုက်ဖက်ညီသော မှန်ကန်သော အရောင်များကို သုံးစွဲခြင်းဖြင့် အလိုရှိရာ အောင်မြင်နိုင်၏။ အညံ့အဆိုးများကို ကျော်လွှားနိုင်ခြင်းဖြင့် ကံကောင်းစေသော အရောင်များအား နေ့အလိုက် သုံးစွဲနိုင်စေခြင်းငှာ တင်ပြလိုက်ပါသည်။

- တနင်္ဂနွေနေ့တွင် အဝါရောင်ကို ရွေးချယ်ဝတ်ဆင်ပါ။
- တနင်္လာနေ့တွင် အဖြူရောင်ကို ရွေးချယ်ဝတ်ဆင်ပါ။
- အင်္ဂါနေ့တွင် အနီရောင်၊ ကြက်သွေးရောင် လိမ္မော်ရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။
- ဗုဒ္ဓဟူးနေ့တွင် ငွေရောင်၊ တောက်ပသော အရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။
- ကြာသပတေးနေ့တွင် အပြာရောင်၊ ခရမ်းရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။
- သောကြာနေ့တွင် အစိမ်းရောင်ကို ရွေးချယ်ဝတ်ဆင်ပါ။
- စနေနေ့တွင် အနက်ရောင်၊ နက်ပြာရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

အထက်တွင် ဖော်ပြထားသော နေ့နှင့် အရောင်တို့အား အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများ၊ လက်ကိုင်ပဝါ၊ လက်ကိုင်အိတ်၊ ဖဲကြိုး၊ ဖဲပြား၊ ဖိနပ်များတွင် ရွေးချယ်သုံးစွဲခြင်းဖြင့် လိုရာဆန္ဒမှန်သမျှ ပြည့်ဝနိုင်လိမ့်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မောင်စံထား(ဓနုဖြူ)



www.burmeseclassic.com

www.burmeseclassic.com

### စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

## ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

# ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဂ္ဂဏ်ကိုင်ငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဂွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အယ်လ်ကိုဟော တစ္ဆေ

ပီတာမြဦး

"ညက ဆေးရုံမှာ တာဝန်ကျခဲ့တဲ့ တပ်သားသိန်းဇော် သရဲအခြောက်ခံရပြန်ပြီတဲ့ဆရာ"

နံနက် ၂ နာရီကျော်ခန့်တွင် အကျဉ်းထောင်ဘူးဝရှိ ကျွန်ုပ်နေအိမ်သို့ ထောင်မှူးကြီးစိုးလှိုင် တယ်လီဖုန်းဖြင့် အကြောင်းကြားခြင်းဖြစ်၏။

"ဒါဆို ဒီကောင် မူးနေပြန်ပြီပေါ့"

ကျွန်ုပ်က မေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်သွားစစ်ဆေးကြည့်တော့ အရက်နံ့တော့ ရနေသေးတယ်။ အဲ ... သရဲအခြောက်ခံရလို့လား မသိဘူး။ အမူးတော့ပြေသွားပြီ ဆရာ"

"ဒါနဲ့ မနေ့ညနေက ညသမားတွေအဝင်မှာ ရှာဖွေတာဝန်ကျတဲ့ ဝန်ထမ်းဘယ်သူလဲဗျာ။ သိန်းဇော် မူးဝင်လာတာကို မသိဘူးလား"

"ဒုတပ်ကြပ် စိန်သန်းပါဆရာ။ သူရှာဖွေရေးလုပ်တဲ့အချိန်မှာ တပ်သားသိန်းဇော်က အကောင်းပကတိပါတဲ့ ဆရာ"

"ဪ ... သူပြောသလိုသာဆိုရင် သိန်းဇော်က ထောင်ထဲရောက်မှ အရက်သောက်သလိုဖြစ်နေပြီပေါ့"

"အဲလိုတော့ ... မဖြစ်နိုင်ဘူးဆရာ"

"ကောင်းပြီ၊ ဒါဆိုရင် သိန်းဇော် အရက် ဘယ်ကရလဲဆိုတာ ခင်ဗျားကိုယ်တိုင် စစ်ချက်ယူပြီး လာတင်ပြ။ လောလောဆယ် သိန်းဇော်ကို တိုက်ထဲထည့်ထားလိုက်ပြီး ဆေးရုံဝန်ထမ်းအစားချထားလိုက်"

"ဟုတ်ကဲ့ ဆရာ"

နောက်တစ်နေ့နံနက် ထောင်ဘူးဝရုံးခန်းတွင် ထောင်မှူးစိုးလှိုင် ယူလာသော စစ်ချက်ကို ဖတ်ကြည့်ရာ တပ်သားသိန်းဇော်မှာ အရက်ဖြူတစ်ပိုင်းကို ညဂျူတီဝင်ခါနီးမှ ကပ်၍သောက်ကာ ဆေးမွှေးကွမ်းရာ ဝါးလာသဖြင့် ရှာဖွေဝန်ထမ်းက သတိမပြုခဲ့မိကြောင်း၊ သိန်းဇော် ညဂျူတီကျချိန် ညနေ ၆ နာရီမှ ၉နာရီကျမှ အရက်ချာဂျင်တာ ဖြည်းဖြည်းတက်လာကာ ဂျူတီအပြီး ည ၉ နာရီတွင် အိပ်ပျော်သွားကြောင်း၊ ဒုတိယဂျူတီကျချိန် ည ၁၂ နာရီမှ ၃ နာရီတွင် အရက်ရှိန်ကြောင့် အိပ်ချင်မူးတူးဖြင့် ဂျူတီစောင့်နေခိုက် ဆေးရုံရင်ခွဲတိုက်မှ မည်းမည်းသဏ္ဌာန်တစ်ခု ထွက်လာကာ သူ့ဆီ ဦးတည်လာနေသည်ကို တွေ့ရကြောင်း၊ သူကြောက်ပြီးကြည့်နေချိန်တွင် ထိုအရိပ်မည်းကြီးမှာ ထန်းပင်လောက်မြင့်တက်သွားပြီးမှ လက်မည်းကြီးဖြင့် သူ့ကို ရုတ်တရက် လှမ်းဆွဲလိုက်သဖြင့် ကြောက်လန့်ပြီး အော်ဟစ်မိပါကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရပါသည်။

ကျွန်ုပ်က ထောင်မှူးကြီးစိုးလှိုင်တင်ပြသော ရုံးတင်စာအုပ်တွင် ရှာဖွေရေးတာဝန်ကျ ဝန်ထမ်းအား နောက်ဆုံးအကြိမ် သတိပေးရန်နှင့် တပ်သားသိန်းဇော်အား တိုက်သုံးရက် ပိတ်ထားရန် အမိန့်ချမှတ်လိုက်သည်။

တပ်သား သိန်းဇော်မှာ ပြီးခဲ့သော လေးရက်ကလည်း အလားတူကိစ္စမျိုး ဖြစ်ခဲ့သေးသည်။ ထိုစဉ်က အခြောက်ခံရစဉ် သရဲမှာ ရင်ခွဲရုံမှ ထွက်လာခြင်းမဟုတ်ဘဲ ဆေးရုံဝင်းအုပ်ရိုးထောင့်ရှိ ညောင်ပင်ကြီးပေါ်မှ ဖြူဖြူအရိပ်ကြီး ဆင်းလာကာ သူ့ကို ကုပ်ချိုးသတ်ရန် လိုက်ဖမ်း၍ အော်ဟစ်မိသည်ဆို၏။

ထိုမျှမကသေး။ ပြီးခဲ့သော အပတ်ကလည်း ယင်းကဲ့သို့ပင်အရက်မူးနေခိုက် သရဲအခြောက်ခံရ၍ အော်ဟစ်မိခဲ့၍ ပြစ်ဒဏ်ချမှတ်ခဲ့ရသေးသည်။

ခက်သည်က အခုတစ်ခေါက် တိုက်သုံးရက်ပိတ်ထားတာ ရက်ပြည့်၍ ဂျူတီချထားခဲ့ရာ ထိုညမှာပင် အရက်မူး၍ သရဲအခြောက်ခံရကာ တစ်ထောင်လုံးနိုးအောင် အော်ဟစ်ခဲ့ပြန်လေသည်။

တစ်ခုထူးခြားသည်မှာ သိန်းဇော်မှာ အရက်စွဲနေသူဖြစ်သော်လည်း တစ်ခါတစ်ရံ နေမကောင်းဖြစ်၍ အရက်မသောက်နိုင်သော ညများမှာ သရဲအခြောက်မခံရတတ်ပြန်ပေ။



www.burmeseclassic.com

www.burmeseclassic.com

အရက်မူးနေသောအချိန်မှသာ သရဲက ပေါ်လာပြီး အခြောက်ခံရခြင်းဖြစ်၏။

ထို့ကြောင့်လည်း နောက်တစ်နေ့နံနက်တွင် ထောင်မှူးကြီးစိုးလှိုင်အား တပ်သားသိန်းဖော်ကို ခေါ်ခိုင်းလိုက်သည်။

"မင်း တစ်နေ့ကို အရက်ဘယ်လောက်သောက်လဲ"

ကျွန်ုပ်က မေးလိုက်သည်။

"ညနေတိုင်း အရက်ဖြူတစ်ပိုင်း သောက်ပါတယ် ဆရာ"

"နေ့တိုင်းလားကွ"

"ဟုတ်ကဲ့၊ ညနေတိုင်းပါ"

"မင်းအရက်စွဲနေတာ ဘယ်လောက်ကြာပြီလဲ"

"ဟို . . . လေးနှစ်နီးပါးလောက်ရှိနေပါပြီ"

"အဲဒီလေးနှစ်အတွင်း သရဲဘယ်နှခါ အခြောက်ခံရဖူးလဲ"

"အရင်နှစ်တွေက တစ်ခါမှ မခြောက်ခံရဘူး။ ဒီနှစ်ထဲရောက်မှ မကြာခဏ အခြောက်ခံရတာ၊ သုံးလေးကြိမ်လောက်ရှိနေပါပြီဆရာ"

"ဟုတ်လား၊ ကြည့်ရတာ ညဘက် မင်းအရက်မူးမူးနဲ့ တစ်ရေးနိုးမှာ အရက်ကြောင်ပြီး မဟုတ်တာတွေ လျှောက်မြင်နေတာများလားကွာ"

"ဟင့်အင်း . . . ဆရာ၊ အဲဒီလို မဟုတ်ပါဘူး။ ကျွန်တော့်မျက်စိနဲ့ကို သေချာမြင်ရတာပါ"

"ထောင်ထဲမှာ တစ္ဆေသရဲရှိရင် မင်းမြင်သလို သူများတွေလည်း မြင်ရမှာပေါ့။ ခု ဘာလို့ မင်းတစ်ယောက်တည်း မြင်နေရတာလဲ"

"အဲဒါတော့ မပြောတတ်ပေမယ့် ကျွန်တော့်မျက်စိနဲ့ကို သေသေချာချာ ထင်ထင်ရှားရှားမြင်ရတာပါ။ အရက်ကြောင်တာမျိုး မဟုတ်ပါဘူး ဆရာ"

"အေး . . . ထားပါတော့၊ ဒါနဲ့ မင်းအရက်မသောက်ဖြစ်တဲ့ညတော့ ရှိမှာပေါ့"

"ဟုတ်ကဲ့ . . . နေမကောင်းတဲ့ အခါတော့ ရှိပါတယ်"

"အဲဒီညမှာကော သရဲအခြောက်ခံရသေးလား"

"ဟင့်အင်း၊ မခံရပါဘူးဆရာ"

ကျွန်ုပ် ခေါင်းတဆတ်ဆတ်ညိတ်ကာ အတော်လေးကြာအောင် စဉ်းစားနေပြီးမှ ထောင်ဆေးရုံသို့ ဖုန်းခေါ်ကာ ဆေးရုံအုပ်ကြီးရှိမရှိ မေးလိုက်သည်။ ရှိကြောင်း သိရသဖြင့် တပ်သားသိန်းဖော်အားခေါ်၍ ထောင်မှူးကြီးနှင့်အတူ ဆေးရုံသို့ လျှောက်ဝင်လာခဲ့၏။

ကျွန်ုပ်က ဆရာဝန်ကြီးအား တပ်သားသိန်းဖော်၏ ဖြစ်ရပ်ဆန်းအား အသေးစိတ်ရှင်းပြလိုက်သည်။ ဆရာဝန်ကြီးက တပ်သားသိန်းဖော်အား အတွင်းခန်းထဲခေါ်ယူ၍ အတန်ကြာအောင် စမ်းသပ်စစ်ဆေးနေလေသည်။

ပြီးမှ –

"ကျွန်တော် စိတ်ရောဂါအထူးကုဆေးရုံမှာ တာဝန်ကျစဉ်တုန်းက အရက်ဖြတ်ဖို့ ဆေးရုံလာတတ်တဲ့ထဲက တချို့လူနာတွေဟာ အလကားနေရင်း ကြောက်တယ်၊ ကြောက်တယ်နဲ့ အော်နေတာတွေ့ဖူးတယ်။ သူတို့ကို သေချာမေးကြည့်တော့ သူတို့မျက်စိထဲမှာ တစ်ယောက်ယောက်က ဓားနဲ့ခုတ်တော့မလိုလို၊ သေနတ်နဲ့ပစ်တော့မယောင်ယောင် မြင်နေရလို့တဲ့ဗျ။ အမှန်တော့ ဒါဟာ အရက်သောက်ရင့်လာတဲ့အခါမှာ အယ်လ်ကိုဟောက ဦးနှောက်ထဲက ဆဲလ်တချို့ကို တိုက်စားပစ်ရာက အာရုံကြောထိခိုက်ပြီး တကယ်မရှိတဲ့အရာတွေကို ကြောက်စိတ်ကြောင့် တကယ်ရှိနေသလိုလို ထင်မြင်လာတတ်တာမျိုးပါ ထောင်ပိုင်ကြီး"

"ဟုတ်ကဲ့ . . . ဆရာ၊ ဒါနဲ့ ဒီဝန်ထမ်းအခြေအနေကကော ဆရာ"

"သူလည်း အရက်သောက်လာတာ လေးနှစ်လောက်ရှိလာပြီဆိုတော့ အဲဒီရောဂါမျိုး အစပျိုးလာတဲ့သဘောပါ။ အကောင်းဆုံးကတော့ အရက်လုံးဝ ဖြတ်ပစ်လိုက်ဖို့ပါပဲ"

"ကဲ . . . ဆရာဝန်ကြီးပြောတာ ကြားတယ်နော် သိန်းဖော်။ မင်း ဒီနေ့ကစပြီး အရက်ဖြတ်ပေတော့"

ကျွန်ုပ်က တပ်သားသိန်းဖော်အား လှည့်ပြောလိုက်သည်။

"ဟုတ် . . . ဟုတ်ကဲ့ဆရာ"

ဟုတ်ကဲ့ဟု လွယ်လွယ်နှင့်ကတိပေးခဲ့သော်လည်း တကယ့်လက်တွေ့တွင် တပ်သားသိန်းဖော် အရက်မဖြတ်နိုင်ခဲ့ပါ။ သူ့အား အလုပ်တာဝန်ပြောင်းသည့်အနေဖြင့် မျှော်စင်ကင်းတာဝန်ချထားခဲ့သော်လည်း နှစ်ရက်ခန့်အကြာတွင် မျှော်စင်ကင်းတာဝန်ခံ တပ်ကြပ်ကြီးခင်မောင်မြင့် လာသတင်းပို့ပါတော့၏။

"တပ်သားသိန်းဖော် မူးမူးနဲ့ သရဲအခြောက်ခံရလို့တဲ့ဆရာ"

"ဟုတ်လား၊ ဘယ်မျှော်စင်မှာလဲ"

"မျှော်စင်(၄)မှာပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

“ကဲ ...လာ၊ သွားကြည့်ရအောင်”

ယခုတစ်ခါတော့ ကျွန်တော်ကိုယ်တိုင် သွားရောက်စစ်ဆေးခဲ့သည်။ မျှော်စင်ပေါ်ရောက်သည်နှင့် တပ်သားသိန်းဇော်ထံမှ အရက်နံ့ထောင်းခနဲထွက်လာသည်။ ထူးခြားသည်မှာ သူ၏မျက်လုံးများမှာ အလွန်ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာတစ်ခုကို မြင်လိုက်ရသလို အဆမတန်ပြူးလျက်နေလေသည်။

“ဘယ်လိုဖြစ်ပြန်တာလဲ သိန်းဇော်”

ကျွန်ုပ်က တပ်သားသိန်းဇော်၏ ပခုံးကိုလှမ်းပုတ် ကာမေးလိုက်သည်။

သူက မျှော်စင်အောက်ဘက်သို့ လက်ညှိုးထိုးပြသည်။ ပြီးမှ အသံတုန်တုန်ယင်ယင်ဖြင့် အထစ်အထစ် အငေါ့ငေါ့ပြောသည်။

“အဲ ...ဟို ...တောင်တောင်ယာထဲမှာ လူမည်းမည်းကြီး ရှည်ရှည်ကြီးတစ်ယောက် မျှော်စင်ပေါ် တက် ...တက်လာပြီး ကျွန်တော့် ကုပ်ကို လှမ်းဆွဲလိုက်တယ် ဆရာ။ ကျွန်တော်က ကြောက်အားလန့်အားနဲ့ နောက်ဆုတ်ရှောင်လိုက်လို့ လွတ်သွားတယ်။ အဲ ...အဲဒါကို သရဲက ဒေါ်တန်ပြီး ဟောဟိုက သောက်ရေအိုးကို သူ့လက်မည်းကြီးနဲ့ တဝုန်းဝုန်း ရိုက်ခွဲပြီး အောက်ကို ခုန်ချထွက်ပြေးသွားတယ် ဆရာ”

ကျွန်ုပ်က တပ်သားသိန်းဇော် ညွှန်ပြရာ မျှော်စင်ထောင့်ရှိ သောက်ရေအိုးကို လှည့်ကြည့်လိုက်မိသည်။

“အလို ...”

ကျွန်ုပ် အလွန်အံ့အားသင့်သွားမိသည်။ သောက်ရေအိုးမှာ အတော်ကြီးမားသော မြေအိုးဖြစ်ကာ ရေလည်း အပြည့်နီးပါးရှိနေခဲ့ပုံပင်။ အခုထိုသောက်ရေအိုးမှာ အစိတ်စိတ် အမြွာမြွာ ကွဲအက်နေပြီး ကြမ်းပြင်ပေါ်တွင် အိုးကွဲစများ ပြန့်ကျဲနေကာ ရေများဖြင့် စိုရွှဲနေလေသည်ကို တွေ့ရ၏။ တော်ရုံဗလကောင်းကောင်းယောက်ျားတစ်ယောက်ပင် လက်ချည်းသက်သက်ဖြင့် ဤမျှအစိတ်စိတ် အမြွာမြွာဖြစ်အောင် ခွဲပစ်နိုင်မည် မဟုတ်ပေ။

ဤသို့ဆိုလျှင် ...

တပ်သားသိန်းဇော်ပြောသလို သရဲလူမည်းရှည်ရှည်ကြီးက လက်မည်းမည်းကြီးဖြင့် အမှန်တကယ်ပင် ခွဲပစ်ခဲ့လေသလား။ သို့တည်းမဟုတ် တပ်သားသိန်းဇော်ပင် သောက်ရေအိုးကို ကြောက်ကြောက်ဖြင့် တစ်စုံတစ်ခုဖြင့် ရိုက်ခွဲပစ်ခဲ့လေသလား။

ဖြစ်ရပ်မှာ ဆန်းကြယ်လှသဖြင့် ကျွန်ုပ် ရုတ်တရက် မဝေခွဲမသုံးသပ်နိုင်ခဲ့သေး။ သို့တစေ တပ်သားသိန်းဇော်အတွက်မူ အလွန်အကျိုးရှိသော အမြတ်တစ်ခုကို မမျှော်လင့်ဘဲ ရရှိလိုက်ပါလေတော့၏။

ယင်းကား အခြားမဟုတ်။ တပ်သားသိန်းဇော်တစ်ယောက် ထိုနေ့မှစ၍ အရက်လုံးဝ ဖြတ်သွားခြင်းပင်ဖြစ်ပါလေသတည်း။

ဝိတာမြို့


အနန္တသိဒ္ဓိ ... ရှင်

အဆောင်ထက်လုံး

ဆောင် + သင် + ... 

[illegible]

အမှတ်(၂၅) ၅၂-လမ်း(အထက်)


ရန်ကုန်မြို့

ဖုန်း- ၀၁-၂၁၀၂၄၄




www.burmeseclassic.com

www.burmeseclassic.com



# လိပ်ပြာဖလင်ပျံကာဝဲ ဝင်ငွေတာသဲသဲ

**မင်းသိန်းကြည်**

တစ်နေ့···။

ရန်ကုန်မြို့ ၃၃ လမ်းအလယ်၊ မြို့တော်ခန်းမအနီးနားက အသုပ်ဆိုင်လေးမှာ အသုပ်ဝင်စားဖြစ်ပါတယ်။

ဈေးရောင်းတဲ့ အဒေါ်ကြီးက···

"ဆရာက အဘတပည့်လား···"

လို့ မေးလိုက်တဲ့အခါ···ကျွန်တော်က -

"ဟုတ်ပါတယ်"

လို့ ပြန်ဖြေလိုက်တဲ့အခါမှာ သူက အဘသေတာဝမ်းနည်းကြောင်း ပြောလာပါတယ်။ ပြီးတော့ သူ့ရဲ့အသုပ်ဆိုင်လေးအရောင်းပါးတယ်ဆိုတဲ့ အကြောင်းတွေ ပြောပြီး ဈေးရောင်းကောင်းစေဖို့ ယတြာပေးပါလို့ ဆိုလာသဖြင့် ကျွန်တော်ကလည်း အသုပ်စားနေရင်းက -

"အဘရဲ့ ဈေးရောင်းဈေးဝယ်များအတွက် ရည်ရွယ်ထားတဲ့ ဈေးရောင်းကောင်းစေမယ့် ဓာတ်ယတြာလေးကို ပေးလိုက်ရပါတယ်။ အဘစီရင်ပြုလုပ်ထားတဲ့ ဈေးရောင်းကောင်းစေမယ့် ဓာတ်ယတြာလေးကတော့ သိပ်ပြီးခက်ခက်ခဲခဲတော့ မဟုတ်လှပါဘူး။ လွယ်လွယ်လေးမှ တကယ့်ကို လွယ်လွယ်လေးပါ။ ထိုနည်းလမ်းလေးက ဓာတ်မှန်ဖလင်ပြားကလေးကို လိပ်ပြာပုံညှပ်ပြီး မိတ်ခွေရဲ့ ဈေးရောင်းကောင်တာမှာဖြစ်စေ၊ ဆိုင်ပေါ်မှာဖြစ်စေ အပေါက်ဖောက်ကြိုးနဲ့ချည်ပြီးတော့ ချိတ်ဆွဲထားလိုက်ရုံပါဘဲ။

ဆိုင်မှာ ချိတ်ဆွဲနေတဲ့ နေ့မှစပြီး ထူးခြားစွာ ရောင်းအားဝယ်အား တက်လာတာကို သတိထားမိမှာပါ။ အထူးသဖြင့် လက်ဖက်ရည်ဆိုင်များ၊ လက်ဖက်နှင့် လက်ဖောက်ခြောက်ရောင်းတဲ့ဆိုင်များအဖို့ ပို၍သင့်တော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ဖက်၊ ဖလင်၊ လိပ်ပြာတို့က နံတူကာင်းအပြင် နဝင်းလည်း မိနေတာကြောင့် ဖြစ်ပါတယ်။

လိပ်ပြာပုံကိုလည်း မိမိကြိုက်နှစ်သက်သည့်ဆေးရောင်များနှင့် ခြယ်နိုင်ပါတယ်လို့ ဆိုပြီး···

"လိပ်ပြာဖလင်ပျံကာဝဲ···ဝင်ငွေတာသဲသဲ"

လို့ဆိုကာ ဓာတ်ယတြာလေး ပြောပြလိုက်ရပါတယ်။

မင်းသိန်းကြည်

www.burmeseclassic.com

www.burmeseclassic.com

# ဘဝလမ်း
# မှန်းဆမသိခဲ့ချေ...

(ရွှေဘိုသား) ဆရာညီညီ

(၁)

ကျွန်တော့်ရဲ့ မွေးသက္ကရာဇ် ဇာတာရက်ချုပ်မှာ ကျွန်တော့်ဇာတာကို ဖွဲ့ပေးခဲ့သလိုပဲ အခုတော့ ကျွန်တော် ဟာ ဗေဒင်ဆရာတစ်ယောက် ဖြစ်လာပါတယ်။

ကျွန်တော့်အသက်က အခု ၆၀ ကို ကျော်ပါပြီ။ ဗေဒင်ဆရာဆိုတာ ဘာလုပ်သလဲဆိုရင် ဗေဒင်တွက်ချက် ဟောပြောတာပေါ့။ အသက်မွေးမှုအနေနဲ့ ပြောရင် ဟောစားတယ် ဆိုနိုင်ပါတယ်။ ကျွန်တော့်ဘက်က ကျွန် တော့်ဘဝလမ်းကြောင်းကို ဆိုရရင်တော့ ဆွေမျိုးမိတ် သင်္ဂဟများနဲ့ ခုနစ်ရက်သားသမီးကို ကူညီတယ်ပေါ့။ ဒီလိုပဲ ...ပါတယ်။ ဒါဟာ မှန်သောသစ္စာပါ။

ကျွန်တော့်အဘိုးက ဗေဒင်တွက်တတ်တယ်။ သူ့ရဲ့ ...အကြီး ကျွန်တော်တို့အဖေက စန္ဒရားနဲ့ တူရိယာပစ္စည်း ... တီးတတ်တယ်။ ဂီတမှူးဖြစ်ခဲ့တယ်။ အမေက ...ဆိုတတ်တယ်။ ပထမတန်း ဇာတ်ဆောင်ပညာသည် ... ယဉ်ကျေးမှုက ဇာတ်ဌာနခွဲက အငြိမ်းစားယူလိုက် ...

ဒီတော့ ဘယ့်နှယ်ကြောင့် ကျွန်တော်က ဗေဒင် ... ဖြစ်လာသလဲ။ ဘမျိုးဘိုးတူ ပြောရင်ရသလို အမေ့ရဲ့ ...ကြောင်းနဲ့ဆက်စပ်ပြီး ဖြစ်လာရတယ်လို့ ပြောရမှာပါပဲ။

...တ်ပါတယ်။ အမေဒေါ်မြစန်းကလည်း ဘဝလမ်း ...ဟာ ဆန်းဆန်းပြားပြားလို့ ဆိုရမှာလို ပြောင်းခဲ့တာ ...

(၂)

"ရွှေမှုမပျက် ××× ရေဒိုးကလေးတွေ (ရွက်ကာ)၂ သဘာဝအလှမို့ ××× ဆေးပင်မသပါ ××× သနပ်ခါး ရေကျဲ ××× နည်းနည်းကလေးနဲ့ ××× စွဲမက်စရာ တော ရွာသူ ×××ပျို့ဖြူတသင်း ညနေခင်းဆင်းကာ ရေခပ်လာ"

ဒီ'ပျို့တောရွာ'ဆိုတဲ့ သီချင်းဟာ အမေ အသက် ၁၈ နှစ်သမီးအရွယ် ၁၉၅၄–၅၁ ဝန်းကျင်။ သူ့ရဲ့ မွေးစား မိဘများက ခွင့်ပြုလို့ မော်လမြိုင်ကနေ ခွေးတံဆိပ်ဓာတ် ပြားကုမ္ပဏီမှာ အသံလာသွင်းခဲ့တဲ့ ဓာတ်ပြားသီချင်းပါ။ စန္ဒရားက ဆရာအေဝမ်းခင်မောင် ဖြစ်ပြီး အသံဖမ်း အစမ်း တစ်ခေါက် ဆိုကြည့်ခိုင်းပြီးတာနဲ့ သွင်းခဲ့တဲ့ ဓာတ်ပြား သီချင်းလို့ ကျွန်တော်တို့ သိခဲ့ရပါတယ်။

အဲဒီအချိန်မှာ အမေဟာ သူ့မွေးစားမိဘများရဲ့ ရုပ်ရှင်ရုံမှာ အသံတိတ်ခေတ်မို့ တီးဝိုင်းနဲ့ နောက်ခံသီချင်း တွေ ဆိုပေးနေပါပြီ။ အမေက ဘီလူးကျွန်း ချောင်းဆုံ ကရင် ဝင်းစိန်ရွာ ဇာတိဖြစ်ပါတယ်။ သူ သုံးနှစ်သမီးမှာ ဖခင်ဆုံးပါးသွားပါတယ်။ အစ်ကိုကြီးက သက်နှစ်ည်းသွား ပြီး အမေဖြစ်တဲ့သူက (သားငယ်နှစ်ယောက်နဲ့အတူ) နောက်အိမ်ထောင်ပြုသွားတော့ အမေ့ကို မော်လမြိုင်မြို့ ရုပ်ရှင်ရုံပိုင်ရှင် သူဌေးလင်မယားတို့က မွေးစားသမီး ပြု ခဲ့တာ။

မွေးစားမိဘများက သူ့ကိုကျောင်းထားပေးခဲ့တာ ခဏပဲ။ သူ့မွေးစားမိခင် (ဒေါ်နှင်းလှ)ရဲ့ ညီမငယ် (ဆေး ကျောင်းသူ)က အမေ့ကိုချစ်လို့ အတင်းတောင်းခဲ့ရကြ ကျောင်းနုတ်ထားခံရတဲ့အထိ ဖြစ်ခဲ့တယ်။

ကိုယ့်အမေကို ကိုယ်အမွှမ်းတင်ရရင် အမေ ဒေါ်မြ စန်းက ရုပ်ချောတယ်။ မျက်နှာဝိုင်းဝိုင်း နှာတံဖြောင့်စင်းပြီး နှုတ်ခမ်းပါးလေးနဲ့ပါ။ မျက်လုံးက ဝိုင်းစက်ကြည့်လဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

ကာ မဟုတ်ဘူး။

အရွယ်ရောက်လာတော့ ရုပ်ချောတယ်။ သီချင်းဆိုကောင်းတယ်။ တရုတ်ဓမ္မစာမိဘများ လက်ထွက်ဆိုတော့ ထမင်းဟင်းလျာ အချက်အပြုတ် အလွန်ကောင်းတယ်။ ဒီတော့ အမေ့ကို သူ့မိဘများဆီမှာ တောင်းရမ်းလာသူတွေ ရှိခဲ့ပါတယ်။ သူ့မိဘများက သဘောတူသူလည်း ရှိလာခဲ့ပါတယ်။

ဒါပေမယ့် ...ဖြစ်ချင်တော့ အမေဟာ အဖေနဲ့ အကြောင်းပါခဲ့ပါတယ်။ ရုပ်ရှင်ရုံတီးဝိုင်းခေါင်းဆောင်ဖြစ်တဲ့ အဖေနဲ့ ခိုးရာလိုက်ခဲ့တယ်။ မိဘများက ရအောင်ရှာ၊ ခွဲထားပြီး ပြန်သိမ်းခဲ့ပေမယ့် နောက်တစ်ခါ အဖေ့နောက် လိုက်ခဲ့ပြန်တာမို့ ဓမ္မစာမိဘများက အမေ့ကို စိတ်ပြိုင်ခဲ့ကြပါတော့တယ်။ အဖေ့ကိုလည်း တီးဝိုင်းက ထုတ်ပစ်လိုက်ပါတယ်။

ဒါကြောင့် အမေ့ရဲ့ဘဝလမ်းမှာ ဂီတအနုပညာလမ်းဟာ ချိုးတွေ့သွားပြီလို့ ဆိုနိုင်ပါတယ်။ ပိုက်ဆံရှိတဲ့ လုပ်ငန်းကြီးတဲ့ မိဘများဆီမှာ စံစား၊ ခံစားရမယ့် အခြေအနေတလည်း ကျွတ်ကွင်းခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါဟာ တကယ်ဆို ဝတ္ထုတစ်ပုဒ်ပဲ မဟုတ်လားခင်ဗျာ။

ဟုတ်ပါတယ်။ လူ့ဘဝတွေဟာ ရေးဖွဲ့ရင် ဝတ္ထုဖြစ်မှာပါပဲ။

## (၃)

အမေဟာ အဖေ့နောက်ကို နှစ်ခေါက်တိတိ လိုက်ခဲ့ပေမယ့် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ လေးယောက်မှာ အငယ်ဆုံးဖြစ်တဲ့ ကျွန်တော် ဆယ့်တစ်လသားအရွယ်မှာ အဖေဟာ အငြိမ့်သမတစ်ဦးနဲ့ အငြိမ့်ထဲလိုက်ရင်း အကြောင်းပါသွားပြန်တယ်လို့ သိခဲ့ရပါတယ်။

ဒီတော့ အမေ ရန်ကုန်မြို့မှာ မိသားစုဘဝကို ရုန်းကန်ဖို့ တက်လာခဲ့တယ်။ ဒီလိုဘဝကို ရုန်းကန်ဖို့ ပြောင်းလာရာမှာ သူ့ယောက်မ (ကျွန်တော်တို့ အဘိုးနဲ့အဘွားမိတွေ)လည်း ပါလာခဲ့ပါတယ်။ စဉ်းစားကြည့်ပါ။ မိသားစု ခုနစ်ယောက်။ ဦးဆောင်လာတာက မူလတန်းအဆင့်ပဲ စာသညာတတ်တဲ့ မိန်းမသား အဆိုတော်တစ်ယောက်ပါ။

ဆိုပါစို့။ အမေ့ဘဝဖြစ်စဉ် တချို့ကို ချန်လှပ်ကျော်ပြီး ပြောရရင် အမေဟာ ရန်ကုန်ကို ရောက်ရှိခဲ့ပြီး ကြုံရာကျပန်းအလုပ်နဲ့ ခက်ခဲတဲ့ ကာလတချို့ကို ဖြတ်ပြီးတဲ့နောက် အစိုးရရုပ်ရှင်နဲ့ ပြဇာတ်အဖွဲ့မှာ အနုပညာအလုပ်နဲ့ ဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ပါတယ်။ အဆိုတော်ကြီး ဒေါ်မေလှမြိုင်က မြန်မာ့အသံကို ပြောင်းရွှေ့သွားတဲ့အတွက် အမေက အဲဒီလစ်လပ်သွားတဲ့ ရာထူးမှာ ခန့်အပ်ခံရတာ ဖြစ်ပါတယ်။ ဘဘဆရာရန်နိုင်စိန်၊ ဆရာရန်နိုင်ဆွေတို့ရဲ့ ထောက်ခံချက်နဲ့ ဖြစ်ပါတယ်။

အမေဟာ အဖွဲ့နဲ့အတူ နယ်တကာစုံအောင် လှည့်ပြီး ပြဇာတ်ကရပါတယ်။ သီချင်းဆိုရပါတယ်။ ဘဝကံကြမ္မာဆန်းကြယ်ချက်က အဲဒီအဖွဲ့တီးဝိုင်းထဲမှာ အဖေဟာလည်း စန္ဒရားဆရာပါ။ (ဒါပေမယ့် အမေနဲ့ အကြောင်းပြန်မပါခဲ့ပါဘူး။ အဖေ့ရဲ့နောက်ဇနီးနဲ့ ကလေးလည်း ရနေပြီမို့ အမေက သဘောထားကြီးကြီးနဲ့ပဲ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ၊ သူ့မိသားစုကို လုပ်ကျွေးခဲ့ပါတယ်။)

နောက် အစိုးရဌာနတွေ အုပ်ချုပ်ရေးစနစ် ပြောင်းတော့ အစိုးရရုပ်ရှင်နှင့် ပြဇာတ်အဖွဲ့ဟာ မော်ကွန်းရုပ်ရှင်ဖြစ်သွားခဲ့သလို အမေတို့တစ်ဖွဲ့လုံး ယဉ်ကျေးမှုက ဇာတ်ဌာနခွဲ ရောက်သွားခဲ့ကြပါတယ်။

ဝမ်းရေး မိသားစုအရေးအတွက် အမေ့ဘဝ သရုပ်ဟာ အနုပညာသည် ဖြစ်ပါတယ်။ ရုပ်ရှင်တချို့မှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ရပါတယ်။

## (၄)

ခင်ပွန်းသည်ရဲ့ အပြုအမူကြောင့် ကိုယ့်ကိုယ်ကို သေကြောင်းပင် ကြံစည်ဖူးတဲ့ အမေ၊ အသိအဆင်ခြင်ဝင်ပြီးတဲ့နောက်တော့ ဘာသာရေးကို အလွန်ကိုင်းရှိုင်းရှိသေပြီး ပုတီးစိပ်၊ တရားထိုင်လုပ်ခဲ့ပါတယ်။ ခရီးတွေ နယ်လှည့်သွား၊ ပြဇာတ်ကရင်းတောင် မပျက်ကွက်ခဲ့ပါဘူးတဲ့။ ဒါကြောင့် ဖြစ်ရပ်တစ်ခုကို ပြောပါမယ်။ တစ်ခါမှာတော့ သူ့ရဲ့ မိတ်ဆွေတချို့က အလုပ်ပိတ်ရက်တစ်ရက်မှာ ကျိုက္ကလို့ဘုရားမှာ ပုတီးသွားစိပ်ကြရအောင်ဆိုပြီး ခေါ်ပါတယ်။ အမေကလည်း လိုက်တော့ ကျွန်တော်လည်း ပါခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော့်အသက်က နှစ်ဆယ်ပါ။ ဘုရားကို ရောက်တော့ နောက်ဘက်မှာ ရေကန်ရှိတဲ့ တန်ဆောင်းမှာ လူအားလုံး ပုတီးစိပ်ကြပါတယ်။ လူငယ် ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com

စိပ်ပြီးသွားတော့ အနားမှာထိုင်နေခဲ့တာ။ အတူပါလာသူတစ်ယောက်ကတော့ ပုတီးစိပ်နေကြသေးသူကို ပတ်လျှောက်နေပြီး ပါးစပ်ကလည်း တတွတ်တွတ် ရွတ်နေပုံရှိပါတယ်။ အတန်ကြာမှာ ပုတီးစိပ်ပြီးကြတော့ အဲဒီလူ (နာမည်မပြောတော့ပါ)က အမေ့ရှေ့မှာထိုင်ပြီး သိချင်တာတစ်ခုရှိလို့ ကျွန်တော်မေးပါရစေဆိုတော့ အမေကလည်း အင်းပါလို့ ပြောပါတယ်။ အဲဒီနောက် အမေ့ရဲ့မျက်လုံးကို အင်းဂါထာချထားတဲ့ ဂုံစက္ကူနဲ့ အုပ်ပတ်ပြီး အမေ့ကို ဘာမြင်သလဲ၊ ဘာမြင်သလဲ ပြောပါလို့မေးနေပါတော့တယ်။

အချိန်ဆယ်မိနစ်ကျော်လောက် ကြာပါလိမ့်မယ်။

အဲဒီနောက်မှာတော့ အမေ့ရဲ့မျက်နှာသွင်ပြင်ဟာ ရုတ်ခြည်းပြောင်းသွားပါတယ်။ ပြောင်းလဲပုံကို ကျွန်တော်နားလည်သလိုပြောရရင် ကိုယ့်အမေရဲ့ မိန်းမချော မျက်နှာကလေးဟာ ခက်ထန်တဲ့ပုံမပေါက်ပေမယ့် ယောက်ျားတစ်ဦးရဲ့ တည်ကြည်တဲ့ပုံသွင်မျိုးလို ဖြစ်ပါတယ်။ နောက်ပြောလာတဲ့ စကားက –

"မင်းတို့က ဘာမှတ်နေသလဲ။ သားချင်းတော်စပ်ဖူးသူပါလာလို့ လိုက်လာတာ။ မင်းတို့က ဘာထင်နေသလဲ။ ဒီကိစ္စ ဒီတင်ရပ်တော့"လို့ ပြောလိုက်ပါတယ်။ ဒီမှာတင်ပဲ အဲဒီဘုရားကို ပုတီးသွားစိပ်ကြရအောင်ဆိုတဲ့ ကိစ္စက ပြီးပြတ်သွားပါတော့တယ်။

ကျွန်တော်က အခုတောင် ၆၀ ကျော်ဆိုတော့ နှစ်တွေ ဘယ်မျှကြာခဲ့ပြီလဲ။

အဲဒီမှာ အမေ့ဘဝကြောင်းကို တစ်စွန်းတစ်ချ ပြောရရင် ယုံချင်ယုံ မယုံချင်နေပါ။ သိလာရတဲ့ အမေ့ရဲ့ ဘဝသိုက်ဆက်ဟာ အဲဒီဘုရားက ရေကန်မှာမို့ အဲဒီကို သွားကြပြီး သိုက်အကြောင်းသိရအောင် အမေ့ရဲ့ မိတ်ဆွေများက သိချင်ပုံရပါတယ်။ သိုက်ကို သိချင်တာက ဘာရည်ရွယ်ချက်ဖြစ်နိုင်မလဲ။ ထိုစဉ်က လိုက်စားသူများက သိုက်တူးလိုတာဖြစ်မှာပေါ့။

အဲဒီအချိန်မှာ အမေ့နှုတ်က ထွက်တဲ့စကားကို ပြောဆိုခဲ့သူကတော့ အဘဘိုးမင်းခေါင်ပါပဲ။

ကျွန်တော့်မိခင်ကြီး ဒေါ်မြစန်းနဲ့ အဘဘိုးမင်းခေါင်တို့ဟာ ဘဝအကြောင်းရှိခဲ့ပါတယ်။ ဒါကြောင့် အဆိုတော်တစ်ယောက် အနုပညာရှင်တစ်ယောက်ဖြစ်တဲ့ အမေဟာလည်း ကျွန်တော့်တို့မိသားစုကို လုပ်ကျွေးနေရာက ရုတ်တရက်မြုန်းစားကြီးဆိုသလိုပဲ သူ့လမ်းစဉ်အရ ပြောင်းလဲလိုက်ရသလိုဖြစ်ရပါတယ်။ အမေ အငြိမ်းစားယူလိုက်ပါတယ်။ တစ်စတစ်စနဲ့ မနောဟာ ဆရာမဘဝကို ရောက်ခဲ့ရပါတယ်။

အခုတော့ အမေ မရှိတော့ပါဘူး။ အသက် ၈၁ နှစ်မှာ ဆုံးပါတယ်။ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၃)ရပ်ကွက်က ကျွန်တော့်ရဲ့အစ်ကိုလတ်ဖြစ်သူ (စာရေးဆရာ ရဲထွတ်နီ)ရဲ့ နေအိမ်မှာပါ။

မိခင်ကြီးရဲ့ ဖြစ်အင်ကို သိချင်လို့ အဘွားတစ်ယောက်ဆီကို ရောက်ကြပြီး ကျွန်တော်နဲ့ မိတ်ဆွေတစ်ယောက်က ဓာတ်ပုံပြပြီး မေးတဲ့အခါ အဲဒီအဘွားက အမေ့ရဲ့ဓာတ်ပုံကို သူ့ပေါင်ပေါ်တင်မိရင်ပဲ ချက်ချင်းဆိုသလို တောင်းပန်စကားပြောဆိုရင်း ပြောလာတဲ့စကားက "အမေ့ကို သေတယ်လို့ မပြောကြပါနဲ့" ဆိုတဲ့ စကားပါပဲ။

(၅)

ကျွန်တော့်အဘိုးက ကျွန်တော့်ကို ဇာတာဖွဲ့ကပေးခဲ့ပါတယ်။

ကျွန်တော်က အဲဒီလို မိခင်ကြီးနဲ့ တောက်လျှောက် အမေ့စကားကို နားထောင်၊ အမေကို ပြုစုကျွေးမွေးခွင့်ရခဲ့ပါတယ်။ ဒီလိုဆက်စပ်တဲ့ ကျွန်တော့်ရဲ့ဘဝဟာ ကျောင်းစာပညာမှာလည်း ၁၀ တန်းမအောင်။ လေးခါဖြေ လေးခါကျ။ စီးပွားရေးအလုပ်တွေလည်း စုံလောက်အောင် လုပ်ခဲ့ရပေမယ့် ယနေ့တော့ ဗေဒင်ဆရာပါ။ ရိုးရာနတ်ပိုင်း ဆိုင်ရာပါ ကူညီပေးနေပါတဲ့ ဆရာပါ။ ဘဝလမ်းဆိုတာ မှန်းဆလို့ မရတတ်သလို ကျောချမှ သိရတာတွေလည်း ရှိတယ်ဆိုရမှာပါ။ အလျဉ်းသင့်ရင် ဘဝနဲ့ ဖြစ်ရပ်များကို တင်ပြပါဦးမယ်။

**ဘဝလမ်းကြောင်း ကံကောင်းပါစေ ...**

**(အမေ့သား) ဆရာညီညီ**



www.burmeseclassic.com

www.burmeseclassic.com



# STEM သို့မဟုတ် ကလေးသိပ္ပံပြတိုက်

မောင်ကောင်းမြင့်

'ဖို့(တ်)ဝိန်း သိပ္ပံပြတိုက် (Fort Wayne Science Central)သည် ကလေးတို့အတွက် ဖြစ်သည်။ အပြင်ဘက်မှာ ရာသီဥတုဆိုးရွားနေသည်ဆိုပါက ဤနေရာတွင် ကစားနိုင်ပါသည်။ ဤနေရာတွင် သိပ္ပံနှင့်ပတ်သက်သော ပညာကိုလည်း လေ့လာနိုင်သည်။ STEM ဟု အတိုကောက်ဆိုသော ပညာရပ်များကို ကစားရင်း သင်ကြားနိုင်သည်။ S = Science, T = Technology, E = Engineering, M = Mathematics ဟုဆိုသော (သိပ္ပံနှင့်စက်မှုနည်းပညာ၊ အင်ဂျင်နီယာနှင့်သင်္ချာပညာ) ပညာငါးရပ်ပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် အခြားသော ကမ္ဘာ့ နိုင်ငံများနှင့်အတူ တိုးတက်မှုကို ရှာဖွေနေရာတွင် ကလေးများကို သိပ္ပံနှင့်နည်းပညာ၊ သင်္ချာပညာတို့၌ ပို၍



www.burmeseclassic.com

ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်ပေးနေပါသည်။

ဤကား ဖို့(တ်)ဝိန်းမြို့ရှိ ကလေးသိပ္ပံပြတိုက်၏ ဖိတ်ခေါ်ချက်ဖြစ်ပါသည်။ ဖို့(တ်)ဝိန်းမြို့သို့ ရောက်ရှိပြီး နောက် လည်ပတ်ရာတွင် North Clinton လမ်းမကြီးရှေ့ ရောက်လျှင် ဝါစိမ်းနီပြာခေါင်းတိုင်ကြီးတို့ မိုးထိုးနေသည်ကို လည်းကောင်း၊ ဒိုင်နိုဆောအရိုးစု(ခေတ်သစ်ပန်းပုရုပ်ထု)နှင့် ရွှေအိုရောင် ဆင်ရုပ်ကြီးကိုလည်းကောင်း တွေ့မြင်နေရ သဖြင့် စိတ်ဝင်စားလှပါသည်။ မိတ်ဆွေဇာစ်ယောက်က 'ကလေးတွေအတွက်ပါ ဆရာ' ဟု ဆိုပါသည်။ 'ကလေး တွေအတွက်လည်း လူကြီးပါကြည့်ရတာပေါ့ဗျာ။ လိုက်ပို့ ပေးပါ' ဟုဆိုသဖြင့် ညှိဝတ်ကျေစွာ ပို့ပေးပါသည်။

ကလေးတစ်ဦးချင်း ရှစ်ကျပ်၊ အစုအဖွဲ့နှုန်းခြောက် ကျပ်၊ လူကြီးဝင်ကြေး ရှစ်ကျပ် (၆၅ နှစ်အထက် ခုနှစ်ကျပ် = တစ်ဒေါ်လာကို မြန်မာတို့က ကျပ်ဟုပဲ အချင်းချင်းသုံး ပါသည်။) ပေးရသည်။ ခန်းမထဲသို့ ဝင်လိုက်လျှင် ကလေး များက အစုလိုက်၊ အဖွဲ့လိုက် လာနေကြသည်။ ဆရာ၊ သို့မဟုတ် မိဘအုပ်ထိန်းသူတစ်ဦးဦးက ခေါင်းဆောင်ထိန်း ကျောင်းလာသည်။ ကလေးသိပ္ပံပြတိုက်ကို မိမိက အထက် တွင် ဆိုခဲ့သလို 'လူကြီးလည်း ကြည့်ရတာပေါ့' ဟူသည့် အတိုင်း အဘိုးကြီး၊ အဘွားကြီးတွေ သုံးလေးယောက် တစ်စုဖြင့် များစွာတွေ့ရခြင်းကြောင့် ကိုယ်တစ်ယောက် တည်း လူကြီးဖြစ်နေမလားဟု ထင်ခဲ့သောစိတ်မှာ ပေါ့ပါး ဆန်းဆန်းသွားလေသည်။ သိပ္ပံအသိဆိုသည်မှာ ကလေး မှအစ သက်ကြီးရွယ်အိုအဆုံး သိသင့်ပါကလား၊ သိကြပါ ကလား။ ဒါကြောင့်လည်း သိပ္ပံပညာမှာ၊ နည်းပညာမှာ အမေရိကန်က ရှေ့ဦးတီထွင်သူဖြစ်ခြင်းပါကလား ဟူသော အဖြေမှာ ခိုင်မာသွားသည်။

ကျွန်တော်တို့နိုင်ငံတွင် တက္ကသိုလ်ဝင်တန်းအောင် ကြလျှင် 'ဆရာဝန်၊ ဆရာဝန်' ဟုပဲအော်နေကြ၏။ တိုင်း ပြည်အတွက် တကယ်အရေးကြီးလှသည့် 'အုပ်ချုပ်မှု၊ စီးပွား သမိုင်း၊ ပထဝီ' စသော ဝိဇ္ဇာပညာများက ဟိုး အောက်ဆုံးမှာ။ သိပ္ပံပညာ၌ပင်လျှင် စက်မှုကလွဲလျှင် ကျန် သည့်တို့က အဆင့်အဝေးကြီးမှာ၊ ရက္ခဗေဒတို့၊ သတ္တဗေဒ တို့ဆိုတာက ... ပြောပါရစေတော့။ ××× သိပ္ပံဟု ထင် ကြ၏။ အမေရိကန်တွင် ရက္ခဗေဒပြတိုက်တွေ၊ သတ္တ ဗေဒပြတိုက်တွေ (ရေအောက်သတ္တဝါစုံ ပြတိုက်ကြီးတွေမှ တကယ့်အကြီးကြီးတွေကို မြို့တိုင်းမှာ) တွေ့ရသည်။ ရောက်ဖူးသမျှ မြို့တို့တွင် မြင်ခဲ့ရခြင်းပင်။

ဤနေရာတွင် ကမ္ဘာပေါ်၌လူတွေသွားချင်နေကြ သော လကမ္ဘာ (ယခု မကြာမီကလေ့လာဆဲဖြစ်သော Pluto ဂြိုဟ်) စသည့် အခြားကမ္ဘာများဆီသို့ သွားသော လမ်းခရီးအတွက် ယာဉ်များမှာ သင်္ချာ၊ ရူပဗေဒနှင့် ဓာတု ဗေဒပညာတို့၏ ပေါင်းစပ်တီထွင်မှုဖြစ်သည်။ ကမ္ဘာကြီး၏ အစ သင်္ချာဖြစ်ခဲ့သလို ကမ္ဘာကြီး၏ အခြားဆီသို့မျှော်တွက် သည်မှာလည်း သင်္ချာဖြစ်၏။ ရူပဗေဒနှင့် ဓာတုဗေဒသည် ခေတ်သစ်နည်း ပညာနှင့် ရုပ်ဝတ္ထုတိုးတက်မှု၌ မပါမဖြစ် သော သိပ္ပံဖြစ်လေသည်။ ထို့ကြောင့် သိပ္ပံနှင့်နည်းပညာ သည် ခွဲမရချေ။ မိမိသည် ပြတိုက်အဝင်၌ ဖြန့်ကြက်မိသော အတွေးလက်တံကို ရုပ်သိမ်းကာ ဤပြတိုက်၌ပင် ဝေစားမိ ပြန်၏။

ဤပညာပြတိုက်ကြီးကား ယခင်က ဖို့(တ်)ဝိန်းကို လျှပ်စစ်ပေးသောအဆောက်အအုံဖြစ်ခဲ့၏။ ရေိယာစတုရန်း ပေ ၃၀၀၀၀ ကျော်ရှိသည့် သုံးထပ်အဆောက်အအုံကြီး ဖြစ်သည်။ ထို့ကြောင့် ယခင်ကသုံးခဲ့သည့် ရေနွေးငွေ့စက် (Turbine) ကြီးများကို ဆေးရောင်စုံခြယ်ထားရာ (အထက် ခေါင်းတိုင်ကြီးများအပါအဝင်) ရောင်စုံရှုခင်းကြီးနှင့် တူတော့ ၏။ အဝင်တွင် အင်ဒီယားနား လက်တွေ့ပြခန်းနှင့် ကလေး များလေ့ကျင့်ခန်းကို တွေ့ရ၏။ အောက်ထပ်၌လည်း အလားတူရှိပေသေး၏။

အောက်ထပ်သို့ ဆင်းလိုက်သောအခါ ကလေးများ ကို လခြမ်းပုံဖန်တီးထားသော ထိုင်ခုံများ နိမ့်မြင့်ပြုလုပ်ထား သည့်ခန်းမ၌ ဆရာတစ်ယောက်က ကလေးများနှင့် အမေး အဖြေသဘောပြုကာ ကစားရင်း ပြောပြနေ၏။ ဤနိုင်ငံ၏ ပညာသင်ကြားရေးတွင် ကလေးအရွယ်၌ ကျောင်းတွင်း Project ဆိုသည့် ကိုယ်တိုင်ကြံစည်စိတ်ကူးတီထွင်လုပ် ဆောင်ရသောကဏ္ဍတစ်ခု ပါဝင်၏။ မိမိတို့စိတ်၌ ဖြစ်ပေါ် လာသော အာရုံခံစားမှုကို စိတ်တိုင်းကျ ဖော်ထုတ်လုပ် ဆောင် ခွင့်ပေးခြင်းဖြစ်သည်။ (ဥပမာ–စက္ကူရောင်စုံ၊ ကောက်ရိုးရောင်စုံ၊ ဆန်စေ့၊ ဂျုံစေ့ရောင်စုံဖြင့် ပန်းချီကား၊ လက်မှုပညာဖန်တီးခြင်းမှအစ သစ်သားထည်ဖြင့်၊ ကတ် စက္ကူအထူဖြင့် အဆောက်အအုံ ဖန်တီးခြင်းမျိုးစုံ။)

အချို့နေရာတွင် ကလေးများ ပြေးလွှားကစားနေ

www.burmeseclassic.com

ကြ၏။ ကစားကွင်းများ၌ တွေ့ရသောပုံစံမျိုးကို ဖန်တီးပေးထားသည်။ ကလေးများကိုယ်တိုင် ဆော့ကစားရင်း သိပ္ပံအသိရနိုင်သည်။ ကိုယ်တိုင်လက်ဖြင့် လှည့်ရုံနှင့် လျှပ်စစ်ဓာတ်ထွက်လာသောအခါ မီးလုံးလင်းခြင်း၊ ရေဒီယိုလာခြင်း၊ ပစ္စည်းများရွေ့လျားခြင်း စသည်ကို တွေ့မြင်ပြီး အသိအတတ်ရသွားစေသည်။ သံလိုက်သဘောများကို ကစားစရာစုံများဖြင့် ဖန်တီးပေးထားသည်။ နည်းပညာ–အင်ဂျင်နီယာအခြေခံတို့ကို ပြင်ပတွင် အသုံးပြုနေသော ကရိန်း၊ မြေတူး စက်၊ မြေသယ်စက်များကို အသေးစားပုံတူနှင့် Robot များဖြင့် ပြသထားရာ ကိုယ်တိုင်ခလုတ်ထိန်းမောင်းနှင် ဆော့ကစားရင်း အလုပ်ခွင်သဘာဝကို လက်တွေ့သိလာစေသည်။

အာကာသသိပ္ပံတွင် အာကာသဝတ်စုံကို ဝတ်ကြည့်မလား၊ ရ၏။ အပျော်တမ်းဓာတ်ပုံရိုက်မလား၊ ရ၏။ ထို့ပြင် အာကာသရှိ နေ၊ ကမ္ဘာနှင့် ဂြိုဟ်ကြီးများ ဖွဲ့စည်းမှုကို ပြသထားသော ခန်းမကြီးတွင် မြင်ကွင်းများကား အရောင်အသွေးစုံဖြင့် လှပနေသော အာကာသထဲရောက်သွားသကဲ့သို့ ခံစားရနိုင်ပေသည်။ ထို့ထက် ခံစားရသည်မှာ ဤပြခန်းတွင် ဘီးတပ်ကုလားထိုင်ဖြင့် လာရောက်လေ့လာနေသူတို့နှင့် ဆွံ့အနားမကြားသော ကလေးသူငယ်များကို ဆရာမများက သင်္ကေတဖြင့် စကားပြောခြင်း (Sign Language) ဖြင့် ရှင်းပြနေသည်ကို တွေ့ရသဖြင့် ခံစားကြည်နူးမိပါသည်။

ဤမြင်ကွင်းကို ကြည့်ရင်း ဘီးတပ်ကုလားထိုင်ဖြင့် နေရသော ကမ္ဘာကျော် ရူပဗေဒပညာရှင် Stephen Hawking အကြောင်း သတိတရ၊ တလေးတစား တွေးမိခြင်းနှင့်အတူ သူ့အတ္ထုပ္ပတ္တိကို အခြေခံ၍ ရုပ်ရှင်ရိုက်ကူးထားသော ၂၀၁၄ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ဆောင်ထူးချွန်ဆုရခဲ့သည့် ဇာတ်ကား The Theory of Everything (ဇာတ်ကားတွင် စတီဖင်ဟော့ကင်းအဖြစ် ဗြိတိသျှရုပ်ရှင်သရုပ်ဆောင် Eddie Redmayne က ပါဝင်ခဲ့သည်။)ကို အမှတ်ရမိပြန်၏။ ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်းသည် Motor neuron direase ရောဂါခံစားနေရသူဖြစ်၍ ဘီးတပ်ကုလားထိုင်ဖြင့် နေထိုင်ရသူဖြစ်၏။ မသန်ပေမယ့် စွမ်းနိုင်သူပေတကား။

ဤအခန်း၌ပင် သက်ကြီးရွယ်အို (အသက် ၇၀ အထက်ရှိမည်ဖြစ်ကြောင်း သူတို့၏အနေအထား၊ စကားပြောဟန်အရ ခန့်မှန်း) အဘိုးအဘွားတစ်စု လေး၊ ငါးဦး ခန့်တွေ့ရပြန်သည်။ အသိပညာဆိုသည် ရှာလိုသူတို့အတွက် အိုသည်မရှိပါကလား။ ဘဝနောက်ဆုံးအချိန်၌ပင် ရှင်သန် နေဆဲပါကလား။

ကမ္ဘာကြီးဖြစ်ပေါ်လာပုံနှင့် သတ္တဝါများ ဖြစ်ပေါ်ထွန်းတောက်လာပုံ သဘာဝသိပ္ပံသမိုင်း (Natural Science) ပြခန်း၌ သက်မဲ့ရုပ်ကြွင်းများသာမက သက်ရှိအကောင်အချို့ဖြင့် ပြသထားသည်။ ကမ္ဘာဦးအစကို ကလေးတို့ တွေ့နိုင်ပေသည်။ တစ်ဖက်တွင် ကစားကွင်းကလေး ဖန်တီးပေးထားပြန်၏။ ကစားမလား၊ သင်မလား၊ သင်ရင်းကစား၊ ကစားရင်းသင် (စာကြည့်တိုက်အကြောင်း ရေးစဉ်က Talking, Singing, Playing, Painting & Reading အရေးပါပုံကို ရေးခဲ့ပြီးပါပြီ။)

ကျွန်တော်တို့သည် ကလေးများကို အနာဂတ်အတွက် မျှော်လင့်နေကြသည်။ အခွင့်ထူးခံ Elite Class, Privil ege class အဖြစ် သတ်မှတ်၍ ပံ့ပိုးပေးရမည်။ ပညာဟူသည် ကျောင်း၌သင်သော အခွဲ့ပညာနှင့် နှုတ်တိုက်ပညာသာမက တီထွင်၊ ဖန်တီး၊ ဆေးကြော၊ ရှာဖွေ တတ်သော ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေသော သဘာဝနှင့်ပတ်ဝန်းကျင်များ ဖန်တီးပေးရပေမည်။

'ပညာရေး ရင်းနှီးမြှုပ်နှံမှုသည် ပြန်မရ' ဟူ၍ မိန့်ဆိုသော သမ္မတကြီး၏ပြန်လည်ရယူချင်သောစကားကို အံ့ဩမိလေသည်။

ဘာကိုပြန်လိုချင်ပါသနည်း။ မြှုပ်နှံလိုက်သော ငွေကြေးလား၊ ဦးနှောက်ဖွံ့ဖြိုး၍ မိမိနိုင်ငံကို ဦးဆောင်တည်ဆောက်နိုင်သော အသိပညာရှင်၊ အတတ်ပညာရှင်နှင့် အတွေးအခေါ်မှန်ကန်သော နိုင်ငံ့ခေါင်းဆောင်များလား။

'ဘာကိုရွေးကြမှာလဲ' ဟူ၍သာ တွေးရင်း STEM မှ ထွက်ခဲ့လေသည်။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

# ဝတ်ကြောင်ကို ငွတ်ရှောင်ရန်း

# နှောင်ကြိုးကိုဖြေ ပြေးနိုင်မှလွတ်စေ

ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံ မင်းလုပ်အုပ်ချုပ်လျက်ရှိနေလေသည်။ ထိုအချိန်တွင် ဘုရားအလောင်းသည် အိုးထိန်းသည်ဖြစ်ပြီး လူမမည်သားကလေးတစ်ယောက်နှင့် သမီးတစ်ယောက်ရှိပါသည်။ ထိုအချိန်တွင် ကာလိင်္ဂတိုင်း ဒန္တပူရမြို့မှ "ကရဏ္ဍက"မင်းသည် ဥယျာဉ်တော်သို့ ထွက်ခွာလာခဲ့၏။ ဥယျာဉ်တော်အဝသို့ ရောက်လာသည့်အချိန်တွင် ဥယျာဉ်တံခါးဝအနီးမှာ လူအများ စည်းမဲ့ကမ်းမဲ့ ဆွတ်ခူးကြသဖြင့် သရက်ပင်တစ်ပင်လုံး အသီးများကင်း၊ အရွက်တွေကြွေ၊ အကိုင်းတွေကျိုး၊ ခက်လက်ဝေဖြာ[illegible]နိုင်ရှာသည့် စိတ်မချမ်းသာဖွယ်ရာ ဖြစ်ရပ်ကို မြင်တွေ့လိုက်ရ၏။

အခြားတစ်ဖက်သော တံခါးအနီးမှ သရက်ပင်သည် [illegible] မူလကပင် အသီးမရှိသဖြင့် ခက်လက်ဝေဆော မြရောင်[illegible] ဟိုသည်နွဲ့ယိမ်း ပင်လုံးစိမ်းလျက် အလှမပျက် လှမြ[illegible]နေခြင်းကို ရှုမြင်ရသည်။ ဤတွင် ပြည့်ရှင်မင်းကြီးသည် "[illegible]…ဒီသရက်ပင်သည် အသီးသီးသဖြင့် ပျက်စီးခဲ့ရပေ[illegible] ဟိုသရက်ပင်မှုကား အသီးမသီးသောကြောင့် လှပဝေ[illegible]နေပြီပါတကား" ဟု စဉ်းစားမိလေသည်။ ဆက်လက်ပြီး [illegible]လည်း ဤနန်းဆောင်အတွင်း နေထိုင်နေခြင်းသည် [illegible]နေသော သရက်ပင်နှင့်တူသည်။ ရဟန်းအဖြစ်နှင့် [illegible]တော့ အသီးမရှိသည့် သရက်ပင်အလား ရှိချိမ့်မည်။ [illegible]ယ်ဟူသည် ဥစ္စာပစ္စည်းရှိသောသူ အပေါ်သို့သာ [illegible]တ်သည်။ ဥစ္စာမရှိသော သူတွင်ကား ဘေးအန္တ[illegible]" ဟု ဆင်ခြင်မိပြီး သံဝေဂအလင်းပွင့်ကာ ပွား[illegible]မှ လက္ခဏာရေးသုံးပါးပါ ထပ်မြင်လာကာ ဝိပဿနာဉာဏ်ပါ ဝင်စားလာလေသည်။ ယင်းခဏ၌ပင် မင်းကြီးသည် အာသဝေါကင်းပြီး ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားခဲ့လေတော့သည်။

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်မှ "နဂ္ဂိမင်းကြီး"သည် မိမိအနီးတွင် ထိုင်ကာ နံ့သာသွေးလျက်ရှိသည့် အပျိုတော်တစ်ယောက်၏ လက်တွင် ပတ္တမြားလက်ကောက် တစ်ဖက်တစ်ကွင်းစီသာ ဝတ်ထားသဖြင့် လက်ကောက်မှ အသံထွက်ပေါ်မလာသည်ကို သတိထားမိ၏။ ခဏမျှအကြာတွင် အပျိုတော်မိန်းကလေးက လက်တစ်ဖက်မှ လက်ကောက်ကိုချွတ်ကာ လက်ဝဲဘက်လက်သို့ ပြောင်းဝတ်ပြီး လက်ယာလက်ဖြင့် နံ့သာသွေးရန် အားထုတ်၏။ ထိုအခါ၌မူ လက်ဝဲလက်မှ ပတ္တမြားလက်ကောက်က အဖော်ရှိသွားပြီး ဖြစ်ရကား အချင်းချင်းထိခိုက်လျက် တချွင်ချွင် အသံထွက်ပေါ်လာလေသည်။ ယင်းကို အာရုံပြုမိသည့် မင်းသည် လက္ခဏာရေးသုံးပါးကို ရှုမြင်ကာ ဝိပဿနာတရား ပွားများလိုက်သည့်အခါ တစ်ထိုင်တည်း၌ပင် "ပစ္စေကဗောဓိဉာဏ်"ကို ရရှိခဲ့လေသည်။

ဝိဒေဟတိုင်း မိတ္ထီလာပြည့်ရှင် "နိမိ"မင်းကြီးသည် နန်းဆောင်၏ လေသာပြတင်းဝ၌ရပ်၍ လမ်းဘက်သို့ လှမ်းမျှော်ကြည့်ရှုနေသည့်အခိုက် သားတစ် တစ်စကို ချီလာသော စွန်တစ်ကောင်ကို မြင်တွေ့ရ၏။ ထိုစွန်အား အခြားသော ကျီးကန်း၊ သိမ်း၊ လင်းတတို့က ဝိုင်းဝန်းထိုးဆိတ်နေကြသည်ကို မြင်တွေ့လိုက်သည်။ စွန်သည် သားတစ်ကို လွှတ်ချလိုက်သည်တွင် အခြားငှက်တစ်ကောင်က ဖမ်းယူသုတ်ချီသွားပြန်သည်။ အခြားငှက်တစ်ကောင်က ထိုငှက်၏နောက်သို့ လိုက်ပါထိုးဆိတ်ပြန်သောအခါ ငှက်သည် သားတစ်ကို လွှတ်ချပြန်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သည်။ နောက်ထပ် အခြားငှက်တစ်ကောင်က သားတစ်ကို သုတ်ချီသွားပြန်လေသည်။ ထိုငှက်၏နောက်သို့ အခြားငှက်များက လိုက်ကြပြန်သည်။ သောသောညံလျက် ရှိနေလေ၏။

ယင်းကိုမြင်သော မင်းကြီးသည် "အကြင်သူသည် ကာမဂုဏ်ကို နှစ်ခြိုက်၍ ပိုက်ပွေ့ထား၏။ ကာမဂုဏ်သည် လူတကာနှင့် ဆက်ဆံတတ်၏။ စွန်သည် မိမိနှုတ်သီးမှ သားတစ်ကို စွန့်လွှတ်သကဲ့သို့ ငါသည်လည်း ကာမဂုဏ်ကို စွန့်လွှတ်လျက် ချမ်းသာရာချမ်းသာကြောင်း ပြုသင့်လှ၏" ဟု နှလုံးသွင်းပြီးလျှင် လက္ခဏာရေးသုံးပါးကို မှတ်လျက် ဝိပဿနာဉာဏ်စဉ်တရား ပွားများသည်ရှိသော် တစ်ထိုင်တည်းမှာပင် "ပစ္စေကဗောဓိဉာဏ်" ကို ရရှိသွားခဲ့လေသည်။

"ဒုမ္မုခ" မင်းကြီးသည်ကား ကပိလမြို့တွင် ထီးနန်းစိုးစံနေစဉ် ပြည်တွင်းတစ်နေရာမှာ နွားလားဥသဘများသည် ကိလေသာဇော အဟုန်ဖြင့် နွားမချောချောတစ်ကောင်၏ နောက်သို့ တစ်ကောင့်တစ်ကောင် ဦးအောင် အပြေးလိုက်ကြသည်။ ထိုနွားအုပ်အတွင်းမှ နွားလားဥသဘကြီးတစ်ကောင်သည် အခြားနွားတစ်ကောင်၏ ပေါင်ကြားသို့ ဦးချိုဖြင့်ထိုးရာ အထိုးခံရသော နွားကြီးသည် ဝမ်းဗိုက်ပွင့်လျက် သေဆုံးခဲ့ရလေသည်။ ဒုမ္မုခမင်းကြီးက "ငါသည် သတ္တဝါများကို တုန်လှုပ်စေတတ်သော ကိလေသာတို့အား ပယ်စွန့်ခြင်းငှာ သင့်၏" ဟု နှလုံးသွင်းလျက် လက္ခဏာရေးသုံးပါးကို ဆင်ခြင်ကာ ဝိပဿနာဉာဏ်ကို ပွားများသည့်အခါ ပစ္စေကဗောဓိဉာဏ်ကို တစ်ထိုင်တည်း ရရှိသွားလေသည်။

တစ်နေ့တွင် ထိုပစ္စေကဗုဒ္ဓါလေးဆူတို့သည် နန္ဒမူလိုဏ်ဂူမှ ထွက်၍ ဗာရာဏသီမြို့တံခါးရွာသို့ ဆွမ်းခံကြွရောက်ကြရာ ဘုရားအလောင်း အိုးထိန်းသည်၏ အိမ်ရှေ့သို့ ရောက်ရှိလာကြ၏။ ထိုအခါ ဘုရားလောင်း အိုးထိန်းသည်သည် ပစ္စေကဗုဒ္ဓါများအား အိမ်ထက်သို့ပင့်လျက် ဆွမ်းဆက်ကပ်လှူဒါန်းကာ ဆွမ်းအနုမောဒနာတရားကို နာကြားလေသည်။ ထိုအခါ ပစ္စေကဗုဒ္ဓါတို့သည် မိမိတို့အား ရဟန်းအဖြစ်သို့ ရောက်ရှိစေခဲ့သော အာရုံတရားတို့ကို ဂါထာတစ်ပုဒ်စီဖြင့် အသီးသီး မိန့်ကြားကြ၏။ ဘုရားလောင်းသည် လွန်စွာပင် ပီတိသောမနဿ ပွားလျက် ရဟန်းပြုလိုစိတ် အပြင်းအထန် ဖြစ်ပေါ်လာလေသည်။

သို့ဖြစ်သောကြောင့် ပစ္စေကဗုဒ္ဓါများ ပြန်လည်ကြွမြန်းသွားကြသည့်အချိန်တွင် မိမိ၏ဇနီးသည်အား ခေါ်ယူကာ မိမိသည်လည်း ရဟန်းပြုတော့မည့်အကြောင်း ပြောကြားလေသည်။ ဇနီးသည်ကလည်း မိမိက ခင်ပွန်းသည်ထက်ပင် ဦးစွာ ရဟန်းပြုလိုစိတ်ရှိပါကြောင်း ပြန်လည်ပြောပြ၏။ သို့နှင့် သူမသည် ထိုနေ့ ညနေခင်းတွင်ပင် ရေခပ်သွားဦးမည်ဟု ဆိုကာ ထွက်သွားလေသည်။ ထို့နောက် သူမသည် သူမတို့ မြို့အနီးရှိ ရသေ့မတို့၏ကျောင်းသို့ သွားရောက်လျက် ရသေ့မ ပြုလိုက်လေသည်။ ခင်ပွန်းဖြစ်သူသည် မိမိတို့၏ ကလေးငယ်များ လူလားမြောက်ပြီး ချမ်းသာဆင်းရဲကို သိစွမ်းနိုင်သော အရွယ်သို့ ရောက်ရှိသည့်အချိန်ကျမှပင် ရဟန်းပြုနိုင်ပေတော့သည်။

တစ်နေ့၊ ဘုရားလောင်း ရသေ့သည် ဗာရာဏသီမြို့အတွင်းသို့ ဆွမ်းခံကြွဝင်လာသောအခိုက် ဇနီးဟောင်းရသေ့မနှင့် မြို့လယ်လမ်းမပေါ်၌ ဆုံမိကြ၏။ ရသေ့မသည် ခင်ပွန်းဟောင်း ရသေ့ကြီးအား ရှိခိုးကန်တော့ကာ "အရှင်ဘုရားသည် ကျွန်ုပ်တို့၏ ရင်သွေးငယ်တို့ကိုတော့ လျစ်လျူရှုလျက် ဖျက်ဆီးခဲ့ပါပြီကော" ဟု ဆိုလေသည်။ ထိုအခါ ရသေ့ကြီးက ကလေးငယ်များအတွက် စိတ်ချရလောက်အောင် စီစဉ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း သူတို့အတွက် လုံးဝ ပူပန်စရာမလိုသည့်အကြောင်း ရှင်းလင်းပြောပြလိုက်၏။ ထိုနေ့မှစတင်၍ ရသေ့ကြီးနှင့် ရသေ့မတို့သည် တစ်ကြိမ်တစ်ခါမျှ ဆုံဆည်းမိကြသည် မရှိကြတော့။

ကိလေသာစက် မပြတ်သမျှ သံသရာဆက် မပြတ်နိုင်။

ခင်မောင်အေး(မန္တလေး)

<u>ကျမ်းကိုး</u>

နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်၊ ကုမ္ဘကာရဇာတ်။



www.burmeseclassic.com

www.burmeseclassic.com



# အဂ္ဂိတောဝါ

Dr- စောယုနွယ်

အခုတလောမှာ ကျွန်မတို့နေရာ အနီးတစ်ဝိုက် မှာ ရာသီဥတုရဲ့ အပူချိန်မြင့်မားမှုကြောင့်ရယ်၊ လူ ရဲ့ ပေါ့ဆမှုကြောင့်ရယ် ဟိုနေရာ၊ ဒီနေရာတွေမှာ လောင်နေတဲ့အကြောင်းကို ကြားရ၊ သိရ၊ မြင်နေ တယ်။

စက်ရုံဆိုလည်း စက်ရုံအလျောက်၊ အလုပ်ရုံဆို အလုပ်ရုံအလျောက်၊ အိမ်ဆိုရင်လည်း အိမ် လျောက် ဆုံးရှုံးမှုတွေ၊ နစ်နာမှုတွေဖြစ်လာရပါတယ်။

ကိုယ်တစ်သက်လုံး ကုန်းရုန်းရှာခဲ့သမျှတွေဟာ သူခိုး ခိုးလို့မကုန်ဘဲ ရန်သူငါးပါးထဲက မီးခိုးသွားခဲ့ရင်တော့ အကုန်လုံးပါသွားတတ်ပါတယ်။ ပြန်လည်ပြုပြင်ပြောင်းလဲ ဖို့ဆိုတာ နှစ်ချီပြီးကြာမှ မိမိတို့ရဲ့ မူလအနေအထားကို ရောက်ရှိလာပါတယ်။

အဲလို ရန်သူမျိုးငါးပါးထဲက မီးရဲ့ရန်ကို ကင်းဝေး အောင် ကျွန်မကို ကျွန်မရဲ့မိတ်ဆွေတွေက မေးမြန်းကြပါ တယ်။ ရှေးလူကြီးတွေ အဆိုအရကတော့ ဒကို့သာခါ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကို ဘုရား၏ဂုဏ်တော်တွေနဲ့ ထုံမွမ်းပြီး စီရင်မီးပူဇော်ရင် မီးကွင်းတယ်လို့ အယူရှိလေ့ ရှိပါတယ်။

ဒက္ခိဏသာခါဘုရားကို အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က သီရိခမ္မာသောကမင်းကြီးကို စီရင်ပေးခဲ့တဲ့ အစီအရင်ပါ။

ညီနောင်တွေအပေါ် လွှမ်းမိုးအနိုင်ယူပြီး ဇမ္ဗူဒိပ်ကျွန်းကို အုပ်စိုးအနိုင်ရကာ သာသနာတော် ပြန့်ပွားအောင် ပြုလုပ်နိုင်ခဲ့တဲ့ အစီအရင်ပါ။

ဒက္ခိသာခါဘုရားကို အညာသီဟတောဘုရား ပြန်လည်ပြုပြင် တည်ဆောက်သောအခါ၌လည်း ဒက္ခိဏသာခါဘုရားကို ပြုပြင်ပေးခဲ့ပါသည်။

ပုဂံ သဗ္ဗညု မဟာဂန္ဓာကုဋီတိုက် တည်ထားကိုးကွယ်တဲ့အခါမှာလည်း ဒက္ခိဏသာခါဘုရား စီရင်ပုံအတိုင်း စီရင်ခဲ့တယ်ဆိုတာကို ရွှေပုရပိုက်ထဲမှာ မှတ်တမ်းတင်ခဲ့တယ်ဆိုတဲ့အကြောင်းကို ကျွန်မတို့ သိရှိခဲ့ရပါသည်။

ရှေးလူကြီးများဟာ ဒက္ခိဏသာခါပုံတော်တွေကို တည်ထားကိုးကွယ်ခဲ့ကြပါတယ်။

ဒက္ခိဏသာခါဘုရားကို ဓာတ်တော်အစစ်တွေ ပါမှသာ တည်ထားကိုးကွယ်လေ့ ရှိပါတယ်။

ဒက္ခိဏသာခါကိုယ်တော်ရဲ့ ပလ္လင်တော်ပေါ်မှာကို သိကြားမင်းကိုင်တော်မူတဲ့ ခရုသင်းပုံ၊ တစ်ဆယ့်ခြောက်ပယ်စား မီးကွင်း၍ ကမ္ဘာတည်သော ဘုရားလောင်း ငုံးမင်းပုံတော်၊ အရှင်အင်္ဂုလိမာလပုံတော်၊ မှန်သော သစ္စာစကားကိုဆိုသော နှောင်အိမ်မှ မိသော သတ္တဝါအပေါင်းတို့အား အနှောင်အဖွဲ့မှ လွတ်စေသော ပစ္စေကဗုဒ္ဓါပုံ၊ အလိုရှိတိုင်း ဖန်ဆင်းနိုင်သော သိကြားမင်းပုံ၊ နေမင်းပုံ၊ လမင်းပုံ၊ ဝိဇ္ဇာထိုရ်ပုံ၊ ပြဟ္မာပုံတော်တွေပါ တစ်ခန်း တစ်ခန်းဆီ ထည့်သွင်းကိုးကွယ်ထားပါတယ်။

အဲဒီထဲမှာ မီးကွင်းစေတဲ့ ဘုရားလောင်း ငုံးမင်းပုံကို ထည့်သွင်းထားတဲ့အတွက် ရှေးလူကြီးသူမတွေက မီးကွင်းစေတယ်လို့ အယူရှိကြပါသည်။

ဒက္ခိဏသာခါ ကိုးကွယ်တဲ့သူတွေဟာလည်း တကယ်လည်း မီးကွင်းပါတယ်။

အဲလို ဒက္ခိဏသာခါ ကိုးကွယ်ခြင်းနှင့်အတူ လောလောလတ်လတ် မထုလုပ်နိုင်သေးတဲ့သူတွေအတွက်ကတော့ ကျွန်မတို့ အဘမင်းသိင်္ခရဲ့ မီးကွင်းစေတဲ့ အစီအရင်လေး တစ်ခုရှိပါတယ်။ အဲဒီနည်းကတော့ . . .

အိမ်ထောင်ဦးစီးရဲ့ မွေးနေ့ညမှာ ဝတ်အိပ်တဲ့ အကျႌဟောင်းလေးကို သေချာစွာ လျှော်ဖွပ်ပြီး အိမ်ထောင်ရှင်ရဲ့ ညာလက်နဲ့ တိုင်းထားတဲ့ သွပ်နန်းကြိုးအမာကလေးကို အဲဒီအကျႌလေးကို ပတ်ရပါတယ်။ နေရာလပ်မရှိအောင် အောက်ကနေ သွပ်နန်းကြိုးနဲ့ မမြင်ရအောင် လုံအောင်ပတ်ရပါတယ်။ မီးကွင်းသင်္ကေတန်ဖြစ်အောင် ချည်နှောင်ပြီး ထားရပါတယ်။

အဲဒီမီးကွင်းလေး ငါးကွင်းရအောင် လုပ်ရပါတယ်။ နာမည်ကို မီးကွင်းလို့နိမိတ်ပါအောင် ခေါ်ရပါတယ်။

မီးကွင်းစေလိုတဲ့ အိမ်ထောင်ဦးစီးရဲ့ မွေးနေ့ ၉း၄၅ နာရီ မှာ မီးကွင်းစေချင်တဲ့ အိမ်ရဲ့ ခြံဝင်းထောင့်မှာ၊ အိမ်ထောင့်မှာ မီးကွင်းလေး (၅)ကွင်းကို ချိတ်ဆွဲထားရပါတယ်။

သူ့ကိုနိုင်လို 'ဆနှင့်ခို' လိုရာဆေးဖော်သုံး ဆိုတဲ့အတိုင်း မီးဆိုတဲ့ ကြာသာပတေးနာမ်ကို နိုင်တာကတော့ အင်္ဂါသားသမီးကို ဒီအစီအရင်လေးတွေ ပြုလုပ်ပြီး ချိတ်နိုင်းလိုက်မယ်ဆိုရင်တော့ ဒီအစီအရင်လေးဟာ အောင်မြင်ပြီး ရန်သူမျိုးငါးပါးထဲမှ တစ်ပါးအပါအဝင်ဖြစ်သော မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီမီးကွင်းလေးကို ချိတ်ဆွဲပြီဆိုကတည်းက မီးကွင်းစေတဲ့ ဂါထာလေးကိုလည်း တစ်နေ့ကို (၉)ခေါက်လောက် ရွတ်သင့်ပါတယ်။

မီးကွင်းစေတဲ့ ဂါထာလေးကတော့ –

| |
|---|
| ပုရေဇ္ဈံ ဗောဓိသမ္ဘာရေ<br>နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။<br>ယဿ တေဇေန ဒါဝဂ္ဂိ၊<br>မဟာ သတ္တံ ဝိဝဇ္ဇယိ။<br>(ဝဋ္ဋသုတ်မှ) |

ချမ်းသာကိုယ်စိတ် မြဲပါစေ

DR. စောယုနွယ်




www.burmeseclassic.com

www.burmeseclassic.com

# မြို့ရန်ကုန်ဝန်းကျင်မှ ဂန္ထဝင်ရသသန်းကြွယ် ဖြစ်စဉ်ရပ်များ(၆)

ပထမံဝိဇ္ဇာအောင်



## သမိုင်းဝင် အတွင်းဝန်ရုံးကြီး

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ရန်ကုန်မြို့ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် အုပ်ချုပ်ရေး ဗဟိုဌာန အဖြစ် အတွင်းဝန်ရုံးကို အေဒီ ၁၈၆၇-ခုနှစ်၌ စတင်တည် ဆောက်ခဲ့သည်။

ထိုစဉ်က ကမ်းနားလမ်း၌ တည်ရှိခဲ့သော်လည်း အေဒီ ၁၈၉၀-ပြည့်နှစ်တွင် လက်ရှိ ဗိုလ်အောင်ကျော်လမ်းနှင့် သိမ်ဖြူလမ်းတို့အကြား ပြောင်းရွှေ့တည်ဆောက်ခဲ့သည်။ ပင်မအဆောင်မှာ အေဒီ ၁၈၉၃-ခုနှစ်၌ အပြီးသတ်ခဲ့၏။ ကုန်ကျစရိတ်မှာ ကျပ် ၂၅ သိန်းကျော် ဖြစ်ပါသည်။ အတွင်းဝန်ရုံးသည် အင်္ဂလိပ်ခေတ်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အမြင့်ဆုံးအဆင့်ဖြစ်ပြီး အတွင်းဝန်ချုပ်များ ဖြစ်ကြ၏။ I.C.S/ BCS များ ကြီးစိုး၍ ဌာနဖြစ်ခဲ့သည်။

အေဒီ ၁၉၇၂-ခုနှစ် နှစ်ဦးကာလအထိ အတွင်းဝန်များရုံးဟူ၍ ဗြူရိုကရေစီအုပ်ချုပ်ရေးယန္တရားအဖြစ် ဖျက်



www.burmeseclassic.com

www.burmeseclassic.com

သိမ်းပြီး အုပ်ချုပ်ရေးစနစ် ပြောင်းလဲခဲ့ရာ၌ ဝန်ကြီးများရုံးဟု အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ အတွင်းဝန်ရုံး၏ အလယ်ဗဟိုရှိ ပါလီမန်အဆောက်အအုံ၌ပင် အေဒီ ၁၉၄၇-ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့၌ တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေး ကျင်းပခဲ့ရာ…

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အခြေခံလမ်းညွှန်ချက်များကို တင်သွင်းခဲ့သည်။

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးအချို့သည် အတွင်းဝန်ရုံး ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ မသမာသူများလက်ချက်ဖြင့် ကျဆုံးခဲ့ရပြီး အေဒီ ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ယူနီယံဂျက်အလံကို ဖြုတ်ချပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို စတင်လွှင့်ထူခဲ့သည်။

## ဗိုလ်ချုပ်အောင်ဆန်း နေအိမ်

ဗဟန်းမြို့နယ်အတွင်း နတ်မောက်လမ်းသွယ် (ယခင် တာဝါလိန်းလမ်း) ကုန်းမြင့်ထက်၌ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ရာ နေအိမ်ရှိပါသည်။ ထိုနေအိမ်မှာ တောင်ကုန်းမြင့်ပေါ်တွင်ရှိပြီး နှစ်ထပ်တိုက်အဆောက်အဦ ဖြစ်သည်။

အေဒီ ၁၉၂၀-ပြည့်နှစ်၊ စက်တင်ဘာလတွင် ဆောက်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုများနှင့်အတူ လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်မှ ကွယ်လွန်ချိန်အထိ နေထိုင်ခဲ့ပါသည်။ အိမ်၏အနောက်ဘက် မြေကွက်လပ်၌ မိမိကိုယ်တိုင် စိုက်ခင်းကလေး တစ်ခုပြုပြီး သီးနှံများ စိုက်ပျိုးခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ပြီးနောက် နေအိမ်ကို အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ပြတိုက်ဖြစ်လာခဲ့၏။

## ဗိုလ်အောင်ကျော်မှ ဗိုလ်အောင်ကျော်လမ်း

ဗိုလ်အောင်ကျော်ကို အင်းပူမြို့နယ် ရုံးဇင်ရွာမှ တိုင်းရင်းမြန်မာ အလယ်တန်းကျောင်းအုပ် ဦးကျော်ထင်နှင့် ဒေါ်ရွှေကျော့တို့မှ မွေးဖွားခဲ့၏။ ဗိုလ်အောင်ကျော်သည် ဟင်္သာတမြို့ ဒေါက်တာကမ်းမင်းကျောင်းမှ ဆယ်တန်းအောင်မြင်ပြီး ရန်ကုန်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ကိုအောင်ကျော်သည် ဂျပ်ဆင်ကောလိပ် ဒုတိယနှစ် ဥပစာတန်းကျောင်းသားတစ်ဦး ဖြစ်ခဲ့သည်။

အေဒီ ၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်း အေဒီ ၁၉၃၈-ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတွင်းဝန်ရုံးကို ဝိုင်း၍ ဆန္ဒပြရာမှ မြင်းစီးပုလိပ်တို့၏ နှိမ်နင်းမှုကြောင့် ဂျပ်ဆင်ကောလိပ်မှ ဗိုလ်အောင်ကျော် အပါအဝင် ကျောင်းသား ၂၀၀ ကျော်တို့ ဒဏ်ရာ ရရှိခဲ့ကြ၏။ ဗိုလ်အောင်ကျော်မှာ တုတ်ဖြင့် ရိုက်နှက်ခံရသော ဒဏ်ရာကြောင့် ဒီဇင်ဘာလ ၂၂ ရက်နေ့၌ ကွယ်လွန်ခဲ့ရ၏။

အတွင်းဝန်ရုံး အနောက်ဘက် ကပ်လျက်ရှိသော လမ်းသည် ဗိုလ်အောင်ကျော်လမ်းဖြစ်ပြီး ရှေးခေတ်အခါက မြင်းခင်းသဘင် ကျင်းပခဲ့ရာနေရာ ဖြစ်ပါသည်။ ကိုလိုနီခေတ်ဦးကာလတွင် ရန်ကုန်အစားပိုင် T.P SPARKS အားရက်ရသောအားဖြင့် (SPARKS-STREET)စပတ်လမ်းဟု အမည်တွင်သည်။ ယခုအခါ ဗိုလ်အောင်ကျော်လမ်းဟု လူသိများစေသည်။

## ဗိုလ်မြတ်ထွန်းလမ်း

ဗိုလ်မြတ်ထွန်းလမ်းကို အေဒီ ၁၈၅၄-ခုနှစ်၊ ရန်ကုန်မြို့ ကွက်သစ်ပေါ်စဉ်က အင်္ဂလိပ်တို့က (CREET STREET)ခရစ်လမ်းဟု အမည်ပေးခဲ့ကြသည်။ ထိုနေရာမှာ အလောင်းမင်းတရားကြီးသည် ရန်ကုန်မြို့ကို စတင်တည်ထောင်စဉ် ရန်ကုန်မြို့တော်၏ အရှေ့ဘက် နယ်နိမိတ်ဖြစ်ပြီး ဗိုလ်တထောင်ချောင်း(ခေါ်)ချောင်းငယ်ကလေး တည်ရှိနေပါသည်။ မြန်မာတို့ကမူ ချောင်းငယ်ကလေးရှိလမ်းကို ကျုံးလမ်းဟု ခေါ်ဆိုခဲ့ကြ၏။ မျက်မှောက်ကာလတွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၌ နယ်ချဲ့တို့အား တော်လှန်တိုက်ခိုက်ခဲ့သည့် ဗိုလ်မြတ်ထွန်းကို ဂုဏ်ပြုသောအားဖြင့် ထိုလမ်းကို ဗိုလ်မြတ်ထွန်းလမ်းဟု အမည်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်ခေတ် ရန်ကုန်ဆိပ်ကမ်း

ကုန်းဘောင်ခေတ်တွင် ရန်ကုန်ဆိပ်ကမ်းကို အုပ်ချုပ်ကြီးကြပ်ရသူများ ရေဝန်အကောက်ခွန်နှင့် စစ်ကဲများ ဖြစ်ကြ၏။ ထိုစဉ်က ရန်ကုန်ဆိပ်ကမ်းတွင် နိုင်ငံခြားသင်္ဘော အများအပြား ဆိပ်ကမ်းသို့ ဝင်ထွက်သွားလာကြသကဲ့သို့ တရုတ်လက်သမားအများစု ပါဝင်သည့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများလည်း တွင်ကျယ်ခဲ့သည်။

ဘိုးတော်ဘုရား နန်းတက်စကာလ အေဒီ ၁၇၈၆ ခုနှစ်မှ အေဒီ ၁၈၂၁-ခုနှစ် ဘကြီးတော် နန်းတက်စအချိန်အထိ ရန်ကုန်ဆိပ်ကမ်းရှိ သင်္ဘောကျင်းတွင် သင်္ဘောစင်းရေ တစ်ရာကျော် တည်ဆောက်ခဲ့ရာ တန်ချိန်သုံးသောင်းကျော်ရှိသော ADAMANT နှင့် MAR GUESS WELLESLEY သင်္ဘောများ ပါဝင်သကဲ့သို့ တန်ချိန်တစ်ထောင်ဝန်းကျင်ရှိ ရွှေတောင်နှင့် ဒလသင်္ဘောများလည်း ပါရှိခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်လေ့ရှိသော သင်္ဘောများမှာ အများအားဖြင့် ကာလကတ္တား၊ ပီနန်မဒရပ်၊ ဘုံဘေ၊ ဘင်္ဂလား၊ နီကိုမာတို့မှတစ်ဆင့် ဝင်ရောက်လာကြခြင်းများ ဖြစ်ကြပြီး သင်္ဘောအဝင်အထွက် မှတ်တမ်းအရ ဘိုးတော်ဘုရားလက်ထက် အေဒီ ၁၈၈၆-ခုနှစ်တွင် အမေရိကန်နိုင်ငံမှ သင်္ဘောတစ်စင်း ဝင်ရောက်ခဲ့ကြောင်းလည်း သိရ၏။ ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် ဆိပ်ခံဘောတံတားရှိရာ ကုန်းဘောင်ခေတ်၏ ထင်ရှားခဲ့သည့် ဘောတံတားအချို့မှာ ဦးမှန်တံတား၊ အာဝက်ကျင်းတံတား၊ ရှမ်းတံတား၊ ဘုံအိမ်တံတား၊ စဥ့်အိုးတံတား၊ ဦးကွေတံတားနှင့် ဘုရင့်နောင်တော်တံတားတို့ ဖြစ်ကြသည်။



## ဗိုလ်တထောင်စေတီတော်

ဗိုလ်တထောင်စေတီတော်သည် ရှေးခေတ်မွန်ဘုရင်များ လက်ထက်ကပင် တည်ရှိခဲ့ပြီး မွန်ဘာသာဖြင့် 'ကျိုက်ဒေးအပ်' ဟု ခေါ်ဆိုကြသည်။ ကျိုက်မှာ ဘုရား၊ ဒေးအပ်မှာ အပ်နှံသည်ဟု အဓိပ္ပာယ်ရသဖြင့် 'အပ်နှံသည့်ဘုရား' ဟု ဆိုပါသည်။

ရှင်ယသ အမှူးပြုသော ရဟန္တာရှစ်ပါးက မဇ္ဈိမဒေသမှ ဓာတ်တော်မွေတော်များ ဆောင်ယူလာပြီး အပ်နှံထားရှိရာအရပ်ဟု ဆိုကြသည်။ အချို့ကလည်း ဥက္ကလာပမင်းကြီး၏ သားတော် သုစိနန္ဒာ(မင်းနန္ဒာ) ကွယ်လွန်ရာ၌ အရိုးအိုးစေတီတည်ရန် ဗိုလ်ခြေတစ်ထောင်တို့အား အပ်နှံရာနေရာဖြစ်ကြောင်း ဆိုပါသည်။

ဗိုလ်တထောင်ဘုရား ဌာပနာတိုက်မှာ စစ်ဘေးစစ်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့စဉ်က ရရှိသော ဌာပနာပစ္စည်းများအရမှာမူ ရဟန္တာတို့ ပင့်ဆောင်ခဲ့သည့် ဆံတော်အစစ်နှင့် ဓာတ်တော်များကို ဌာပနာပြုလျက် တင်ထားခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## လမ်းအမည်များ အပြောင်းအလဲ

သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ လမ်းအချို့မှာ နိုင်ငံခြားအမည်များ ဖြစ်နေသဖြင့် အေဒီ ၁၉၈၉-ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မြန်မာအမည်သို့ ပြောင်းလဲခေါ်ဆိုရန် အမိန့်ထုတ်ပြန်ခဲ့၏။ ထိုလမ်းများမှာ…

ကရစ်လမ်းအား သီဂီလမ်း၊ ချန်းစဖို့စ်လမ်းအား ဘောဂလမ်း၊ ပန်ဒီပလမ်းအား သော်ကလမ်း၊ ဘာတာဖီးလ်လမ်းအား နှင်းဆီကုန်းလမ်း၊ မဟူဂျာလမ်းအား မဟာမြိုင်လမ်း၊ ရှိုမူရန်လမ်းအား အောင်မင်္ဂလာကန်၊ ဗိတိုရိယလမ်းအား ရတနာကန်၊ ဝီလျံလမ်းအား အေးလမ်း၊ ဟာဒစ်လမ်းအား အောင်သုခလမ်း၊ အသူကေတဘာလမ်းအား ကြိုးစက်ရုံလမ်း၊ အာနီးဂ်လမ်းအား ပြည်တော်သာလမ်းဟု အမည်ပြောင်းခဲ့သည်။

## ရွှေခေတ်လမ်းမတော်ရှိ လမ်းများ

လမ်းမတော်မြို့နယ်သည် ဗြိတိသျှအစိုးရ၏ ရန်ကုန်မြို့ ကွက်သစ်အရ အစအဦးဒေသဖြစ်သည့်အား လျော်စွာ လမ်းများကို အမှတ်(၁)လမ်းမှ အစဉ်အလိုက် စတင်ထားပါသည်။ အမှတ်(၁)မှ (၄)အထိ လမ်းနေရာများမှာ ရှေးအခါက လူနေအိမ်ခြေများ ရှိခဲ့ဟန် မတူပါ။ ဝါးတန်းကြီးလမ်း၌သာ ဝါးရောင်းချသူများ အခြေချနေထိုင်ခဲ့ကြသည်။ ထိုလမ်းကို ဗြိတိသျှအစိုးရ မြူနီစီပယ်အဖွဲ့ အမှုဆောင်အင်ဂျင်နီယာ ကီလီအား ဂုဏ်ပြုသောအားဖြင့် ကီလီလမ်းဟု မှည့်ခေါ်ခဲ့သည်။ ထိုလမ်းထိပ်ရှိ ကမ်းနားဈေးကြီးမှာလည်း ကီလီဈေးဟု အမည်တွင်ရာမှ အေဒီ ၁၉၈၉-ခုနှစ်တွင် ကီလီလမ်းကို ဝါးတန်းလမ်းဟု ပြောင်းလဲခေါ်ဝေါ်စေခဲ့၏။ အမှတ်(၅)လမ်း (၄ကဲပျော်တံတား)နှင့် ကပ်လျက်ရှိ အမှတ်(၆)လမ်းမှာ ကိုင်းတောကြီးအား အစွဲပြု၍ ကိုင်းတန်းဟု အမည်တွင်ခဲ့သည်။ ဗြိတိသျှတို့ကမူ အင်ဂျင်နီယာချုပ် ဝီလျံအား အစွဲပြု၍ ဝီလျံလမ်းဟု မှည့်ခေါ်ခဲ့ကြ၏။ အမှတ်(၈)လမ်း(ကျွဲပုတ်တန်း)နှင့် ကပ်လျက်လမ်းရှိ လှည်းလုပ်ငန်းကို လုပ်ကိုင်သူများ နေထိုင်ရာအရပ် ဖြစ်သဖြင့် လှည်းတန်းလမ်းဟု ခေါ်သည်။ အမှတ်(၁၁)လမ်းကို ရှေးအခါက အထက်ပိုင်းအား ပက်တန်း၊ အလယ်ပိုင်းအား ပိုက်တန်းဟု ခေါ်ဆို၏။ အမှတ်(၁၂)လမ်း(ဖိနပ်တန်း)နှင့် ကပ်လျက်လမ်းကိုမူ ဘုရားငုတ်တိုလမ်းဟုလည်းကောင်း၊ သရက်တောကျောင်းတိုက်မှ ဘုန်းကြီးများ ဆွမ်းခံကြွရာလမ်း ဖြစ်သဖြင့် ဘုန်းကြီးလမ်းဟု ခေါ်ကြ၏။ အမှတ်(၁၃)လမ်းမှာ ခေါင်းချုပ်တန်း(ခေါ်)ငါးရှဉ့်တန်း၊ အမှတ်(၁၄)လမ်းကို ကြောင်တစ်ရာလမ်း၊ အမှတ်(၁၅)လမ်းကို သုံးပင်တန်း၊ အမှတ်(၁၆)လမ်းကို ထန်းပင်ကုန်း၊ ကြက်သွန်တန်းဟု ရှေးကခေါ်ဆိုကြ၏။

## အုံ(ခေါ်)ရန်ကုန်မြို့၏ ဖြစ်ရပ်များ

မြန်မာနိုင်ငံမှ သီပေါဘုရင်ကို အင်္ဂလိပ်အစိုးရသည် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်ပြီး အကျဉ်းချခဲ့သည်။

နန်းကျဘုရင် ဖဖောရ်ရှားသည် မြန်မာနန်းကျဘုရင် အရှင်သီပေါ၏အဖြစ်နှင့် တူညီလှ၏။ ဖတ်ရှုလေ့လာရာတွင်…

## ဘဟာဒူးရှားအကြောင်း

ဘဟာဒူးရှားဖဖောရ်သည် ဒုတိယမြောက်၌ အက္ကဘာရှား၏ သားတော်ဖြစ်သည့် ဘဟာဒူးရှားကို ကမ္ဘာကျော် တပ်ဂျာမဟာ ဂူဗိမာန် တည်ဆောက်ခဲ့သော ရှားဂျပန်ဘုရင်ကြီး၏ နန်းတော်လာလ်ကီလာ ခံတပ်တွင် အေဒီ ၁၇၇၅-ခုနှစ်၌ မွေးဖွားခဲ့၏။

ဘဟာဒူးရှားကို မွေးဖွားချိန်တွင် ခမည်းတော် အက္ကဘာရှားမှာ အသက် နှစ်ဆယ်အရွယ် အိမ်ရှေ့မင်းသားဘဝ၌သာ ရှိသေး၏။ ဘဟာဒူးရှား အသက်သုံးဆယ်အရွယ်တွင် ဘိုးတော်ရှားအလန် ကွယ်လွန်ပြီး ဖခမည်းတော်က ဒုတိယမြောက် အက္ကဘာရှားဟူသည့် ဘွဲ့အမည်ကို ခံယူကာ နန်းတက်၏။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံ၏ နန်းကျဘုရင်အား နန်းတက်စ တွေ့မြင်ရစဉ်



မဂိုဘုရင် နန်းကျဘုရင် ဇဟာရ်ရှား

အက္ကဘာရှားသည် ငယ်စဉ်ကတည်းက စာပေ ညာ ထူးချွန်သော ကဗျာအကျော်အမော်ဖြစ်သော သား ဆော်မိုမ္မဒဲစေရာဂျွန်ဒင်း(န)အား အဘူဇဖာရ် အမည်ကို ခံယူစေကာ အိမ်ရှေ့အရာ ပေးခဲ့သည်။

ဖခမည်းတော် အက္ကဘာရှား သက်တော် ၈၂ တွင် ကွယ်လွန်သောအခါ ဘဟာဒူးရှားသည် ထီးနန်း ကို ဆက်ခံရရှိသည်။ အေဒီ ၁၈၃၇-ခုနှစ်၊ စက်တင် ၁၈ ရက်နေ့၊ သက်တော် ၆၂ နှစ်တွင် နန်းတက်ပြီး ဇာဖရ်မိုမ္မဒဲစေရာဂျွန်ဒင်း(န)ဘဟာဒူးရှား ဆိုသည့်ဘွဲ့ ဘိသိက်ခံသည်။

## အိန္ဒိယနိုင်ငံ ကျဆုံးခြင်း

ဘဟာဒူးရှား နန်းတက်ချိန်တွင် အိန္ဒိယနိုင်ငံ၏ နယ်ပယ်အများအပြားမှာ အင်္ဂလိပ်တို့ လက်အောက်သို့ ကျရောက်ခဲ့ပြီဖြစ်သည်။

ဘဟာဒူးရှားသည် အသက်အရွယ်ကြီးရင့်ပြီး အင်အားနည်းပါးနေသော်လည်း တစ်စတစ်စ နယ်မြေချဲ့ ထွင်လာနေသော အင်္ဂလိပ်တို့အား အလျှော့ပေးလိုစိတ် အရှုံးပေးလိုစိတ် မရှိပေ။

ဘဟာဒူးရှားသည် တစ်ချိန်က ဗေဗာဘုရင်၏ အဆက်အနွယ် တိုက်တိုင်းအောင်သော စစ်ဘုရင်ကြီး

www.burmeseclassic.com



မဂိုဘုရင် နန်းကျဘုရင်၏ မိဖုရား

တီမူးကို သတိရသည်။ တိုက်ရေးခိုက်ရေး ကျွမ်းကျင်သည်။ တီမူးဘုရင်ကဲ့သို့ပင် မြင်းစီးကျွမ်းကျင်သူဖြစ်သည်။ သို့သော် သူ့တွင် ဘိုးတော်ဘုရင်များကဲ့သို့ လက်နက်အင်အား လူအင်အား မရှိ၊ စစ်ပွဲကြီးက ဆင်နွှဲရအောင် အင်အားကောင်းသောဟန် မရှိပေ။ ဒါကြောင့် အင်္ဂလိပ်တို့အား အလျှော့ပေးခဲ့သည်။

အင်္ဂလိပ်တို့သည် ဒေလီကိုသိမ်းပြီး ရှားဘုရင်အား ဖမ်းဆီးခေါ်ဆောင်သွားပြီး အကျဉ်းချထားလိုက်သည်။ ၄င်းနောက် ရှားဘုရင်အား သေဒဏ်အပြစ်ပေးထားပြီး အပြစ်ဒဏ်မှ ပြောင်းလဲကာ ရန်ကုန်သို့ နယ်နှင်ဒဏ် ပေးလိုက်လေသည်။

အသက် ၈၃ နှစ်တွင် ရန်ကုန်သို့ ရောက်လာသော ရှားဘုရင်သည် အသက် ၈၇ နှစ်၊ အေဒီ ၁၈၆၂-ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ သောကြာနေ့၊ နံနက် ၅ နာရီခန့်တွင် ကွယ်လွန်ခဲ့သည်။

ဇဖာရ်ရှားဘုရင်၏ သင်္ချိုင်းဂူမှာ ရန်ကုန်မြို့ ရွှေတိဂုံတောင်ဘက်ရှိ ဇီဝကလမ်း အမှတ်(၅၈)တွင် ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။

**မှတ်သားဖွယ်ရာများ**

အဘူဇဖာရ်မိုဟမ္မဒ်ဘဟာဒူးရှားဘုရင် ဘွဲ့ခံနန်းတက်ချိန်မှာ မြန်မာနိုင်ငံ၌ ဘကြီးတော်မင်း ကွယ်လွန်ပြီး သာယာဝတီမင်း နန်းတက်ချိန် ဖြစ်သည်။ ရှားဘုရင်သည် သာယာဝတီမင်းနှင့်လည်းကောင်း၊ အေဒီ ၁၈၆၄-ခုနှစ်တွင် ထီးနန်းဆက်ခံသော ပုဂံမင်းနှင့်လည်းကောင်း ထီးပြိုင်နန်းပြိုင်ဖြစ်၏။

---

**ပထမဝိစ္စာအောင်**

---

__ကျမ်းကိုး__

မြို့တော်များရဲ့သမိုင်း
မဟာရန်ကုန်
တင်နိုင်တိုး (၁၁-၁၀-၂၀၀၆)
Weekly Eleven မှ ထုတ်နှုတ်ရေးသားကြောင်း ဝန်ခံပါ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဝေမာနိက ရည်စူးဒါန

## မောင်မောင်အိုင်(အိမ်မဲ)

ကျွန်တော့်ဆီသို့ မမျှော်လင့်ဘဲ ဖိတ်စာတစ်စောင် ရောက်လာသည်။ ဖိတ်စာအကြောင်းအရာက "အကျွတ်အလွတ် စုပေါင်းဒါနပြုပွဲ" ... တဲ့။ ဒီဖိတ်စာ ဒီတစ်ခါပဲ ရဖူးသည်။ ၃၇ နှစ်မြောက်ဆိုတော့ တော်တော်ပင်ခရီးတွင်နေပြီပဲ။ ဖိတ်စာ၏ ရည်စူးထားချက်ကို ထုတ်နုတ်ဖော်ပြရမည်ဆိုပါက "လူသားတိုင်းတွင် ရှည်လျားသော သံသရာခရီးရှိကြောင်း၊ ခရီးတစ်လျှောက် မိဟောင်း၊ ဖဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်းတို့ရှိကြောင်း၊ ၎င်းတို့ အနက် အချို့သည် အကြောင်းအမျိုးမျိုးတို့ကြောင့် ဝေမာနိကပြိတ္တာဘုံတွင် ရောက်ရှိနေပါက ထိုဘဝဆိုးမှ ကျွတ်လွတ်စေလိုကြောင်း၊ ထို့ကြောင့် စုပေါင်း၍ နှစ်စဉ်ကျင်းပခဲ့သော ဝေမာနိကပြိတ္တာများကို ရည်စူး၍ စုပေါင်း အလှူဒါနပြုပွဲကို ရေဝေးသုသာန်၌ ပြုလုပ်ရခြင်း ဖြစ်ကြောင်း" တို့ ဖြစ်ပါသည်။

ဖိတ်ကြားသူ၏ ဖိတ်စာကိုဖတ်မိတော့မှ ကျွန်တော့် ညီမပြောပြတဲ့ ဖြစ်ရပ်ဆန်းတစ်ခုကို သွားသတိရလို့ ယခုလို ဖော်ပြလိုက်ရခြင်းဖြစ်ပါတယ်။

"ဝေမာနိက ရည်စူးဒါန" မည်မျှ အကျိုးသက်ရောက်သည်ကို ဖတ်ရှုကြည့်ကြပါ။

မင်းဓမ္မကုန်းမြေ၊ မင်းဓမ္မကုန်းမြေမြောက်ဘက်တွင် ကျောက်တော်ကြီးဘုရားရှိသည်။ အရှေ့ဘက်တွင် ဆေးရုံကြီး၊ အနောက်ဘက်တွင် အင်းစိန်၊ တောင်ဘက်တွင် မြန်မာကွန်ပီးရှင်းစင်တာတို့ ရှိသည်။ ၎င်းအလယ်တွင် တစ်ချိန်က ပန်းအလှ၊ မြေအလှအတွက် အရောင်းဆိုင်များရှိသည်။ ယခုအခါမှာတော့ ပြောင်းရွှေ့သွားကြပြီ။ ယခုဖြစ်စဉ်မှာ ပန်းအလှဆိုင်များရှိစဉ်က ဖြစ်စဉ်ဖြစ်ပါသည်။

"ခရမ်းပြာ"

ခရမ်းပြာသည် ကျွန်တော့်ညီမအကြီးဆုံး၏ မြေအလှပြုပြင်သော ပန်းဆိုင်၊ ပျိုးဥယျာဉ်ဆိုင် ဖြစ်သည်။ ရန်ကုန်မြို့၏ မြေအလှသည် သူ့လက်၌ ပွင့်လန်းခဲ့သည်။ တော်လှန်ရေးပန်းခြံ၏အလှအပ၊ အဖူးအပွင့်၊ အခင်းကမ္ဘာလာတို့သည် သူ့လက်ရာပင်ဖြစ်သည်။ ရန်ကုန်တွင်သာမက နေပြည်တော်တစ်ဝန်းတွင်လည်း မြေယာရှုခင်းအလှပြင်ခြင်းတွင် နာမည်ကြီးလွှမ်းမိုးနိုင်ခဲ့သည်။ လုပ်သားရာကျော်ရှိသည်။ ရန်ကုန် မင်းဓမ္မကုန်းမှ သာကေတသို့ ပြောင်းသွားရသော်လည်း ရောင်းအားပြင်အား ကျမသွားပေ။

ယခုဖြစ်စဉ်သည် မင်းဓမ္မရှိ ပန်းဥယျာဉ်အရောင်းဆိုင်များ မပြောင်းရွှေ့စဉ်က ဖြစ်စဉ်ဖြစ်သည်။ အများသိကြသည့်အတိုင်း ထိုကုန်းမြေသည် ယခင်က တရုတ်သင်္ချိုင်းကုန်းမြေဖြစ်ခဲ့ဖူးသည်။

ခရမ်းပြာဆိုင်နှင့်ကပ်လျက်တွင် မနွဲ့၏ ပျိုးဥယျာဉ်ဆိုင်ရှိသည်။ ဆိုင်ပိုင်ရှင်မှာ ဥစ္စာစောင့်ဝသည်။ ယခင်အလုပ်မှာ ဗိုလ်ချုပ်ဈေးတွင် အဝတ်အထည်ရောင်းသော လုပ်ငန်းဖြစ်သည်။ ပန်းဥယျာဉ်ဆိုင်မှာ အပျော်သဘောမျိုး သာသာလောက်သာ ရှိသည်။ ပိုင်ရှင်အမျိုးသမီးမှာ ရုံဖန်ရုံခါမှ လာသည်။ အလုပ်သမားများနှင့်လွှဲထားသည်။ သို့သော် ကျွန်တော့်ညီမနှင့်တော့ မိန်းမသားချင်းမို့လားမသိ။ ခင်ကြသည်။

တစ်နေ့၌ ထိုအမျိုးသမီး ကျွန်တော့်ညီမဆိုင်သို့ ကူးလာသည်။ နေ့လယ်ပိုင်းဖြစ်သည်။ မျက်နှာသိပ်မကောင်းလှပေ။ ညီမဖြစ်သူက ကြို၍ ခရီးဦးပြုသည်။

"လာ ... မနွဲ့ထိုင်၊ လက်ဖက်စားမလား၊ လက်ဖက်ရည်သောက်မလား"

"လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းသောက်ရင်း မဆွေကိုပြောချင်လို့"

"ပြောပါမနွဲ့၊ မဆွေ နားထောင်နေတယ်"

"ကျွန်မ နှစ်လုံးတိုက် ဝါသနာပါလို့ထိုးတာ မဆွေ အသိနော်၊ အခု ဗိုလ်ချုပ်ဈေးဆိုင်က ရပ်ထားရတော့မလို

www.burmeseclassic.com

**ကျွန်မလည်း ဒီရောက်ကတည်းက ထမင်းစားပြီး နေ့ခင်းနေ့လယ် ပက်လက်ကုလားထိုင်ပေါ် အိပ်တာ အခု သုံးရက်လောက် ဆက်တိုက် လက်ကို လာလာကုတ်ပြီး ထမင်းကျွေးလို့ ပြောသံလိုလို ကြားကြားနေတာ ရက်ဆက်ပဲ"**

တောင်ဖြစ်လာတဲ့အထိ အခြေအနေက ဆိုးသွားတယ် မဆွေ"

"ဟုတ်ကဲ့ ပြော မန္တဲ့၊ မဆွေနားထောင်နေတယ်"

"ကျွန်မယောကျ်ားက မင်း မိုလ်ချုပ်စျေးမထိုင်နဲ့တော့ ငါပဲလုပ်တော့မယ်။ မင်းပန်းဆိုင် မင်းသွားလုပ်လို့ ပြောလို့ ကျွန်မ ဒီမှာမြဲနေတာ တစ်ပတ်ကျော်သွားပြီ မဆွေ သိပါတယ်"

"ဟုတ်ပ"

"ပရလောကအကြောင်း မဆွေ သိလား။ ယုံလား"

"ဟယ် ...မန္တဲ့ကလည်း ရှိတယ်လို့သိရပေမယ့် မဆွေ မတွေ့ကြုံဖူးတော့ မပြောတတ်ဘူး"

"ဒီလို မဆွေရဲ့။ ကျွန်မလည်း ဒီရောက်ကတည်းက ထမင်းစားပြီး နေ့ခင်းနေ့လယ် ပက်လက်ကုလားထိုင်ပေါ် အိပ်တာ အခု သုံးရက်လောက်ဆက်တိုက် လက်ကို လာလာကုတ်ပြီး ထမင်းကျွေးလို့ ပြောသံလိုလို ကြားကြားနေတာ ရက်ဆက်ပဲ"

"နေဦး မန္တဲ့၊ ဒါဖြစ်နိုင်တယ်။ ဒီနေရာက တစ်ချိန်က သုသာန်။ မကျွတ်မလွတ်သူတွေရဲ့ ဝိညာဉ်၊ ဒါမှမဟုတ် ပရလောကသားတွေ ရှိနေမှာ အမှန်ပဲ။ အခုမှ လူနေများလာလို့ မစားရမသောက်ရဖြစ်နေလို့ လာတောင်းတာ ဖြစ်နိုင်တယ်။ အထူးသဖြင့် မန္တဲ့နဲ့ ဆွေမျိုးစပ်လည်းဖြစ်နိုင်တယ်၊ လှူဒါန်းကြည့်ပါလား"

"ဟုတ်ကဲ့ မဆွေ၊ ကျွန်မ လုပ်ကြည့်မယ်"

မန္တဲ့ပြောဆိုပြီး သူ့ဆိုင်သို့ ပြန်သွားသည်။ နောက်နေ့ မန္တဲ့လာသောအခါ ဒန်ပေါက်အထုပ် ၅၀ ဝယ်လာသည်။

"မဆွေရေ ...ကျွန်မ ဒန်ပေါက်အထုပ် ၅၀ လောက် ဝယ်လာတယ်၊ ဆိုင်နောက်မှာကျွေးမလားလို့ လာကြည့်ပါဦး"

မန္တဲ့ခေါ်သဖြင့် ညီမလုပ်သူလည်း သွားလိုက်သည်။ မန္တဲ့သည် ဒန်ပေါက်ထုပ်များကို ဆိုင်နောက် မြက်ခင်းပြင်တွင် ဖြန့်ချထားသည်။ နောက်ပါးစပ်ကလည်း အော်ပြောသည်။

"ကဲ ...ဒီလောက်စားချင်တဲ့ ဒီကပုဂ္ဂိုလ်တွေ၊ သင်တို့အား ဒန်ပေါက်အလှူပြုတယ်၊ လာစားလှည့်၊ ဆိုင်ကိုလည်း ဆယ်သိန်းဖိုးလောက်ရောင်းရအောင် လုပ်ပေးကြနော် ဒါပဲ၊ စားကြ"

မိတ်ဆွေနှစ်ယောက် ညီမဆိုင်ဘက် ကူးလာပြီး လက်ဖက်သုပ်စားကြသည်။ တစ်နာရီခန့်ကြာသော်အခါ မန္တဲ့ ပြန်သွားသည်။

"မဆွေရေ ...လာကြည့်ပါဦး၊ သိပ်ထူးတာပဲ"

ညီမဖြစ်သူ ကူးသွားသောအခါ မန္တဲ့သည် ဆိုင်နောက်ဘက်တွင် အံ့သြစွာရပ်လျက် လက်ညှိုးထိုးပြသည့်နေရာသို့ ကြည့်လိုက်ရာ ဒန်ပေါက်ထုပ်များရှိ ထမင်းဟင်းများ လုံးဝမရှိတော့ပေ။ အားလုံးပြောင်နေပေပြီ။

အံ့သြဖို့ကောင်းသည်မှာ ဤဒန်ပေါက်အားလုံးကုန်အောင်စားမည့် ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမျှ ဝင်းထဲတွင် မရှိကြပေ။

ပို၍အံ့သြဖို့ကောင်းသည်မှာ ထိုနေ့က မန္တဲ့၏ ပန်းဥယျာဉ်မှ တစ်ဆယ့်ခြောက်သိန်းဖိုးတိတိ ရောင်းလိုက်ရခြင်းဖြစ်ပါသည်။

ကဲ ...မိတ်ဆွေ သင်ရော၊ ကျွန်ုပ်ရော ဝေမာနိကပြိတ္တာတွေကို ရည်စူးပြီး လှူကြည့်ဖို့ မကောင်းပေဘူးလား။

**မောင်မောင်အိုင် (အိုင်မိ)**



www.burmeseclassic.com

www.burmeseclassic.com

# ဒါ အသေးအဖွဲ့ မဟုတ်ပါ

## လှထွန်း(တွံတေး)

အကြောင်းကြောင်းကြောင့် စာမရေးဖြစ်တာကြာပါပြီ။ မိတ်ဆွေများက စာရေးရန်တိုက်တွန်းကြပါသည်။ ရေးစရာအကြောင်းအရာတွေက များပါဘိ။

ပထမခေါင်းစဉ်ကို စဉ်းစားပါသည်။ အများစိတ်ဝင်စားမည့် ခေါင်းစဉ်ကိုစိတ်ကူးကြည့်သည်။ **"ဒါအသေးအဖွဲ့လား"**ဟုရေးရန် အတွေးပေါ်လာသည်။ သို့သော် ခေါင်းစဉ်က ရင့်သီးသလိုဖြစ်နေသည်။ ဒါကြောင့် စာရေးသူ၏ အယူအဆ သဘောထားပါသည့် သိမ်မွေ့သော ယခုခေါင်းစဉ်ကို တပ်လိုက်ပါသည်။

ဘယ်လိုအကြောင်းအရာတွေပါလဲ၊ လေ့လာစရာ၊ အတုယူစရာ၊ လိုက်နာစရာ၊ ဆင်ခြင်စရာကိစ္စများဟု ဆိုချင်ပါသည်။

**"ဝန်ထမ်းဘဝ အတွေ့အကြုံတစ်ခု"**။ ရာထူးအဆင့်အတန်းအရ ပြည်တွင်းဖြစ် မာဇဒါကျစ်စီးခွင့်ရသည်။ ရုံးသို့လာရသည့် လမ်းကြောင်းမှာ ပန်းဘဲတန်းမြို့နယ်၊ ၂၉ လမ်းရှိနေအိမ်မှ ယာဘက်ကွေ့၊ မဟာဗန္ဓုလလမ်းသို့ထွား၊ ယာဘက်ထပ်ကွေ့၊ ဆူးလေစေတီတော်ကျော်၊ ဝဲဘက်တွင် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဘက်တွင် မဟာဗန္ဓုလပန်းခြံနှင့် လွတ်လပ်ရေးကျောက်တိုင်၊ ဘားလမ်း၊ ပန်းဆိုးတန်းလမ်း၊ ဗိုလ်အောင်ကျော်လမ်းများဖြတ်၊ သိမ်ဖြူလမ်းရောက်သော် ဝဲဘက်ကွေ့၊ ဝန်ကြီးများရုံးရှေ့တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်သို့ ရောက်ပါသည်။

ရုံးသို့လာသည့် လမ်းကြောင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီရုံးအလွန် ဘားလမ်းအဖြတ် အတွေ့အကြုံကို ဖော်ပြလိုပါသည်။

မြင်ကွင်းက သာမာန်ပင်၊ ဒါပေမဲ့ ထူးခြားမြင်ကွင်းဟုဆိုချင်သည်။ အဖြစ်ကဒီလိုပါ။

ယခင်ရုံးကုမ္ပဏီရှေ့ ဘားလမ်းမီးပွိုင့်တွင် လူကူးမျဉ်းကျားရှိသည်။ ခြေကျင်ခရီးသွားများ အသွားအလာထူပြောသည်။ ထိုစဉ်က နိုင်ငံခြားမှခရီးသွားများ မြန်မာနိုင်ငံသို့ အဝင်အထွက်များနေပါပြီ။ ထိုမျဉ်းကျားတွင် တိုးရစ်များအပါအဝင် လူအများဖြတ်နေချိန်၊ စာရေးသူကရုံးမှ ယာဉ်မောင်းကို ယာဉ်ရပ်နားပေးရန်ပြောသဖြင့် ယာဉ်မောင်းက ယာဉ်ကိုရပ်နားနေချိန်၊ မျဉ်းကျားလမ်းဖြတ်သူများက မိမိတို့ယာဉ်ကို လှည့်ကြည့်လှည့်ကြည့်နဲ့ ဖြတ်နေချိန်၊ စာရေးသူက ယာဉ်မောင်းကိုပြောပါသည်။

"ဟိုမှာ ... တိုးရစ်တွေက ယာဉ်ရပ်ပေးတာကို သဘောကျနေတာ၊ တို့ကိုချီးကျူးနေတာဟု ပြောမိသည်"

စာရေးသူမှာ ထိုစဉ်ကာလအထိ နိုင်ငံခြားတိုင်းပြည် အတော်အသင့်ကို ရုံးတာဝန်ဖြင့် သွားရောက်ဖူးပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံခြားတိုင်းပြည်များတွင် ယာဉ်မောင်းသူ၊ ခရီးသွားပြည်သူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိတိကျကျ လိုက်နာကြသည်။ ယာဉ်မောင်းသူများက အလျင်စလိုမမောင်းပါ။ စနစ်တကျရပ်ပေးကြသည်။ ဖြတ်ကူးသူများကလည်း မီးနီလျှင်မဖြတ်ပါ။ မီးစိမ်းနေမှ စနစ်တကျဖြတ်ကူးကြပါသည်။

မကြာမီက သွားရောက်ခဲ့သည့် စင်္ကာပူနိုင်ငံတွင် ထိုအခြင်းအရာကို ကိုယ်တွေ့လက်တွေ့ မြင်ခဲ့သည်။ အလားတူပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများတွင် မြင်နေကျပုံစံများဖြစ်သည်။

အထူးသဖြင့် စင်္ကာပူနိုင်ငံတွင် မြင်တွေ့ခဲ့ရသည့် လူအများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြပုံမှာ များစွာအတုယူဖွယ်ပင်။ ခြေကျင်လျှောက်သူများက မီးပွိုင့်တွင် မီးစိမ်းပြမှသာ စနစ်တကျလမ်းဖြတ်ကူးကြပြီး ယာဉ်များကလည်း ခြေကျင်လျှောက်သူများကို အလေးပေးကြသည်။ နိုင်ငံကြီးသားပီသမှု၊ စည်းကမ်းတကျရှိမှုများ အတုယူစရာများဟု ဆိုချင်ပါသည်။

စင်္ကာပူနိုင်ငံအကြောင်းဆက်စပ်နေသဖြင့် အနည်းငယ်ရေးသား ဖော်ပြလိုပါသည်။ အရှေ့တောင်အာရှနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

များအသင်း မူလပထမ တည်ထောင်ခဲ့သည့် ခြောက်နိုင်ငံတွင် တစ်နိုင်ငံဖြစ်သည်။ ယင်းတို့မှာ စင်္ကာပူ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံတို့ဖြစ်သည်။ နောက်တိုးလေးနိုင်ငံကို စီ၊ အယ်လ်၊ အမ်၊ ဗီဟု အတိုကောက်ခေါ်ကြသည်။ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံတို့မှာ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ခဲ့သည်။

စာရေးသူက စင်္ကာပူနိုင်ငံသို့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်မှ ၂၃ ရက်ထိ အိုင်တီဘီအေးရှား ခရီးသွားပြပွဲတက်ရန် ဇနီးနှင့်အတူ လိုက်ပါဖူးသည်။ ခြောက်ကြိမ်မြောက် ခရီးဖြစ်သည်။

**"ဒုတိယအတွေ့အကြုံ"**တစ်ခု ဆက်လက်ဖော်ပြလိုသည်။

စာရေးသူသည် ၁၉၇၃ ခုနှစ်တွင် အရှေ့ဂျာမနီ (ဂျီဒီအာ)သို့ သတင်းစာကိုယ်စားလှယ်အဖွဲ့နှင့် ရောက်ဖူးသည်။၁၉၈၆ ခုနှစ်တွင် အနောက်ဂျာမနီ (အက်ဖ်အာဂျီ)သို့ သတင်းစာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ် လေ့လာခရီးသွားခဲ့သည်။ ထိုစဉ်က ဂျာမနီနိုင်ငံသည် နှစ်ပိုင်းကွဲနေသည်။ အနောက်ဂျာမနီက ပိုမိုဖွံ့ဖြိုးသည်။ လူဦးရေလည်း ပိုများသည်။ နှစ်နိုင်ငံတူညီသောအချက်မှာ ယာဉ်မောင်းစဉ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမှာ စံပြုလောက်သည်။ နမူနာယူလောက်သည်။ အော်တိုဘန်းခေါ် အဝေးပြေးလမ်းမကြီးပေါ်တွင် ယာဉ်မောင်းပုံမှာ စနစ်တကျရှိလှသည်။

ယာဉ်မောင်းနေစဉ် "လိုင်း"ကူးမည်ဆိုပါက မီးဖြင့် အချက်ပြသည်။ "လိုင်း"ကူးစဉ် နောက်ကလာမည့် ယာဉ်ရှိမရှိ၊ ရှင်းမရှင်း သေချာစွာကြည့်ပြီးမှ "လိုင်း"ကူးသည်။ နောက်မှကားကလည်း ရှေ့ကားကိုဦးစားပေးသည်။ ဤအချက်မှာ မြန်မာနိုင်ငံရှိ ယာဉ်မောင်းများနှင့် လုံးဝမတူညီပါ။ ယာဉ်တစ်စီးနှင့်တစ်စီး တိုက်မိခြင်းမရှိ၊ အန္တရာယ်ကင်းလှသည်။ ယာဉ်မောင်းစဉ် အရက်သေစာ သောက်စားမှု ဆင်ခြင်ကြသည်။ ဆိုင်ရာများကလည်း ပုံမှန်စစ်ဆေးကြပ်မတ်ပြီး လိုအပ်သလို အရေးယူကြသည်။ ဟွန်းတီးခြင်းကိုလည်း ရှောင်ကြဉ်ကြသည်။

အထူးသဖြင့် လမ်းပေါ်တွင် စည်းမဲ့ကမ်းမဲ့ အမှိုက်မပစ်ကြ၊ လမ်းသန့်ရှင်းရေးကိုလည်း ခေတ်မီမော်တော်ယာဉ်ကြီးများဖြင့် လမ်းပေါ်သို့ ရေဖြန်းသန့်ရှင်းကြသည်။ အိမ်ကြမ်းပြင်ပေါ်တွင် ပြောင်လက်နေအောင် ကြမ်းတိုက်သန့်ရှင်းထားသကဲ့သို့ မြင်ဖူးသည်။

စာရေးသူ အထူးတင်ပြချင်သည့် အတွေ့အကြုံမှာ ဤသို့ဖြစ်သည်။ တစ်ကြိမ်က မိမိအိမ်ရှေ့ ကားရပ်သည့်နေရာမှ ယာဉ်မောင်းထွက်လာပြီး ကားရပ်ရန်နေရာတွင် ခုံများချထားခဲ့သည်။ ကိစ္စပြီးလို့ အိမ်သို့ပြန်လာရာ အိမ်ရှေ့တွင်ချထားသည့်ခုံများ မူလအတိုင်းရှိနေသည်။ ယာဉ်ကိုရပ်ပြီး ထိုခုံများကို ရွှေ့မည်အလုပ်တွင် နိုင်ငံခြားသားတစ်ဦးက ထိုခုံများကိုဖယ်ပြီး လမ်းဘေးသို့ရွှေ့ပေးသည်။ စာရေးသူသည် ယာဉ်နေရာယူရပ်ပြီး၊ ထိုပုဂ္ဂိုလ်ထံ အပြေးသွားသည်။ ကျေးဇူးတင်ကြောင်းပြောပြီး ဘယ်နိုင်ငံကပါလဲဟုမေးရာ ဂျာမနီနိုင်ငံကပါဟု ပြောပြသွားသည်။ ယခုအခါတွင် အရှေ့၊ အနောက် ဂျာမနီနိုင်ငံတို့မှာ ပေါင်းစည်းသွားပါပြီ။

ကူညီရိုင်းပင်းတတ်မှုကို အလုပ်နှင့်ပြသွားသည်။ တိုးရစ်ပင်ဖြစ်သော်လည်း ကူညီတတ်ပုံမှာ လေးစားထိုက်သည်။ အတုယူထိုက်သည်။ နိုင်ငံကြီးသား ပီပီကူညီတတ်မှု၊ ရိုင်းပင်းတတ်မှု၊ အသိတရားရှိမှုတို့မှာ စံနမူနာဖြစ်ပါသည်။

**တတိယအတွေ့အကြုံ**မှာ နိုင်ငံတွင်း မြင်တွေ့ရပုံဖြစ်ပါသည်။ စည်ပင်မှ အထူးသန့်ရှင်းရေး ပြုလုပ်ထားသော လမ်းမကြီးများ၊ အများပြည်သူ သွားလာနေသောလမ်းများ၊ အထူးသဖြင့် မြို့တွင်းနေရာ ခြောက်မြို့နယ်ရှိ လမ်းများပေါ်တွင် မြင်တွေ့ရပုံဖြစ်ပါသည်။ ကွမ်းစားပြီး ကွမ်းတံတွေးများကို စည်းမဲ့ကမ်းမဲ့ ထွေးပစ်ခြင်းဖြစ်သည်။ အမှိုက်များကိုလည်း မဆင်မခြင် ပစ်ချတတ်ကြသည်။ တစ်ခါတစ်ရံ အဖိုးတန်ကားကောင်းများပေါ်မှလည်း ထိုအမူအကျင့်မျိုးပြုတတ်သည်။ ရက်ဖွယ်အတိ၊ ရှုံ့စရာအတိဖြစ်သည်။ ဆင်ခြင်ကြသင့်ပါသည်။ ယာဉ်ပေါ်တွင် ထွေးစရာ ထွေးခံခွက်များ၊ အမှိုက်ပုံးငယ်များ မဖြစ်မနေ ထားရှိပြီး၊ စနစ်တကျ စွန့်ပစ်သင့်ကြောင်း အကြံပြုပါသည်။

ဖော်ပြပါအချက်များကို သက်ဆိုင်သူတိုင်း တိုင်တွေးတောဆင်ခြင်ကြ ပြုပြင်ကြသင့်ပါသည်။ ဒါအသေးအဖွဲ့လားဆိုသည်ကို အလေးအနက် တွေးတောဆင်ခြင်စေချင်ပါသည်။

စာရေးသူကတော့ **"ဒါ အသေးအဖွဲ့မဟုတ်ပါ"**ဟု ပြောချင်ပါသည်။

**လှထွန်း(ဒွေးတေး)**

www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူတော်ငွေပဒေသာပင် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာ အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါန မျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အစွန့် ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပူပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်သည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်ကာ • • •ပင်းမွှေကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့် • • •

ဦးညွန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။


၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်း ဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး ♦ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇

ဂေါပကအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အေးရိပ်သာယာ ဂေဟာ

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

မှောင်ရီပျိုးနေချိန်မို့ ပန်းခြံတွင် လူရှင်းနေသည်။ မြောက်ပြန်လေနုအေးက တသောသောကလူလျက်ရှိ၏။ ရာသီဥတုက အေးစိမ့်နေသော်လည်း သူတို့နှစ်ဦး၏ ရင်ထဲတွင် ဗလောင်ဆူလျက်ရှိ၏။

"ကဲ ...မောင် ဘာငြင်းချင်သေးသလဲ ပြောစမ်း။ နေ့ခင်း ၁ နာရီတိတိမှာ မောင့်ဆီကို မြင့် ဖုန်းဆက်တယ်။ မောင် မရှိဘူး။ မောင့်စာရေးမခင်ခင်ရီလည်း အပြင်သွားနေတယ်တဲ့။ မောင်တို့နှစ်ယောက် ချိန်းပြီးဘယ်ကိုသွားကြသလဲ ပြောစမ်း"

မြင့်မြင့်ကြည်၏ အသံများသည် ဒေါသကြောင့် တုန်နေ၏။ သက်ဝင်းတမူ အဝေးတစ်နေရာဆီသို့ စိတ်ပျက်စွာ ငေးကြည့်နေ၏။

"မင်းတို့မိန်းမတွေ အဲဒါခက်တာပဲ။ အင်မတန် အူတိုတယ်။ ဘာကိုမှ ကျယ်ကျယ်ပြန့်ပြန့်မတွေးဘူး။ ထင်ကြေးနဲ့ရမ်းပြီး စွပ်စွဲတယ်။ အဲဒါသိပ်များတာပဲကွာ"

"စွပ်စွဲရမှာပေါ့။ မောင်က ရုံးမှာ လူနဲ့သိပ်ရောတယ်လို့ သတင်းထွက်နေတာကိုး"

"အေး ...အဲဒါခက်တာပဲ။ ခင်ခင်ရီက လုပ်သားကောလိပ်မှာ တက်နေတယ်။ သူ့ရဲ့အထူးပြုဘာသာရပ်က သမိုင်းဆိုတော့ မနုဿဗေဒကို ကောင်းကောင်းမလိုက်နိုင်တာကြောင့် မောင့်ဆီမှာ အကူအညီတောင်းတယ်။ ဒါ့ကြောင့် အလုပ်အားတဲ့အချိန်တွေမှာ သူ့ကို စာသင်ပေးရတာပေါ့။ အဲဒါ ဆန်းသလား မိန်းမရာ"

"ထားပါတော့လေ။ နေ့ခင်းက နှစ်ယောက်စလုံး ရုံးမှာမရှိကြတဲ့ကိစ္စကိုရော ဘယ်လိုဆင်ခြေပေးဦးမှာလဲ။ စကားတောင်စားကြီးရဲ့"

"ဩော် ... ဒီကိစ္စလား။ နေ့ခင်း ၁ နာရီမှာ မောင်က အသက်အာမခံရုံးကို သွားတယ်။ မယုံရင် အဲဒီရုံးက မြင့်ရဲ့ အစ်ကိုဝမ်းကွဲ ကိုမြအောင်ကြီးကို မေးကြည့်ပေတော့။ ခင်ခင်ရီကတော့ စာမေးပွဲလျှောက်လွှာပုံစံ သွားတင်မယ်ဆိုပြီး ခွင့်ယူသွားတာပဲ။ ဒါကြောင့် ရုံးမှာမရှိတာ ဖြစ်မှာပေါ့။ ကိုင်း ... ကျေနပ်ပြီလား မောင့်ထိပ်ထား၊ ကျေနပ်ရင် အိမ်ပြန်ကြမယ်"

သက်ဝင်းသည် ပြောပြောဆိုဆိုနှင့် မတ်တတ်ရပ်လိုက်၏။ မြင့်မြင့်ကြည်လည်း ထိုင်နေရာမှ လေးတွဲ့စွာ ထလိုက်၏။

"ဒီတစ်ခါတော့ မောင့်ရဲ့ ရှင်းလင်းချက်တွေကို လက်ခံလိုက်တယ်။ နောက်ထပ်ဘာဘာညာညာ မကြားရစေနဲ့။ မြင့်အကြောင်း မောင်သိပါတယ်လေ"

အသေးစားရန်ပွဲလေးကို ဤနှယ် နိဂုံးချုပ်လိုက်ကြကာ သူတို့နှစ်ဦး အိမ်သို့ပြန်လာကြ၏။

"အေးရိပ်သာယာ"

လမ်းမီးရောင်အောက်ဝယ် ဤဆိုင်းဘုတ်ငယ်သည် ခြံ့ဝမှနေ၍ သူတို့ကို ဆီးကြိုနေ၏။ "အေးရိပ်သာယာ"သည် သုံးခန်းတွဲ တစ်ထပ်ပျဉ်ထောင်အိမ်ကလေးတစ်လုံး ဖြစ်၏။ လက်ျာဘက်အစွန်ဆုံးအခန်းတွင် အိမ်ပိုင်ရှင် ဒေါ်အေးမြနှင့် သူမ၏ခင်ပွန်း ဦးဘအေးတို့ နေထိုင်ကြ၏။ အလယ်ခန်းတွင် သက်ဝင်းတို့လင်မယား၊ လက်ဝဲဘက် အစွန်ဆုံးတွင်မူ စာရေးဆရာကိုမေတ္တာတို့ ဇနီးမောင်နှံ စံမြန်းကြ၏။

"ဒေါ်ဒေါ်တို့လင်မယားကတော့ အသက်လည်းကြီးပြီမို့ အေးအေးဆေးဆေးပဲနေချင်ကြတယ်။ ဒေါ်ဒေါ့်ရဲ့ နာမည်က ဒေါ်အေးမြ၊ ခင်ပွန်းနာမည်က ဦးဘအေး၊ အိမ်နာမည်ကိုတောင် 'အေးရိပ်သာယာ'လို့ နာမည်ပေးထားတာကြည့်လေ။ ဒါကြောင့် အိမ်ငှားထားဖို့ဆိုရင် လူသိပ်ရွေးတယ်ကွဲ့။ သားသမီးလုံးဝမရှိတဲ့သူ၊ မိတ်ဆွေအပေါင်းအသင်း နည်းတဲ့သူတွေကိုပဲ ငှားဖို့ဆုံးဖြတ်ထားတယ်။ မောင်ရင်တို့ရော သားသမီးတွေရှိသလား၊ မိတ်ဆွေအပေါင်းအသင်းရော တော်တော်များသလား"

"ကျွန်တော်တို့ လင်မယားနှစ်ယောက်တည်းပါပဲ ဒေါ်ဒေါ်။ နောက်ပြီးတော့ မြင့်ရော ကျွန်တော်ပါ မိတ်



www.burmeseclassic.com

www.burmeseclassic.com

ဆွေအပေါင်းအသင်း သိပ်နည်းပါတယ်။ မရှိသလောက်ပဲဆိုပါတော့ ဒေါ်ဒေါ်ရယ်''

''အေး . . . အေး . . ဒါလောက်ဆို ဒေါ်ဒေါ်လိုချင်တဲ့ အရည်အချင်းမျိုးနဲ့ ပြည့်စုံတယ်လို့ဆိုရမှာပေါ့ကွယ်။ ဟိုဘက်အစွန်ဆုံးအခန်းက စာရေးဆရာမောင်မေတ္တာတို့ လင်မယားဆိုရင်လည်း အဲဒီလိုအရည်အချင်းမျိုးနဲ့ ပြည့်စုံလို့ လက်ခံခဲ့တာပဲ။ ဒေါ်ဒေါ်က မိတ်ဆွေတွေနဲ့ တရားထိုင်တယ်။ ဒေါ်ဒေါ့်ခင်ပွန်းကတော့ သူ့မိတ်ဆွေတစ်ယောက်ရဲ့အိမ်မှာ ညနေတိုင်း အဂ္ဂိရတ်သွားထိုးတယ်။ ဒါ့ကြောင့် ဒေါ်ဒေါ်တို့နှစ်ယောက်စလုံးက အေးချမ်းမှုကို သိပ်ပြီးလိုလားကြတာကွဲ့''

ဒေါ်အေးမြသည် လက်ထဲရှိ ဆေးပေါ့လိပ်မှ ပြာများကိုချွေလိုက်ပြီး တစ်စုံတစ်ရာကို သတိရဟန်ဖြင့် စကားဆက်ပြန်၏။

''သြော် . . . အရေးအကြီးဆုံး လိုအပ်ချက်ကြီးတစ်ခု ရှိသေးတယ်။ အဲဒါက ဒီအိမ်မှာ ငှားနေတဲ့အိမ်ငှားတွေဟာ ကိုယ့်အိမ်အချင်းချင်းလည်း ရန်မဖြစ်ရဘူး။ အိမ်နားနီးချင်းတွေနဲ့ ရန်ဖြစ်တာမျိုးကိုလည်း ရှောင်ရမယ်။ အဲ . . . ရန်ဖြစ်တဲ့ ဆူဆူညံညံအသံမျိုးကို ကြားရပြီဆိုရင်တော့ ချက်ချင်းပဲ အိမ်ရာလိပ်ကြပေတော့''

သက်ဝင်းရော မြင့်မြင့်ကြည်ပါ တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါကြည့်လိုက်ကြ၏။ ခက်သည်။ သူတို့နှစ်ယောက်သည် မတည့်အတူနေဆိုသော ကြင်ဘက်သက်နှံမျိုး ဖြစ်၏။ နယ်တွင် နေထိုင်စဉ်က မကြာခဏ တကျက်ကျက်စကားများခဲ့ကြ၏။ စကားများစဉ် တစ်ယောက်တစ်ခွန်း အားပါးတရအော်ဟစ်ကြ၏။ သို့ရာတွင် မည်သူမျှဖြန်ဖြေရန်မလို။ နာရီပိုင်းအတွင်းမှာပင် သူတို့ဟာသူတို့ အလိုအလျောက် ပြန်၍ပြေလည်သွားကြသည်သာ ဖြစ်၏။

---

''တော်စမ်း ကိုဘအေး။
ရှင့်ကို ကျွန်မ မပြောချင်လို့
ကြည့်နေတာ။
ဖိုထိုးတယ် ဖိုထိုးတယ်ဆိုပြီး
ဦးတင်ညွန့်တို့အိမ်မှာ
ခွက်ပုန်းသွားချနေတာ
ကျွန်မ မသိဘူး
အောက်မေ့နေသလား။
စုထားသမျှ ပိုက်ဆံတွေလည်း
ရှင် အကုန်အရည်
ဖျော်ပစ်လိုက်ပြီမဟုတ်လား။
သေချင်းဆိုး
ရစ်ထုပ်ကြီးရဲ့''

---

''အေးရိပ်သာယာ''တွင် အိမ်ခန်းငှားပြီး နေထိုင်ရန် အပေးအယူပြုလုပ်သောအခါ ဤအချက်သည် အရေးပါလာ၏။ စဘော်ရော အိမ်လခပါ သက်သာသည့် ဤအခန်းကို သူတို့လက်လွှတ်မခံရဲ။ ထို့ကြောင့်လည်း . . .

''စိတ်ချပါ ဒေါ်ဒေါ်။ ကျွန်တော်နဲ့ မြင့်ဟာ ငယ်ပေါင်းတွေမို့ သိပ်ချစ်ကြပါတယ်။ ရန်ဖြစ်ဖို့ မဆိုထားနဲ့ စကားကျယ်ကျယ်ပြောတဲ့ အသံမျိုးတောင် ဒေါ်ဒေါ်တို့ မကြားစေရပါဘူး''

ဟု ခပ်သွက်သွက် ကတိပေးလိုက်ရ၏။

''အေး . . . အေး . . . သာဓု သာဓု သာဓုကွယ်။ ဒီလို အိမ်ငှားမျိုးနဲ့ နေရမှ ဒေါ်ဒေါ်တို့လည်း စိတ်ချမ်းသာကြမှာ။ ကိုင်း . . . ကိုင်း . . . နေ့ကောင်းရက်သာရွေးပြီး ပြောင်းရွှေ့လာကြပေတော့''

ဤသို့လျှင် သက်ဝင်းတို့ ဇနီးမောင်နှံသည် ''အေးရိပ်သာယာ''သို့ ရောက်ရှိခဲ့ကြ၏။ မကြာလှပါ။ သူတို့အဖို့ အကျပ်အတည်းနှင့် ရင်ဆိုင်လာရ၏။ ပင်ကိုစရိုက် ဝလေ့အတိုင်း သူတို့လင်မယား မကြာခဏ ကတောက်ကဆဖြစ်ရန် အကြောင်းတွေက ပေါ်လာ၏။ သို့ရာတွင် စကားသံ အနည်းငယ်ကျယ်သွားလျှင်ပင် အိမ်ရှင်အဒေါ်ကြီး၏ ချောင်းဟန့်သံကို ကြားကြရသည်။ ထိုအခါ ရန်ဖြစ်လိုစိတ်များ ကြက်ပျောက်ငှက်ပျောက် လွင့်စဉ်ပျောက်ပျက်ကုန်ကြ၏။ သို့ရာတွင် ကြာရှည်ချုပ်တည်းထား၍ မရနိုင်ရကား သူတို့အဖို့ နည်းလမ်းရှာကြရ

www.burmeseclassic.com

တော့၏။

"နောင်ကို ... မြင့်နဲ့ မောင်ကတောက်ကဆဖြစ်စရာ အကြောင်းပေါ်လာရင် ပန်းခြံတစ်ခုခုကို သွားကြမယ်။ လူရှင်းတဲ့နေရာမှာ ရန်ဖြစ်မယ်။ ရင်ထဲပေါ့ပါးသွားတော့မှ အိမ်ပြန်လာကြမယ်။ မောင်တို့ အဲဒီမှာ တိတ်တခိုးရန်ဖြစ်ပြီးမှ ပြန်လာကြရင် အိမ်ရှင်အဒေါ်ကြီးလည်း ရိပ်မိမှာမဟုတ်ဘူး။ အဲဒီအကြံမကောင်းဘူးလား"

"အင်း ... ဟုတ်တယ်။ အဲဒီနည်းအတိုင်း စခန်းသွားကြတာပေါ့ မောင်"

ထိုအချိန်မှစ၍ သူတို့နှစ်ယောက်သည် စကားများရန်ဖြစ်ရန်အကြောင်းပေါ်လာတိုင်း တစ်ဦးကိုတစ်ဦး လက်ကုတ်ပြီး ပန်းခြံသို့မြန်းလေ့ရှိကြ၏။ ယခုလည်း ပန်းခြံတွင် ကျင်းပခဲ့သည့် ၂၃ ကြိမ်မြောက် ရန်ပွဲအပြီး အေးရိပ်သာယာသို့ပြန်လာခဲ့ကြခြင်းဖြစ်သည်။

အိမ်ပေါ်သို့မတက်မီ သက်ဝင်း၏ဦးနှောက်ထဲသို့ အတွေးတစ်ခု ဝင်လာသည်။ စာရေးဆရာကိုမေတ္တာ တို့လင်မယား၊ ဟုတ်ပါ၏။ သူတို့လင်မယားသည် အလွန်အေးဆေးစွာ နေထိုင်ကြသူများဖြစ်၏။ သူတို့အခန်းဆီမှ စကားကျယ်ကျယ်ပြောသံကိုပင် သက်ဝင်း မကြားဖူးခဲ့ချေ။ တစ်ခါ ... အခန်းတွင် လူမှရှိပါရဲ့လားဟု ... သံသယဖြင့် ကိုမေတ္တာတို့၏ အခန်းတွင်းသို့ ထရံပေါက်မှ ချောင်းကြည့်မိခဲ့ရသည်အထိ ဖြစ်၏။ ထိုအခါ ... ပေါ်တွင် စာရေးနေကြသော ကိုမေတ္တာတို့လင်မယားကို အားကျ ... တွေ့ရှိကြရ၏။

"ဩော် ... သူတို့များ ဘယ်ဘဝကရေစက်ကြောင့်ရယ် မသိဘူး။ အဆင်ပြေလိုက်ကြတာ၊ လင်ကလည်း စာရေးဆရာ၊ မယားကလည်း စာရေးဝါသနာပါ၊ ဘယ်လောက် ရှေ့သွားနောက်လိုက်ညီကြလဲ။ ငါနဲ့ မြင့်တို့ကတော့ ဟင်း .. ဟင်း .. ဟင်း"

ဤသို့လျှင် သက်ဝင်းအဖို့ သက်ပြင်းပြင်းအကြိမ်ကြိမ်ချခဲ့ရဖူးလေသည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကိုမေတ္တာတို့အိမ်ကို ခဏဝင်လည်မယ်။ လင်မယားရန်မဖြစ်ပဲနေနိုင်တဲ့ နည်းလမ်းအကြောင်းမေးကြည့်ရမယ်"

သူ့ခြေလှမ်းများကို ဦးတည်ချက်ပြောင်းလိုက်စဉ် မြင့်မြင့်ကြည်က နားမလည်ဟန်ဖြင့် တုံ့ခနဲရပ်လိုက်၏။

"မောင်ဘယ်သွားဦးမလို့လဲ၊ မိုးချုပ်နေပြီလေ"

"ကိုမေတ္တာတို့အခန်းကို ခဏဝင်လည်ကြရအောင်။ ဒီအိမ်ကို မောင်တို့ပြောင်းလာခဲ့တာ နှစ်လကျော်လာခဲ့ပြီ။ သူတို့နဲ့ မျက်မှန်းတန်းမိရုံကလွဲပြီး မရင်းနှီးသေးဘူး မဟုတ်လား။ ရင်းနှီးအောင် မိတ်ဆွေဖွဲ့ရင်း လင်မယားရန်မဖြစ်တဲ့ ဆေးနည်းအကြောင်း သူတို့ကိုမေးကြည့်ကြရအောင်လေ"

မြင့်မြင့်ကြည်သည် ငြင်းဆန်မနေတော့ဘဲ သက်ဝင်းနှင့်အတူ စာရေးဆရာကိုမေတ္တာတို့ အခန်းသို့ လိုက်ပါလာခဲ့၏။

"အလို ... ကျားသားမိုးကြိုး၊ မလာစဖူး ကိုသက်ဝင်းတို့ ဇနီးမောင်နှံပါလား။ လာကြဗျို့ ... အစန်းရေ၊ ရေနွေးကြမ်းအိုးယူခဲ့ပါဟေ့။ ပဲကြီးလှော်ရောပေါ့ကွာ"

ညှော်ခန်းတွင် ထိုင်နေသူ စာရေးဆရာကိုမေတ္တာက ဝမ်းသာလှိုက်လှဲစွာ ဆီးကြို၏။

"အေးဗျာ ... ပြောင်းလာစကတည်းက ဆရာတို့အခန်းကို အလည်လာမယ်၊ လာမယ်ဆိုပြီး တစ်ခါမှ မရောက်သေးဘူး။ စာရေးတဲ့လူကို မနှောင့်ယှက်ချင်တာလည်း ပါတာပေါ့လေ။ ဆရာ့စာတွေကို ကျွန်တော်ဖတ်ဖူးပါတယ်။ ကြိုက်လည်း ကြိုက်ပါတယ်"

"ကျွန်တော်လည်း ထုတ်ဝေသူတွေ နားပူနေတာနဲ့ တွန်းပြီးရေးနေရတာပါ။ အခုတော့ ရေးလက်စ စာမူကိုလည်း အဆုံးသတ်ပြီးသွားပြီမို့ အားနေပါတယ်။ ကဲ ... ရေနွေးသောက်ကြပါဦး။ ပဲကြီးလှော်လည်း ဝါးကြပါ"

သက်ဝင်းသည် ရေနွေးကြမ်းကို တဟူးဟူး မှုတ်သောက်နေရာမှ ကိုမေတ္တာ၏မျက်နှာကို မချိမချဉ်ပြုံး၍ ကြည့်လိုက်သည်။ ထို့နောက်

"ရောက်တုန်းပေါက်တုန်း ဆရာ့ဆီမှာ လေ့လာမေးမြန်းစရာလေးတွေ မေးခွင့်ပြုပါခင်ဗျား"

"ဆိုစမ်းပါဦး။ ကိုသက်ဝင်းက ဘာတွေသိချင်တာလဲ။ ကျွန်တော်က စာရေးဆရာဆိုတော့ စာပဲရေးတတ်တယ်။ စကားသိပ်မပြောတတ်ဘူးဗျို့"

"တခြားတော့ မဟုတ်ပါဘူး ဆရာ။ လင်မယားရန်မဖြစ်အောင်နေတဲ့နည်းပါ။ ကျွန်တော်တို့ဒီအခန်းပြောင်းလာကတည်းက အကဲခတ်နေတာ၊ ဆရာတို့လင်မယား သိပ်ပြီးသင့်မြတ်ကြတာပဲနော်။ စကားကျယ်ကျယ်ပြောတဲ့အသံကိုတောင် မကြားဖူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကိုမေတ္တာနှင့် သူ့ဇနီးစန်းစန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အဓိပ္ပာယ်ပါပါပြုံးလိုက်ကြ၏။

"ဟား ...ဟား ...ဟား၊ ကိုသက်ဝင်းတို့လွဲနေပြီဗျို့။ ကျွန်တော်တို့လင်မယားကသာ ကိုသက်ဝင်းတို့ဆီမှာ နည်းယူရမှာဗျ။ ကြံ့တုန်း နည်းကောင်းလေးများရှိရင် ကျွန်တော်တို့ကို ညွှန်ခဲ့ပါဦးဗျာ"

ရော ...ခက်ချေပြီ။ သူတို့ဆီမှာ နည်းနာယူရဦးမည်တဲ့။ သက်ဝင်းအဖို့ မတတ်သာတော့သည့်အဆုံး ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်ရလေတော့သည်။ ထိုအခါ ကိုမေတ္တာသည် အူနှိပ်ဗိုက်နှိပ် ရယ်လေတော့၏။

"အဲဒါပဲ ဆရာရေ၊ အိမ်ရှင်အဒေါ်ကြီးကိုလန့်တာနဲ့ အတွင်းမှာလောင်ရမယ့်မီး အပြင်မှာ သွားရှို့ကြရတာပဲဗျို့။ ဒါ့ကြောင့် လင်မယားရန်မဖြစ်ဘဲ နေနိုင်တဲ့နည်းအကြောင်း ဆရာ့ဆီမေးမြန်းဖို့ လာခဲ့ကြတာပဲ"

ထိုအခါ ကိုမေတ္တာက ခွက်ထိုးခွက်လန်ရယ်သည်။

"ဟားဟားဟား ...ခင်ဗျားတို့ရဲ့ နည်းကလည်း မဆိုးဘူးဗျို့။ ကျွန်တော်တို့ရဲ့နည်းကတော့ အသံတိတ်ရန်ဖြစ် နည်းလေ"

ကိုမေတ္တာသည် သူ့ဇနီးစန်းစန်းကို မျက်ရိပ်ပြလိုက်၏။ နှုတ်မှလည်း

"စန်းရေ ကိုယ်တို့ရဲ့ပစ္စည်းတွေ သွားယူခဲ့ပါကွာ။ ကိုသက်ဝင်းတို့မောင်နှံကို ပြကြရအောင်"

စန်းစန်းလည်း သွက်လက်ပေါ့ပါးစွာ အိပ်ခန်းထဲသို့ ဝင်သွား၏။ မကြာမီစာရွက်တွေ တစ်ထပ်ကြီးပိုက်လျက် ပြန်ထွက်လာသည်။

"အဲဒါတွေကိုသာ ဖတ်ကြည့်ပေတော့ ကိုသက်ဝင်းရေ"

သက်ဝင်းသည် စန်းစန်းလှမ်း၍ပေးလိုက်သော စာရွက်တွေကို စိတ်မပါတပါဖြင့် လှန်လှော ကြည့်ရှုနေမိ၏။

"ရှင်ဟာ လူအ လူညံ့ပဲ။ ထုတ်ဝေသူတွေတိုက်တွန်းတဲ့အတိုင်း အညီနှံ့ပါတဲ့စာမျိုးတွေ ရေးမှပေါ့။ ဒါမှ ငွေလေးဘာလေး ချောင်လည်မှာ"

"တော်စမ်းပါ မိန်းမရာ၊ ငွေမရလို့ ငတ်ပြီးမသေနိုင်ပါဘူး။ အဲဒီလို အညီနှံ့ပါတဲ့စာမျိုးတွေရေးရင် ငါ့ရဲ့ ကလောင်သိက္ခာကျမှာပေါ့။ စာရေးတဲ့ကိစ္စမှာ မင်းဝင်မရှုပ်ပါနဲ့ မိန်းမရာ"

"ရှုပ်သင့်ရင် ရှုပ်ရမယ်။ အိမ်မှာဖြင့် ဆန်၊ ဆီ ဝယ်စရာပိုက်ဆံကမရှိတော့ဘူး။ လဆန်းရင် အိမ်လခပေးရဦးမယ်ဆိုတာ သတိရပါ။ တော်ဟာ ဘာမှပူပန်တတ်တဲ့ လူစားမျိုးမဟုတ်ဘူး"

"ဟေ့ ...တော်တန်တိတ်၊ အချိန်တန်ရင် နပိန်ကန်လိမ့်မယ်။ မင်းထပ်မရှည်နဲ့တော့"

သက်ဝင်းသည် စာတစ်မျက်နှာခန့် ဖတ်ကြည့်ပြီး ကိုမေတ္တာကို နားမလည်ဟန်ဖြင့် စိတ်ပျက်စွာငေးကြည့်နေမိ၏။

"ကိုသက်ဝင်း စိတ်ရှုပ်သွားပြီထင်တယ်။ အဲဒါ အသံတိတ်ရန်ဖြစ်နည်းပဲပေါ့။ ကျွန်တော်တို့လင်မယားကတောက်ကဆဖြစ်တိုင်း အဲဒီလိုပဲ စာရွက်တွေပေါ်မှာရေးပြီး အသံတိတ်နည်းနဲ့ ရန်ဖြစ်ကြတယ်။ ဒါကြောင့် အိမ်ရှင် ဒေါ်အေးမြရော ခင်ဗျားတို့ပါ မရိပ်မိကြတာပေါ့။ အခုဆိုရင် အဲဒီလို စာရွက်မျိုးတွေ ငါးပိသာလောက်ရှိတော့မယ်ဗျို့ ...ဟားဟားဟား"

ကိုမေတ္တာသည် သူ့အပြောနှင့်သူ မနောခွေ့နေစဉ် အိမ်ရှင်ဒေါ်အေးမြတို့အခန်းဆီမှ ဆူဆူညံညံအသံကြားလိုက်ရသဖြင့် သူတို့အားလုံး ထိတ်ခနဲဖြစ်သွားကြ၏။

"တော် ...အသက်ကြီးခါမှ ဒီအရေတွေ မတရားမျိုးဆို့လာတယ်ပေါ့လေ။ ကြည့်စမ်းပါဦး ...တစ်ခန်းလုံးလည်း အနံ့ဖတ်တွေနဲ့ မြင်လို့မကောင်းတော့ဘူး"

"ဒီည ခါတိုင်းထက်နည်းနည်းများသွားလို့ပါ အေးမြရာ။ ဝေါ့ ...စိတ်မဆိုးပါနဲ့ကွာနော် ...နော်"

"တော်စမ်း ကိုဘအေး။ ရှင့်ကိုကျွန်မ မပြောချင်လို့ ကြည့်နေတာ။ ဖိုထိုးတယ် ဖိုထိုးတယ်ဆိုပြီး ဦးတင်ညွန့်တို့အိမ်မှာ ခွက်ပုန်းသွားချနေတာကျွန်မ မသိဘူးအောက်မေ့နေသလား။ စုထားသမျှ ပိုက်ဆံတွေလည်း ရှင်အကုန် အရည်ဖျော်ပစ်လိုက်ပြီမဟုတ်လား။ သေချင်းဆိုး ရစ်ထုပ်ကြီးရဲ့"

"အောင်မာ ...အောင်မာ ...ငါ့ကိုများ သေချင်းဆိုး ရစ်ထုပ်ကြီးတဲ့လား။ ဝေါ့ ...ထွီ ...ဟဲ့ ...မိအေးမြ၊ နင်ဒီအိမ်မှာ ဖဲဝိုင်းထောင်နေတာကိုရော ငါမသိဘူး အောက်မေ့သလား။ အိမ်ငှားတွေကိုတော့ ရန်မဖြစ်ရဘူးလေး ဘာလေးနဲ့ ပညတ်ထားတယ်။ အဲဒါ နင်တို့ဖဲဝိုင်း ချွန်ပျက်မှာစိုးလို့ မဟုတ်လား။ ဟယ်သေ



www.burmeseclassic.com

www.burmeseclassic.com

ငါလုပ်လိုက်ရ"

"ရစ်ထုပ်ကြီးက လူပါးဝလို့ .. ကဲဟယ် ... ကဲဟယ်"

ဝစီကံမှသည် ကာယကံဆီသို့ ကူးပြောင်းသွားလေပြီ။ ဆဲဆိုဆူညံ အော်ဟစ်သံများ တိတ်ဆိတ်သွားပြီး ဝုန်းဝုန်းဒိုင်းဒိုင်း ထုနှက်ရိုက်ပုတ်သံများ ပေါ်ထွက်လာ၏။ ကိုမေတ္တာနှင့် သက်ဝင်းတို့လည်း မနေသာတော့ဘဲ ထိုအခန်းဆီသို့ အပြေးအလွှားသွားကြလေတော့၏။ သူတို့မြင်လိုက်ရသော မြင်ကွင်းသည်ကား အလွန်ပင် စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းလှ၏။ ဦးဘအေး၏ ချိုစောင်းမှ သွေးများယိုစီးကျနေသည်။ ဒေါ်အေးမြ၏ မျက်လုံးတစ်ဖက်သည်လည်း ဖူးရောင်နေ၏။

"အီးဟီးဟီး ... ရှက်လိုက်တာ။ ငါ့တူတို့၊ တူမတို့ရယ် ... အဲဒီ ရစ်ထုပ်ကြီးကြောင့် အခုလို မဖွယ်မရာ ဖြစ်ကြရတာ ခွင့်လွှတ်ကြပါကွယ်"

"နင်တော်တော့နော် မိအေးမြ။ နင်ဖဲဝိုင်းထောင်တာကရော ကောင်းသလား။ တယ်လေ ... ငါ့ရဲ့စခန်းကို တိုင်လိုက်ရလို့"

"ကဲပါဗျာ၊ ဒေါ်ဒေါ်ရော ဦးလေးပါ တော်ကြပါတော့။ ပြောသမျှတွေ ကြားရလို့ ကျွန်တော်တို့ သိပြီးပါပြီ။ နှစ်ယောက် စလုံး မလုပ်သင့်တာတွေ ဆက်မလုပ်ကြပါနဲ့တော့"

သက်ဝင်းက ဝင်၍ ဖြန်ဖြေသည်။

"ဟုတ်တာပေါ့ ဦးလေးနဲ့ ဒေါ်ဒေါ်ရယ်။ အိမ်ခန်းထဲမှာ ဖဲဝိုင်းထောင်တာက လောင်းကစားမှုဒုစရိုက်လုပ်ငန်းခင်ဗျ။ အဲ ... အရက်အလွန်အကျွံသောက်တာကလည်း ကျန်းမာရေးအတွက်ရော၊ စီးပွားရေးအတွက်ပါ အန္တရာယ်ကြီးလှပါတယ်။ ဒီတော့ ရှေ့ကို အဲဒါတွေ လုံးဝစွန့်လွှတ်ကြပြီး ကောင်းကောင်းမွန်မွန်နေကြပါ။ အားလပ်တဲ့အခါ ဒေါ်ဒေါ်က ကျွန်တော့်ဇနီးစန်းစန်းနဲ့ ကိုသက်ဝင်းရဲ့ဇနီးကို တရားဓမ္မအကြောင်း ပြောပြပေးပါ။ ဆုံးမပါ။ ဦးကတော့ ကျွန်တော်တို့နဲ့ လောကီအကြောင်း၊ နိုင်ငံရေးအကြောင်းတွေ ဆွေးနွေးကြတာပေါ့။ ဒါမှ ကျွန်တော်တို့ လင်မယားအချင်းချင်းတွေလည်း ရန်ဖြစ်ဖို့အချိန် နည်းသွားမယ်။ ဦးနဲ့ဒေါ်ဒေါ်တို့လည်း သင့်သင့်မြတ်မြတ်နေနိုင်သွားကြမယ် မဟုတ်လား"

ကိုမေတ္တာက ဝင်ဖြည့်သည်။

"ငါမှားပါတယ် အေးမြရယ်။ နောင်ကို ဆင်ခြင်ပါတော့မယ်ကွာ"

ဦးဘအေးက နောင်တစကားဆို သည်။ ဒေါ်အေးမြကလည်း မျက်ရည်များကိုသုတ်ရင်း –

"ကျွန်မလည်း ဆင်ခြင်ပါတော့မယ်။ ကိုဘအေးအပေါ် ကိုယ်ထိလက်ရောက် စော်ကားမိတဲ့အတွက်လည်း တောင်းပန်ပါတယ်"

သူတို့အားလုံး၏ မျက်နှာများသည် ယခုမှ တဖြည်းဖြည်းချင်း ပြုံးလာနိုင်ကြတော့သည်။

"အခုမှ တကယ့် 'အေးရိပ်သာယာ' ဂေဟာအစစ် ဖြစ်လာနိုင်တော့မှာဗျို့"

သက်ဝင်းက အားပါးတရ ဥဒါန်းကျူးရင့်လိုက်ခြင်း ဖြစ်၏။

**မနုသကျော်ဝင်း**
**(အမျိုးသားစာပေဆုရ)**


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**
**အဆောင်ဓာတ်လုံး**
**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-နေ-ပညာ စသည်တို့အတွက် သေချာစိမ်၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။
၂။ ဝီယ+နေ၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။
၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။
၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။
၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက...

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# လူ့ဘုံဘဝ အမှုကြုံရလျှင်

## အင်္ဂဝိဇ္ဇာဆရာအောင်

လူ့ဘဝသက်တမ်းအားဖြင့် တစ်ရာတန်းသာ မနေရချင်ရှိလိမ့်မည်။ အမှုကိစ္စ၊ ပြဿနာပေါင်းစုံကဖြင့် တစ်ရာမက ကြုံရတွေ့ရတတ်သည်ချည်း။ ပြေလည်အောင် ဖြေရှင်းနိုင်သည့် အခြေအနေ၊ အနေအထားတို့ရှိလျှင် အကြောင်းမဟုတ်။ အခွင့်မသာ၊ အခါမပေးပါက ကိုယ်ရောစိတ်ပါ ထောင်းထောင်းကျေရတော့သည်။ ထိုအခါမျိုးတွင် အားကိုးရာရှာတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ ဤနေရာ၌ မိမိဘက်က အမှန်အတိုင်းဖြစ်နေပါက တရားကို နှတ်စောင့်ပါလိမ့်မည်။ ထိုအခါဝယ် ကံကြမ္မာအတွက် အထောက်အကူပြုပေးနိုင်မည့် အစွမ်းထက်မြက်လှစွာသော လောကီယတြာလေးတစ်ခုကို အလျဉ်းသင့်သဖြင့် ဖော်ပြလိုက်ပါသည်။ ယုံကြည်မှုရှိစွာဖြင့် လုပ်ဆောင်ခဲ့ကြသူတို့ အမှုကိစ္စအပေါင်းပြဿနာအပေါင်းမှ ပြေလည်သွားကြသော ဖြစ်ရပ်များစွာရှိသဖြင့် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

(၁) တနင်္ဂနွေသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက…မျောက်၊ မြင်း စသော တိရစ္ဆာန်များကို အစာကျွေးပါ။ လူသွားလမ်းများ၌ သဲခင်းပေးပါ။

(၂) တနင်္လာသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက…နွားတိရစ္ဆာန်ကို အစာကျွေးပါ။ ဘုရားစောင်းတန်းကို သန့်ရှင်းရေးပြုလုပ်ပေးပါ။ (ကထန်းသားကို လုံးဝမစားရပါ။)

(၃) အင်္ဂါသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက…အုန်းနို့ဆွမ်းကို ကပ်ပေးပါ။ ကလေးသူငယ်များကို ကျောက်ကျောကျွေးပါ။ အိမ်သန့်ရှင်းရေးပြုလုပ်ပေးပါ။

(၄) ဗုဒ္ဓဟူးသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက…ဝက်တိရစ္ဆာန်ကို အစာကျွေးပါ။ ၂၇ ရက်တိတိ အဓိဋ္ဌာန်ပုတီးစိပ်ပါ။

(၅) ကြာသပတေးသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက…ဘုန်းတော်ကြီးတစ်ပါးပါးအား အလှူဒါနပြုပေးပါ။ ကုဋီကို ဆေးကြောသန့်စင်ပေးပါ။

(၆) သောကြာသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက…နွားတိရစ္ဆာန်ကို အစာကျွေးပါ။

(၇) စနေသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက…နွားတိရစ္ဆာန်ကို အစာကျွေးပါ။ ဘုန်းကြီးကျောင်းမှ ကုဋီများကို ဆေးကြောသန့်စင်ပေးပါ။

အဆိုပါ ယတြာများအား ယုံကြည်မှုဖြင့် လုပ်ဆောင်ကြည့်ပါက ထူးကဲသော အကျိုးကျေးဇူးများ ခံစားရလိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

အင်္ဂဝိဇ္ဇာဆရာအောင်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမောဟ

တင်ဝင်းလှ

"မအေကြီးရယ်လို့ ရှင့်ရဲ့ ညီက ဘာတစ်ခု လုပ်ပေးခဲ့ဖူးတာ ရှိသလဲ။ ရှင့်အမေအတွက်ဆိုရင် ရှင်နဲ့ကျွန်မက သာ ဘာမဆို ဒိုင်ခံလုပ်ပေးခဲ့ရတာပဲ မဟုတ်လား။ အဲဒီတော့ ဒီပစ္စည်းတွေ ဟာ ရှင့်ညီနဲ့ မတန်ပါဘူးရှင်"

ဇနီးသည် မအေး၏စကားကြောင့် ကိုကျော်သာတစ်ယောက် စိတ်ညစ်ညစ် ဖြင့် ခေါင်းကိုကုတ်မိသည်။

"ရှင် သေသေချာချာ စဉ်းစားပါ။ ရှင်လည်း အသက်ကြီးလာပြီ။ ရှေ့လုပ် နိုင်မှ လေးငါးနှစ်ပေါ့။ ရှင်နားပြီဆိုရင် ကျွန်မတို့လက်ထဲမှာ ဘာရှိမလဲ။ ရှင့် သားနှစ်ယောက်ပဲရှိမယ်။ ရှင်ဖြစ်ချင်တဲ့ အတိုင်း ရှင့်သားနှစ်ယောက်ကို နိုင်ငံ ခြားပို့ပေးချင်တယ်ဆိုရင် ဒီနည်းပဲ ရှိ တော့တယ်"

ကိုကျော်သာ ခေါင်းကို တွင်တွင် [illegible]တ်နေမိသည်။

"မနက်ဖြန်ဆိုရင် ရှင့်ညီကိုအောင် [illegible] ရောက်လာတော့မယ်။ သူရောက် [illegible]မှဆိုရင် မကောင်းတော့ဘူး။ ဒီ [illegible]တွေကို မိစိန် ဈေးကပြန်လာလို့ [illegible]သွားရင် မကောင်းဘူး။ ရှင် အဲ့ဒီ [illegible] မနေစမ်းပါနဲ့။ တစ်ခုခုပြောစမ်း [illegible] ရှင့်သားနှစ်ယောက်အတွက်ပါရှင်။ [illegible]ယူလိုက်တော့မယ်နော်...နော် [illegible]နော်"

ဇနီးဖြစ်သူက ကိုကျော်သာ၏ပခုံး ကို တွန်း၍ တွန်း၍ မေးနေသည်။ ကိုကျော်သာ ခေါင်းတွေရှုပ်လာသည်။

"မသိတော့ဘူးကွာ။ ငါဘာမှမသိ တော့ဘူး။ လုပ်ချင်တာသာ လုပ်ကြ တော့။ စိတ်တွေ အရမ်းညစ်တာပဲ"

ပြောပြောဆိုဆို ကိုကျော်သာ နေရာမှထသည်။ မိခင်ကြီး၏ အခန်း ဘက်သို့ လှမ်း၍ကြည့်သည်။ စိတ် လည်း မကောင်း။ အိမ်ပေါ်မှ ဆင်းလာ ခဲ့သည်။ သည်လို ညစ်ပြီဆိုလျှင် သွား စရာက တစ်လမ်းသာရှိသည်။ ကိုဌေး၏ "သက်သာဆိုင်"သို့တည်း။ စိတ်ညစ်တာ တွေ သက်သာဖို့က ဒီဆိုင်မှာသောက် ဖို့သာ ရှိသည်။ သောက်တော့လည်း မူးသည်။ မူးတော့လည်း မသက်သာ သည့် စိတ်က သက်သာသလိုလို ရှိ သည်။ ဒါပေမယ့် မိခင်ကြီးကိုတော့ မျက်စိထဲက မထွက်။

× × ×

အမှုမှာ အမွေပုံ စီမံခန့်ခွဲပေးစေ လိုမှု ဖြစ်သည်။ အရပ်စကားနဲ့ ပြော မည်ဆိုလျှင်တော့ အမွေခွဲပေးဖို့ စွဲသည့် အမှု ဖြစ်သည်။ "တရားလို"မှာ ညီဖြစ် သူ ကိုအောင်သာဖြစ်ပြီး "တရားပြိုင်" မှာ အစ်ကိုဖြစ်သူ ကိုကျော်သာဖြစ် သည်။ တရားလိုဘက်မှ တောင်းဆို သည်မှာ ကွယ်လွန်သူ မိခင်ကြီးဒေါ်ရွှေ ချစ်ပိုင် ငွေသားကျပ်သိန်း ၃၅၀ နှင့် ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေလက် စွပ် ကာလတန်ကြေး သိန်း ၇၀ ဖိုးခန့် တို့ကို ထက်ဝက်ရလိုမှု ဖြစ်သည်။

ထိုအမှုကို တရားရုံးတော်က ကြားနာပြီးနောက် ကွယ်လွန်သူ ဒေါ်ရွှေ ချစ်ပိုင် အမွေဝေစုကို သားနှစ်ဦးဖြစ် သော တရားလိုနှင့် တရားပြိုင်တို့က တစ်ဝက်စီရထိုက်ကြောင်း "ပဏာမ ဒီကရီ" ချမှတ်ခဲ့ပါသည်။ အရပ်စကား ဖြင့် နားလည်အောင် ထပ်မံပြီး ရှင်းပြရ ဦးမည်ဆိုလျှင် အမွေခွဲပေးရန် စွဲဆို သည့် အမှုမျိုးတွင် အကြမ်းအားဖြင့် တရားရုံးတော်က အဆင့်နှစ်ဆင့်ခွဲပြီး အမှုကို စီရင်ဆုံးဖြတ်ပေးပါသည်။

ပထမအဆင့်မှာတွင် စွဲဆိုသော အမှုသည် အမွေခွဲဝေပေးထိုက်သော အမှု ဟုတ်မဟုတ်၊ အမှုသည်များမှ အမွေရထိုက်သူများ ဟုတ်မဟုတ်၊ အမွေရထိုက်သူများဖြစ်ပါက မည်သည့် အချိုးအစား ရထိုက်ခွင့်ရှိကြောင်းတို့ကို ဦးစွာ ဆုံးဖြတ်ပေးပါသည်။ ထိုသို့ ပထမ ပိုင်း ဆုံးဖြတ်ပေးသော ဆုံးဖြတ်ချက်ကို "ပဏာမဒီကရီ"ချမှတ်သည်ဟု ခေါ်ဆို ခြင်း ဖြစ်သည်။

ဒုတိယအဆင့်မှာ အမွေခွဲဝေပေး ရမည့် ပစ္စည်းစာရင်းနှင့် တန်ဖိုးတို့ကို



www.burmeseclassic.com

www.burmeseclassic.com

စစ်ဆေးအတည်ပြုခြင်း ဖြစ်ပါသည်။ ထိုအဆင့်ကိုမှ အမှုစစ်ဆေးသော တရားသူကြီးက "ကော်မရှင်နာ"ထံ လွှဲအပ်၍ ဆောင်ရွက်စေပါသည်။ "ကော်မရှင်နာ"ဆိုသည်မှာ တရားရုံးတော်တွင်ရှိသော တရားရေးဦးစီးမှူး တစ်ဦးဦးသော်လည်းကောင်း၊ ရှေ့နေတစ်ဦးဦးသော်လည်းကောင်း ဆောင်ရွက်နိုင်သည်။ ကော်မရှင်နာသက်သေ၊ လူသက်သေများကို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို တရားသူကြီးထံသို့ အစီရင်ခံစာ တင်ပြရသည်။ ထိုအစီရင်ခံစာကို ကော်မရှင်နာ အစီရင်ခံစာဟု ခေါ်ပါသည်။

ထိုအစီရင်ခံစာကိုကြည့်၍ မည်သူက မည်သည့်အရာကို ရထိုက်ကြောင်း တရားသူကြီးက အပြီးသတ်အဆုံးအဖြတ်ပေးပါသည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ အမွေဆိုင်များက သဘောတူ ခွဲဝေယူကြမည်ဆိုလျှင် အမှုမှာ ပြီးဆုံးခြင်းသို့ ရောက်ပါသည်။ အချင်းချင်း ညီညီညွတ်ညွတ် ခွဲဝေမယူနိုင်ပါက တရားရုံးတော်၏ ဘီးလစ်စာရေးကြီးက ရုံးတော်၏ အမိန့်ဖြင့် ခွဲဝေပေးပါသည်။ ခွဲပေး၍ရသောနည်းကို ခွဲပေးပါသည်။ ရောင်းပြီးခွဲမှရသော ပစ္စည်းကို ရောင်းပြီးခွဲပေးပါသည်။ အားလုံးပြီးလျှင် အမှုပြီးပါသည်။

× × ×

ယခုအမှုမှာ ပဏာမဒီကရီ ချမှတ်ပြီးနောက် အမွေပစ္စည်းစာရင်း ကောက်ယူရန်အတွက် ကော်မရှင်နာဖြစ်သူ တရားရေးဦးစီးမှူးထံသို့ လွှဲအပ်ပြီးဖြစ်ပါသည်။ ထို့ကြောင့် အမွေပစ္စည်းစာရင်း ကောက်ယူရန် ကိစ္စကို ကော်မရှင်နာက ဆက်လက်ဆောင်ရွက်ရပါသည်။ ဒေါ်ရွှေချစ်ပိုင် ငွေသား ကျပ်သိန်း ၃၅၀ မှာ ဘဏ်တွင်အပ်ထားခြင်းကြောင့် ထိုအမွေပစ္စည်းနှင့် စပ်လျဉ်း၍ ထူးထူးထွေထွေ အခြင်းများစရာအကြောင်း မရှိပါ။ သို့သော်လည်း ဒေါ်ရွှေချစ်ပိုင် ရွှေတစ်ဆင်စာမှာ အမွေပစ္စည်း ဟုတ် မဟုတ် အငြင်းပွားစရာ ပေါ်ပေါက်လာပါသည်။

တရားပြိုင်ဘက်မှ တင်ပြသည်မှာ ထိုရွှေတစ်ဆင်စာကို မိခင်ဖြစ်သူ ဒေါ်ရွှေချစ်က ချွေးမဖြစ်သူ မအေးအားငှင်းမကွယ်လွန်မီကပင် လက်ရောက်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ထိုသို့ ပေးအပ်ခြင်းမှာ မိခင်ကြီးဒေါ်ရွှေချစ် နာမကျန်းဖြစ်နေစဉ် ကာလအတွင်း သမီးအရင်းကဲ့သို့ ပြုစုစောင့်ရှောက်ခဲ့သဖြင့် ချစ်ခင်နှစ်သက်သောကြောင့် ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ထိုရွှေတစ်ဆင်စာမှာ မအေးပိုင်ပစ္စည်းများဖြစ်ပြီး အမွေပစ္စည်းများ မဟုတ်တော့ကြောင်း ချေပခဲ့သည်။ သက်သေအဖြစ် မအေး၏ညီမ မထွေးနှင့် မထွေး၏ခင်ပွန်း ကိုပေါ်တို့ကို သက်သေပြသည်။

ထိုရွှေတစ်ဆင်စာမှာ မိခင်ကြီးက မအေးကို ပေးအပ်ခဲ့ခြင်းမဟုတ်ကြောင်း၊ မိခင်ကြီးမကွယ်လွန်မီညက ထိုပစ္စည်းများကို မိခင်ကြီးသဘောမတူဘဲ မအေးက အတင်းအဓမ္မ ချွတ်ယူခဲ့ခြင်းသာဖြစ်ကြောင်း ကိုအောင်သာက သက်သေအဖြစ် ဒေါ်ရွှေချစ်၏တူမ မစိန်နှင့် ဒေါ်ရွှေချစ်အား မကွယ်လွန်မီ နောက်ဆုံးညနေက လာရောက်ကုသပေးသည့် ဆရာဝန် ဦးစိန်လှိုင်တို့ကို တင်ပြပါသည်။

ကော်မရှင်နာက မစိန်ကို ဦးစွာ စစ်ဆေးပါသည်။ မစိန်၏ ထွက်ဆိုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျွန်မ၏ အမည်ရင်းမှာ မခင်စိန် ဖြစ်ပါသည်။ မော်လမြိုင်ဇာတိဖြစ်ပြီး ကိုးနှစ်သံမီးအရွယ်တွင် မိဘနှစ်ပါး ကွယ်လွန်ခဲ့ပါသည်။ အခြားမွေးချင်းများ မရှိပါ။ ကျွန်မကို ကျွန်မမိခင်၏အစ်မကြီးဖြစ်သူ ဒေါ်ရွှေချစ်က ခေါ်၍မွေးခဲ့ပါသည်။ ထိုအချိန်မှစ၍ ဒေါ်ရွှေချစ်နှင့် အတူနေခဲ့သည်မှာ ကွယ်လွန်သည့်အချိန်အထိ ဖြစ်ပါသည်။ အကြီးဒေါ်ရွှေချစ်နှင့် ခင်ပွန်း ဦးကံတုန်းတို့သည် မော်လမြိုင်မြို့တွင် နေထိုင်ကြပါသည်။ ဦးကံတုန်းမှာ လွန်ခဲ့သော ငါးနှစ်ခန့်က ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ သူတို့တွင် ကိုကျော်သာနှင့် ကိုအောင်သာ သားနှစ်ဦးရှိပါသည်။ ကိုကျော်သာမှာ ဇနီးမအေးနှင့် အိမ်ထောင်ကျ၍ သားနှစ်ဦးရပြီး ရန်ကုန်မြို့တွင် နေထိုင်ပါသည်။ ကိုအောင်သာမှာ ဇနီးမနန်းမူနှင့် အိမ်ထောင်ကျပြီး မြစ်ကြီးနားမြို့တွင် နေထိုင်ပါသည်။

အကြီးဒေါ်ရွှေချစ်မှာ သွေးတိုးနှင့် ဆီးချိုရောဂါရှိပါသည်။ ဦးကံတုန်းကွယ်လွန်ပြီး နှစ်နှစ်လောက်အကြာမှာ နလုံးသွေးကြောကျဉ်းဝေဒနာ ရလာပါသည်။ ထို့ကြောင့် ရန်ကုန်မြို့သို့ ပြောင်း၍ ဆေးဝါးကုသရန် ဆုံးဖြတ်ခဲ့သည်။ မော်

www.burmeseclassic.com

လမြိုင်ရှိ နေအိမ်နှင့် ခနီခြံကို ကျပ်သိန်း ၄၅၀ ဖြင့် ရောင်းချခဲ့ပါသည်။ ကျပ်သိန်း ၂၀ ကို ကျွန်မ၏ ရေရှည်ရေး အတွက် ကျွန်မအမည်ဖြင့် ဘဏ်တွင် အပ်ပေးခဲ့ပါသည်။ ကျန်ငွေ ကျပ် ၄၃၀ သိန်းကို အကြီး၏အမည်ဖြင့် ဘဏ်တွင် အပ်ထားပါသည်။

၂၀၁၅ ခုနှစ် မေလတွင် ကိုကျော်သာတို့၏အိမ်သို့ ကျွန်မနှင့် အကြီး၊ ဒေါ်ရွှေချစ်တို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ ထိုနှစ် ဇူလိုင်လတွင် အကြီး၏ရောဂါများ ဆိုးဝါးလာသဖြင့် ရန်ကုန်မြို့ရှိ ဘောဂတော်ဝင်ဆေးရုံကြီးသို့ တက်ရောက်ရပါသည်။ နလုံးသွေးကြောကျဉ်းသည့် ဝေဒနာကို ခေတ်မီကုထုံးများဖြင့် ကုသမှု ခံယူရပါသည်။

တစ်လနှင့်လေးရက် ကြာပါသည်။ ဆေးကုသမှု စရိတ်မှာ ၂၅ သိန်းခန့် ကုန်ကျပါသည်။ ဆေးကုသသည့် ကုန်ကျငွေ ဘောက်ချာများမှာ ကျွန်မသိမ်းထားပါသည်။ ရုံးတော်သို့ တင်ပြပါသည်။ အိမ်တွင် တစ်လကျော်ခန့်နေပြီး မသက်သာသဖြင့် ထိုဆေးရုံသို့ ပြန်၍ တက်ရပါသည်။ သုံးပတ်ခန့် နေရပါသည်။ ဆေးကုသစရိတ်မှာ ကျပ် ၁၅ သိန်းခန့် ကုန်ကျပါသည်။ ကုန်ကျစရိတ် ဘောက်ချာများကို တင်ပြပါသည်။ နောက်ဆုံးတွင် ဆေးရုံက လက်လျှော့လိုက်ပြီး အိမ်တွင်နေရန်နှင့် သောက်ဆေးများ ပေးလိုက်ပါသည်။

ဆေးရုံမှဆင်းပြီး တစ်ပတ်ခန့် အကြာတွင် အကြီး၏ ဝေဒနာမှာ သိသိသာသာ ဆိုးဝါး၍လာပါသည်။ ထို့ကြောင့် သားငယ် ကိုအောင်သာထံသို့ အကြောင်းကြားခဲ့ပါသည်။ ကိုအောင်သာမှာ အကြီးဆုံးသည့် ၆-၉-၂၀၁၅ ရက်နေ့တွင် ရောက်ရှိပါသည်။

ဒေါ်ရွှေချစ် ကွယ်လွန်သည့်အချိန်တွင် သူ၏ဘဏ်စာအုပ်တွင် ကျပ်သိန်း ၃၅၀ ကျန်ရစ်ပါသည်။ ထိုဘဏ်စာရင်းမှာ ကျွန်မ၏လက်ဝယ်တွင် ရှိပါသည်။ မူရင်းကိုပြသ၍ မိတ္တူကို ရုံးတော်သို့ တင်ပြပါသည်။ အကြီးတွင် နှစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံး ရှိပါသည်။ ဆွဲကြိုးတွင် ပတ္တမြားလုံးချော ဆွဲသီးတစ်လုံး ရှိပါသည်။ ထိုပတ္တမြားမှာ အရည်အသွေးကောင်းသဖြင့် ကျပ် ၁၀ သိန်းခန့် တန်သည်ဟု သိရပါသည်။ တစ်ကွင်းလျှင် သုံးမတ်သားရှိသည့် ရွှေလက်ကောက် ငါးကွင်း ရှိပါသည်။ ပတ္တမြားလက်စွပ် တစ်ကွင်းရှိပါသည်။ ကာလတန်ကြေး ကျပ်ခုနစ်သိန်းခန့် တန်ပါသည်။ ရွှေကြယ်သီးမှာ ငါးမတ်သားရှိပါသည်။ ကာလတန်ကြေး ရှစ်သိန်းခန့် တန်ပါသည်။ ထိုရွှေထည် ပစ္စည်းများကို မော်လမြိုင်မြို့ရှိ "ရွှေနှင်းဆီ" ရွှေပန်းထိမ်ဆိုင်မှ ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ဘောက်ချာမူရင်းများကို တင်ပြပါသည်။

ထိုပစ္စည်းများကို ဦးကံတုန်းက ဒေါ်ရွှေချစ်ကို ဝယ်ပေးထားခြင်းဖြစ်သဖြင့် ဒေါ်ရွှေချစ်က အမြတ်တနိုး ဝတ်ဆင်ခဲ့သည့်ပစ္စည်းများ ဖြစ်ပါသည်။ အကြီးက ထိုပစ္စည်းများကို အစဉ်အမြဲ ဝတ်ဆင်ထားပါသည်။ ဆေးရုံတက်သည့်အချိန်တွင်သာ သိမ်းဆည်းထားပြီး အိမ်သို့ ပြန်ရောက်သည့်အခါတွင် ပြန်၍ ဝတ်ဆင်ထားခဲ့ပါသည်။

ကိုအောင်သာ မရောက်လာမီ တစ်ရက်ဖြစ်သော ၅-၉-၂၀၁၅ ရက်နေ့တွင် အကြီးမှာ သတိရလိုက်၊ မရလိုက် ဖြစ်လာပါသည်။ ထိုနေ့ညတွင် ရပ်ကွက်အတွင်းမှ ဆရာဝန်ကြီး ဦးစိန်လှိုင်ကို ပင့်ရပါသည်။ ကိုအောင်သာ ရောက်မလာမီ မကွယ်လွန်စေရန် အတွက် အသက်ကယ်ဆေးထိုးပေးရန် ဖြစ်ပါသည်။ ထိုညက အစ်ကိုကျော်သာနှင့် မအေးတို့က အကြီးကို စောင့်မည်ဆိုသဖြင့် ကျွန်မက ကျွန်မအိပ်သော ဘေးအခန်းတွင် အိပ်ပါသည်။

ညသန်းခေါင်ကျော်ခန့်တွင် ကျွန်မ၏အမည်ကို ခေါ်နေသည်ဟု စိတ်မှထင်သဖြင့် ကျွန်မ လန့်နိုးခဲ့ပါသည်။ ထိုအချိန်တွင် အကြီး၏ အိပ်ခန်းဘက်မှ မသဲမကွဲအသံလိုလို ကြားရပါသည်။ ကြမ်းပြင်မှာလည်း အနည်းငယ်လှုပ်နေသလို ရှိပါသည်။ ဘေးအကာ ပျဉ်များအကြားမှ အကြီး၏ အိပ်ရာဆီသို့ ကျွန်မလှမ်းကြည့်လိုက်ပါသည်။ အကြီး၏ဝေဒနာ ဖောက်လာပြီလားဟု စိုးရိမ်သည့်စိတ်ဖြင့် ကြည့်မိခြင်းဖြစ်ပါသည်။

အကြီး၏အခန်းတွင် ညအိပ်မီး ထွန်းထားပါသည်။ အခန်းတွင်းသို့ ကောင်းစွာ မြင်ရပါသည်။ အကြီး၏ခြင်ထောင်ကို အပေါ်သို့ တင်ထားပါသည်။ အကြီးမှာ အိပ်ရာတွင် ပက်လက်အနေအထား ရှိနေပါသည်။ ဘေးတွင် မအေး ရှိပါသည်။ မအေးက အကြီး၏ဆွဲကြိုးကို ချွတ်ယူပါသည်။ အကြီးက ညတွင်



www.burmeseclassic.com

www.burmeseclassic.com

ရှိသော အားကလေးဖြင့် ဆွဲကြိုးကို မယူရန် ကာပါသည်။ နှုတ်မှလည်း အသံသဲ့သဲ့ဖြင့် မယူနဲ့ မယူနဲ့ဟု ပြောပါသည်။ ကျွန်မကိုလည်း ခေါ်ပါသည်။ မအေးက အကြီး၏ပါးစပ်ကို ပိတ်ပါသည်။ အကြီး၏အသံမှာ တိုးတိုးညင်းညင်းလေးသာ ထွက်ပါတော့သည်။ မအေးက အကြီး၏လက် ကောက်များကိုလည်း ချွတ်ယူပါသည်။ နောက်ဆုံးတော့ အကြီး မရုန်းနိုင်တော့ဘဲ ငြိမ်သွားပါသည်။ သတိလစ်သွားသည်ဟု ကျွန်မ ထင်ပါသည်။ အဲဒီမြင်ကွင်းကို မြင်ရတဲ့အတွက် ကျွန်မရင်မှာ စို့ပြီး တက်လာပါသည်။ အကြီးထံသို့ ပြေးသွားပြီး ကူညီချင်သည့်စိတ်များ ဖြစ်ပေါ်ခဲ့ပါသည်။ ဒါပေမယ့် မသွားရဲခဲ့ပါ။ ကျွန်မကို အန္တရာယ်ပြုမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ ကျွန်မ၏ ကျေးဇူးရှင်ကို နောက်ဆုံးအချိန်မှာ ဘာမှ ကူညီမပေးနိုင်တဲ့အတွက် ကျွန်မ ဝမ်းနည်းယူကျုံးမရ ဖြစ်ခဲ့ရပါသည်။ မစိန်မှာ အသက် ၄၀ ခန့်ဖြစ်သည်။ သူ၏ထွက်ဆိုချက်ကို ထွက်ဆိုနေရင်းဖြင့် မျက်ရည်များ တသွင်သွင် စီးကျလာသည်။ မအေးက ခေါင်းကို ငုံ့ထားပါသည်။ ကိုကျော်သာမှ အပြင်သို့ ငေးနေသည်။ ကိုအောင်သာမှာမူ မအေးကို ကြည့်၍ မေးကြောကြီးများ တင်းနေသည်။

အဲဒီအချိန်ကစပြီး အကြီး ငြိမ်သွားပါတယ်။ မအေးက အကြီး၏ရွှေများကို အိတ်တစ်ခုထဲထည့်ပြီး ယူသွားပါတယ်။ အကြီးကို ခြင်ထောင်ချထားခဲ့ပါတယ်။ အကြီး အသက်မှရှိသေးရဲ့လားလို့ ပူပင်မိပါတယ်။ မသွားရဲသဖြင့် ကျွန်မ အခန်းထဲမှပဲ ချောင်းကြည့်နေခဲ့ပါတယ်။ မနက် အရုဏ်တက်မှ ကျွန်မ နိုးလာသည့်ပုံစံမျိုးဖြင့် အကြီး၏အိပ်ခန်းသို့ကူးခဲ့ပါသည်။ အကြီးမှာ အသက်ရှူနေသဲဖြစ်ပါသည်။ အကြီး၏အနားသို့ ကပ်၍ ခေါ်ကြည့်ပါသည်။ အကြီးတွင် သတိမရှိတော့ပါ။ ကိုကျော်သာနှင့် မအေးတို့မှာ သူတို့အခန်းတွင် အိပ်နေပါသည်။ အကြီးမှာ ထိုနေ့နေ့လယ် ၂ နာရီတွင် ကွယ်လွန်ပါသည်။ ကိုအောင်သာမှာ ညနေ ၆ နာရီတွင် ရောက်ရှိပါသည်။

အကြီးဝတ်ထားသည့် ရွှေထည်ပစ္စည်းများနှင့် ပတ်သက်၍ ကိုကျော်သာတို့လင်မယားကို မေးကြည့်သည့်အခါ အကြီးသတိရှိစဉ်ကပင် မအေးကို ယူလိုက်တော့ဟု ပေးခဲ့သဖြင့် ယူထားလိုက်ပြီဖြစ်ကြောင်း ပြောပါသည်။ အဲဒါ မမှန်ပါ။ အကြီး၏ရွှေများကို အကြီးက မအေးကို ပေးခဲ့ခြင်းမဟုတ်ပါ။ မအေးက အဓမ္မချွတ်ယူခြင်း ဖြစ်ပါသည်။ ကျွန်မ၏ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။ ထိုနေ့ညနေက ထိုရွှေထည်ပစ္စည်းများကို အကြီးဝတ်ထားသည်ကို ဆေးလာကုပေးသည့် ဆရာဝန်ဦးစိန်လှိုင် မြင်တွေ့ပါသည်။ အစ်ကိုလေး ကိုအောင်သာ ရောက်လာသည့်အခါတွင် အဖြစ်မှန်များကို ကျွန်မ ပြောပြခဲ့ပါသည်။

မစိန်သည် ပြောရင်းဖြင့် ရှိုက်ကြီးတငင် ငိုပါတော့သည်။ "အကြီးရဲ့ နောက်ဆုံးအချိန်မှာ ကျွန်မ ဘာမှလုပ်မပေးနိုင်ခဲ့ဘူး"ဟု တိုးညင်းစွာ နှုတ်မှရေရွတ်နေပါသည်။ ကိုအောင်သာ မျက်လုံးအိမ်တွင် မျက်ရည်များ ဝဲ၍နေသည်။ ကော်မရှင်နာဖြစ်သူက ငိုနေသည့် မစိန်ကို သေချာစွာကြည့်နေသည်။ ပြီးတော့ နှစ်ဖက်အမှုသည်များနှင့် ရှေ့နေတို့ကို ကြည့်သည်။ ပြီးတော့ နှုတ်မှပြောသည်။

"ကဲ…သက်သေရဲ့ အခြေအနေကတော့ အားလုံး မြင်ကြတဲ့အတိုင်းပါပဲ။ သူ့ခမျာလည်း အတော်ပင်ပန်းနေပုံရပါတယ်။ ဒီတော့ တရားပြိုင်ရှေ့နေကြီးက ဒီသက်သေကို ပြန်လှန်မေးမြန်းချင်တာရှိမယ်ဆိုရင် နောက်ရုံးချိန်ရောက်မှ ဆက်လက်မေးမြန်းမယ်ဆိုရင် သင့်တော်မလား"ဟု ဆန္ဒခံယူပါသည်။

နှစ်ဖက်ရှေ့နေကြီးများကလည်း သင့်မြတ်ပါကြောင်းဖြင့် ခေါင်းညိတ်လက်ခံကြပါသည်။ ထို့ကြောင့် မခင်စိန်အား တရားပြိုင်ရှေ့နေက ပြန်လှန်မေးမြန်းနိုင်ရန်အတွက် နောက်ရုံးချိန်းတစ်ချိန်းသို့ ချိန်းဆိုပေးလိုက်ပါသည်။

**တင်ဝင်းလှ**



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆထက(စာနယ်ဇင်း)၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ် မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ် ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ် ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို တင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း တစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အခေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

မန္တလေးမြို့နှင့်မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ် - ၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၇၇၆၂၅

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မွန်းတည့်ချိန်မှာ အရိပ်ရှာသူ

ကျော်မြသန်း

(ဇာတ်သိမ်း)

(နှစ်)

ကျောက်မဲသို့ အကြောင်းစုံပါသော စာတစ်စောင်ကို ရေးပို့အပြီး ငါးရက်မြောက်နေ့တွင် ပန်းလှိုင်အား ကျွန်တော်က ပြင်ဦးလွင်ခြံအိမ်သို့ သွားကြိုခဲ့ရသည်။

ပန်းလှိုင် ကျွန်တော့်ထက် တစ်နာရီမျှ စောရောက်နေသည်။ အချိန်မဖြုန်းနိုင်သည့်အလျောက် နံနက်စာစားအပြီးတွင် နှစ်ယောက်သား ဂျစ်ကားလေးဖြင့် မန္တလေးသို့ ဆင်းခဲ့ကြသည်။ သည်တော့မှ လွတ်လွတ်လပ်လပ်ကြီး စကားပြောခွင့်ရသည်။

"အစ်ကိုက သိပ်လည်တာပဲ။ ပန်းလှိုင်တောင် မှန်းချင်လာပြီ"

ချစ်ခင်နှစ်လိုဖွယ်ရာ အပြုံးဖြင့် ပြောလာသည်။ နှုတ်ခမ်းလေးကလည်း ချစ်စရာကောင်းအောင် တမင်စူထားသည်။

"ဘာဖြစ်လို့"

ကားကို ဂီယာတစိုက်မောင်းရင်း ကျွန်တော်က မေးလိုက်သည်။

"ပန်းလှိုင်ကို မပြောဘဲ ဘာလို့ သူ့ကို အရင်ပြောရတာလဲ။ အပိုင်ချည် ကိုင်တာပေါ့လေ"

ကျွန်တော် ဘဝင်ကျသွားရပါပြီ။

"ပန်းလှိုင်ရဲ့ဘက လူကြီးမဟုတ်လား နောက်ပြီး သူသိသင့်တဲ့ကိစ္စပဲဟာ"

"အင်း . . . ဒါကြောင့်ထင်ပါရဲ့၊ ဘကလေ အစ်ကို့ကို သိပ်အထင်ကြီးလေးစားသွားတယ်။ လူကြီးလူကောင်းဆန်တယ်တဲ့ သိလား"

"မင်းရဲ့ဘကလည်း လူကြီးလူကောင်းပါပဲကွာ"

"ဒါပေမယ့် အစ်ကိုက သတ္တိမရှိသလိုဖြစ်တာပေါ့"

"ဒါလည်း ဟုတ်တယ်။ ဘာကြောင့်မှန်းမသိဘူး၊ ပန်းလှိုင်နဲ့ ပတ်သက်ရင် အစ်ကိုဟာ သတ္တိနည်းတာ အမှန်ပဲ"

"မပြောရဲလို့ပေါ့ ဟုတ်လား"

ပန်းလှိုင်အမေးကို ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုဆို တိတ်တိတ်လေးချစ်တတ်တဲ့ အုံ့ပုန်းချစ်ပေါ့ ဟုတ်လား"

"ဒါလည်း ဟုတ်တာပဲ ပန်းလှိုင်"

"ဘယ်တုန်းက ချစ်နေတာလဲ ဟင်"

"စတွေ့တဲ့ နေ့ကပဲပေါ့"

"အို . . . တကယ် . . ."

"အစ်ကို မလိမ်တတ်ပါဘူး။ ပန်းလှိုင်ကကော"

"ဘာကိုလဲ"

"ဟိုလေ . . . အစ်ကို့ကို ဘယ်တုန်းတည်းက ချစ်နေတာလဲ"

"အို . . . သိပ်ရှက်စရာကောင်းတယ်။ မပြောချင်ပါဘူး"

ပန်းလှိုင် ရှက်ပြုံးကလေးမှာ ကလေးဆန်သည်။

"မချစ်တာတော့ မဟုတ်ပါဘူးနော်"

ကျွန်တော့်အမေးကြောင့် သူ့မျက်နှာတွင် အပြုံးများ ရုတ်တရက် ပျောက်ကွယ်သွားသည်။

"အဲလိုသာဆိုရင် ကျောက်မဲကနေ ဒီအထိအောင်တောင် ဆင်းမလာဘူး၊ သိလား"

"ဒါဖြင့် ချစ်လို့ပေါ့နော်"

"ဟင့်အင်း . . . ပြောချင်ပါဘူး ရှက်တယ်လေ"

"ဟင်း . . . သူ့ဘက်ကျတော့ ကပ်စေးနဲ့လိုက်တာ"

"ဟင်း . . . ဟင်း၊ ကပ်စေးမနဲ့ပါဘူး အစ်ကိုရဲ့"

ပန်းလှိုင်က အပြုံးစစဖြင့် ပြောနေသည်။

"လိမ်တယ်၊ ညာတယ်ဆိုတာ အစ်ကိုမှ အစစ်"

သူ့စကားကိုသူ သဘောကျပြီး ရယ်တော့သည်။ သူ့အသံလွင်လွင်ကလေးသည် ကျွန်တော့်နှလုံးသားကို ရိုက်ခတ်သွား၏။

"အဲလို မဟုတ်ဘူး ပန်းလှိုင်ရဲ့"

"ဒါဖြင့် ဘယ်လိုလဲဟင်"

သူမက ပြန်မေးသည်။

"ရင်ဝယ် ခင်တွယ် အစ်ကိုရှပါ၊ ကုန်အောင်ချစ်တတ်တယ်ပြောရှာသယ်"



www.burmeseclassic.com

www.burmeseclassic.com

"အို···မဟုတ်တာ"

သူမ၏ ရက်သွေးလွှမ်းသော မျက်နှာလေးသည် ဖွေးသန့်နေရာမှ ပန်းသွေးရောင်လွှမ်းရစ်သွားသည်။

"ရင်ဝယ်···ခင်တွယ်အစ်ကိုရယ်"

"ဟော···လာပြန်ပြီ၊ သူ···"

"ဘယ်သူက လာတာလဲ"

ကျွန်တော်က အပြုံးပွင့်များဖြင့် မေးလိုက်သည်။

"ဘာကိုလဲအစ်ကို···ပန်းလှိုင် ကျောက်မဲကနေပြီး ပြင်ဦးလွင်ကို ဆင်းလာတာကို ပြောတာလားဟင်"

သူမက ကြည်စင်သောအပြုံးဖြင့် မေးနေသည်။

"ဒါဆို အစ်ကို မန္တလေးကနေပြီး ပြင်ဦးလွင်ကိုလာတာ ဘာလို့လဲဟင်"

"အတူတူပဲပေါ့"

"ဘာအတူတူလဲ အစ်ကို"

"ချစ်ဗိမာန်သွားဖို့ အတူတူပေါ့"

သူမက ပြုံးနေသည်။

"အစ်ကိုက သိပ်စကားတတ်တာပဲ"

"ဒီလိုမပြောနဲ့လေ၊ အစ်ကိုက သိပ်ချစ်တတ်တာပဲလို့ ပြောရတယ်"

"ကြည့်စမ်း···ကြည့်စမ်း"

ကျွန်တော်က သူမက စူးစူးစိုက်စိုက်ကြည့်နေသည်ကို တားမြစ်ဟန်ဖြင့်

"အစ်ကို ကားကို သတိထားဦးနော်၊ လမ်းတွေက အကွေ့အချိုးများတယ်"

"မပူစမ်းပါနဲ့···ပန်းလှိုင်ရယ်၊ အစ်ကိုကားမောင်းကျွမ်းပါတယ်"

"ဒါဖြင့်လည်း ပြီးရော၊ ပန်းလှိုင် ဘာမှမပြောတော့ဘူး"

"ဒီလိုတော့ မလုပ်ပါနဲ့ ပန်းလှိုင်ရယ်၊ အပြုံးတွေမြင်ပြီး စကားတွေလှိုင်နေတာ ကြားချင်လို့ပါ"

"အစ်ကိုကလဲနော်"

သူမက မချင့်မရဲဖြင့် နှုတ်ခမ်းစူနေသည်။

"နှုတ်ခမ်းစူတာဟာ ချစ်ခြင်းရဲ့ သင်္ကေတပဲ ပန်းလှိုင်"

အပြုံးပန်းလေး ပွင့်လန်းလာသည်။ ကိုယ်ပိုင် ဂျစ်ကားလေးဖြင့် မန္တလေးသို့ နှစ်ယောက်တည်းသာဆိုရင် လွတ်လပ်မှုမျိုးရခဲ့သည့်အလျောက် ယခင့်ယခင်က ပြောချင်ပါလျက် မပြောရဲ၊ မပြောဖြစ်ခဲ့ရသော ချစ်စကားများကို ယခုမှ အတိုးချ၍ ပြောဖြစ်နေကြသည်။

ပန်းလှိုင်ကိုယ်တိုင်ပင် ကျွန်တော့်အပေါ် "မစွမ်းရင်း"ရှိခဲ့ကြောင်း ကျွန်တော် သိရပါပြီ။

တဒင်္ဂပဟန် ချမ်းမြေ့ရသော ဘဝရပ်ကလေး။ အခိုက်အတန့်အားဖြင့် ကျွန်တော်ကိုယ်တိုင်ပင် ဆယ်နှစ်မျှ ငယ်သွားသော ဆယ်ကျော်သက်လေးလို နုပျိုလန်းဆန်းသွား၏။ နှစ်နှင့်ချီ၍ အချစ်နှင့်ကင်းကွာခဲ့ရသော ကျွန်တော့်နှလုံးသားမှာ မေတ္တာပန်းတို့ လန်းဝေနေပါပြီ။

အရာရာမှာ အချစ်နှင့် အတူ အထိခံနေရသည့်အလျောက် ပျော်ရွှင်ခြင်း၏ ခရီးလမ်းဘေးမှာ ချောမွေ့နေ၏။

ကျွန်တော်တို့နှစ်ယောက်မှာ ထိုင်ခုံသီးခြားထိုင်နေကြသော်လည်း ကိုယ်လုံးချင်းမှာမူ သီးခြားခြင်းမှ ကင်းလွတ်နေသည်။

ဤခရီးမှာ သာယာချမ်းမြေ့ ပျော်ရွှင်မှု ပြည့်လျှမ်းခဲ့၏။

□

## သုံး

မန္တလေးသို့ ပန်းလှိုင်ရောက်လာခဲ့သည်မှာ တကယ် လိုအပ်နေသော အကြောင်းအရာအားလုံးကို ဖြည့်စွက်ပေးသလို ဖြစ်ခဲ့၏။

တိုက်ကြီးတစ်ခုလုံးမှာ ယခင်က နှင့်မတူ နေရာတိုင်းတွင် နေသားတကျ သန့်ရှင်းသပ်ရပ်၍ လှပလာသည်။

ကျွန်တော့်အတွက် သာမက ကိုဝမ်းဖေနှင့် မိမိုလေးတို့၏ စားဝတ်နေရေးမှာလည်း ပန်းလှိုင်၏ ပြုစုစီစဉ်ပေးမှုတို့ဖြင့် လိုလေသေးမရှိ ပြည့်စုံနေပါလေပြီ။

မီးဖိုခန်းကိစ္စများသည်ပင်လျှင် ပန်းလှိုင်၏ အစီအမံများ လွှမ်းထင်လာသည်။ ဤသို့လျှင် ပန်းလှိုင်၏ အရည်အချင်းကို မြင်နေရလေလေ၊ ကျွန်တော့်မှာ အချစ်တိုးလာရလေလေဖြစ်ရသည်။

ယနေ့အထိ ပန်းလှိုင်နှင့် ကျွန်တော် တရားဝင်မဖြစ်ရသေးပါ···။ အကြောင်းကြောင်းသော အကြောင်းတို့ကြောင့် နှောင့်နှေးရခြင်းဖြစ်၏။

အဓိကကိစ္စမှာ ဆွေဆွေ၏အခြေအနေမကောင်းသော ကျန်းမာရေးကြောင့်ပင် ဖြစ်ပါသည်။

ဆွေဆွေကအစ ပန်းလှိုင်နှင့် ကျွန်တော် တစ်နေ့နေ့တွင် လက်ထပ်တော့မည့်သူများဖြစ်ကြောင်း နားလည်မှု ရှိထားကြသည်။

မည်သို့ပင်ဖြစ်စေ လက်မထပ်ရသေးခြင်းကို အကြောင်းပြုပြီး ကျွန်တော်တို့ အနေအထိုင်စောင့်စည်းခြင်းသည် ကျွန်တော်၏ ချစ်ခြင်းမေတ္တာကို လေးနက်ခိုင်မြဲစေခဲ့ပါသည်။

ကျွန်တော် စိတ်အချမ်းသာဆုံး



www.burmeseclassic.com

www.burmeseclassic.com

မှာ ပန်းလိုင်နှင့် မို့မို့လေးတို့၏ ဆက်ဆံရေးပင်ဖြစ်၏။ မို့မို့လေး၏ဘဝမှာလည်း သနားစရာပါလေ။

လူ့လောကထဲသို့ ရောက်လာကတည်းက အရုပ်အထွေးပေါင်းစုံက သူကလေးအား ကြိုဆိုနေခဲ့သည်။

စိမ်းကားသောဖခင်၊ ရောဂါသည် မိခင်တို့ကြောင့် နွေးထွေးသော မိဘမေတ္တာကို အပြည့်အဝ မခံစားရရှာပါ။ နို့စို့ငယ်ကလေးတစ်ဦး၏ အခွင့်အရေးကိုပင် မရရှာခဲ့။

အမြဲတမ်း အလုပ်ရှုပ်နေတတ်သော ဒေါ်လေးသိန်း၏ ပြုစုထိန်းကျောင်းမှုမှာလည်း နွေးထွေးလှသည် မဟုတ်။ အမြဲတမ်း အထီးကျန်နေလေ့ရှိသည်။

အမြဲတမ်း အဖော်လိုနေသော မို့မို့လေးအတွက် ယခုတော့ အဖော်ရနေချေပြီ။ ပန်းလိုင်သည် မို့မို့လေးအား မိခင်ရင်းတမျှ ချစ်ရှာသည်။

ကလေးအရေးသည် သူ့အရေး၊ ကလေးကိစ္စသည် သူ့ကိစ္စအဖြစ် သဘောမှုမှု လွှမ်းကဲနေသောကြောင့် မို့မို့လေးအတွက် အမေကိုယ်စား ရသလိုပင် ဖြစ်ပါသည်။

ပန်းလိုင်၏ အပြုအစု အယုအယအောက်တွင် မို့မို့လေး၏ ကလေးဘဝသည် တစ်နေ့ထက်တစ်နေ့ ပီပြင်လာ၏။ ဝိုပြည်လာ၏။ သာယာလန်းဆန်းလာ၏။

အပြစ်ကင်းစင်လှသော ချစ်စရာကောင်းသည့် ကလေးငယ်၏ အသွင်မှာလည်း ပေါ်လွင်လာရပေပြီ။

ကျွန်တော့်မှာ သူတို့၏ ရင်းနှီးချစ်ခင်မှုကို ကြည့်ရင်း တအားတက်မိပါ၏။ မမြင်ရသေးသော အနာဂတ်ကာလ၏ အဆင်ပြေမှုမှာ သူတို့နှစ်ဦး၏ သံယောဇဉ်တွယ်တာမှုပေါ် မူတည်နေ၍လည်း ဖြစ်ပါသည်။

မကြာမီ ကိုဝမ်းဖေသည် ကျောက်မဲနှင့် ပန်စလော့သို့ ပြန်သွားရပေတော့မည်။ ဟိုမှာ ကျွန်တော်မရှိလျှင် သူ့ရှိဖို့ အထူးလိုအပ်လှသည်။

သူ့ဇနီးခွေခွေ၏ ကျန်းမာရေးအခြေအနေမှာ မထူးခြားလှသဖြင့်သာ ကျွန်တော်က သူ့ကို ပြန်မလွှတ်သေးခြင်း ဖြစ်ပါသည်။

ဤမန္တလေးတိုက်ကြီးတွင် ကိုဝမ်းဖေမှာ အားမနေပါ။ သူ့နည်းသူ့ဟန်ဖြင့် အလုပ်ရှုပ်နေတတ်ပါသည်။ ကျွန်တော်သိသော အလုပ်များရှိသလို ကျွန်တော်မသိသော အလုပ်များလည်း ရှိနေသည်။ ကျွန်တော်သိသာအလုပ်မှာ အိမ်ခန်းကို အသစ်ပြန်လည်ဖွဲ့စည်း ပြုပြင်နေခြင်းပင်ဖြစ်သည်။ ပန်းရန်သမား၊ လက်သမားတို့နှင့် အလုပ်ရှုပ်နေတတ်သည်။ ပုရွက်ဆိတ်တစ်ကောင်လို အလုပ်ရှုပ်နေတတ်သော ကိုဝမ်းဖေကို ကြည့်ကာ ကျွန်တော် စိတ်မောနေမိသည်။ ဆေးရုံတင်ထားသော သူ့ဇနီးထံသို့ သူနေ့စဉ်သွား၊ မသွားကိုမူ ကျွန်တော်မသိ။ သို့သော် တာဝန်ဝတ္တရားအရ သူသွားလိမ့်မည်ဟု ကျွန်တော်ထင်သည်။

ဒါကိုတော့ ကျွန်တော် အလေးမထားမိ။ တစ်နေ့ထက်တစ်နေ့ သူ့အသွင် ထူးခြားလာနေသည်ကိုတော့ ကျွန်တော် သတိပြုမိသည်။

အိမ်ရှိလူများနှင့် တွေ့ရလေးပါး စကားမပြောဘဲ တတ်နိုင်သမျှ ရှောင်ဖယ်နေသည်မှာ နားမလည်ချင်စရာကောင်းလှသည်။

စောစောပိုင်းရက်များက ကျွန်တော်နှင့်အတူတူ ညနေတိုင်း အရက်သောက်သည့် အလေ့အထများကိုပင် သူအကြောင်းပြ၍ ရှောင်တတ်လာသည်။ ယခုတလော သူ့တွင်တွေ့ရသော ထူးထူးခြားခြားအသွင်မှာ ညဉ့်နက်သန်းခေါင်ကျော်အထိ အလုပ်ရှုပ်နေတတ်ခြင်းပင် ဖြစ်သည်။

ကိုဝမ်းဖေအကြောင်း ဘာမျှ မည်မည်ရရမသိသော ကျွန်တော်က ဘာမှ မယိုးစွပ်မိပါ။ သူ့တွင် စိတ်ထိခိုက်စရာများ ရှိကောင်းရှိနေပါလိမ့်မည်။

ယင်းတို့သည် အတွင်းကျလွန်းသော ကိုယ်ရေးကိစ္စများလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ကျွန်တော် နားမလည်နိုင်ဆုံးမှာ မို့မို့လေးအပေါ် သူ၏အပြုအမူနှင့် ဆက်ဆံရေးပင်ဖြစ်သည်။ မစိမ်းကားစေကာမူ နှစ်နှစ်ကာကာ မရှိ။

ပန်းလိုင်နှင့် သူ၏ ဆက်ဆံရေးမှာလည်း ပန်စလော့ခြံအိမ်ကြီးတွင် ရှိစဉ်ကလိုမဟုတ်။ ရင်းနှီးမှု ကွာဟလာသည်။ သူ့သမီး အရင်းအချာခေါက်ခေါက်ဖြစ်သော မို့မို့ကိုပင် သူစိမ်းဆန်နေသည်။

ကျွန်တော့်ကိုလည်း လိုအပ်မှသာ စကားပြောတော့သည်။ စက်ဘီးတစ်စီးနှင့် အပြင်ထွက်နေသည့်အချိန်က ပိုများသည်။ အိမ်တွင်ရှိနေလျှင်လည်း သူ့အခန်းထဲမှာပင် အနေများသည်။

ဤနေရာတွင် ကျွန်တော်၏ အကြောင်းကိုလည်း ပြောရပါဦးမည်။ ငယ်ငယ်ရွယ်ရွယ်နှင့် လုပ်ငန်းရှင်သူဌေး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသော ကျွန်တော့်မှာလည်း လက်ရှိအနေအထားနှင့် သိပ်ပြီး အစေးကပ်လှသည် မဟုတ်ပါ။

တစ်သက်လုံး လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး သွားလာလှုပ်ရှားခဲ့သူ တစ်ယောက်က လှုကွံထဲတို့ အလယ်တွင် အဝင်ဆုံအောင် တည်တည်တံ့တံ့ နေထိုင်ပြရခြင်းမှာ အလွန်စိတ်ကျဉ်းကျပ်စရာကောင်းလှ၏။

နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသူများမှာ ကျွန်တော်၏ ပေါင်းဟောင်းသင်းဟောင်း အကြောင်းသိသူများ မဟုတ်။ အကြောင်းမသိသော သူတစိမ်းများ ဖြစ်ကြ၏။

သူတို့နှင့် ဝင်ဆံ့ရန်မှာ သူတို့အပေါ် စိတ်ဝင်စားမှုပြရမည်။ လိုက်လျောမှုပြရမည်။ ရင်းနှီးမှုရှိအောင် နေတတ်ရမည်။ လူကြီးလူကောင်း ဆန်ပြရမည်။ ငွေစကားများများပြောရမည်။ ငွေကိစ္စ အမှန်းတင်ရမည်။ ဂုဏ်ကို နမူးစည်းတပ်ရမည်။ အနေအထိုင် ဝင့်ကြွားရမည်။ ဝတ်စားဆင်ယင်မှု ခံ့ထည်ရမည်။ လူကြီးလူကောင်း ဟန်ပန်အမူအရာ ဆောင်ယူရမည်။ ဒါတွေက ကျွန်တော့်အတွက် စိတ်မချောင်။

ခက်နေသည်မှာ ကျွန်တော်ပါပင်။ ကျွန်တော် သူတို့ဓလေ့စရိုက်ကို စိတ်မဝင်စားပါ။ ငွေကြေးနှင့် ပတ်သက်၍ ဘနဖူးသိုက်တူးမည့် အယူအဆမျိုးကို လက်မခံလိုပါ။ လျှာဖျားမှာ စကားအညွန့်တင်၍ ကွန့်ရသည်ကို မနှစ်သက်ပါ။ ရင်ထဲက ပြောလိုသည်က တစ်မျိုး။ လျှာဖျားကပြော သည်ကတစ်မျိုး လုပ်ရမည်ကို ဝန်လေးပါသည်။

ကျွန်တော့်အနေအားဖြင့်မူ . . . အသက်ငယ်၍ အတွေ့အကြုံနည်းနေသေး၍လားမသိ ယင်းတို့ကို ဘဝင်မကျနိုင်သေးပါ။ ကျွန်တော့်မှာ ငွေကြေးပြည့်စုံပြီး ခြံနှင့်တိုက်နှင့်သာမက လုပ်ငန်းလည်းရှိသည်။ ကားလေးတစ်စီးပင် ဝယ်ထားလိုက်သေးသည်။ ဘဝအဖော်မွန်ချစ်သူလည်း ရှိနေပြီ။ ဘာများလိုပါသေးသနည်း။

ဒါပေသိ နေ့စဉ်နှင့်အမျှဆိုသလို ဖိတ်ကြားသော ညှေ့ခံပွဲများ၊ စားသောက်ပွဲများ။ ဟိုပွဲသည်ပွဲများကိုလည်း သွားနေ တက်နေရသည်။ သူတို့ပြောသော ကျွန်တော်နှင့် အကျွမ်းတဝင်မရှိသည့် အကြောင်းအရာများကိုလည်း အလိုက်သင့် အလျားသင့် ပြောပြောဆိုဆို ရယ်ရယ်မောမော လုပ်နေရသည်။ မျက်နှာကြော တင်းမနေအောင် စိတ်မပါဘဲ အကြောလျှော့လေ့ကျင့်ခန်း လုပ်နေရသည်။

အလွန် စိတ်ကုန်စရာကောင်းသည့် ဟန်ဆောင်နေရခြင်းကို ငြီးငွေ့လာသော်လည်း သူတို့ဖိတ်ကြားလာသည်များကို မငြင်းသာ။ ဤသို့လျှင် ကျွန်တော်သည်လည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဒုက္ခရောက်နေရသည်။

တစ်ခါတစ်ရံ ဆွေဆွေ့ထံသို့ပင် မရောက်။ ပန်းလှိုင်ကတော့ အိမ်မှုကိစ္စကို တစ်နေ့လုံး ဂရုတစိုက်ရှိလှသည့်ပြင် ညနေတိုင်း ဆွေဆွေ့ထံရောက်သည်။ ကျွန်တော် မအားလပ်၍ လိုက်မပို့နိုင်သည့်အခါ သူ့ဟာသူပင်သွားသည်။ ဆေးရုံကပြန်သည့်အခါ ဆွေဆွေ့ရောဂါအခြေအနေနှင့် ဆွေဆွေဘာတွေပြောသည်ကိုပင် လုံးစေ့ပတ်စေ့ ပြန်ပြောတတ်သည်။

ကိုဝမ်းဖေ ဆေးရုံသို့ မှန်မှန်မရောက်သည်ကိုလည်း ပန်းလှိုင်ပြန်ပြောပြ၍ သိရသည်။ ဆွေဆွေ့အခြေအနေမှာ တိုးတက်မလာပါ။ နှစ်လမျှအတွင်း နှစ်ဆမျှကျခင်းသွားသော သူ့ခန္ဓာကိုယ်လေးမှာ ကြည့်ရက်စရာပင်မရှိ။ သူ့မျက်လုံးများကသာ ဆွေဆွေဖြစ်ကြောင်း ပြောပြနေသည်။

ထိုတစ်နေ့က ကျွန်တော်နှင့်အတူ ပန်းလှိုင်နှင့် မို့မို့လေးပါ ဆေးရုံသို့ အတူသွားကြသည်။ သမီးနှင့်အမေကို တွေ့ခွင့်မျှသာ တွေ့စေပြီး ပန်းလှိုင်က ကလေးကို အပြင်ခေါ်ထုတ်သွားပြီး ထိန်းပေးနေသည်။

ပန်းလှိုင်တို့မရှိမှ ဆွေဆွေက အမေးစကားပြုလာသည်။

"မပန်းလှိုင်ဟာ ကိုသက်ရဲ့ ဇနီးလောင်းနော်"

ဆွေဆွေ့အသံမှာ တိုးညင်းလွန်းသည်။

ကျွန်တော် ဝန်လေးစွာဖြင့် ခေါင်းညိတ်ပြရသည်။

သူ့အတွက် စိတ်ထိခိုက်နေရသော ကျွန်တော့်အကြည့်များကို သူသိနိုင်ပါလိမ့်မည်။

"ဆွေဆွေ . . . ဝမ်းသာပါတယ် ကိုသက်။ ဆွေဆွေ့သမီးလေးအတွက်လည်း စိတ်ချသွားပါပြီ"

"ဘာတွေပြောနေတာလဲ ဆွေ စိတ်မကောင်းစရာတွေ မတွေးဘဲ ကိုယ့်ကိုယ်ကို သက်သာအောင်နေပါလား ဆွေရယ်"

"ဟုတ်တယ်၊ စိတ်မကောင်းစရာတွေထဲက စိတ်ကောင်းစရာ တွေးနေလို့ပါ ကိုသက်ရယ်။ မပန်းလှိုင်ကို ဆွေ



www.burmeseclassic.com

www.burmeseclassic.com

သိပ်ကျေးဇူးတင်တယ်၊ သမီးလေးကို သူတော်တော်ချစ်တာပဲ"

"ဟုတ်တယ်၊ ပန်းလှိုင်ဟာ ပွင့်လင်းရိုးသားပြီး စိတ်ကောင်းရှိတယ်၊ မိုမိုကိုလည်း သူ့သမီးလေးအတိုင်းပဲ ဂရုစိုက်တယ်။ အဲဒါတွေကြောင့် သူ့ကို ကိုသက်လည်း ကျေးဇူးတင်နေတာ"

"ကိုသက်အတွက်လည်း ဝမ်းသာပါတယ်"

"ဘာကိုလဲ ဆွေ"

"ကိုသက်နဲ့ လိုက်ဖက်ညီတဲ့ ဇနီးကို ရတော့မှာမို့ပါ"

"ကံပဲလို့ဆိုပါတော့ ဆွေရယ်"

"ဟုတ်တယ်နော်၊ ကိုသက် ကံကောင်းတယ်။ ဒါကြောင့် ဆွေ ဝမ်းသာနေတာ တကယ်ပါ"

"ကိုယ်ယုံပါတယ်ဆွေ၊ ဆွေလည်း ကိုယ့်ကိုယ်ကိုယ် အားတင်းစမ်းပါ။ နည်းနည်းလေး အခြေအနေကောင်းတာနဲ့ ဆွေ့ကို မဒရပ်က အာရောဂျံကိုပို့ဖို့ ကိုသက်စဉ်းစားထားတယ်၊ ပို့ဖြစ်အောင်လည်း ပို့ပေးမယ်"

"ကျေးဇူးတင်ပါတယ် ကိုသက်၊ ဆွေ့အခြေအနေက အာရောဂျံကို ရောက်နိုင်တော့ပါဘူး"

"ကိုဝမ်းဖေရော မှန်မှန်လာရဲ့လား"

နှုတ်ခမ်းကို တင်းတင်းရင်းရင်း [illegible] ခေါင်းခါပြသည်။

"သူလည်း အလုပ်ရှုပ်နေလို့ ဖြစ်မှာပါဆွေရယ်။ ကိုသက်ကလည်း သူ့ကို အလုပ်တွေခိုင်းထားတယ်လေ"

ကျွန်တော်က နှစ်သိမ့်စကားဖြင့် [illegible]လိုက်ရသည်။

"ကိုဝမ်းဖေနဲ့ဆွေက ဘာမှမဆိုင်တော့ပါဘူး ကိုသက်၊ ဘယ်သူနဲ့မှလည်း မဆိုင်တော့ပါဘူး"

"ဆွေရယ် ဘာတွေပြောနေတာလဲ၊ ကိုသက်တို့က ဆွေဆွေ့အတွက် ရပ်တည်နေကြတယ်ဆိုတာကို သဘောပေါက်စမ်းပါ"

ဆွေဆွေက မချိပြုံးလေး ပြုံးလိုက်သည်။

ထို့နောက်တော့ ကျွန်တော့်အတွက် အရေးမပါလှသော စကားများကို ပြောဖြစ်ကြသည်။ အများအားဖြင့် ပြောသူက ကျွန်တော်၊ နားထောင်သူက ဆွေဆွေပါ။

ထိုစဉ်က ဆွေဆွေမျက်နှာတွင် အသွင်အေးသော အပြုံးများကို မြင်နေရသဖြင့် ကျွန်တော် ပြောအားကောင်းနေခဲ့သည်။

ပြောဖြစ်သော အကြောင်းမှာ ရန်ကုန်တက္ကသိုလ်နေစဉ်က သူနှင့်ကျွန်တော် လျှောက်လည်ရင်း ချော်ကျသည့် အဖြစ်များ၊ ကျောင်းနေဘက်သူငယ်ချင်းများနှင့် ပြန်တွေ့သည့် အကြောင်းများကို ဆွေဆွေ ဝမ်းသာရွှင်လန်းလာစေရန် ပြောနေခြင်းဖြစ်ပါသည်။

သို့တစေ ဆွေဆွေမျက်နှာကို ကြည့်ရင်းမှာပင် ကျွန်တော် ဟန်ဆောင်ပြောနေခြင်းကို သူသိနေပါကလားဟု သဘောပေါက်လာသဖြင့် ကျွန်တော့်စကားကို ရပ်လိုက်ရပါသည်။

ဟန်ဆောင်မှုကို စက်ဆုပ်သော ကျွန်တော်သည်ပင် အခွင့်ကြုံလျှင် ဟန်ဆောင်နေတတ်ပါပကောဟု ပြန်တွေးမိခဲ့သေးသည်။

❐

ထိုညနေက ကျွန်တော်တို့ အိမ်ပြန်လာကြသောအခါ ပန်းလှိုင်အား ဆွေဆွေ့အခြေအနေကို အားမရကြောင်း ပြောမိသည်။

"ဟုတ်တယ်၊ ပန်းလှိုင်လည်း ပြောချင်နေတာ၊ မပြောရက်လို့ နေခဲ့တာ၊ စိတ်မကောင်းစရာပါ အစ်ကိုရယ်"

ပန်းလှိုင်ကိုယ်တိုင် စိတ်ထိခိုက်နေကြောင်း တုန်ယင်သော သူ့အသံများအရ သိလိုက်ပါသည်။

ကျွန်တော် သက်ပြင်းရှိုက်မြစ်ပြန်သည်။

ချစ်ရခင်ရ တွယ်တာရသော သံယောဇဉ်ကြောင့် အားပေးကူညီလိုသော်လည်း သေခြင်းတရားက လက်ယပ်ခေါ်ပြီဆိုသောအခါ ကျွန်တော်တို့ ဘာများ တတ်နိုင်ကြပါဦးမည်နည်း။

ဤသို့ဖြင့် မထင်မှတ်သောနေ့သို့ ရောက်လာသည်။

ထိုနေ့သည် ကျွန်တော် မမျှော်လင့်သောနေ့ဟု ဆိုရမည်ဖြစ်သော်လည်း မမျှော်လင့်ခဲ့ရသူမှာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေပါတော့သည်။

❐

## လေး

ထိုနေ့က ကျွန်တော်တို့ နံနက်စာစားနေစဉ် တယ်လီဖုန်းမြည်သံ ကြားရသည်။ ရုတ်တရက်မို့ မည်သူမျှ မထဖြစ်ကြ။

သူထနိုး၊ ကိုယ်ထနိုးဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေစဉ် ကိုဝမ်းဖေ ထသွားပြီး နားထောင်သည်။ ဖုန်းမှာ ညှော်ခန်းတွင်ရှိသဖြင့် ပန်းလှိုင်နှင့် ကျွန်တော်မှာ ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com

နေကြရင်း ကိုဝမ်းဖေပြန့်ဝင်အလာကို စောင့်နေကြသည်။

"ဆေးရုံက ဖုန်းဆက်တယ်၊ ဆွေဆွေက ကိုသက်ထွန်းနဲ့ တွေ့ချင်လို့တဲ့ဗျာ။ ဖြစ်နိုင်ရင် ချက်ချင်းလာခဲ့ပါတဲ့။ ဒေါက်တာက ဖုန်းဆက်တာ"

သူက ကျွန်တော့်ကို လှမ်းပြောပြီး သူ၏အေးစက်သော မျက်လုံးများ ကျွန်တော့်ထံမှ လွှဲဖယ်သွားသည်။

ပန်းလိုင်က ဘာမျှဝင်မပြောသော်လည်း သူမ၏မျက်လုံးများတွင် တစ်စုံတစ်ခုဖြစ်နေပြီလားဟူသော စိုးရိမ်စိတ် ဖော်ပြနေသည်။

ကျွန်တော် ထမင်းဆက်မစားတော့ဘဲ ထိုင်ရာမှထပြီး လက်ဆေးလိုက်သည်။

"ကိုဝမ်းဖေလည်း လိုက်ခဲ့ဗျာ"

"ကျွန်တော်လိုက်ဖို့ မလိုဘူးထင်တယ် ကိုသက်ထွန်း။ ဆွေဆွေက ကျွန်တော့်ကိုတွေ့ချင်တာမှ မဟုတ်ဘဲ။ ခင်ဗျားကိုတွေ့ချင်နေတာ။ ခင်ဗျားတစ်ယောက်တည်း သွားတော့ဗျာ။ အဲ... အကြောင်းထူးရင်တော့ ဖုန်းဆက်ပါ။ ကျွန်တော် အိမ်မှာ အချိန်ပြည့်ရှိနေမယ်"

စိတ်စောနေသော ကျွန်တော်က သူ့ကိုသာမက ပန်းလိုင်ကိုလည်း ဘာမျှ မပြောဖြစ်တော့ပါ။ အိမ်မှ ဂျစ်ကားဖြင့် ဆေးရုံကို အသော့နှင်ခဲ့သည်။

❒

ဆွေဆွေ့ကိုမြင်ရသောအခါ သူခမျာ ယဲ့ယဲ့မျှသာ ရှိတော့ကြောင်း အတပ်သိလိုက်၏။

"ကိုသက်ကို ပြောပြထားစရာတွေရှိလို့ ခေါ်လိုက်တာပါ။ ဒါတွေ ပြောမထားခဲ့ဘဲ ဆွေမသေချင်သေးဘူး"

သူ့အသံမှာ တိုးတိတ်ညင်သာလှသည်။

"သေဆိုတဲ့စကား မပြောစမ်းပါနဲ့ ဆွေရယ်၊ လူဆိုတာ မွေးလာကတည်းက လွယ်လွယ်နဲ့ ပြန်သေဖို့မဟုတ်ပါဘူး"

ကျွန်တော်က အားပေးစကား ပြောလိုက်ရသည်။

"ဆွေ့ကိုဆွေ သိပါတယ်၊ ဆွေ့ရောဂါက ရိုးရိုးအဆုတ်နာမဟုတ်ဘူး ကိုသက်ရဲ့ အဆုတ်ကင်ဆာ"

"ကင်ဆာလို့ အတိအကျ မပြောနိုင်သေးပါဘူး ဆွေ၊ ဒီလောက်လည်း စိတ်မလျှော့ပါနဲ့"

ဆွေဆွေက ခေါင်းကို ဖြည်းလေးစွာ ခါသည်။

"ကိုသက်ကိုခေါ်တာ ပြောစရာရှိလို့ပါ။ ကိုသက်နားထောင်နော်၊ ဆွေပြောခဲ့ချင်တာတွေ ပြောချင်လို့ပါ။ ဩော်.. သမီးလေး မပါဘူးလား"

"ထမင်းကျွေးတုန်းမို့ မခေါ်ခဲ့ဘူး။ ဆွေတွေ့ချင်ရင် သွားခေါ်ပေးမယ်လေ"

"နေနေ"

ဆွေဆွေက လက်ကာပြရင်း ခေါင်းခါသည်။

ထိုအချိန်မှာပင် အပွတ်ခနဲ ချောင်းဆိုးလာပြီး အထူး သူနာပြုဆရာမ ထိုးပေးသော တွေးခံထဲသို့ တွေးချလိုက်သည့် သလိပ်တို့တွင် သွေးအပြည့်တွေ့ရသည်။

ကြည့်ရက်စရာပင် မကောင်းပါ။

"နောက်မှပြောပါလား ဆွေ"

"ဟင့်အင်း...ဟင့်အင်း... ကိုသက် နားထောင်ပါ"

တားဆီးမရမှန်း ကျွန်တော် သိလိုက်သည်။ ထို့ကြောင့် သူနာပြုဆရာမအား ကြည့်လိုက်သည်။ သူမလည်း နားလည်စွာဖြင့် အပြင်ထွက်သွားသည်။

ကျွန်တော် ဘာမျှပင် မပြောရသေးမီမှာပင် ဆွေဆွေ့ထံမှ စကားသံများ လေးလေးနှင့်မှန်မှန်ထွက်လာသည်။

"ကိုသက်အမေ မဆုံးမီ လေးရက်အလိုမှာ ကျောက်တွင်းရောင်းရတဲ့ စိန်တွေနဲ့အတူ ဖေဖေ့ဆီ ရောက်လာတယ်။ သားက အသုံးအဖြုန်းကြီးတာမို့ အသိမပေးချင်သေးဘူးတဲ့လေ၊ အဲဒါတွေကို ငွေသားနဲ့လဲရကောင်းနိုး၊ ဘဏ်အပ်ရကောင်းနိုး ဆုံးဖြတ်လို့မရ ဖြစ်နေတယ်။ ဖေဖေက ဘဏ်ကို အယုံအကြည်မရှိဘူး ဖျက်တယ်၊ ဒါနဲ့ပဲ ဖေဖေ့ဆီအပ်ဖို့ သဘောတူကြပြီး ပစ္စည်းလက်ခံရရှိကြောင်း စာချုပ်တွေ လက်မှတ်ထိုးကြတယ်၊ ကိုသက်မေမေက ဖေဖေ့ကို သိပ်အယုံကြီးတာ...။

အဲဒီတုန်းကဆိုရင် ဖေဖေဟာ ငွေသိပ်လိုနေတဲ့ အချိန်ပေါ့၊ ဖေဖေက လောင်းကစားဝိုင်းမှာ သိန်းနဲ့ချီပြီးရှုံးတာ နှစ်တိုင်းပဲ၊ အပြင်ပန်းအရ သူဌေးကြီးလို့ဆိုပေမယ့် အမှန်တော့ ကြွေးလည်ပင်း ခိုက်နေရသူပါ။

နောက်ပြီး ခြံထဲက မိန်းမတစ်ယောက်နဲ့ မထင်မပေါ် နေကြတယ်၊ သူဌေးဆိုတဲ့ဂုဏ်နဲ့ လူသိမခံရဲဘူးလေ အဲဒီ ဖေဖေ့ရဲ့အားနည်းချက်ကို အခွင့်ကောင်းယူ အကျပ်ကိုင်ပြီး ကိုဝမ်းဖေက ဆွေဆွေ့ကို လက်ထပ်ခဲ့တာပေါ့ ဒါပေမယ့် ဆွေကလည်း မိန်းမဈေးသည်က မိန်းမတစ်ယောက်ပါပဲလေ၊ လက်



www.burmeseclassic.com

www.burmeseclassic.com

ထပ်ပြီးတဲ့ညမှာပဲ ဆွေမှာ ကိုယ်ဝန်သုံးလရှိတဲ့အကြောင်း ဖွင့်ပြောလိုက်တယ်။

ဒီတော့မှ သူ့ကိုယ်သူ အကြံပိုင်လုပြီရယ်လို့ ထင်နေတဲ့ ကိုဝမ်းဖေဟာ ဒီနေရာမှာတော့ ဆွေက နိုင်လိုက်သလိုလိုပဲ၊ အတော်ကြီး စိတ်ထိခိုက်သွားပြီး ဆွေဆွေနဲ့ အကြီးအကျယ် စကားများကြတယ်။

တစ်နေ့တော့ ကိုဝမ်းဖေက ကျောက်မဲကိုသွားမယ်လို့ပြောပြီး ထွက်သွားတယ်၊ အဲဒီမတိုင်မီကလည်း ဖေဖေက ကျောက်မဲကို ရောက်နှင့်နေတယ်လေ၊ ခုတော့ ကိုဝမ်းဖေက ကျောက်မဲကို ပြင်ဦးလွင်ဘက်က မတက်ဘဲ မိုးကုတ်ကနေ တက်မယ်တဲ့။

ဒါပေမယ့် အဲဒီခရီးမှာ ကိုဝမ်းဖေ ကျောက်မဲကို မရောက်ဘူး၊ မိုးကုတ်ကနေပြီး လှည့်ပြန်ခဲ့တယ်၊ နောက်တစ်နေ့မှာတော့ ကိုသက်အမေအိမ် မီးလောင်ပြီး လုံးပါးပါးသွားတဲ့အကြောင်း သိလိုက်ရတယ်။

အဲဒီညမှာ ဆွေဟာ သွေးရူးသွေးတန်းဖြစ်လုနီး လူတွေကို အကြောက်ကြီးကြောက်သွားတယ်၊ ဘယ်သူ့ကိုမှ ယုံချင်တော့ဘူး၊ ကုန်ကုန်ပြောရရင် ဖေဖေ့ကိုသာမကဘူး ကိုယ့်ကိုယ်ကိုတောင် မယုံချင်တော့ဘူး၊ ဖေဖေဟာ သူ့လက်ထဲရောက်ပြီးတဲ့ ပစ္စည်းတွေကို ပြန်လက်လွှတ်မခံချင်တော့ဘူး၊ ငွေကလည်း သိပ်လိုနေပြီ မဟုတ်လား။

မှားတာမှန်တာလည်း မစဉ်းစားတော့ဘူး၊ ဒီတော့ အတွင်းလူဖြစ်နေတဲ့ သူ့သမက်ကိုဝမ်းဖေကို အသုံးချတော့တာပေါ့၊ ကိုဝမ်းဖေကလည်း တည်းအိမ်တွေ တစ်နေ့ရှုံး ပိုင်နိုးနဲ့ မျှော်လင့်ချက်ကြီးနေတဲ့သူဆိုတော့ စိတ်လိုလက်ရ ဆောင်ရွက်တော့တာပေါ့။

ဆွေ့အဖြစ်ကို ကြည့်စမ်းပါ... ကိုသက်ရယ်၊ တစ်ဖက်က အဖေ၊ တစ်ဖက်က တရားဝင်ယောက်ျား၊ ဒီနှစ်ယောက်ကြားမှာ မလူးလွန့်ရဲတဲ့ ဆွေဟာ ဘေးကျပ်နံကျပ် ဖြစ်ခဲ့ရတယ်။

ဒီကိစ္စတွေကြောင့် တစ်နေ့နေ့တော့ ကိုသက်ရောက်လာလိမ့်မယ်လို့ ထင်ခဲ့တယ်၊ ဆွေ ကိုသက်ကို မျက်နှာချင်းမဆိုင်ချင်ဘူး၊ ဒါကြောင့် ဆွေ မိတ္ထီလာကို ဆေးကုအကြောင်းပြပြီး ထွက်သွားခဲ့တာပဲ။

"အားလုံး ခြုံပြောရရင် ဒီတိုက်၊ ဒီခြံ လုပ်ငန်းခွင် တစ်ခုလုံးကို ဈေးပေါပေါနဲ့ ကိုသက်ကိုရောင်းတော့ ကိုဝမ်းဖေနဲ့ဆွေ အတော်ကို စကားများလိုက်ကြသေးတယ်၊ ဒါပေမယ့် ပိုင်တာဆိုင်တာက ဆွေမဟုတ်လား၊ အပြီးသတ်ဆုံးဖြတ်ချက်က ဆွေ့အပေါ်မှာ မူတည်တယ်၊ ဒါကြောင့် ကိုသက်လက်ထဲ ဝကွက်ပြီး အပ်လိုက်တာပေါ့၊ ဘာဖြစ်လို့လဲ သိလားဟင်"

စကားတွေ တစ်မျှော်တစ်ခေါ်ကြီး ပြောပြီးမှ ဆွေဆွေက မေးသည်။

ကျွန်တော်က ခေါင်းခါပြလိုက်သည်။

"သမီးလေး မို့မို့ဟာ ဘယ်သူနဲ့မှ မတူဘူးလို့ ဆွေဆွေ ပြောနေတာ ကိုသက် သတိထားမိလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ကိုဝမ်းဖေနဲ့ ဆွေတို့ ဒီနေ့အထိ လင်မယားမဖြစ်ခဲ့ကြဘူး ကိုသက်"

ကျွန်တော့်ရင်ထဲမှာ အမျိုးအမည် မဖော်ပြနိုင်သော ဝေဒနာ၏ ရိုက်ခတ်မှုကို ခံလိုက်ရသည်။

"ကိုဝမ်းဖေဟာ တစ်နေ့နေ့မှာ မပန်းလှိုင်ကို ယူလိမ့်မယ်ဆိုတာ ဆွေသိထားတယ်၊ ခုတော့ မပန်းလှိုင်ဟာ ကိုသက်ရဲ့ ဇနီးလောင်း ဖြစ်နေပြီ"

"နေပါဦးဆွေ..."

သိချင်လွန်းနေသော ကျွန်တော်က သူစကားဆုံးသည်အထိ မစောင့်နိုင်တော့ဘဲ ဖြတ်မေးလိုက်ရသည်။

"မို့မို့ဟာ ...ကိုဝမ်းဖေရဲ့သမီး မဟုတ်ဘူးဆိုရင်"

"ကိုသက်ရဲ့သမီးအရင်းပါ ... ကိုသက်ရယ်"

"ဟင်...ဆွေ...ဘယ်လို... အို...ဆွေရယ်"

ဆွေဆွေ့အသွင်အပြင်က အေးဆေးသလောက် ကျွန်တော့်မှာတော့ ကြီးစွာသော တုန်လှုပ်ခြင်းနှင့် ဆုံစည်းလိုက်ရ၏။

"ကိုသက်ရဲ့ကလေး...ကိုသက်ရဲ့ သမီး ဟုတ်လားဆွေ၊ ပြန်ပြောစမ်းပါဦး ဆွေရယ်"

"မယုံလို့လားဟင်"

"မဟုတ်ဘူး၊ ထပ်ပြီးကြားချင်သေးလို့ပါ ဆွေ"

ဣန္ဒြေပျက်နေသော ကျွန်တော့်ကို တည်ငြိမ်သော ဆွေက ငြိမ့်ငြိမ့်ကလေး ခေါင်းညိတ်ပြသည်။

"အို...ဆွေရယ်...ဒါနဲ့များ ဒီအချိန်ထိအောင်"

ကျွန်တော့်တွင် ဆက်ပြောရန် လေကုန်သွားသလို ဖြစ်သွားရ၏။

ရင်ထဲတွင်မှ "မို့မို့လေးဟာ



www.burmeseclassic.com

www.burmeseclassic.com

ငါ့သမီးလေးပါလား။ ငါ့သမီးမို့မို့၊ ဒီသမီးလေးရယ်၊ တစ်သက်လုံး ကောင်းစားရမယ်၊ သမီးလေးရဲ့ဘဝဟာ ငါ့ဘဝပဲ ဖြစ်ရမယ်"

ဤသို့လျှင် ကျွန်တော့်ရင်ထဲမှ ပြောနေမိသည်။

"ဖေဖေ့စည်းစိမ်တွေ ကိုသက်လက်ထဲရောက်မှ ဆွေ စိတ်ချမ်းသာမှာ၊ ဆွေဆွေတို့သားအဖကို တစ်နေ့ချင်း စိမ်ပြေနပြေ ကလဲ့စားချေနေတဲ့ ကိုဝမ်းဖေကို လက်မဲ့ဘဝ ဖြစ်စေရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ . . . သူ့မှာ သစ္စာ၊ မေတ္တာ၊ အကြင်နာတရား မရှိဘူး၊ ကောက်ကျစ်တဲ့စိတ်ထားနဲ့ ကောက်ကျစ်တဲ့ အကြံဉာဏ်ပဲရှိတယ်၊ အကြံကြီးတဲ့လူကို အကြံကြီးပဲ ကြံရမှာပေါ့"

ဆွေဆွေ့စကားများကို ကျွန်တော် ကြားတစ်ချက်၊ မကြားတစ်ချက် ဖြစ်နေရသည်။ သူ့အသံမှာ ကြေကွဲခြင်း၊ ဆွေးမြေ့ခြင်းတို့ဖြင့် ပြည့်လျှမ်းနေပါသည်။

"သမီး . . . သမီး . . . မို့မို့"

ဆွေဆွေ၏ တမ်းတရေရွတ်သံက ကျွန်တော့်ကို အတွေးကမ္ဘာထဲမှ လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ သမီးလေး မို့မို့ကို ပြေးတွေ့ချင်သည့်ဆန္ဒ တဖွားဖွားလည်း ဖြစ်ပေါ်လာမိသည်။

"ဆွေ . . . ဆွေ သမီးကို တွေ့ချင်လားဟင်"

ဆွေဆွေက ခေါင်းညိတ်သည်။

"ကိုယ်လည်း သိပ်တွေ့ချင်တာပဲ ဆွေ"

"ဆွေတို့ သားအမိသားအဖ ပြန်တွေ့ကြရအောင်ပါ ကိုသက်ရယ်"

ဆွေဆွေ့အသံက လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

"ဖြစ်စေရမှာပေါ့ ဆွေရယ်၊ ကိုယ်သွားခေါ်မယ်နော်၊ ကိုယ်တို့ အခုပဲ ပြန်လာခဲ့မယ်"

"ဆွေ အရမ်းဝမ်းသာတယ်၊ ဆွေ သေရမှာ မကြောက်တော့ဘူး။ ကိုသက်နဲ့သမီးလေးတို့အတွက် လုံးလုံးလျားလျားကြီး စိတ်ချလိုက်ပါပြီ"

ဖျော့တော့သော နွမ်းယဲ့ယဲ့မျက်နှာလေးပေါ်တွင် ယခင်ကလို ကြည်စင်တောက်ပသော မျက်လုံးများကို လျှပ်တစ်ပြက် တွေ့လိုက်ရသမို့ ကျွန်တော့်ရင်ထဲ ကြည်နူးသွားရသည်။

"ကိုသက် မကြာပါဘူး ဆွေ၊ စောင့်နေနော်"

ကျွန်တော် ဤမျှသာပြောပြီး ဆေးရုံမှ အမြန်ထွက်ခဲ့သည်။

လေးကိုင်းမှလွှတ်သည့် မြားတံလို ဂျစ်ကားကိုလည်း အမြန်ဆုံး မောင်းနေမိသည်။

အပြန်ခရီးကား ပီတိအဟုန် ပြည့်စုံလှပါ၏။

□

"မို့မို့ကော၊ သမီး . . . မို့မို့လေးကော"

ကားပေါ်မှအဆင်း တိုက်ထဲသို့ အဝင် လှမ်းမြင်ရသော ဒေါ်လေးသိန်းကို ကျွန်တော် အမောတကောမေးမိသည်။

"ရှိပါတယ်၊ အပေါ်ထပ်က အခန်းထဲမှာ ကစားနေမှာပေါ့။ သွားခေါ်ပေးရမလား"

"နေ . . . နေ . . . ကျွန်တော်ပဲ သွားခေါ်မယ်"

ကျွန်တော် အပြေးအလွှား အပေါ်ထပ်ကို တက်ခဲ့သည်။ ကျိုးကန်းတောင်းမှောက် မျက်လုံးကစားကြည့်မိသည်။ မည်သည့်အရိပ်အယောင်မှ မမြင်ရ၊ တစ်ခန်းလုံး တိတ်ဆိတ်နေ၏။ အသံလုံမှန်ကာထားသော အလုပ်ခန်းထဲသို့ ဝင်ကြည့်ပြန်သည်။

ဘာမှမတွေ့ရ၊ ဘာမှမကြားရ၊ ဘာကြောင့်ရယ်မသိ ရင်ထဲတွင် လှိုက်ဖိုလာသည်။ တစ်စုံတစ်ခုတော့ ဖြစ်ချေပြီဟု ရင်ထဲတွင် ထင်နေသည်။

ကျွန်တော် တစ်ခန်းဝင်တစ်ခန်းထွက် မွှေနှောက်ရှာဖွေနေဆဲမှာပင် ခပ်ဝေးဝေးဆီမှ ကလေးငိုသံသဲ့သဲ့ကို ကြားသလို ရှိလာသည်။

နားမလည်နိုင်သော အသိဖြင့် အာရုံစူးစိုက် နားထောင်လိုက်သည့်အခါ မကြာမီက ပြင်ဆင်ထားသည့် အခန်းကလေးထဲမှ ငိုရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရခြင်းဖြစ်၏။ အခန်းတံခါးကို အပြင်မှ သော့ခလောက်ကြီးခတ် ထားသည်။ ကျွန်တော့်မျက်လုံးများ ပြာဝေသွားသည်။ ခေါင်းနားပန်းကြီးသွားသည်။

မို့မို့ အခန်းထဲမှာပါလား။ ကျွန်တော် အခန်းနားကပ်ပြီး အမောတကော အသံကုန်ဟစ်ခေါ်လိုက်သည်။

"မို့မို့၊ သမီးရေ . . . မို့မို့လေးရေ"

ကျွန်တော့် အော်ခေါ်သံကို ကြားဟန်မတူ။

ရုတ်တရက်မို့ ကျွန်တော် မှုန်ထူသွားရသည်။ ဘာလုပ်ရမှန်းလည်း မသိတော့။ ထိုအခန်းသော့မှာ ကျွန်တော့်တွင်မရှိ။ ခုကိစ္စမှာ လူယုတ်မာ ကိုဝမ်းဖေ၏ လက်ချက်ပဲဖြစ်မည်။

"တွေ့ကြသေးတာပေါ့ ကိုဝမ်းဖေရယ်၊ ဒီတစ်ပွဲကတော့ ခင်ဗျားနဲ့ကျွန်တော် အပြတ်ရှင်းရမယ့်ပွဲပဲ"



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေမှာ စက္ကန့်နှင့်အမျှ အရေးကြီးနေပါပြီ။ သော့ကြီးမှာ ခိုင်ခံ့ကြီးမားလှသည်။ တော်ရုံတန်ရုံဖြင့် ထုဖွင့်၍ ရလိမ့်မည်မဟုတ်။

ကိုဝမ်းဖေနှင့်တွေ့မှ ပြီးမည့်ကိစ္စ။ ကျွန်တော် ရှည်ရှည်ဝေးဝေး စဉ်းစားနေ၍ မဖြစ်တော့။ ကျွန်တော့်အိပ်ခန်းထဲမှ သေနတ်ကိုယူပြီး သူ့ကို ရင်ဆိုင်ရတော့မည်ပါ။

ကျွန်တော် နောက်သို့ပြန်အလှည့် လိုက်တွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသူမှာ ကိုဝမ်းဖေ။ ခနိုးခနဲ့အပြုံးဖြင့် ကြည့်နေသည့် သူ့အကြည့်မှာ စူးရဲသည်။ အောင်နိုင်သူအပြုံးဖြင့် ရပ်ကြည့်နေသည့် ကိုဝမ်းဖေ၏လက်ထဲမှ ခြောက်လုံးပြူးမှာ ကျွန်တော့်ကို တည့်တည့်မတ်မတ် ချိန်ထားသည်။

"ဒါ ဘာလုပ်တာလဲ ကိုဝမ်းဖေ"

ကျွန်တော်က ဒေါသဖြင့် ခပ်ထန်ထန် အော်မေးလိုက်သည်။

"ဒီမှာ ကိုသက်ထွန်း။ ကျွန်တော်တို့ လျှောက်ခဲ့တဲ့လမ်းက ဆုံးတော့မယ်လေ"

"ဘာဗျ"

"လမ်းဆုံးရင် ရှာရောက်တယ်လို့ ဆိုတယ်မဟုတ်လား။ ခင်ဗျားအတွက်ကတော့ ရှာမရှိဘူးလေ၊ သင်္ချိုင်းပဲရှိတယ်"

သူ့မျက်နှာပြင်ပေါ်မှာ ကောက်ကျစ်ငုံးလဲရိပ်များ လွှမ်းထင်နေသည်။ သူ့အသံက အေးစက်စက်။ သူ့လက်ထဲမှ ခြောက်လုံးပြူးကား ကျွန်တော်ကို ချိန်ရွယ်လျက်။

"ဟေ့လူ . . . အမိပ္ပာယ်မဲ့စကားတွေ ပြောမနေစမ်းနဲ့ဗျာ၊ တံခါးသော့ကို ဖွင့် မြန်မြန်ပေးစမ်း၊ ဆွေဆွေဟာ အချိန်နီးနေပြီ၊ သမီးနဲ့အမေကို တွေ့ပေးဖို့ အရေးကြီးတယ်"

"သူတို့သားအမိ တွေ့ဖို့က အရေးမကြီးပါဘူး။ ခင်ဗျားနဲ့ကျွန်တော် အပေးအယူစာရင်းရှင်းဖို့က ပိုအရေးကြီးပါတယ်"

"ဘာ . . . ဘာပြောတယ်၊ ခင်ဗျား အကြံပက်စက်လှချည်လား။ ခင်ဗျားမှာ လူသားစိတ်မရှိတော့ဘူးလား။ ခင်ဗျား တော်တော်ယုတ်မာတဲ့လူ"

"ဘာဗျ . . . ကိုသက်ထွန်း။ အကြံပက်စက်ယုတ်မာတာက ခင်ဗျားလား၊ ကျွန်တော်လား။ သဘာဝယုတ္တိရှိရှိလေး ပြောစမ်းပါဗျာ"

"ခင်ဗျားတို့ သမက် ယောက္ခမ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ကျုပ်အကုန်လုံးသိထားတယ် ကိုဝမ်းဖေ"

"ဒီမှာ ကိုသက်ထွန်း။ စိန်တွေကိစ္စ ခင်ဗျားဘာတွေ လုပ်ခဲ့တယ်၊ ဘယ်လိုနည်းနဲ့ ပြန်ယူခဲ့တယ်ဆိုတာ ကျုပ်အကုန်လုံးသိတယ်၊ ဘိန်းစားချင်းအတူတူ ခင်ဗျားက ခေါင်းတစ်လုံး ပိုမမြင့်ချင်စမ်းပါနဲ့၊ ဟေ့လူ . . . ရှေ့တိုးဖို့ မကြိုးစားနဲ့နော်၊ ခင်ဗျားကိုယ်ထဲမှာ ကျည်ဆန်လေးတွေ မြုပ်ဝင်သွားလိမ့်မယ်"

"ကဲ . . . ကိုဝမ်းဖေ၊ ကျုပ် ခင်ဗျားနဲ့ စကားနိုင်လုပြောနေဖို့ အချိန်မရှိဘူး။ ခင်ဗျား ဘာလိုချင်သလဲပြော"

"ဒီလိုမှပေါ့ . . . ကိုသက်ထွန်းရဲ့ ခင်ဗျား ကျုပ်ဆီက လိုချင်တာယူပြီးပြီ ခုအဲဒီကြွေး ပြန်ဆပ်ရမှာက ခင်ဗျားအလှည့်၊ ဟောဒီစာချုပ်ပေါ်မှာ လက်မှတ်ထိုး။ ကျုပ်အခန်းတံခါး ဖွင့်ပေးမယ်၊ ကျုပ်ပြောတာ ရှင်းတယ်နော်"

သူက ပြောပြောဆိုဆို ရင်ဘတ်ထဲတွင်ထည့်ထားသည့် စာအိတ်ရှည်ကြီးကို ထုတ်ယူ၍ ကျွန်တော့်ထံ ပစ်ပေးလိုက်သည်။

"တိုက်နှင့် လက်ဖက်ခြံကို သူ့အား ပြန်လည်ရောင်းချသည့် အရောင်းအဝယ်စာချုပ်နှင့် လွှဲပြောင်းကတိစာချုပ်"

ကျွန်တော်က အလောသုံးဆယ် ဖတ်ကြည့်ပြီး အလွယ်တကူပင် ခေါင်းညိတ်လိုက်သည်။

သူပေးသည့် စာချုပ်ပေါ်တွင် ကျွန်တော် လက်မှတ်ရေးထိုးပေးလိုက်သည့်တိုင် တကယ်တမ်း တရားဥပဒေကြောင်းနှင့် ပြောကြစတမ်းဆိုလျှင် ထိုစာချုပ်မှာ တရားဘောင်မဝင်။ နောက်ပြဿနာ နောက်မှရှင်းမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် လက်မှတ်ထိုးပေးရန် သဘောတူလိုက်ခြင်း ဖြစ်ပါသည်။

"တစ်ခုတော့ရှိတယ်နော် . . . ကိုသက်ထွန်း။ ခင်ဗျား ဒီစာချုပ်ပေါ် လက်မှတ်ထိုးပြီးမှ နောက်ပိုင်း ကလိမ်ကလဲ့လုပ်ဖို့တော့ မကြိုးစားနဲ့၊ တရားဝင်ပြောကြစတမ်းဆိုရင် မှိုမှိုဟာ ကျုပ်သမီး။ ကျုပ် အချိန်မရွေး ပြန်ခေါ်နိုင်တယ်၊ အဲဒီအဆင့်ထိအောင်မျိုး ပြဿနာတက်လာရင် ခင်ဗျားနဲ့ ပန်းလှိုင်တို့လည်း လူလောကထဲကနေ အစောကြီး ထွက်သွားရလိမ့်မယ်၊ ကျုပ်က ခြိမ်းခြောက်နေတာ မဟုတ်ဘူးနော်၊ ကျုပ် ဘယ်လိုလူစားလဲဆိုတာ ခင်ဗျားအသိဆုံး။ ကျုပ်မှာ သံယောဇဉ်တွယ်စရာ ဘာမှမရှိဘူး။ အဲဒါကိုတော့ ခင်ဗျားခေါင်းထဲမှာ စွဲစွဲမြဲမြဲထည့်ထားဖို့ လိုလိမ့်မယ်၊ ကဲ . . . ဘယ့်နှယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com

သူက ထိုသို့ပြောလာသည့်အခါ ကျွန်တော့်မှာ တစ်ခဏတာ မှင်တက်မိပြီး တွေဝေသွားရသည်။ သို့တစေ နောက်ပြဿနာထက် လောလောဆယ် ပြဿနာကို ရှင်းရတော့မည်မို့ စာချုပ်ပေါ် လက်မှတ်ထိုးလိုက်သည်။

ကျွန်တော်က စာချုပ်ပေါ် လက်မှတ်ထိုးပြီးနောက် စာချုပ်ကိုပေးရန် သူ့ဆီသို့ ခြေလှမ်းပြင်လိုက်သည်နှင့် သူ့ထံမှ အမိန့်ပေးသံ ထွက်လာသည်။

"ကိုသက်ထွန်း ရှေ့မတိုးနဲ့ စာချုပ်ကို ကျုပ်ဆီပစ်ပေးလိုက်၊ ခင်ဗျား ရှေ့တိုးတာနဲ့ ကွေးထားတဲ့ ကျုပ်လက် ညှစ်ပြီးသား ဖြစ်သွားလိမ့်မယ်"

ကျွန်တော့်အကြံကို သူက ရိပ်မိသိရှိနေဟန် ရှိသည်။

ထိုစဉ်မှာပင် ကျွန်တော့်ဘက်သို့ ကံကြမ္မာ အလေးသာစေမည့် ဖြစ်ရပ်ကြောင်းတစ်ခု မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည်။

ကျွန်တော်တို့နှစ်ယောက် ရှိနေသည့် အခန်းထဲသို့ ပန်းလှိုင်ဝင်ရောက်လာခြင်း။

မမျှော်လင့်သော အဖြစ်အပျက်ကို တွေ့လိုက်ရသည့် ပန်းလှိုင်ထံမှ ကျယ်ကျယ်လောင်လောင် နှုတ်ဖွင့်သံ ထွက်လာသည်။

"ဟင်···အစ်ကိုတို့ ဘာဖြစ်နေကြတာလဲ၊ ဘယ်လိုဖြစ်နေကြတာလဲ"

စိုးရိမ်တကြီးပြောလိုက်သည့် ပန်းလှိုင်အသံကြောင့် ကိုဝမ်းဖေမှာ သတိလက်လွတ် ဖြစ်သွားသလားမသိ။ သူ၏ မျက်နှာမူရာ ဘက်ပြောင်းသွားသည်။

အမှတ်မထင်ပေါ်လာသည့် အခွင့်အရေးကို ကျွန်တော်ကလည်း အမိအရ ယူလိုက်သည်။

လွှားခနဲ ခုန်အုပ်လိုက်သည့် ကျွန်တော်၏ကိုယ်လုံးမှာ သူ၏ ကိုယ်လုံးဆီသို့ တည့်မတ်စွာ ရောက်သွားသည်။

အရေးကြုံတော့ သက်လုံကောင်းတတ်သည့် လူ့သဘာဝအတိုင်း ကျွန်တော်၏ လုပ်ဆောင်ချက်မှာ သူ့ကို အဓိကမိသွားစေခဲ့၏။

နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်သို့ လုံးထွေးကျသွားသည်။ သေနတ်မှာမူ သူ့လက်ထဲတွင်ပင် ရှိနေသည်။

နှစ်ယောက်သား တစ်ပြန်စီ လုံးထွေးနေရင်း ဒိုင်းခနဲ ပြည်ဟိန်းသံ ထွက်လာသည်နှင့်အတူ ကျွန်တော်၏လက်မောင်းရင်းမှာ ပူခနဲ ခံစားလိုက်ရပြီး နာကျင်သွားသည်။

သူက ကျွန်တော့်ကို အပြတ်ရှင်းတော့မည်ဖြစ်သည်။ ကျွန်တော်ကလည်း အပြတ်ရှင်းရတော့မည်။ ရှိသမျှအားကို ဖျစ်ညှစ်ပြီး သေနတ်မှန်မထားသည့် ညာဘက်လက်သီးဖြင့် သူ၏ မျက်နှာဆီသို့ အားကုန် ပစ်ထိုးထည့်လိုက်သည်။

ထိချက် မှန်သွားသမို့လားမသိ။ ကျွန်တော့်အပေါ် အုပ်စီးထားသည့် သူ၏ကိုယ်လုံးမှာ ဘေးသို့ လန်ကျသွားသည်။ လျှင်မြန်သော ကျွန်တော်၏လှုပ်ရှားမှုကြောင့် သူ့လက်ထဲမှသေနတ် ကျွန်တော့်လက်ထဲသို့ ရောက်လာသည်။

ကျွန်တော်လည်း ဘာလုပ်ရမည်၊ ဘာလုပ်သင့်သည်ကို စဉ်းစားမနေတော့ဘဲ ခလုတ်ကွင်းထဲ လက်ညှိုးထည့်၍ ခွဲညှစ်လိုက်သည်။

"ဒိုင်း···ဒိုင်း"

ကျည်ဆန်နှစ်တောင့်စလုံး သူ့ကိုယ်ထဲသို့ ဝင်သွားသည်။ ထိုသို့လုပ်ရန် မရည်ရွယ်သော်လည်း သူ့အသက်ကိုယ့်အသက်လုနေရသောအချိန်တွင် လက်ရောက်မှု အလိုလို ဖြစ်သွားရသည်။ ထိုအချိန်တွင် ပန်းလှိုင် အခန်းထဲတွင် မရှိတော့။ ကျွန်တော်တို့နှစ်ယောက် လုံးထွေးနေသည့်အဖြစ်ကို မြင်ပြီး ကြောက်အားလန့်အားဖြင့် အောက်ထပ်သို့ ပြန်၍ ပြေးဆင်းသွားခဲ့သည်။ ကိုဝမ်းဖေ သေမသေကို ကျွန်တော်ကြည့်မနေနိုင်အားပါ။

သူ့အိတ်ထဲတွင်ရှိနေသည့် သော့တွဲကိုယူပြီး စတိုခန်းကိုဖွင့်၍ မို့မို့လေးကို ချီပိုးထုတ်ယူလိုက်ရသည်။

ကျွန်တော်၏ ဘယ်ဘက်ပခုံးစွန်းမှ နာကျင်ပြီး လက်တစ်ခုလုံး သွေးခြင်းခြင်း နီနေသည်။ ဘာမှန်းမသိရသည့် မို့မို့လေးမှာ ငိုမဲ့မဲ့ ကြောင်တောင်တောင်ဖြစ်ပြီး ငြိမ်သက်နေသည်။

ကျွန်တော် အောက်ထပ်သို့ ရောက်သည့်အခါ ပန်းလှိုင်နှင့် ဒေါ်လေးသိန်းတို့ ပြူးပြူးပြာပြာ ရောက်လာကြသည်။

"ဟင်···အစ်ကို့လက်မှာလည်း သွေးတွေနဲ့ပါလား၊ ပေးပေး မို့မို့လေးကိုပေး"

ဟု ပြောပြောဆိုဆို ကျွန်တော့်လက်ထဲမှ မို့မို့လေးကို လက်လွှဲယူလိုက်သည်။

"အစ်ကို့ဒဏ်ရာအတွက် ဆေးရုံကို အမြန်ဆုံးသွားမှဖြစ်မယ် အစ်ကို၊ ပန်းလှိုင် ဘာလုပ်ပေးရမလဲ"

"နေဦး ပန်းလှိုင်၊ ဒဏ်ရာထက် အရေးကြီးတာ အစ်ကို လုပ်စရာရှိသေးတယ်"



www.burmeseclassic.com

ကျွန်တော် ရဲစခန်းကို ဖုန်းဆက်လိုက်သည်။ တယ်လီဖုန်းပြန်ချပြီး ငါးမိနစ်လောက်အကြာတွင် တယ်လီဖုန်းခေါ်သံ မြည်လာသည်။

ကျွန်တော်က အနာကို ရေနွေးနှင့်ဆေးပြီး ယာယီ ပတ်တီးစည်းထားဖို့ ဒေါ်လေးသိန်းအား ပြင်ဆင်စရာရှိသည်များပြင်ဆင်ပေးဖို့ ခိုင်းနေစဉ် တယ်လီဖုန်းသံ မြည်လာသည်။

ပန်းလှိုင် တယ်လီဖုန်း သွားကိုင်သည်။ ကျွန်တော်ရှိနေသည့် ထမင်းစားခန်းထဲသို့ ပန်းလှိုင် ဝင်လာသည်။ ပန်းလှိုင်မျက်နှာပေါ်မှာ မျက်ရည်စီးကြောင်း ထင်နေသည်။

ဝမ်းနည်းကြေကွဲစရာများ ထပ်ဆင့်လာပြီကို ကျွန်တော် သိလိုက်ပါပြီ။ ကျွန်တော် နှုတ်ဖွင့်စကားဖြင့် မမေးရဲတော့ပါ။

"ဒုက္ခတွေ တစ်ခုပြီးတစ်ခုပါလား အစ်ကိုရယ်"

"ဘယ်တတ်နိုင်ပါ့မလဲ ပန်းလှိုင်၊ ဖြစ်လာသမျှတွေကို ရင်ဆိုင်ရတော့မှာပေါ့"

ထိုစဉ်မှာပင် ရဲများရောက်လာသည်။ ကျွန်တော်က အဖြစ်အပျက်ကို အတိုချုံးပြောပြပြီး အပေါ်ထပ်တွင် ကိုဝင်းဖေဒဏ်ရာဖြင့် လဲကျနေကြောင်း ပြောပြလိုက်သည်။

ရဲစခန်းမှူးနှင့် ပါလာသူတွေ အပေါ်ထပ်သို့ တက်သွားကြသည်။ သူ ပြန်ဆင်းလာသည့်အခါ ကိုဝင်းဖေ မသေသေးကြောင်းပြော၍ ဆေးရုံသို့ အမြန်ပို့ရန် စီစဉ်ကြသည်။

ကိုဝင်းဖေ မသေသေးကြောင်း ကြားလိုက်ရသဖြင့် ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသည်။ ကိုဝင်းဖေအား ဆေးရုံပို့ပြီးနောက် ကျွန်တော့်အား ရဲစခန်းသို့ ခေါ်သွားကြသည်။

မည်သို့မှ မတတ်နိုင်ပါ။ ကြမ္မာ အလှည့်အပြောင်းက ကျွန်တော့်ကို ထိထိမိမိ ထိုးနက်လိုက်ပါပြီ။ ဘယ်သူမပြု မိမိမှုဆိုသည့်အတိုင်း မိမိပြုလုပ်ခဲ့သည့် အကြောင်းဆက်မှ ထင်ဟပ်လာမည့် အကျိုးဆက်ဆိုးကို ခံရဖို့အချိန်သို့ ရောက်ခဲ့ပါပြီ။

ဆွေဆွေ့အလောင်း မြေကျဖို့ကိစ္စအတွက် အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ ပန်းလှိုင်အား မှာကြားပြီး ကျွန်တော်၏ ငွေသေတ္တာသော့ကို ပန်းလှိုင်ထံ အပ်လိုက်သည်။

ရှိုက်ကြီးတငင်ငိုနေသည့် ပန်းလှိုင်နှင့် သမီးလေးမိုမိုကို မျက်နှာလွှဲလိုက်သည့်အချိန်တွင် ကျွန်တော်၏မျက်အိမ်တွင် မျက်ရည်များ ပြည့်လျှမ်းလျှက်။

□

ငါး

နိဒါန်း၏အဆုံး

ကိုဝင်းဖေမှာ ဆေးရုံပေါ်တွင် လေးရက်နှင့်တစ်မွန်းတည့် နေသွားခဲ့သည်။ သူ ဆေးရုံပေါ်ရောက်ပြီး ဒုတိယနေ့တွင် မှုခင်းဖြစ်ရပ်ဖြစ်ကြောင်းကို ပြောနိုင်လောက်အောင် သတိပြန်ရလာသောကြောင့် တရားသူကြီးက ကိုဝင်းဖေထံမှ သေတမ်းစစ်ချက် ရယူလိုက်နိုင်သည်။

ကိုဝင်းဖေ တစ်ခါတည်းမသေသဲ လေးရက်လောက် အသက်ရှင်သွားတာဟာ ကျွန်တော့်အမှုကို ပို၍ နက်ရှိုင်းသွားစေခဲ့ပါသည်။

တစ်နည်းအားဖြင့် ကြမ္မာဆိုးကွန်ယက်အတွင်းမှ ထွေးသာလွှန်သာအောင် အမိခံလိုက်ရပြီဟု ဆိုရပါမည်။

သေတမ်းစာ စစ်ချက်ထုတ်စဉ် ကိုဝင်းဖေထွက်ဆိုသွားသည့် ထွက်ဆိုချက်က ကျွန်တော့်အား မှုကြောင်း နှစ်ခုနှင့် ရစ်ထွေးသွားစေခဲ့၏။ ဖောက်ထွင်းမှုနှင့် လူသတ်မှု။

□

"ကျွန်တော့်ဇာတ်လမ်းကတော့ ဒါပါပဲဗျာ။ အစနိဒါန်း မကောင်းတော့ အဆုံးနိဂုံးလည်း ဘယ်ကောင်းနိုင်ပါ့မလဲ။ လူဘဝမှာ နိဂုံးကောင်းချင်ရင် နိဒါန်းကောင်းရမယ်လေ"

"ကိုသက်ထွန်းရဲ့ လက်ရှိအခု အခြေအနေကကော"

"အာမခံရဖို့ ကြိုးစားနေတုန်းပါပဲလေ။ ဒါပေမယ့် ကျွန်တော်က ငွေ မတတ်နိုင်တော့ အမှုကို ရက်ချိန်းနဲ့ ရုံးနေရတယ်။ ဒီတော့ အာမခံကိစ္စလည်း တိုးလိုးတန်းလန်း ဖြစ်နေတာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ၊ ကျွန်တော့် အခြေအနေက ခင်ဗျားမြင်တဲ့အတိုင်းပဲလေ"

"ဒါလောက်လည်း အားမလျော့ပါနဲ့ ကိုသက်ထွန်းရာ၊ ခင်ဗျားဘက်က လိုက်ပါဆောင်ရွက်နေတဲ့ ဥပဒေအကျိုးဆောင်ကြီးက သူတို့လောကမှာ ထိပ်ထိပ်ကြဲ ရှေ့နေကြီးပဲပေါ့။ သူ့ရဲ့ အစွမ်းအစနဲ့ ပန်းလှိုင်တို့ရဲ့ ကြိုးစားမှုက ခင်ဗျားအတွက် ကြမ္မာကောင်းဘက်ကို အလှည့်အပြောင်း ဖြစ်နိုင်ပါတယ်"

ကျွန်တော်က လောကဓံအရ

www.burmeseclassic.com

ထိုသို့ အားပေးနှစ်သိမ့်စကား ဆိုလိုက်သည့်တိုင် ကိုသက်ထွန်းက လိုက်လိုက်ထင်ထင် လက်ခံလိုရိပ်မပြပါ။

သူက ယဲ့ယဲ့ကလေးပြုံးပြီး ခေါင်းကို သိမ်သိမ်မွေ့မွေ့လေး ခါယမ်းလိုက်ပါသည်။

"ကျွန်တော့်ရောဂါ အခြေအနေကို ကျွန်တော်အသိဆုံးပါဗျာ၊ ကျွန်တော် ဒီအထဲကို ဝင်လာတုန်းက မတ်တတ်ဝင်လာခဲ့ပေမယ့် ပြန်ထွက်တဲ့အခါတော့ ပက်လက်ပြန်ထွက်…"

ပြောနေသည့် သူ၏အသံမှာ တိမ်ဝင်သွားသည်။ ကျွန်တော်တို့နှစ်ယောက်ထံမှ အသံများ တိတ်ဆိတ်သွားသည်။

မျက်လုံးနှစ်စုံမှာ ထောင်ဆေးရုံ အပေါ်ထပ် ပြတင်းပေါက်မှ လှမ်းမြင်နေရသည့် အုတ်ရိုးကြီးဆီသို့ စူးရောက်သွားသည်။

ကျွန်တော်တို့အတွက် ငေးမောကြည့်ရှုစရာမှာ ထောင်အုတ်ရိုးကြီးသာပါ။

❐

နောက်တစ်နေ့တွင် ပြောလာသည့် ကိုသက်ထွန်း၏ စကားများတွင် နောင်တနှင့် သံဝေဂလေသံများ စွက်ထင်ပါလာသည်။

"လောကကြီးရဲ့ သဘာဝအလုပ်တရားတွေက လူသားတွေကို ထာဝရ ရစ်ထွေးသိုင်းခြုံပေးထားပါတယ်ဗျာ၊ ဒါပေမယ့် အဲဒီသဘာဝအလုပ်တရားတွေကို မေ့မှိန်ညှိုးနွမ်းပျက်စီးအောင် လုပ်တဲ့ လူသားတွေလည်း ရှိတာပေါ့၊ ဒီလူတွေဟာ သဘာဝအလုပ်တွေကို ဖျက်ကွယ်ပြုကြရတယ်လေ၊ ခု အဲဒီအထဲမှာ ကျွန်တော်လည်း ပါဝင်သွားပြီပေါ့ဗျာ၊ ဒါဟာ လောကပါလတရားရဲ့ အဆုံးအမပေါ့၊ တစ်နည်းပြောရရင် လောကပါလတရားက ပေးတဲ့အပြစ်ဒဏ်ပေါ့၊ ဒါတင်ဘယ်ကမလဲ တရားဥပဒေကပေးတဲ့ အဆုံးအဖြတ် အပြစ်ဒဏ်ကိုလည်း ခံရဦးမှာပေါ့"

"မှုခင်းထမြောက်စေရန် ရည်ရွယ်ချက်မရှိ ကြိုတင်ကြံစည်မှုမရှိဘဲ အခြေအနေအရ ဖြစ်လာတဲ့အပေါ် တုံ့ပြန်ရတဲ့ မှုခင်းဖြစ်ရပ်တွေမှာ တရားဥပဒေရဲ့ အဆုံးအဖြတ်ဟာ သက်သာခွင့်ရစေတဲ့ မှုခင်းဖြစ်ရပ်တွေ အများကြီးရှိပါတယ် ကိုသက်ထွန်း။ ခင်ဗျားအတွက် မျှော်လင့်ချက်ရောင်ခြည်ဟာ မှောင်အတိ မကျသေးပါဘူးလေ"

"ခုလို ဖြေသိမ့်မှုပေးတဲ့အတွက် ကိုယ့်ရဲဘော်ကြီးကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့လေးယောက်ရဲ့ ဖြစ်ကြောင်းဖြစ်ရပ်တွေက လွယ်လွယ်ပေါ့ပေါ့ ဖြေသိမ့်လို့မရနိုင်တဲ့ ဖြစ်ရပ်တွေပါ။ ဦးလာဘဟာ မကောင်းတဲ့အမှုကို ပြုခဲ့တယ်။ သူ့တရား သူ့စီရင်သွားတယ်။ ဦးကျော်ခိုင်…သူလည်း ထိုနည်းလည်းကောင်းပဲ၊ ကိုဝမ်းဖေလည်း မကောင်းသောအကျိုးဆက်ရဲ့ စီရင်မှုက မလွတ်ကင်းခဲ့ဘူး။ ကျွန်တော်ကရော ဘာမို့လို့ လွတ်မှာလဲဗျာ၊ သူတို့အလှည့်ပြီးသွားရင် ကျွန်တော့်အလှည့်ပေါ့"

ထိုသို့ပြောပြီးသည့်နောက်…ကိုသက်ထွန်း၏ နှုတ်ခမ်းလွှာပေါ်တွင် အပြုံးရိပ်ကလေးယှက်သန်းသွားသည်။

ပီတိပြုံးတော့ မဟုတ်ပါ။ မချိပြုံး။

ကိုသက်ထွန်းနှင့် နှစ်ပတ်ကျော် တရင်းတနှီး နေထိုင်ခဲ့ကြပြီးနောက် ကျွန်တော် ထောင်မကြီးဘက်ရှိ မူလအချုပ်ဆောင်သို့ ပြန်ခဲ့ရသည်။ ထိုမှနောက် သူနှင့်ကျွန်တော် လူချင်းမတွေ့ရတော့။ လူကြုံသတင်းပဲ မေးနေရသည်။

ကျွန်တော်မရှိသည့်နောက် သူ၏ ကျန်းမာရေးအခြေအနေ ပို၍ဆိုးနေကြောင်း စိတ်မကောင်းစရာ သတင်းကိုပဲ ကြားနေရသည်။

တစ်နေ့တွင် ကိုသက်ထွန်းအား အပြင်ဆေးရုံသို့ ပို့လိုက်သည့်သံတင်းကို ဆေးရုံတာဝန်ခံစီးက ပြောလာသည်။

လူနာသယ်ကတ်ဖြင့် ဘူးကြီးသို့ ပို့ပေးလိုက်ရသည့် အကြောင်း။ သူပြောခဲ့သည့်အတိုင်းပင် မတ်တတ်ဝင်ပြီး ပက်လက်ပြန်ထွက်သွားရသည်။ ထောင်ထဲသို့ ပြန်လာစရာ အကြောင်းမရှိတော့ပါ။ ခဏလာ၍ ခဏပြန်ကြသည်။

ကောင်းသောလာခြင်းဖြင့်လာ၍ ကောင်းသောပြန်ခြင်းဖြင့် ပြန်နိုင်သူထဲမှာ ကိုသက်ထွန်း မပါဝင်နိုင်တော့ပါလေပြီ။

*ဘဝသက်တမ်းတွင် လူသားပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သော လူသားဘဝကို ရယူပိုင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒပြုလျက်…*

*နားကြပါဦးစို့။*


*သန့်စင်မွန်မြတ်သော*
*ထာဝရမေတ္တာဖြင့်…*

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com



# စိန်ဆည်းလည်းသံ တညံညံ

သတိုးဆွေ

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဗဟိုအချက်အချာဖြစ် [illegible] ပုဂံမြို့သို့ တစ်ခါတစ်ခေါက် မရောက်သည်ဖြစ်က [illegible] ဖြစ်ကျိုးမနပ်ဟု ခံယူချက်ရှိသော ကျွန်ုပ်သည် [illegible] နှစ်ဆယ်ကျော်အရွယ်ကြီးခါမှ ညီတော်မောင် [illegible] ဦးလှမြင့်၏ စေ့ဆော်တိုက်တွန်းမှုကြောင့် သူနှင့် [illegible] ပုဂံသို့ရောက်ဖူးရပေ၏။

မြို့တော်ရန်ကုန် အောင်မင်္ဂလာအဝေးပြေးကား ဂိတ်မှ ညနေ ၃ နာရီ ၃၀ မိနစ် လေအိတ်ကားကြီးဖြင့် ခရီးထွက်ခဲ့ရာ နောက်နေ့နံနက် ၄ နာရီခန့်တွင် ညောင်ဦးမြို့သို့ရောက်ရှိလေ၏။ တည်းခိုစရာနေရာဒေသကို ကောင်း နိုးရာရာ တိုင်ပင်နေကြစဉ် မြင်းလှည်းဆရာလေးတစ်ဦး ရောက်ရှိလာပြီး ဘုတာနှင့် မနီးမဝေးတွင်ရှိသော တည်းခို



www.burmeseclassic.com

www.burmeseclassic.com

ခန်းသို့လိုက်ပို့မည်။ နှစ်သက်ပါက တည်းခိုနိုင်ပါသည်ပြော သဖြင့် မင်းသားတည်းခိုခန်းသို့ ရောက်ရှိလေတော့၏။ လေ အေးပေးစက်၊ ရေချိုးခန်း၊ အိမ်သာပါသော နှစ်ယောက် ခန်းကို သဘောကျနှစ်မြို့က်၍ တစ်ပတ်တိတိ တည်းခိုနေ ထိုင်ခဲ့၏။

အခါနှင့်အခွင့် အလိုက်သင့် အဆင်ပြေသဖြင့် ညောင်ဦးမြို့တွင် အုပ်ချုပ်ရေးပိုင်၍ ရောက်ရှိနေသော တူ တော်မောင်၏အစီအစဉ်ဖြင့် နေ့တွင်းချင်းပင် ဘုရားပုထိုး စေတီအချို့ကိုဖူးမြော်ခွင့်ရခဲ့၏။ ထိုအစနေ့၏ နောက်ဆုံး ခရီးစဉ်အဖြစ် တူရှင်းတောင်စေတီတော်မြတ်ကို ဖူးမြော် ရပေ၏။ အေးမြသော လပြည့်၏ လရောင်အောက်ဝယ် ရွှေတောင်ကြီးပမာ တင့်တယ်လှသော စေတီတော်ကြီးကို ဖူးမြော်ရသည်မှာ နှလုံးစိတ်ဝမ်းအေးချမ်းလှပါ၏။ မြကန်ကို ဖြတ်၍ တိုက်ခတ်လာသော လေနုအေးကလည်း တစ်နေ့ တာ ပင်ပန်းသမျှကို ပယ်ဖျောက်ပြီး လန်းဆန်းတက်ကြွရှင် သန်း အားရခြင်းကို ပေးဆီသကဲ့သို့ရှိလေ၏။

မရောက်ရသေးသော စေတီပုထိုးများကို နေ့စဉ် ရက်ဆက် ဖူးမြော်ရာတွင် မြန်မာ့ဗိသုကာ အတတ်ပညာ၏ အံ့ဩဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ လက်ရာများကို တွေ့မြင်ရ ပါ၏။ နံရံဆေးရေးပန်းချီ၊ အုတ်ခွက်၊ စဉ့်ခွက်နှင့်အနု လက်ရာ အလှများကို အသေးစိတ်လေ့လာလျှင် လချီ၍ ကြာနိုင်၏။ သံချိုသံကွေးမပါဘဲ ခုံးပုံသဏ္ဌာန်တည်ဆောက် ထားသော မျက်နှာကြက်များ၊ ပေါင်းကူးမုခ်ဝများကို တွေး ကြည့်မိသောအခါ ကျောချမ်းစရာဖြစ်၏။ သို့ရာတွင် ငလျင် ဘေးအထိကို ကြံ့ကြံ့ခံနေသော အဆောက်အအုံများ ထင် ရှားရှိနေ၍ မြန်မာ့ဗိသုကာလက်ရာများကိုသာ အံ့မဆုံး အောင် ရှိခဲ့ရ၏။

ပုဂံဘုရားများကို လှည့်လည်ဖူးမြော်ရာတွင် ကျွန်ုပ် တို့အား တည်းခိုခန်းသို့ ပို့ဆောင်ပေးခဲ့သော မြင်းလှည်း ဆရာလေးသည် အစမှအဆုံးတိုင်အောင် ပို့ဆောင်ကူညီ သူဖြစ်၏။

ထတိယမြောက်နေ့တွင် အထိကရနေရာဖြစ်သော် လည်း အရောက်အပေါက်နည်းသော နေရာတစ်နေရာသို့ ပို့ဆောင်ပေးမည်ဆိုပြီး ရှင်အရှင်ဂေဏကျောင်းတော်သို့ ပို့ဆောင်ပေးလေ၏။ ပုဂံပြည်အလုံးကို ရွှေမိုးငွေမိုးရွာစေခဲ့ သည့် ဆရာတော်ကြီး သီတင်းသုံးရာနေရာသို့ ရောက်

သောအခါ မိမိစွမ်းဆောင်နိုင်သမျှ ပရိတ်ကြီး ၁၁ သုတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဂုဏ်တော်ကိုးပါး အမိဋ္ဌာန်ပုတီးစိပ်ခြင်း များပြုလုပ်၍ ဆရာတော်ကြီးအစထားကာ ၃၁) ဘုံ ကျင် လည်ကုန်သော ဝေနေယျသုခိတ ဒုက္ခိတ သတ္တဝါများကို အမျှအတန်းပေးဝေနိုင်ခဲ့၏။ ပတ်ဝန်းကျင်၏ တိတ်ဆိတ်ငြိမ် သက်မှု၊ ရာသီဥတုအေးမြ သာယာမှုကြောင့် အသင့်အတင့် မြိမြိသော သမာဓိကို တည်ဆောက်နိုင်ခဲ့၏။

ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြီးစီး၍ နာသီး များမှ ဝင်လေထွက်လေကိုသတိကပ်၍ ရှုမှတ်နေရာမှ အတန်ကြာသောအခါ ရှေးခေတ်မင်းနေပြည်တော် ပုဂံမြို့ တော်၏ ပုံရိပ်များသည် စိတ်အစဉ်၌ ထင်ဟပ်၍လာတော့ ၏။ တံတိုင်း အထပ်ထပ်၊ ကျုံးရံပတ်ထားသော ရွှေနန်း တော်ကြီး၊ ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်တို့ အလယ် ရွှေတောင်ကြီးများသဖွယ် တင့်တယ်စွာ စံပယ် တော်မူနေကြသော စေတီပုထိုးများ၊ ဖြောင့်ဖြူးညီညာသော လမ်းမကြီးများအပေါ်၌ မင်း၊ မှူးမတ်၊ သူဌေးသူကြွယ် စသည်အလျောက် အဆင့်လိုက် စီးနင်းနေကြသော မြင်း

**ကိုရင်လေးအနေနှင့် ဆေးလုံးများကို လူအသား၊ လူ့အသွေးများအဖြစ် မြင်နေ၏။ ဆရာတော်က ကြိုးစား၍ မျိုချရန် တိုက်တွန်းသော်လည်း မျို၍မရ။ ပျို့အန်လျက်သာရှိလေ၏။ ဆရာတော်လည်း ကိုရင်လေးမှာ ပါရမီဓာတ်ခံမရင့်သန် သေးသည်ကိုသတိပြုမိ၍**

www.burmeseclassic.com

www.burmeseclassic.com

တစ်စီးတပ်၊ နှစ်စီးတပ် စသည်ဖြင့် တင့်တယ်လှစွာသော ယာဉ်ရထားများ၊ ပုဂံယဉ်ကျေးမှုနှင့်အညီ ဆင်ယင်ထုံးဖွဲ့၍ လှည့်လည်သွားလာနေကြသော လုံမငယ်များ၊ လုလင်ပျိုများ၊ လေ့ကြီးလှေငယ်အသွယ်သွယ်တို့ဖြင့် စည်ကားလှသော မြစ်ဆိပ်များ၊ ပျားပန်းခပ်မျှ လှုပ်ရှားလုပ်ဆောင်နေကြသော ကူးသန်းရောင်းဝယ်ရေးဌာနများ စသည်ဖြင့် အစီအရီ မြင်မိယောင်ရှိလေ၏။

ဤသို့ဖြင့် အံ့ဖွယ်ဘနန်း ဆန်းပြားတင့်တယ် တန်ခိုးကြွယ်ခဲ့သော ရွှေပြည်ပုဂံအကြောင်းတွေးတောပြီး နောက်လက်မွန်အစအညတြပုဂံကို စဉ်းစားမိပြန်သောအခါ မိမိတို့လက်ထက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဖြစ်သော ဆရာကြီးဒေါက်တာထင်အောင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသော စာအုပ်တစ်အုပ်အကြောင်းကို အမှတ်ရ၍လာပြန်ပါ၏။ ဆရာကြီးသည် ထိုစာအုပ်တွင် ဘုရားကိုးဆူပူဇော်မှုအကြောင်း၊ အဂ္ဂိရတ်အကြောင်း၊ အင်းအိုင်ခါးလှည့်လက်ဖွဲ့မန္တရားများအကြောင်း၊ ၃၇ မင်းနတ်များအကြောင်း၊ နှစ်သစ်ကူးပွဲတော်အကြောင်း စသည်တို့ကို သုတေသနပြုပြီး ရေးသားထား၏။ အဂ္ဂိရတ်နှင့်ပတ်သက်၍ ပုဂံနေပြည်တော်ကို ရွှေမိုးငွေမိုးရွာစေခဲ့သော ဆရာတော် အရှင်အဖ္ဖဂေါဏအကြောင်းကို ရေးသားရာတွင် ထိုခေတ် ထိုအခါက ပုဂံပြည်သည် ဆင်းရဲ၏။ ဆရာတော်နှင့် ဘုရင်မင်းမြတ်တို့သည် တိုင်းပြည်တိုးတက်ကြီးပွားအောင် ကြံဆောင်ကြ၏။ ဆရာတော်က အဂ္ဂိရတ်ပညာဖြင့် ပြဒါးရှင်လုံးလုပ်ဆောင်ရာတွင် ဘုရင်က ဘဏ္ဍာရေးအထောက်အပံ့ ပေး၏။ ဆရာတော်ကလည်း ပုရပိုက်မှာပါသည့်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့်လုပ်ဆောင်၏။ ဘုရင့်ဘဏ္ဍာတော်တိုက်သည်လည်း တဖြည်းဖြည်းလျော့နည်း၍လာ၏။ ပြည်သူပြည်သားတို့က ဘုရင်အား လူလိမ်ပညာအတွက် ဘဏ္ဍာတော်ကို ဖြုန်းတီးနေ၍ အခွန်ဘဏ္ဍာမဆက်သနိုင်တော့ဟု ဆန္ဒဖော်ထုတ်လာကြ၏။ ဆရာတော်က ပြည်သူပြည်သားတို့အား နောက်ဆုံးတစ်ဆင့်သာကျန်ပါသည်။ ဤအဆင့်ပြီးပါက ဓာတ်လုံးကိုစွပြီးမြောက်ပါပြီဟု ကတိပြုသဖြင့် ပြည်သူပြည်သားများက ရွှေဘဏ္ဍာများကို ပေးသွင်းကြလေ၏။ ဆရာတော်သည် ညွှန်းမှာပါရှိသည့်အတိုင်း ဆက်လက်ပြုလုပ်ပြီး ဓာတ်လုံးကိုချဉ်ရည်တွင် စိမ်၏။ ဤကားနောက်ဆုံး အဆင့်ဖြစ်၏။ ခုနစ်ရက်ကြာသော်လည်း ဓာတ်လုံးသည် ထူးခြားမှုဖြစ်မလာ။ ဆရာတော်သည် နန်းတော်သို့ ကြွသွားပြီး ဘုရင်အား လုပ်ဆောင်မှု မအောင်မြင်ကြောင်း ပြောကြား၏။ ပြည်သူပြည်သားတို့က ဆရာတော် နောက်ထပ်ဘဏ္ဍာရေးအကူအညီတောင်းသည်ဟု တွေးတောယူဆသဖြင့် နန်းတော်ကိုလာဝိုင်း၏။ ဆရာတော်အား အပြစ်ပေးရန် တောင်းဆိုကြ၏။ ဆရာတော်အား လူလိမ်လူညာမဟုတ်မှန်းသိနေသော ရှင်ဘုရင်မှာ အဆုံးအဖြတ်ပေးရန် အကျပ်ရိုက်လျက်ရှိ၏။ ဤသည်တွင် ဆရာတော်က ပြည်သူပြည်သားတို့၏ ဒေါသကိုပြေပျောက်စေခြင်းငှာ မိမိ၏ မျက်လုံးများကို မိမိဘာသာ ဖောက်ထုတ်၍ အပြစ်ပေးခြင်းဖြင့် ကျေနပ်စေရန် တောင်းပန်၏။ ပြည်သူ ပြည်သားတို့ကလည်း ထိုက်တန်သော တရားစီရင်မှုဟု ယူဆကာ ပြန်ကြလေတော့၏။

ဆရာတော်သည် ရက်ပေါင်းများစွာ ဖိုခန်းထဲတွင် စိတ်ပျက်လက်ပျက် အချိန်ဖြုန်းပြီးနောက် အဂ္ဂိရတ်ကို စိတ်အနာကြီးနာကာ ဖားဖိုနှင့်တကွ လုံးများ၊ ဓာတ်ပစ္စည်းများကို ဖျက်ဆီးပစ်လေ၏။ ပြီးလျှင် သူ၏လက်ထောက်ဖြစ်သော တပည့်ကိုရင်လေးကိုခေါ်၍ အသုံးမကျ သုံးမရသော ဓာတ်လုံးကို ကုဋီတွင်းသို့ စွန့်ပစ်ချေဟု အမိန့်ပေးလေ၏။ ကိုရင်လေးကလည်း အမိန့်အတိုင်း ဆောင်ရွက်သည်။ ညချမ်းသို့ရောက်သောအခါ ကုဋီအတွင်း၌ တရဲရဲတပြောင်ပြောင် တောက်လောင်နေဘိသို့ အလင်းများ ထွက်ပေါ်နေသည်ကို ကိုရင်ကလေးက တွေ့ရှိသဖြင့် ဆရာတော်အား လျှောက်ထားလေ၏။ ဆရာတော်ကား ဓာတ်လုံးကိစ္စပြီးမြောက်၍ သိဒ္ဓိပေါက်လေပြီဟု သိရှိတော်မူသဖြင့် ကိုရင်ငယ်လေးအား ဓာတ်လုံးကိုသွားရောက်ဆယ်ယူစေလေ၏။ ဓာတ်လုံးကို ဆေးကြောစင်ကြယ်ပြီး ဆရာတော်အား ဆက်ကပ်သည့်အခါ ကိုရင်လေးအား ဈေးသို့သွား၍ ဆိတ်မျက်လုံးနှစ်လုံးဖြစ်စေ၊ နွားမျက်လုံးနှစ်လုံးဖြစ်စေ ရရာကို ဝယ်ယူခဲ့ရန် စေလွှတ်လိုက်၏။ အချိန်နှောင်းနေပြီဖြစ်၍ ဆိတ်မျက်လုံးတစ်လုံးနှင့် နွားမျက်လုံးတစ်လုံးသာ ရရှိခဲ့၏။ ကျောင်းရောက်သောအခါ ဆရာတော်က မျက်လုံးနှစ်လုံးကို သူ၏ မျက်လုံးအိမ်များအပေါ် အသီးသီးတင်၍ ဓာတ်လုံးနှင့်ဖိလိုက်လေ၏။ ဆရာတော်၏ အမြင်အာရုံ ပြန်လည်ရရှိပြည့်စုံလာပေပြီ။ ဆရာတော်လည်း ရွှင်လန်းအားရလှ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ''ငါသည် ယနေ့မှစ၍ ရှင်အဇ္ဈဂေါဏအမည်ရပြီ'' ဟု မိန့်ကြားတော်မူလေ၏။ (အဇ္ဈ=ဆိတ်၊ ဂေါဏ=နွား)

ဆရာတော်လည်း ရှင်လန်းတက်ကြွစွာနှင့် နန်းတော်သို့ကြွသွားပြီး မိမိ၏ အောင်မြင်မှုကိုပြောကြားပြီးနောက် နက်ဖြန်နံနက်တွင် လူသူဝေးရာ တောဟေမာသို့ ကြွတော့မည်ဖြစ်၍ နံနက်စောစော နန်းတော်ရှေ့တွင် ရှိသမျှ ကြေးသတ္တု၊ ခဲသတ္တုတို့ကို အိုးကြီးများဖြင့် ကျုံထားရန် တိုင်းသူပြည်သားများကိုလည်း အသိပေးရန် မိန့်ကြားတော်မူလေ၏။ ရှင်ဘုရင်လည်းညး ညတွင်းချင်းပင် တိုင်းသူပြည်သားများ သိစေရန် မင်းချင်းတို့ကို မောင်းကြေးနင်းခတ်၍ ကြေညာတော်မူလေစ၏။

နံနက်မိုးသောက်အလင်းရောက်သော် ဆရာတော်သည် ကိုရင်လေးအား နောက်ပါထား၍ နန်းတော်သို့ကြွရောက်တော်မူလေ၏။ ရောက်ရှိသော် ခဲများ၊ ကြေးများ ကျုံထားသောအိုးကြီးများထဲသို့ ဓာတ်လုံးကို ပစ်ထည့်လေ၏။ ပစ်ပြီးသည့်အခါတိုင်း ဓာတ်လုံးသည် ဆရာတော်၏ လက်ထဲသို့ ပြန်ရောက်၏။ ဤနည်းဖြင့်အားဖြင့် ကျုံထားသော ခဲများသည် ငွေဖြစ်၍သွား၏။ ကြေးတို့သည် ရွှေဖြစ်၍သွားတော့၏။

ဤကဲ့သို့ မြို့တော်တစ်ဝှမ်းလုံးရှိ ခဲသတ္တု၊ ကြေးသတ္တုတို့ကို ငွေအဖြစ် ရွှေဖြစ်ရောက်စေပြီးနောက် ဆရာတော်နှင့် တပည့်ကိုရင်ကလေးတို့သည် ပုပ္ပားတောင်ဆီသို့ ကြွချီတော်မူလေ၏။

တောင်ခြေသို့ရောက်သောအခါ တောင်နံရံမှ နွယ်ရှင်များသည် အလိုလိုအောကဘက်သို့ ကျရောက်လာပြီး ဆရာ၊ တပည့်နှစ်ပါးအား ညင်သာစွာရစ်ပတ်ကာ တောင်ထိပ်သို့ ပို့ဆောင်ပေးလေ၏။ ဆရာတော်လည်း သိဒ္ဓိဝင်ဆေးမြစ်များကို တူးဖော်ပြီး ပြဒါးရှင်လုံးနှင့် ကြိတ်ချေလေ၏။ ပြီးလျှင် ဆေးခြောက်လုံးစီရင်၍ သုံးလုံးကို မျိုလိုက်ပြီး ကျန်သုံးလုံးကို တပည့်ကိုရင်လေးအား မျိုစေ၏။ သို့သော် ကိုရင်လေးအနေနှင့် ဆေးလုံးများကို လူ့အသား၊ လူ့အသွေးများအဖြစ် မြင်နေ၏။ ဆရာတော်က ကြိုးစား၍ မျိုချရန် တိုက်တွန်းသော်လည်း မျို၍မရ။ ပို၍အန်လျက်သာရှိလေ၏။ ဆရာတော်လည်း ကိုရင်လေးမှာ ပါရမီဓာတ်ခံမရင့်သန်သေးသည်ကိုသတိပြုမိ၍ ခွဲခွာရန် နှုတ်ဆက်စကားဆိုလေ၏။ မျက်ရည်လည်ရွဲနှင့် ကန်တော့နှုတ်ဆက်နေသော

ရှင်အဇ္ဈဂေါဏဆရာတော်
ဓာတ်ကိုစွ မအောင်မြင်တုန်းက လူတွေက
နန်းတော်ကိုဝိုင်းပြီး အပြစ်ဒဏ်ပေးဖို့
ဒေါသတကြီးတောင်းဆိုလိုက်ကြတာ။
ဓာတ်လုံးအောင်မြင်လို့ ရွှေတွေ၊
ငွေတွေလို သလောက်ရတော့
ကြည်ညိုလိုက်ကြတာ၊
အရိုအသေပေးလိုက်ကြတာကို
မြင်ယောင်မိလို့ ပြုံးမိတာပါဗျာ။

ကိုရင်လေးအား တစ်သက်တာလက်ဆောင်အဖြစ် ရွှေတုံးကလေး တစ်တုံးကိုပေးလိုက်ပြီးသောအခါ နွယ်ရှင်များသည် ကိုရင်လေးကို ရစ်ပတ်၍ တောင်အောက်သို့ ညင်သာစွာချပေးလိုက်၏။ ထိုရွှေတုံးကလေးကား သုံးစွဲ၍မကုန်၊ သုံးစွဲရန် ပေးလိုက်ပြီးတိုင်း ကိုရင်လေးထံ အစားပြန်လည်ရောက်ရှိလျက်နေသော အဆုံးမဲ့သိဒ္ဓိဝင် ရွှေတုံးကလေးပင် ဖြစ်ပေ၏။

ဤအကြောင်းကို တွေးတောနေစဉ် အနီးအနားရှိ စေတီတော်တစ်ဆူမှ ဆည်းလည်းသံလွင်လွင်ကလေး အကြားအာရုံအတွင်း ဝင်ရောက်လာသဖြင့် တွေးတောလက်စကို ဖြတ်၍ ဘုရားရှင်အား ထိခြင်းငါးပါးနှင့် ဦးချပြီး အမျှအတန်းပေးဝေရပါ၏။

ဘုရားရှိခိုးခြင်းကိစ္စပြီး၍ နောက်သို့လှည့်လိုက်ရာတွင် ကျွန်ုပ်အားစောင့်နေသော မြင်းလှည်းဆရာလေးကို တွေ့ရပါတော့၏။

သူက ''ဆရာကြီး၊ ဘုရားအာရုံပြုတာ တော်တော်ကြာတယ်နော်။ တရားထိုင်နေရင်းလည်း ပြုံးတဲ့အခါပြုံးနေတာကို ကျွန်တော်တွေ့မိတယ်။ ထူးခြားတာရှိရင် ကျွန်တော်သိပါရစေ''ဟု ဆိုလေ၏။ ကျွန်ုပ်က ''[illegible]



www.burmeseclassic.com

www.burmeseclassic.com

လူသားတို့ရဲ့ အပြောင်းအလဲမြန်ပုံကို တွေးမိလို့ ပြုံးမိတာပါဗျာ။ ရှင်အဇ္ဇဂေါဏဆရာတော်ဓာတ်ကိန်းစွ မအောင်မြင်တုန်းက လူတွေက နန်းတော်ကိုဝိုင်းပြီး အပြစ်ဒဏ်ပေးဖို့ ဒေါသတကြီးတောင်းဆိုလိုက်ကြတာ။ ဓာတ်လုံးအောင်မြင်လို့ ရွှေတွေ၊ ငွေတွေလို သလောက်ရတော့ ကြည်ညိုလိုက်ကြတာ၊ အရှိအသေပေးလိုက်ကြတာကို မြင်ယောင်မိလို့ ပြုံးမိတာပါဗျာ။ ဒါထက် ပုဂံပြည်မှာ ဘုရားအဆူ ဘယ်လောက်ရှိတော်မူခဲ့တယ်ဆို မှတ်သားဖူးမှာပေါ့။ မုဆိုးမတောင် ဘုရားတည်နိုင်တယ်ဆိုတာပဲ''

''ကြားဖူးပါတယ်ခင်ဗျာ။ လူတိုင်းလိုလိုသိနေတဲ့ လှည်းဝင်ရိုးသံ တည်ညံ့ ပုဂံဘုရားပေါင်းလို့ ဆိုတော့ (၄၄၄၆၇၃၃) လေးသန်း လေးသိန်း လေးသောင်း ခြောက်ထောင် ခုနစ်ရာ သုံးဆယ့်သုံးဆူ ရှိတယ်လို့ ဆိုရမှာပဲ''

''ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်လည်းကြားဖူးပါတယ်။ ဒါပေမယ့် ကျွန်တော် နောက်တစ်မျိုးကြားဖူးတာကတော့ စိန်ဆည်လည်းသံ တည်ညံ့ ပုဂံဘုရားပေါင်းလို့ ဖြစ်ပါတယ်''

''ဒါဖြင့်ရင် ဆရာကြီး၊ ဘုရားအဆူ အ[illegible]အတွက် ကွာနေမှာပေါ့နော်။ အဲဒီလင်္ကာအရဆိုရင် (၃၃၄၆၇၃၃) သုံးသန်း သုံးသိန်း လေးသောင်း ခြောက်ထောင် ခုနစ်ရာ သုံးဆယ့်သုံးဆူပဲရှိမှာပေါ့''

''ဒီလိုကောက်ရင်တော့ ဟုတ်ပါတယ်။ နောက်တစ်မျိုးကောက်ရင်တော့ ဘုရားအဆူ အရေအတွက် ၁၁ ဆူ ကွာပါတယ်။ ဒါလောက်များတဲ့အရေအတွက်မှာ ၁၁ ဆူဆိုတာ မများပါဘူး။ အတူတူပဲလို့ ပြောနိုင်ပါတယ်''

ထိုအခါ ကျွန်ုပ်အား ရှင်းပြပေးရန် တောင်းပန်သဖြင့် ကျွန်ုပ်က ဝ

''သင်္ချာဟူက နောက်ပြန်ချလို့ ရှေးပညာရှိများ အဆိုအမိန့်အတိုင်း ရေတွက်မယ်ဆိုရင် ''လှည်းဝင်ရိုးသံ တည်ညံ့''က (၃၃၇၆၄၄၄) သုံးသန်း သုံးသိန်း ခုနစ်သောင်း ခြောက်ထောင့် လေးရာ လေးဆယ့်လေးဆူ ရရှိပြီး ''စိန်ဆည်လည်းသံ တည်ညံ့''က (၃၃၇၆၄၃၃) သုံးသန်း သုံးသိန်း ခုနစ်သောင်း ခြောက်ထောင် လေးရာ သုံးဆယ့်သုံးဆူဆိုတော့ ၁၁ ဆူပဲကွာတာ တွေ့နိုင်ပါတယ်။

ဒီသင်္ချာဟူက နောက်ပြန်ချဆိုတဲ့ အယူကလည်း ရှေးလူမျိုးတို့ အထွတ်အမြတ်ထားတဲ့ ပါဠိဘာသာက လာတာဖြစ်နိုင်ပါတယ်။ ရှေးအခါက သင်ယူရတဲ့ ကိုးကြောင်းခရိုင်လင်္ကာ ခုခေတ်အခေါ်တော့ ကိုးအလီပေါ့ဗျာ။ အဲဒီမှာ ကိုးတစ်လီကိုး၊ ကိုးနှစ်လီ တစ်ဆယ့်ရှစ်၊ ကိုးသုံးလီ နှစ်ဆယ့်ခုနစ်ဆိုတာမှာ နော–ဧက–နော၊ နဝ–ဒွေး–အဋ္ဌဒသ၊ နဝတြိန္နာ–ဧက–နောကတော့ တစ်လုံးတည်းမို့ ထားလိုက်တော့။ နဝ–ဒွေး–အဋ္ဌဒသမှာ အဋ္ဌဆိုတဲ့ရှစ်ဂဏန်းက အရင်ဒသဆိုတဲ့ တစ်ဆယ်ဂဏန်းက နောက်မှာထားတယ်။ နဝတြိန္နာ–သတ္တဝီသမှာလည်း သတ္တဆိုတဲ့ ခုနစ်ဂဏန်းက နောက်မှာရှိတယ်။ အဲဒီပုံစံဟာ သင်္ချာဟူက နောက်ပြန်ချဆိုတာနဲ့ ကိုက်ညီပါတယ်။ နောက်တစ်ကြောင်းကလည်း အမှန်အမြတ်ဖြစ်တဲ့ ဘုရားပုထိုးတို့ကို ရေတွက်တာဖြစ်လို့ လှည်းဝင်ရိုးထက် စိန်ဆည်းလည်းက ပိုသဘောကျမိပါတယ်ဗျာ''ဟု ရှည်လျားစွာ ရှင်းပြမိတော့၏။

သူလည်း ဝမ်းမြောက်ကျေနပ်စွာဖြင့် ''ကျေးဇူးအများကြီးတင်ပါတယ် ဆရာကြီး၊ ဆရာကြီးအယူအဆကို ကျွန်တော်သဘောကျ လက်ခံပါတယ်။ အချိန်ကလည်း နေ့လယ်စာ စားချိန်လွန်နေပါပြီ။ ဆရာကြီး အသက်သတ်လွတ်သုံးဆောင်နိုင်တဲ့ဆိုင်ကို ကျွန်တော်လိုက်ပို့ပေးပါ့မယ်''ဟု လောကဝတ်စကားပြောကြားလေ၏။

ကျွန်ုပ်တို့လည်း သူလိုက်ပို့သည့်ဆိုင်တွင် စားသောက်ကြပြီး တည်းခိုနေထိုင်ရာ မင်းသားတည်းခိုခန်းသို့ ပြန်လည်ထွက်ခွာလာကြပါတော့သတည်း။

*ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ*
*ဘယပ္ပတ္တာစ နိဗ္ဘယာ*
*သောကပ္ပတ္တာစ နိသောကာ*
*ဟောန္တုသဗ္ဗေပိ ပါဏိနော။*

သတိုးဆွေ

ကျမ်းကိုး

၁။ သိန်း၊ ဦးချစ်၊ ''ပုဂံမြို့ရှိ ထင်ရှားကြီးကျယ်သော ဘုရားကြီးနှစ်ဆယ့်ခုနစ်ဆူ၏သမိုင်း''

၂။ Aung, Maung Htin. "Folk Elements in Burmese Buddhism."



www.burmeseclassic.com

www.burmeseclassic.com

# အကျိုးပေးမည့် အဆောင်များ

မပဟိဒ္ဓိကျော်ခေါင်

လူအချို့ အဆောင်တွေ ဆောင်ထားကြသည်။

ဘာကြောင့် ဆောင်ရလေသနည်းဟု စူးစမ်းကြည့်တော့ အန္တရာယ်တစ်စုံတစ်ရာ မကျရောက်နိုင်ဖို့၊ လူချစ်လူခင်များစေဖို့၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ဖို့၊ စီးပွားလာဘ်လာဘများ လန်းရွှင်တိုးပွားစေဖို့ အစရှိသဖြင့် ရည်ရွယ်ချက်တွေက အထွေထွေအပြားပြား လူတိုင်း ကိုယ့်ယုံကြည်ရာ လုပ်ဆောင်နိုင်ကြသည်ပဲ။

တကယ်တော့ ပုထုဇဉ်လူသားတို့မည်သည် လောကုတ္တရာထက် လောကီကို ရှေးရှုကာ လောကီစည်းစိမ်နှင့် ပြည့်စုံလိုကြသည်။ ပူပင်တောင့်တ ကြောင့်ကြမှုတွေ ကင်းဝေးလိုကြသည်။ ယခုလည်း လူသားထဲက လူသားဖြစ်သော တူသားနှောင်မယ်လေးများသဖွယ် ခင်မင်ရသူ တူ၊ တူမအချို့က ရွာဦးကျောင်းသန့်ရှင်းရေးကို လုပ်အားသွားပေးရာမှ အပြန်ဝင်လာကြပြီး သူတို့သူတို့အတွက် အကျိုးပေးမည့် အဆောင်များ ဆောင်လိုရာ စီမံပေးဖို့ ပူဆာလာခဲ့လေတော့ လေ့လာထားသည့်ပညာ မနေသာတော့ဘဲ ပြောပြလိုက်ရပါတော့သည်။ သူတို့အားလုံးက လူစုံတက်စုံ။ သည်တော့လည်း စာရွက်ကလေးများ ဝေငှပြီး လိုက်လံမှတ်သားခိုင်းရလေတော့သည်။

၁။ **တနင်္ဂနွေသားသမီးများအတွက် အကျိုးပေးဖို့ရာ**

အောင်မည်းဖြူသားကို နံနက်အရုဏ်တက်ချိန်မှ ၆း၀၀ နာရီအတွင်း မြပဒ္မာရုပ်တုထုပါ။ ရွှေသုံးထပ်ချပြီး မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် "တိပိဋကစ္စ နွှော သွာဟ"ဟူသည့် အရုံဂါထာဖြင့် ၃၇ အုပ် စုတ်ပြီး ဆောင်ပါ။

၂။ **တနင်္လာသားသမီးများအတွက် အကျိုးပေးဖို့ရာ**

ကသစ်သားကို နံနက်အရုဏ်တက်ချိန်မှ ၆း၀၀ နာရီအတွင်း သိကြားမင်းရုပ်တုထုပါ။ ရွှေသုံးထပ်ချပြီး မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် "တိပိဋကစ္စနွှော သွာဟ"ဟူသည့် အရုံဂါထာဖြင့် ၃၇ အုပ်စုတ်ပြီး ဆောင်ပါ။

၃။ **အင်္ဂါသားသမီးအတွက် အကျိုးပေးဖို့ရာ**

စွယ်တော်သားကို နံနက်အရုဏ်တက်ချိန်မှ ၆း၀၀ နာရီအတွင်း နေနတ်သားရုပ်တုထုပါ။ ရွှေသုံးထပ်ချပြီး မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် "ရစန္နော ဣနသသ သွာဟ"ဟူသည့် အရုံဂါထာဖြင့် ၃၇ အုပ်စုတ်ပြီး ဆောင်ပါ။

၄။ **ဗုဒ္ဓဟူးသားသမီးများအတွက် အကျိုးပေးဖို့ရာ**

ဝံအူသားကို နံနက်အရုဏ်တက်ချိန်မှ ၆း၀၀ နာရီအတွင်း အရိန္ဒမရုပ်တုထုပါ။ ရွှေသုံးထပ်ချပြီး မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် "နန္ဒတေဇော ဣစ္ဆန္နော သွာဟ" ဟူသည့် အရုံဂါထာဖြင့် ၃၇ အုပ်စုတ်ပြီးဆောင်ပါ။

၅။ **ကြာသပတေးသားသမီးများအတွက် အကျိုးပေးဖို့ရာ**

မှင်းကွတ်သားကို နံနက်အရုဏ်တက်ချိန်မှ ၆း၀၀ နာရီအတွင်း ကုဝေရနတ်မင်းရုပ်တုထုလုပ်ပြီး ရွှေသုံးထပ်ချပါ။ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် "ဥတ္တရန္ဒ ဒိသံရာဇာ၊ ကုဝေရောတံ ပသာသတိ။ ယက္ခာနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိယော"ဟူသည့် အရုံဂါထာဖြင့် ၃၇ အုပ်စုတ်ပြီးဆောင်ပါ။

၆။ **သောကြာသားသမီးများအတွက် အကျိုးပေးဖို့ရာ**

သစ်ဆိမ့်သားကို နံနက်အရုဏ်တက်ချိန်မှ ၆း၀၀ နာရီအတွင်း စကြာမင်းရုပ်တုထုလုပ်ပြီး ရွှေသုံးထပ်ချပါ။ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် "နန္ဒအရဟံ သွာဟ" ဟူသည့် အရုံဂါထာဖြင့် ၃၇ အုပ်စုတ်ပြီး ဆောင်ပါ။

၇။ **စနေသားသမီးများအတွက် အကျိုးပေးဖို့ရာ**


ဒန့်သလွန်သားကို နံနက်အရုဏ်တက်ချိန်မှ ၆း၀၀ နာရီအတွင်း လနတ်သားရုပ်တုထုလုပ်ပြီး ရွှေသုံးထပ်ချပါ။ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် "သုတာစန္နာ ဣန္ဒသသစန္နာ သွာဟ"ဟူသည့် အရုံဂါထာဖြင့် ၃၇ အုပ် စုတ်ပြီးဆောင်ပါ။

မပဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



# အိမ်တွင်းသို့

**မြမြလှိုင်**

"စေ့ရေထုတ်ဖော်၊ အကြံတော်ကို၊ မိန့်သော်ထိုခါ၊ ရှေးသံသရာက၊ ကျောကြည်နူး၊ ဆုပန်ဖူးသည်၊ ငါးဦးသူမြတ်၊ ရှေးဖြစ်ဇာတ်က၊ မှတ်မည့်ထူးလည်၊ ပြည်တစ်ပြည်၌၊ ဇာနည်နှစ်ကောင်း၊ ထိုသည့်မင်း၏၊ သားရင်းတစ်ပါး၊ ပုဏ္ဏားမည်ပေး၊ သေဌေးအသီး၊ စစ်သူကြီးဟု၊ ယှဉ်မှီးအပြား၊ ထိုင်းပါးလျှင်၊ ဖြစ်ငြားကုန်ကြ၊ ထိုအခါက၊ တူကွမကွာ၊ ဆုတောင်းရာ၏"

ကန်တော်မင်းကျောင်း ရွှာသူကြီးမင်းဖေယျပျံ့ချီ၏ နန်းကြာရွှေဂူဘုရားမော်ကွန်း၊ အပိုဒ်(၇)တွင် ကျန်စစ်သားမြေးတော် သီရိဖေယျသူရ (အလောင်းစည်သူ)၊ ရှင်အရဟံ၊ မဟာဂီရိနတ်နှင့် သက်မင်း ကတုံတို့ ယခင်ဘဝက ဘုရင်၊ မင်းသား၊ ပုဏ္ဏား၊ သူဌေး၊ စစ်သူကြီးတို့ဖြစ်ကြစဉ်က အတူတကွ ဆုတောင်းဘက်ဖြစ်ခဲ့ကြပုံကို ရေးထားလေသည်။

ထိုသို့ဆုတောင်းလာကြပြီး ဘဝသံသရာ အဖန်ဖန်လည်ကာ ဒါန၊ သီလ တို့၏ အရည်အချင်းကွာဟမှုကြောင့် ဝကောင်းခေတ်တွင် သူဌေးသည် မင်းမဟာဂီရိ အမည်ရလာသော ပန်းဘဲမောင်တင့်တယ် ဖြစ်လာသည်။ မင်းမှာ ကျန်စစ်သားဖြစ်လာပြီး မင်းသားမှာ အလောင်းစည်သူ ဖြစ်လေသည်။ ထို့နောက် သေနာပတိ စစ်သူကြီးမှာ ကျန်စစ်သားနှင့် နန်းပြိုင် သက်မင်း(ကတုံ) ဖြစ်လာသည်။

မင်းမဟာဂီရိနတ်သည် ...တကောင်းပြည် ပန်းပဲသမား မောင်တင့်တယ်ဘဝမှ အစိမ်းသေရသူဖြစ်၍ စကားပင်တွင် ဖိုကျင်ထိုးအသတ်ခံရခြင်းကြောင့် (ဝေမာနိက ပြိတ္တာ-ဗုဒ္ဓစာပေများ၏အဆိုအရ) ထိုစကားပင်အောက်သို့ ဝင်လာသမျှ လူသူ၊ တိရစ္ဆာန်တို့သည် အလန့်တထိတ်ဖြစ်ပြီး သေကြ နာကြလေရာ ထိုစကားပင်ကို အမြစ်မှတူးပြီး ဧရာဝတီမြစ်အတွင်းသို့ မျှောလိုက်လေသည်။

မြစ်ကြောင်းအတိုင်း ဆင်းလာစဉ် ပုဂံသို့ရောက်လျှင် ရေကြောင်းဖြင့် လှည့်လည်သော သေဉ်လည်ကြောင်မင်းအား မြင်စေပြီး မိမိတို့အား စားကျေးနေရပ်ပေးပါရန် တောင်းခံသဖြင့်

www.burmeseclassic.com

စံကားတုံးကို နတ်မောင်နှမရုပ် ပြုလုပ်ကာ ပုပ္ပားတောင်တွင် ထားကာ တစ်နှစ်တစ်ကြိမ် ကိုးကွယ်စေသည်။ တောင်တော်တွင်ထားရှိ၍ (မင်းမဟာဂီရိ)ဟု အမည်တွင်သည်။ နတ်သက်တမ်းတွင် ဦးဆုံးကျသော နတ်ဖြစ်သည်။ ထိုနတ်မောင်နှမသည် နန်းသက်ခေတ်အဆက်ဆက် ကိုးကွယ်လာခဲ့ကြသည်မှာ သေဥ်လည်ကြောင်မင်းနောက် သက္ကရာဇ် ၁၁၃ ခုနှစ်ကြာမှ နန်းတက်သော အနော်ရထာမင်းစောသည် ထေရဝါဒသာသနာကို ဖွံ့ဖြိုးအောင်လုပ်သော်လည်း မင်းမဟာဂီရိနတ်ကို လူတို့ ကိုးကွယ်လျက်ရှိသည်။

ထီးလှိုင်ရှင်ဟုခေါ်သော ကျန်စစ်သားမင်းသားသည် မြန်မာသက္ကရာဇ် ၄၂၆ ခုနှစ်တွင် ပုဂံထီးနန်းကို စိုးစံတော်မူသည်။ အနွစ်အဖျားသို့ ရန်သူတို့ ထိပါးလာသည်။ ထိုအထဲတွင် သက်မင်း(ကတုံ)ကပါ တိုက်ခိုက်လာ၍ ကျန်စစ်သားမင်းလည်း အမျက်ဒေါသထွက်ကာ စက်မက်ပြုရန် အမိန့်ပေးလေသည်။

"ဒကာတော်ရေမြေ့ရှင် အသင်များလိမ့်မည်။ သင်နှင့် သက်မင်းကတုံတို့မှာ ရှေးဘဝက ဆုတောင်းဘက်ဖြစ်ကြသည်။ ခင်ပွန်းမိတ်ဆွေဖြစ်၍ စစ်တိုက်ရန် မသင့်ပါ ဒကာတော်"

"ဟုတ်ပါသည် အသင်မင်းကြီး၊ သက်မင်းကတုံနှင့် မိတ်ဆွေဖြစ်နေလျှင် ဆုတောင်းဘက်လည်း ဖြစ်သောကြောင့် စစ်မက်တိုက်ခိုက်ရန် မသင့်ပါ"

"အလို ...သင်က မည်သူနည်း။ ကျွန်ုပ်တို့နှင့်မတူ ကွဲပြားသော အမူနှင့် ဝတ်ဆင်မှုကအစ မတူညား၍ အမျိုး အနွယ်ကိုသိပါရစေ"

မင်းမဟာဂီရိနတ်သည် ကိုယ်ထင်ပြ၍ ကျန်စစ်မင်းအား သက်မင်းကတုံနှင့်စစ်မပြုရန် တားမြစ်ရာ ကျန်စစ်မင်းကြီးက အဖြစ်မှန်ကိုမေးလေသည်။

"ကျွန်ုပ်သည် ငါးယောက်သော ဆုတောင်းဘက်တွင် သူဌေးဘဝက ဆုတောင်းခဲ့သော သင်နှင့်အတူ ဆုတောင်းခဲ့သူ ဖြစ်သည်။ ဘဝကံအကြောင်းကြောင့် အယူတိမ်းကာ နတ်စိမ်းဖြစ်ရသည်"

"အလို.. အသင်သည် အကျွန်ုပ်နှင့် ဆုတောင်းဘက်ဖြစ်ပါလျက်နှင့် ကျွန်ုပ် အိမ်နိမ့်စံဘဝ ဒုက္ခဆင်းရဲရောက်စဥ်က အဘယ်ကြောင့် ကူညီကာ မစမှု မပြုသနည်း"

"အသင့်မင်းကြီး၊ သင်သတိမမူ အမှတ်မထားလျှင်သာ ဖြစ်သည်။ အနော်ရထာမင်းကြီးသည် သင့်အား နောဝ်ကြိုးတဲ၍ အရိန္ဒမာလှံနှင့် ထိုးသောအခါတွင် ငါစောင်မ၍ ကြိုးကိုသာထိုးမိစေသောကြောင့် သင်လွတ်ရာသို့ ပြေးနိုင်ခြင်း ဖြစ်သည်"

"ကျွန်ုပ်သတိမထားခြင်း ဖြစ်သည်"

"မင်းကြီး တောင်ခွင်တွင် စစ်ပျက်၍ ညဥ့်အမှောင်ထဲတွင် ပြေးရသောအခါတွင် ဖွတ်ရေဝတ်ရုံကိုဝတ်ပြီး မြင်းကျားစီးကာ ရှေ့ကနေ ခရီးလမ်းပြသည်ကား ငါပင်တည်း"

"ဟုတ်လေသည်၊ သင် မစမှန်း ငါမသိခဲ့"

"မင်းကြီး ... အသင် စောလူးမင်းကိုခိုးယူစဥ်က စောလူးမင်းအော်သောကြောင့် လူသူလိုက်၍ ပင်ပန်းစွာမကူးနိုင်စဥ်က ကျွန်းငယ်ဖန်ဆင်းပြီး မြစ်တွေးငှက်ယောင်ပြ၍ သင့်ကိုကယ်ခဲ့သည်မှာလည်း ငါပင်ဖြစ်သည်။ ထို့အပြင် တံငါသားအဖယောင်ဆောင်၍ တံစွက်လှေနှင့် အောင်သာဘက်သို့ ငါပို့ပေးခဲ့သည်"

(ရာဇဝင်ဒ –စာ၊ ၃၉၁)

ပုဂံခေတ်မှနေ ကိုးကွယ်မှု ပြုလာခဲ့ကြသည်မှာ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တွင် ကိုးကွယ်ပသမှုကို ပိတ်ပင်ပြစ်ဆင်စေသည်။ တချို့သောသူ အများစုသည် အိမ်ရှေ့တွင် နတ်ကွန်းအဆောက်အဦကြီးများ အကြီးအကျယ်ထားပြီး တူးရွှင်းတိုင်၊ သေရောက်၊ စလေ၊ ပုပ္ပားတစ်ခွင်တွင် နတ်အား ကျွဲဖြူနွားဖြူများသတ်ပြီး ပသကြရာ စီးပွားဥစ္စာပျက်ပြားသည်အထိ ဖြစ်လာကြ၍ ကြီးကျယ်စွာမပြုလုပ်ရဘဲ အိမ်တွင်းမှာထားပြီးသာ ကိုးကွယ်မှုပြုရမည်ဖြစ်၍ အိမ်တွင်းမောင်နှမဟု ခေါ်ဝေါ်လာကြသည်။

ထိုနတ်ကို အုန်းသီးဖြင့် တင်မြှောက်ရခြင်းမှာလည်း မီးလောင်သူများကို အုန်းရေတိုက် ကျွေးကုသပေးရပြီး အအေးဓာတ်ရသည့်အတွက် နတ်မောင်နှမအား အုန်းသီး တင်မြှောက်ရခြင်းဖြစ်လေသည်။

မြမြလှိုင်

**ဝန်ခံချက်**

မြန်မာမှုများမှ (ဆင်ဖြူ[illegible] အောင်သိန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် ရှုတေးလေးတစ်ခွင် ဟာသများ

## ဦးကောင်းထူး

### နားအုံပွင့်ပြီး သေမှာစိုး

သီတင်းကျွတ်ပွဲတွင် ဖြစ်၏။ တောင်ပိုင်းက အရပ်ပြဇာတ်ကဖို့ ငှားထားသည့် အငြိမ့်စက်မှာ အိုနာကျိုးကန်းကြီး။ မရရသည်ကို ငှားထားရသဖြင့် စက်သံက အမြောက်သံထက် ကျယ်နေ၏။ ပြဇာတ်မင်းသားခမျာ ညည်းရှာ၏။

"ဒီမီးစက် ဒီလောက်ညံ့နေရင်တော့ ငါတို့အသံ လူကြားအောင် ဖင်မြိုးထွက်အောင် အော်ရတော့မှာပဲ"

မြောက်ပိုင်းသားတစ်ယောက်ကလည်း ပွဲကြည့်ရောက်လာရာက ဩဘာပေးပြန်၏။

"ဟ• • •လူတွေရ၊ မင်းတို့မီးစက်ကြီးနယ် ဆူလိုက်လေကွယ်။ လုတောရွာမဆိုထားနဲ့။ အဝီစိငရဲခံနေရတဲ့ စိဋ္ဌမာရတောင် နားအုံပွင့်ပြီး လဲသေမှာစိုးရသဟေ့"• • •တဲ့။

❐

### ပမာပုံခိုင်း နှိုင်းရရင်

နယ်ခံအစိုးရလက်ထက်က အဖြစ်အပျက်တစ်ခု ရှိခဲ့သည်ဟု ဆိုပါသည်။ နယ်ပိုင်ဝန်ထောက်တစ်ဦးသည် လုဆောရွာသို့ ရောက်လာသည်။ ဇနီးဖြစ်သူလည်း ပါလာသည်။

ရွာသူရွာသားတို့သည် ဝန်ထောက်ကတော် ပါလာသည်ဆိုသောကြောင့် ကြည့်လိုမြင်လိုကြသည်။ သိပ်ချောသိပ်လှလိမ့်မည်ဟုလည်း မှန်းဆထားကြသည်။ ထို့ကြောင့် သူကြီးအိမ်သို့ မယောင်မလည်သွားကြကာ ခိုးကြောင်ခိုးဝှက်ကြည့်ကြသည်။ ဝန်ထောက်ကတော်ကို မြင်ရပြီးတော့ လုတောသားတစ်ဦး ကောက်ချက်ချလိုက်သည်ကမှ -

"ဝန်ထောက်ကတော်• • •ဝန်ထောက်ကတော် ဆိုတော့ လှလိုက်လေ၊ ချောလိုက်လေလို့ ပြောရမလား အောက်မေ့ထားပါတယ်။ ဟလိုလေးလေးလကွယ် • • •ခုတော့ဖြင့် ဘီလူးမ သံပုရာခြမ်းကိုက်ထားသလို မျက်နှာကို ရှုံ့တွန့်နေတာပဲ"

ဟူ၍ ဖြစ်ပါသတည်း။

❐

### ဘာများကြာလို့လဲ

ပတ်ဝန်းကျင် ဒေသန္တရ ဗဟုသုတ လေ့လာသူတစ်ဦးက လုတောရွာလယ်သမားအား လယ်အကြောင်း၊ မိုးရေအကြောင်း၊ စပါးအကြောင်းများကို မေးမြန်းနေသည်။ လယ်သမားသည် မိုးနည်းသဖြင့် စိတ်မကောင်းဖြစ်ကာ ညည်းညူပြနေသည်။ ထိုအခါ လေ့လာသူက အားပေးသည့်သဘောဖြင့်လည်းကောင်း၊ သိလိုသည့်သဘောဖြင့်လည်းကောင်း-

"မိုးမလာလည်း မူးရေကတော့ လာတယ်မဟုတ်လား"

ဟု ပြောလေရာ-

"မူးရေလာချိန်က မီးခဲပေါ် ယင်နားသလောက်တောင် မကြာပါဘူးဗျာ"

ဟု ပြန်ပြောလိုက်လေသည်။

(လုဆောနယ်တစ်ဝိုက်တွင် ရေပေးမြောင်းကို "မူး" ဟု ခေါ်ပါသည်။)

❐



www.burmeseclassic.com

www.burmeseclassic.com

## ငုတ်တုတ်လေးတောင် မြင်ရတယ်

ပတ်ဝန်းကျင် ဒေသန္တရဗဟုသုတ လေ့လာသူသည် အကြောင်းအရာကိုလည်း သိချင်၊ လုတောသားပြောသော စကားကိုလည်း ကြားချင်သဖြင့် စပ်မိစပ်ရာ ဆက်၍ပြောနေဖြစ်သည်။ စောစောက မိုးဦးတစ်ကြိမ်ကျသွားပြီဖြစ်သည်။ ထိုမိုးရေဖြင့် ထွန်ယက်ပြီးလောက်ပြီ၊ မျိုးကြဲပြီးလောက်ပြီဟုလည်း ထင်သည်။ ထင်သည့်အတိုင်းပင် -

"ယခင် တစ်မိုးကျပြီးပြီဆိုတော့ ထွန်ယက်ပြီးလောက်ပြီပေါ့။ စိုက်တန်သလောက်လည်း စိုက်ပြီးရောပေါ့နော်"

ဟု ခန့်မှန်းပြောပြမိလေသည်။

ဤတွင် လုတောလယ်သမားသည် စိတ်မရှည်နိုင်တော့ဟန်နှင့် ဤသို့ ပြောလိုက်သည်။

"ဟာလိုလေး…ဆရာသမားရယ်…မိုးဦးရွာတယ်ဆိုတာက ပျားရေးခါသလောက်ရှိတာပါ။ ထွန်ယက်ဖို့နေနေသာသာ လယ်တွေမှာဖြင့် ပပ်ကြားကိုအက်လို့။ ပပ်ကြားအက်ထဲ ငုံ့ကြည့်လိုက်မယ်ဆိုရင် အဝီစိကျနေတဲ့ ဒေဝဒတ်ကို ငုတ်တုတ်လေး မြင်နေရတော့တာပါပဲဗျာ။

□

## မောင်းထောင်းစားမယ်ဆိုရင်

တစ်ခါက ရဲသားတစ်ဦးသည် ဝက်လက်ကားလမ်းအတိုင်း မော်တော်ဆိုင်ကယ်စီးပြီး လုတောဘက်သို့ လာလေသည်။ ပင်ဇင်းရွာနှင့် လုတောရွာအကြား လေသာကွေ့အရောက်၌ မော်တော်ဆိုင်ကယ် ပျက်လေတော့သည်။

လုတောရွာက နွားကျောင်းသားလေးများသည် ရဲသားကြီး ဆိုင်ကယ်ပြင်ရာအနားသို့ လာရောက်ကြည့်ရှုနေကြသည်။ ရဲသားကြီးသည် ဆိုင်ကယ်ကို နှိုက်လိုက်ချွတ်လိုက် ပြင်လိုက်၊ တပ်လိုက်၊ ပြီးလျှင် ခြေနင်းကို နင်းပြီး နှိုးလိုက်လုပ်နေသည်။ နှိုးမရပြန်လျှင် နှိုက်လိုက်ချွတ်လိုက်၊ ပြင်လိုက် တပ်လိုက်၊ နင်းလိုက်၊ နှိုးလိုက်လုပ်ပြန်သည်။ သို့သော် စက်ကားမနိုး။ အကြိမ်ကြိမ် ဆောင့်ဆောင့်နင်းနေရသဖြင့် ရဲသားကြီးမှာ ချွေးများ ဒီးဒီးကျနေတော့သည်။ ထိုအခြေအနေကို မြင်နေရသော နွားကျောင်းသားတစ်ဦး ပြောလိုက်သည်ကား

"ဟာလို…လေးလေး…ဦးလေးကြီးရယ်၊ မောင်းများထောင်းစားမယ်ဆိုရင် ဦးလေးကြီး တိုက်တောင်တည်နိုင်လောက်ပါပြီဗျာ"ဟူ၍ ဖြစ်သတည်း။

□

## မှိုင်းတွေတောင် စွဲသွားတယ်

ဝက်လက်မြို့ကို မီးလောင်စဉ်က ဖြစ်သည်။ မီးကလည်း အတော်ကြီးသည်။ မီးလောင်ပြီး နောက်နေ့၌ လုတောကားဆိပ်သို့ ခရီးသည်များ ခေတ္တရပ်နားခိုက် ထိုမီးအကြောင်းကို စကားစမိကြသည်။ ခရီးသည်တို့က -

"ဝက်လက်မီးက တော်တော်ကြီးလို့လားဗျ"

ဟု မေးလေရာ လုတောသားက ဤသို့ ဖြေလိုက်သည်ဟု ဆိုပါသည်။

"ဟာလိုလေးလေး…မီးကတော့ သိပ်ကြီးတာပေါ့ဗျာ။ မီးလောင်တဲ့ ပေါက်ကွဲသံတွေကြောင့် ကျုပ်တို့လုတောရွာက လူတွေ လန့်ပြီး နိုးကုန်ပါရောလား။ မိန်းမအချို့ဆိုရင် ပြန်မအိပ်ကြတော့ဘဲ လောင်တဲ့မီးရောင်နဲ့ အချင်းချင်း ခေါင်းက သန်းရှာနေကြတယ်လေ"

လုတောနှင့် ဝက်လက်သည် ခုနစ်မိုင်ဝေးပါသည်။

စစ်ကိုင်းမြို့ကို လောင်သောမီးနှင့် ပတ်သက်၍လည်း လုတောသားတစ်ဦးက ပြောလိုက်သည်မှာ -

"စစ်ကိုင်းလောင်တဲ့ မီးတောက်ကြီးတွေ မြင်လိုက်ပုံကတော့ လကို ကျပ်ခိုးမှိုင်းစွဲသွားတော့တာပဲ"ဟူ၍ ဖြစ်လေ၏။

□

## ခပ်ပြီးတော့တောင် ထောင်းရတယ်

လုတောရွာသားနှင့် ပင်ဇင်းရွာသားတို့သည် ဝက်လက်သွား ကားလမ်းပေါ်တွင် စကားစမြည်ပြောရင်း စပါးနှံအကြောင်းကို စကားစရောက်သွားသည်။ ပင်ဇင်းရွာသားက ဂုဏ်ယူသည့်သဘောနှင့် -

"ကျုပ်တို့ရွာက ဦးဘိုးလန်းရဲ့ စပါးပုံကြီး ကြီးလိုက်ပုံကတော့ ခေါင်းပေါင်းကျွတ်ကျအောင် မော့ကြည့်ရတယ်"

ဟု ပြောလေသည်။ ထိုအခါ လုတောရွာသားက

"ဒါဆိုရင် ခင်ဗျားတို့ရွာက စပါးပုံဟာ ကြီးတယ်မဆို နိုင်သေးပါဘူး။ ကျုပ်တို့ရွာ အဝယ်ဒိုင်က စပါးပုံနဲ့စာရင် ငယ်ငယ်လေးပဲ ရှိပါသေးတယ်။ ကျုပ်တို့ရွာအဝယ်ဒိုင် စပါးပုံ ကြီးကတော့ ကြီးမကြီးမပြောနဲ့ ညညဆိုရင် ဖိုးလမင်းထဲက အဘိုးကြီးက ဒီစပါးပုံထဲက ခပ်ခပ်ပြီး ထောင်းနေတော့တာ ပဲ"

ဟူ၍ ပြောလိုက်လေသတည်း။

❒

## လဲတောင်မှ သေလောက်ပြီ

လူတောသားတို့အား တောသားဆိုပြီး အထင်သေးပါက မှားသွားပေလိမ့်မည်။

တောသားဖြစ်၍ တောစကားတွေ ကျွမ်းသကဲ့သို့ ခေတ်အထာနှင့် ခေတ်စကားတွေကိုလည်း ရေလဲနှင့် သုံး ဖတ်သူများ ဖြစ်ကြ၏။

တစ်နေ့သ၌ လူတောသားတစ်စုသည် လူများကြိတ် ကြိတ်တိုးနေသည့် မုန့်တီဆိုင်သို့ ရောက်သွားကြလေ၏။ လူ များသည် ထိုင်စားရုံမက ရပ်စောင့်စားနေသည့်ကြားက အလှည့်မကျသေးသဖြင့် တန်းစီစောင့်နေရသူများမှာလည်း [illegible]ပုံတစ်ပင်။

မုန့်တီသည်ခများလည်း လက်ကူတစ်ယောက်ပဲရှိ [illegible]အတွက် မနိုင်မနင်း ဖြစ်နေသည်။ ဤတွင် လူသော [illegible]တစ်ယောက်က အတွေးခေါင်ပြီး စကားစလာ၏။

"မုန့်တီသည်မှာ လက်လေးဖက်ပါရင် အတော်အဆင် [illegible]မှာပဲ"

ဟု ဆိုလေ၏။ ဤတွင် နောက်တစ်ယောက်

"ရှိသောစက်ရုပ်တစ်ရုပ် အနားထားပြီး မုန့်ပြင်ခိုင်း [illegible] ကောင်းဘူးလား"

"မင်းစက်ရုပ်က နံနံပင်ထည့်မလား။ ငရုတ်သီးကော [illegible] မေးတတ်မှာမဟုတ်ဘူးကွ။ ပဲကပ်ကြော်သမားကို [illegible] ဘူးသီးကြော်သမား အလွတ်ကြီးပေးနဲ့ ကွိုင် [illegible]"

[illegible]လူက -

"[illegible] … ငါ ရပ်ကြည့်နေတဲ့အတွင်းမှာ မုန့်တီသည် လက် ခရီးသွားတာ ဆိုင်ဂုံနဲ့ ဝါရင်တန် အသွားအပြန် ဆယ် ခေါက်လောက်ရှိတယ်။ နှိုက်ဟယ်၊ ထည့်ဟယ်၊ ကော်ဟယ် ခပ်ဟယ်နဲ့ လူမှိုသာပေါ့ကွာ။ မင်းရှိသောစက်ရုပ်ဆိုရင် ရှော့ခ် ဖြစ်ပြီး အမလေးတ လဲသေပြီ"

သူတို့စကားကြောင့် မုန့်စားသူတွေ ရယ်ရလွန်းသဖြင့် သီးကုန်ကြရပါလေသတည်း။

❒

## မနည်းကို ကြိုးစားရဦးမယ်

လူတောသား လူကြီးသူမများသည် ရွာရှိလူငယ်များ ကို ကြီးပွားတိုးတက်စေချင်၏။ လူချွန်လူကောင်းများ ဖြစ်စေ ချင်၏။ သို့ရာတွင် မုန်းချက်နှင့် နမ်းထွက်က မကိုက်။

သည့်အတွက် ယခုကဲ့သို့ ညည်းချလိုက်တော့သည်။

"ပညာအရာနဲ့သာ ယှဉ်ရမယ်ဆိုရင် ကျည်းကန်သား ဘုရားဖြစ်တောင် လူတောသားက ဒေဝဒတ်အဆင့်မီအောင် မနည်းကြိုးစားရဦးမယ့်ကိန်းပေါ့"

ဆိုပါကလား။

❒

## စိုးရိမ်နေရတယ်

တစ်ခါတုန်းက ရန်ကုန်-သန်လျင် သီတာနှစ်စင်းတွဲ ကူးတို့သင်္ဘောအား စီးနင်းလာသည့် လူတောသားသူငယ်ချင်း နှစ်ဦးထဲမှ တစ်ယောက်က ကောင်းကင်အမြင့်၌ ဝဲပျံနေသည့် အကောင်းများကို လက်ညှိုးထိုးပြရင်း -

"စင်ရော်တော့ မဟုတ်ဘူးထင်ပါ့ကွာ"

"နင့်အမေကလွှား…စင်ရော်က ဒီလောက်အမြင့် ကြီးတက်ပြီး ဝဲပျံမနေဘူးကွ။ နောက်ပြီး စင်ရော်ကဖြူဖြူ။ သူတို့ကအမည်း မှတ်ထား။ အဲဒါ လင်းတဟ…လင်းတ"

"ဟာ…ဘယ်က လင်းတရမှာလဲ။ အဲဒါ စွန်ကွ။ လင်းတတွေက နိုင်ငံခြားထွက်ကုန်ကြပြီ။ သွားလွန်းလို့ တော်ကြာ တို့တိုင်းပြည်မှာ လင်းတပျောက်မှာကောင် စိုးရိမ် နေရတယ်ပေါ့"

❒



www.burmeseclassic.com

www.burmeseclassic.com



## ပယောင်းမိုး

ရန်ကုန်ပြည် လုတောသားဦးကြီးတစ်ယောက် သိမ်ကြီးဈေး(စီ)ရုံအောက်တွင် အညာအထိ ခံခဲ့ရ၏။ ထိုအဖြစ်အား -

"ခေါက်ထီးတစ်လက် တစ်ထောင်ကျော်ဆိုတာ ငါသိတာပေါ့။ စက်လှေကားရှေ့နေတဲ့ ဈေးပေါက်ဝ ပလက်ဖောင်းပေါ်မှာ ခေါက်ထီးရောင်းနေတာ တွေ့တယ်။ ခေါက်ထီးတစ်လက် တစ်ရာတည်းရယ်တဲ့။ ငါမယုံဘူး။ ဒါကြောင့် လှည့်တောင်မကြည့်ဘူး။

အဲ…ဒါပေမယ့် ရှေ့နားရောက်တော့ တမင်လျှော့ရောင်းတာဗျ။ မဆစ်ပါနဲ့။ သုံးစရာမရှိလို့ ရောင်းတာပါတဲ့။ ခပ်နွမ်းနွမ်းလူတစ်ယောက်နဲ့ ထီးရောင်းသူ အချေအတင်ပြောနေကြသကို။

ဒါနဲ့ မေးကြည့်တော့ နှစ်ရာတဲ့။ ပိုက်ဆံလိုလို့ ရောင်းတာဖြစ်လောက်ရဲ့ဆိုပြီး ဖွင့်ကြည့်တယ်။ အကောင်းပဲ။ အဲဒါနဲ့ ငါလည်း မဆစ်တော့ဘဲ ဝယ်လာတာ။

ဟာလိုလေး…တို့ခေတ်က စော်ရကားမျက်လှည့်မဟုတ်ဘူးဟေ့။ ဆော်တာကားမျက်လှည့်နဲ့ တွေ့ခဲ့တာကလား။ ထီးပိတ်အပေါင်းကြီးကို ဖယောင်းတိုက်ထားတဲ့ထီး။ နေပူထဲ ဖွင့်ဆောင်းလိုက်ပါ့၊ စီးကျလာတဲ့ ဖယောင်းရေတွေများ မိုးရွာသလားမှတ်ရ။ တာဝတိံသာတောင် လျှံထွက်သွားမတတ်။

❐

## တရော်၊ ပက်ကျ၊ ရုံးပတီ

လုတောသူတစ်စု ဝက်လက်ကအပြန် ကားပေါ်၌ အတင်းပြောလာကြ၏။

အထည်ဆိုင်ရှင် မိန်းမအကြောင်းကို ပြောကြသည်။

"ကြည့်စမ်းပါဦး။ သုံးရာနဲ့ ရောင်းရမယ့်ဟာ ငါးရာနဲ့ ပြောပြီး လျှော့တော့ တစ်ဆယ်တဲ့။ တစ်ဆယ်လျှော့တာတောင် အကာယ်ဒမီအိုက်တင်နဲ့။ ရုပ်ရှင်မင်းသမီး လုပ်စားဖို့ကောင်းတယ်"

ဤတွင် နောက်အဖော်များက -

"ဈေးစကားပြောသာ ပက်စက်တာ။ အပြောကတော့ ချွဲပျစ်နေတာပဲ"

"အေးလေ…တရော်ရည်တွေ ရွှဲလာတဲ့ ပက်ကျိရုံးပတီဟင်းပန်းကန်ထဲ မှောက်လျက်လဲထားတဲ့အတိုင်းပဲဟေ့"

❐

## လှည်းနင်းခံရတဲ့ ယပ်တောင်စုတ်

ပခန်းရွာ ဘော်လီဘောအသင်းသည် ရေစကြိုတက်၌ မြို့နယ် ဘော်လီဘောပြိုင်ပွဲ ဝင်နွှဲခဲ့ပါ၏။ ပြိုင်ဘက်အသင်းနှင့် လက်ရည်သိပ်မကွာသော်လည်း အမှတ်အနည်းငယ်နှင့် ကပ်ရှုံးခဲ့သည်။

ရှုံးသဖြင့် ထုံးစံအတိုင်း ဝိုင်းအပြစ်တင်ကြ၏။

ထိုအခါ ကြားထဲက လူကြီးတစ်ယောက်က ဖြေသိမ့်ပေးလေ၏။

"လောကဓံဆိုတာ ပုစီဖောင်းလိုပဲကွ။ ပိန်ချင်ခထာ၊ ဖောင်းချင်ခထာပဲ။ သူတို့သဘောမပေါက်လို့ နှာခေါင်းရှုံ့တာ၊ အားမငယ်ကြပါနဲ့ကွာ"

အမျိုးသမီးတစ်ယောက်ကလည်း လူကြီးစကားကို ထောက်ခံပြီး အားပေးပုံက -

"အသွားတုန်းကတော့ အားပေးတဲ့လူတွေ အပြည့်နဲ့။ ဘောသမားတွေကို သတို့သားလောင်းလား မှတ်ရ။ မျက်နှာကြီးလိုက်ပုံဖြင့် ဆင့်မျက်နှာ အဝှားတပ်ထားတဲ့အတိုင်း။ ဟော…ရှုံးလို့ ပြန်လာတဲ့အခါကျတော့ မျက်နှာငယ်လိုက်ပုံများ ယပ်တောင်စုတ် လှည်းနင်းခံရတာနဲ့မခြား"

ဟူ၍ ဖြစ်လေသတည်း။

● ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


မောင်ယဉ်ပွင့် ဆောင်းစနေခြည်၊

ဇာယာဒေဝီနှင့်

ဖိတ်ကြားမှုကိုမျက်ကွင်းရှုပ်ပေါက်ပုံ [၆]

(ယခင်လမှအဆက်)

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ (၆)

မောင်ယဉ်မွန်(မောင်နေခြည်)

(ယ ခင် လ မှ အ ဆက်)

ဥရုမြစ်ကြီးနှင့် မလှမ်းမကမ်းတွင် ကသိုဏ်းတောင်ကြီး ရှိသည်။ ထိုကသိုဏ်းတောင်ကြီးသည် ရှေးအခါ မြတ်ဗုဒ္ဓလောင်းလျာနုစဉ် ရှင်ရသေ့ဘဝနှင့် ဈာန်ကသိုဏ်းများကစားခဲ့သော နေရာဟုလည်း အဆိုရှိပေသည်။

အခြား အခြားသော ရသေ့များလည်း ဟိမဝန္တာတောင်မှ ဈာန်နှင့် ကြွတော်မူလာ၍ ကသိုဏ်းရှုကြသည်ဟု အဆိုရှိကုန်၏။ ထိုကသိုဏ်းတောင်ကြီး၏ထိပ်တွင် သစ်ပင်ကြီးများ မပေါက်ပေ။ တောင်အောက်ချိုင့်များမှာတော့ စိမ်းစိုလန်းဆန်းလို့နေပေသည်။

ထိုကသိုဏ်းတောင်ပေါ်တွင် ရှေးအခါက ဇော်ဂျီများလည်း ဖိုထိုးကြသည်ဟု ဆိုပေသည်။ ကသိုဏ်းတောင်ကြီးသည် အမှန်တော့ မြေသားများဖြင့် ဖွဲ့စည်းထားသော တောင်ကြီး မဟုတ်ပေ။ တောင်ကြီးတစ်ခုလုံး သံကျောက်များဖြင့် ဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။

ကသိုဏ်းတောင်ထိပ်တွင် အနှစ်တစ်ရာမှ တစ်ခါသာလျှင် ပွင့်သောနတ်ဆေးဂမုန်းလည်း ရှိပေသည်။ ထိုနတ်ဆေးဂမုန်း၏ အရွက်မှာ ကြာရွက်နှင့်တူပြီး အပွင့်မှာ ခြင်းလုံးကဲ့သို့ ဝိုင်းစက်၍နေသည်။

ထိုနတ်ဆေးဂမုန်းပွင့်လျှင် သူ၏အနံ့မှာ တစ်ယူဇနာမျှ သင်းပျံ့သည်ဟုလည်း ဆိုကြပေသည်။ ထိုနတ်ဆေးဂမုန်းပွင့်အား ကျောက်သွေးနှင့်စိမ်၍သောက်သုံးပါက အသက်ရာကျော် ရှည်သည်ဟု ဆိုပေသည်။

ဘိုးသက္ကသည် သူ၏ ဖခင်စကားအရ သက္ကရာဇ်ကို တွက်စစ်၍ နတ်ဆေးဂမုန်း ပွင့်မည့်အချိန်ကို စောင့်ရင်း ကသိုဏ်းတောင်မှာ နေထိုင်ခဲ့သည်။

ဘိုးသက္ကသည် မြို့ဝန်မင်းယက္ခ၏ ဖခင်ရင်းချာ ဖြစ်ပါသော်လည်း ယက္ခနှင့် လုံးဝမတူပေ။ သားဖြစ်သူ ယက္ခက မိုက်ရိုင်းသည်။ အပြောအဆိုကြမ်း၍ လောဘ၊ ဒေါသကြီးသည်။ မနာလို အဘိဇ္ဈာတရားပွား၍ ဝန်တိုသော မစ္ဆရိယစိတ်ရှိသည်။

ဘိုးသက္ကမှာတော့ လူတစ်ဖက်သားကို သနားခြင်းကရုဏာရှိသည်။ ဒါနမှုအမြဲပြုသည်။ သီလမှုတွင် မမှန်တာ မလုပ်၊ မမှန်တာ မပြောပေ။ ထို့ကြောင့် ဘိုးသက္က ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းချစ်ခင်ကြသည်။

ဘိုးသက္ကအား လူတိုင်းချစ်ခင်ကြသော နောက်တစ်ချက်မှာ ဆေးဝါးနားလည်မှုဟု ဆိုနိုင်၏။ ဘိုးသက္ကသည် မကျန်းမာသူတွေ့လျှင် အခမဲ့ ဆေးဝါးများ ကုသပေးသည်။ ဘိုးသက္ကကို ဆေးပညာအမွေ ပေးခဲ့သူမှာ သူ၏ဖခင်ကြီး ဦးသီလပင် ဖြစ်သည်။ သူ့ဖခင် ဦးသီလ၏ လက်သုံးဆေးမှာ ကျောက်သွေးနှင့် ပျားရည်ပင်လျှင် အဓိကဖြစ်သည်။ ပျားရည်က ပူ၍ ကျောက်သွေးက အေးမြသည်။ ထိုမတူညီသော အပူအအေးကိုပင် ယှဉ်တွဲလျက် ဖော်စပ်သည်။

"ငါ့သား လူတွေရဲ့ အမြင်မှာ အပူဓာတ်နဲ့ အအေးဓာတ်ကို ဆန့်ကျင်ဘက်လို့ ထင်နေကြတာကွ၊ အမှန်တော့ အပူကလည်းတဲဖော်၊ အအေးကလည်း တဲဖော်ပါပဲကွ။ လူတွေမှာ အအေးလွန်ရင် ဖျားမယ်၊ နာမယ်။ အပူလွန်ရင်လည်း ဖျားမယ်၊ နာမယ် ဒီတော့ အဖေက အပူမလွန်၊ အအေးမလွန်အောင် တဲဖော်ဓာတ်နှစ်မျိုးကို ပေါင်းစပ်လိုက်တာပေါ့ကွာ"

ဟု သူ့ဖခင် မသေမီက ပြောပြခဲ့ပေသည်။

ဘိုးသက္က ကသိုဏ်းတောင်မှာ နေရင်း ဆေးမြစ်ဆေးဥများလည်း ရှာဖွေလေ့ရှိသည်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဟု ဆိုရိုးစကားလည်းရှိ၍ နွယ်ပင်မြက်ပင်များကို အချိုဓာတ်၊ အငန်ဓာတ်၊ အခါးဓာတ်၊ အချဉ်ဓာတ်ဟု ခွဲခြား၍ စုဆောင်းသည်။

ယနေ့လည်း ဘိုးသက္က တစ်ယောက် ဝါးခမောက်ကြီးဆောင်း လွယ်အိတ်ဖားဖားကြီးလွယ်လျက် တောင်ဝှေးတစ်ချောင်းနှင့် ကသိုဏ်းတောင်မှ ဆေးမြစ်ဆေးဥ ရှာရန် ထွက်လာခဲ့သည်။

တောင်ကြားလျှိုကြီးများမှာ ပန်းပေါင်းစုံတို့သည်လည်း ဝေဝေဆာဆာ ပွင့်နေကြ၏။ ကျေးငှက်သာရကာတို့သည်လည်း သံစာစာ ဟစ်အော်လျက် ပျော်မြူးလို့နေကြသည်။ မျောက်အုပ်ကြီးများကလည်း တောသရက်ပင်တက်၍ ဝင်းမှည့်သော အသီးကိုမှ ရွေးခူးနေကြသည်။ သမင်ဒရယ်များက ဆားငန်ထွက်သော ခြစ်တွင်းဘေးမှ မြေကို လျှာဖြင့်ယက်နေကြသည်။

ဘိုးသက္က တောင်ပေါ်ရောက်စတွင် ထိုငှက်များက ကြောက်လန့်ကာ ပျံသန်းကြသော်လည်း ယခုတော့ မိတ်ဆွေရင်းချာပမာ ဘိုးသက္ကလာလျှင် နှုတ်ခွန်းဆက်လို့ပင်နေတော့၏။

ဘိုးသက္ကသည် သစ်ရိပ်ဝါးရိပ်များအောက်မှ လျှောက်လှမ်းလာရင်း ဥရုမြစ်ကြီးအနီးသို့တိုင် ရောက်လာခဲ့သည်။

"ဥရုမြစ်အထိ ရောက်လာမှတော့ ရေချိုးပြီးမှ ပြန်တော့မယ်"

ဟု စိတ်ကူးဝင်ကာ မြစ်ကမ်းဆီသို့ လှမ်းလာခဲ့တော့သည်။

"အလို့ . . ဘုရား . . ဘုရား . . လူပါလား"

ဟု ဘိုးသက္က အာမေဍိတ်သင့်ရတော့၏။ ထိုနေရာသည် ဥရုမြစ်အတိုင်း စီးဆင်း၍လာသော ရေနှင့် ကျောက်တောင်ကြီးများအောက်မှ စီးဆင်းလာသောရေတို့ ပေါင်းဆုံကာ မြစ်အလယ်တွင် သဲသောင်ထွန်းလို့နေပေသည်။

ထိုသဲသောင်ပေါ်တွင် မဟာလူသားတစ်ဦးကို တွေ့ရှိလိုက်ရ၍ ဘိုးသက္က အာမေဍိတ်သင့်ရခြင်း ဖြစ်ပေသည်။

ဘိုးသက္ကသည် ပေါင်လည်လောက်နက်သော ရေကို ဖြတ်ကျော်လျက် သဲသောင်သို့ အရောက်သွားသည်။ လူသေလား၊ လူရှင်လား၊ ခွဲခြား၍မသိနိုင်သူ အနီးမှာပင် ဒူးထောက်၍ ထိုင်ချလိုက်သည်။

"ဘုရား . . ဘုရား . . မိန်းမသားတစ်ဦးပါလား၊ ဘယ်လိုအဖြစ်ဆိုးနဲ့ ကြုံလို့ ဒီလိုဖြစ်ရပါလိမ့်"

ဟု တီးတိုးညည်းညူကာ လက်ကောက်ဝတ်နေရာမှ သွေးကြောကို စမ်းကြည့်သည်။

"သေကံမရောက် သက်မပျောက်ဆိုတာ ဒါပဲ ထင်ပါရဲ့။ ရထားလိုက်တဲ့ ဒဏ်ရာတွေ မျက်နှာမှာဆို မူလရုပ်မပေါ်နိုင်တော့အောင် စုတ်ပြဲ



www.burmeseclassic.com

www.burmeseclassic.com

လို့နေပြီ၊ မှန်းစမ်း"

ဟု ဆိုကာ ခြေထောက်၊ လက်စသည်တို့ ကျိုးများသွားပြီလားဟု ကြည့်သည်။ မြစ်ကမ်းပါးတွင် လမ်းလျှောက်စဉ်များ တောင်ပြိုကျလေသလားဟု တွေးကြည့်သည်။ မြေအောက်ချောင်းမှ မျော၍ပါလာခဲ့မည်လားဟုတော့ ဘိုးသက္ကလုံးဝပင် မတွေးမိခဲ့ပါပေ။ ဘိုးသက္ကသည် လူနာအမျိုးသမီးအား ထမ်းပိုးလျက် လာလမ်းအတိုင်း ပြန်ခဲ့သည်။ လမ်းသည် ကွေ့ကွေ့ကောက်ကောက် တောင်ဆင်း တောင်တက်လမ်းလေး မျှသာဖြစ်သည်။ လူနာကတော့ ကျောပေါ်မှာ လိုက်ပါလျက် တုတ်တုတ်မျှပင် မလှုပ်ပေ။ ဤလူနာသည် မည်သည့်အရပ်ကပါလိမ့်။ မည်သည့် လူမျိုးပါလိမ့်ဟုတော့ အတွေးဝင်ပါခဲ့မိသည်။ အဖြေကတော့ လုံးဝမရရှိခဲ့ပေ။

●

"ငါတို့ ဘာမှမမြင်ရတော့ဘူး၊ ဒီမှာ ဘယ်အချိန်ထိအောင် ပုန်းနေမှာလဲ"

ဟု သုဇိလက မေးလိုက်သည်။

"ဒီမှာ မနေပါဘူး၊ ခု ခရီးဆက်ရမယ်လေ"

ဟု သီတာက ဆိုလိုက်သည်။

"ဒီလောက်တောင် ပိန်းပိတ်အောင် မှောင်နေတာ ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ရှေ့ခရီးဆက်မှာလဲ"

"ဘာမှမပူပါနဲ့၊ ရှင့်ခေါင်းစည်း ပဝါပေးပါ"

ဟု သီတာက ဆိုလိုက်သည်။

"ဘာလုပ်မှာလဲ"

ဟု သုဇိလက အတွန့်တက်လိုက်ပြန်သည်။

"ပေးမှာသာ ပေးပါ"

ဟု ဆိုနေသဖြင့် သုဇိလ ငြင်းဆိုမနေနိုင်။ ခေါင်းစည်းပဝါကို သီတာလက်သို့ အပ်လိုက်ရတော့သည်။

"ရှင်က ပဝါစဆွဲပြီး ညီမနောက်က လိုက်ခဲ့ပါ။ ခြေလှမ်းကို မှန်မှန်လှမ်းပေါ့"

ဟု ဆိုကာ သီတာက ရှေ့မှ ဦးဆောင်၍ သုဇိလကို ခေါ်သွားတော့သည်။

"ငါတို့ ဘယ်ကိုသွားနေတာလဲ"

ဟု သုဇိလက မေးလိုက်ပြန်သည်။

"ကသိုဏ်းတောင်"

ဟု သီတာက ပြန်၍ဖြေသည်။

"ကသိုဏ်းတောင်မှာ ဘယ်သူတွေ ရှိလို့လဲ"

ဟု သုဇိလက စပ်စုကြည့်သည်။

"ကသိုဏ်းတောင်မှာ ဘိုးသက္ကရှိတယ်"

"မင်းအဘိုးက ဘာ့အတွက် ကသိုဏ်းတောင်မှာ နေတာလဲ"

"အဘိုးက ဆေးဆရာကြီးလေ၊ ကသိုဏ်းတောင်မှာ ဆေးမြစ် ဆေးဥတွေ သွားတူးတာပါ"

ဟုသာ ဖြေလိုက်သည်။

"ဟိုအကြော်သည်ကြီးက မင်းအမေလား"

ဟု ဆက်မေးပြန်သည်။

"ဟုတ်တယ်၊ ခုလောက်ဆို အမေ မျှော်နေရှာမှာ"

ဟု စိတ်မကောင်းစွာ ဆိုလိုက်သည်။

"ဒါဆို မင်းအဖေကကော"

"အဖေက ဆုံးသွားပါပြီ"

"ဒါဆို မင်းတို့သားအမိ နေကြတာပေါ့"

"ဟုတ်ပါတယ်၊ သီတာမှာ အဖေ မရှိတော့ပါဘူး"

ဟု ငိုသံလေးနှော၍ ပြောလိုက်သည်။

"အဖေကလည်း အဘိုးလို ဆေးဆရာကြီးပဲလား"

ဟု စပ်စုလိုက်ပြန်သည်။

"မဟုတ်ပါဘူး၊ အဖေက အဘိုးလို မသိမ်မွေ့ဘူး။ စိတ်ကြမ်းကိုယ်ကြမ်းနိုင်တယ် အတ္တကြီးတယ်၊ ဒါကြောင့် တကောင်းနေပြည်တော်မှာ ကွယ်လွန်ခဲ့ရတာပေါ့"

ဟု ဆိုကာ ရှိုက်ကြီးတငင် ငိုချလိုက်တော့၏။

"တကောင်းနေပြည်တော်မှာ မင်းတို့အဖေ သေရတယ်ဆိုတော့ စိန့်တိုင်းသားတို့ တကောင်းကို သိမ်းပိုက်စဉ်က မင်းတို့အဖေ ရှုပ်ရှုပ်ချချ



www.burmeseclassic.com

www.burmeseclassic.com

တွန်းလှန်ခဲ့လို့လား"

ဟု ဆက်၍မေးလိုက်ပြန်သည်။

"မဟုတ်ပါဘူး၊ မိဖုရား နာဂဆိန်နဲ့ ပူးပေါင်းပြီး ထီးနန်းကို သိမ်းပိုက်ဖို့ကြိုးစားတာ၊ အိမ်ရှေ့ ဥပရာဇာမင်းသား သိသွားလို့ ဖေဖေ့ကို သတ်ပစ်လိုက်ကြတာပါ"

ဟု ဖြေဆိုလိုက်သည်။

သုဇိလ စကားမဆက်နိုင်တော့ပေ။ မိဖုရားနာဂဆိန်သည် သာကီဝင်မျိုးဟု ဆိုသော်လည်း သာကီဝင်စစ်စစ်ကြီးတော့ မဖြစ်နိုင်ပေ။ စိန့်သွေးနှောလေသလား၊ တိဘက်သွေးနှောလေရော့သလား၊ မဆိုနိုင်ပေ။ ယခုပင် ဓဇရာဇာအား ကြိုးကိုင်လျက် သုဇိလကိုပင် သတ်ရန် ကြိုးစားနေပေသည်။ ထိုကဲ့သို့သော မိဖုရားမျိုး ရှိနေသမျှ ဒိတိုင်းပြည် မည်သို့ ငြိမ်းချမ်းနိုင်အံ့နည်းဟုလည်း စဉ်းစားမိသည်။

ဓဇရာဇာသည် စိတ်ကောင်းနှလုံးကောင်း ရှိပါသော်လည်း ဘိန္နကမင်း၏ လက်ကျန်မိဖုရားနာဂဆိန်၏ သြဇာကို လွန်ဆန်နိုင်ဟန် မတူပေ။ ထိုကဲ့သို့ ယုတ်ညံ့သော မိဖုရားအား တိုင်းပြည်မှာပင် မထားသင့်ပေ။

"ဒါနဲ့ အိမ်ရှေ့ဥပရာဇာ ဘယ်မှာလဲ"

ဟု မေးလိုက်ပြန်သည်။

"အရှေ့ရှမ်းကုန်းမြင့်ဘက် တက်သွားပါပြီ၊ အမှန်တော့ အိမ်ရှေ့မင်းသားက တိုင်းပြည်ကို မချစ်လို့ မဟုတ်ပါဘူး။ ပြည်သူတွေကလည်း အိမ်ရှေ့မင်းသားကို ချစ်ကြတယ်။ ဒါပေမဲ့ မိဖုရား ရှိလေသမျှ အိမ်ရှေ့ ဥပရာဇာ လုံးဝပြန်လာမှာ မဟုတ်ပါဘူး"

ဟု သီတာက ဆိုလိုက်သဖြင့် သုဇိလ သက်ပြင်းတစ်ချက် ချလိုက်မိပါ၏။

"အိမ်ရှေ့ဥပရာဇာ ရှမ်းကုန်းမြင့်မှာ အဆင်ပြေပါ့မလား"

ဟုလည်း စိုးရိမ်တကြီး မေးလိုက်သည်။

"အဆင်ပြေမှာပါ၊ အိမ်ရှေ့ ဥပရာဇာက ရွာကြီးတစ်ဆယ့်ကိုးရွာကို သိမ်းသွင်းစည်းရုံးပြီး မောရိယနိုင်ငံတော်သစ်ကြီး ထူထောင်နေတယ်လို့ သတင်းရပါတယ်"

ဟု သီတာက ဖြေဆိုလိုက်သည်။

အမှန်တော့ ဘိန္နကမင်း၏ ဖခမည်းတော်မှာ မောရိယရာဇာမင်းကြီးပင် ဖြစ်ပေ၏။ ထိုမင်းတရား၏ ကျေးဇူးတရားကို ဆပ်သောအားဖြင့် အိမ်ရှေ့မင်းက မောရိယနိုင်ငံကို ထူထောင်ခြင်းဖြစ်သည်။

"ကောင်းတယ်၊ ကောင်းတယ်၊ ဒါနဲ့ မင်းကို တစ်ခုလောက် မေးမယ်"

ဟု ဆိုလိုက်ပြန်သည်။

"ဘာမေးမှာလဲ၊ မေးလေ"

ဟုပင် ဆိုလိုက်သည်။

"မင်းတို့သားအမိကို တကောင်းပြည်သူတွေက ကြည်ဖြူကြရဲ့လား"

"ဘာကြောင့် ဒီစကား မေးရတာလဲ"

ဟု သီတာကပင် ပြန်၍မေးလိုက်သည်။

"အမှန်တော့ မင်းက သစ္စာဖောက်တစ်ဦးရဲ့ သမီးဖြစ်နေတယ်လေ"

ဟု ဆိုလိုက်သည်။

"မှန်ပါတယ်၊ ညီမတို့သားအမိကို တကောင်းပြည်သူတွေက မကြည်ဖြူကြပါဘူး။ ဒါနဲ့ မောင်ကြီးကကော ညီမတို့သားအမိကို ကြည်ဖြူနိုင်ပါ့မလား"

ဟု ပြန်မေးသည်။

"မောင်ကြီးအနေနဲ့ကတော့ ညီမတို့သားအမိကို မကြည်ဖြူနိုင်စရာ မရှိပါဘူး"

ဟု ဆိုလိုက်ရာ သီတာက. . .

"ဘာကြောင့်"

ဟု ဆိုလိုက်သည်။

"မောင်ကြီးကိုယ်တိုင်က လူသတ်မှုတစ်ခုနဲ့ ပြေးနေရသူ ဖြစ်နေလို့ပေါ့"

ဟု ဆိုကာ သူ့အဖြစ်အပျက်များကို ရှင်းပြပါတော့၏။

"ဒါဆို မောင်ကြီးက လူသတ်သမားကြီးပေါ့"

"မဟုတ်ပါဘူးကွယ်၊ မောင်ကြီးက ကိုယ့်လူမျိုးကို စောင့်ရှောက်ကာကွယ်ခဲ့ရသူပါ။ အကယ်၍များ မောင်ကြီး မကယ်နိုင်ခဲ့ရင် ကျောက်သွေးဂူမှာ ရှိနေကြတဲ့ သာကီဝင်



www.burmeseclassic.com

www.burmeseclassic.com

မင်းမျိုးတို့ရဲ့ ဘဝဟာ မစဉ်းစားဝံ့အောင် ဖြစ်ရမှာပါ ညီမရယ်"

ဟု ဆိုလိုက်ရာ. . .

"မောင်ကြီးရယ် အမှန်တော့ မောင်ကြီးနဲ့ ညီမတို့ရဲ့ ဘဝက တကယ့်ကို ကံတူအကျိုးပေးပါလား"

ဟု သီတာက ညည်းညူသံလေးနှင့် ဆိုလိုက်ပြီး လှမ်းလက်စခြေကို ရပ်ပစ်လိုက်သည်။

သုဇိလသည် စကားပြောရင်း ဆက်လှမ်းလာခဲ့သဖြင့် သီတာနှင့် ဝင်တိုက်မိကာ. . .

"ဟင် မင်းရပ်နေတယ်"

ဟု မေးလိုက်၏။

"ဟုတ်တယ် မောင်ကြီး မကြာမီ မိုးလင်းတော့မယ်၊ မိုးလင်းတာနဲ့ ဒီမြေအောက်လမ်းကလည်း ဆုံးသွားမှာပါ၊ ဒီလမ်းဆုံးတာနဲ့ ဂူတံခါးဖွင့်လိုက်ရင် အဘိုးကို တွေ့ရတော့မယ်၊ အဘိုးနဲ့တွေ့ရင် ဘယ်လိုပြောကြမှာလဲ"

ဟု စီကာစဉ်ကာ ပြောလာသည်။

"ဘာခက်လို့ ဒီလောက်ပူနေရတာလဲ၊ အဘိုးရေ. . . နေဦး မင်းနာမည် မမေးရသေးဘူး"

ဟု ဆိုလိုက်ရာ. . .

"သီတာပါ မောင်ကြီးရဲ့၊ ဒါနဲ့ မောင်ကြီးရဲ့ နာမည်ကကော သုဇိလ မဟုတ်လား"

ဟု ပြောလိုက်လေရာ သုဇိလ ပါးစပ်အဟောင်းသားဖြစ်လျက်. . .

"မင်း. . . မင်း. . . တို့ကို သိနေတယ်"

ဟု ထိတ်ထိတ်ပျာပျာ ဆိုလိုက်သည်။

"သိတာပေါ့၊ အဘိုးက သူ့ရဲ့ ကျေးငှက်ကလေးလွှတ်ပြီး သတင်းပေးတယ်လေ။ သုဇိလမင်းသား မောရတောင်စခန်းက လွှတ်လာလိမ့်မယ်တဲ့။ လွှတ်မြောက်လို့ ရွာရောက်လာရင် သူ့ဆီကို ခေါ်လာခဲ့ပါလို့ မှာခဲ့တယ်"

ဟု ရှင်းပြသည်။

"သွားပါပြီဗျာ"

ဟု သုဇိလက ဆိုလိုက်ရာ သီတာက. . .

"ဘာသွားတာလဲ မောင်ကြီး"

ဟု မေးလိုက်သည်။

"စောစောက အပြောခိုင်းမယ့် အစီအစဉ် ပျက်သွားလို့"

ဟု သုဇိလက ဆိုလိုက်သည်။

"စောစောက ဘာပြောခိုင်းမယ် စိတ်ကူးလို့လဲ"

"အဘိုးဆီ ရောက်တာနဲ့ အဘိုးရေ သမီးတော့ မင်းသားလေးတစ်ပါး လမ်းမှာတွေ့လို့ ခိုးပြေးခဲ့တယ် အဘိုးရေလို့ ပြောခိုင်းမယ်လို့ စိတ်ကူးခဲ့တာပါ"

ဟု ဆိုလိုက်ရာ. . .

"ဟင်း. . . ဟုတ်လည်း မဟုတ်ဘဲနဲ့"

ဟု ဆိုကာ သုဇိလ၏ ရင်အုပ်ကားကားကြီးကို ထုလိုက်၏။ ထိုအခါ သုဇိလက သီတာ၏ လက်ကလေး ဖမ်းယူပြီး တိုးတိုးပြောလိုက်သည်။

"သီတာရယ်. . . မင်းကို တို့ စမြင်ကတည်းက ချစ်ခဲ့ရသူပါ သီတာ"

ဟုပင် ဖြစ်ပေ၏။

"သွား. . . ဟုတ်လည်း မဟုတ်ဘဲနဲ့၊ ခုမှလာချွဲပြနေတာ"

ဟု ဆိုကာ သုဇိလ၏ ကျယ်ဝန်းလှသော ရင်အုပ်ကားကားကြီးကို တွန်းဟန်ပြုသည်။

"မင်း မယုံဘူးလား"

ဟုလည်း သုဇိလက မေးလိုက်ပြန်သည်။

"ယုံပေါင်"

ဟု သီတာက မူနွဲ့နွဲ့ဆို၏။

"မယုံရင်"

ဟု ဆိုကာ သီတာကိုယ်လေးအား လွတ်ထွက်မသွားရန် အတင်းတိုး၍ ဖက်ထားလိုက်လေတော့၏။

●

"မင်းနာမည်ဘယ်သူလဲ"

ဟု ဘိုးသက္က မေးလိုက်ရာ လူနာမိန်းကလေးက ခေါင်းခါပြသည်။

"မင်းဘယ်မြို့ကလဲ"

ဟု မေးလိုက်ပြန်ရာ ခေါင်းခါ၍ပင်နေ၏။

"မင်းဘာလူမျိုးလဲ"

ဟု ဆက်၍မေးသည်။ တုတ်တုတ်မျှပင် မလှုပ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဘိုးသက္က 'ဟင်း'ခနဲပင် အသံထွက်အောင် သက်ပြင်းရှည်ကြီးချလိုက်မိသည်။ သူကုသပေးနေသောလူနာသည် မည်သည့်မြို့က လာမှန်းမသိရ၊ မည်သည့်လူမျိုးဟုလည်းမသိရ၊ ကုန်ကုန်ပြောရလျှင် အမည်နာမသော်မှ မသိရပေ။

ဘိုးသက္က ဒီနေရာ ဒီဒေသို့ အခေါက်ပေါင်းများစွာ ရောက်ခဲ့ဖူးပါ၏။ လူဟူ၍ တစ်ဦးတစ်ယောက်သော်မှ မမြင်ဖူးခဲ့ပေ။ ယခုအခေါက်မှပင် လူသားတစ်ဦးကို ဒီဒေသတွင် စတင်၍ တွေ့ရသည်။ မဟာလူသားမိန်းမသားမှာလည်း မသေမရှင်အဖြစ် တွေ့ခဲ့ရသည်။

ဘိုးသက္က၏ ဆေးစွမ်းကောင်းများကြောင့် ထိုမဟာလူသား မိန်းကလေးမှာ ပြန်လည်ကျန်းမာစ ပြုလာခဲ့သည်။ သို့သော် မျက်နှာတစ်ပြင်လုံး မူလရုပ်သွင် မပေါ်တော့ပေ။ ထိုထက်ဆိုးသည်မှာ ဦးခေါင်းတွင် ဒဏ်ရာရထားသဖြင့် ထိုလူနာသည် သူမ၏ နာမည်ကိုပင်လျှင် မှတ်မိဟန် မတူတော့ပေ။

"မင်းနာမည် ဘယ်သူလဲ"

ဟု မေးလေတိုင်း ဦးခေါင်းကြီးခါယမ်းလို့သာ နေတော့၏။ လူနာသည် ဘိုးသက္က ကျွေးသော အစာအဟာရများကို အားပါးတရ စားသည်။ အစာစားလာ၍လည်း ယခုကဲ့သို့ မြန်မြန်ဆန်ဆန် ပြန်လည်ကျန်းမာခဲ့ပေသည်။

"မာယာဒေဝီ. . မာယာဒေဝီ. . သာကီ. . သာကီ"

ဟု ကျေးငှက်ကလေးက ဂူတွင်း ဝင်လာပြီး အော်လိုက်သည်။

"ဟေ့. . ရွှေကျေး. . သုဇိလကော ဘယ်မှာလဲ"

ဟု ဘိုးသက္က မေးလိုက်ပြန်သည်။

"လာပြီ. . . လာပြီ. . . သီတာနဲ့. . . သီတာနဲ့"

ဟု ဖြေသည်။

"ဪ. . သကျနွယ်ဝင် သာကီမျိုးတို့ ဘယ်လိုဘေးဒုက္ခများ ကျရောက်လို့ ဘို့တိုင်းပြည် ရောက်ခဲ့ကြပါလိမ့်"

ဟု ဘိုးသက္က စဉ်းစားနေရပါတော့၏။

"အဘိုး. . အဘိုး ဘယ်မှာလဲ"

ဟု ဂူအပြင်မှ သီတာ၏အသံထွက်ပေါ်လာသည်။

ဘိုးသက္ကသည် ဂူပြင်ထွက်၍ မြေးမလေးသီတာအား ကြိုဆိုရပါတော့သည်။

"သီတာ သမီး. . အဘိုး ဒီမှာကွယ့်"

ဟု အသံပေးမှ သီတာ အပြေးလေး ရောက်လာသည်။

သုဇိလကတော့ အတော်မောပန်းနေသဖြင့် သပြေပင်ကြီးပင်စည်ကိုမှီလျက် အနားယူသည်။

"ဧည့်သည် ဘယ်မှာထားခဲ့လဲ သမီး"

ဟု ဘိုးသက္က မေးလိုက်သည်။

"ဟိုသပြေပင်ရိပ်မှာ အနားယူနေတယ် ဘဘ"

ဟု သီတာက သုဇိလရှိရာ လက်ညှိုးညွှန်ပြသည်။

"အေးကွယ်၊ သူ့ခမျာမှာလည်း အသက်ဘေးကြောင့် ပြေးရလွှားရဆိုတော့ မောရှာမှာပေါ့၊ ရော့ ရော့ ဒီဆေးလုံးလေးပေးလိုက်"

ဟု ဆိုကာ အညိုရောင်ဆေးလုံးလေး တစ်လုံးထုတ်၍ ပေးလိုက်သည်။ ဆေးလုံးလေးတစ်လုံး ကိုင်ဆောင်ကာ သီတာ သုဇိလထံ ပြေးလာပြီး. . .

"မောင်ကြီး ဒီဆေးလုံးလေး သောက်လိုက်ပါ၊ ကုန်ခန်းသွားတဲ့ အားအင်တွေ မကြာမီ ပြန်ပြည့်လာမှာပါ"

ဟု ဆိုကာ ဆေးလုံးလေး ပေးလိုက်သည်။

ဆေးလုံးလေးမှာ မန်ကျည်းစေ့ခန့်သာ ရှိပါ၏။ ထို့ကြောင့် သုဇိလဲ ဘာမှအထူးအထွေ မေးမြန်းမနေပါ။ လက်တွင်းမှ ဆေးလုံးလေးအား ပါးစပ်အတွင်း ချက်ချင်းပင် ပစ်သွင်းလိုက်တော့၏။ မကြာပါ မျက်တောင်များ စင်းလာပြီး အိပ်ပျော်သွားတော့သည်။

သုဇိလ အိပ်မောကျနေခိုက် သီတာ ဘိုးသက္က၏ ဂူအတွင်းသို့ ဝင်ခဲ့သည်နှင့် ဆံပင်ဖားလျားချလျက် ရုပ်ပျက်ဆင်းပျက်မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့လိုက်ရသည်။

"မင်း ဘယ်သူလဲ"

ဟု သီတာက မေးလိုက်သည်နှင့် ထိုအမျိုးသမီး ထိုင်ရာမှထ၍ လာပြီး သီတာအား တိုက်ခိုက်တော့သည်။

"မင်းအတင့်ရဲလိုက်တာ၊ ငါ့အဘိုးဂူမှာနေပြီ ငါ့ကို တိုက်ခိုက်ရဲတယ်ပေါ့လေ"

ဟု ဆိုကာ သီတာကလည်း ပြန်လည်တိုက်ခိုက်တော့၏။ ထိုအချိန်မှာပင် ဘိုးသက္ကနှင့် သုဇိလတို့ ပြေးဝင်လာပြီး. . .

"သီတာ. . မလုပ်နဲ့၊ သူက အဘိုးရဲ့ လူနာပါကွယ်"

ဟု ဘိုးသက္ကက ဆိုလိုက်သည်။

"သီတာ. . . သူ. . . သူ. . . မာယာဒေဝီ. . မာယာဒေဝီ ဟုတ်ပါတယ်၊ မာယာဒေဝီ ဖြစ်ရမယ်"

ဟု ဆိုကာ သုဇိလ မာယာဒေဝီအနီးသို့ ပြေးသွားသည်။

"လူလေး. . သူမကို သိလို့လားကွယ်"

ဟု ဘိုးသက္က မေးတော့. . .

"သိပါတယ် အဘိုးရယ်၊ သူ [illegible] အရင်က သိပ်ကိုလှပတဲ့ ကပိလ [illegible]ပိုဖြူလေးပါ၊ အဖြစ်ဆိုးကြီးနဲ့ [illegible]ခင် ဇရာဇာမင်းရဲ့ ကြင်ယာ [illegible] မိဖုရားဖြစ်နေပြီပေါ့"

ဟု စိတ်မကောင်းစွာ ဆိုလိုက် [illegible] မာယာဒေဝီကတော့ သီတာ [illegible]၍ မျက်စောင်းကြီးထိုးလို့ သာနေသည်။ သုဇိလ ပြောသည်များကို လုံးဝပင် နားလည်ပုံ မပေါ်တော့ပေ။

"အမောင်တို့ဘာကြောင့် ကပိလတိုင်းက ထွက်ခွာခဲ့ရတယ်ဆိုတာ ပြောပြပါလားကွယ်"

ဟု ဘိုးသက္က တောင်းဆိုသဖြင့် သုဇိလမှာ ရှည်လျားလှစွာသော သူတို့၏ ဘဝဇာတ်ကြောင်းကို ရှင်းပြရပေတော့၏။

"ဒါဆို အမောင်တို့ နိုင်ငံတော်မှာ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ပြီပေါ့"

ဟု ဘိုးသက္က မေးလိုက်ပြန်သည်။

"မှန်ပါတယ်၊ ဂေါတမဗုဒ္ဓဟာ သာကီဝင်မင်းမျိုးက မင်းသားတစ်ပါး ဖြစ်ပါတယ်။ သာကီဝင်မင်းမျိုးမင်းနွယ်တွေ ဝိဋူပရဲ့ဘေး ကျရောက်တော့မယ်ဆိုတာ သိမြင်တော်မူတော့ သုံးကြိမ်တိုင်တိုင် တားဆီးကာကွယ်ခဲ့ပါသေးရဲ့။ သို့သော် သာကီဝင်မင်းဆွေမင်းမျိုးတွေဟာ ဘဝတစ်ခုမှာ တံငါတွေဖြစ်ကြပြီး မြစ်တစ်စင်းကို အဆိပ်ခပ်ခဲ့ဖူးလေတော့ အဲဒီဝဋ်က မလွတ်ခဲ့ကြပါဘူး"

ဟု ဆိုကာ ငိုသံပါကြီးနှင့်ပင် စကားကို ရပ်ပစ်လိုက်တော့၏။

"အေးကွယ်. . စိတ်မကောင်းစရာပါပဲ၊ အဘိုးတို့မှာလည်း ပစ္စန္တရစ်အရပ်မှာ လူလာဖြစ်ကြတာဆိုတော့ လောကသုံးပါးမှာ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တာတောင် မသိကြရတဲ့ ဘဝတွေပါ။ ဗုဒ္ဓရဲ့ တရားဒေသနာတွေ အမောင် ကြားနာဖူးသမျှ အဘိုးကို ပြောပြပေးပါ အမောင်ရယ်"

ဟု ဘိုးသက္ကက တောင်းဆိုသည်။

"ကပိလမှာ ရှိနေစဉ်က ၁၄ နှစ်သားမို့ ဗုဒ္ဓရဲ့ တရားတွေ နားမလည်နိုင်ခဲ့ပါဘူး၊ ကျောက်သွေးဂူမှာ ရှိနေတဲ့ ဘသုခ ဆိုတာတော့ အသက်အရွယ်လည်း ရနေပြီမို့ ဗုဒ္ဓရဲ့ ဆုံးမစကားတွေကို ကောင်းကောင်းကြီး နားလည်နိုင်ပါတယ်။ တစ်နေ့ အဘိုးကို ဘသုခနဲ့ တွေ့ဆုံပေးပါမယ်"

"သေခြင်းတရားဆိုတာ ဘယ်နေ့ ဘယ်အချိန် သေမယ်လို့ အချိန်းအချက် ရှိတာမဟုတ်ပါဘူး မောင်ရင်ရယ်၊ ဒီတော့ ခုပဲလိုက်ပို့ပေးပါကွယ်"

ဟု တောင်းဆိုလာတော့သည်။

"ကျောက်သွေးတောင် မသွားခင် သားတို့သာကီနွယ်ဝင်တွေ မသင်မနေရ သင်ခဲ့ရတဲ့ မြတ်ဗုဒ္ဓရဲ့ (၃၈)ဖြာမင်္ဂလာကို ပြန်လည်ဝေငှပေးပါမယ် အဘိုးရယ်"

ဟု သုဇိလက ဆိုလိုက်သည်။

"ဗုဒ္ဓရဲ့ တရားတော်မှာ လူငယ်တွေအတွက်ရယ်လို့ သီးသန့်ရှိသေးတာလားကွဲ့"

ဟု ဘိုးသက္က ပြန်၍မေးသည်။

"ရှိပါတယ် လူငယ်တွေအတွက်



www.burmeseclassic.com

www.burmeseclassic.com

တစ်သက်စာ ဆုံးမခဲ့တဲ့ တရားဆို ရင် ပိုမှန်ပါတယ်"

"ကိုင်း. . . ဒါဆို မြေးလေး သီတာ လာ၊ ဒီမှာ လူလေးဆီက မြတ်ဗုဒ္ဓရဲ့ တရားဒေသနာ တို့မြေး အဘိုး အတူနာကြားကြရအောင်"

ဟု ဘိုးသက္ကက သီတာကိုပါ အတူခေါ်ယူလိုက်သည်။ မာယာ ဒေဝီကတော့ သူတို့တွေကိုကြည့်လျက် မျက်လုံးလေး ကလည် ကလည်နှင့် ပင် နေတော့၏။

"ဗုဒ္ဓမြတ်ဘုရားရဲ့ (၃၈)ဖြာ မင်္ဂလာတရားတော်မှာ. . .

(၁) အသေဝနာ စဗာလနံ - လူမိုက်တို့နှင့် မပေါင်းသင်း ခြင်း၊

(၂) ပဏ္ဍိတာနဉ္စသေဝနာ - ပညာရှိသူတော်ကောင်း တို့နှင့် ပေါင်းသင်းခြင်း၊

(၃) ပူဇာစ ပူဇနေယျာနံ - ပူဇော်ထိုက်သူတို့ကို ပူဇော် ခြင်း၊

(၄) ပတိရူပ ဒေသဝါသောစ - သင့်တင့်လျောက်ပတ်သော အရပ်၌နေခြင်း၊

(၅) ပုဗ္ဗေစ ကတပုညတာ - ရှေးရှေးဘဝ ယခုဘဝပြုခဲ့ဖူး သော ကောင်းမှုရှိခြင်း၊

(၆) အတ္တသမ္မာပဏိဓိစ - မိမိ၏ကိုယ် စိတ်ကို ကောင်း စွာ ထိန်းသိမ်းခြင်း၊

(၇) ဗဟုသစ္စဉ္စ- အကြားအမြင် ဗဟုသုတရှိခြင်း၊

(၈) သိပ္ပဉ္စ - စက်မှုလက်မှု အတတ်ပညာ များ တတ်မြောက်ခြင်း၊

(၉) ဝိနယောစ သုသိက္ခိတော - ကျင့်ဝတ်စည်းကမ်းများကို သင်ယူလိုက်နာခြင်း၊

(၁၀) သုဘာသိတာစ ယာဝါစာ - ကောင်းသောစကားကို ပြော ဆိုခြင်း၊

(၁၁) မာတာပိတုဥပဋ္ဌာနံ- မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊

(၁၂) ပုတ္တဒါရဿသင်္ဂဟော- သားမယားတို့ကို ချီးမြှောက် ထောက်ပံ့ခြင်း၊

(၁၃) အနာကုလာစကမ္မန္တာ - အလုပ်ရှုပ်ထွေးမှု ကင်းအောင် ပြုလုပ်ခြင်း၊

(၁၄) ဒါနဉ္စ - လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း၊

(၁၅) ဓမ္မစရိယာစ - သုစရိုက်တရားကို ကျင့်ဆောင် ခြင်း၊

(၁၆) ဉာတကာနဉ္စ သင်္ဂဟော - ဆွေမျိုးများကို ချီးမြှောက် ထောက်ပံ့ခြင်း၊

(၁၇) အနဝဇ္ဇာနိ ကမ္မာနိ - အပြစ်မရှိသော အလုပ်တို့ကို ပြုလုပ်ခြင်း၊

(၁၈) အာရတီဝိရတီပါပါ - မကောင်းမှုကို ဝေးစွာရှောင် ကြဉ်ခြင်း၊

(၁၉) ဝိရတီစ - အထူးရှောင်ကြဉ်ခြင်း၊

(၂၀) မဇ္ဇပါနာစသံယမော - မူယစ် မေ့လျော့စေတတ်သော အရက်သေစာတို့ကို သုံးစွဲခြင်း မှ ရှောင်ကြဉ်ခြင်း၊

(၂၁) အပ္ပမာဒေါစဓမ္မေသု - ကုသိုလ်တရားတို့၌ မမေ့လျော့ ခြင်း၊

(၂၂) ဂါရဝေါစ- ရိုသေထိုက်သူကို ရိုသေခြင်း၊

(၂၃) နိဝါတောစ- မိမိကိုယ်တိုင် နှိမ့်ချခြင်း၊

(၂၄) သန္တုဋ္ဌီစ - ရောင့်ရဲတင်းတိမ်ခြင်း၊

(၂၅) ကတညုတာ- သူတစ်ပါး၏ ကျေးဇူးကို သိ တတ်ခြင်း၊

(၂၆) ကာလေနဓမ္မဿဝနံ - သင့်လျော်သောအခါ တရား နာယူခြင်း၊

(၂၇) ခန္တီစ - သည်းခံခွင့်လွှတ်ခြင်း၊

(၂၈) သောဝစဿတာ- ဆုံးမစကားကို နားထောင် လွယ်သူဖြစ်ခြင်း၊

(၂၉) သမဏာနဉ္စဒဿနံ - ရဟန်းသံဃာတော်တို့ကို ဖူး မြော်ကြည်ညိုရခြင်း၊

(၃၀) ကာလေနဓမ္မသာကစ္ဆာ - အခါအားလျော်စွာ တရား စကား ဆွေးနွေးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၃၁) တပေါစ -
အကုသိုလ်စိတ်များ မဝင်ရောက်ရအောင် ခေါင်းပါးစွာ ကျင်းကြံအားထုတ်ခြင်း၊
(၃၂) ဖြပ္ပစရိယဋ္ဌ-
မဂ်ဖိုရအောင် မြတ်သော အကျင့်ကို ကျင့်ကြံပွားများအားထုတ်ခြင်း၊
(၃၃) အရိယသစ္စာနဒဿနံ -
သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်ခြင်း၊
(၃၄) နိဗ္ဗာနသစ္ဆိကိရိယာစ-
နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊
(၃၅) ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ-
လောကဓံနှင့် တွေ့ကြုံရသော အခါ မတုန်လှုပ်ခြင်း၊
(၃၆) အသောကံ -
စိုးရိမ်ကြောင့်ကြမှု မရှိခြင်း၊
(၃၇) ဝိရဇံ -
ရာဂ စသောမြူ မရှိခြင်း၊
(၃၈) ခေမံ -
ဘေးရန်ခပ်သိမ်းကင်းလို့ ငြိမ်းချမ်းခြင်း

ဟု ဗုဒ္ဓမြတ်ဘုရားက ဟော... တော်မူခဲ့ပါတယ် အဘိုးရယ်"

"သာဓု. . . သာဓု. . . သာဓု ...ကြီးလှပေတယ် လူကလေး ... သစ္စာလေးပါး မြတ်တရားကို ... အမောင်တို့ရဲ့ ဘသုခထံမှာ ...ထိုလှပါသေးတယ်။ လိုက်ပို့ ...တော့"

ဟု ဘိုးသက္ကက တောင်းဆိုပြန်သည်။

"အဘိုး ဒီကနေ ကျောက်သွေးတောင်ကို အတော်ဝေးတယ်မို့လား၊ လမ်းကောကောင်းရဲ့လား"

"ဒီကနေသွားရင် မြေပေါ်လမ်း မြေအောက်လမ်းဆိုပြီး နှစ်လမ်းရှိတယ်ကွဲ့၊ မြေအောက်လမ်းဆိုတာကတော့ ညက အမောင်တို့ လာခဲ့တဲ့ လမ်းမျိုးပေါ့"

ဟု ဘိုးသက္ကက ဆိုလိုက်ရာ သုဇိလမှာ အံ့ဩစွာ ဘိုးသက္ကကို ကြည့်၍. . .

"အဘိုး. . မြေအောက်လမ်းတွေက ဘယ်ခေတ်မှာ ဘယ်သူတွေက ဖောက်ခဲ့ကြတာလဲ"

ဟု မေးလိုက်တော့၏။

"မြေလျှိုမိုးပျံဆိုတဲ့စကား ကြားဖူးမှာပေါ့။ အမှန်တော့ မြေအောက်လမ်းတွေက ရှေးအခါက သူတော်စင်ကြီးတွေ တန်ခိုးစျာန်နဲ့ မြေလျှိုးမိုးပျံခဲ့တဲ့ လမ်းတွေပေါ့ကွယ်။ သူတော်စင်ကြီးတွေဟာဒီ ကသိုဏ်းတောင်မှာ မြင့်မြတ်တဲ့ တရားဓမ္မတွေ ပွားများအားထုတ်ပြီးတာနဲ့ မြေလျှိုးပြန်သူ ရှိသလို၊ မိုးပျံလို့ကြွသူကြွပေါ့ကွယ် အဲဒီသူတော်စင်ကြီးတွေဟာ အကျင့်စရဏ အားကောင်းတော့ သူတို့ကြွလိုရာကို ကြွနိုင်တယ်ကွဲ့"

"ဒါဆို ဒီကနေ့ကျောက်သွေးဂူကို မြေအောက်လမ်းကနေ သွားလို့ရတယ်ပေါ့"

ဟု သုဇိလက မေးလိုက်သည်။

"ရပါတယ်၊ မြေအောက်လမ်းက သွားချင်တာလား"

ဟု ဘိုးသက္ကက ပြန်မေးလိုက်ရာ . . .

"တစ်ညလုံး မြေအောက်လမ်းက လာခဲ့ရလို့ ဒီတစ်ခါတော့ မြေပေါ်လမ်းက သွားချင်ပါတယ်"

"အေးအေး. . သွားကြတာပေါ့၊ မသွားခင် အစာစားသွားကြရအောင်"

ဟု ဆိုကာ ဆန်ကို ဝါးလုံးခေါင်းတွင်းထည့်၍ မီးဖုတ်ထားသော ထမင်းတောင့်များ ယူလာသည်။ သုဇိလသည် ထမင်းတောင့်တစ်ခုယူ၍ မာယာဒေဝီ လက်တွင်းထည့်ပေးလိုက်၏။

မာယာဒေဝီမှာ လက်တွင်းမှ ထမင်းတောင့်ကို အားရပါးရ စားနေပါ၏။ သူမ၏ မျက်နှာမှာ မူလရုပ်လုံးဝမရှိတော့ပေ။ အတိတ်မေ့ခြင်းနှင့် ခန္ဓာကိုယ်မှ ဒဏ်ရာဒဏ်ချက်များကြောင့် လူမှာလည်း ပိုမိုပိန်ချုံးသေးကွေးသွားသည်။ ယခင်က အလှမဖုရားလေးမာယာ။ ယခုတော့ ရုပ်ဆိုးမလေး မိမာယာဟုပင် ဆိုလောက်ပါတော့သည်။

ရှေ့လဆက်ရန်

မောင်ယဉ်မွန်(မောဝ်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com

# ဆိုင်အလုပ်သမားမြဲစေသား

## ဆရာမိုးဟန်ကြွယ်

လက်ရှိလုပ်ကိုင်နေရသည့် အလုပ်က ကိုယ်တစ်ဦးတည်းလုပ်ဆောင်၍ ရသည်မဟုတ်။ မိသားစုလည်း ပါဝင်ရသလို ဆိုင်အလုပ်သမားများကိုပါ ငှားရမ်း၍ လုပ်ကိုင်ရသော အလုပ်ဖြစ်သည်။ ဆိုင်က လက်ဖက်ရည်ဆိုင်။ လက်ဖက်ရည်ဆိုင်ဆိုသော်ငြား အစားအသောက် မျိုးစုံကိုပါ လိုလေသေးမရှိ တွဲဖက်ရောင်းချသည်ဆိုတော့ အတော်ကလေးကို ဟာဟီရများလွန်းလှသည်။ အစားအသောက် စီမံချက်ပြုတ်မည့်သူ၊ လိုအပ်သမျှ ဈေးထွက်ဝယ်ခြမ်းရမည့်သူ၊ သန့်ရှင်းရေးလုပ်မည့်သူ၊ အဖျော်ခန်း၊ အကြော်အလော်ခန်းဝင်မည့်သူ၊ စားသုံးသူတို့ မှာယူသမျှ မြန်မြန်ဆန်ဆန် မှာယူကာ စားပွဲထိုး၊ ငွေသိမ်းရမည့်သူ စသဖြင့် သူနေရာနှင့်သူ ထောင့်စေ့အောင် လုပ်ဆောင်မည့် အလုပ်သမားဆိုသည် လိုအပ်လှပေ၏။

ဆိုင်မှာ အလုပ်သမားတွေ မရှိမဟုတ် ရှိကြပါ၏။ သို့ရာတွင် အလုပ်သမားမမြဲချေ။ သည့်အတွက် လုပ်ငန်းလုပ်ကိုင်ရာမှာ နှောင့်နှေးမှုတွေ ဖြစ်ရသည်။ နည်းနည်းနှင့်ကျဲကျဲပိုင်းရလေတော့ ရံဖန်ရံခါ အမှားမှားအယွင်းယွင်းတွေ ဖြစ်ရသည်။ သည်တော့ ကိုယ့်ဆိုင်ဖောက်သည်တွေအပေါ် မျက်နှာပူစရာဖြစ်ရသည်။ သည်လိုပုံနှင့်တော့ ရေရှည်သွား၍မဖြစ်။ ကိုယ့်ဆိုင်သည် ဖောက်သည်တို့ မျက်စိကျကာ အားပေးခံရသော ဆိုင်ဖြစ်၏။ သို့သော် ဆိုင်အလုပ်သမားကားမမြဲ။ သည်တော့ ဆိုင်အလုပ်သမားများ မြဲစေရေးအတွက် တတ်သိနားလည်သော ဆရာသမားတို့အား ဆည်းကပ်ကာ အကြံဉာဏ်ရယူရတော့သည်။ တကယ်တတ်သိနားလည်သော ဆရာသမားတို့က လမ်းညွှန်၍လည်း ယုံကြည်မှုကို အရင်းခံကာ လုပ်ဆောင်ကြည့်တော့ အကျိုးရှိမှန်း သိလာရပါသည်။ အလုပ်သမားမမြဲသော ကိုယ့်ဆိုင် အလုပ်သမားမြဲလာတော့ လုပ်ငန်းပိုင်းဆိုင်ရာ တွင်ကျယ်လာသည်နှင့်အမျှ စီးပွားရေးအနေအထားမှာလည်း ဖွံ့ဖြိုးတိုးတက်လာတော့သည်။ စာရှုသူတို့အထဲမှ ဆိုင်တစ်ဆိုင်ဖွင့်လှစ်၍ အလုပ်သမား မမြဲပါက အောက်ပါအစီအရင်ကလေးကို လုပ်ကြည့်စေချင်ပါသည်။ လက်တွေ့လုပ်ကြည့် အကျိုးရှိမည်ဆိုသည့်အကြောင်း ရဲရဲကြီး အာမခံပါ၏။

လုပ်ဆောင်ရမည်ကား• • •လုပ်ငန်းရှင်အမည်သည်

**တနင်္ဂနွေနံ** ဖြစ်ပါက ကြာသပတေးဘွဲ့မည် ဘုရားစေတီသို့လည်းကောင်း၊

**တနင်္လာနံ** ဖြစ်ပါက ဗုဒ္ဓဟူးဘွဲ့မည် ဘုရားစေတီသို့လည်းကောင်း၊

**အင်္ဂါနံ** ဖြစ်ပါက သောကြာဘွဲ့မည် ဘုရားစေတီသို့လည်းကောင်း၊

**ဗုဒ္ဓဟူးနံ** ဖြစ်ပါက တနင်္လာဘွဲ့မည် ဘုရားစေတီသို့လည်းကောင်း၊

**ကြာသပတေးနံ** ဖြစ်ပါက တနင်္ဂနွေဘွဲ့မည် ဘုရားစေတီသို့လည်းကောင်း၊

**သောကြာနံ** ဖြစ်ပါက အင်္ဂါဘွဲ့မည် ဘုရားစေတီသို့လည်းကောင်း၊

စနေနံဖြစ်ပါက ရာဟုဘွဲ့မည် ဘုရားစေတီသို့လည်းကောင်း။

သွားရောက်၍ သန့်ရှင်းရေးကို ပြုလုပ်ဆောင်ရွက်ပါ။ ထို့နောက် ပန်းခုနစ်မျိုးကို ဘုရားစေတီအား ဆက်ကပ်လှူဒါန်း၍ ဆိုင်အလုပ်သမားမြဲစေကြောင်း ဆုတောင်းပါ။

ဆိုင်၌ အလုပ်သမားများမြဲလျက် စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါမည့်အကြောင်း တင်ပြလိုက်ပါ၏။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၈၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရေးများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု၊ ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
ထိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)



၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားစျေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈:၃၀)မှ ညနေ(၆:၀၀)နာရီထိ

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာနည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက် ။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

[illegible]ဆေးခန်းဌာနခွဲ
[illegible](၆၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၇၈၉၃၂၂၈၆၇
[illegible]ကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅၊ ၀၉-၉၁၀၀၉၄၃၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအသျော် (၉)

**မင်းသိခ်**

( ဇာတ် သိမ်း ပိုင်း )

ကျွန်ုပ်ကလည်း ကျေးဇူးတင်ကြောင်းပြော၏။ မကြာမကြာလည်း ရောက်မည်ဖြစ်ကြောင်း ပြော၏။ ထို့နောက် ထိုလူကြီးသည် လက်မှတ်တစ်စောင် သွားဝယ်၏။ ထို့နောက် ကျွန်ုပ်အနီးတွင် ပြန်၍ထိုင်၏။ လက်ဝဲရစ်မြို့ပတ်ရထား လာသောအခါ၌ ထိုလူကြီးသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် နေရာရလေ၏။ သူ၏ ကြက်ဖကြီးကိုမူ လက်ဖြင့် ကိုင်ထား၏။ ကျွန်ုပ်နှင့် ထိုလူကြီးသည် ရထားပေါ်တွင် စကားပြောဖြစ်ကြ၏။ ထိုလူကြီး၏ အမည်မှာ ဦးမိုးသီးဟု သိရ၏။ ကျွန်ုပ်သည် သူ၏ ရထားလက်မှတ်ကို လှမ်း၍ ကြည့်ရာ အင်းစိန်ဘောက်ထော် လက်မှတ်ကို ယူထားကြောင်း တွေ့ရ၏။ ဘောက်ထော်ဘူတာသို့ ရောက်သောအခါ၌လည်း ထိုလူကြီးသည် မဆင်းပေ။

ထို့ကြောင့် ကျွန်ုပ်က...

"ဦးလေး ဘယ်ဘူတာမှာ ဆင်းမှာလဲ"

ဟု မေးရာ ထိုလူကြီးက...

"အင်းစိန်ကျမှ ဆင်းမှာကွ"

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က...

"ဦးလေးက အခု အင်းစိန်က လိုက်လာတာပဲ"

ဟု ပြောရာ ထိုလူကြီးက...

"အေးလေ၊ ဘာဖြစ်လဲ၊ တစ်ပတ်ပြည့်အောင် စီးတာကွ၊ တစ်လ တစ်ခါ ပင်စင်လခ ထုတ်တဲ့နေ့မှာ ငါ အပျင်းပြေ ရထားတစ်ပတ် တစ်ပတ် စီးတယ်ကွ။ သိပ်ပြီး စီးလို့ကောင်းတာကွ။ အဆောက်အအုံတွေ တွေ့ရတယ်၊ လယ်ကွင်းတွေ ဆင့်...



www.burmeseclassic.com

www.burmeseclassic.com

တယ်။ စက်ရဲ့ ခေါင်းတိုင်တွေ တွေ့ရတယ်။ ရထားသွားတဲ့အခါမှာ ငါ့မျက်နှာကို လေကတိုးပြီးသွားတဲ့အခါမှာ ငါက သိပ်ပြီးသဘောကျတာ။ ဘူတာရောက်လို့ လူတွေ ဆင်းကြ၊ တက်ကြ၊ အော်ကြ၊ ဟစ်ကြတဲ့ အသံတွေဟာလည်း ငါ့နားထဲမှာ ဂီတသံတွေလိုပဲကွ၊ အေး လက်မှတ်စစ်ရောက်လာလို့ ငါ့လက်မှတ်ကို စစ်တဲ့အခါမှာ ငါက အင်းစိန်နဲ့ ဘောက်ထော်ဟာ မြို့ပတ်ရထားရဲ့ ခရီးတစ်ဝက်ဖြစ်ကြောင်း၊ ဒါကြောင့် ဘယ်လိုပဲ ပတ်စီးစီး စီးခွင့်ရှိကြောင်း သူ့ကို ပြောရတော့တာပဲ။ အဲဒီအခါမှာ လက်မှတ်စစ်ကလည်း အဲဒီလို မရဘူး၊ အင်းစိန်က စီးလာရင် ဘောက်ထော်မှာ ဆင်းရမယ်။ မဆင်းချင်ရင် အင်းစိန်ကနေပြီး ဘောက်ထော်မှာ လက်မှတ်ယူရမယ် ပြောတော့တာပေါ့ကွာ၊ အဲဒီတော့ သူနဲ့ ငါနဲ့ ငြင်းခုံရတယ်။ အဲဒါလည်း ပျော်ဖို့ကောင်းတယ်ကွ။ ငါက တစ်ယောက်တည်းနေတာ၊ ငါ့မှာ ငြင်းမယ့်သူ မရှိဘူး။

တစ်လ တစ်ခါ လက်မှတ်စစ်နဲ့ ငြင်းရတာကွာ၊ ဘယ်လောက် ပျော်ဖို့ကောင်းသလဲ။ လက်မှတ်စစ် မလာရင်တောင် ငါ့မှာ ပျင်းစရာကြီး ဖြစ်နေတယ်။ အဲဒါနဲ့ ငြင်းရင်းခုံရင်း တစ်ဘူတာလောက် ကျော်လာတော့တာပဲ။ အပြစ်တွေ ဘာတွေ မယူပါဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ဒါတော့ ထားပါတော့ ဦးလေးရယ်၊ ကြက်ဖကြီးကို ဘာလို့ ခေါ်လာရတာလဲ"

ဟု မေးလိုက်လေ၏။

ထိုအခါ ထိုလူကြီးက…

"ဒီကောင်ကြီးကလည်း တစ်လတစ်ခါ ရထားစီးရတာကို ပျော်ပုံရတယ်ကွ။ ရထားစီးချိန်ကျလို့ ရထားမစီးရရင် မှိုင်နေတော့တာပဲကွာ။ မြို့ပတ်ရထားကို တစ်ခေါက်လောက် စီးပြီးရင် နောက်နေ့မနက် တွန်တဲ့အသံက ပိုပြီးကျယ်တယ်ကွ။ ဒါကြောင့် သူ့ကိုပါ ခေါ်လာရတာပဲ"

ထိုအချိန်၌ပင် ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော ရထားသည် မလွကုန်းဘူတာသို့ ရောက်သဖြင့် ကျွန်ုပ်လည်း ဆင်းရလေ၏။ ထို့နောက် ထိုလူကြီး ထိုင်နေသော ပြတင်းပေါက်အနီးသို့ သွားရောက်ကာ…

"ကဲ ဦးလေးရေ၊ နောက်တစ်လမှ တွေ့ကြတာပေါ့"

ဟု ပြောလိုက်ရာ ထိုလူကြီးက သူ၏ ကြက်ဖကြီးအား…

"သားကြီး ဟိုမှာ နှုတ်ဆက်နေတယ်ကွ၊ မြန်မြန် နှုတ်ဆက်ပါဦး"

ဟု ပြောလိုက်ရာ ကြက်ဖကြီးသည် လူ၏စကားကို နားလည်သည့်အလား ထိုလူကြီး၏ လက်မှရုန်းထွက်ကာ အတောင်ကို တဖြန်းဖြန်းခတ်ရင်း တွန်ကျူးလိုက်လေတော့သတည်း။

"အောက် အီး အီး အွတ်.."

◻

အဝိပ္ပာယ်ပြည့်ဝသည့် ချစ်ခြင်း မုန်းခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏တပည့် မောင်ဖြူဝင်းနှင့်အတူ ကျွန်ုပ်ဆရာများဖြစ်သော ဆရာဦးကျော်ရင်နှင့် မုတ်ဆိတ်ဖြူကြီးထံသို့ သွားကြလေ၏။ ထိုနေ့မှာ သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်ကို ကျွန်ုပ် ကောင်းစွာမှတ်မိ၏။ ဆရာဦးကျော်ရင်အိမ်မှ မုတ်ဆိတ်ဖြူကြီး အိမ်သို့ရောက်လျှင် ကျွန်ုပ်သည် မုတ်ဆိတ်ဖြူကြီးအား…

"ဆရာကြီး ဒီနေ့ သီတင်းကျွတ်လပြည့်နေ့နော်၊ အဲဒီတော့ မြန်မာလူမျိုးတွေရဲ့ ဓလေ့ထုံးတမ်းအရ ဆရာကြီးကို ကျွန်တော်တို့က ရှိခိုးကန်တော့ရမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မုတ်ဆိတ်ဖြူကြီးက…

"သြော် ကိုယ့်လူတို့ သီတင်းကျွတ်လပြည့်နေ့မှာ ကန်တော့ကြမယ်ပေါ့၊ ကျန်တဲ့နေ့မှာ မကန်တော့ကြဘူးပေါ့၊ အရိုအသေ မပေးကြဘူးပေါ့။ ဥမ် ရက်မှာ ဒီတစ်ရက်တည်း ကျုပ်တ ခင်ဗျားတို့ရဲ့ ရိုသေလေးစားမှုကို ခံ မှာလား"

ဟု မေးလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က…

"ကတ်သီးကတ်သ မပြော



www.burmeseclassic.com

www.burmeseclassic.com

ပါနဲ့ ဆရာကြီး၊ အမြဲတမ်း ကျွန်တော်တို့က ဆရာကြီးကို ကန်တော့ရမှာပါ၊ လေးစားရမှာပါ၊ သီတင်းကျွတ်လပြည့်နေ့ကျတော့ အထူးပေါ့”

ဟု ပြန်ပြောလိုက်လေ၏။

မုတ်ဆိတ်ဖြူကြီးသည် ပြုံး၏။ ထိုသို့ ပြုံးပြီးနောက်…

“သြော် ကိုယ့်လူတို့ရဲ့ ရှိသေလေးစားမှုကလည်း အခုခေတ် လက်ဖက်ရည်ဆိုင်လိုပါပဲလား။ အခုခေတ် လက်ဖက်ရည်ဆိုင်တွေကလည်း လက်ဖက်ရည်တစ်ခွက်ဆိုရင် ရိုးရိုးလက်ဖက်ရည်ပဲရမယ် ‘ရှယ်’ ထည့်ပြောမှ ပိုကောင်းတဲ့ လက်ဖက်ရည်ကို ရမယ်”

ဟု ပြောလိုက်ရာ ကျွန်ုပ်က…

“ကတ်သီးကတ်သတ် မပြောပါနဲ့ ဆရာကြီး၊ ကျွန်တော်တို့ကတော့ ဆရာကြီးနဲ့ ပတ်သက်လာရင် လေးစားမှုကတော့ အမြဲတမ်း ရှယ်ပါပဲ”

ဟု ပြောလိုက်လျှင်…

မုတ်ဆိတ်ဖြူကြီးသည် တခစ်ခစ် ရယ်လေ၏။

“ထားပါတော့၊ ထားပါတော့၊ လပြည့်နေ့ဆိုတော့ ခင်ဗျားတို့က ကျုပ်ကို ဘယ်လိုများ လုပ်ချင်လို့လဲ”

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က—

“ဒီလိုပါ ဆရာကြီး၊ ကျွန်တော်တို့ ကိတ်မုန့်သွားဝယ်မယ်၊ ပြီးရင် ဆရာကြီးကို ကိတ်မုန့်နဲ့ ကန်တော့ချင်တယ်”

ဟု ပြောလိုက်ရာ၊ မုတ်ဆိတ်ဖြူကြီးက…

“သိပ်ပြီး ကောင်းတာပေါ့ ကိုယ့်လူတို့ရာ။ ကိုယ့်လူတို့က ကိတ်မုန့်သွားဝယ်။ ကျုပ်က လက်ဖက်ရည် ဖျော်ထားမယ်၊ ပြီးတော့ ကိုယ့်လူတို့က ကျုပ်ကို ကိတ်မုန့်နဲ့ ကန်တော့၊ အဲဒီကိတ်မုန့်နဲ့ ကျုပ်ရဲ့ လက်ဖက်ရည်ကို ကိုယ့်လူတို့က ကိုယ့်ဟာကိုယ် စားသောက်သွားကြ။ ကျုပ်လည်း နည်းနည်းပါးပါး စားမယ်၊ ကန်တော့လည်း ကန်တော့ရသေးတယ်၊ ကိတ်မုန့်လည်း ပြန်စားရသေးတယ်ဆိုတာ ဘယ်လောက်ကောင်းလဲ”

ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏ သူငယ်ချင်း မောင်ဖြူဝင်းသည် ကိတ်မုန့် ဝယ်ရန် ထွက်ခဲ့ကြလေ၏။ လမ်းအတိုင်း ထွက်လာခဲ့ကြရာ မုတ်ဆိတ်ဖြူကြီး၏ အိမ်နောက်ဘက် လမ်းပေါ်သို့ရောက်လျှင် ကိတ်မုန့်ဆိုင် တစ်ဆိုင်ကို တွေ့ရလေ၏။ ထိုကိတ်မုန့်ဆိုင်မှာ မှန်ပုံးများထဲတွင် လှပစွာ ဖုတ်ထားသော ကိတ်မုန့်များကို ပြသထားလေ၏။ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် ထိုကိတ်မုန့်ဆိုင်ကို တွေ့သော်လည်း ဝယ်ရန် စိတ်မကူးကြပါ။ အဘယ်ကြောင့်ဆိုသော် ထိုကိတ်မုန့်ဖုတ်သော ဆိုင်ပိုင်ရှင်နှင့် ကျွန်ုပ်တို့၏ဆရာ မုတ်ဆိတ်ဖြူကြီးသည် တစ်ဦးနဲ့ တစ်ဦး အကြီးအကျယ် ခိုက်ရန်ဖြစ်ပွားဖူး၏။

ထို့ကြောင့် ထိုကိတ်မုန့်ဆိုင်ပိုင်ရှင်နှင့် ကျွန်ုပ်တို့၏ ဆရာကြီးအတွက် ရန်သူ၏ ကိတ်မုန့်ကိုဝယ်ရန် ကျွန်ုပ်တို့ အလိုမရှိကြပေ။ ထို့ကြောင့်ပင် ထိုကိတ်မုန့်ဆိုင်ကို လွန်၍သွားကြကုန်၏။ ဤသို့လျှင် တဖြည်းဖြည်း လျှောက်လာခဲ့ရာ နောက်ထပ်ကိတ်မုန့်ဆိုင် မတွေ့မချင်း လျှောက်ရလေ၏။ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် ဗားကရာချောက်ကို လွန်ခဲ့ကြလေ၏။ ကိတ်မုန့်ဆိုင်ကို မတွေ့၍ ဆက်၍ လျှောက်လာခဲ့ကြရာ စမ်းချောင်းဘက်သို့ ရောက်သွားကြလေ၏။ စမ်းချောင်းဈေးအနီးသို့ ရောက်သောအခါ ကိတ်မုန့်ဆိုင်မှာ မုတ်ဆိတ်ဖြူကြီးနှင့် မသင့်မြတ်သော ကိတ်မုန့်ဆိုင်လောက် သားနားခြင်း မရှိပါ၊ ကိတ်မုန့်များသည်လည်း သားနားခြင်း မရှိပါ။ ကိတ်မုန့်များသည်လည်း ပိန်လိမ်၍ ပုံပန်းမကျ ဖြစ်နေ၏။ ထိုကိတ်မုန့်ကို တောင်းယူ၍ နမ်းကြည့်ရာ ဆီချေးစော်နံနေ၏။ ဆိုင်ရှင်အမျိုးသမီးသည် သူ၏ ကိတ်မုန့်ကိုယူ၍ နမ်းကြည့်သောကြောင့် လွန်စွာစိတ်ဆိုးနေ၏။

“နမ်းမကြည့်နေနဲ့၊ ဒီနားမှာ ဒီတစ်ဆိုင်ပဲ ရှိတယ်၊ ဝယ်ချင်ရင် ဝယ်သွား၊ သီတင်းကျွတ်လပြည့်နေ့ ဆိုင်တိုင်း ကိတ်မုန့်ကုန်နေပြီ”

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က…

“ဆိုင်တိုင်း ကုန်နေတာတော့ ခင်ဗျားဆိုင်မှာ ကျန်နေတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျား ကိတ်မုန့်ကောင်းလို့ပေါ့နော်"

ဟု ပြောလိုက်လျှင် ထိုမိန်းမကြီးက...

"ဒါ ရှင်က ငေါ့ပြောတာပေါ့၊ ယောက်ျားရှင့်မကြီးလုပ်ပြီး ငေါ့တော့တော့နဲ့၊ မကောင်းရင် မကောင်းဘူး ဖြောင်ဖြောင်ပြောပါလား"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"မကောင်းတာကို မကောင်းဘူးပြောရင် ခင်ဗျား တက်ပြီး သေသွားမှာစိုးလို့ ကျုပ်က ညှာညှာတာတာပြောတာ၊ ကဲပါ ကဲပါ ခင်ဗျားနဲ့ စကားနိုင်လုလို့လည်း ကျုပ်က ဆုရမှာ မဟုတ်ပါဘူး။ ကိတ်မုန့် သုံးလုံးပေးပါ၊ နောက် ခင်ဗျားဆိုင်က ဆိုင်းဘုတ်ကို နာမည်ပြောင်းပစ်လိုက်၊ တစ်ခါဆက်ဆံ ဆယ်ခါလန်လို့ ပြောင်းပစ်လိုက်"

ဟု ဆိုကာ ကျွန်ုပ်တို့သည် ကိတ်မုန့်သုံးလုံးကို ဝယ်၍ထွက်ခဲ့ကြလေ၏။

ထို့နောက် ဆိုက်ကား ငှားလေ၏။ ဆိုက်ကားဆရာသည် ဗားကရာချောက်မှ ကရင်ခြံဘက်သို့ ပြန်၍ တက်ရသောလမ်းမှာ ကုန်းမြင့်ဖြစ်သောကြောင့် မလိုက်လိုကြောင်း ပြော၏။ ကျွန်ုပ်ကလည်း...

"ကုန်းမြင့်ဖြစ်တော့လည်း ပိုယူပေါ့ဗျာ"

ဟု ပြောရာ ဆိုက်ကားဆရာက "ဒီခေတ် ဆိုက်ကားစီးတဲ့လူတွေဟာ ခရီးအနီးအဝေးကိုပဲ ပြောတယ်ဗျာ၊ ကုန်းတက်ဖြစ်တယ်၊ မဖြစ်တယ်ကို မစဉ်းစားကြဘူး။ ဒါကြောင့် ကျုပ်က ဆိုက်ကားနင်းပေမယ့် လူတိုင်းကိုတော့ လိုက်ပြီးမပို့ဘူး။ အသိဉာဏ်ရှိတဲ့ လူကိုမှ လိုက်ပို့တာ၊ ဒါမှ ကျုပ်ပြောတာကို သူက နားလည်မှာလေ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ သို့ရာတွင် သူ၏ ဆိုက်ကားကို မစီးလျှင် မဖြစ်သောကြောင့် သူတောင်းသော ဈေးကိုပင် ပေး၍ ဆိုက်ကားဖြင့် ပြန်ခဲ့ရလေ၏။ တစ်လမ်းလုံး ဆိုက်ကားဆရာသည် ကျွန်ုပ်တို့အား ဩဝါဒပေးသွားလေ၏။ ကျွန်ုပ်တို့သည် ဆိုက်ကားဆရာ၏ ဩဝါဒကို တစ်လမ်းလုံး ခံယူနေရလေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့ဆရာ မုတ်ဆိတ်ဖြူကြီး၏ အိမ်သို့ရောက်သွားကြလေ၏။ မုတ်ဆိတ်ဖြူကြီးအား ကျွန်ုပ်တို့သည် ကိတ်မုန့်နှင့် ကန်တော့ကြလေ၏။ မုတ်ဆိတ်ဖြူကြီးသည် ကိတ်မုန့်ကိုဖွင့်၍ ကိုင်ကြည့်၏။ နမ်းကြည့်လိုက်၏။ ထို့နောက် ဓားနှင့် လှီးလိုက်၏။ ထိုသို့ လှီးရင်း...

"ခင်ဗျားတို့ ဒီကိတ်မုန့်ကို ဘယ်က သွားဝယ်တာလဲ ကြာလှချည်လား"

ဟု မေးလေ၏။

"ဒီလိုဆရာကြီးရဲ့၊ ဟိုစမ်းချောင်းဈေးနားအထိ ရောက်တယ်။ ကိတ်မုန့်ကလည်း သုံးလုံးပဲ ကျန်တော့တာ၊ ကိတ်မုန့်သည်ကလည်း အပေါက်ဆိုးလိုက်တာ မပြောပါနဲ့တော့"

ဟု ကျွန်ုပ်က ပြောလျှင် မုတ်ဆိတ်ဖြူကြီးသည် ကျွန်ုပ်အား အံ့ဩသော မျက်နှာနှင့် ကြည့်နေလေ၏။

ထို့နောက်မှ ၎င်းက...

"ဒီကနေ သွားရင် ကျုပ်အိမ်နောက်လမ်းဘက်မှာ ကိတ်မုန့်ဆိုင်ကြီးကို ဟီးနေတာပဲ။ ကိတ်မုန့်တွေကလည်း ကောင်းလိုက်တာ မပြောပါနဲ့၊ ဒီလို ပလိန်းကိတ်လည်း ရှိတယ်။ မာဘယ်ကိတ်လည်း ရှိတယ်၊ ဆွစ်ရိုးလို့ခေါ်တဲ့ ကိတ်မုန့်လုံးလုံးရှည်ရှည်ကြီးလည်း ရှိတယ်။ ပစ္စည်းတွေကလည်း လတ်လိုက်တာ မပြောပါနဲ့တော့။ အဲဒီဆိုင်ကြီးကို ခင်ဗျားတို့ မတွေ့တာ ကျုပ်ဖြင့် အံ့ရော"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"အဲဒီဆိုင်ကြီးကို တွေ့ပါတယ် ဆရာကြီးရဲ့၊ ဒါပေမဲ့ အဲဒီဆိုင်ပိုင်ရှင်နဲ့ ဆရာကြီးနဲ့ ရန်ဖြစ်ထားကြတယ် မဟုတ်လား၊ အဲဒါကြောင့် အဲဒီဆိုင်မှာ မဝယ်ဘဲ တခြားဆိုင်ကို လိုက်ပြီးရှာဝယ်ရတာ"

ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် ကျွန်ုပ်အား လွန်စွာအံ့ဩသော မျက်နှာထားနှင့် ကြည့်ပြန်လေ၏။ ထိုသို့ကြည့်ပြီးနောက် ကျွန်ုပ်အား--



www.burmeseclassic.com

www.burmeseclassic.com

"ကိုအောင်ထွန်းကို မေးရဦးမယ်၊ 'သကြားဘစိန်'ဆိုတာ သိတယ် မဟုတ်လား"

ဟု မေးလေ၏။

"ဒီလိုရှိပါတယ်၊ သကြားမြစိန် ဆိုတာ သိပါတယ်၊ ရွှေတိဂုံဘုရားပေါ်က ရှင်အဇ္ဇဂေါဏ တန်ဆောင်းနားမှာ အမြဲတွေ့ရတာပဲ၊ သကြားဘစိန် ဆိုတာတော့ မကြားဖူးပါလား"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက ကြောင်စီစီအသံလေးဖြင့် တခစ်ခစ် ရယ်လေ၏။ ကျေနပ်လောက်အောင် ရယ်ပြီးနောက်...

"ကိုအောင်ထွန်းလေးကို ပြောရဦးမယ်"

ဟု စကားစလိုက်လျှင် ကျွန်ုပ်က...

"ကျုပ်နာမည်က အောင်ထွန်းပဲ၊ အဲဒီနောက်မှာ ကြီးလည်း မခေါ်နဲ့၊ လေးလည်း မခေါ်နဲ့ အောင်ထွန်းလို့ပဲ ခေါ်၊ ကျုပ်နဲ့ ဆက်ဆံရင် ကျုပ်နာမည်ကို အမှန်ခေါ်ပြီးမှ ဆက်ဆံပါ"

ဟု ကျွန်ုပ်က ပြောလိုက်ရလေ၏။ ထိုအခါ ထိုလူသည် မျက်နှာပိုးယတ်လိုက်ပြီးနောက်...

"စိတ်လည်းမဆိုးပါနဲ့ဗျာ၊ ကျုပ်က ရင်းရင်းနှီးနှီး ချစ်စနိုး ခေါ်တာပါ"

ဟု တောင်းပန်လေ၏။

"ခင်ဗျားနဲ့ ကျုပ်နဲ့ ရင်းလည်း မရင်းနှီးဘူး၊ ချစ်စနိုးခေါ်နေဖို့ မဟုတ်ဘူး၊ အကောင်းဆုံးကတော့ ခင်ဗျား လာရင်းကိစ္စကို ပြောပါဗျာ၊ အပိုတွေ မပြောပါနဲ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက...

"ဒီလိုဗျာ ဂန္ဓာရီလောကမှာ 'ကြားလေးကြား'ရှိတယ်ဗျ၊ သကြားလှစိန်၊ သကြားမြစိန်၊ သကြားရစိန်၊ သကြားဘစိန်ရယ်လို့သကြားလေးယောက် ရှိတယ်၊ ခင်ဗျားပြောတဲ့ သကြားမြစိန် ဆိုတဲ့ အဘိုးကြီးက ခင်ဗျားပြောတဲ့ အတိုင်းပါပဲ။ ရှင်အဇ္ဇဂေါဏတန်ဆောင်းဘေးမှာ အမြဲတွေ့ရတယ်၊ လက်ဆယ်ချောင်းလုံး လက်စွပ်တွေ ဝတ်ထားတယ် သကြားလှစိန် ဆိုတာကတော့ ရေထုံကူးတယ်ဆိုပြီးတော့ မန်းချောင်းထဲဆင်းသွားတာ ပြန်တက်မလာတော့ဘူး။ သူ့အကြောင်း သတင်းစာတွေ ဘာတွေအထဲမှာ အုတ်အော်သောင်းတင်း ပါသေးတယ်။ သကြားရစိန် ဆိုတာ ကန်တော်ကြီးအလယ်ကျွန်းမှာ သူ့ကိုယ်သူ ရေနံဆီဆွတ်ထားတဲ့ အဝတ်တွေပတ်ပြီး မီးထုံကူးတယ်ဆိုပြီး မီးရှို့ပစ်လိုက်တယ်။ အခု ကျုပ်ပြောတာက သကြားဘစိန်၊ အဲဒါက ကျုပ်ဆရာအရင်းပဲ၊ ဆရာဆိုပေမယ့် သူစိမ်းမဟုတ်ဘူး၊ ကျုပ်အမေရဲ့မောင်၊ ကျုပ် ဦးလေးလည်း တော်တယ်၊ သူ့အကြောင်းကို ကိုယ့်လူ မသိဘူးလား"

ဟု မေးလိုက်ရာ ကျွန်ုပ်က...

"နိုး"

ဟု ပြောလိုက်လေ၏။

ထိုအခါ ထိုသူက...

"နိုးဆိုတာ ဘာလဲ အိပ်ရာက နိုးတာကို ပြောတာလား၊ တစ်ရေးနိုးတာကို ပြောတာလား"

ဟု ကတ်သီးကတ်သတ် ကျွန်ုပ်အား မေးလေ၏။

"နိုးဆိုတာ မသိဘူး၊ နားမလည်ဘူးလို့ ပြောတာ၊ ခင်ဗျား ဒါလေးတောင် မသိဘူးလား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူက...

"အင်္ဂလိပ်လို ပြောတာလား၊ မြန်မာလို ပြောပါ၊ ကျုပ် နားမလည်ဘူး၊ ဘာဖြစ်လို့လဲ သိလား၊ ကျုပ်က မြန်မာ၊ အင်္ဂလိပ်စကားလည်း မသင်ဖူးဘူး၊ မြန်မာစကားကတော့ ကြိုက်သလိုပြော၊ နားလည်တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"ကဲပါ ခင်ဗျားရဲ့ သကြားဘစိန်အကြောင်းပဲ၊ ပြောစမ်းပါဦး"

ဟု ၎င်းအား ပြန်၍ ပြောလိုက်လျှင် ၎င်းသည် အိတ်အတွင်းမှ ဆေးပြင်းလိပ် တစ်လိပ်ကို ထုတ်၍ မီးညှိပြီးနောက်...

"ကိုယ့်လူကို ကျုပ်ပြောပြရဦးမယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သန်းကျော်လောက်က ဟောဒီနေရာမှာ လူတွေ ရှိနေပြီ၊ မြန်မာလို့လည်း ပြော၍မရဘူး၊ ဘာလူမျိုးလဲပြောလို့ မဖြစ်သေးဘူး။ လူတွေရှိတာတော့ အမှန်ပဲ၊ စောစောက ကိုရင်ပြောသလို မရှိဘူး၊ မသိဘူး၊ မဟုတ်ဘူးဆိုတဲ့ စကားကို အင်္ဂလိပ်လို 'နိုး' လို့ ပြောတာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား၊ အဲဒီအချိန်တုန်းက လူတွေက 'စမုန်'လို့ ပြောတယ်၊ စမုန်ဆိုရင် ခင်ဗျားပြောတဲ့ နှံနဲ့အတူတူပဲ၊ အသံတွေကို မကြိုက်ရင် 'စမြောင်'လို့ ပြောတယ်၊ စမြောင်ဆိုတာ အဲဒီအသံတွေကို အလိုမရှိဘူးလို့ပြောတာ၊ အင်္ဂလိပ်လိုဆိုရင် 'ကိ(ပ်)ကွိုင်ရက်' လို့ ပြောတာ၊ အဲဒါကို စမြောင်လို့ ပြောရတယ်၊ စပါးနဲ့တူတယ်၊ ဒါပေမဲ့ ဆန်ဖြစ်အောင်လုပ်ပြီး ချက်စားလို့ မရတဲ့ စပါးပုံစံ အပင်မျိုးကို စပါးမဟုတ်ဘူးလို့ ပြောချင်တယ်။ အဲဒါကို 'စမုန်စပါး' လို့ ပြောတယ်၊ ရေတွေတအား စီးနေတာကို တစ်ခုခုနဲ့ ဥပမာ မြေကြီးတွေ တာဖို့ပြီး ပိတ်ထားတာကို စမုန်လို့ပြောတယ်။ ဘုရင်မင်းတရားကြီး လာလို့ ညီလာခံမှာ အသံတွေ ထွက်နေရင် တိတ်စေ 'စမြောင်'လို့ ပြောရတယ်၊ အဲဒီတော့ မှတ်ထား၊ ကျုပ်ပြောတဲ့ စကားထဲမှာ မသိတာပါရင် စမုန်လို့ပြော ခင်ဗျား ရပ်စေချင်ရင် စမြောင်လို့ပြော၊ နှံတွေ ဘာတွေ မလုပ်နဲ့'

ဟု ထိုသူက ပြောလေ၏။

"ကဲ ထားပါတော့ဗျာ၊ ခင်ဗျားရဲ့ သကြားဘစိန်ပဲ ပြောပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက...

"သကြားဘစိန် ဆိုတာကို ဘယ်နှယ်ရရ မထင်နဲ့၊ သိပ်ပြီးတော်တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က..

"ခင်ဗျား ဦးလေးမို့ ခင်ဗျားက ချီးမွမ်းတာလား"

ဟု မေးလိုက်လေ၏။

ထိုအခါက ထိုသူက...

"စမြောင်"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်လည်း ရယ်မိလေတော့၏။

"ဒီမှာ မိတ်ဆွေကြီး၊ စမြောင်တွေ ဘာတွေ လုပ်မနေနဲ့ ခင်ဗျား ဦးလေးနဲ့ ကျုပ်နဲ့ သိလည်း မသိဘူး။ ပတ်လည်း မပတ်သက်ဘူး၊ ဘာကြောင့်မို့လို ကျုပ်ကို ဒီအကြောင်းတွေ လာပြီးပြောနေရတာလဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူက...

"မသိလို့ သိအောင် လာပြီး ပြောပြတာ ပတ်သက်ခဲ့ဖူးလို့ ပတ်သက်တယ်လို့ လာပြီးပြောပြနေတာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်ကလည်း...

"စမုန်"

ဟု ပြောလိုက်လေ၏။ ထိုသူသည် ကျွန်ုပ်ပြောလိုက်သည်ကို လွန်စွာသဘောကျသွားလေ၏။

"ထားပါတော့၊ ထားပါတော့၊ အဲဒီ သကြားဘစိန်ဟာ အခုတော့ မရှိတော့ဘူး၊ မြေထုံကူးမယ်ဆိုပြီး တွင်းကြီးထဲကို ဆင်းတယ်၊ အပေါ်က မြေတွေကို ဖို့ခိုင်းတယ်၊ ကျုပ်တို့လည်း သူခိုင်းတဲ့အတိုင်း အဲဒီလို လုပ်ပေးလိုက်တာ သေပြီ၊ သေတာက မဆန်းဘူး၊ ဆန်းတာက သူ့အိမ်မှာ မှာတမ်းတစ်စောင် ရေးခဲ့တယ်၊ အဲဒီမှာတမ်းမှာ ကိုအောင်ထွန်းနာမည် ပါနေတယ်။ ဘိုလိန်းလမ်း (ယခု ဗညားဒလလမ်း) အိမ်နံပါတ် (၂၉၅)မှာနေတဲ့ ကိုအောင်ထွန်းဆီကို သွားပြီးဆက်သွယ်ပါတဲ့၊ ဟောဒီမှာ သူရေးတဲ့စာ"

ဟု ဆိုကာ ကျွန်ုပ်အား ဖလာစာအုပ် တစ်အုပ်အား ပေးလေ၏။

"စာဆိုပြီး ဘယ့်နှယ်ကြောင့် စာအုပ်ကြီး ပေးရတာတုံး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုသူက...

"အဲဒီကော်ပီ စာအုပ်စာမျက်နှာ (၈၀)စလုံး စာတွေ ရေးထည့်ထားတယ်၊ အဲဒီစာတွေကလည်း ခင်ဗျားကို ပေးတဲ့ စာတွေ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် လွန်စွာဦးနှောက်ခြောက်သွားလေတော့၏။ ကျွန်ုပ်နှင့် သိကျွမ်းခြင်း မရှိသော လူတစ်ယောက်က ကျွန်ုပ်အား စာမျက်နှာ(၈၀)ပြည့် မှာတမ်းတစ်စောင် ရေးထားသည်ဟု ဆိုခြင်းမှာ အံ့သြဖွယ် ကောင်းလှတော့၏။ ကျွန်ုပ်သည် သူ၏ မှာတမ်းကြီးကို ဖတ်ကြည့်၏။ သူ၏ မှာတမ်း၌...

"တနင်္ဂနွေသား မောင်အောင်ထွန်း မင်းအနေနဲ့ ဘာမှ နားလည်မှာ မဟုတ်ဘူး၊ မင်းနဲ့ ငါနဲ့လည်း မသိဘူး။ မသိဘူးဆိုတာ လူချင်းမသိတာကို ပြောတာ၊ ဒါပေမယ့် မင်းဓာတ်နဲ့ ငါ့ဓာတ်နဲ့က သိနေတာ၊ ဒါ့ကြောင့် မင်းနဲ့ ငါဟာ 'ဓာတ်သိ'တွေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ငါ့ကိုလည်း ငါ့ဆရာကြီးက ငါမြေထုံကူးတဲ့အခါမှာ မှာတမ်းရေးခဲ့ ရမယ်တဲ့၊ အဲဒီမှာတမ်းဟာ တနင်္ဂနွေသား မောင်အောင်ထွန်း ဘိုလိန်းလမ်း (ယခု ဗညားဒလလမ်း) ရန်ကုန်မြို့မှာ နေတယ်။ သူ့အတွက် မှာတမ်း ရေးခဲ့ ရမယ်လို့ ညွှန်ကြားလို့ ရေးခဲ့ရတာ"

ဟု အဓိပ္ပာယ်ရသော စာများကို ဖတ်ရလေ၏။ ထို့ပြင် ထိုစာ၌ ရွှေတိဂုံဘုရား ခေါင်းလောင်းကြီးတွင် ဘယ်နေ့ရက် ပုတီးစိပ်၍ ဘာကို စိပ်ရမည် ဆိုသည့် အမိန့်သံပါသည့် အရေးအသားမျိုးကိုလည်း တွေ့ရလေ၏။ တန်ဆောင်မုန်းလပြည့် နေ့တွင် ကျိုက်ထီးရိုးဘုရား ကုန်းတော်ပေါ်၌ ရောက်၍နေရမည်။ ပြီးလျှင် ဘယ်နေရာ၌ ပုတီးစိပ်ရမည်ဟုဆိုသော စိတ်ညစ်စရာကောင်းသည့် မှာကြားချက်များလည်း ပါ၏။ ထို့ထက် ဆိုးသည်မှာ…

**'တနင်္ဂနွေသား မောင်အောင်ထွန်း၊ အိမ်ထောင်မပြုရ'**

ဆိုသည့် အချက်ပင်ဖြစ်၏။ ဤစကားကို မလိုက်နာ၍ အိမ်ထောင်ပြုလျှင် မိန်းမပျက်နှင့်သာ ရမည်။ မိန်းမကောင်းကို ရဖွယ်ရာမရှိ။ ထိုမိန်းမပျက်ကို ရပြီးနောက်၊ တနင်္ဂနွေသား မောင်အောင်ထွန်း ထောင်ကျမည်။ ထောင်မကျမီ၌ သင့်အား သင်၏ မိန်းမက သေကြောင်းကြံလိမ့်မည်။ အထူးသဖြင့် သင်စားသော အစာတွင် အဆိပ်ခတ်လိမ့်မည်။ ခတ်ခဲ့သည့်အစာမှာလည်း ငါးမြင်းဟင်းဆီပြန် ဖြစ်၏။

ထို့ကြောင့် သင် ထိုမိန်းမနှင့် ပေါင်းနေသရွေ့ ငါးမြင်းဟင်း ဆီပြန် ချက်၍ မစားလေနှင့်၊ သင်၏ ဇီဝိန်ကြွေလိမ့်မည်။ ထို့နောက် သင်သည် မှာတမ်းကို နားမထောင်သောကြောင့် ထောင်ကျလိမ့်မည်။ သင် ထောင်ကျသော် သင်၏ မိန်းမသည် လွန်စွာ ပျော်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူသည် နတ်ကတော် မိန်းမလျာ တစ်ဦးကို လင်ထားသောကြောင့် ဖြစ်၏။ ထိုသယောက်လင်သည် သူ့၌ရှိသော စည်းစိမ်ကို ဖြန်းတီးပစ်လိမ့်မည်။ ထိုသယောက်လင်က ပစ်သွားသောအခါ၊ ထိုမိန်းမသည် အရှင်လတ်လတ် ငရဲပြည်ကျသကဲ့သို့ ဖြစ်လိမ့်မည်။ အကောင်းဆုံးမှာ သင်သည် အိမ်ထောင်မပြုရန် ဖြစ်၏။ ပြုခဲ့က အထက်တွင် ဖော်ပြခဲ့သောအတိုင်း ဖြစ်မည်။ သင်သည် ထောင်မှ လွတ်သောအခါ နေရာရွှေ့ပြီးပါက ကျွန်ုပ်၏ မှာတမ်း၌ ပါသော မှာကြားချက်အတိုင်း တနင်္ဂနွေသား မောင်အောင်ထွန်း လိုက်လုပ်ရမည်ဟူသော ကိုးယို့ကားယားနိုင်သည့် မှာကြားချက်များကိုလည်း ထိုစာအုပ်၌ ရေးထားလေ၏။

ပြီးလျှင် ထိုမှာတမ်း၌ တဘောင်လိုလို၊ စနဲလိုလို နဘေကာရန်နှင့် ရေးထားသော အကြောင်းအရာများလည်း ပါ၏။ ထို့နောက် သကြားဘစိန် ဆိုသူသည် သူ၏ ကိုယ်ရေးရာဇဝင်ကို အကျဉ်းချုံး၍လည်း ရေးပြထား၏။ ကျွန်ုပ်သည် ထိုမှာတမ်းကို ဖတ်ပြီးနောက် ကျွန်ုပ်ထံသို့ ဤမှာတမ်းကို လာပေးသောသူအား…

"ကျုပ် ဖတ်ပြီးပြီ၊ ခင်ဗျား ပြန်ယူသွားတော့"

ဟု ဆိုကာ ပြန်၍ ပေးလိုက်လေ၏။ ထိုအခါ ထိုသူက…

"ကိုအောင်ထွန်းကို ပေးရမှာ၊ ကျုပ် ပြန်ယူခွင့် မရှိဘူး၊ ခင်ဗျားက ဖတ်ပြီးလို့ မယူရင် မီးရှို့ပစ်ရမှာပဲ"

ဟု ဆိုကာ ကျွဲခေါင်းတံဆိပ် မီးခြစ်ကိုထုတ်၍ ထိုစာအုပ်ကို မီးရှို့ပစ်လိုက်လေ၏။ ပြီးလျှင် ပြာများကို စာအိတ်တစ်အိတ်တွင် ထည့်၍ စာအိတ်ကို ပိတ်လိုက်လေ၏။

ထို့နောက် ထိုသူက…

"ကျုပ်နာမည်လည်း မှတ်ထားဦး 'ကိုနမော်' တဲ့"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

"ခင်ဗျားနာမည်ကလည်း ခပ်ဆန်းဆန်းပါလား"

ဟု မေးရာ…

"မြန်မာပြည် တစ်ပြည်လုံးမှာ ကျုပ်နဲ့ နာမည်တူတဲ့လူ သုံးယောက်ပဲ ရှိတယ်။ ကျုပ်သတင်းစာမှာ ကြော်ငြာ ထည့်ပြီးတော့ စုံစမ်းကြည့်ပြီးပြီ တစ်ယောက်က မီးရထားစက်ခေါင်း မောင်းတဲ့ နမော်၊ နောက်တစ်ယောက် က အိုးသည်ကုန်းဘက်မှာ ထ[illegible] ရောင်းတဲ့ နမော်၊ ကျုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

စက်ဘီးပြင်တဲ့ နမော်"

ဟု ပြောလေ၏။

"ခင်ဗျားနယ့်ဗျာ ဒါကိုများ ကြော်ငြာခ အကုန်ခံပြီး စုံစမ်းရ သလား"

ဟု ကျွန်ုပ်က မေးရာ ထိုသူက

"နမော်ဆိုပေမယ့် နမော်နမဲ့ မနေတတ်ဘဲ စူးစူးစမ်းစမ်း လုပ်တတ်တဲ့ သဘောပေါ့ဗျာ၊ ကျုပ်တို့ သုံးယောက်လည်း စာချင်းအဆက် အသွယ် ရှိကြပါတယ်။ ပြီးခဲ့တဲ့ ငါးနှစ်လောက်က သုံးယောက်သား အချိန်းအချက်လုပ်ပြီး ဆူးလေဘုရားမှာ ဆုံကြသေးတယ်၊ ပြီးတော့မှ ချစ်တီးထမင်းဆိုင်မှာ အတူတကွ ထမင်းစားကြတယ်၊ စကားစပ်မိလို့ ပြောရဦးမယ် နမော် (၃)ယောက်ထဲမှာတော့ ကျုပ်က ရုပ်အချောဆုံးပဲ၊ ဟိုနှစ်ယောက်က တော်တော်ရုပ်ဆိုး အကျည်းတန်တယ်ဗျ၊ ဟိုနှစ်ယောက်နဲ့ ကျုပ်နဲ့ဆိုရင် ဇာတ်လိုက်နဲ့ လူကြမ်းလောက် ရုပ်ရည်ကွာတယ်ဗျ"

ဟု ပြောသဖြင့် ကျွန်ုပ်မှာ ပြုံးရသေးတော့၏။

"နေစမ်းပါဦးဗျ၊ ခင်ဗျားနဲ့ သကြားဘစိန်နဲ့က ဘယ်လိုပတ်သက်ကြတာတုံး"

ဟု ကျွန်ုပ်က မေးလိုက်လျှင် ကိုနမော်က...

"ကျုပ်ပြောခဲ့ပါပကောလား၊ သကြားဘစိန်က ကျုပ်အမေရဲ့ မောင်နှမ သူ့မှာ ထူးခြားတာကတော့ လူတစ်ယောက်ရဲ့ လက်သန်းလေးကို သေသေချာချာ ကိုင်ပြီးရင် အဲဒီလူရဲ့ အဖြစ်အပျက်တွေကို လိုက်ပြီးကြည့်ထားသလို ပြောနိုင်တယ်။ အဲဒီပညာကို ဘယ်မှာ သင်ခဲ့သလဲလို့ ကျုပ်က မေးတော့ တိဗက်က သင်ခဲ့တယ်လို့ သူက ပြောခဲ့တယ်၊ အမှန်က ဦးလေးကိုဘစိန် အများခေါ် သကြားဘစိန်ဟာ တိဗက်ကို ရောက်ဖူးဖို့မပြောနဲ့ ဘယ်နားရှိမှန်းတောင် မသိဘူး။ ကျုပ် သူ့ကို သေသေချာချာ သိပါတယ်။ ကိုယ့်ဦးလေးပဲဗျာ မသိဘဲ နေပါ့မလား။ အရင်က သဃ်န်းကျွန်းဘက်မှာ ရေစည်လှည်းတွန်းတယ်။ နောက်တော့ ဘယ်လိုကနေ ဘယ်လို ပွပေါက်တိုးသွားသလဲ မဆိုနိုင်ပါဘူးဗျာ၊ ပျဉ်ထောင်အိမ်တစ်လုံး ဝယ်တယ်တဲ့၊ အဲဒီမှာ ကန်တော့ပွဲတွေ ဘာတွေနဲ့ အထက်ဂိုဏ်းဆရာလိုလို ဘာလိုလို နေတော့တာပဲ။ ပြီးတော့ သူ့ရဲ့ ပညာကို 'တိဗက်လက်သန်းပညာ' လို့ နာမည်ပေးထားတယ်"

ဟု ထိုသူက ကဲ့ရဲ့သော လေသံဖြင့် ပြောသောကြောင့်...

"ခင်ဗျားပဲ စောစောတုန်းကတော့ လက်သန်းလေးကို ကိုင်ကြည့်ပြီး ပြောလိုက်ရင် သကြားဘစိန်ဟာ လူတစ်ယောက်ရဲ့ အကြောင်းကို အသေးစိတ် ပြောနိုင်တယ်။ ဒါဆိုလည်း သူ့ဟာသူ တိဗက်ကပဲ တတ်ခဲ့ တတ်ခဲ့ ဟိမဝန္တာကပဲ တတ်ခဲ့ တတ်ခဲ့ သူ့ရဲ့ ပညာကိုတော့ အလေးအနက်ထားရမှာပေါ့ဗျာ၊ ကျုပ်လည်း လက္ခဏာပညာကို လိုက်စားနေပါတယ်။ လက်ဝါးနှစ်ဖက်စလုံးကို သေသေချာချာ ကြည့်တာတောင် လူတစ်ယောက်ရဲ့ အဖြစ်ကို သေသေချာချာ မပြောနိုင်ဘူးဗျ၊ ခင်ဗျားဦးလေး သကြားဘစိန်က လက်သန်းကလေးကိုကိုင်ပြီး အဲဒီလူ့အကြောင်းကို သေသေချာချာ ပြောနိုင်တယ်ဆိုတော့ အံ့ဩစရာပေါ့ဗျာ၊ ဒီပညာမျိုး ကျုပ် မတွေ့ဖူးဘူးဗျ၊ သူ့ဆီက ဒီပညာကို သင်ထားလိုက်သေးလား"

ဟု ကျွန်ုပ်ဟာ မေးလိုက်ရာ ကိုနမော်က...

"ကျုပ်ဦးလေး သကြားဘစိန်ဟာ လူတစ်ယောက်ရဲ့ လက်သန်းလေးကို ကိုင်ကြည့်ပြီး အဲဒီလူရဲ့ အဖြစ်အပျက်ကို ပြောနိုင်တယ်ဆိုတာ လူတိုင်းကို ပြောနိုင်တာ မဟုတ်ဘူးဗျ၊ ဇာတ်သိကို ပြောနိုင်တာ။ သူသိပြီးသား အကြောင်းအရာတွေကို မသိသလို မျက်နှာလေးနဲ့ ပြောတဲ့နေရာမှာ ကျုပ်ဦးလေး သကြားဘစိန်ကို မီတဲ့လူ နှစ်ယောက် မရှိနိုင်ဘူး။ ကျုပ်ကိုလည်း တစ်ခါတုန်းက လူရှေ့သူရှေ့မှာ လက်သန်းကို ကိုင်ကြည့်ပြီး မင်းအမေဟာ ကြာသပတေးသမီး ဖြစ်ရမယ်၊ သူ့နာမည်မှာ မြပါရမယ်တဲ့၊ ကျုပ်ကလည်း ဟုတ်ပါတယ်လို့ ဝန်ခံရတော့တာပဲ။ ခင်ဗျားပဲ စဉ်းစားကြည့်၊ ကျုပ်အမေ ဒေါ်မြက သူ့နှမအရင်းပဲ အဲဒါကို မသိသလိုလုပ်ပြီး

www.burmeseclassic.com

လူရှေ့သူရှေ့မှာ ပြောနေတာ''

ဟု ကိုနမော်က ပြောလိုက်ရာ ကျွန်ုပ်က...

''ဒီလိုဆို ခင်ဗျားဦးလေး သင်္ကြားအာစိန်ဟာ လူလိမ်ပေါ့ဗျာ၊ ဒါဆိုလည်း ခင်ဗျား အဲဒီလူလိမ်ရဲ့စာကို ကျုပ်ဆီကို ဘာလို့ ယူလာရတာလဲ''

ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုနမော်က...

''ဒီလိုလည်း လူလိမ်လို့ အပြတ်ပြောလို့ မဖြစ်ဘူး ကိုအောင်ထွန်းရေ၊ သင်္ကြားအာစိန်မှာ ထူးခြားတဲ့ အချက်တွေက ရှိနေသေးတယ်''

ဟု ပြောလိုက်လျှင် ကျွန်ုပ်က..

''ဘာတွေများ ထူးခြားလဲ ကိုနမော်ရယ်၊ ပြောပြစမ်းပါဦး''

ဟု မေးလိုက်လေ၏။ ထိုအခါ ကိုနမော်က...

''တစ်ခါတလေ ကျုပ်ဦးလေး သင်္ကြားအာစိန်ကြီးဟာ လေးငါးဆယ်ရက် ထမင်းမစားဘဲ နေတတ်တယ်ဗျ၊ ကျုပ်ဆိုင်မှာ စက်ဘီး လာပြင်တဲ့သူတွေ အများကြီးရှိတယ်။ ကျုပ်ဟာ စက်ဘီးပြင်သမားထဲမှာ အပြင်ရဆုံးလူတစ်ယောက် ဆိုပါတော့ဗျာ၊ တစ်နေ့မှာ ကျုပ်ဦးလေး သင်္ကြားအာစိန်က မင်းဆယ်ရက် ဆက်ပြီး မပြင်နဲ့လို့ ပြောထားလိုက်တာ၊ ဆယ်ရက်စလုံး စက်ဘီးပြင်တဲ့လူ မလာဘူးဗျို့ အဲဒါမျိုးတွေ အများကြီး ရှိတယ်''

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

''တိုက်ဆိုင်တာ ဖြစ်ပါလိမ့်မယ် ကိုနမော်ရယ်''

ဟု ပြောလိုက်ရာ ကိုနမော်က

''တစ်ခုခက်တာက ကျုပ်ဦးလေးက နေပုံထိုင်ပုံတွေဟာ တကယ့်ဘိုးတော်ဂိုက်ပဲဗျ၊ ဒါပေမယ့် မိန်းမကတော့ နည်းနည်းရှုပ်ချင်တဲ့ သဘောရှိတယ်၊ ဒါကြောင့် ကျုပ်က ဦးလေးလည်းဖြစ်၊ ဆရာလည်းဖြစ်တော့ သူ့ကို သတိပေးတယ်၊ ဘယ်လိုသတိပေးလဲဆိုတော့ မိန်းမ မရှုပ်ဖို့ပေါ့ဗျာ၊ အဲဒီမှာ ကျုပ်ဦးလေး သင်္ကြားအာစိန်က ဘာပြန်ပြောလဲဆိုတော့ 'ဓာတ်၊ ဓာတ်၊ ဓာတ်' လို့ ပြန်ဖြေတယ်။ ဘာဓာတ်လဲလို့ ကျုပ်က မေးတော့ ငါ အလုပ်လုပ်နေတာ ဖိုဓာတ်ချည်းပဲ ဖြစ်နေတယ်။ ဒါကြောင့် မ,ဓာတ်ပါမှ သိဒ္ဓိက ပြမှာ၊ မင်း နားမလည်ဘဲနဲ့ ဒါကို ဆရာမလုပ်နဲ့ 'ဓာတ်၊ ဓာတ်၊ ဓာတ်' လို့ ပြောတယ်''

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ရယ်ရသေးတော့၏။ ကျွန်ုပ် ရယ်သည်ကို ကိုနမော်သည် သဘောကျပုံ မရပေ။

''ဒီမှာ ကိုအောင်ထွန်း ခင်ဗျား ရယ်တာက ကျုပ်ပြောတာတွေကို လှောင်နေသလိုပဲ၊ ဒါတော့ မကောင်းဘူးပေါ့ဗျာ''

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

''လှောင်တာမဟုတ်ဘူး ကိုနမော်ရေ၊ အယုံအကြည် မရှိလို့ ပြောတာ၊ တစ်ခါတည်း ပြောလိုက်မယ်၊ ခင်ဗျားဦးလေးလည်း ကြောင်ပဲ၊ ခင်ဗျားလည်း ကြောင်ပဲ၊ သွားတော့ နောက်မလာနဲ့''

ဟု ပြောလိုက်ရာ ကိုနမော်သည် ကျွန်ုပ်အား စိတ်ဆိုးလွန်း၍ စကားပင်ပြန်၍ မပြောနိုင်ဘဲ...

''တောက်''

ဟု ကျယ်လောင်စွာ တောက်ခေါက်ပြီးလျှင် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ကျွန်ုပ်အား မျက်စောင်းထိုးကာ အံကြိတ်ပြီးလျှင်-

''စော်ကားထားဦးပေါ့ကွာ၊ ဒီမှာ ကိုယ့်လူ ထင်းခွေမှာ မကြုံရင် ရေခပ်မှာ ဆုံမယ်''

ဟု ကြိမ်းဝါးကာ ထွက်သွားလေတော့၏။

ထိုနေ့သည်လည်း တန်ဆောင်မုန်းလပြည့်နေ့ပင် ဖြစ်နေတော့၏။ ထိုအချိန်မှစပြီး ကျွန်ုပ်သည် သူ့အံပိုင်းနှင့်သူ မြင်တတ်လာတော့၏။ မုန်းရမည့်အပိုင်းကို မုန်း၏။ ချစ်ရမည့် အပိုင်းကိုချစ်၏။ ကျွန်ုပ်ဘဝအတွက် အဓိပ္ပာယ်ပြည့်ဝသော ချစ်ခြင်း မုန်းခြင်း ဖြစ်လာလေတော့သတည်း။

ပြီးပါပြီ။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိမ်



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောက
# ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)



## လင်ကွန်းဝိညာဉ် ဘာလဲ-ဘာလဲ

လူသားတစ်ဦး ကွယ်လွန်လျှင် ၎င်း၏ဝိညာဉ်သည် [illegible]ဘဝသို့ ရောက်ရှိသွားသည်ဟု အချို့က ယူဆကြ၏။ [illegible] အသက်ရှင်စဉ်အခါက စွဲလမ်းတွယ်တာခဲ့သော [illegible]ချင်သည်ကျက်စားရာ နေရာဌာနများတွင် "ဝိညာဉ်" [illegible]နေတတ်ကြသည်ဆို၏။

လူသူမနေထိုင်သော အဆောက်အဦဟောင်းများ၊ [illegible]လာပြတ်သော ချောင်ကျကျနေရာများ၊ မြို့နှင်းများ [illegible]ဆိတ်ဆည်းနေသော အကာလည့ချမ်းများတွင် ဝိညာဉ်တို့ အများဆုံး လှုပ်ရှားပျော်မွေ့လေ့ရှိကြသည်။

သို့သော် အချို့ဝိညာဉ်များကမူ လူသူပြည့်ကြပ်နေသော နေရာဌာနများနှင့် လင်းလင်းချင်းချင်းရှိသော နေရာများတွင် တွယ်နေတတ်သည်ဟု ဆိုပြန်သည်။

ဥပမာအားဖြင့် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တော်ရှိ အမေရိကန်သမ္မတအဆက်ဆက်တို့ စံမြန်းရာဖြစ်သော အိမ်ဖြူတော်တွင် အမေရိကန်နိုင်ငံ ၁၆ ယောက်မြောက်သမ္မတ အေဘရာဟမ်လင်ကွန်း၏ ဝိညာဉ်ကို တွေ့မြင်ခဲ့ရသူ အများအပြားပင် ရှိခဲ့၏။ ဗြိတိသျှနန်းရင်းဝန်ဟောင်း ဝင်စတန်ချာချီမှ အစ နိုင်ငံခြားဧည့်သည်အဖြစ် ရောက်ရှိခဲ့ကာ နိုင်ငံခြားအကြီးအကဲများအထိ ပုဂ္ဂိုလ်အဆက်ဆက်တို့က ပင်ဆီမီးနီးယားရိပ်သာ အမှတ်(၁၆၀၀) အိမ်ဖြူတော်ဘဲ၌ ကွယ်လွန်သူ သမ္မတလင်ကွန်း၏ ဝိညာဉ်ကို မိမိတို့ တွေ့မြင်လိုက်ရကြောင်း အခိုင်အမာ ထုတ်ဖော်ပြောပြခဲ့ကြလေသည်။

ထိုအထဲတွင် အမေရိကန်သမ္မတ ရော်နယ်လ်ရေဂင်၏ သမီးကြီး မော်ရင်းလည်း တစ်ဦးအပါအဝင်ဖြစ်၏။ "ကျွန်မ နောက်ပြောင်ပြောနေတာ မဟုတ်ပါဘူး။ လင်ကွန်း ဝိညာဉ်ကို ကျွန်မတို့ အမှန်တကယ်ပဲ တွေ့မြင်လိုက်ရတာ ဖြစ်ပါတယ်" ဟု မော်ရင်းက အလေးအနက်ပြောကြားသွား၏။

မော်ရင်းနှင့် သူမ၏ခင်ပွန်း ဒင်းနစ်ရေဗဲလ်တို့သည် ဝါရှင်တန်အိမ်ဖြူတော်မှ ဖခင်ထံ လာရောက်လည်ပတ်သည့် အခါတိုင်း တစ်ချိန်က သမ္မတလင်ကွန်း အိပ်စက်သွားခဲ့သော အိပ်ခန်းတွင် အိပ်ကြလေ့ရှိသည်။ လင်ကွန်းဝိညာဉ်သည် တစ်ခါတစ်ရံ အနီရောင်တောက်ဖြာနေပြီး တစ်ခါတစ်ရံ လိမ္မော်ရောင်တောက်လျက် တွေ့ရသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

သမ္မတရစဖဲ့၏ဇနီး "အယ်လင်နာရစဖဲ့"ကလည်း အိမ်ဖြူတော်တွင် မိမိတို့နေထိုင်ခဲ့စဉ်က မိမိတို့အနီးအနားတွင် လင်ကွန်းဝိညာဉ်ရှိနေသလို စိတ်ထဲတွင် ဖြစ်ပေါ် ခံစားရဖူးကြောင်းဖြင့် သူမ၏ ဒိုင်ယာရီတွင် ရေးသားခဲ့လေသည်။ ထို့ပြင် ၁၉၄၅ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ အိမ်ဖြူတော်ထဲ၌ ထူးဆန်းသောခြေသံများ ကြားရကြောင်း နောင်၌ ပြောပြသွားဖူး၏။ ယင်းမှာ သမ္မတလင်ကွန်း၏ ဝိညာဉ်မှတစ်ပါး အခြားဖြစ်နိုင်စရာမရှိဟု ယူဆကြလေသည်။

လင်ကွန်းဝိညာဉ်နှင့် ပတ်သက်ပြီး အသေးစိတ်အကျဆုံး ပြန်လည်ပြောပြနိုင်သူမှာ ဒတ်ချ်ဘုရင်မကြီး ဝီမီလ်နာဖြစ်သည်။ ဘုရင်မကြီးသည် သမ္မတရစဖဲ့၏ ဧည့်သည်တော်အဖြစ် အိမ်ဖြူတော်အတွင်း နေထိုင်ခဲ့ရခြင်းဖြစ်၏။ ထိုစဉ်က တစ်ညတွင် အိပ်ခန်းအပြင်ဘက်မှ ခြေသံတရုပ်ရုပ်များ ကြားရသဖြင့် ဘုရင်မကြီးက အခန်းတံခါးဖွင့်ကြည့်လိုက်၏။ ထိုအခါ တံခါးဝ၌ မားမားကြီးရပ်နေသော လင်ကွန်းအား သူ့အမြဲဆောင်းလေ့ရှိသည့် ဦးထုပ်ရှည်အနက်ဖြင့် တွေ့မြင်လိုက်ရသည်ဆို၏။ မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရသော မြင်ကွင်းကြောင့် ဘုရင်မကြီးမှာ အထူးပင် အံ့ဩတုန်လှုပ်ကာ ကြမ်းပြင်ပေါ်သို့ ဖုံးဖုံးလဲကျသွားရှာ၏။

## သမ္မတလင်ကွန်း စိတ်ဝင်စားသော စိတ်နယ်လွန်ပညာ

သမ္မတလင်ကွန်းသည် အသက်ရှင်စဉ်က ပါရာနော်မယ်ခေါ် စိတ်နယ်လွန်ဖြစ်ရပ်များတွင် လွန်စွာ စိတ်ဝင်စားသူဖြစ်ခဲ့၏။ ဝိညာဉ်ပူးခြင်း၊ ဓာတ်စီးခြင်းများတွင်လည်း ပါဝင်ဆောင်ရွက်လေ့ရှိတတ်၏။ သူ့အား လူသတ်သမားက လုပ်ကြံမသတ်ဖြတ်မီကပင် ထိုအဖြစ်ဆိုးကြီးကို လင်ကွန်း၏စိတ်ထဲက အလိုလိုကြိုသိနေခဲ့၏။ အတိတ်နိမိတ်ဆိုးများ၊ အိပ်မက်ဆိုးများမှတစ်ဆင့် ယင်းသို့ ကြိုတင်သိရှိနေခဲ့ခြင်း ဖြစ်၏။ ၁၈၄၂ ခုနှစ်က လက်ထပ်ခဲ့သော သမ္မတကတော် မေရီတုဒ်သည်လည်း ဝိညာဉ်ပူးခြင်း ဓာတ်စီးခြင်းများတွင် ယုံကြည်သက်ဝင်သူဖြစ်၏။

လျှို့ဝှက်ဆန်းကြယ်သော စိတ်နယ်လွန်လောကနှင့် ပတ်သက်ပြီး လင်ကွန်းက သူ၏အယူအဆများ အစွဲအလမ်းများကို မိတ်ဆွေတစ်ဦးထံ ရေးသောစာထဲတွင် ထည့်သွင်းဖော်ပြခဲ့ဖူး၏။ လင်ကွန်းအဆိုအရ မိမိ၏စိတ်ကို ပြင်ပမှ မမြင်နိုင်သော အင်အားစုများက လွှမ်းမိုးထိန်းချုပ်ထားသည်ဟုလည်း တစ်နေရာတွင် ဖော်ပြခဲ့ဖူး၏။ သို့သော် လင်ကွန်းသည် သူ့အလွန်ချစ်လှသော တမလွန်ဘဝမှ သားဖြစ်သူနှင့် အဆက်အသွယ်ပြုလုပ်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရခဲ့ရှာချေ။

လင်ကွန်းအနေဖြင့် ၁၈၆၀ ပြည့်နှစ်တွင် သမ္မတအဖြစ် ခန့်အပ်ခံရပြီးနောက် သမိုင်းတွင်မည့် ကျေးကျွန်များ လွတ်မြောက်ခွင့် ကြေညာချက်ကို ထုတ်ပြန်ခဲ့၏။ ယင်းသို့ ငွေဝယ်ကျွန်များ ကျွန်အဖြစ်မှ လွတ်မြောက်ခွင့်ပေးခြင်းမှာ လင်ကွန်းအား ကိုရာမေနစ်ဆိုသော နတ်ဝင်သည်တစ်ဦးက နောက်ကွယ်မှ တိုက်တွန်းခြင်းကြောင့်ဟု သိရှိရ၏။ နတ်ဝင်သည် အမျိုးသမီးကြီး မေနဒ်မှာ သမ္မတကတော် မေရီတုဒ်၏ မိတ်ဆွေတစ်ဦးဖြစ်၏။ လင်ကွန်းသည် မေနဒ်၏ ဓာတ်စီးခန်းသို့ ထိုအချိန်က မကြာခဏ ရောက်ရှိနေခဲ့၏။

၁၈၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က လင်ကွန်းအမိန့်ကြောင့် အမေရိကန်နိုင်ငံ တစ်ဝန်းလုံးရှိ ငွေဝယ်ကျွန်များ ကျွန်အဖြစ်မှ လွတ်မြောက်သွားကြရ၏။ ယင်းမှာ နိုင်ငံရေးသဘောအရ လွတ်မြောက်ခြင်းဖြစ်သည်ဟု ယူဆရသော်လည်း စင်စစ်အားဖြင့် ထိုသို့လွတ်မြောက်ခွင့်ပေးရန် တမလွန်မှ ဝိညာဉ်များက မေနဒ်မှတစ်ဆင့် လင်ကွန်းအား တိုက်တွန်းခဲ့ကြခြင်းဖြစ်သည်ဆို၏။ သို့သော် ငွေဝယ်ကျွန်စနစ်သည် လူ့သိက္ခာ၊ လူ့ကျင့်ဝတ်စည်းကမ်းများနှင့် ဆန့်ကျင်နေကြောင်းကို လင်ကွန်း၏စိတ်တွင် စွဲမြဲစွာယုံကြည်ထားခဲ့ပြီး ရှိနေသည်ဟု အချို့က ထောက်ပြကြလေသည်။

မည်သို့ဖြစ်စေ လင်ကွန်းခမျာ ထိုယုံကြည်ချက်ကြောင့်ပင် ငွေဝယ်ကျွန်များအပေါ် လွတ်ငြိမ်းခွင့်ပေးမိခြင်းအတွက် လူသတ်သမား၏လက်ချက်ဖြင့် မရှုမလှ ဇီဝိတက္ခယ ပြုခဲ့ရ၏။ ကြမ္မာငင်သော ထိုနေ့မှာ ၁၈၆၅ ခုနှစ် ဧပြီလ ၁၄ ရက်နေ့ဖြစ်၏။ သမ္မတရာထူးတွင် ဒုတိယသက်တမ်းအဖြစ် စတင်ထမ်းဆောင်ပြီး ၃ လသာ ကြာရှိသေး၏။ ပြီး ခဲ့ ခေါင်းစီးတိုက်ခိုက်နေသော ပြည်တွင်းစစ် အဆုံးသတ်ခါ မည့် တောင်ပိုင်းမှ ကွန်ဖက်ဒရိတ်တပ်များ အကြောက်...



www.burmeseclassic.com

www.burmeseclassic.com

အညှဉ့်ခံပြီး ငါးရက်သာ ကြာရှိသေး၏။ ဝါရှင်တန်မြို့တော်ရှိ ဖို့ဒ်ဇာတ်ရုံတွင် တင်ဆက်ကပြမည့် ပြဇာတ်သစ်ဖွင့်ဖို့ အခမ်းအနားသို့ သမ္မတလင်ကွန်းသည် သူ၏ဇနီးနှင့်အတူ ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးများနှင့်အတူ တက်ရောက်စဉ် အမေရိကန်တောင်ပိုင်းသား ဂျွန်ဝီလ်ကီစ်ဘုသ်ဆိုသူ၏ သေနတ်လက်ချက်ဖြင့် သေဆုံးခဲ့ရ၏။

ယင်းသို့ဖြစ်လာမည်ကို လင်ကွန်းသည် အတိတ်နိမိတ်ဆိုးများဖြင့် ကြိုတင်သိရှိနေခဲ့၏။ လူသတ်သမားလက်ချက်ဖြင့် သေဆုံးရမည့် ထိုနေ့နံနက်ကပင် လင်ကွန်းက ညက သူအသတ်ခံရကြောင်း အိပ်မက်မက်ပုံကို သူ၏သက်တော်စောင့် အကြီးအကဲအား ပြန်လည်ပြောပြသွားသေး၏။

သို့သော် မိမိလုပ်ကြံခံရမည့်အရေးကို လင်ကွန်းသည် ထိုအချိန်မတိုင်မီ ကာလကြာမြင့်စွာကတည်းကပင် ကြိုတင်နိမိတ်များ ထင်နေခဲ့ပြီးဖြစ်သည်။ ၁၈၆၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ တစ်နေ့တွင် လင်ကွန်းသည် မှန်ထဲ၌ ထူးခြားသောပုံရိပ်ကို တွေ့မြင်လိုက်ရ၏။ မှန်ထဲ၌တွေ့လိုက်ရသော သူ့ရုပ်သွင်မှာ လူသေတစ်ဦးကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ အပြင်ရုပ်သွင်နှင့်မတူ တစ်မူထူးခြားလှသော မှန်ရိပ်ကို သူစူးစိုက်ကြည့်နေစဉ်မှာ [illegible] မှန်ထဲမှ ထိုအရိပ် ပျောက်ကွယ်သွားသည်ဆို၏။ သမ္မတ [illegible]တွင် ရောက်ရှိပြီး အိမ်ဖြူတော်၌ နေထိုင်စဉ်အတွင်း [illegible]သည်း ယင်းအဖြစ်မျိုးကို အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရ၏။ [illegible]ကတော် မေရီအနေဖြင့် မိမိခင်ပွန်းသည် သမ္မတရာထူး [illegible] ဒုတိယသက်တမ်းအထိ ထမ်းဆောင်ရမည်ဖြစ်သော် [illegible] သက်တမ်းကုန်ဆုံးချိန်အထိ နေရမည်မဟုတ်ဟု ရိပ်[illegible]သည်ဆို၏။ ဖို့ဒ်ဇာတ်ရုံသို့ ပြဇာတ်သွားကြည့်ရန်လည်း [illegible]အနေဖြင့် မူလအစီအစဉ်ရှိခဲ့ပုံမရချေ။ ဇနီးဖြစ်သူ[illegible] [illegible]တွန်းချက်ကြောင့်သာ လိုက်ပါသွားခဲ့ရခြင်းဖြစ်၏။ [illegible]တိုင်မီ အထိမှာ လင်ကွန်းဘဝတွင် အတိတ်နိမိတ် [illegible] အိပ်မက်ဆိုးများဖြင့်သာ စိတ်ချောက်ချားနေခဲ့ရ၏။ [illegible]မက်ဆိုးများနှင့် ပတ်သက်ပြီး သူ၏ နေ့စဉ်မှတ်တမ်း [illegible]ထဲတွင် ရေးသားထား၏။

## ထူးခြားသောအဖြစ်အပျက် (သို့) လင်ကွန်းတစ္ဆေ ဓာတ်ပုံ

အခြားထူးခြားချက် တစ်ခုမှာ လင်ကွန်းလုပ်ကြံခံရပြီး လအတန်ကြာလောက်တွင် သမ္မတကတော် မေရီသည် အပျော်တမ်းဓာတ်ပုံဆရာ ဝီလျံအိပ်ချ်မမ်လာဆိုသူထံ၌ ဓာတ်ပုံရိုက်ပါသည်။ ဝီလျံသည် မူလက ကျောက်သွေးလုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သည်။ ဝီလျံသည် မေရီကို သမ္မတကတော်မှန်းမသိပါ။ ပြေစာရေးရန် နာမည်မေးသောအခါ မေရီက မစ္စတွမ်ဒေါ်ဟု နာမည်လွှဲပြော၍ ဓာတ်ပုံရမည့်ရက်မေးပြီး ဓာတ်ပုံရိုက်ခန်းမှ ထွက်သွားပါသည်။

မမ်လာသည် ရိုက်ကူးထားသော ပုံကို ကူးလိုက်သောအခါ ပုံတွင်ဖော်ပြထားသည့်အတိုင်း လူကြီးတစ်ဦး၏ ခပ်ဝါးဝါးပုံရိပ် ပေါ်နေပါသည်။ ပုံရိပ်မှာ ကွယ်လွန်သွားပြီဖြစ်သော အမေရိကန်သမ္မတကြီး လင်ကွန်းနှင့် တူနေပါသည်။ မမ်လာက သူ့အသိမိတ်ဆွေများကို ပြကြည့်သောအခါ ဓာတ်ပုံရှင်အမျိုးသမီးကြီးသည် သမ္မတကြီး၏ဇနီး မေရီတုဒ်ဖြစ်ပြီး နောက်မှအရိပ်မှာ သမ္မတကြီး၏အရိပ်ဟု ဆိုကြသည်။ မမ်လာ၏ ဘဝတစ်ဆစ်ချိုး ပြောင်းသွားပါသည်။ ကျောက်သွေးလုပ်ငန်းရှင်ဘဝမှ ဝိညာဉ်ဓာတ်ပုံပညာရှင်ဘဝသို့ ကူးသွားပါသည်။ ကင်မရာတစ်လုံးဖြင့် အချိန်ပြည့် ဓာတ်ပုံပေါင်းများစွာ ရိုက်ပါတော့သည်။ မမ်လာသည် လင်ကွန်းတစ္ဆေဓာတ်ပုံကြောင့် ဝိညာဉ်ဓာတ်ပုံပညာရှင်ဟု ထင်ပေါ်ကျော်ကြားခဲ့သော်လည်း ၎င်းကွယ်လွန်ချိန် ၁၈၈၄ ခုနှစ်တွင် သူ့ခမျာ စားစရာမရှိ၊ နေစရာမရှိဘဝဖြင့် နိဂုံးချုပ်သွားရှာပါသည်။ သို့သော် ယခုအထိ မမ်လာရိုက်ခဲ့သော ဖော်ပြပါပုံမှာ အမေရိကန်ဓာတ်ပုံသမိုင်းပြတိုက်တွင် ရှိဆဲဖြစ်ပြီး ဓာတ်ပုံပညာရှင်များ ဝိညာဉ်သုတေသီများ လာရောက်လေ့လာဆဲဖြစ်ပါသည်။

လှတိုး(စိတ်ပညာ)

စာကိုး

၁။ GHOSTS CAUGHT ON FILM

၂။ တိုးတက်၏ ဘဝအထွေထွေနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်းများ ၁၉၉၉၊ ဖေဖော်ဝါရီ၊ ရန်အောင်စာပေ



www.burmeseclassic.com

www.burmeseclassic.com

# ကောသာဆီလူး ရွှေးချယ်ခြင်း

## ဂမ္ဘီရဆရာပွင့်

"လောကီကိစ္စဆိုတာ တယ်လည်း ရှုပ်နေတာပဲနော်။ ဒါကြောင့်လည်း ကိစ္စများမြောင် လူတို့ဘောင်လို့ ဆိုလေသလား မသိဘူး"

"ဘာတွေများ ရှုပ်နေလို့လဲကွယ်"

"မမာအားဖြင့် ရေချိုးတာတို့၊ ခေါင်းလျှော်တာတို့၊ ခြေသည်းလက်သည်း လှီးဖြတ်တာတို့၊ ဆံပင်ညှပ်တာတို့တွေတောင် သူ့ရက်နဲ့သူ ရွှေးချယ်နေရတယ် ရှုပ်ယှက်ခတ်နေတာပဲ"

"ရှေးတုန်းတွေပေါ့ကွယ်။ ရှေးလူကြီးသူမတွေ အနေနဲ့လည်း အလုပ်ပိုသက်သက် ပေးတာတော့ မဟုတ်ပါဘူး။ လိုအပ်မှုရှိလို့ လောကီကောင်းရာကောင်းကျိုးအတွက် လုပ်ဆောင်တာပဲ ဖြစ်ပါလိမ့်မယ်"

"ဒါထက် ဆံကေသာကို ဆီလူးတာတောင်မှ သူ့နေ့နဲ့သူ ရွှေးချယ်လူးရတယ်ဆိုတာရော ဟုတ်သလား။ အဲသည်အတွက်ကော ကောင်းကျိုးဆိုးကျိုးတွေ ရှိသလား"

"ရှိပါသော်ကောကွယ်။ ရှေးထုံးတွေကတော့ ရှိနေတာပါပဲ။ ကျင့်ကြံတာ မကျင့်ကြံတာကတော့ မောင်တို့ခေတ်လူငယ်တွေ အပိုင်းပဲပေါ့"

"ကိုင်း・・・ဒါဖြင့်လည်း ဗဟုသုတအဖြစ် ကြားနာပါရစေဦး"

"ဒါဆိုလည်း ပြောရတာပေါ့ကွယ်။ ကိုင်း・・・နားထောင်ချေ"

ကျွန်ုပ်လည်း ဗဟုသုတအလိုရှိသူအတွက် တစ်စုံတစ်ခုသော အကျိုးရရှိစိမ့်သောငှာ မိမိလေ့လာသိရှိထားသမျှကို ပြောပြလိုက်ပါ၏။ လောက၌ သိသူတွေ ဖော်စားမသိသူတွေ ကျော့လွှားသွားကြသည်မှာ ဓမ္မတာပင်။ ဘယ်သူ့မပြု မိမိမှုသာတည်း။

- **တနင်္ဂနွေနေ့၌** ကောသာဆီလူးပါက အဆင်းယုတ်မည်။ တင့်တယ်မှု ဆုတ်ယုတ်မည်။
- **တနင်္လာနေ့၌** ကောသာဆီလူးပါက အများနှစ်လိုခြင်း ခံရမည်။ ပီယစွမ်းအား ထက်မြက်မည်။
- **အင်္ဂါနေ့၌** ကောသာဆီလူးပါက ရန်ဖြစ်မည်။ စကားများရမည်။
- **ဗုဒ္ဓဟူးနေ့၌** ကောသာဆီလူးပါက ကျက်သရေတိုးပွားမည်။ တင့်တယ်မည်။
- **ကြာသပတေးနေ့၌** ကောသာဆီလူးပါက ဦးခေါင်းခဲခြင်း၊ အကြောတက်ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်းကို ကြုံမည်။
- **သောကြာနေ့၌** ကောသာဆီလူးပါက လာဘ်ရှင်မည်။ ငွေဝင်ကိန်းကြုံမည်။
- **စနေနေ့၌** ကောသာဆီလူးပါက အမှုပြဿနာအလုံးစုံကို အောင်မြင်နိုင်ပါသည်။

ဂမ္ဘီရဆရာပွင့်



www.burmeseclassic.com

www.burmeseclassic.com

(တရုတ်ဂမ္ဘီရပညာ)

# မျက်ခုံးမွေးယတြာ

## ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

တရုတ်ဂမ္ဘီရပညာရှင်များက လူတို့၏ မျက်ခုံးမွေးသည် လူတစ်ယောက်၏ ကံကြမ္မာနှင့်ပတ်သက်ဆက်နွှယ်နေသဖြင့် မျက်ခုံးမွေးယတြာချေတတ်လျှင်၊ ချေလျှင် ကံဆိုးသူတစ်ယောက် ကံကောင်းလာတတ်၏။ လာဘ်ပိတ်သူအဖို့ လာဘ်ရွှင်၊ စန်းပွင့်လာတတ်၏။ ဈေးအရောင်းထိုင်းသူ ဈေးရောင်းကောင်းလာတတ်၏။ စီးပွားကျသူ၊ ကြီးပွားတတ်လာတတ်၏။ လူမုန်းသူ၊ လူချစ်လူခင်များလာ၏။ ဝင်ငွေပိတ်သူ ငွေကြေးလိှမ့် ဝင်လာတတ်၏။ ရောဂါထူပြော၊ ကျန်းမာရေးချို့တဲ့သူ၊ ကျန်းမာရွှင်လန်း၊ လန်းဆန်းလာ၏။ **သို့ဖြစ်လေရာ သင်ကံကောင်းလာစေရန်အတွက် မလွှဲမသွေ ယတြာချေကြရပေမည်။ ယတြာချေသင့်လှ၏။** (မှတ်ချက် – ယတြာဆိုသည်မှာ ဖြစ်ပေါ်လာနိုင်သော မကောင်း(ဆိုးကျိုး)ကျိုးများကို ပျက်ပြယ်စေရန် ဗေဒင်ပညာအရ ဆောင်ရွက်ရသော အစီအရင် (သ၊ ယာတြာ) မြန်မာအဘိဓာန်ချုပ်၊ စာ ၂၉၈)

**ကံကောင်းလာသူ**
**လက်တွေ့သာဓကတစ်ခု**

ဟောင်ကောင်ကျွန်း၊ ဟောင်ကောင်မြို့မှ မစ(စ)တီနာ (Tina) အသက် ၂၆ နှစ်ရှိသူသည် သူမ၏ မျက်ခုံးမွေး ယတြာမချေစဉ်ကဆိုလျှင် ငွေရှာ မရ၊ စီးပွားရေးလည်းကျ၏။ အလုပ်အကိုင်လည်း ပျက်ပြားခဲ့၏။




ကြီးပွားလာဘ်ရွှင်၊
ဘေးကင်း၊
သက်ရှည်ကျန်းမာ
မျက်ခုံးမွေးပုံစံ



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေးချို့တဲ့ပြီး မကြာခဏ ဖျားနာတတ်၏။ သို့ရာတွင် သူမသည် မျက်ခုံးမွေး ယတြာချေပြီးသည့်နောက် ပိုင်းတွင်မူကား ကံကောင်းလာခဲ့ပြီး လာဘ်ရွှင် ကြီးပွားလာခဲ့လေသည်။ ကျန်းမာရေးလည်း ကောင်းမွန်တိုးတက်လာခဲ့သည်ဆိုသည်။ ထိုမျှသာမကဘဲ လူမှုဆက်ဆံရေးတွင် ချောမောပြေပြစ်လာကာ လူချစ်လူခင်ပေါများလာခဲ့သည်ကို အံ့သြဖွယ်ရာ မြင်တွေ့ရသည်ဆိုသည်။

### ယတြာချေသင့်သော မျက်ခုံးမွေးပိုင်ရှင်များ

အောက်ဖော်ပြပါ ပုံသဏ္ဌာန် ခြောက်မျိုးမှာ ကံမကောင်း၊ ကံဆိုးစေသော မျက်ခုံးမွေးမျိုးဖြစ်၍ ယတြာချေသင့်သည်ဟု ပညာရှင်တို့က ဆိုသည်။

### (၁) ကြမ်းတမ်းသော မျက်ခုံးမွေးပိုင်ရှင်



စိတ်တို၊ ကြမ်းတမ်း၊ ခက်တရော်ရှိ၏။ အံပေါင်းအသင်း မဆုံ။ အငြင်းပွားခိုက်ရန်ဖြစ်ပွားတတ်၏။

### (၂) အနောက်၊ အရှုပ် မျက်ခုံးမွေးပိုင်ရှင်



အတွေးအခေါ် မရှင်းလင်း၊ ရှုပ်ထွေး၊ လူတကာနှင့်ဆက်ဆံရေးတွင် မပြေမပြစ်ဖြစ်တတ်၏။

### (၃) ဆက်နေသော မျက်ခုံးမွေးပိုင်ရှင်



သဘောထားမကြီးသူ၊ ယုတ်ညံ့သူ၊ လူတကာအပေါ်၌ သံသယစိတ်နှင့် အမြဲရှုမြင်တတ်သူ ဖြစ်သည်။

### (၄) မျက်ခုံးမွေးအုပ်သူ (မျက်ခုံးမွေးနှင့် မျက်စိနီးကပ်လွန်းသူ)




အတွေးအခေါ် ကျဉ်းမြောင်းသူဖြစ်သည်။ တိုးတက်ကြီးပွားမဟုတ် (အထူးပြုပြင်ရန် လိုသူဖြစ်သည်။)

### (၅) မျက်ခုံးမွေး တိုလွန်းသူ



မျက်စိ(မျက်လုံး)ထက် မျက်ခုံးမွေးတိုသူ၊ အလုပ်လုပ်ရာတွင် အစီအစဉ်အကွက်ချပြီးလုပ်တတ်သူမဟုတ်။ ငွေမစုဆောင်းတတ်။ ငွေစုဆောင်းရန်ခက်ခဲ၊ ဝန်လေးသူဖြစ်သည်။ ကူညီမစမည့်သူ ကင်းမဲ့နေပေလိမ့်မည်။

### (၆) မျက်ခုံးမွေး ကျဲနေသူ



အလုပ်လုပ်လျှင် အဖျားရှူးတတ်သူဖြစ်သည်။ အလုပ်တစ်ခုကို ပြီးဆုံးအောင် (ဆုံးခန်းတိုင်အောင်) မလုပ်တတ်။ လုပ်ငန်းအကြံအစည် ဖြစ်မြောက်အောင်မြင်ရန် မလုပ်တတ်၊ လူပျော့လူညံ့ဖြစ်နေ၏။ ယတြာချေရန် အထူးလိုအပ်၏။

### ယတြာချေနည်း

အလှပြင်ဆိုင်သို့သွားပြီး သင်၏ မျက်ခုံးမွေး လှပတင့်တယ်မှုရှိအောင် မွမ်းမံပြင်ဆင်ပါ။ မျက်ခုံးမွေး မထူ မပါးအောင်၊ မျက်ခုံးမွေး ဆက်နေက ဖြတ်တောက်ပြင်ဆင်ရန်၊ မျက်ခုံးမွေး ကျဲနေပါက သိပ္ပံနည်းပညာသစ်ဖြင့် မျက်ခုံးမွေးစိုက်ပျိုးပြုစုရန် စသည်ဖြင့် လိုအပ်သလို ပြုပြင်ရပါမည်။ ဟောင် ကောင်ကျွန်း၊ စင်္ကာပူမြို့ ဤလို အထူ ပြင်ဆိုင်များရှိပါသည်။ မြန်မာနိုင်ငံတွင် လည်း စုံစမ်းကြည့်နိုင်၏။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**မှီငြမ်းကိုးကား**

**East week (Hong Kon (Health) (22.6.2005) Page (133)**



www.burmeseclassic.com

www.burmeseclassic.com

# ဘာသာပြန် အိပ်မက်

## မောင်မိုးဦး

''မျှော်လင့်ချက်ဆိုသည်မှာ နိုးနေသော လူတစ်ယောက်၏ အိပ်မက်ဖြစ်သည်''ဆိုသော အနောက်နိုင်ငံမှ စကားပုံတစ်ခုကို ကျွန်ုပ်ကြားဖူးသည်။ နိုးနေသော လူတစ်ယောက်၏ အိပ်မက်ဆိုသည်မှာ ပြီးဆုံးမည်မဟုတ်ပေ။ ထို့ကြောင့် မျှော်လင့်ချက်မှန်သမျှလည်း ရှုနေဦးမည်သာဖြစ်သဖြင့် လို့လမလျှော့ရန် သတိပေးထားသောစကားပုံဖြစ်သည်။ မြန်မာစကားပုံနှင့်ဆိုလျှင် ''တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ'' ဆိုသည့်သဘောပင် ဖြစ်သည်။

တစ်စုံတစ်ဦးသည် ဗုဒ္ဓဂယာသို့ ရောက်ချင်မှ ရောက်ဖူးမည်။ ဆီဒိုးနားဟိုတယ်မှာ တည်းချင်မှ တည်းဖူးမည်။ လကမ္ဘာဘက်နှင့် ဆက်ဆံချင်မှ ဆက်ဆံဖူးမည်။ အင်္ဂလန်သို့ ရောက်ဖူးချင်မှ ရောက်ဖူးမည်။ ယာဉ်ကြောပိတ်ဆို့သည့်ဒဏ်ကို ခံချင်မှခံဖူးမည်။ အပေါ်ဆိုင်သို့ ရောက်ချင်မှ ရောက်ဖူးမည်။ မိုးယုစံနှင့် စကားပြောချင်မှ ပြောဖူးမည်။ ထီပေါက်ဖူးချင်မှ ပေါက်ဖူးမည်။ သို့သော် အိပ်မက်မက်ဖူးသူတော့ ရှိမည်မထင်ပေ။

လူအမျိုးမျိုး ပညာရှင်အမျိုးမျိုးက အိပ်မက်ကို [illegible]ဆိုင်ဒီယာနှင့် မိမိဘာသာပြန်ခဲ့ကြသည်။ ပညာရှင်အချို့၏ အဆိုအရ အိပ်မက်မမက်သူ၏ ဦးနှောက်ကြွက်သားများသည် မာကျောနေတတ်သည်ဟု ဆိုသည်။ အိပ်မက်ဆိုသည်မှာ ဦးနှောက်အတွင်း ကျပ်ခဲလာသောကြောင့် စွန့်ပစ်[illegible]တစ်မျိုးဟုလည်း ဆိုကြသည်။ တစ်ခါတစ်ရံ အိပ်မက်သည် ပြဿနာတစ်ခုကို ဖြေရှင်းရန်နည်းလမ်းပေးသော အကြောင်းအရာတစ်ခုဟုလည်း ပြောကြသည်။

ထို့အတူ ဆွမ်ဆီးတက္ကသိုလ်မှ စိတ်ပညာရှင် [illegible]တ်အလာဂရုက အိပ်မက်သည် မိမိဖြစ်ချင်သည့် [illegible]၏ ရေစီးကြောင်းဟုလည်း ဆို၏။ တချို့ ပညာရှင်[illegible] အိပ်မက်ဆိုသည်မှာ မြင့်မားသည့် အတွေး[illegible]များဖြစ်ပေါ်လာစေရန် အခြေခံအချက်ဖြစ်သည်ဟု [illegible] သုံးသပ်ကြသည်။ ထို့အတူ ချီကာဂိုမြို့မှ ဆရာဝန်ဒေါက်တာ ပိဇာလင်း ကတ်ရိုက်ကလည်း ကျန်းမာရေးချို့တဲ့သော ဝေဒနာရှင်တို့သည် ရှေ့တွင်ဖြစ်လာမည့် အကြောင်းအရာတို့ကို အိပ်မက်မှတစ်ဆင့် ကြိုတင်မြင်ဆင်တတ်သည်ဟုလည်း ဆိုကြသည်။

ထို့ပြင် စိတ်ပညာပါရဂူ ဂွန်အဲလိယက်ကလည်း လူ၏စိတ်သည် တန်ခိုးသတ္တိထူးများရှိနေခြင်းကို ကျွန်ုပ်တို့လက်ခံနိုင်လျှင် အိပ်မက်သည်လည်း တစ်ခါတစ်ရံ ကြိုတင်သိစွမ်းနိုင်သော သတ္တိရှိသည်ဟု ဆိုခဲ့ဖူးသည်။ တချို့ကလည်း အိပ်မက်ဆိုသည်မှာ မသိစိတ်၏စဉ်းစားမှု (သို့မဟုတ်) လူက စဉ်းစားမဟုတ်ဘဲ သူ့အလိုအလျောက်စဉ်းစားစိတ်ကူးယဉ်ခြင်းတစ်မျိုးဟုလည်း ဆိုသည်။ ပညာရှင်အမျိုးမျိုး သူတို့ ရှုထောင့်ကနေ ကောက်ချက်မျိုးမျိုး ဆွဲခဲ့ကြ၏။ သို့သော် ဘာကြောင့် အိပ်မက်မက်ရသည်ကို လူတွေ၊ ပညာရှင်တွေ တွေးတောရင်း အိပ်မက်မက်နေကြဆဲပင်ဖြစ်သည်။

ထို့ပြင် အိပ်မက်မက်သူသည် လူဖြစ်သောကြောင့် အိပ်မက်ထဲတွင် လူနှင့်ပတ်သက်သော အကြောင်းအရာများသာ မြင်မက်လေ့ရှိသည်။ အိပ်မက်ထဲတွင် လူသည် တစ်ခါတလေ ပြုလုပ်သူဖြစ်သလို ခံစားရသူလည်းဖြစ်နိုင်သည်။ သို့သော် မိမိဖြစ်ချင်သော ကိစ္စများဖြစ်လာရန် အိပ်မက်ဖြင့် မဖန်တီးနိုင်သလို မဖြစ်ချင်သောအရာများကိုလည်း တားဆီးလို့မရနိုင်ပေ။ အိပ်မက်ဆိုသည်မှာ မက်ချင်ရာ မက်ခြင်းဖြစ်သောကြောင့်ဟု မည်သို့မျှ ကြိုတင်မသိနိုင်ပေ။ မက်ခဲ့သည့် အိပ်မက်သည် လူတို့အတွက် အသုံးမတဲ့ဟု ပြောလို့မရသလို အိပ်မက်နှင့်ပတ်သက်ပြီး လူတို့မသိနိုင်သော အံ့သြစရာကောင်းသည့် အဖြစ်အပျက်များလည်း သမိုင်းမှာရှိနေကြောင်း အိပ်မက်နှင့်နွယ်သော စာအုပ်တစ်အုပ်မှာ ကျွန်ုပ်ဖတ်ဖူးသည်။

သိပ္ပံပညာရှင် နယူတန်သည် ခက်ခဲသော ပုစ္ဆာတစ်ပုဒ်ကို အိပ်မက်ထဲတွင် အဖြေရခဲ့ကြောင်း မဂ္ဂဇင်းတစ်



www.burmeseclassic.com

www.burmeseclassic.com

အုပ်မှာ ဖော်ပြဖူးသည်။ ထိုအဖြစ်အပျက်မျိုးကို ကျွန်တော် ကိုယ်တိုင်လည်း ကြုံဖူးသည်။ ကျွန်တော်က မဂ္ဂဇင်းဂျာနယ် တချို့တွင် ဝတ္ထုနှင့်ဆောင်းပါးရေးသည်။ တစ်ရက်မှာ ရေးဖြစ်သော ဝတ္ထုတစ်ပုဒ်အတွက် စိတ်တိုင်းကျသည့် ခေါင်းစဉ်မရသောကြောင့် မပေးဘဲ သည်အတိုင်းထားလိုက်၏။ ထို့ကြောင့် ခေါင်းစဉ်အတွက် အချိန်တိုင်းစဉ်းစားနေမိသည်။ အိမ်မှာ၊ လက်ဖက်ရည်ဆိုင်မှာ၊ ကားပေါ်မှာ၊ ရထားပေါ်မှာ အမြဲတမ်း ဦးနှောက်ကိုအလုပ်ပေးနေသော်လည်း စိတ်တိုင်းကျသည့် ခေါင်းစဉ်တစ်ခု ရမလာခဲ့ပေ။ နောက်ဆုံးသုံးရက်လောက်အကြာတွင် ကျွန်တော့်ခေါင်းစဉ်ကိစ္စက အိပ်မက်ထဲအထိ ရောက်သွားခဲ့၏။ ထို့အတူ ကျွန်တော်လိုချင်နေသော ခေါင်းစဉ်တစ်ခုကို အိပ်မက်ထဲမှာပင် ရှာဖွေတွေ့ရှိသွားခဲ့လေသည်။ (သို့သော် ကံဆိုးသွားသည်မှာ ထိုခေါင်းစဉ်နှင့် ထိုဝတ္ထုကို စာပေစိစစ်ရေးက ကင်ဆယ်လုပ်လိုက်သည်။)

* * *

ကျွန်တော်သည် လူသားတစ်ယောက်ဖြစ်သည့်အတွက် ငယ်စဉ်ကတည်းက မကြာခဏ အိပ်မက်မက်တတ်သည်။ မက်သမျှ အိပ်မက်တိုင်းတွင် စားစရာသောက်စရာများ အမြဲပါနေတတ်သည်။ ထို့ကြောင့် အိပ်မက်မက်ခြင်းသည် ထူးခြားသောခံစားမှုဟုလည်း ကျွန်တော်ထင်သည်။

မှတ်မှတ်ရရ ကျွန်တော် အလယ်တန်းကျောင်းသားဘဝက ရန်ကုန်မှာရှိသော ဦးလေးအိမ်မှာ လာနေသည်။ ထို့ကြောင့် ရွာမှာကျန်ခဲ့သော အမေ့ကို သတိရနေသည်။ နေ့တိုင်းလည်း အမေ့ကိုမျှော်သည်။ သုံးလတစ်ကြိမ်မှ အမေက ရန်ကုန်လာသည်။ ထိုစဉ်က ယခုလို ကားလမ်းမရှိသေးသဖြင့် သင်္ဘောနှင့် ညအိပ်လာရသည်။ ထို့ကြောင့် အိမ်ကို မနက်စောစော ၃း၃၀ နာရီ (သို့) ၄း၀၀ နာရီလောက် ရောက်လာတတ်သည်။

သည်လိုနှင့် အမေတစ်ခေါက်လာသွားပြီးနောက် နောက်တစ်ခေါက် မလာခင်မှာ အမေ့ကိုမျှော်ရပြန်သည်။ အမေပြန်သွားသည်မှာ မကြာသေးသဖြင့် မလာနိုင်မှန်းသိသော်လည်း အမေ့ကိုလွမ်းနေမိ၏။ သို့သော် နောက်တစ်ညမှာ အမေ့ကို အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် မနက်

**လေ့လာတွေ့ရှိချက်အရ မိန်းမများသည် အခက်အခဲများနှင့် အာရုံတင်းကျပ်ရှုပ်ထွေးမှု များလာသည့်အခါ အိပ်မက်မက်တတ်သည်ဆိုသော အချက်ပင်ဖြစ်သည်။**

စောစော အမေတံခါးလာခေါက်သည်ဟုမက်သည်။ ထိုနောက် အပေါ့အပါးသွားပြီး ပြန်အိပ်ပျော်သွားသည်။ (ထိုစဉ်က ကျွန်တော်သည် ကမာရွတ်မြို့နယ် ဗဟိုလမ်းမှာနေသည်။ ထန်းတစ်ပင်ကျောင်း တက်သည်။) မနက် ၄ နာရီဝန်းကျင်လောက်တွင် အိမ်ရှေ့မှာ ကားရပ်သံကြားပြီး တံခါးလာခေါက်သူမှာ အမေဖြစ်နေလေသည်။ ထိုစဉ်က အမေသည် အခြားကိစ္စတစ်ခုနှင့် ရန်ကုန်သို့ တက်ရောက်လာခြင်းဖြစ်သည်။

လူတိုင်း အိပ်မက်မက်ကြသည်။ တချို့အိပ်မက်က လူအများမက်သည့် သာမန်အိပ်မက်မျိုးသာဖြစ်သော်လည်း တချို့အိပ်မက်က အနည်းငယ် ထူးဆန်းသည်ဟု ပြောလို့ရသည်။ ငယ်စဉ်မက်သည့် အိပ်မက်က ရိုးသည်။ အိပ်မက်ထဲတွင် မုန့်တွေအများကြီးစားရသလို ပိုက်ဆံအများကြီးလည်း ရှိဖူးသည်။ ထို့ကြောင့်ပျော်သည်။ သို့သော် အိပ်ရာမှနိုးသောအခါ ဘာမှမရှိတော့သဖြင့် ဝမ်းနည်းရပြန်သည်။ တစ်ခါတစ်ရံ ခရီးဝေးသွားရသည်ဟု မက်သည်။ မိုးလင်းသောအခါ အဝေးမရောက်ဘဲ အိပ်ရာပေါ်မှာရှိနေပြန်သည်။ သို့သော် ထူးဆန်းသော အိပ်မက်ကို မက်ခဲ့သူမှာ ကျွန်တော့်မိန်းမ၏ ညီမဝမ်းကွဲလေးတစ်ယောက်ဖြစ်သည်။ သူ့အိပ်မက်က ရိုးသလိုရှိသော်လည်း ဆန်းသည်ဟုလည်း ပြောလို့ရသည်။

တစ်ရက်မှာ . . . ကျွန်တော့်အမျိုးသမီးက အထူးအဆန်းစကားတစ်ခွန်းဆိုလာခဲ့၏။ ထိုစကားမှာ -



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ... မခင်မေရဲ့သားလေး မွေးနေ့ပွဲသွားမယ် လိုက်မှာလား"

ကျွန်တော် နားမလည်နိုင်လောက်အောင် ဖြစ်သွားသည်။ မခင်မေဆိုသူမှာ ကလေးနှစ်ယောက်ရှိပြီး သူ့ယောကျ်ားက ဝန်ထမ်းတစ်ယောက်ဖြစ်သည်။ ကိုယ်ပိုင်အိမ်မရှိသဖြင့် အမြဲလိုငွေပြနေသော မိသားစုဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ်လောက်ကဆိုလျှင် သူတို့မိသားစု ယခုထက်ပို၍ ဒုက္ခရောက်သည်။ အိပ်စရာ ခြင်ထောင်မရှိသည်အထိ အဆင်မပြေခဲ့ကြပေ။ ကျွန်တော်နှင့် သိပ်အဆက်အသွယ်မရှိသော်လည်း ကျွန်တော့်အမျိုးသမီးနှင့် ဖုန်းအဆက်အသွယ်ရှိသည်။

"နေပါဦးကွ၊ သူတို့က ကလေးမွေးနေ့လုပ်မယ်ဆိုတော့ ပြေလည်နေပုံရတယ်"

"ဟုတ်တယ် အစ်ကိုရေ၊ သူတို့က အရင်လို အိမ်ငှားမဟုတ်တော့ဘူး။ ကိုယ်ပိုင်အိမ်နဲ့ လှိုင်သာယာမှာ၊ စီးပွားရေးလည်း အဆင်ပြေတယ်"

ထို့ကြောင့် ကျွန်တော်က မခင်မေတို့ မိသားစု၏ အပြောင်းအလဲကို စိတ်ဝင်စားပြီး မေးကြည့်ရာမှ အိပ်မက်နှင့်ပတ်သက်သော အဖြစ်အပျက်တချို့ကို သိလိုက်ရလေသည်။

တစ်ရက်မှာ မခင်မေယောကျ်ားဘက်မှ ဦးလေးတစ်ယောက် ရန်ကုန်လာသဖြင့် မိသားစု ဘုရားလိုက်ပို့ကြသည်။ ပထမနေ့ ကမ္ဘာအေးလိုက်ပို့သည်။ နောက်တစ်ရက် ရွှေတိဂုံလိုက်ပို့ပြီး အပြန်တွင် ဆူးလေဘုရား ဝင်ဖူးသည်။ ထို့နောက် သူ့အဒေါ်တစ်ယောက်ရှိသည့် တာမွေသို့ဝင်သည်။ ထိုညက ပင်ပင်ပန်းပန်းနှင့် အိပ်ပျော်သွားရာတွင် မခင်မေ အိပ်မက်မက်လေသည်။ အိပ်မက်ကလည်း အထူးအဆန်းမဟုတ်။ နေ့လယ်က ဘုရားသွားခဲ့သည့်အတိုင်းဖြစ်သည်။ တစ်ခုပိုလာသည်မှာ ဘုရားမှအပြန် ကားစောင့်နေစဉ် လမ်းလျှောက်တတ်ခါစ ကလေးတစ်ယောက်က သူနှင့်လိုက်ခဲ့ပါရစေဟုဆိုသည်။ သူကလည်း ကလေးနှစ်ယောက်နှင့် အဆင်မပြေသဖြင့် ငြင်းသည်။ သို့သော် ထိုကလေးက "ကျွန်တော့်မှာ အထုပ်ပါတယ် လိုက်ပါရစေ" ဟု အတင်းအကျပ်တောင်းပန်သောကြောင့် သူလည်း အိမ်သို့ခေါ်လာခဲ့သော အိပ်မက်ပင် ဖြစ်၏။ (အိပ်မက်ထဲတွင် ကလေးက အထုပ်ကိုင်ထားသည်။)

ထိုဇာတ်လမ်းကို အကျဉ်းချုပ်ဆိုရသော် မကြာခင် မခင်မေမှာ ကိုယ်ဝန်ရှိသည်။ အိပ်မက်ထဲက ခေါ်လာခဲ့သလို ယောကျ်ားလေးမွေးသည်။ ထိုကလေးမွေးပြီးနောက် သူ့ယောကျ်ား ရာထူးတိုးလာခဲ့သည်။ ယောကျ်ားဘက်မှ အမွေလည်းရသည်။ အောင်ဘာလေထီ နှစ်ကြိမ်ပေါက်သည်။ နောက်ပိုင်း ကိုယ်ပိုင်အိမ်နှင့်ဖြစ်လာပြီး ယခု ထိုကလေးလေး၏ နှစ်နှစ်ပြည့်မွေးနေ့ပွဲကို ပြုလုပ်ခြင်းဖြစ်သည်။

သို့သော် ထိုနေ့က ကျွန်တော် မအားသဖြင့် လိုက်မသွားပေ။ ထို့ကြောင့် ကျွန်တော် အိပ်မက်ကို အဓိပ္ပာယ်အရမ်းမဖွင့်ရဲပေ။ ယခင်ကဆိုလျှင် အိပ်မက်ဆိုတာ မက်ချင်ရာမက်ကာ အတိတ်နိမိတ်မဟုတ်ဘူး၊ အရေးထားစရာမလိုဘူး။ သူက မက်ပြီး မိုးလင်းပျောက်သွားတာပဲဟု ပေါ့ပေါ့တန်တန် မပြောရဲတော့ပေ။ ထို့ကြောင့် အိပ်မက်တိုင်းသည် သူ့အတိုင်းအတာနှင့်သူ အဓိပ္ပာယ်ရှိနေဦးမည်သာဖြစ်၏။ ကျွန်တော့်သားဆိုလျှင် မကြာမကြာအိပ်မက်မက်သည်။ သူ့အိပ်မက်က ကျွန်တော်တို့ငယ်စဉ်ကလိုပင် မုန့်စားရသည်၊ ပိုက်ဆံရသည်ဟု မက်နေဆဲဖြစ်၏။

ထိုဖြစ်စဉ်တွင် မခင်မေသည် ကလေးနှစ်ယောက်နှင့် ဆင်မပြေဖြစ်နေချိန်တွင် ဦးလေးတစ်ယောက်ကို ဘုရားဖူးလိုက်ပို့ခြင်းဖြင့် ကုသိုလ်ယူခဲ့သည့် ထိုဝန်ဆောင်မှုဒါန၏ အကျိုးဆက်ကို သူခံစားလိုက်ရသည်ဟု ကျွန်တော် ရိုးသားစွာ တွေးကြည့်မိသည်။

တက္ကဆက်ကောလိပ်မှ သုတေသနအဖွဲ့အစည်း တစ်ခု၏ လေ့လာတွေ့ရှိချက်အရ မိန်းမများသည် အခက်အခဲများနှင့် အာရုံတင်းကျပ်ရှုပ်ထွေးမှု များလာသည့်အခါ အိပ်မက်မက်တတ်သည်ဆိုသော အချက်ပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့လူသားတွေအားလုံး အိပ်စက်ကြဦးမည်ဖြစ်သလို အိပ်မက်တွေလည်း အခါအားလျော်စွာ မက်ကြရဦးမည်ဖြစ်၏။ မက်လာမည့် အိပ်မက်များက ကျွန်တော်တို့ ဘဝကံကြမ္မာ အဆိုးအကောင်းကို မည်သို့လမ်းပြကြမည်ဆိုသည်ကိုလည်း ကျွန်တော်တို့ သတိထားဖို့သာ လိုအပ်လှပေသည်။

**မောင်ရိုးဦး**



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်သရဲ ထူးခြားဖွံ့ဖြိုးတိုးတက်အောင်

# ဆောင်ရွက်တတ်မှု အနုပညာ

မောင်ကျေးရှူး

သစ်သားတုံးကို ပန်းပုဆရာက ဆောက်နှင့် ဖြတ်တောက် လိုရာပုံသွင်းလိုက်သောအခါ လှပချောမောသော အမျိုးသမီးပုံ ထွက်လာသည်။ ပြောင်မြောက်သော စိတ်ကူးနှင့် ဖန်တီးရာမှ ပန်းပုရုပ်အံ့ဖွယ်သရဲအသက်ဝင်လာခြင်း ဖြစ်ပါ၏။

ဘဝတွင် ရှုံးနိမ့်မှု၊ မျှော်လင့်ချက်ပျက်ရမှုများ ကြုံတွေ့ရပါက ၎င်းတို့ကို သစ်သားအရိုင်းတုံးလို သဘောထားပြီး လိုရာပုံသွင်းယူပါက အောင်မြင်ပျော်ရွှင်သော လူတွေ ဖြစ်လာမည်။ အံ့ဖွယ်သရဲအလုပ်လုပ်မည်ဆိုလျှင် ဘဝသစ်ကို တည်ဆောက်နိုင်မည်။

**အာနိုးဘင်းနက်က** ဤသို့ရေးခဲ့၏။

"အလင်းရောင်ကလေး တစ်မျှင်၊ အဖိုးတန် အရိပ်အမြွက်ကလေးတစ်ခုသည် ဘဝတစ်ခုလုံး၏ စိတ်ဓာတ်ခွန်အားကို ဖြစ်စေ၍ သူ့ဘဝကို ရှေ့ဆောင်မည့် မီးရှူးအလင်းရောင်ကို ရစေသည်"

**အလုပ်ကိုအံ့ဖွယ်သရဲ ထူးခြားကောင်းမွန်အောင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တတ်ဖို့အတွက်**

- ချီးကျူးဂုဏ်ပြုပေးပါက အလုပ်လုပ်သူကို တန်ဖိုးထားနှစ်သက်လေးစားခြင်းသည် အလုပ်ကို ပြီးမြောက်ပြည့်စုံစေ၏။
- အမြင်ကြည်လင်အောင် အရောင်ခြယ်ပေးပါ။ လူတွေကို သူတို့ဖြစ်ထွန်းမည့် အလားအလာကို မြင်အောင် ကူညီပါ။
- သူတစ်ပါးအပေါ် ယုံကြည်နားလည်မှုရှိပေးပါ။

**သောမတ်အက်ဒီဆင်ကို** သူ့ဆရာက မျှော်လင့်ချက်မရှိဆိုပြီး အိမ်ပြန်လွှတ်ခြင်းခံရ၏။ နှစ်များစွာကြာတော့ အက်ဒီဆင်က ဤသို့ရေးခဲ့သည်။

"ကျုပ်ဘာကြောင့် အောင်မြင်ရသလဲဆိုတော့ ကျုပ်အမေက ဘယ်တော့မှ ကျုပ်အပေါ် ယုံကြည်မှု တစ်စက္ကန့်မျှ မလျော့ခဲ့လို့ပဲဗျ"

- သတ္တိရှိအောင် အားပေးပါ။ အချို့စိတ်ကူးကောင်းသော်လည်း အားပေးမှုမရှိ၍ သဲထဲရေသွန် အချည်းနှီးဖြစ်ရသည်။ အချို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စွန့်လွှတ်ရသည်မှာ ကြောက်ရွံ့စိုးရိမ်၍ ဖြစ်၏။ လူတွေကို ဝမ်းမြောက်ဝမ်းသာ အော်ဟစ်အားပေးပါ။ သူတို့ရင်ထဲမှာ သတ္တိရှိလာအောင် တစိမ့်စိမ့်သွင်းပေးပါ။
- စိတ်ကူးယဉ်ကြံစည်တတ်အောင် နှိုးဆွပေးပါ။ လူတစ်ယောက်၏စိတ်ကို ဘဝရည်မှန်းချက် တည်းဟူသော မီးတို့ပေးလိုက်သောအခါ ဘာဖြစ်မည်ဆိုတာ မပြောနိုင်ပါ။ ဆရာဖြစ်သူ **မင်တာဂရာဟမ်က** ထွန်းညှိပေးလိုက်သော မီးကြောင့် **တပည့်အေဘရာဟင်လင်ကွန်း** နောင်အခါ သမ္မတကြီးဖြစ်သွားသည့်ထုံး နှလုံးမူပါ။
- မျှော်လင့်ချက်ကြီးကြီးထားပါ။ မဖြစ်နိုင်ဘူးထင်တာတွေ ဖြစ်လာမည်။
- စိတ်ရှည်သည်းခံပါ။ လူအချို့သည် သဘော်ကမ်းမကပ်မီက ကုန်းပတ်ပေါ်မှ ဆင်းကြ၏။ အလုပ်လုပ်တာနှင့် အချိန်စောင့်တာကို ဉာဏ်ဖြင့်ချိန်ဖို့ လိုအပ်သည်။ အချိန်သည် ပြဿနာကိုရှင်းသည့် စွမ်းအားရှင်မည်၏။
- စံနမူနာကောင်းပြပါ။ သူတစ်ပါးက သင့်ကိုအတုယူကြမည်။ စံနမူနာကောင်း၏။ တန်ခိုးစွမ်းအင်သည် အားလုံးထဲတွင် အစွမ်းအထက်ဆုံးဖြစ်ပါ၏။

ဆုံးစမမြင်သော ဖြစ်နိုင်စရာအလားအလာများ အသက်ဝင်ဖြစ်ထွန်းလာအောင် သဘာဝနိယာမတရားနှင့်အညီ အလုပ်လုပ်ကြပါစို့။

**မောင်ကျေးရှူး**

၀၉-၂၅၄၂၆၃၂၆

*Ref : The Art of Miracles from The Art of Living by W.Peterson (USA)*



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရှယ် ဆရာဒေအာင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထိုနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# ဒေအာင်ဝိဇ္ဇာဗိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှုန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာဗိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်း ကြီးလာခြင်း၊ အရိအချွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568) သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
ရန်ကုန်ဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
နယ်ဖြန့်ချိရေး - ကိုဝင်းမြင့်+မဘေဘိ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလုစိုး(သိမ်ကြီးဈေး)၊ လူထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျံ(သိမ်ကြီးဈေး)၊ အာရောဂျံ န(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောင်စဉ်ကြာဖွေနှင်းမှ ရွှေမိုးပုံပြင်

**လေးသူစံ**

ဝန်ခံချက်

ဤဝတ္ထုရှည်သည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီနှင့် မတ်လများမှာ ဖော်ပြပါရှိခဲ့သည်။ ဤဝတ္ထုရှည်ကို ဆက်လက်ရေးသားပါရန် စာချစ်သူပရိတ်သတ်များ၏ တိုက်တွန်းချက်အရ ချက်ချင်းရေးသားရန် ဖြစ်သော်လည်း စိတ်ကူးလည်းမရ၊ တွေလီကာလီ အလုပ်တွေကလည်း ရှုပ်ထွေးနေခဲ့ပါသဖြင့် ယခုမှ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

[illegible]ခဲ့သည့် ဇာတ်လမ်းအကျဉ်း

တောင်ပေါ်တစ်ဝက်၊ မြေပြန့်တစ်[illegible] တည်ရှိနေပါသော ကေသဝတီ[illegible]နေပြည်တော်ကြီးရှိ ကျိုက်ဒေးယျ[illegible]င်ပေါ်ကျောင်းမှ မထေရ်မြတ်နှင့်[illegible]ကြီးတို့မှာ ပင်လယ်ထဲတွင် လှေ[illegible]တစ်စင်းနှင့် ထွက်ပြေးခဲ့ကြရပါ၏။

အကြောင်းမှာ မထေရ်မြတ်၏[illegible]ကြီး ပန်းချီကျော် မိသင်္ဂီနှင့် နန်း[illegible]လ်မှူးလေး မင်းသစ္စာတို့၏ နှလုံး[illegible]တ်ကြောင်းကြောင့်ပင်။ ပြည့်ရှင်[illegible] မြောက်နန်းမတော်မိဖုရားမှ မွေး[illegible]ခဲ့သူ ဗိုလ်မှူးလေး၏ လက်ဆက်ရမည့် ကြင်ဖက်သင်နံ့မှာ မိဖုရားခေါင်ကြီး၏ ရင်နှစ်သည်းချာ ပင်တိုင်စံထိပ်ထားလေးသာ ဖြစ်ပါ၏။

ထို့ကြောင့် ဗိုလ်မှူးလေးနှင့် အခြားသမီးပျိုတစ်ဦးဦး ရည်ငံကြလျှင်ဖြစ်စေ၊ ထိပ်ထားနှင့် အခြားလုလင်ပျိုတို့ ငြိတွယ်ခဲ့ကြလျှင်ဖြစ်စေ ထိုသူတို့မှာ အပြစ်ဒဏ်ခံရရုံသာမက ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့ကိုပါ အပြစ်ပေးခြင်းခံကြရမည်ဆိုသည့် ပြင်းထန်လှသော မင်းအမိန့်တော်ကြီး ထုတ်ပြန်ထားကြောင်းကို ကေသဝတီ တိုင်းသူပြည်သားအားလုံး သိထားကြပါ၏။

သို့သော်လည်း ပင်တိုင်စံ ထိပ်ထားလေးက အသက်နှစ်ဆယ်ပြည့်သည့် ကဆုန်လပြည့်နေ့တွင် ဘိက္ခုနီဝတ်၍ သာသနာ့ဘောင်သို့ ကူးပြောင်းမည်ဖြစ်ကြောင်းကို ဗိုလ်မှူးလေးအား အသိ ပေးခဲ့ပါ၏။ ဗိုလ်မှူးလေးသည် ဤသတင်းကို အသိပေး ကြားသိစေချင်လွန်းပါသဖြင့် ချစ်သူနှစ်ဦး ချိန်းဆိုတွေ့ဆုံခဲ့ကြပါလေသည်။ မြင်တွေ့သွားသူက မိသဥ္ဇာ၊ မိသင်္ဂီ၏ ညီမအငယ်ဆုံး ဖြစ်ပါ၏။

ဗိုလ်မှူးလေးအပေါ် တစ်ဖက်သက် တိမ်းညွှတ်နေသူဖြစ်၍ အတ္တမာနဒေါသကြီးသူပီပီ ဤသတင်းကို မိဖုရားခေါင်ကြီးအား သွားရောက်လျှောက်တင်လေတော့သည်။ ချစ်ဆိပ်ရည် သင့်နေခဲ့သော်လည်း မိသဥ္ဇာ၏ ကောင်းကွက်က အစ်မဖြစ်သူ၏ နှလုံးသားကျူးလွန်မှုပြစ်ဒဏ်ကြောင့် သူကိုယ်တိုင်လည်း အပြစ်ဒဏ်ခံယူပါမည်။ သို့သော် မိဘများနှင့် ဆွေမျိုးများအား အပြစ်ဒဏ်မှ ကင်းလွတ်ပေးပါရန် လျှောက်ထားခဲ့ပါ၏။

ချစ်သူနှစ်ဦးအား ဖမ်းဆီး၍ ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာစေရန်ကို ခေါင်ဖုရားကြီးမှ အမိန့်ထုတ်လိုက်ပါတော့သည်။ အပျိုတော် မရွှေစာက ထိုအမိန့်တော်ကို ထိပ်ထားသခင်မလေးထံ အပြေးအလွှား သတင်းပို့ခဲ့၏။

သူတို့ ချစ်သူနှစ်ဦးကို မိသဥ္ဇာ မြင်တွေ့သွားပြီဖြစ်ကြောင်းကို ရဲမက်မင်းဗလ၏ လျှောက်တင်ချက်အရ သိခဲ့ရပြီဖြစ်သော ဗိုလ်မှူးလေးသည် ချစ်သူမိသင်္ဂီကို ကျိုက်ဒေးယျ တောင်တန်းတစ်နေရာရှိ ဟင်္သာဂူကြီးအတွင်းသို့ အမြန်သွားရောက်ပြီး ပုန်းခိုစောင့်ဆိုင်းစေခဲ့၏။ သူကတော့ ထိပ်ထား၏တော်ပင်

www.burmeseclassic.com

www.burmeseclassic.com

တိုင်မြန်နန်းသို့ မြင်းညိုကြီးနှင့် အသော့နှင်ရပါလေသည်။

တရားသိ၍ စိတ်ထားပြည့်ဝသော ထိပ်ထားလေးခမျာ အစ်ကိုတော် ဗိုလ်မှူးလေးကိုခေါ်ယူ၍ မယ်တော်ကြီးထံသို့ ခစားဝင်ရန် သွားရောက်ခဲ့သော်လည်း အပျိုတော်မရွှေစာ၏ သတင်းပို့မှုကြောင့် ဖမ်းဆီးနိုင်းထားပြီဖြစ်ကြောင်း သိလိုက်ကြရ၏။ ထိုအခါ ထိပ်ထား၏ စီမံချက်အရ ဗိုလ်မှူးခမျာလည်း ရှောင်တိမ်းရပြန်ပါတော့သည်။

ချစ်သူနှစ်ဦးသည် ညချမ်းချိန်သို့ ရောက်မှပင် ထူထပ်သော တောအုပ်၏ အကာအကွယ်ကိုယူ၍ လွတ်လမ်းကို ရှာဖွေရပါသည်။ တောင်ပေါ်လမ်း ဖြစ်ပါသဖြင့် ခရီးက မတွင်ရသည့်အထဲ ခလုတ်တိုက်မိသွားခဲ့ရာ ခဲလုံးများက အလဲလဲအပြိုပြို လိမ့်ဆင်းသွားပါသောကြောင့် ရန်သူတို့ကို ဖိတ်ခေါ်ခဲ့သလို ဖြစ်ပါ၏။ မည်သို့မျှ မပြေးနိုင်တော့။ ရှေ့မှာက ချောက်ကမ်းပါး။ နောက်မှာက ရန်သူများ။

နှစ်ဦးသား လက်ခြင်း မြဲမြဲစွာ ဆုပ်ကိုင်ထားကြ၍ ချောက်ထဲသို့ ခုန်ချလိုက်ကြပါတော့သည်။

တစ်ခုသောဂူတစ်ခုထဲတွင် ပုန်းအောင်းနေခဲ့ကြပါသော ကျိုက်ဒေးယျုကျောင်းမှ မထေရ်မြတ်နှင့် ရသေ့ကြီးတို့ခမျာ နံနက်မိုးလင်းမှသာ ဗိုလ်မှူးလေးနှင့် အစ်မကြီး မိသင်္ဂီတို့၏ အဖြစ်ဆိုးကို မြင်တွေ့ရပါတော့သည်။ မထေရ်ကြီးက မိသင်္ဂီ၏ မောင်ဖြစ်ပါသောကြောင့် ချစ်သူနှစ်ဦး၏ ရုပ်အလောင်းတို့ကို ဟသ်ာဂူရှိရာသို့ ခက်ခဲစွာ သယ်ဆောင်သွားခဲ့ပြီး ကျောက်ခုတင်ပေါ်မှာ ယှဉ်တွဲထားခဲ့ပါတော့သည်။ ဤ အဖြစ်ဆိုးသည် ဤဘဝ နောက်ဆုံးဖြစ်ပါစေဟု ဆုတောင်းပြီး အမျှဝေပေးခဲ့ပါ၏။ ထို့နောက် ကေသာဝတီနေပြည်တော်ကြီးနှင့် အဝေးဆုံးတွာနသို့ ပင်လယ်ပြင်ခရီး နှင်ခဲ့ပါလေတော့သည်။ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ပြစ်ဒဏ်ကို ပယ်ဖျက်ကြောင်းကိုလည်း မသိပါလေတော့။

အထက်ပါ အဖြစ်အပျက်များကို ရုပ်ရှင်ကြည့်နေရသကဲ့သို့ အေးမြစံပယ် အိပ်မက်မက်ခဲ့ခြင်း ဖြစ်၏။ အိပ်မက်ထဲမှ နေရာတို့ကို ရောက်ဖူးသကဲ့သို့ ခံစားမိရာမှ သတိရသွားခဲ့သည်။ မနေ့က ဗိုလ်ချုပ်ဈေးသို့ ရောက်ခဲ့၏။ ဈေးဝယ်အပြီး ပန်းချီပြခန်းသို့ ဝင်ခဲ့သည်။ ညှို့သည်မှတ်တမ်းတွင် ရာပြည့်လက်ဆောင်အဖြစ် ပန်းချီကားကို ရရှိခဲ့၏။ ပန်းချီကားထဲမှ တောတောင်ဂူနန်း ရေတံခွန်နှင့် ရွှေစေတီများက အိပ်မက်ထဲက ပကတိအတိုင်း…

❖ ❖ ❖

**ဆက်လက်ဖတ်ရှုပါရန်**

ကြည့်ရင်းကြည့်ရင်းနှင့် ပန်းချီကားထဲမှ ရှုမျှော်ခင်းတွေက သက်ဝင်လှုပ်ရှားလာခဲ့သည်။ တောအုပ်တွေ ယိမ်းနွဲ့နေကြကုန်သည်။ တောင်တန်းကြီးကလည်း စကြာကဲ့သို့ လည်ပတ်နေခဲ့သည်။

အေးမြစံပယ်ခမျာ လူက ကျောက်ရုပ်ပမာ ဖြစ်နေခဲ့သော်ငြား ဦးခေါင်းတစ်ခုတည်း ချာလည်ပတ်လည်ဖြစ်နေသည်ဟုထင်ရလောက်အောင်ပင် တရိပ်ရိပ်နှင့် ဝို၍ဝို၍ မူးလာခဲ့သည်။ လည်ပင်းတွေလည်း ကွဲထွက်တော့မည်။ အော်ဟစ်ပစ်လိုက်ချင်သည်။ အသံတစ်ခုခု ပြုလိုက်နိုင်လျှင် ခန္ဓာကိုယ်ကြီး လှုပ်ရှားလာမည်ဟု ထင်သည်။ နှုတ်ခမ်းကို ကြိုးစား၍ လှုပ်ကြည့်သည်။ တိုးဖွဖွသာစွာဖြင့် ထွက်လာသော အသံတို့သည်ကား…

ဗိုလ်မှူးလေး မင်းသစွာ…

ပန်းချီကျော် မိသင်္ဂီ…

❖ ❖ ❖

**အရောင်လွှင်းများအောက်**
**နှစ်မြုပ်ခြင်း**

အေးမြစံပယ် ပြောသွားသည့် အကြောင်းအရာတို့ကို သေချာစွာ နား[illegible] ထောင်ပေးနေသည့် စူးရှမြတ်မြတ်ခ[illegible] မျက်မှောင်လေးတွန့်ကွေးစွာ။ မှာထ[illegible] သည့် မုန့်တွေ၊ အအေးတွေက အ[illegible] မယွင်း။

"ဆန်းကြယ်လိုက်တာ စံပ[illegible] ရယ်။ စူးဖြင့် တစ်ခါမှမဖြစ်ဖူးဘူး။ သ[illegible] ဦးက စူးတို့ စံပယ်တို့အရွယ်ပါပဲ။ ပ[illegible] ပြပွဲတွေမှာ တစ်ကြိမ်နှစ်ကြိမ်တော[illegible] ဆုံဖူးပါတယ်။ သီချင်းလည်း အ[illegible] ကောင်းသူဆိုတော့ ပုံပမာသီချင်[illegible] ဆိုသွားတာများ မှုရင်းအဆိုရှင် ကို[illegible] သူ့ အတိုင်းပဲ။ ကျေ့္တ ပန်းချီဆ[illegible] ဘဝဆက်၊ ပဋ္ဌာန်းဆက်များလား…"

"တောက်တီးတောက်တဲ့ဟာ[illegible]"

"သူက နယ်မြို့လေးတစ်မြို[illegible] ပြပွဲရှိမှ ရန်ကုန်ကို လာတာကွ"

စူးရှ၏ ဘဝဆက် ပ[illegible] များလားဆိုသည့် မှတ်ချ[illegible]



www.burmeseclassic.com

www.burmeseclassic.com

စံပယ်ခများ ကြက်သီးတွေ ဖြန်းခနဲ။ သို့သော် ပဋ္ဌာန်းဆက်၊ ဘဝဆက်၊ ဓာတ်ဆက်၊ သိုက်ဆက် ဆိုသည်များက စံပယ်နှင့် အဝေးဆုံးအရာတွေ။ လက်တွေ့မှ ယုံကြည်တတ်သူဖြစ်သဖြင့် ထိုကိစ္စတွေကို စိတ်မဝင်စားခဲ့ပေ။ တမင်ရှောင်ရှားခြင်းမပြုသော်လည်း မနီးစပ်ခဲ့ခြင်းပင်။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ပီပီ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် ကပ်လှူခြင်း၊ ပရိတ်ပဋ္ဌာန်းတော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်းတို့ကိုတော့ ပြုပါသည်။ မဟာစည်ရိပ်သာကြီးမှာလည်း တစ်နှစ်မှာတစ်ခါ တရားစခန်း ဆယ်ရက်ကို ဝင်လေ့ရှိပါသည်။

ဥစ္စာရှာအရွယ် ဖြစ်ပါသော ကြောင့် စီးပွားရေးဘွဲ့ယူထားသူပီပီ စတိုးဆိုင်ကြီးဖွင့်ခဲ့သည်။ အိမ်ဆိုင်လေးများနှင့် ချိတ်ဆက်၍ ပစ္စည်းများဖြန့်သည်။ ရောင်းချပြီးမှ ငွေချေစနစ်ကို ကျင့်သုံးခဲ့၏။ ထို့ကြောင့် အိမ်ဆိုင်လေးများစွာဖြင့် မိတ်ဖြစ်ဆွေဖြစ် စီးပွားဘက်များ တိုးပွားလာခဲ့ရပါ၏။ ယခုအခါတွင် "ပန်းစံပယ်မွှေး"မတ်ကက်ကို သူတို့မြို့နယ်မှာ မသိသူမရှိ ဖြစ်ခဲ့ရပေပြီ။ စံပယ်မှာ ငွေအရင်းအနှီးများစွာ ရှိခဲ့ပါက "ပန်းစံပယ်မွှေး"ကို ကက်ပီတယ်တို့လို၊ အိုးရှင်းတို့လို ကုန်တိုက်ကြီး ဖြစ်စေမည်သာ။ တစ်နေ့နေ့ပေါ့ဟု စိတ်ကူးယဉ်ထားခဲ့သည်။

စံပယ့်ဦးနှောက်ထဲမှာ ကိန်းဂဏန်းတွေနှင့် စီးပွားရေးပဲ ရှိခဲ့ပါသည်။ ယခုလည်း "ပန်းစံပယ်မွှေး"တွင် စာအုပ်ဆိုင်များနှင့်အတူ ပန်းချီပြခန်းလေး ထားရှိချင်သော စိတ်ကူးနှင့် ပန်းချီပြခန်းသို့ ဝင်ရောက်လေ့လာမိရာမှ ဆန်းကြယ်သော အိပ်မက်ကို မက်ခဲ့ရ၏။ ထိုအိပ်မက်သည် ဤပန်းချီကားများနှင့် ဆက်စပ်နေလေသောအခါ...

စူးရှမြတ်မြတ်က အောင်မြင်နေသော ဆရာမတစ်ဦးဖြစ်သကဲ့သို့ ပန်းချီဆရာမလည်း ဖြစ်ပါသောကြောင့် သူ့ကို ချိန်းဆိုတွေ့ဆုံကြ၍ ရင်ဖွင့်ခဲ့ရခြင်းပင်။ စင်စစ် သူငယ်ချင်း စူးရှလည်း မအားလပ်ပေ။ ရှေ့လထဲတွင် စူးရှတို့ ပန်းချီဆရာမ ငါးယောက်၏ ပန်းချီပြပွဲရှိသဖြင့် ပြင်ဆင်အလုပ်ရှုပ်နေသည့် အထဲမှပင် စံပယ့်ကို အချိန်ပေးခဲ့ရခြင်း ဖြစ်ပါ၏။

သူငယ်ချင်းနှစ်ယောက်သား စားသောက်ပြီးစီး၍ ဂျေဒိုးနတ်ဆိုင်မှ ထွက်လာခဲ့ကြပြီးနောက် ဗိုလ်ချုပ်ဈေးရှိ ပန်းချီပြခန်းသို့ ဦးတည်ခဲ့ကြပါသည်။ ကိုးရက်တိတိ ခင်းကျင်းပြသခဲ့သော "ကေသဝတီ"ပန်းချီပြပွဲ၏ နောက်ဆုံးနေ့ဟု သိလိုက်ရ၏။

ပြခန်းသို့ ရောက်သွားသည်နှင့် စူးရှ၏ အပေါင်းအသင်းများက ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ကြ၏။ ကေသဝတီ၏ ပရိသတ်တစ်ရာပြည့် လက်ဆောင်ကို ရရှိသွားသူအဖြစ်လည်း စံပယ့်ကို မှတ်မိနေကြပါ၏။

"သစ္စာဦးကို မတွေ့ပါလား"

"ဘန်ကောက်မှာ ပြပွဲဆက်ဦးမှာလေ။ ဒီမှာက ဖွင့်ပွဲပြီးတာနဲ့ ချင်ချင်းထွက်သွားရတာ။ ဟိုမှာ သူက စီစဉ်ထားနှင့်မယ်။ အစ်ကိုတို့က ဒီပွဲပြီးတာနဲ့ သိမ်းဆည်းပြီး လိုက်ကြမှာ"

"ပြပွဲတိုင်တယ်(လ်)က ဘာထဲ အစ်ကို"

"ကေသဝတီပဲလေ။ ဟိုကလူတွေက သုဝဏ္ဏဘူမိပြပွဲလို့ အမည်တပ်ချင်တယ်။ သစ္စာဦးက မရဘူး။ သူ့ယုံကြည်ချက်နဲ့သူ။ ကေသဝတီမှ မဟုတ်ရင် သွားမပြဘူးတဲ့"

"ဪ..."

"သူက ကံကောင်းတာဟ။ ထိုင်းချန်နယ်က ပုဂ္ဂိုလ်ကြီးတွေ ကျိုက်ထီးဆောင်းဆံတော်ရှင်ကို လာဖူးကြရင်းနဲ့ ကေလာသ မြသပိတ်တောင်ပေါ်တွေကို ရောက်သွားကြတယ်။ အဲဒီတောင်ပေါ်မှာ ဒီကောင်ကြီး ပန်းချီဆွဲနေတာ တွေ့သွားကြရင်းနဲ့ ဆက်မိသွားကြတာပဲ။ သူ့ရဲ့ အထင်ကရ ခြံထဲက ပန်းချီခန်းကို လိုက်ကြည့်ကြတော့ သဘောကျသွားပြီး ဖိတ်သွားခဲ့တာ"

"ဟင်...ဒါဆို ညီမတို့ ပန်းချီပြပွဲချိန်မှာ အစ်ကိုတို့ မရှိကြဘူးပေါ့"

ပန်းချီဆရာလှထွဋ်အောင် ဆိုသည့်သူနှင့် စူးရှတို့ ပြောစကားများကို ပန်းချီကားများကြည့်နေရာမှ ကြားနေရပါ၏။

ပန်းချီကားများသည် တောတောင်ရေမြေသဘာဝရှုခင်းများကိုသာ အဓိကဦးတည်၍ ရေးဆွဲထားကြောင်း သတိထားမိသွား၏။ သည်နေ့မှ စေ့စေ့စပ်စပ်ကြည့်မိခြင်းဖြစ်သည်။ ရောင်းရန်မဟုတ်ဆိုသည့် ပန်းချီကားတစ်ချပ်၏ရှေ့သို့ ရောက်သွားသည့်အခါမှာတော့ စံပယ်ခများ ကျောက်ရုပ် ဖြစ်ခဲ့ရပေပြီ။

ပင်လယ်ပြင်ထဲသို့ တိုးဝင်၍ ငုံ့မျှော်မည့် နေဝင်ဆည်းဆာအလှတရား

www.burmeseclassic.com

တို့ကို တောင်ထိပ်ပေါ်မှနေ ပန်းချီရေးချယ်နေသည့် မိန်းမပျိုတစ်ဦး။ ထိုမိန်းမပျိုလေးက ရေးခေတ်အဝတ်အစား အပြင်အဆင်များနှင့်။ မိန်းမပျိုလေး၏ မျက်နှာက ဘေးစောင်းအနေအထား ဖြစ်သော်လည်း စံပယ် စွဲမြဲမှတ်မိနေသည့် အိပ်မက်ထဲမှ မိန်းကလေး မိသင်္ဂီနှင့် တစ်ပုံစံတည်းပင်။ ဘုရား…ဘုရား…ဘုရား။

ကိန်းဂဏန်းများနှင့်သာ ထွေးလုံးရစ်ပတ်နေလာခဲ့သူ စံပယ်တစ်ပွင့်ခများ ပန်းချီတွေ၊ အရောင်တွေ၊ တောတွေ တောင်တွေတို့နှင့် နောင်ဖွဲ့ရတော့မည်ကို ထိုအချိန်က မသိ မသိခဲ့ပါတကား။

❖ ❖ ❖

မည်သည့်အရာက ဆွဲငင်ညှို့ယူနေလေသနည်း။

စံပယ့်ခများ ပန်းချီကားတစ်ချပ်ကို ကြည့်၍ ရေဆေးမှန်း ဆီဆေးမှန်းပင် မခွဲခြားတတ်သူ။ ပန်းချီနှင့်ပတ်သက်၍ နလပိန်းတုံးသူက ပန်းချီပြပွဲ သတင်းရနံ့ရသည်နှင့် ရောက်ရှိသွားတတ်နေခဲ့ပြီရော။ ပန်းချီပညာရပ်တို့ကို နားမလည်သော်လည်း ခံစားတတ်ပါသေးသည်။ သဘာဝရှုခင်းပုံများကို ကြည့်ရလျှင် လူကိုယ်တိုင် ရောက်ရှိသွားရသကဲ့သို့ ခံစားမိပြီး မြို့ပြဝေဒနာများဖြင့် မွန်းကျပ်လှောင်ပိတ်နေခဲ့သော စိတ်များ ဖြေလျော့သက်သာရာ ရရှိသွားစေသည်ရောလေ…။

စူးရှနှင့် တတွဲတွဲဖြစ်ကြ၍ ပန်းချီဆရာ၊ ဆရာမများနှင့်လည်း မျက်မှန်းတန်းကာ ခင်မင်နေခဲ့ကြပေပြီ။ ဆရာမခင်သန်းမြင့်၊ မမွှေး၊ သန္တာကျော်မောင် စသည့် ဆရာမများနှင့်လည်း လက်ဖက်ရည်ဆိုင် အတူထိုင်ခဲ့ကြသည်။ သူတို့၏ ဆွေးနွေးပြောဆိုချက်များကို နားထောင်ရင်းနှင့် ပန်းချီဝေါဟာရများဖြစ်သည့် Realism, Expressionism, Abstract, Brush Work, Color Emotion, အခရိုင်းလစ်၊ မော်ဒန် စသဖြင့် နားထဲစွဲစပြုခဲ့ပြီ။ သို့သော် ဘာတွေ ဘယ်လိုအရာတွေမှန်း ဂဃနဏ မသိ။

တစ်ခါတစ်ရံလည်း သူတို့အချင်းချင်း အကြောင်းအရာ အယူအဆတွေကို ဝေဖန်ငြင်းခုန်နေကြသည်ကို ပါးစပ်အဟောင်းသားနှင့် ငေးမောနားထောင်ခဲ့ရပါ၏။ စံပယ်သည် ပန်းချီအနုပညာလောက၏ ဖြတ်သန်းမှုအဖုံဖုံ မျိုးစုံတို့ကို နားထောင်ရင်းနှင့် သူ့ကိုယ်သူ ဝေဖန်ဆန်းစစ်ကြည့်မိသည်။

ပန်းစံပယ်မွှေးမတ်ကက်၏ ပန်းချီပြခန်းအတွက် စူးရှ၏ အကူအညီဖြင့် ပြည့်စုံစွာ ရရှိခဲ့ပေပြီ။ ကေသာဝတီပြပွဲမှ ရာပြည့်လက်ဆောင် ရရှိထားခဲ့ပါသော ပန်းချီကားချပ်ကိုလည်း ရောင်းရန်မဟုတ်ပါ စာတန်းနှင့် ချိတ်ဆွဲပြသထားခဲ့ပေပြီ။ တကယ်ဆို သူ့အလုပ်က ပြီးပြီပဲလေ။ သို့သော်လည်း ပန်းချီပြပွဲအသံကြားရသည်နှင့် ရောက်ရှိသွားတတ်သည်ကတော့ ဘာ့အတွက်ကြောင့်ပါလဲ။

သည်လို ဆန်းစစ်ကြည့်မိလေတိုင်း ဒိတ်ခနဲ ရင်ခုန်သွားမိသည်ကလည်း အဘယ့်ကြောင့်ပါနည်း။ အကယ်၍များ ပန်းချီဆရာသစ္စာဦးနှင့် ဆုံတွေ့ခဲ့ရပါက အိပ်မက်ကို ပြောပြရန် ရည်ရွယ်လေသလား။ ဟင့်အင်း…သူ့အိပ်မက်ကို ပြောပြမည်မဟုတ်။ သူ အဲသည်လောက် မကြောင်။ အေးမြစံပယ် ပြုလုပ်ပြမှုရမည့် အဆင့်လည်း မဟုတ်။ အိပ်မက်အကြောင်းအရာတို့ကို မည်သူ့ကိုမှ မပြောရန်ကို စူးရှအား နှုတ်ပိတ်ထားရပါသေးသည်။ ဝတ္ထုရေးမှာစိုး၍လည်း မရေးရန်ကို ပြောထားရပါ၏။

ခက်သည်။ စံပယ်တို့လို စီးပွားရေးဘွဲ့ ရရှိထားသူများက လက်တွေ့သမားများ ဖြစ်ကြပါ၏။ ဒါနဲ့ဒါပေါင်းရင် ဒါရတယ်။ ဒီဥစ္စာကိုနုတ်ရင် ဒီအဖြေပဲရမည်ဆိုသည့် ကိန်းဂဏန်းများနှင့် တိကျသူများပင်။ လုံးဝ စိတ်ကူးမယဉ်။ ခက်တော့နေပြီရော။

စူးရှတို့နှင့် လုံးလုံးထွေးထွေး နေလာခဲ့တော့မှပင် ပန်းချီပြပွဲတွေက ဆက်တိုက်ဆိုသလို ကျင်းပနေမှန်း သိလာရတော့သည်။ River Ayeyarwaddy Gallery၊ Think Art Gallery၊ လောကနတ်၊ Artist Life Gallery၊ The Yangon Gallery စသည်ဖြင့် ပြခန်းအတော်များများကိုလည်း ရောက်ဖူးခဲ့ပြီ။

ကဲ…ဒီတစ်ပွဲတော့ မသွားတော့ပါဘူး။ ခြေငြိမ်လိုက်ဦးမယ်ဟု စိတ်ကူးထားခဲ့သော်လည်း စူးရှက ဖုန်းဆက်လာခဲ့ပါသည်။ သူတို့ ပန်းချီဆရာငါးဦး၏ "ကတ္တီပါလှိုင်းများ" ပန်းချီပြပွဲသို့ ဆက်ဆက်လာခဲ့ပါရန် ဖိတ်ခေါ်ခြင်းပင်။

သို့နှင့်…

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ပုပမာတင်ပြသူ

Gallery နားသို့ နီးကပ်လာလေ လေ ဂီတသံတို့ကို ပိုမိုကြားရလေလေ။

ပန်းချီပြပွဲ အတော်များများတွင် ဂီတဖျော်ဖြေပွဲတွေ ပါရှိတတ်ပါသည်။ တကယ့် အဆိုတော်ကြီးတွေတော့ မဟုတ်။ ဝါသနာရှင် စာရေးဆရာ၊ ဆရာမတွေနှင့် ပန်းချီဆရာ၊ ဆရာမတွေ သီဆိုတီးမှုတ်ကြခြင်းဖြစ်၏။

ရယ်စရာတွေနှင့် အမြဲ ဟာသ လုပ်လေ့ရှိသော ကာတွန်းဆရာက အလွမ်းအဆွေးသီချင်းကို သီဆိုလေ့ရှိပြီး အချစ်အလွမ်းကဗျာတွေကို ဖွဲ့နွဲ့လေ့ရှိတတ်ပါသော ကဗျာဆရာက စိန်အိုးစည်လွယ်သလေးလေ့ဟု ဆိုမြပင်။ ဤလောကကြီး၏ ကမောက်ကမအလွဲလေးတွေက တရားရှိသူသာဆိုလျှင် သံဝေဂများစွာ ရရှိပေလိမ့်မည်။ ယခုတော့ ပုထုဇဉ်တို့၏ သဘောသဘာဝအတိုင်း ဝါသနာဘာဂီဆက်တိုင်းမီအရ လှုပ်ရှားနေကြစမြဲတည်း။

"ယုံပါခင်ရယ်...ပုပမာတင်ပြ သယ် ဟိုရှေးခါဝယ်...တောမြိုင်ကြီးထဲ သယ်...စန္ဒကိန္နရီမောင်နံ့နှစ်သွယ် ချစ်ကြည်လို့...ပျော်မြူးကြစဉ်ဝယ်၊ ပြင်းမုန်တိုင်းရယ်...မဆိုင်းအမြန် ယ် တိုက်ခတ်ပါလို့ရယ်..."

အို...တေးသံက ကျွန်မ၏နှလုံး အနက်ရှိုင်းဆုံး အလွှာထဲတိုင် စိမ့်ဝင်သွားခဲ့ပြီ။ ကျွန်မရင်ထဲမှာ တိုက်သလိုလို ဆွေးမြေ့သလိုလို။

ယ်လာရီ၏ မှန်တံခါးကို တွန်း သည်နှင့် တေးသံက ပိုမိုပီသ သွား။

"တောတောင်ထဲမယ်...မောင်နံ့နှစ်သွယ် တကယ်ပင် ဝေးကွာသွားကြတယ်..."

ပြခန်းတွင်းရှိ အားလုံးနီးပါးပင် ဂီတရေယာဉ်ကြောမှာ နစ်မျောနေကြသည်။ မျက်လုံးလေးမှိတ်၍ နှုတ်မှ တိုးဖွဖွလေး လိုက်ဆိုနေခဲ့သည့် စူးရှအနားမှာ ဝင်ထိုင်လိုက်၏။

"လွမ်းအားတွေလည်းကြွယ်...တစ်ညဝေးတာကိုပင် နှစ်ပေါင်းခုနစ်ရာ ဆွေးရတယ်...မောင့်မှာ ခင်နဲ့ဝေးခဲ့တာ ကြာပါပြီကောကွယ်...မိုးတွေညို့ရှင်၊ သြော်...မျက်ရည်စို့တယ်...မျှော်မှန်းကာပဲ...မောင့်မှာ တဝဲလည်လည်"

အနားမှ ဆရာမတစ်ယောက်၏ ရှိုက်သံကို ကြားလိုက်ရသလိုလို။ စံပယ်ပင် ငိုချင်လာစိတ်ကို ထိန်းထားရပါလား။ သူဘယ်သူပါလိမ့်။ ယခင်ပြပွဲတွေမှာ မဆုံစည်းခဲ့ပါဘူး။ ကျောလယ်ခန့် ရှည်လျားသည့် သန်စွမ်းသော ဆံပင်များကို စုစည်းထုံး၏။ ဂျင်းအင်္ကျီ ဂျင်းဘောင်းဘီနှင့် တေးသီကျူးနေသူ၏ နောက်ကျောအနေအထားကိုသာ စံပယ် မြင်နေရခြင်းပါ။

မုန်တိုင်းကြောင့် တစ်ညတာ ဝေးကွာခဲ့ရရုံမျှနှင့် နှစ်ပေါင်းခုနစ်ရာတိတိ ငိုကြွေးဆွေးမြည့်ခဲ့ကြရာသည့် ကိန္နရီကိန္နရာတို့၏ ချစ်ခြင်းမေတ္တာဘွဲ့တေးကို နားထောင်ရင်းနှင့် မျက်ရည်စို့လာမိပါသလား။

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်ပေါ်လာမှပင် စံပယ့်ခမျာ စို့လာခဲ့သော မျက်ရည်စတွေကို မသိမသာ သိမ်းရပါ၏။

စူးရှက "ခဏလေးနော် ထိုင်နေဦး"ဟု ပြောပြီး စန္ဒရားခုံနားသို့ သွားရပ်တော့သည်။ စူးရှဆိုသည့် သီချင်းက "စန္ဒကိန္နရီ"။

စောစောက ပုပမာတင်ပြသွားသည့် အဆိုရှင်က သူ့ရှေ့ခုံပေါ်မှာရှိသည့် လွယ်အိတ်အဖြူကို ကောက်လွယ်၍ အညိုရောင်ဦးထုပ်ကို ဆောင်းလိုက်၏။ ဂျင်းအင်္ကျီအောက်မှာ ဝတ်ထားသည့် စပို့ရှပ်ကလည်း အညိုရောင်။ အဆိုရှင်က အားလုံးကို ပြုံး၍ နှုတ်ဆက်နေ၏။ မတ်တတ်ရပ်ပြီးနောက် စံပယ်တို့ဘက်သို့ လှည့်၍ စံပယ့်အနားမှ ဆရာမများကို ခေါင်းညွှတ်ကာ နှုတ်ဆက်၏။ စံပယ့်ထံသို့အရောက်တွင် သူ့မျက်နှာမှာ အံ့အားသင့်သွားဟန် မျက်ခုံးနှစ်ခု တွန့်ကွေးသွားခဲ့သည်က စက္ကန့်ပိုင်းမျှဆိုသော်လည်း စံပယ် မှတ်မှတ်ထင်ထင်ရှိလိုက်ပါ၏။

အဆိုကောင်းသလို ဥပဓိရုပ်လည်း မဆိုး။ မြန်မာတေးသီချင်းအခန့်ကို သီဆိုသွားခဲ့သူက မြန်မာမဆန်ဘဲ အနောက်တိုင်းဟန် ကောင်းဘွိုင်စတိုင်လ် ပေါက်နေခဲ့၏။ ဆရာရွှေမင်းသား၊ ဆရာမော်ဝန်းကြည်မြတ်တို့နှင့်အတူ ပြခန်းအတွင်းမှ ထွက်ခွာသွားသော သူ့ကိုကြည့်၍ စံပယ့်ရင်ထဲ လှစ်ဟာ၍ ကျန်ရစ်ခဲ့သည်မှာ ဘာ့ကြောင့်ပါလိမ့်။

ခံစားမှု အသစ်...

ထူးဆန်းပါဘိတော့...။

သီချင်းဆိုပြီး၍ အနားသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသော စူးရှ၏ ပြောစကားကို ကြားရလေတော့အခါ

www.burmeseclassic.com

မှာတော့ . . .

"စောစောက ပုံပမာသီချင်းကိုဆိုသွားတာ သစ္စာဦးလေ။ ခုနကတည်းက ပြောမလို့ပါပဲ။ သီချင်းလိုက်ဆိုနေတာ ဇီးလ်ငုပ်သွားမှာစိုးလို့။ စူးရှရဲ့ ကိန္နရီကိန္နရာ ပန်းချီကားက ဒီနေ့ ဖွင့်ပွဲပြီးပြီးချင်း သံရုံးက ဝယ်သွားတယ်။ အဲဒါကို ဂုဏ်ပြုပြီးတော့ သီချင်းဆိုပေးသွားတာ။ ပုံပမာသီချင်းက သူ့ပုံရိပ်ပဲ။ တယောလေးနဲ့ ဆိုတီးဆို ပိုခိုက်တယ်ကွ။ စံပယ်က ဘာမှမပြောပါနဲ့ဆိုလို့ မိတ်ဆက်မပေးတော့တာလေ။ ဪ ပြောစရာ ကျန်သေးတယ်။ နောက်သုံးပတ်လောက်ဆိုရင် သစ္စာဦးတို့မြို့ကို စူးရှတို့ အဖွဲ့လိုက်ကြီးသွားကြမယ်၊ စံပယ် လိုက်ခဲ့ပါလား"

စူးရှပြောစကားများကို ကျောက်ရုပ်ကဲ့သို့ ငြိမ်ပြီးနား ထောင်နေခဲ့ရာမှ

"ဘာသွားလုပ်ကြမှာလဲ"

"သူ့တို့မြို့မှာ သော်ကမြောင်ဆိုတဲ့ ပရဟိတကျောင်းရှိတယ်။ မိဘမဲ့ကလေးတွေပေါ့။ ဒီကျောင်းမှာ သစ္စာဦးတို့က သုံးထပ်ကျောင်း ဆောက်လုပ်လှူဒါန်းထားတယ်။ အဲဒီကျောင်း ရေစက်ချပွဲကို သွားကြမှာ။ စူးရှတို့အဖွဲ့က စုပြီးတော့လည်း ကလေးတွေအတွက် ပစ္စည်းတွေ ဝယ်သွားပေးမယ်။ ကလေးတွေ ပျော်ရွှင်စေဖို့ ဂိမ်းတွေကစားပေးကြမယ်။ သီချင်းတွေ ဆိုကြမယ်။ ဟောပြောပွဲတွေ လုပ်ပေးကြမယ်။ အငြိမ့်လည်း ကမယ်။ မင်းသမီးက စူးရှလေ။ လူရွှင်တော်တွေက ကိုခေတ်ထွန်းရယ်၊ အဘနန္ဒာမိုးကြယ်ရယ်၊ ကျော်မြတ်ခိုင်ရယ်၊ သစ္စာဦးရယ်။ ပျော်စရာကြီး သိလား လိုက်ခဲ့နော်"

"အခြေအနေအရပဲလေ။ ကြိုးစားကြည့်မယ်။ အလှူငွေလည်း ထည့်ပါ့မယ်"

"ဟယ် . . . လိုက်မယ်လို့ ကတိပေး"

"မရဘူး မရဘူး။ လိုက်ရမယ်"

စူးရှတို့ ဆရာ၊ ဆရာမများ၏ ဝိုင်းဝန်းတိုက်တွန်းမှုတို့ကို ပြုံး၍ပဲ နားထောင်နေခဲ့ပါ၏။

ခေါင်းမညိတ် ခေါင်းမခါခဲ့ပါ။

❖ ❖ ❖

## ပင်လယ်၏ လျှို့ဝှက်ချက်များ

ပရဟိတကျောင်းအတွက် ငွေကျပ်တစ်သိန်းကို စူးရှမှတစ်ဆင့် လှူဒါန်းလိုက်ပါသည်။ မလိုက်ဖြစ်သဖြင့် စူးရှ မကျေနပ်သော်လည်း အကြောင်းပြချက်က ကောင်းလွန်းနေခဲ့ပါ၏။

စံပယ်၏ "ပန်းစံပယ်မွှေး" မတ်ကတ်မှာက ပစ္စည်းစုံ တင်ထားခဲ့ရာ အလှပြင်ပစ္စည်းများကိုလည်း အဆင့်အတန်းရှိရှိ ရနိုင်ပါသည်။ Revlon အလှကုန်များကို တင်ထားခဲ့ပါသဖြင့် အရောင်းသွက်ဆိုင် စာရင်းထဲတွင် ပန်းစံပယ်မွှေး ပါရှိခဲ့သည်။ ထို့အတွက် ရလဒ်က နိုင်ငံခြားခရီးသို့ ကုမ္ပဏီမှ ပို့ဆောင်ပေးသည့် စာရင်းထဲမှာလည်း ပန်းစံပယ်မွှေး ပါရှိခဲ့ပါတော့၏။

ထိုင်းသို့ အပန်းဖြေခရီး ထွက်သည့်ရက်က စူးရှတို့၏ ပရဟိတခရီးစဉ်ရက်နှင့် ကွက်တိ။ အကယ်၍ မတိုက်ဆိုင်ခဲ့လျှင်လည်း မလိုက်ရန်ကို ဆုံးဖြတ်ထားခဲ့ပါသည်။

ပန်းချီကားတစ်ချပ်ကြောင့် ဆန်းကြယ်သောအိပ်မက်ကို မက်ခဲ့ရ၏။ ထိုပန်းချီကားကို ရေးဆွဲထားသူနှင့် ဆုံခဲ့ရချိန်တွင် ခံစားမှုအသစ်ကို ရရှိခဲ့ရ၏။ ထို့အတွက်ကြောင့်ပင် လိပ်ပြာမလုံ။ အေးမြစံပယ်ကဲ့သို့သော မိန်းမသားအတွက် နှလုံးသားခံစားမှုအသစ်ကို ပေးစွမ်းနိုင်ရမည့်သူမှာ ဤကဲ့သို့ လူမျိုး မဖြစ်စေရ။ ထို့ကြောင့် . . .

သို့သော် ပန်းချီကား အိပ်မက်တို့နှင့် ဆက်စပ်နေသူတစ်ဦးကို ဘန်ကောက်ခရီးစဉ်မှာ ဆုံတွေ့ခဲ့ရပါတော့သည်။

ထိုင်းခရီးစဉ်တွင် ဘန်ကောက်မြို့၏ နာမည်ကြီးနေရာများသို့ လည်ပတ်ခွင့် ရရှိခဲ့ကြပါသည်။ မြဘုရားကိုလည်း ဖူးမြော်ခွင့် ရရှိခဲ့ကြပြန်ရာ ပီတိဖြစ်ကြရသည်။ နောက်နေ့မှာတော့ ပတ္တယားကမ်းခြေမှာ အပန်းဖြေကြရပါ၏။

ဘန်ကောက်မြို့တွင်းမှာ လျှောက်လည်ကြချိန်က ဘန်ကောက်မှာ သူ့ပန်းချီပြပွဲလုပ်ခဲ့တာ ဘယ်နေရာပါလိမ့်ဆိုသည့် အတွေးစက လှစ်ခနဲ ပြေးဝင်လာခဲ့ပါသဖြင့် ကမန်းကတန်း ဖယ်ထုတ်ခဲ့ရပါ၏။ ဪ . . . ခက်ပါရဲ့ကွယ်။

ပတ္တယားကမ်းခြေက လှပသော်လည်း ပေလီအလှကိုတော့ မမီနိုင်ဟု ထင်ပါသည်။ လှိုင်းခေါင်းဖြူကြီးတွေ တလိမ့်လိမ့် ပြေးဝင်လာလိုက်ကြ၊ ကမ်းစပ်နှင့် ရိုက်ခတ်မိသောအခါ ပြိုကွဲပျောက်ကွယ်သွားလိုက်နှင့် . . .။

ကမ်းခြေမှာ လမ်းလျှောက်ရင်းနှင့် ဆည်းဆာပင်လယ်အလှကို ခံစားမှု ယစ်နေသူ စံပယ်တစ်ယောက် ခမျာ



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်သို့ မျက်နှာမူလျက် မလှုပ်မယှက် ကျောက်ရုပ်ကဲ့သို့ ရပ်နေသော အမျိုးသမီးကြီးတစ်ဦးကို တိုက်မိမလို ဖြစ်ခဲ့ရပါတယ်ရှင်…။

"အို…မတော်လို့ တောင်းပန်ပါတယ်ရှင်"

လဲပြိုတော့မလို ဖြစ်သွားရရှာသူ ...အမျိုးသမီးကြီးကို ဖေးမပေးရင်း ...တောင်းပန်ခဲ့ရပါ၏။ စိတ်ဆိုးပြီး ရန်တွေ့...တော့မည်ဟု မှတ်ထင်ထားခဲ့သော် ...ည်း နူးညံ့လှသော မျက်နှာကိုသာ ...ဆိုင်လိုက်ရပါ၏။ စိတ်သက်သာရာ ...သွားပါသဖြင့် ပြုံးပြမိလိုက်သည်။ ...အမျိုးသမီးကြီးကို ကောင်းကောင်း ...မိနေခဲ့ပါ၏။ ဒေါ်သံယောဇဉ်ဟူ၍ ...သော အမည်နာမကြောင့် ဖြစ် ...ည်း ဤခရီးစဉ်သို့ လိုက်ပါကြရမည့် ...စားလှုယ်များ၏ မိတ်ဆက်ပွဲမှာ ...မိခဲ့ခြင်းပင်။

"ပင်လယ်ရဲ့ ဖမ်းစားမှုအောက်မှာ ...ကတ်လုံး နစ်မြုပ်နေကြတော့ ...ည်း တွန်းမိတိုက်မိကုန်တာပေါ့ကွယ်"

"တောင်းပန်ပါတယ်။ လှိုင်းလုံး ...ကို ငေးမိ…"

"...ပါတယ်ကွယ်။ လမ်းလျှောက် ...တစ်ယောက်တည်းလား"

"...ှုတ်ကဲ့ အစ်မကြီး"

"...ကြာက အုန်းတုံးပေါ်မှာထိုင် ...ပြောကြရအောင်။ အချိန်ရရဲ့ ...ည်"

"...ဲ…ဟုတ်၊ ရပါတယ်ရှင့်"

"...ယ်ရဲ့ လှိုက်ဖိုက်ချက်တွေကို ... တစ်ယောက်ယောက် ... ကောင်းမှာပဲလို့။ အဲဒီ ရောက်လာတဲ့သူကလည်း လှိုက်ဖိုက်ချက်တွေနဲ့ သက်ဆိုင်တဲ့သူပဲ ဖြစ်ရမယ်လို့ သစ္စာပြုလိုက်တယ်။ အဲဒီအချိန်မှာ ညီမရောက်လာတာပဲလေ။ ဘယ့်နှယ်လဲ၊ နားထောင်ချင်ရဲ့လား"

"နားထောင်ချင်ပါတယ် အစ်မကြီး။ ပင်လယ်ရဲ့ လှိုက်ဖိုက်ချက်ဆိုတော့ စိတ်ဝင်စားပါတယ်"

အုန်းပင်ရိပ်များအောက်ရှိ အုန်းတုံးခုံလေးများရှိရာသို့ လမ်းလျှောက်သွားရင်းနှင့်လည်း ဒေါ်သံယောဇဉ်က စကားအမျှင်မပြတ်ခဲ့။

ပတ္တာယားကမ်းခြေရှိ သဲလေးများက ဖြူဖွေးပြီး စိန်ပွင့်လေးများကဲ့သို့ တလက်လက် တောက်ပနေကြပါသည်။ နှင်းရက်စရာပင်မရှိ။

ဆည်းဆာနေခြည်နှင့် လင်းလက်တောက်ပနေကြသည့် စိန်မှုန်စိန်ပွင့်များ။

အိပ်မက်နှင့် ပန်းချီကားတို့ကြောင့် ရှုပ်ထွေးညည်းညူနေခဲ့ရသည့် စံပယ်၏ စိတ်အာဟာရတို့သည် ဒေါ်သံယောဇဉ် ပြောလာတော့မည့် ပင်လယ်၏ လှိုက်ဖိုက်ချက်များကြောင့် အဖြေသိခဲ့ရပြီး စိတ်ရှင်းလင်းသွားပေတော့မည်ဟု ကြိုတင်မသိခဲ့ရပါလား…။

မသိခဲ့ရပါလားကွယ်…။

❖ ❖ ❖

ထူးဆန်းသော အမျိုးသမီး

"တို့များကို ခပ်ကြောင်ကြောင်လို့ ထင်မှာပဲနော်"

"အို…မထင်ပါဘူး အစ်မကြီးရယ်"

"နာမည်က ဘာတဲ့၊ စံပယ်ပွင့် ဟုတ်လား"

"အေးမြစံပယ်ပါ အစ်မကြီး။ အစ်မကြီးနာမည်ကို ထူးခြားလို့ မှတ်မိနေပါတယ်။ ဒေါ်သံယောဇဉ်မဟုတ်လား"

"အင်း…ပုထုဇဉ်သဘာဝ စွဲလမ်းတပ်မက်မှုဆိုတဲ့ အနှောင်အဖွဲ့အတွင်းကနေ ရုန်းမထွက်နိုင်သေးတာကြောင့် သံယောဇဉ်ရယ်လို့ မှည့်ခေါ်ခဲ့လေသလား။ အခုလည်း သံယောဇဉ်တစ်ကြိုး တိုးလိမ့်ဦးမယ်။ အခုပြောပြမယ့် အကြောင်းအရာတွေက ဝတ္ထုတွေဖတ်ပြီး စိတ်ကူးယဉ်ဖွဲ့နွဲ့လို့ပြောတာ မဟုတ်ဘူးနော်"

"ဟုတ်ကဲ့ရှင့်"

"ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-၃၀၀၀ ကျော်လောက်တုန်းက ဟောဒီလို ပင်လယ်လှိုင်းပုတ်သံတွေကို ဂီတသံတွေအလား အမြဲကြားနေရတဲ့ တိုင်းပြည်ကြီးတစ်ပြည် ရှိခဲ့ဖူးတယ်ကွဲ၊ သိပ်လှပတဲ့ နေပြည်တော်ကြီးပေါ့။ ဆန်းကြယ်မှုကလည်း အဲဒီတိုင်းပြည်က မန္တလေးနန်းတော်ကြီးတို့လို မြေပြင်မှာပဲ တည်ရှိတာ မဟုတ်ဘူးကွဲ့"

ဒေါ်သံယောဇဉ်သည် ပင်လယ်ပြင်သို့ မျက်နှာမူ၍ တစ်လုံးချင်း ဖြည်းလေးစွာပြောနေရာမှ စံပယ်ကို စောင်းငဲ့ကြည့်လာ၏။ စိတ်ဝင်စားမှု ရှိမရှိ အကဲခတ်ဟန်ရှိသည်။ စံပယ်၏ စိတ်ပါဝင်စားမှုကို မြင်တွေ့သွားလေမှ ဆက်လက်၍ ပြောပြန်ပါသည်။

"အဲဒီတိုင်းပြည်ကြီးက တောင်ပေါ်မှာတစ်ဝက်၊ မြေပြန့်မှာတစ်ဝက် တည်ရှိနေတာလေ။ မြို့ရိုးကလည်း



www.burmeseclassic.com

www.burmeseclassic.com

လေးဘက်လေးတန် ကာရံမထားဘူး။ ကျွဲ့ဦးကိုက်တည်ရှိနေတဲ့ တောင်တန်းကြီးက မြို့ရိုးကြီးလို လုံခြုံမှုတွေပေးထားလို့ တောင်တန်းကြီးနဲ့ လွတ်တဲ့နေရာတွေမှာပဲ မြို့ရိုး အနိုင်အမာရှိတာကွဲ။ အဲဒီတောင်တန်းကြီးရဲ့တစ်ဖက်မှာ ပင်လယ်ကြီးရှိတယ်။ တောင်နံရံတွေကို ရိုက်ခတ်နေတဲ့ လှိုင်းပုတ်သံတွေက ကောသဝတီမင်းနေပြည်တော်ကြီးရဲ့ မရိုးနိုင်တဲ့ သံစဉ်တွေပေါ့"

ကောသဝတီတဲ့···။ စံပယ်တစ်ယောက် အသက်ရှူရပ်သွားလေသလား မြှုန်သွားလေသလားပင် မဝေခွဲနိုင်ခဲ့ပါ။

"ကောသဝတီမှာ ပန်းဆယ်မျိုး အတတ်ပညာရှင်တွေ များစွာရှိကြတဲ့ အထဲမှာ ဘမြင့်မိုရ်ခိုတဲ့ ကျောက်ဆစ်ပညာရှင်လည်း အပါအဝင်ပေါ့။ အဲဒီဘမြင့်မိုရ်နဲ့ မယ်မယ်ဟသာ့တို့မှာ သားသမီး ခုနစ်ယောက်ရှိတယ်။ မိသီဂီ၊ မိသံသာ၊ မိသံစဉ်၊ ဦးဇင်းဝိမလ၊ မိသံလွင်၊ မိသဉ္ဇာနဲ့ မင်းနိုင်ဒွါတဲ့။ နမူးစာဆိုတာကလည်း မွေးကတည်းက ပါလာတာကိုး။ ဘုရင့်သမီးတော် ပင်တိုင်စံထိပ်ထားရဲ့ ကြင်ဖက်အဖြစ် သတ်မှတ်ထားတဲ့ ဗိုလ်မှူးလေးမင်းသစ္စာနဲ့ မိသီဂီတို့ရဲ့ နှလုံးသားဇာတ်လမ်းကို အပြစ်ဆိုလို့ ဘယ်ရပါ့မလဲကွယ်···"

ပန်းချီကား···

အိပ်မက်···

ဒေါ်သံယောဇဉ် ပြောပြနေသည့် အကြောင်းအရာတွေက စံပယ်၏ အိပ်မက်ထဲကအတိုင်း ပီပြင်စွာ။

ပန်းချီကား တစ်ချပ်မှနေ မခုံးနိုင်သောဇာတ်လမ်းတွေက တစ်မျိုးပြီး တစ်မျိုး။ တစ်ဆင့်ပြီးတစ်ဆင့် ရစ်ပတ်နှောင်ဖွဲ့နေတော့တာများ···။

"သုဓမ္မဝတီလို့လည်း မည်တွင်တဲ့ ကောသဝတီမြို့တော်ကြီးဟာ အဖကို သတ်ပြီး နန်းလုတဲ့ သားမိုက်တစ်ယောက်ကြောင့် ပင်လယ်ရေတွေ ဖုံးလွှမ်းပြီး မြို့တော်ကြီး ပျက်စီးသွားပါရော။ လောကပါလ နတ်မင်းကြီးတွေ၊ ပင်လယ်စောင့်နတ်တွေက တရားမှုတမှုကို နှစ်သက်ပြီး စောင့်ရှောက်ကြတယ်။ မတရားတာတွေကိုတော့ ရှင်းလင်းဖယ်ရှားပေးတယ်ဆိုတဲ့ သာဓကပဲကွဲ။

ဒါတွေကို တို့ဘယ်လိုသိခဲ့လဲလို့ မင်းရဲ့မျက်ဝန်းတွေက မေးနေတယ်နော်။ တို့စောစောက ပြောခဲ့ပါတယ်။ ဝတ္ထုဖတ်ဖို့လည်း ဝါသနာမပါပါဘူး။ စိတ်ကူးယဉ်ဇာတ်လမ်းဆင်ပြီး ပြောပြနေတာလည်း မဟုတ်ပါဘူး။ တို့ငယ်ငယ်လေးထဲက ဘိုးဘွားမိဘတွေရဲ့ ဆိုဆုံးမမှုတွေနဲ့ ကြီးပြင်းလာရတော့ ဥပုသ်စောင့်၊ တရားထိုင်၊ ပုတီးစိပ်ဆိုတဲ့ စရဏတရားတွေနဲ့ နေခဲ့ရတယ်။ ဘဝဟောင်းက အတိတ်နိမိတ်တွေ ရရှိခဲ့သလို အနာဂတ်မှာ ဖြစ်လာတော့မယ့် အကြောင်းအရာတွေကိုလည်း ကြိုသိနေတတ်တယ်။ ဒါပေမယ့် တို့က အကြားအမြင် ဗေဒင်ဆရာမတော့ မဟုတ်ဘူး။ တို့မိဘတွေ လက်ထက်ကတည်းက ဈေးရောင်းစားလာခဲ့ရတာ တို့လက်ထက်မှာတော့ ခေတ်အမြင်အသိတွေနဲ့ တိုးချဲ့ရင်း အခုခရီးကို ပါလာခဲ့ရတာပေါ့။ တို့ရဲ့ မြို့လေးက ကောသဝတီမြို့ဟောင်းကြီးရဲ့အနီးမှာ ရှိတယ်။ မင်းသစ္စာနဲ့ မိသီဂီတို့ရဲ့ ရုပ်ကလာပ်တွေရှိတဲ့ ဟသာ့ဂူရှိတဲ့ ကျိုက်ဒေးရုံတောင်ခြေက တောင်စွန်းမြို့လေးက တို့ဇာတိပါပဲ။ ပုထုဇဉ်သဘာဝ စွဲလမ်းတပ်မက်မှုဆိုတဲ့ အနှောင်အဖွဲ့အတွင်းကနေ ရုန်းမထွက်နိုင်သေးတာကြောင့် သံယောဇဉ်လို့လည်း အမည်ရခဲ့တယ်။ ဒီနေရာဒီဌာနမှာပဲ အဖန်တလဲလဲ လူပြန်ဖြစ်ရော့သလားလို့တောင် တွေးမိပါရဲ့။ တို့များ လိုက်မမီ၊ ဉာဏ်မမီနိုင်တဲ့ သဏ္ဍာရဒိဋ္ဌိတွေပေါ့ ညီမရယ်"

ဒေါ်သံယောဇဉ်သည် စကားတွေအရှည်ကြီးကို ဆက်တိုက်ပြောလိုက်ရသဖြင့် မောသွားပုံရ၏။ ပင်လယ်ပြင်ကြီးကို ငေးမောပြီး ငြိမ်သွားပါ၏။

မှောင်ရိပျိုးစ ပင်လယ်ပြင်ကြီးကတော့ လှပနေမြဲပင်။

သည်တစ်ခါ အလှည့်ကျသူက အေးမြစံပယ်။ ပန်းချီကားတစ်ချပ်မှ အစပြု၍ အိပ်မက်မက်ခဲ့သည်က ယခု ဒေါ်သံယောဇဉ်ပြောပြသွားသည့် ဇာတ်လမ်းနှင့် တစ်ထပ်တည်း ဖြစ်နေခဲ့ကြောင်း၊ အိပ်မက်အဖြေကို သိချင်ပါကြောင်းတို့ကို ပြောပြဖြစ်ခဲ့ပါသည်။

စံပယ်၏ စကားဆုံးသွားသည်အထိ ငြိမ်သက်စွာနား ထောင်ပေးခဲ့သော ဒေါ်သံယောဇဉ်က တစ်ခွန်းတည်းသောစကားကိုသာ ဆိုခဲ့၏။ သူတို့မြို့ကိုသာ လာခဲ့ပါ။ စံပယ်နှင့် ဆက်စပ်နေသည့် အိပ်မက်အဖြေကို ရရပါလိမ့်မည်တဲ့ကွယ်။

သို့နှင့်···

(ဆက်လက်ဖော်ပြပါမည်)

ဒေးသူစံ



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော ဂမ္ဘီရစကြာ

■ ဂမ္ဘီရဆရာပွင့်

မြန်မာ့ဝေါဟာရအခေါ်အဝေါ်အားဖြင့် စကြာ-တံဆိပ်သင်္ကေတကို ကမ္ဘာ့အရပ်ရပ်မှ ဆွာ့စ်တီကာ (SWASTIKA) ဟုခေါ်ကြ၏။ ယေဘူယျအားဖြင့် စကြာတံဆိပ်ဆိုလျှင် ဟစ်တလာကို ပြေးမြင်မိကြပြီး ရက်စက်ဆိုးသွမ်း လူမုန်းများလှသော နာဇီဟု ထင်မြင်သူတွေက ထင်မြင်ကြသည်။ မကောင်းဆိုးဝါးသင်္ကေတ၊ အကြမ်းဖက်၊ လမ်းသရဲသင်္ကေတဟုပင် တွေးဆထင်မြင်တတ်ကြသည်။

စင်စစ် အရာရာတိုင်း၌ အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အကြောင်းဟူသည် ရှိတတ်စမြဲပင်။ စကြာ၌လည်း သင်္ကေတနှစ်မျိုးရှိပါ၏။

- ရှင်သန်ခြင်း၊ တည်ဆောက်ခြင်း၊ ဖန်တီးခြင်းတို့အတွက် အသုံးပြုသော ပုံစံသင်္ကေတနှင့်
- ဖျက်ဆီးခြင်း၊ သေဆုံးခြင်း၊ ပျက်ယွင်းစေခြင်းတို့အတွက် အသုံးပြုသော ပုံစံသင်္ကေတတို့ ဖြစ်ကြသည်။

## ၁။ ရှင်သန်ခြင်း စကြာတံဆိပ် (LIFE FROM SWASTIKA)

ရှင်သန်ခြင်း စကြာတံဆိပ်ပုံအား အဖြူခံပေါ်တွင် အနက်ဖြင့် ရေးရသည်။ လေးလက်မပတ်လည် စက္ကူကတ်ပြားပေါ်တွင် ရေးဆွဲရ၏။ ဘယ်ဘက်အပေါ်ခြမ်းနှင့် ညာဘက်အောက်ခြမ်းအပွင့်သင်္ကေတဖြစ်သည်။ ရှင်သန်ခြင်း၊ တိုးတက်ခြင်း၊ အောင်မြင်ခြင်းသင်္ကေတဖြစ်သည်။ ကမ္ဘာအဝှမ်းရှိ ရှေးဟောင်းဘာသာအားလုံး၏ ဘုရားရှိခိုးကျောင်းများ၌ တွေ့မြင်နိုင်ပြီး ဘာသာတရားအားလုံးတို့၏ မြင့်မြတ်သော အမှတ်တံဆိပ်ဖြစ်သည်ဟု ဆို၏။

## ၂။ သေဆုံးခြင်း စကြာတံဆိပ် (DEATH FROM SWASTIKA)

BLACK MAGIC ဟုဆိုသော မကောင်းမြင်ခြင်း အတတ်မှော်ပညာ၏ သင်္ကေတဟုဆိုသည်။ ဘယ်ဘက်အထက်ပိတ်၊ ညာဘက်အောက်ပိတ် ဖြစ်၏။ တစ်စုံတစ်ရာကို ဖျက်ဆီးသော သင်္ကေတဟုဆို၏။ တိုက်ပွဲဝင်သောအခါ ရန်သူအပေါ် အောင်ပွဲဝင်ချေမှုန်းနိုင်ရေးအတွက် သုံးသည်။ ရှေးကျောက်ခေတ် အမဲလိုက်သောအခါတွင်လည်းကောင်း၊ ကျား၊ ဝက်ဝံ၊ ရှူးပျံ၊ တောဝက်ကြီးများ အစရှိသော သတ္တဝါဆိုးကြီးများအား နှိမ်နင်းသောအခါ အဆောက်အအုံအဖြစ်သုံး၍ တိုက်ခိုက်သည်။

နောက်ပိုင်းတွင် တိုက်ခိုက်သောအခါ တစ်အုပ်စုအပေါ် အနိုင်ယူရန် သယ်ဆောင်သုံးစွဲမှုပြုသည်။ ရှေးခေတ်ဥရောပ၊ ရောမတပ်ဦးတို့တွင် လင်းယုန်တံဆိပ်နှင့် တွဲ၍သုံးသည်။

ယခုအခါ ကမ္ဘာနှင့်အဝှမ်း ဂမ္ဘီရပညာရှင်များက



www.burmeseclassic.com

www.burmeseclassic.com

စကြာတံဆိပ်ကို သုံးစွဲမှုပြုလုပ်လျှင် တည်ဆောက်မှုကာလဖြစ်၍ ပထမပုံရှင်သန်ခြင်းစကြာတံဆိပ် (LIFE FROM SWASTIKA) ကိုသာ သုံးစွဲသင့်ကြောင်း၊ ဆောင်သင့်ကြောင်း၊ ယူဆတိုက်တွန်းကြသည်။ ထိုသို့ဆောင်ထားခြင်းအားဖြင့် ထူးခြားစွာလာဘ်ပွင့်ခြင်း၊ ကံပွင့်ခြင်း၊ အောင်မြင်ခြင်း၊ ကောင်းသတင်းကျက်သရေတိုးပွားခြင်း အကျိုးများခံစားရမည်ဟု ဆိုပါသည်။ ထိုသို့ဆောင်ကြမည်ဆိုပါက

*တနင်္ဂနွေသားသမီးများ*

သောကြာနေ့နံနက် ၇း၂၀ နာရီတွင်ဆွဲ၍ ဆောင်ပါ။

*တနင်္လာသားသမီးများ*

တနင်္လာနေ့နံနက် ၉း၃၀ နာရီတွင် ဆွဲ၍ဆောင်ပါ။

*အင်္ဂါသားသမီးများ*

အင်္ဂါနေ့နံနက် ၁၀း၃၀ နာရီတွင် ဆွဲ၍ဆောင်ပါ။

*ဗုဒ္ဓဟူးသားသမီးများ*

ဗုဒ္ဓဟူးနေ့ နံနက် ၉း၀၀ နာရီတွင် ဆွဲ၍ဆောင်ပါ။

*ကြာသပတေးသားသမီးများ*

အင်္ဂါနေ့နံနက် ၉း၀၀ နာရီတွင် ဆွဲ၍ဆောင်ပါ။

*သောကြာသားသမီးများ*

ကြာသပတေးနံနက် ၉း၀၀ နာရီတွင် ဆွဲ၍ဆောင်ပါ။

*စနေ သားသမီးများ*


တနင်္ဂနွေနေ့ နံနက် ၆း၃၀ နာရီတွင် ဆွဲ၍ဆောင်ပါ။

*ရာဟုသားသမီးများ*


ကြာသပတေးနေ့ နံနက် ၇း၃၀ နာရီတွင် ဆွဲ၍ဆောင်ပါ။

အဆိုပါစကြာအဆောင်အား ပညာရှာမှီးသူများအဖို့ စာမေးပွဲအဆောင်၊ အင်တာဗျူးဖြေမည့်သူများအတွက် အောက်ခံတ်ဝင်အဆောင်၊ အရောင်းအဝယ်လုပ်သူများအတွက် လာဘ်ပွင့်ဈေးခေါ်အဆောင်၊ ယာဉ်ကားများအတွက် တိုက်ခိုက်မှုကင်းဝေးစေသောအဆောင်၊ ပျို ရွယ်သူများအတွက် မျက်နှာပွင့်အဆောင်၊ ဉာဏ်ရှိသလို သုံးစွဲနိုင်သော အဆောင်ကောင်းဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

၁။ ရှင်သန်ခြင်း စကြာတံဆိပ်
(LIFE FROM SWASTIKA)



၂။ သေဆုံးခြင်း စကြာတံဆိပ်
(DEATH FROM SWASTIKA)



ဂမ္ဘီရဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com



# လောဘ၊ ဒေါ၊ မောဟ ကုန်ရာ

# စမတောင်တော်မဟာ

## အေးကြူလေး

လောဘ၊ ဒေါသ၊ မောဟ မကင်းနိုင်သော လူ ... စိတ်ကိုဖြူစင်အောင်ထိန်းသိမ်းတတ်ဖို့ အလွန် ...သည်။ သို့သော် အတတ်နိုင်ဆုံး ိုးသားဖြူစင် ... ကြိုးစားနေမိသည်။ စမတောင်တော် ကမ္ဘာကပ် ...တော်သို့ ခုနစ်ရက်ခန့်သွားရောက် ကြည်ညို

သဒ္ဒါပွားမိခြင်း၊ ဝေယျာဝစ များ လုပ်အားပေးခြင်းများ ပြုလုပ်စဉ်ကာလက ကျွန်တော့်ကိုယ်ကျွန်တော် ပိုမိုဖြူစင် နေသည်ဟု ထင်မိသည်။ ဆရာကြီးများ၏ "မခွေး မတောင်း၊ မရောင်း၊ မဝယ်" လုပ်ငန်းဖြစ်သည်ဟူသော အဆိုအမိန့်က စမတောင်တော် သာသနာ့နယ်မြေအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ဈေးရောင်းချခြင်း မရှိပေ။ ငွေသည် အရာရာကို မစွမ်းဆောင်နိုင်သဖြင့် ဒေသအတွက် လောဘတက်စရာမရှိပါ။ ဒေါသဖြစ်စရာ မရှိပါ။

စမတောင်တော်ပေါ်တွင် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ တစ်နေ့လျှင် သုံးကြိမ် သက်သက်လွတ် ညှော်ခံကျွေးမွေးသည်။ သတ်မှတ်သည့် သံချောင်းခေါက်ချိန်တွင် သွားရောက် စားသုံးရသည်။ အခြားဈေးသည်များမရှိ၍ ညှော်ခံကျွေးမွေးချိန်တွင် ဂရုတစိုက် သက်သက်လွတ်ထမင်းဟင်းကို စားသောက်ဖို့လိုပါသည်။ ငွေသည် မစွမ်းဆောင်နိုင်လျှင် မည်သို့ရပ်တည် လှုပ်ရှား ကုသိုလ်ယူကြမည်နည်းဟု မေးစရာရှိသည်။ မိမိစိတ်ဆန္ဒပေါ်မူတည်၍ ကုသိုလ်ယူနိုင်သည်ဟု ဆိုလိုပါမည်။ ဥပမာ ... ရေလှူချိန်စိတ်ရှိပါက တောင်အောက်ရေကန်မှ ရေကို တောင်ပေါ်သို့ သယ်ယူလှူဒါန်းနိုင်သည်။ ထို့အတူ ထင်းလှူလိုစိတ်ရှိလျှင် ထင်းချောင်း၊ ထင်းတုံးများကို သယ်ယူလှူဒါန်းနိုင်သည်။ သန့်ရှင်းရေးလုပ် ကုသိုလ်ယူနိုင်ခြင်း၊ ဆွမ်းကူချက် ကုသိုလ်ယူနိုင်ခြင်း စသည်စသည်ဖြင့် အလုပ်တွေ များစွာရှိနေသည်။ မည်သူကမျှ ဘာလုပ်ပါဟူ၍ စေခိုင်းခြင်းမျိုးမရှိပါ။ အရာရာသည် မိမိစိတ်ဆန္ဒပေါ်တွင် မူတည်ရွေ့လျားနိုင်သည်။

တောင်တော်ရောက်ပြီး တစ်ရက်၊ နှစ်ရက်မှာပင် ကျွန်တော် အလေ့အကျင့်ကောင်းများကို အစီအစဉ် တကျ လုပ်ဆောင်ဖြစ်သွားသည်။ နံနက်အိပ်ရာထ ကိုယ်လက်သန့်စင်ပြီးလျှင် ဘုရားဝတ်ပြုမည်။ အဓိဋ္ဌာန်ပုတီးစိပ်မည်။ နံနက်စာသက်သက်လွတ် စားသုံးမည်။ ရေလှူဒါန်းမည်။ ထင်းလှူဒါန်းမည်။ မြန်မာပြည်အရပ်ရပ်မှ ရောက်ရှိလာသော သံဃာတော်များ ဆွမ်းကပ်ရာတွင် ဝေယျာဝစ္စ ဝိုင်းဝန်းကူညီမည်။ သံချောင်းခေါက်လျှင် နေ့လယ်စာထမင်း စားသုံးမည်။ ခေတ္တနားမည်။ ရေလှူမည်။ ဘုရားလှည့်ဖူးမည်။ ပုတီးစိပ်မည်။ ရေချိုးမည်။ ညနေသံချောင်းခေါက်လျှင် ထမင်းသုံးဆောင်မည်။ ဘုရားမီးပူဇော်မည်။ ဘုရားဝတ်ပြုမည်။ ပုတီးစိပ်မည်။ တရားနာမည် စသည်ဖြင့် တစ်နေ့တာလုပ်ဆောင်မည့် အစီအစဉ်များကို မိမိဘာသာ ရေးဆွဲ၍ မိမိဘာသာ အကောင်အထည်ဖော် လုပ်ဆောင်ခြင်းဖြစ်သည်။

* သတိပြုစရာ အချက်များလည်းရှိနေသည်။ တရားနှလုံးသွင်းနေသူများအကြားတွင် အသံဩဇာကောင်းကောင်းနှင့် ဝင်ရောက်ဘုရားဝတ်ပြုခြင်းမျိုး မလုပ်ရပါ။ ထို့အတူ မိမိနှင့်ပါလာသော ကလေးငယ်များသည် တရားအားထုတ်သူများအနီး၌ ပြေးလွှားဆော့ကစားခြင်း၊ တရားနှလုံးသွင်းသူ၏ ကိုယ်ပေါ်သို့ကျအောင် ရွှေမိုး၊ ငွေမိုး ရွာသွန်းခြင်းများကိုလည်း ရှောင်ကြဉ်ဖို့လိုအပ်သည်။ တရားနှလုံးသွင်းယူ ပူဇော်ရာတွင် နေခြည်ပျောက်သည့် ည ၀၆း၃၀ နာရီမှ ၀၇း၀၀ နာရီမှသာ ပူဇော်လေ့ရှိသည်။ နံနက်စောစော အလင်းရောင်လာလျှင် ဘုရားမီးများ ငြိမ်းသတ်ပေးကြပြီး မှောင်မှသာ ဆီမီးပူဇော်လေ့ရှိကြောင်း တွေ့ရှိရသည်။ ဒန်ခွက်၊ ဒန်ပစ္စည်းများဖြင့် ဘုရားတွင် ကပ်လှူပူဇော်ခြင်း မပြုကြဘဲ ကြေးဖလား၊ ကြေးလင်ပန်း၊ ကြေးထည်ဖြင့်သာ ပူဇော်ကြသည်ကို သတိပြုမိသည်။

စမတောင်တော်သည် ရန်ကုန်–မန္တလေး မီးရထားလမ်းပေါ်ရှိ သာဝတ္ထိမြို့မှ အနောက်တောင်ယွန်း သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။ ရန်ကုန်–မန္တလေး အမြန်ရထားနှင့်သွားမည်ဆိုလျှင် သာဝတ္ထိတွင် မရပ်သဖြင့် ပျဉ်းမနားသို့ လိုက်ပါရမည်ဖြစ်သည်။ ပျဉ်းမနားမှ နောက်ကြောင်းပြန်၍ ကားဖြင့် သာဝတ္ထိသို့ လိုက်လာရမည်ဖြစ်သည်။ စမတောင်တော်ပေါ်တွင် ကမ္ဘာ့ကပ်ကျော်စေတီတော်ကို ၁၃၀၇ ခုနှစ်၌ ပန္နက်ချ၍ ၁၃၀၉ ခုနှစ်တွင် ပန္နက်ထပ်ပြီးလျှင် အဖေနှင့် အဖေလူတို့ တည်ထားခဲ့သည်။ ၁၃၁၃ ခုနှစ်တွင် ထီးတော်တင်လှူ အောင်မြင်ခဲ့ကြောင်း သိရပါသည်။

စမတောင်တော်သို့ သွားရောက်နေသည့် ခုနစ်ရက်ခန့်အတွင်း လောဘ၊ ဒေါသ၊ မောဟကင်း၍ ကျွန်တော့်စိတ်မှာ ပိုမိုဖြူစင်လျက်ရှိသည်။ လူသားများ ထာဝရ စိတ်ထားဖြူစင်နေလျှင် လောကကြီးသည် သာယာလှပနေမည်ဖြစ်ပါသည်။

**အေးကြူလေး**

**ကိုးကား**

ဆရာပြုး၏ စမတောင် ကမ္ဘာ့ကပ်ကျော်စေတီတော် သမိုင်းစာအုပ်။



www.burmeseclassic.com

www.burmeseclassic.com


## ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏

- လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်ရွေ့ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အဓိဋ္ဌာန်နှင့် ကံကောင်းအောင်မြင် ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်

ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄၊ ၀၉-၇၃၁၄၀၉၃၆



**မြင့်စေတနာဆေးတိုက်**

(အရေပြားရောဂါမှန်သမျှဒိဋ္ဌမျက်မှောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA


ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ◆အနာကြီးရောဂါ◆ယားနာ၊ ပွေး၊ ဝဲ၊ နင်းရူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

**LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.**

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တောက်ရိပ်မြိုင်မြ၊ အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၈၆၁၀၉

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒေးစွန်ပါတောင်တော်မှ ကြောက်ခွဲဖွယ်ရာ ဒဏ္ဍာရီ

■ သိန်းထွန်းသစ်

(၁)

၁၉၇၇ ခုနှစ် အချိန်ကာလများက ဖြစ်၏။ ဆရာကြီး ပညာရွှေ ဒေးစွန်ပါတောင်တော် အမိဋ္ဌာန်စခန်းသို့ ကျွန်တော်လိုက်ပါခဲ့သည်။ ဆရာကြီးအား ဝတ်ကြီးဝတ်ငယ်ပြုရင်း ဆရာကြီးထံမှ ပညာသင်ယူနေခဲ့သည်။ မြန်မာ့လောကီပညာရပ်များဖြစ်သည့် ဗေဒင်၊ နက္ခတ္တာ၊ အင်း၊ ဆေး၊ စမပညာများကို ဆရာကြီးမှ သင်ကြားပြသပေး၏။ ကျွန်တော် လောဘတကြီး ပညာလိုချင် သင်ချင်သည်ကို တစ်ဆင့်ချင်း ပညာပေး၏။

"လူလေးရ . . . မြန်မာ့လောကီပညာရပ်ဆိုတာ ခက်ခဲနက်နဲလွန်းတယ်။ ရှေးဆရာကြီးတွေက သစ္စာရှိ၊ ကတိတည်၊ ရိုးသား ဖြောင့်မတ်တဲ့ တပည့်တွေကိုသာ သင်ကြားပေးကြတာ။ မင်းရဲ့ ပညာအစဉ်အဆက်က ဆရာတစ်ယောက်တည်းနဲ့ မပြီးဘူးကွ။ ဘဝပဋ္ဌာန်းဆက်၊ အကြောင်းဆက် ဆရာတွေ တွေ့ရဦးမှာ။ ငါပေးတာ ငါ့ဆီက ပညာယူ။ ပညာဆိုက်သလောက်ပဲရတာကွ။ . . . ဆရာရှူး ပညာရှူး ရှူးတဲ့ ပုထုဇ္ဇနော ဥမ္မတ္တကော ဖြစ်နေဦးမယ်"

ကျွန်တော် ဆရာကြီးပြောကြားခဲ့သော စကားများကို ကြားယောင်ရင်း ရှေ့ဝါးတစ်ရိုက်အကွာမှ ခပ်သွက်သွက် သွားနေသော ဆရာကြီးကို မီအောင် လိုက်ရ၏။ ဆရာကြီး၏ အထုပ်အပိုးများ သယ်ဆောင်လာရ၍ ကျွန်တော် မောဟိုက်နေမိ၏။ ဝမ်းဘဲအင်းရွာမှ စ၍ ဒေးစွန်ပါတောင်တော်သို့ သုံးမိုင်ကျော် ခရီး ကွာဝေး၏။ ဝမ်းဘဲအင်းရွာလမ်းမှ ဖြတ်သန်းလာပြီး တစ်မိုင်ခန့် ခရီးပေါက်လာသည့်အခါ ခင်တန်းလေးများနှင့် သစ်ပင်သစ်အုပ်များဖြင့် တောတောင်စခန်း ပီပြင်လာ၏။ လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရတော့ တောလမ်းမှာ လည်း လည်းလမ်းကြောင်းဖြစ်၏။ ဆရာကြီးက ရှေ့မှနေပြီး လှမ်းပြော၏။

"မောနေပြီလားကွ လူလေးရ။ ဒါလောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့။ ရှေ့တောအုပ်လေးအလွန်ကျရင် တစ်ထောက်နားကြတာပေါ့"

ဆရာကြီးပြောသည့်အတိုင်းပင် တောအုပ်လေးကို ကွေ့ချိုးကျော်ဖြတ်လိုက်သည်နှင့် စခန်းတစ်ခုကို တွေ့လိုက်ရသည်။ စေတီငယ်လေးများ၊ ဂူဘုရားနှင့် ကွန်ကရစ်တိုင်အမိုးဖြင့် ပေ ၁၅၀ ကျော်ရှည်လျားသော ကွန်ကရစ် စင်္ကြံလမ်းကြီးကို တွေ့မြင်လိုက်ရ၏။ တောစခန်းဖြစ်၍ လူသူတစ်ဦးမျှ မတွေ့ရ။ ထိုစခန်းအနီး၌ ညောင်ကြပ်ပင်ကြီး ရှိနေ၏။ မြင့်မားထွားကျိုင်းလှပြီး ညောင်ကြတ်ပင်ကြီး၏ အမြစ်များမှာ မုတ်ဆိတ်မွေး ဖားလျားချထားသည့်နှယ် ပင်စည်မှ တွဲရရွဲ ကျဆင်းနေကြသည်။ ဆရာကြီးပညာရွှေကို ဂူဘုရားရှေ့တွင် ဦးချဝတ်ပြုကန်တော့နေသည်ကို တွေ့လိုက်ရ၏။ ဆရာကြီးနောက်မှ ခြေသံလုံအောင် လျှောက်လှမ်းရင်း ဂူဘုရားအား ကျွန်တော် ဦးချကန် တော့လိုက်သည်။

"လူလေးရ၊ ဒီစခန်းကို ဘိုးတော်ဦးဖိုးဦး တည်သွားတာကွ။ ဦးဖိုးဦးစခန်းလို့ခေါ်တယ်။ တို့လောကမှာတော့ သာသနာပြု အဓိကရ ပုဂ္ဂိုလ်တစ်ဦးပေါ့။ ဦးဖိုးဦးမရှိတော့ စခန်းပျက်၊ တတ်ပျက်ပေါ့ကွာ။ သူ့လောကီကိစ္စ ပြီးတော့လည်း လူပြည်လူ့ရွာက ခွာရတော့တာပဲ။ နောက် လူဆိုတာက အရည်အချင်းမမီရင် ဆက်ခံလို့မရဘူးကွ။ ပုဂ္ဂိုလ်ခင်မှ တရားမင်ကြတာကိုး"

ဆရာကြီးစကားဆုံးမှ တိုခန်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှာ တချို့ အဆောက်အအုံများ ပျက်စီးယိုယွင်းနေကြပြီး စေတီငယ် တစ်ဆူနှစ်ဆူမှာ ထီးတော်များ ကင်းမဲ့ နေကြသည်ကို တွေ့မြင်လိုက်ရ၏။

"လူလေး ငါတို့စားဖို့ ညောင်ကြုတ်ပင်ကြီးရဲ့ နတ်ကွန်းမှာ စားစရာ တွေရှိတယ်။ သွားယူလိုက်"

ဆရာကြီးခိုင်းသည့်အတိုင်း ညောင်ကြုတ်ပင်ကြီး၏ နတ်ကွန်းကို ရှာရ၏။ နတ်ကွန်းမှာ ညောင်ကြုတ်ပင်ကြီးကို အမှီသဟဲပြု ဆောက်လုပ်ထားသော်လည်း အမိုးအကာများ ပျက်စီးနေကြပြီး နတ်ရုပ်တုများ မရှိကြတော့ပါ။ တောအုပ်ဘက်ခြမ်းမှာရှိ၍ ညောင်ကြုတ်ပင်ကြီး၏ ယောက်ျားကြီးတစ်ဖက်စာ ကြီးလှသော ပင်စည်ကြီးကြောင့် စင်္ကြံလမ်းမှကြည့်လျှင် မမြင်မတွေ့ရ။ နတ်ကွန်းပေါ်၌ ငှက်ပျောဖက်ခင်းပြီး ထမင်းပူပူနွေးနွေးနှင့် အခွံခွာပြီး ငှက်ပျောသီးနှစ်လုံး၊ ဗယာကြော်နှစ်ခုကို တွေ့လိုက်ရ၏။ ကျွန်တော့်အား ဆရာကြီးမှာလိုက်သည့်အတိုင်း ဆိုင်ရာပိုင်ရာများထံ မေတ္တာပို့ခွင့်တောင်းပြီး ထမင်းနှင့်စားစရာများ ယူဆောင်လိုက်သည်။ ဆရာကြီးအား အရင်ဦးစွာ စားဖို့ရန် ပေးလိုက်ရသည်။ ဆရာကြီးကား ထမင်းတစ်လုတ်နှစ်လုတ်နှင့် ငှက်ပျောသီးတစ်လုံးသာ စား၏။ လက်ကျန်ထမင်းနှင့် ဗယာကြော်နှစ်ခု ငှက်ပျောသီးတစ်လုံးကို ကျွန်တော်စားလိုက်ရသည်။ ထမင်းမှာ ပူပူနွေးနွေးဖြင့် ကောက်ညှင်းကဲ့သို့ စေးစေးထေးထေးရှိလှ၏။ အနံ့မှာ မွှေးနေပြီး စားကောင်းလှ၏။ ငှက်ပျောသီးမှာ အခွံခွာထား၍ ရွှေငှက်ပျောသီးလို သီးမွှေးငှက်ပျောသီးလို ကြီးမားလှ၏။ ကျွန်တော် စားစရာများကို အဝအပြ စားလိုက်၍ ဗိုက်တင်းသွားပြီး ငိုက်မျဉ်းလာ၏။

"လူလေး...မင်း နတ်သုဒ္ဓါစားရလို့ ညည်းစိမ်ယစ်သွားပြီထင်တယ်။ ခဏမှေးလိုက်ဦး။ လမ်းတစ်လျှောက် အထုပ်အပိုးထမ်းလာရလို့ ပင်ပန်းလာတာပဲ။ ညောင်ကြုတ်ပင်ကြီးအောက်က အုတ်ခုံမှာ သွားနားနေလိုက်။ ငါ အလုပ်လုပ်လိုက်ဦးမယ်"

ကျွန်တော် ညောင်ကြုတ်ပင်ကြီး၏ အေးမြလှသော အရိပ်အာဝါသအောက်ရှိ အုတ်ခုံပေါ်၌ ဆရာကြီးလွယ်အိတ်ကို ခေါင်းအုံးပြီး ကျောဆန့်လိုက်၏။ ကျွန်တော့်မျက်ခွံများ လေးလံလာပြီး မကြာမီ အိပ်ပျော်သွားခဲ့သည်။

(၂)

ကျွန်တော် အိပ်မက်မက်နေသည်။ အိပ်မက်ထဲတွင် ရှမ်းဆရာကြီးတစ်ဦးက ကျွန်တော့်ကို အပေါ်မှ မိုးပြီး ကြည့်နေသည်။ အရပ်ထောင်ထောင် မောင်းမောင်းနှင့် ဥပဓိရုပ် ကောင်းလှသည်။ ရှမ်းတိုက်ပုံ၊ ရှမ်းဘောင်းဘီဝတ်ထားပြီး ရှမ်းလွယ်အိတ်လွယ်ထား၍ ရှမ်းပဝါဖြင့် အစနှစ်စထောင် ဦးပေါင်းပေါင်းထား၏။ ခိုင်ခံ့သောမေးရိုး၊ သပ်ရပ်လှသောနှုတ်ခမ်းမွေး၊ စေ့စေ့တင်းထားသော နှုတ်ခမ်း၊ ဖြောင့်စင်းသောနှာတံ၊ တောက်ပသောမျက်လုံးအစုံ၊ မဟာနဖူးနှင့် ထိုရှမ်းဆရာကြီးကိုကြည့်၍ ကျွန်တော် ကြောက်ရွံ့လာ၏။ ကြက်သီးမွေးညင်းထလာ၏။ အိပ်မက်ဆိုသော်လည်း ပကတိဖြစ်စဉ်လို ခံစားနေရ၏။ တောတောင်များစွာ ဆရာကြီးပညာရှေ့နောက်လိုက်၍ အဓိဋ္ဌာန်ကျင့်ခဲ့ပြီး ကြောက်မက်ဖွယ်ရာ ပရလောက၊ နာမ်လောကသားများကို တွေ့ကြုံရဖူး၏။ ကျွန်တော် မတုန်လှုပ် ကြောက်ရွံ့ခြင်းမရှိခဲ့။

"လူလေး...တစ်ခါတစ်ရံမှာ မင်းကို အကာအကွယ်လုပ်ပေးထားပေမယ့် မင်းထက် ကမ္မဝိဇ္ဇာအားကောင်းတဲ့ စွမ်းအားရှိတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ကြုံရရင် ကြောက်လန့်စိုးရွံ့စိတ်ဖြစ်တတ်တယ်။ သတိတရားလက်ကိုင်ထားပြီး သရဏဂုံတည်အောင် ကျင့်ထားရင် ခံနိုင်ရည်ရှိလာလိမ့်မယ်"

ဆရာကြီးအမှာ စကားကို ကြားယောင်လာ၍ ကျွန်တော် ဗုဒ္ဓါ၊ ဓမ္မါ၊ သံဃာ ဂုဏ်တော် သရဏဂုံသုံးပါး ရွတ်လိုက်မိ၏။ ရှမ်းဆရာကြီးမှာ နောက်ကို ခြေတစ်လှမ်းဆုတ်သွားပြီး -

"မောင်ရင်လေးကို ဒုက္ခပေးဖို့လာတာ မဟုတ်ဘူး။ ကျုပ်က တောင်ပိုင်ကြီးပဲ။ မောင်ရင်လေးရဲ့ ဆရာကြီးက နှိုးခိုင်းလိုက်လို့ အိပ်ရာက ထပေတော့"

ကျွန်တော် အိပ်မက်က လန့်နိုးလိုက်၏။ ရှမ်းဆရာကြီးကို မတွေ့ရပေ။ ဆရာကြီးပညာရှေ့ရှိရာသို့ အရောက် ရဟန်းတော်တစ်ပါးနှင့် ဆရာကြီးတို့ စကားပြောနေကြသည်ကို တွေ့လိုက်ရ၏။ ရဟန်းတော်မှာ သစ်ခေါက်ဆိုး သင်္ကန်းရုံထားပြီး ဝင်းဝါစိုပြည်သော အသားအရေ၊ ကြည်လင်လှသောမျက်နှာ၊ ဦးပြည်းစိမ်းစိမ်းနှင့် ကျက်သရေရှိလှ၏။ ကျွန်တော် ထိုရဟန်းတော်အား ဦးချဝတ်ပြုလိုက်စဉ် -



www.burmeseclassic.com

www.burmeseclassic.com

"ဦးသုတော်သားလား၊ ပညာပြည့်ဝအောင် ပေးထားဦးဗျ"

ပြောပြောဆိုဆို ရဟန်းတော်မှာ ညောင်ကြုတ်ပင်ကြီးရှေ့ တောလမ်းလေးအတိုင်း တောအုပ်ထဲသို့ ကြွသွားတော့သည်။

"လူလေး သွားကြစို့။ ဒေးစွန်ပါတောင်တော်ကို နေမွန်းမတည့်မီ ၁၂ နာရီတိတိ အရောက်သွားရမယ်ကွယ့်"

ဆရာကြီးက ပြောပြောဆိုဆို ဦးဖိုးဦးစခန်းမှ စတင် ထွက်ခွာတော့သည်။ ကျွန်တော် ဆရာကြီးကို အမီလိုက်ရင်း -

"ဆရာကြီး ကျွန်တော်အိပ်ပျော်သွားတုန်း ရှမ်းဆရာကြီးကို အိပ်မက်မက်ပြီး မြင်ရတယ်။ ကျွန်တော့်ကို ဆရာကြီးက နှိုးခိုင်းလိုက်လို့ လာနှိုးတယ်ပြောတယ်။ ကျွန်တော် အိပ်မက်ထဲတောင် မြင်လိုက်ရတဲ့ ရှမ်းဆရာကြီးကို ကြောက်နေမိတယ်။ ဒီလိုအကြောက်အလန့်မျိုးကို ကျွန်တော် အထမဆုံး ကြုံရတာပဲဆရာကြီး"

ကျွန်တော့်စကားကြောင့် ဆရာကြီးက ရယ်မောလိုက်သည်။

"လူလေး・・・မင်းက သာမညာတောင်တော့ မဟုတ်ဘူး။ ဆရာကိုယ်ခံ ပညာပြည့်ထားတဲ့သူပါ။ ဒါပေမယ့် မင်း ထက် အဆင့်မြင့်တဲ့ပုဂ္ဂိုလ်တွေကို တွေ့ ကြုံလိုက်ရတော့ မင်းဟာ အလိုလိုသိမ် ငယ်သွားရတာပဲ။ နာမ်လောက၊ ပရ လောကမှာရှိနေတဲ့ ပုဂ္ဂိုလ်အချို့ဟာ လူ့လောကမှာရှိတုန်းက သီလ၊ သမာဓိ ပညာ ပြည့်စုံကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြ တယ်။ ပညာမာန်နဲ့ တစ်ဖက်လူကို အထင်သေး၊ အမြင်သေးဖြစ်သွားတဲ့အခါ ကိုယ့်ထက်ပညာအဆင့်မြင့်တဲ့ ပုဂ္ဂိုလ်နှင့် ယှဉ်ပြိုင်လိုက်တဲ့အခါ ရှုံးနိမ့်သွားကြရတယ်။ အဲဒီအရှုံးဟာ သံသရာတစ်လျှောက်လုံး ဒုက္ခခံရတဲ့ မကျွတ်မလွတ်တဲ့ဘဝကို ရောက်သွားကြရတယ်။ မင်းအိပ်မက်ထဲ မြင်လိုက်ရတဲ့ ပုဂ္ဂိုလ်ဟာ ဆရာသိုင်းဆိုတဲ့ ရှမ်းဆရာကြီးပေါ့။ ဒေးစွန်ပါတောင်တော်ရဲ့ တောင်ပိုင်ကြီးတာဝန်ယူထားရတယ်။ ဒေးစွန်ပါတောင်တော်ဟာ မြတ်စွာဘုရားရဲ့ ဆ・ကေ・သ ဓာတုဓာတ်ဘုရားခြောက်ဆူထဲမှာ တစ်ဆူအပါအဝင် ဖြစ်တယ်ကွယ့်။ အလွယ်တကူပြောရရင် ဘုရားသိုက်ရှိတဲ့ တောင်တော်မြတ်ဖြစ်တယ်။ မြတ်စွာဘုရားဓာတ်တော်မွေတော်တွေ ဌာပနာပြုတည်ထားတဲ့ တောင်တော်ကွယ့်။ ဒီစေတီတော်မြတ်ရဲ့ ဌာပနာတိုက်ကို စောင့်ရှောက်နေရတဲ့ ပုဂ္ဂိုလ်တွေ၊ ဥစ္စာစောင့်လို့ အလွယ်တကူ ပြောကြတဲ့ ဘုမ္မိယနတ်တွေ၊ ဂန္ဓဗ္ဗပွနတ်တွေ၊ တောင်စောင့်နတ်၊ တောစောင့်နတ်တွေ စောင့်ရှောက်နေကြရတာ။ ဒီဌာပနာတိုက်ထဲမှာ ရှေးဆရာကြီးတွေ (ထွက်ရပ်ပေါက်) ပုဂ္ဂိုလ်ထူးတွေရဲ့ ပေပုရပိုက်တွေ၊ အစီအရင်တွေ၊ ပြဒါးရှင်ဓာတ်လုံးတွေ ရှိတယ်ကွယ့်။ ရှမ်းပြည်ဘက်က ပညာစွမ်းထက်တဲ့ ဆရာသိုင်းနဲ့ ဆရာသိုင်းဆိုတဲ့ ဆရာညီနောင်ရှိကြတယ်။ ဒီဆရာနှစ်ဦးဟာ လောကီပညာဖြစ်တဲ့ အင်းအတတ်၊ မန္တန်အတတ်၊ ဆေးအတတ်တွေမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်ကြတဲ့ ပုဂ္ဂိုလ်တွေပေါ့။ အစ်ကိုကြီးဖြစ်တဲ့ဆရာကြိုင်းက သိက္ခာ သမာဓိကြီးသလောက် အေးအေးတည်ငြိမ်ပြီး သူတို့လုပ်ရပ်အောင် မြင်ရေးအတွက် အခါအခွင့်ကို စောင့်နေသလို ပညာမာန်မာန နှိမ့်ချပြီးနေတယ်။ ညီဖြစ်သူဆရာသိုင်းကတော့ ပညာထက်သလောက် အပြိုင်အဆိုင်နဲ့ အနိုင်ယူပြီး မာန်မာနခက်ထန်သကွယ့်။ သိုက်စာအရ ဒေးစွန်ပါတောင်တော်ရဲ့ သိုက်ထဲမှာ ရှေးဆရာကြီးတွေ စီရင်ထားတဲ့ အထွက်လမ်းအညွှန်းစာတွေ ရေးထားတဲ့ ပေပုရပိုက်တွေ ရှိနေကြတယ်။ ပြဒါးရှင်လုံးနှင့် ပေပုရပိုက်ကိုယူဖို့ ဆရာသိုင်းက ပြင်ဆင်တော့တယ်။ အစ်ကိုကြီးဆရာကြိုင်းက အချိန်မတန်သေးဘူး။ ဘုရားသိုက်ဖြစ်တဲ့အတွက် သီလ၊ သမာဓိ၊ ပညာတိုးတက်ဖို့ ကြိုးစားအားထုတ်ရန် လိုသေးကြောင်း ပြောဆိုတားမြစ်ပေမယ့် ညီဖြစ်သူ ဆရာသိုင်းက မနာခံဘဲ သိုက်တူးဖို့ထွက်လာခဲ့တယ်။ ဒေးစွန်ပါတောင်လည်းရောက်ရော သူ့ပညာစွမ်းနှင့် သိုက်တံခါးကိုဖွင့်တဲ့အခါ သိုက်တံခါးကြီး ဖွင့်ပေးလိုက်ရတယ်။ သိုက်ချုပ်ဘိုးတော်ခေါ်တဲ့ သိုက်စောင့်အကြီးအကဲဖြစ်သူက ပြဒါးရှင်လုံးနှင့် ပေပုရပိုက်တွေဟာ ဆုထူးပန်ပုဂ္ဂိုလ်တွေအတွက် ပါရမီစခန်း ပညာလမ်းမှာ အသုံးချဖို့အတွက် ထားတာဖြစ်ကြောင်း ပြောဆိုတားမြစ်ပေမယ့် မရဘူးကွယ့်။ ဆရာသိုင်းကသိုက်ထဲ ဖွတ်ဝင်တော့တာပဲ။ ဆရာသိုင်းရဲ့အမှားဟာ သူ့ကိုယ်ပွားတစ်ခုခု သိုက်အပြင်ဘက်မှာ ထားခဲ့ရမှာကို ပညာမာန်မာနနဲ့ သတိလစ်မေ့လျော့ပြီး မထားခဲ့လို့ သိုက်ထဲရောက်

www.burmeseclassic.com

တဲ့အခါ သိုက်စောင့်ဖြစ်တဲ့ မိန်းမပျိုလေးတွေက မာယာနဲ့ချော့မြူပြီး အာရုံမနေရာတွေ မေ့မြောအောင် လုပ်လိုက်ပြီး သိုက်တံခါးကြီးကို ပိတ်လိုက်ကြတယ်။ သိုက်ထဲ အပိတ်ခံလိုက်ရတဲ့ ညီဖြစ်သူကို အစ်ကိုကြီးဆရာကျိုင်းက ချက်ချင်းပဲသိလိုက်ရတယ်။ သူ့လောကီအစီအမံလုပ်ထားတဲ့ ဆေးနှွားရုပ်လေးက အသက်ဝင်နှာမှုတ်ပြီး တွန့်ပြလို့ သူ့ညီဒုက္ခရောက်နေမှန်း သိလိုက်ရတယ်။ ဆရာကြိုင်းဟာ သူ့ပညာအစွမ်းနဲ့ တစ်မနက်တည်း ရှမ်းပြည်ကနေ ဒေးစွန်ပါတောင်တော်ကို အရောက်လာခဲ့တယ်။ သူ့ညီကို သိုက်ထဲက ပြန်လွှတ်ပေးဖို့ တောင်းဆိုပေမယ့် မရဘူးကွယ့်။ သိုက်ချုပ်ဘိုးတော်ဖြစ်သူက ဘုရားသိုက်ဖြစ်လို့ ပဋ္ဌာနန္တိယကံထိုက်နိုင်ကြောင်း ပြောဆိုပေမယ့် ဆရာကြိုင်းက သူ့ဆေးနွားကို သူ့ပညာနဲ့စီရင်ပြီး သိုက်တံခါးပွင့်ဖို့ တောင်ကြီးကို တိုးဝှေ့ခိုင်းတော့တာပဲ။ ဆေးနွားရဲ့ အစွမ်းဟာ ဘယ်လောက်ထက်သလဲဆိုရင် ဒေးစွန်ပါတောင်တော်ကြီး နှစ်ခြမ်းကွဲသွားရတယ်။ သိုက်တံခါးကြီးလည်း ပွင့်သွားပြီး သိုက်ကြီးလည်း နှစ်ခြမ်းကွဲသွားရတော့တယ်။ ဆရာကြိုင်းကို လိုချင်တာယူပါလို့ သိုက်စောင့်တွေက တောင်းပန်ပြီး သူတို့သိုက်ကြီးကို မဖျက်ဆီးဖို့ တောင်းပန်ကြတယ်။ ညီဖြစ်သူအတွက် ကလဲ့စားချေဖို့ သူ့ညီအသက်ရှင်လျက် သိုက်ထဲက ပြန်မထွက်နိုင်မှန်း သိရက်သားနဲ့ သူ့ညီကို အသက်ရှင်လျက် ပြန်လိုချင်တယ်လို့ တောင်းခံတယ်။ ဆရာသိုင်းကို လူစင်စစ်ဘဝနဲ့ ပြန်လွှတ်ပေးလို့ မရတော့ပေမယ့် သူတို့ အဖျက်အဆီးခံရမယ့်ဘေးကို ကြောက်ပြီး ဆရာကြိုင်းရဲ့ပညာကို မယှဉ်နိုင်တာကြောင့် ဆရာသိုင်းရဲ့ နာနာရုပ်ကို ဖန်တီးပြီး လူအသွင်သဏ္ဍာန်နဲ့ ပြန်လွှတ်ပေးလိုက်ကြတယ်။ ဆရာကြိုင်းဟာ ညီဖြစ်သူတွေ့လိုက်ရလို့ အားရဝမ်းသာဖြစ်ပြီး ပြေးပွေ့ဖို့အလုပ်မှာ သူ့ညီဟာ တောဝက်ကြီးတစ်ကောင်အဖြစ် အသွင်ပြောင်းသွားပြီး မာန်စွယ်ဖွေးဖွေးနဲ့ သူ့ကိုပက်ဖို့ အားကုန်ပြေးလာတော့တယ်။ ဆရာကြိုင်းရဲ့ အမှားဟာလည်း သူစည်းချထားတဲ့နေရာကထွက်ပြီး ညီဖြစ်သူကိုတွေ့ချင်တဲ့စိတ်ကြောင့် စည်းပေါက်သွားပြီး သူ့ဆေးနွားကိုလည်း သိုက်စောင့်တွေက သိမ်းယူလိုက်ကြတယ်။ တကယ်တော့ ဆရာကြိုင်းရဲ့ပညာကို မနိုင်လို့ အဆင့်မြင့် အစွမ်းထက်တဲ့ သာသနာစောင့်နတ်ကြီးတွေက ဝင်ကူပေးလို့ ဆရာကြိုင်း ရှုံးသွားရပြန်တယ်။ ညီဖြစ်သူရဲ့ နာနာရုပ်ကို တောဝက်ကြီးအဖြစ် မြင်လိုက်ရလို့ သူ့ကို အန္တရာယ်ပေးမယ်ထင်ပြီး သူ့အဆောင်ဓားနဲ့ အားကုန်ထိုးချလိုက်တော့တယ်။ တောဝက်ကြီး လဲကျသေဆုံးသွားတဲ့အခါ မူလဓာတ်ခံ ပြန်ပေါ်လာပြီး သူ့ညီဆရာသိုင်းဟာ သူ့လက်ချက်နဲ့ သေဆုံးသွားရတော့တယ်။ ဆရာသိုင်းနဲ့ ဆရာကြိုင်းဟာ ပညာတွေထက်သလောက်၊ တော်သလောက် ဘုရားသိုက်ကို ပြစ်မှားမိလို့ ပဋ္ဌာနန္တိယကံ ထိုက်သွားကြတာကွဲ့။ ဆရာကြိုင်းကတော့ သံဝေဂရသွားလို့ ပညာတွေစွန့်လွှတ်လိုက်ပြီး ရှမ်းပြည်ဘက် ပြန်တက်သွားတော့တယ်။ ရှေ့က မြင်ရတဲ့ တောအုပ်ညိုညိုတောလမ်းဟာ ဓားထိုးတောင်လို့ခေါ်တယ်။ ဆရာကြိုင်း သူ့ညီနာနာရုပ်ကို ဓားနဲ့ထိုးလိုက်တဲ့နေရာပေါ့။ မှတ်သားစရာတွေပေါ့ကွဲ့။ ဒီနေ့ခေတ်အချိန်မှာတော့ ဒဏ္ဍာရီလိုလို ပြောစမှတ်ပြုနေကြတုန်းပေါ့။ ညီအစ်ကိုနှစ်ဦးရဲ့ ကြေကွဲစရာဖြစ်ရပ်လေးတွေပေါ့"

ဆရာကြီးစကားအဆုံး၌ ကျွန်တော်တို့ ဒေးစွန်ပါတောင်တော် မုခ်ဦးဝသို့ ရောက်လာကြသည်။

(၃)

ရန်ကုန်-မန္တလေး ကားလမ်းမကြီးရှိ ဝမ်းဘဲအင်းရွာမှ လှမ်းကြည့်လျှင် ဒေးစွန်ပါတောင်တော်ကို လှမ်းမြင်ရ၏။ ဒေးစွန်ပါစေတီတော်နှင့် တောအုပ်ညိုညိုလေးမှာ မြင့်မားလှသော တောင်တော်ဟုထင်မြင်ရပြီး ဒေးစွန်ပါတောင်တော်မုခ်ဦးဝရောက်မှ တောင်တော်မှာ မြင့်မားလှသည်မဟုတ်ပဲ ပေ ၅၀၀ ခန့် မြင့်သော တောင်လေးတစ်လုံးဖြစ်ကြောင်း တွေ့မြင်ရ၏။ ဒေးစွန်ပါစေတီရှိရာ ဌာပနာထားသော ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်၊ ဆံတော်များ၏ တန်ခိုးတော်မှာ ကြီးမားမြင့်မြတ်လှ၏။ ဆရာကြီးက -

"လူလေး⋯မင်းကို ရှင်းပြပြောပြရတာ ငါလည်းမောလှပြီ။ အချိန်သိပ်မရှိဘူး။ ဒေးစွန်ပါစေတီရှိရာ တောင်ထိပ်ကို နေမွန်းတည့် ၁၂ နာရီတိတိ အရောက်သွားရမယ်ကွဲ့။ မင်း ငါ့နောက်က မီအောင်လိုက်ခဲ့ပေတော့"

ဆရာကြီးက ပြောပြောဆိုဆို



www.burmeseclassic.com

www.burmeseclassic.com

ဦးတသို့လှမ်းအဝင် ဆရာကြီးရှေ့၌ ခွေးကလေးနှစ်ကောင်က တားဆီးထားကြသည်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ဝဝကစ်ကစ် ချစ်စရာခွေးလေးနှစ်ကောင်ဖြစ်နေ၏။ တစ်ကောင်မှာ အဖြူရောင်ဖြစ်ပြီး အခြားတစ်ကောင်မှာ အမည်းရောင်ဖြစ်၏။ ခွေးကလေးနှစ်ကောင်စလုံး ပတတ်ရပ်ပြီး ရှေ့ခြေနှစ်ချောင်းကို ပူး၍ လက်ခုပ်သဏ္ဌာန်ပြုလုပ်ပြီး ဆရာကြီးကို ကန်တော့နေကြသည်။ ထိုလိုမျိုးလုသော ခွေးကလေးနှစ်ကောင်၏ အပြုအမူကို အံ့အားသင့်စွာဖြင့် ကျွန်တော်ကြည့်နေမိ၏။ ဆရာကြီးက ခွေးကလေးနှစ် ကောင်၏ထိပ်ကို လက်တင်ပြီး မေတ္တာပို့ပေးနေ၏။ ကျွန်တော်က ဆရာကြီးအား -

"ကျွန်တော်တို့ပြန်ရင် ဒီခွေးကလေးနှစ်ကောင်ကို ခေါ်သွားပြီး မွေး...ရင် ဆရာကြီးဇရပ်မှာ အစောင့်ရ...။"

ကျွန်တော့်စကားကို ဆရာကြီးက

"လူလေး ဒီခွေးလေးတွေက သာ...ခွေးလေးတွေမဟုတ်ဘူး။ ဘုရားနီး၊ ...ကျောင်းနီးနေနေကြတဲ့ ခွေးသူတော်...လေးတွေကွ။ သူတို့ ကျွတ်ချိန်...သေးလို့ ခွေးဘဝနဲ့ နေနေကြရ..."

ခွေးလေး နှစ်ကောင်မှာ ကျွန်...နောက်သို့ ဆက်မလိုက်ဘဲ ...ကြသည်။ ကျွန်တော်နှင့်ဆရာ...အရှုံ့ပါတောင် တော်ခြေရင်းသို့ ...ကြသည်။ တောင်ပေါ်တက် ...ကသော တောင်လှေကား ...လုပ်ထား၏။ တောင်ခြေရင်း၌ သဲချောင်းလေးရှိနေသည်။ တောင်ပေါ်တက် ရန်လမ်းမှာ နှစ်လမ်းရှိနေ၏။ ကျွန်တော့်မှာ ရေဆာလာတော့သည်။

"ဆရာကြီး ကျွန်တော်ရေငတ်လို့ ရေသောက်ချင်တယ်"

"အရေးထဲ လူလေးရ၊ တောင်ပေါ်ရောက်ရင် ဆရာတော် ဦးမာယကျောင်းရှိတယ်။ အဲဒီကျမှ ရေအေးအေးသောက်ပါလား။ နေမွန်းတည့်တော့မှာ"

"ဆရာကြီး ကျွန်တော် ရေငတ်လွန်းလို့ပါ။ ရေသောက်ခွင့်ပေးပါ"

ကျွန်တော်ပူဆာလွန်း၍ ဆရာကြီးက -

"ဒါလောက်ရေသောက်ချင်ရင် ဟိုမှာ သဲချောင်းလေးထဲက ရေကို လက်နဲ့ယက်ပြီး သောက်ပေတော့။ တောင်ပေါ်ကို ၁၂ နာရီအရောက် လာခဲ့နော်"

ဆရာကြီးက ပြောပြောဆိုဆို တောင်ပေါ်တက်သွားတော့သည်။ ကျွန်တော် သဲချောင်းလေးရှိရာ ဆင်းလာခဲ့၏။ သဲချောင်းနားအရောက် လှမ်းမြင်ရသော ရေတို့ သဲချောင်းထဲ၌ မရှိကြတော့ပေ။ တံလျှပ်ထသည်ဟု ပြောရအောင်လည်း သစ်ရိပ်ဝါးရိပ်ကောင်းလှသော တောတောင်ဖြစ်၍ တံလျှပ်ကို မမြင်ရပါ။ ကျွန်တော် သဲချောင်းထဲ လက်ဖြင့်ယက်၍ တူးဆွရင်း ရေထွက်လာနိုး ရှာကြည့်လိုက်၏။ ရေထွက်မလာပါ။ ထိုအချိန်မှာ ဝါးရုံတောထဲမှ ကရင် အဘိုးအိုတစ်ဦး ထွက်လာပြီး ကျွန်တော့်အား -

"ကောင်လေး မင်းဆရာကြီးဆီ အချိန်မီရောက်အောင်လိုက်ရမှာ။ ဒီမှာ ရေမရှိဘူးကွ။ မင်း . . .သဲချောင်းထဲ ရေမြင်ရတာ အတုအယောင်တွေကွ။ ရေရှာ တောင်ကုန်းလေးပေါ်တက်သွား။ အဲဒီမှာ ဗာသိဒ္ဓိစခန်းရှိတယ်။ အဲဒီကျမှ ရေသောက်ပေတော့"

ကရင်အဘိုးအို တောတိုး ထင်းခုတ်လာဟန်တူ၏။ သျှောင်တစောင်းဖြင့် နှုတ်ခမ်းမွေးကြီးများ ရှည်လျားကော့တက်နေကြသည်။ မျက်လုံးအစုံမှာ နီရဲနေပြီး ကိုယ်အထက်ပိုင်း ဗလာဖြစ်၍ ရင်ဘတ်၌ အင်းစမများ ရေးထိုးထားသည်။ ခါးတောင်း မြှောင်အောင်ကျိုက်၍ ပေါင်နှစ်ဖက်၌ ထိုးကွင်းများ အပြည့်ထိုးထားသည်။ သူ့ခါးကြား၌ ဓားမတိုတစ်ချောင်းထိုးထားသည်။ ကျွန်တော့်အား လမ်းညွှန်ပြောကြားပြီး ဝါးရုံတောထဲသို့ တိုးဝင်သွား၏။ ရုတ်တရက် ကျွန်တော် အံ့အားသင့်သွားမိ၏။ လူဝင်ရောက်ရန် မဖြစ်နိုင်သော ထူထဲသိပ်သည်းလှပြီး ဆူးများပေါများလှသည့် ကြခတ်ဝါးရုံတောထဲသို့ သူ့လက်ဖြင့် အသာဖြဲပြီး ဝင်ရောက်ပျောက်ကွယ်သွားသော ကရင်အဘိုးအိုကို ကျွန်တော် ငေးကြည့်နေမိသည်။ ဝါးရုံကိုင်းပေါ်မှ ငှက်ကလေးတစ်ကောင် အော်သံကြောင့် ကျွန်တော် သတိပြန်ရလာပြီး မကြာမီ ကုန်းတန်းလေးပေါ် ပြေးတက်လိုက်ရ၏။ ကုန်းတန်းလေးပေါ်ရောက်လာပြီး မကြာမီ ဂူဘုရားတစ်ဆူကို တွေ့လိုက်ရ၏။ ဂူမှာ အရှည်ပုံသဏ္ဌာန်ပြုလုပ်ထားပြီး ဂူအမိုး၌ စေတီပေါက်ထား၏။ အဆောက်အအုံ တည်ထားပုံမှာ တောင်စောင်း၌ ရှိနေ၏။ ဂူထိပ်၌ ဗာသိဒ္ဓိစခန်းဟု ကမ္ပည်းထိုးထား၏။ ဂူ



www.burmeseclassic.com

www.burmeseclassic.com

ထိပ်၌ ရေအိုးစင်လေး စိုက်ထူထား၏။ လူသံမကြားဘဲ တိတ်ဆိတ်လှ၏။ ထို လိုဏ်ဂူလေးထဲ ကျွန်တော်ဝင်လိုက်မိ သည်။ ဂူထဲမှာ ဆရာတစ်ဦးက ပိတ် ဖြူဝတ်ဖြင့် အဓိဋ္ဌာန်ဝင် တည်ဆောက် နေသည်ကို မြင်လိုက်ရ၏။ ဆရာနှစ် ဦးမှာ အင်းစမများ ရေးသားခြင်းဖြင့် အလုပ်စခန်းဝင်နေကြ၏။ ဆရာကြီး ပညာရွှေပြောထားသော ဩဝါဒစကား ကို ကြားယောင်လာမိ၏။

"အင်းချတယ်ဆိုတာ စည်းကမ်း ကြီးတယ် လူလေးရ။ အင်းပေါက်ခြင်း၊ အင်းကန်းခြင်း၊ အင်းကျိုးခြင်း ခုနစ်ပါးစီ ရှိပြီး ပေါင်းလိုက်ရင် ၂၁ ပါးရှိတယ် ကွယ့်။ အင်းချနေချိန် စကားမပြောရ ဘူး"

ကျွန်တော် ရေသောက်ချင်လွန်း၍ အမူအရာပြပြီး ရေသောက်ခွင့် တောင်းလိုက်ရ၏။ ထိုဆရာနှစ်ဦး ခေါင်း ညိတ်ပြပြီး ခွင့်ပြုလိုက်ကြ၏။ ရေအိုးစင် မှရေကို တဝကြီး ခပ်သောက်လိုက်ရ၏။ ရေမှာအေးမြပြီး ရင်ထဲ အေးချမ်းသွား ၍ အားအင်ပြည့်ဖြိုးလာသလို ခံစား လိုက်ရ၏။ (မှတ်ချက် - ပိတ်ဖြူဝတ် ဖြင့် တရားထိုင်နေသော ဆရာတစ်ဦးမှာ ဗားသိဒ္ဓိစခန်း၏ ဦးစီးဆရာ ဦးမင်း အောင်ဟု နောင်မှ သိရ၏။) ကျွန်တော် ရေသောက်ပြီး၍ အမောပြေသွားချိန် ဂူထဲသို့ လေ့လာကြည့်ရှုမိလိုက်၏။ ကျွန်တော် ထိတ်လန့်သွားမိ၏။ ဂူနံရံ၌ ကပ်ချိတ်ထားသော နာရီမှာ နေ့ ၁၂ နာရီ ၁၀ မိ နစ်အချိန်ကို ပြနေသည်။ ကျွန်တော့်ကို ဆရာကြီးမှာထားသည် မှာ နေမွန်းတည့် ၁၂ နာရီတိတိ။ ဒေး စွန်ပါတောင်ပေါ် အရောက်သွားရပေ မည်။ သတ်မှတ်ချိန်ထက် ၁၀ မိနစ် လွန် နေပြီဖြစ်သည်။ ဆရာကြီးပညာ ရွှေ ကျွန်တော့်ကို ဆူပူပေတော့မည်။ ကျွန်တော် ဂူထဲမှထွက်လာပြီး ကုန်း တန်းပေါ်အရောက် လုံချည်ကို ခါး တောင်းကျိုက်ပြီး အထုပ်အပိုးများကို လက်ဖြင့် ပွေ့ပိုက်၍ အားကုန်ပြေးလာခဲ့ ရသည်။ ဒေးစွန်ပါတောင်တော် ရောက် ရှိချိန် စေတီတော်၏ ခြေရင်းဇရပ်လေး ထဲ၌ ဒေးစွန်ပါတောင် သာသနာပြုဦးစီး ဆရာတော် ဦးမာဃနှင့် ဆရာကြီးတို့ နှစ်ဦး စကားပြောနေသည်ကို တွေ့လိုက် ရ၏။

"လူလေးရ . . . မင်း ဝင်ဒါမီယာ အင်းယားလမ်းတစ်ပတ် အောင်မင်း ခေါင်စေတီတော်ကြီးကို မာရသွန်ပြိုင်ပွဲ ဝင်ပြေးဖို့ ပတ်ပြေးပြီး လေ့ကျင့်ထားတဲ့ အကျိုးတရားကြောင့် ထင်ပါရဲ့။ အချိန် နောက်မကျပါဘူး။ နာရီကိုကြည့်လိုက် စမ်း လူလေး"

ဆရာကြီးနှင့် ဆရာတော်ဦးမာဃ ကို ဦးချကန်တော့လိုက်ပြီး ဇရပ်ထဲ နာရီကို လှမ်းကြည့်လိုက်မိ၏။ ကျွန် တော် များစွာအံ့အားသင့်ရ၏။ နာရီနှစ် လုံးရှိနေ၏။ တစ်လုံးမှာ နေမွန်းတည့် ၁၂ နာရီ ၁၅ မိနစ်ကို ပြနေ၏။ နောက် တစ်လုံးမှာ နေမွန်းတည့် ၁၂ နာရီ တိတိ ပြနေသည်ကို တွေ့မြင်လိုက်ရ၏။ ကျွန်တော် ရုတ်တရက် အသိဉာဏ် ပေါက်သွား၏။ ဝိဇ္ဇာမယပညာရပ်ဆို သည်မှာ ပဉ္စလက်၊ လက်လှည့်၊ မျက် လှည့်တို့ထက် သာလွန်မှန်ကန် တိကျ ခြင်းပင်ဖြစ်ကြောင်း လက်တွေ့ကျကျ သိခွင့်ရလိုက်၏။ ဆရာကြီးပညာရွှေ ကျွန်တော့်ကို ပညာပြလိုက်ပြီဖြစ်သည်။

"လူလေး . . . ဇရပ်ထဲမှာ သက် သတ်လွတ်ထမင်း မင်းဖို့ချန်ထားတယ်။ သွားစားလိုက်ချေဦး။ ညဘက် စားစရာ မရှိဘူးနော်။ အဝအပြစားထား။ ငါဘုရား ပေါ်ကစောင့်နေမယ်။ မင်း ထမင်းစား ပြီး ဘုရားပေါ်တက်လာခဲ့"

ဆရာကြီးက ပြောပြောဆိုဆို ဘုရားပေါ်တက်သွား၏။ ဆရာတော်ကြီး ဦးမာဃက -

"ဦးသူတော်တို့ အလိုရှိတာတွေ ကပ္ပိယကြီးကိုပြောပြီး ယူနိုင်။ ကျုပ် လည်း အဓိဋ္ဌာန်ဝင် တည်ဆောက်ရ မယ့် အချိန်ကျနေပြီ သွားလိုက်ဦးမယ်"

ဆရာတော်ကြီးဦးမာဃ သူ့ ကျောင်းထဲသို့ ပြန်လည်ကြွရောက်သွား တော့သည်။ ကျွန်တော် ကပ္ပိယကြီး တည်ခင်းကျွေးမွေးသော သက်သတ် လွတ် ထမင်းစားပြီး ဒေးစွန်ပါစေတီ တော် ရင်ပြင်ပေါ်သို့ တက်သွားရ၏။ ကျွန်တော် စေတီတော်အား ဝတ်ပြု ဦးချကန်တော့ပြီး ဆရာကြီး မေတ္တာ ပို့သံကို ကြားနေရ၏။ ဒေးစွန်ပါတောင် တော်၏ စေတီပရိဝုဏ်မှာ ကျဉ်းလှ၏။ စေတီတော်ရှိရာ တောင်ထိပ်မှ ဘေး ပတ်လည်ကိုကြည့်လျှင် ချောက်ကြီး ဖြစ်နေသည်ကို မြင်ရ၏။ ဘေးခြား ဖက် တောင်ကြီးနှင့် ထက်ခြမ်းကွဲနေ၏။ ကျွန်တော့်အတွေးထဲ ဆရာကြီး ပြော ဆေးနွားသည် တောင်ကြီးကို ထက် ခြမ်းကွဲအောင် တိုးဝှေ့ဖြိုချနိုင်သည် တကယ်ပင် ဖြစ်နေရော့သလားဟု ... မြင်ယူဆမိ၏။ မြန်မာ့ဂန္ထဝင်ပညာ...



www.burmeseclassic.com

www.burmeseclassic.com

အား ကျွန်တော် ဉာဏ်မီအောင် မလိုက်နိုင်၍ ယုံနိုင်ဖွယ်မရှိ ဖြစ်နေရသည်။

"လူလေး စနေထောင့်မှာ ငါ အဓိဋ္ဌာန်ဝင်မယ်။ တစ်ညလုံး မေတ္တာပို့ အဓိဋ္ဌာန်ပြုရမှာ။ ဆရာသိုင်းအတွက် အကျုတ်အလွတ်ဖြစ်စေဖို့ ဆောင်ရွက်ပေးရမယ်။ မင်းလည်း တစ်ညလုံး ငါ့ နားမှာနေပြီး လိုအပ်တဲ့ကိစ္စ၊ ငါခိုင်းတဲ့ ကိစ္စ လုပ်ပေးရမယ်။ မင်း နားချင်နားထား။ ငါ ဘုရားကုန်းပတ်လည် မေတ္တာပို့သတဲ့ကိစ္စ ဆောင်ရွက်ဖို့သွားမယ်"

ဆရာကြီး စေတီပေါ်မှဆင်းသွားနှင့် ကျွန်တော်လွယ်အိတ်ကြီးကို ခေါင်းအုံးပြီး စနေထောင့်မှာ တစ်ရေးမေးလိုက်တော့သည်။

(၄)

ကျွန်တော် အိပ်နေသည်ကို တစ်ဦးတစ်ယောက်က လှုပ်နှိုးလိုက်၏။ ကျွန်တော် ထထိုင်လိုက်တော့ ကပ္ပိယကြီး ဖြစ်နေ၏။

"မိုးချုပ်တော့မယ် မောင်ရင်လေး စားဖို့ ငှက်ပျောသီးတစ်ဖီးယူထား။ ဆရာကြီး သောက်ဖို့ ရေနွေးကြမ်းအိုးတစ်အိုး ယူလာတယ်။ ညဘက် လျှပ်စစ်မီးမရှိ လို့ ဖယောင်းတိုင်မီးပဲ ပူဇော်ရမှာ။ အမွှေးတိုင်၊ ဖယောင်းတိုင် လာပို့တာ။ ဘုန်းတော်ကြီးက လိုတာရှိရင်ပြောပါ လို့ မှာထားတယ်"

ကပ္ပိယကြီးက ကြိမ်ခြင်းတောင်း ထဲမှ ပစ္စည်းများ အပြည့်ထစ်ဆို့ယူလာ သည်။ ဆရာကြီးပညာရွှေအတွက် ကြိမ်ခြင်း ရေနွေးကြမ်းတစ်အိုး ယူလာသည်။ ကျွန်တော့်အတွက် ဖီးကြမ်း ငှက်ပျောတစ်ဖီး ယူလာ၏။ ကပ္ပိယကြီး ထံမှ ပစ္စည်းများ လက်ခံထားလိုက်ပြီး ဇရပ်ဘက်သို့ ကပ္ပိယကြီးနှင့်အတူ လိုက်ပါသွားပြီး မျက်နှာသစ်၊ အလေး အပေါ့သွား၊ ရေချိုးပြီး ဒေးစွန်ပါ စေတီ တော်သို့ ပြန်လည်တက်ရောက်ခဲ့ရသည်။

တောတန်း စခန်းဖြစ်၍ ညဘက် မှောင် မှောင်မည်းမည်းထဲ ကျွန်တော်မသွား ရဲပါ။ အိမ်သာတက်ရသည့်ကိစ္စကို တစ် နေ့တစ်ကြိမ်တည်းနှင့် မနက်စောစော အိပ်ရာထ အကျင့်လုပ်ထား၍ တစ်နေ့ တာအတွက် အဆင်ပြေနေရသည်။ ဆရာကြီးဒေးစွန်ပါ တောင်ပတ်လည် မေတ္တာပို့လုပ်ငန်း လှည့်လည်ဆောင် ရွက်နေ၍ ဆရာကြီးပြန်လာလျှင် အဆင် သင့်ဖြစ်အောင် နေရာထိုင်ခင်း ပြင်ဆင် ပေးထားရသည်။ ကပ္ပိယကြီးက ကမ္ဘာ စစ်လက်ကျန် လက်ဆွဲမှန်မီးအိမ်မှာ ကညင်ဆီဖြင့် ထွန်းညှိလို့ရအောင် ပြု လုပ်ထားသည်။ တောတောင်ထဲ၌ ဓာတ်ဆီ၊ ရေနံဆီမရှိပါ။ ၃၂ တိုင် ဘီအိုစီဖယောင်းတိုင်ထုပ် ကိုးထုပ်၊ အမွှေးတိုင် ကိုးပါကင်ပါလာ၍ ဒေးစွန် ပါ စေတီတော်အား ဖယောင်းတိုင် ကိုး တိုင်၊ အမွှေးတိုင်ကိုးတိုင် ပူဇော်ပြီး ဘုရားဝတ်ပြုနေလိုက်ရသည်။ ကျွန် တော်နှင့် ဆရာကြီးပညာရွှေ ရောက်ရှိ နေသည့် အချိန်မှာ တပေါင်းလဆန်း ၇ ရက်ဖြစ်၍ လရောင်ကို ထင်ထင် ရှားရှား မမြင်ရသေးပါ။ ဆရာကြီးပညာ ရွှေ အဓိဋ္ဌာန်ဝင်လျှင် လဆန်း ၇ ရက် နေ့မှစတင်ပြီး လပြည့်နေ့အထိ အဓိ ဋ္ဌာန် ကိုးရက်ရ၏။ နို့စွပတ်ဝတ်မှာ အမြဲ ရှိနေပြီး တောတောင်စခန်း ဂန္ဓာရီ သွားလျှင် အထူးဂတ်တည်ဆောက်ရ ၏။ ဒေးစွန်ပါ တောင်တော်၌ ကိုးရက် အဓိဋ္ဌာန်ဝင်မည်မဟုတ်ဘဲ ပဲခူးတိုင်း တစ်ကြော သာသနာ့နယ်မြေများသို့ ကိုး ရက်တည်းနှင့် လှည့်လည်ပြီး အဓိဋ္ဌာန် ဝတ် တည်ဆောက်ရမည်ဖြစ်သည်။ ဆရာကြီးက ပုဂံမြို့ ဂန္ဓာရီထွက်စဉ်က မနူဟာမင်းကောင်းမှု ဘုရားမှာ ကျွန် တော့်ကို ပြောဖူးသည်။

"လူလေး ပုဂံရေချိုး ပရိမ်းမှာပေါ် ဆိုတဲ့ တဘောင်စကား ရှိတယ်ကွယ့်။ ပရိမ်းတိုင်းဟာ တစ်ချိန်ချိန်မှာ သာသနာ ဓာတ်ကြီး ပွင့်လင်းထွန်းတောက်မယ့် ဘူမိနက်သန်နေရာမှန် ဖြစ်တယ်"

ကျွန်တော် ခြေသံလိုလို ကြား လိုက်ရသည်။ ဆရာကြီး ပြန်လည် ရောက်ရှိလာပြီထင်၍ ဝတ်ပြုရာမှ ထ လိုက်သည်။ ဆရာကြီး မရောက်သေး ပါ။ စေတီတော်ပတ်လည် လှည့်ပတ်၍ ရှာကြည့်လိုက်မိသည်။ လူသူတစ်ဦး တစ်ယောက်မှ မတွေ့ရပါ။ ကျွန်တော် ကြောက်လန့်လာမိ၏။ စေတီတော်ရင် ပြင် စနေထောင့်မှာ ကျွန်တော် တစ် ယောက်တည်းရှိနေ၏။ ညမှောင်မှောင် ၌ လေတဟူးဟူး တိုက်နေပြီး လက်ဆွဲ မှန်အိမ်လေးမှာ လှုပ်ယမ်းနေသည်။ ကျွန်တော် မျက်စိကိုစုံမှိတ်ထား၊ သုတ်၊ ပရိတ်များကို အသံထွက်အောင် ရွတ် ဆိုနေလိုက်မိသည်။ ခြေသံမှာ ကျွန် တော့် နားရောက်မှ ရပ်သွားသည်။ မျက်စိမှိတ်ထားရာမှ ဆရာကြီးပြန် ရောက်လာပြီထင်၍ ဖွင့်ကြည့်လိုက်ရာ ရသေ့တစ်ပါးကို မြင်လိုက်ရ၏။ ရသေ့



www.burmeseclassic.com

www.burmeseclassic.com

မှာ ကျွန်တော့်ကိုကြည့်၍ အံ့အားသင့်နေပုံရသည်။

"ဟာ . . . ကိုသိန်းထွန်းပါလား။ ဘယ်ကနေ ရောက်လာတာလဲ"

ရသေ့စကားကြောင့် ကျွန်တော် အံ့အားသင့်သွားမိ၏။ သစ်ခေါက်ဆိုး သင်္ကန်းဝတ်ရသေ့ ဒေါက်ချာနှင့် မုတ်ဆိတ်မွေးများ ဖြူဖွေးရှည်လျားနေပြီး မေးရိုးကား၍ ကိုယ်လုံးကျစ်လျစ်သန်မာသော ရသေ့ကို ကျွန်တော် အတန်ကြာ စဉ်းစားလိုက်ရ၏။ ကျွန်တော် မှတ်မိချိန်မှာ ထိုရသေ့သည် ကျွန်တော့်မိတ်ဆွေရင်းတစ်ဦး ဖြစ်နေ၏။ ဝင်ဒါမီယာ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီ၏ ဘုရားဒါယကာကြီးဖြစ်သော ဦးချန်မဖီးမိသားစုဝင် ဦးဘိုးတော်မိသားစုပိုင် ခြံဝင်းကြီးထဲ၌ ဖိုးကျောက်ကုန်းအမည်တွင်သော ကုန်း၌နေထိုင်သော ကိုရွှေထွန်းဖြစ်နေသည်။ ကိုရွှေထွန်းသည် တစ်ချိန်တစ်ခါက မြန်မာ့ လက်ရွေးစင် လက်ဝှေ့သမားတစ်ဦးဖြစ်၏။ ကျွန်တော်နှင့် ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီ၌ အဓိဋ္ဌာန်ဝင်ဘက်ဖြစ်၏။ ဂိုဏ်းဆရာတစ်ဦးဖြစ်၍ သီလ၊ သမာဓိ ပြည့်စုံသူဖြစ်သည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ဇနီးဖြစ်သူ သေဆုံးသွား၍ တောတွင်းထွက်သွားသည်ဟု ကြားရဖူး၏။ သားသမီးငယ်များရှိသော်လည်း ခယ်မနှင့် မရီးအပျိုကြီးများက ကူညီထိန်းသိမ်းစောင့်ရှောက်ပေးကြ၏။ ကျွန်တော် ဆရာကြီးပညာရွှေထံ တပည့်ခံ ပညာယူနေသည်ကို ထောက်ခံအားပေး၏။

"ဆရာကောင်းတပည့် ပန်းကောင်းပန်ပေါ့ဗျာ။ ခင်ဗျားဘဝ ပါရမီဆက်ကိုက ဆရာသမားကောင်းတွေနဲ့ ဆုံဆည်းရတာ။ ကျွန်တော်ကတော့ ကိုယ့်ဂိုဏ်းစဉ် ဆရာတွေနဲ့ပဲ လမ်းစဉ်အတိုင်း သွားနေရတာ။ လောကီကိစ္စတွေက မပြတ်သေးဘူးဗျ။ ကျွန်တော် ဓာတ်ကစားနေတယ်"(ဖိုထိုးခြင်းဖြစ်သည်။) ဓာတ်ပေါင်းစုဘုရားမှာ ဆုံနေကျ။ နောက်ဆုံးအချိန်တွေ့စဉ်က ပြောသွားသောစကား ဖြစ်သည်။ ကျွန်တော် ဝမ်းသာသွားမိသည်။ ဒေးစွန်ပါတောင်တန်းမှာ ရှားရှားပါးပါး မေ့မိတ်ဆွေတစ်ဦးနှင့် ပြန်ဆုံကြရခြင်း ဖြစ်သည်။ ကိုရွှေထွန်းသည် ကျွန်တော့်ထက် မြင့်မြတ်သောဘဝကို ပိုင်ဆိုင်သူဖြစ်နေသည်။

"ခင်ဗျားဆရာကြီးက ကျွန်တော့်အထိုင်စခန်းဖြစ်တဲ့ ပါစွန်ပါတောင်ကို ရောက်လာတာ။ အင်ကြင်းတောင်က ပြန်လာတာပြောတယ်။ ဆရာကြီးက ထူးဆန်းလွန်းတယ်။ တစ်ညနေတည်းနဲ့ ရိုးမတောထဲက အင်ကြင်းတောင်ကို ရောက်အောင်သွားနိုင်တယ်။ ဒေးစွန်ပါတောင်ကနေ ၁၀ မိုင်လောက်ဝေးပြီး တောလမ်း၊ တောင်လမ်းဖြစ်လို့ သွားဖို့ခက်လှတယ်။ ကျွန်တော် တစ်ခေါက်ရောက်ဖူးတယ်။ သစ်တင်တဲ့ကားနဲ့ လိုက်သွားလို့ လွယ်ကူချောမောတာ။ တစ်နေ့တာခရီးသွားရတာဗျ။ အင်ကြင်းတောမှာ တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးတစ်ပါးတည်း ရှိတာ။ ဘယ်လိုသွားပြီး ဘယ်လိုပြန်ခဲ့တယ် မပြောတတ်ဘူး။ ဓာတ်ပေါင်းစုံစေတီမှာ တွေ့စဉ်ကပင် ထူးခြားတဲ့ပုဂ္ဂိုလ်လို့ ထင်ထားတာ မှန်နေပြီ။ ကိုသိန်းထွန်း မနက်ဖြန်ကျရင် စခန်းဘက်လာခဲ့ဗျာ။ ကျွန်တော်ပြန်လိုက်ဦးမယ်"

ရသေ့ကိုရွှေထွန်း ပြောပြောဆိုဆို ဘုရားဦးချကန်တော့ပြီး ရင်ပြင်တော်မှ ဆင်းသွားသည်။ မှောင်မှောင်မိုက်မိုက်ထဲ လက်နှိပ်ဓာတ်မီးတစ်လက်တည်းနှင့် ကိုရွှေထွန်း ပြန်ချသွားသည်။ မကြာမီ ဆရာကြီးပညာရွှေ ပြန်ရောက်လာသည်။

"လူလေး ငါ ည ၉ နာရီတိတိမှာ အဓိဋ္ဌာန်စတင် မယ်။ မင်း ဖယောင်းတိုင်နဲ့ အမွှေးတိုင်ကို မပြတ်မလပ်ရအောင် ထွန်းညှိပူဇော်ပေး"

ဆရာကြီး အဓိဋ္ဌာန်စတင်သည်နှင့် ကျွန်တော် ဆရာကြီးမှာထားသည့်အတိုင်း ဖယောင်းတိုင်၊ အမွှေးတိုင်များ မပြတ်ထွန်းညှိပူဇော်ပေးနေသည်။ ဒေးစွန်ပါတောင်တော် ညဉ့်ကာလသည် တိတ်ဆိတ်ငြိမ်သက်နေပြီး သူတော်ကောင်းများ၊ ပုဂ္ဂိုလ်ထူးများ၊ ဂန္ဓာရီပုဂ္ဂိုလ်များ ကျင့်ကြံအားထုတ်ရာ နေရာ[illegible] ဖြစ်၍လည်း အေးချမ်းလှသည်။ လေ[illegible] တဟူးဟူးတိုက်ခတ်နေသည်။ တစ်[illegible] တစ်ရံ ညဉ့်ငှက်ကလေးများ အော်[illegible] ကြားရသည်။ လဆန်းရက်မို့ လခြမ်း[illegible] ကွေးလေးလည်း အနောက်အရပ်သို့ တဖြည်းဖြည်း ရွေ့လျားနေလေပြီ။ ကောင်းကင်ပြင်၌ ကြယ်လေးများ မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းလက်နေကြ[illegible] သည်။ ဆရာကြီးနောက်ကျောမှ [illegible] လျက် ကျွန်တော် ဘုရားဂုဏ်တော်များ ရွတ်ဖတ်လျက်နေမိသည်။ အချိန်သည် [illegible] ကား ညမှန်းတည့်ခေါ်ရမည့် ည [illegible] နာရီအချိန် ရောက်လေပြီ။ ကော[illegible] ယံ၌ လခြမ်းကွေးလည်းမရှိတော့။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

စဉ်ကြယ်ကား အမြီးထောင်နေလေပြီ။ ကျွန်တော် တစ်ချက်တစ်ချက် ငိုက်မျဉ်းသွားမိသည်။ ဆရာကြီး အဓိဋ္ဌာန်ဝတ်ဖြင့် တည်ဆောက်နေတုန်းရှိသည်။ ဒေးစွန်ပါတောင်ခြေဘက်ဆီက နွားတစ်ကောင်၏ နှာမှုတ်သံ မြေပြင်ကို ခွာရှပ်သံကြားနေရသည်။ ရွာနီးချုပ်စပ်မှ နွားများလွှတ်ကျောင်းထားပြီး ပြန်မသိမ်း၍ ကျန်ရှိနေသော နွားတစ်ကောင်၏ သွားလာလှုပ်ရှားသံဟု ထင်မိသည်။ စေတီရင်ပြင်ပေါ်သို့ လှေကားမှတက်လာသော ခြေသံများ ကြားနေရသည်။ အချိန်[illegible]တော် သန်းခေါင်ကြီးမှ တောင်ပတ်[illegible]န်းကျင်ရှိ ဇရပ်များမှ အဓိဋ္ဌာန်သမား[illegible]များ ပုတီးစိပ်ရန်လာကြသည်ဟု ထင်မိသည်။ ပိတ်ဖြူဝတ်ပုဂ္ဂိုလ်တစ်ဦး၊ ယောဂီဝတ်ပုဂ္ဂိုလ်တစ်ဦးနှင့် ရဟန်း[illegible]တ်တစ်ပါးတို့ ဖြစ်ကြသည်။ ဒေးစွန်[illegible]တောင်တော်အား ဦးချကန်တော့[illegible]ပြီး ကျွန်တော့်ကို လှမ်းကြည့်လိုက်[illegible]သည်။ ကျွန်တော် မြင်တွေ့လိုက်ရ[illegible] ပုဂ္ဂိုလ်သုံးဦးမှာ ထူးဆန်းလှ၏။ [illegible]တ်မြင်နေကျ ယောဂီဝတ်ပုဂ္ဂိုလ်[illegible]တို့ မဟုတ်ကြ။ မှတ်ဆိတ်ရှည်[illegible]နှင့် အရပ်အမောင်းမြင့်မားပြီး[illegible]နှာများ ထွားကျိုင်းလှသည်။ [illegible]၌ တောင်ဝှေးကိုယ်စီနှင့် လွယ်[illegible]တစ်လုံးစီ လွယ်ထားကြသည်။ [illegible]တော့်စိတ်ထဲ ထိုပုဂ္ဂိုလ်များကို [illegible]စိတ်ပေါ်လာပြီး ကန်တော့လိုက်[illegible] ထိုပုဂ္ဂိုလ်ကြီးသုံးဦး ပြုံးတုံ့[illegible]ငြိမ် ခေါ်ခဲ့ကြသည်။ ယောဂီ[illegible]ကြီးက ကျွန်တော့်အား -

"[illegible]ဆရာကြီးကို ပြောလိုက်၊ အချိန်ကျပြီ၊ တနင်္ဂနွေထောင့်ကို လာခဲ့လို့"

ထိုပုဂ္ဂိုလ်ကြီးသုံးပါး တနင်္ဂနွေထောင့်ဆီ ကြွသွားကြသည့်အခါ ဆရာကြီးထံမှ သက်ပြင်းချသံ ကြားလိုက်ရသည်။ ဆရာကြီးက အာနာပါနကမ္မဋ္ဌာန်း ဝင်စားနေရာမှ အဓိဋ္ဌာန်ထလိုက်ပြီ ဖြစ်သည်။

"လူလေး‥ဒီနေရာမှာ မင်းနေခဲ့။ ဘယ်လိုထူးထူးဆန်းဆန်းတွေ့တွေ့ ဒီနေရာကမထနဲ့။ ဖယောင်းတိုင်၊ အမွှေးတိုင် မပြတ်ထွန်းပေး။ ငါကိစ္စပြီးတာနဲ့ ပြန်လာခဲ့မယ်"

ဆရာကြီးပညာရှေ့ ပြောပြောဆိုဆို ထသွားတော့သည်။ ကျွန်တော် ဆရာကြီးမရှိမှ ကြောက်အားပိုသွားပြီး စောခေါင်းမြီးခြုံ၍ လုံချလိုက်သည်။ ကျွန်တော့်နားထဲ တောင်ခြေမှ သီချင်းဆိုသံ၊ အိုးစည်သံ၊ မောင်းသံများ ကြားနေရသည်။ မနက်ဖြန်မနက် အလှူအတန်းရှိ၍ သီလရှင်ကျောင်းများ၊ ယောဂီများ နေထိုင်သည့် ဇရပ်များမှ သီချင်းဖွင့်နေကြသည်ဟု ထင်မိသည်။ ကျွန်တော် ခေါင်းမြီးခြုံထား၍ စေတီရင်ပြင်၌ သွားလာနေသောခြေသံများ ကြားနေရသော်လည်း စောင်ကိုဖယ်၍ မကြည့်မိ။ မျက်လုံးများလည်း လေးလံလာပြီး အိပ်ချင်လာမိ၏။ စေတီ၏အရှေ့အရပ် တနင်္ဂနွေထောင့်မှ ယောက်ျားလေးနှင့် မိန်းကလေး နှစ်ဦးသား စကားပြောသံ ကြားနေရသည်။ ကျွန်တော် ကြောက်အားပိုနေရာမှ အားတက်သွားမိသည်။ ဘုရားဆွမ်းတော်ကပ်သူများ ရောက်လာကြသည်ထင်မိသည်။ ခေါင်းမြီးခြုံအား ဖယ်လိုက်သောအခါ လူပုဂ္ဂိုလ်များကို မမြင်ရဘဲ အသံကိုသာ ဆက်ကြားနေရသည်။ ကျွန်တော် အားတက်သွားပြီး ထထိုင်လိုက်မိသည်။ ဖယောင်းတိုင်မီးကို ဆက်လက်ပူဇော်ပြီး အမွှေးတိုင်များပါ ထွန်းညှိလိုက်သည်။ ဒေးစွန်ပါတောင်တော်၏ ညသန်းခေါင်ကျော်အချိန် စေတီတော်ရင်ပြင် အရပ်ရှစ်မျက်နှာ၌ သူတော်စင်အပေါင်းတို့ အဓိဋ္ဌာန်ဝတ် လာရောက်တည်ဆောက်သည်ကို မြင်တွေ့နေရ၏။ တိတ်ဆိတ်လွန်းသော ညချမ်းအချိန်မှာ အဓိဋ္ဌာန်စခန်းဝင်ကြဟန်တူ၏။

ကျွန်တော်လည်း ထိုပုဂ္ဂိုလ်ကြီးများကို ကြည့်၍ အားကျလာမိသည်။ မေတ္တာသုတ်များ ရွတ်ဖတ်ရင်း မေတ္တာပို့လုပ်ငန်းကို လုပ်ကိုင်နေမိသည်။ တစ်ခါတစ်ရံ တောင်ခြေရင်းမှ ထိုးမောင်းသံများ ကြားရတတ်၏။ မကြာမီ တောကြက်တွန်သံများနှင့် ကုလားတက်ခေါက်သံ ကြားရ၏။ ဆရာတော်ဦးမာဃကျောင်းဇရပ်မှ ကပ္ပိယကြီး ဆွမ်းထချက်ပြီး အရုဏ်ဆွမ်းကပ်လှူရန် နှိုးဆော်သည့်အသံဖြစ်၏။ ဒေးစွန်ပါတောင်တော်ရင်ပြင်မှ ဆင်းသွားကြသော ခြေသံများကြားနေရ၏။ ကျွန်တော် ကောင်းကင်ယံကို မော့ကြည့်လိုက်မိ၏။ အနီရောင် အဝါရောင်များ ယှက်သန်းနေသည်ကို မြင်လိုက်ရ၏။ ထိုအရောင်များသည် ရောင်ပြန်များဖြစ်နေပြီး ရဟန်းပုဂ္ဂိုလ်၊ ဇော်ဂျီလိုပုဂ္ဂိုလ်များ မြင်လိုက်ရ၏။ ကျွန်တော် အိပ်ချင်မူးတူးဖြင့် မျက်လုံးများ ဇဝေဇဝါဖြစ်ကာ မြင်နေရသည်ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒေးစွန်ပါစေတီတော်၏ အရှေ့အရပ်မှ ရောင်နီပေါ်လာ၏။ အရုဏ်တက်၍ မိုးလင်းပေတော့မည်။ ဖယောင်းတိုင်မီးသည်လည်း ငြိမ်းလုဆဲဆဲရှိနေ၍ ဆက်ပြီး ထွန်းညှိလက်စ ဖယောင်းတိုင်ထုပ်ကို ယူလိုက်ရသည်။ ဖယောင်းတိုင်ကိုးထုပ်ရှိ ဖယောင်းတိုင်များ ကုန်သွားပြီဖြစ်သလို အမွှေးတိုင်ကိုးထုပ်မှာလည်း ကုန်နေပြီဖြစ်သည်။ နံနက်ခင်း၏ ထွန်းသစ်စ ပုစွန်ဆီရောင်များ ဖျန်းပက်လိုက်သလို နေမင်း၏အလင်းရောင်က စေတီတော်အား ဦးခိုက်ပူဇော်နေပြီး ရင်ပြင်ပေါ် ထွန်းလင်းတောက်ပလာသည်။ မိုးလင်းပေတော့မည်။

ကျွန်တော် မတ်တတ်ရပ်ရင်း ခါးဆန့်လိုက်ရ၏။ တစ်ညလုံး ငတ်တုတ်ထိုင်လိုက်၊ လဲလျောင်းလိုက်ဖြင့် ညောင်းညာကိုက်ခဲနေ၏။ ဒေးစွန်ပါစေတီတော်တစ်ပတ်လျှောက်ကြည့်လိုက်မိ၏။ အရပ်ရှစ်မျက်နှာ ဂြိုဟ်ခွင်ထောင့်များ၌ မာလကာသီး၊ သြဇာသီး၊ ငှက်ပျောသီး၊ သရက်သီးများ ဆွမ်းတော်ကပ်လှူထား၏။ ဆရာကြီးပြန်ရောက်လာလျှင် စွန့်၍စားရန် ကြံလိုက်မိ၏။ ထိုအချိန်မှာပင် စေတီတော်ခြေရင်းမှ ဆရာကြီး ကျွန်တော့်ကို လှမ်းခေါ်လိုက်၏။

"လူလေး ဆင်းခဲ့တော့။ မနက်စာ ကပ္ပိယကြီးပြင်ထားတယ်။ လာစားလှည့်"

ဆရာကြီးလှမ်းပြောသံကြောင့် ကျွန်တော် ပြန်ပြောလိုက်ရသည်။

"ဆရာကြီး…ဘုရားမှာ သစ်သီးဆွမ်းကပ်ထားတယ်။ ကျွန်တော်စွန့်ပြီး ယူလာရမလား"

"မယူနဲ့ လူလေး။ ဇရပ်ထဲကျမှ ငါရှင်းပြမယ်။ ပစ္စည်းတွေသိမ်းပြီး ဆင်းခဲ့တော့။ တို့ခရီးဆက်ရဦးမှာ"

ဆရာကြီးစကားကြောင့် ကျွန်တော် စေတီတော်ခြေရင်း တိုက်ဇရပ်ထဲသို့ ဆင်းလာရ၏။ ကပ္ပိယကြီးကျိုချက်ထားသော ဆန်ပြုတ်ပူပူနွေးနွေးကို တဝကြီးသောက်လိုက်ရ၏။ ကျွန်တော် ဆာနေသည်ကတစ်ကြောင်း၊ တောတောင်စခန်းများ၌ အစားအသောက် ချေးများနေ၍မရ။ ကြုံသလိုစားရ၏။ ဆရာကြီးအမိဋ္ဌာန်ခရီးနောက်လိုက်နေ၍ အတွေ့အကြုံရင့်နေပြီဖြစ်၏။ ဆန်ပြုတ်မှာ ဆားပင်ထည့်မထား၍ ပေါ့ရွှတ်ရွှတ်ဖြစ်နေ၏။ ကျွန်တော် ဆန်ပြုတ်၏အရသာကိုမခံစားနိုင်။ ဗိုက်ဝအောင်ပင် သောက်လိုက်မိ၏။

"လူလေးရ…သစ်သီးဆွမ်းတွေ မစွန့်ဖို့ မင်းကို ငါပြောခဲ့တယ်နော်။ ဒီသစ်သီးတွေက ပုဂ္ဂိုလ်ထူးတွေ မဟာမြိုင် တောကြီးထဲက ဆွတ်ခူးလာပြီး ဘုရားမှာ ဆွမ်းတော်ကပ်ထားတာ။ မင်းလို သာမာန်ပုထုဇဉ် စားလို့မရဘူးကွ။ မင်းစားလိုက်ရင် အားအင်တွေပြည့်ဖြိုးပြီး တဏှာရာဂစိတ်တွေ ပေါ်လာလိမ့်မယ်။ ကိလေသာပယ်ထားတဲ့ သူတော်စင်တွေ စားကြရတာ။ မင်းစားဖို့ ကျောက်ထီးကြီးရှိတဲ့ တောထဲက ရွှေငှက်ပျောသီးတစ်လုံးယူလာတယ်။ အဲဒါ စားလိုက်ပေတော့"

ကျွန်တော် အံ့အားသင့်သွားမိ၏။ ကျောက်ထီးကြီးနေရာသည် အင်ကြင်းတောင်သွားရာ လမ်းခုလတ်၌ ရှိ၏။ တောထူထပ်၏။ ဆရာကြီး ညက ကျောက်ထီးရှိရာ တောထဲသွား၍ ပုဂ္ဂိုလ်ထူးများနှင့် တွေ့ဆုံခဲ့ဟန်တူ၏။ ဆရာကြီး ခြုံလွှာအောက်မှထုတ်ပေးသော ရွှေငှက်ပျောသီးကား တစ်ပေခန့်ရှည်လျားပြီး ဝဝတုတ်တုတ်ကြီး ဖြစ်၏။ မစားခင်ကပင် အနံ့များ မွှေးကြိုင်နေ၏။ ကျွန်တော် ထိုရွှေငှက်ပျောသီးကြီးကို အခွံခွာ၍ အဝအပြဲ စားလိုက်မိ၏။ ကျွန်တော် ငှက်ပျောသီးစားနေသည်ကို ကြည့်၍ ဆရာကြီး ရယ်မောလိုက်၏။

"လူလေး မင်း တော်တော်အစားကြူးတဲ့ကောင်ပဲ။ အေးလေ…ပုထုဇ္ဇနော၊ ဥမ္မတ္တကောဆိုမှတော့ အစားကြီးတာလည်း အရှုးတစ်မျိုးလို့ ခေါ်လို့ရတာပေါ့ကွာ"

(၅)

ဆရာကြီးနှင့် ကျွန်တော်တို့နှစ်ဦး ဆရာတော်ကြီး ဦးမာဃကို ကန်တော့လိုက်ကြသည်။

"ဒကာကြီး ဘယ်အချိန်လောက် ပြန်လာဦးမလဲ"

"တပည့်တော် လာချင်ပေမယ့် အလာခက်သလို တောတောင်က ပြန်မယ်လုပ်တော့လည်း အပြန်ခက်လှတယ်ဘုရား"

"တွေ့ကြုံဆုံကွဲ မမြဲတာပဲလေ ဒကာကြီး။ သံသရာခရီးသည်တွေပဲ။ ဆုတောင်းမပြည့်ခင် ကြုံရဆုံရဦးမှာပဲလေ။ နောက်တစ်ခေါက် ရောက်လာရင် ဒကာကြီး ကျုပ်ကို ကန်တော့ခွင့်ရမှာ မဟုတ်တော့ဘူး။ အရင်သွားနှင့်တယ်လို့ မှတ်လိုက်ပါ"

ဆရာတော်ကြီး၏ မျက်နှာအိမ်



www.burmeseclassic.com

www.burmeseclassic.com

မှာ အရောင်ဖျော့နေသည်။ တောက်ပစူးရှသော မျက်လုံးအစုံတို့ အရောင်မှေးမှိန်နေကြသည်။

"ခွင့်ပြုပါဦးဘုရား"

ဆရာကြီးနှင့် ကျွန်တော် ဒေးစွန်ပါတောင်တော်မှ ထွက်လာကြသည်။ ကျွန်တော့်ရင်ထဲ လွမ်းမောရသော ဝေဒနာတစ်ရပ် ခံစားရမိသည်။

"လူလေး . . .ဆရာတော်ကြီး ဦးမာယကို နောက်တစ်ကြိမ်ဖူးခွင့် မရတော့ဘူး။ ဘဝပြောင်းတော့မယ်။ တို့ ပါစွန်ပါတောင်ဘက် သွားကြရအောင်"

ဒေးစွန်ပါတောင်တော်၏ အရှေ့မြောက်အရပ်ဟု ထင်ရသော ပါစွန်ပါတောင်ဘက်ခရီး ဆက်ကြရ၏။ ဒေးစွန်ပါတောင်တော်နှင့် ပါစွန်ပါတောင်သည် တစ်ဆက်စပ်တည်း ရှိနေသော်လည်း လူတစ်ဦးစာ တောင်ကြားလမ်းလေးသာရှိ၍ ထိုလမ်းလေး တစ်ဖက်တစ်ချက်မှာ ချောက်ကြီးဖြစ်၏။ ထိုတောင်နှစ်လုံးဆက်သည့် တောင်ကူးလမ်းထိပ် ဒေးစွန်ပါ တောင်တော်ဘက်၌ ကညင်ပင်ကြီးရှိ၏။ ထိုကညင်ပင်ကြီးအား မြင့်မားထွားကျိုင်းလှ၏။ ကညင်ပင်ကြီး၏ သန်မာထွားကျိုင်းလှသော အကိုင်းအခက်များ၌ လူစီးဒန်းများ ချိတ်ဆွဲထား၏။ လူစီးဒန်းကြီးတစ်ခုမှာ အထည်းမားမားရှိနေ၏။ ကျွန်တော် မြင်လိုက်မိ၏။

"ဆရာကြီး . . . ဒန်းကြီးက စီးချင်စရာ ကျွန်တော် တက်စီးချင်လိုက်တာ"

ကျွန်တော့်စကားအဆုံးတွင် ဒန်းလေးများနှင့် ဒန်းကြီးသည် လှုပ်ယမ်းလျက် ရှေ့နောက်လွှဲယမ်းနေသည်မှာ လူကြီးများတက်စီးသကဲ့သို့ မြင်နေရ၏။

"လူလေး . . . ဒန်းတွေက သူ့ပိုင်ရှင်နှင့်သူကွ။ လာလှူထားတဲ့သူတွေက သူတို့အစွဲနဲ့သူတို့ ပုဂ္ဂိုလ်တွေကို လှူထားကြတာ။ ဒီဒန်းတွေက သိုက်နန်းရှင် ဒန်းတွေကွ"

ဆရာကြီးစကားကြောင့် ဒန်းတွေ လှုပ်ယမ်းသွားနေရာက ရပ်သွားကြသည်။

"လူလေး . . . မင်း နှုတ်လွန်သွားပြီကွ။ ပါစွန်ပါတောင်ကူးရင် ငါ့ခြံထည်စကို ကိုင်ထား။ မင်း ချောက်ထဲချော်ကျနေဦးမယ်"

ဆရာကြီးစကားကြောင့် ကျွန်တော် တုန်လှုပ်သွားမိသည်။

"ဆရာကြီး ကျွန်တော်ကြောက်လှတယ်။ ဒေးစွန်ပါတောင်အောက်ဆင်းပြီး ပါစွန်ပါတောင်ဘက် ပြန်တက်ခဲ့ပါ့မယ်"

"လာပါကွာ ငါတစ်ယောက်လုံးရှိနေတာ ကြောက်ဖို့မလိုပါဘူး။ ဒန်းတွေ ပိုင်ရှင်ရှိကြောင်း ပြလိုက်ပါဦး"

ဆရာကြီးစကားကြောင့် ဒန်းများ လူစီးသကဲ့သို့ တကျွီကျွီမြည်ပြီး လှုပ်ယမ်းသွားပေသည်။ ကျွန်တော် ဆရာကြီးခြုံထည်စကိုကိုင်ရင်း ပါစွန်ပါတောင်ဘက်သို့ လိုက်ပါခဲ့ရသည်။ ပါစွန်ပါတောင်မှာ ဒေးစွန်ပါတောင်တော်ထက် နိမ့်နေသော်လည်း တစ်ဆက်စပ်တည်းရှိနေသော တောင်ဖြစ်သည်။ ပါစွန်ပါတောင်ထိပ်သည် အကျယ်အဝန်း သေးငယ်လှသည်။ တောင်ပေါ်၌ အင်ဖက်မိုး၊ အင်ဖက်ကာ၊ ဝါးခင်းတဲလေးတစ်လုံးသာရှိသည်။ ထိုတဲသည် ကား ရသေ့ကို ရွှေထွန်း၏ တဲကျောင်းလေးဖြစ်သည်။ ဆရာကြီးနှင့်ကျွန်တော် ရောက်သွားသည်နှင့် ရသေ့ကိုရွှေထွန်းကို တဲရှေ့ရှိ တောင်ကြီးပင်အောက် ဝါးကွပ်ပျစ်လေးမှာ ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"ဘယ့်နှယ် ကိုရသေ့၊ ရသမျှသွတ်နေရလို့ ရသွတ်ဖြစ်နေပြီပေါ့"

ရောက်ရောက်ချင်း ဆရာကြီး ပြောစကားကြောင့် ကျွန်တော် အံ့အားသင့်သွားမိသည်။ ရသေ့ကိုရွှေထွန်းမှာ ပါစွန်ပါတောင်သို့ ရောက်ရှိပြီး တရားကျင့်ကြံအားထုတ်နေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်သည်။ ထိုသို့တောရဆောက်တည်ခြင်းသည် ပါရမီဆယ်ပါး၌ အိမ်ကျောင်းကိုစွန့်ခွာ၍ တောတောင်အရပ်၌ တရားအားထုတ်ခြင်းသည် နိက္ခမပါရမီဖြစ်သည်ဟု ကျမ်းဂန်များ၌ ပြဆိုထားသည်။ ကိုရွှေထွန်းသည် လူသာမန်တို့ လုပ်ကိုင်နိုင်ခြင်းမရှိသော မိသားစုကိုစွန့်ခွာ၍ နိက္ခမပါရမီမြောက် ကျင့်ကြံအားထုတ်နေသည်မှာ ဤပါစွန်တောင်၌ သုံးနှစ်သုံးမိုးရှိခဲ့ပြီဖြစ်သည်။ ကိုရွှေထွန်းသည် ဆရာကြီးပညာရွှေကို ထိုင်ကန်တော့ရင်း ခရီးဦးကြိုပြုသည်။ ကျွန်တော့်ကိုလည်း ဝမ်းသာအယ်လဲ စကားတွေပြောသည်။

"ကိုသိန်းထွန်းရေ . . . ခင်ဗျားကို ဒီတောင်မှာ တွေ့ရလိမ့်မယ်လို့ မျှော်လင့်မထားဘူး။ ဝမ်းသာလိုက်တာဗျာ။ ခင်ဗျားရဲ့အတွေ့အကြုံတွေ ကျွန်တော့်ကို ပြောပြပေးပါဦး"

ကိုရွှေထွန်းနှင့်ကျွန်တော် စကားလက်ဆုံကျနေစဉ် ဆရာကြီးပညာရွှေ



www.burmeseclassic.com

www.burmeseclassic.com

တဲပေါ်သို့တက်သွားသည်။ ဆရာကြီးအတွက် နေရာထိုင်ခင်းပြင်ဆင်ပေးရန် တဲထဲသို့ ကျွန်တော် ဆရာကြီးနောက်က လိုက်ဝင်ရသည်။ တဲပေါ်မှာ ဦးဇင်းတစ်ပါးရှိနေသည်။

"အပုပ်ကောင် ရုပ်ခေတင်နေပါလား။ တွေ့လိုက်ရမှဖြင့် မသာတွေချည်းပဲ"

ဆရာကြီးပညာရွှေ တစ်ခါတစ်ရံ စကားပြောလျှင် ဘုကန့်လန့်ကြီးပြောတတ်သည်။ ထိုဦးဇင်းမှာ သင်္ကန်းကို ခေါင်းမြီးခြုံပြီး အိပ်နေသည်ကို တွေ့ရသည်။

"မသာဆိုမှတော့ လက်ာရေးနိုင်ပါဦးမလား။ လက်ာရေးပေးစေချင်ရင် ကျုပ်ကို ကန်တော့ဦးဗျ"

ထိုဦးဇင်းမှ ခေါင်းမြီးခြုံသင်္ကန်းကိုဖယ်၍ ငုတ်တုတ်ထထိုင်လိုက်သည်။ ကျွန်တော် အံ့အားသင့်သွားမိသည်။ ဦးဇင်း၏ဥပဓိရုပ်သည် လွန်စွာမှကောင်းလှသည်။ မျက်နှာမှာ ကြည်လင်လှသည်။ စူးရှတောက်ပြောင်သော မျက်လုံးအစုံကို မြင်လိုက်ရသည်။ ဆရာကြီးက သံဃာဂုဏ်ကိုရည်စူး၍ ကန်တော့ပါသည်ဟုဆိုပြီး ဦးသုံးကြိမ်ချ၏။ ကျွန်တော်လည်း ဦးသုံးကြိမ်ချကန်တော့လိုက်ရ၏။

"ဘယ်လိုလဲ ဦးသူတော်၊ ဆင်ပြောင်ကြီး အမြီးတစ်နေပါလား။ ယောင်ချာချာလုပ်မနေနဲ့ ထွက်ဖို့လုပ်ပေတော့"

ထိုဦးဇင်းမှာ တိုတောင်းလှသော စကားပြောပြီး ထ၍ တဲကျောင်းပေါ်က ဆင်းသွားတော့သည်။ ရသေ့ကိုရွှေထွန်း၏ တဲကျောင်းဘေးမှာ တောင်ဆင်းလမ်းလေးရှိသည်။ ပါစွန်ပါတောင်မှ ဒေးစွန်ပါတောထဲသို့သွားသော လမ်းလေးဖြစ်သည်။

"ဟိုဓာတ်ရှူးရသေ့လေး။ ဓာတ်ရှူးဆိုတာ ကိုယ့်ကိုယ်ကို အရင်ထူးအောင်လုပ်ရတယ်။ ကိုယ်ကမထူးရင် ဓာတ်က လူနဲ့မနေတော့ဘူး။ လူထွက်ရင်ထွက်၊ မထွက်ရင် ဓာတ်ထွက်သွားတတ်တယ်။ ကဲ···မှတ်ထားပေတော့"

ကိုရွှေထွန်း တွေပြီး တွေပြီး ကျန်နေခဲ့သည်ကို မြင်လိုက်ရသည်။ ကျွန်တော် တဲထဲမှ ထွက်လိုက်သည်။ ဆရာကြီး လွတ်လွတ်လပ်လပ် အနားယူနိုင်ရန်ဖြစ်သည်။

"ကိုသိန်းထွန်းရေ···ပြန်ကြွသွားတဲ့ ဦးဇင်းဟာ ခင်ဗျားတို့မရောက်ခင် မနက်အစောကြီး ကျွန်တော့်ဆီရောက်လာပြီး တဲပေါ်တက်လာတာဗျ။ ကျွန်တော့်ကို တဲပေါ်က အပြင်ထွက်ခိုင်းပြီး သင်္ကန်းခေါင်းမြီးခြုံပြီး အိပ်နေတာ ခင်ဗျားတို့ရောက်လာမှ နိုးတော့တယ်။ ကျွန်တော့်ကို တစ်ယောက်မှအကောင်း မပြောကြဘူး"

ကိုရွှေထွန်းစကားကြောင့် ကျွန်တော် ရယ်မောပစ်လိုက်ရသည်။

"ကိုရွှေထွန်းရေ · · ·ခင်ဗျားကို ပညာပေးတာ နေမှာပေါ့"

ကျွန်တော်နှင့် ကိုရွှေထွန်းတို့ ဓာတ်ပေါင်းစုံစေတီ၌ အမိဋ္ဌာန်ဝင်ခဲ့ကြပုံများ၊ ပါစွန်ပါတောင်၌ သူ့အတွေ့အကြုံများကို စကားလက်ဆုံကျနေမိကြသည်။

"ကိုသိန်းထွန်းရေ···ကျွန်တော်က ဝိပဿနာ လာကျင့်ကြံတာဗျ။ ခင်ဗျားလည်း ကျွန်တော့်ဘဝအကြောင်း သိနေတာပဲ။ ကျွန်တော့်ဇနီး ဆုံးပါးသွားတော့ ကလေးတွေနဲ့ ယောင်ချာချာဖြစ် နေတာ။ သမီးအကြီးက အလုပ်ရသွားပြီး ကျန်တဲ့ကလေးသုံးယောက်ကို သူ တို့ကြီးဒေါ်ကြီးက တာဝန်ယူထားပြီး စိတ်တည်ငြိမ်အောင် တရားစခန်းဝင် ခိုင်းလိုက်တာ၊ ကျွန်တော် ပါစွန်ပါ တောင်ကို ရောက်လာရတော့တာ။ ဒီ တောင်မှာ ရောက်ခါစအချိန်က ဝိပဿ နာတရားပဲ အားထုတ်နေတာ။ ရက် အနည်းငယ်ကြာလာတော့ ထူးဆန်းတာ တွေ တွေ့လာရတယ်။ ကျွန်တော်က ကြောက်တတ်တဲ့လူမဟုတ်တော့ ခြောက် လှန့်တာတွေကို ဂရုမစိုက်ဘဲ နေ တာ မရဘူးဗျို့။ လပြည့်လကွယ် ည သပိတ်လုံးလောက်ရှိတဲ့ မီးလုံး ကောင်းကင်ယံမှာ ပျံတက်နေကြတာ မီးပုံးပျံတွေလား ထင်ရတယ်။ ကျိုက် ကောရွာကိုရောက်နေတဲ့ ဆရာကြီးဦး မောင် ဒီပါစွန်ပါတောင်မှာ ရှိနေတဲ့ အချိန်က ကဝေလို့ခေါ်တဲ့ ဇော်ဂျီ ဂနက်၊ မောက်လုံး၊ မောက်ပြား နေ ဂန္ဓာရီပညာရှင်တွေကို သူ့ပညာအစွမ်း နဲ့ အပြတ်ရှင်းပစ်တာ။ ဘယ်မီးလုံး မတောက်စားရဲဘူး။ ဆရာကြီးလည်း ရော ပြန်ပြီး တောက်စားကြပြန်တယ် ခင်ဗျားမြင်ချင်တွေ့ချင်ရင် ဒီနေ့ည အိပ်ဗျာ။ ဒီနေ့ည လပြည့်နေ့ဗျ"

ရသေ့ကိုရွှေထွန်းစကား ဆုံး နှင့် တဲထဲမှ ဆရာကြီးပညာရွှေ ထွက် လာသည်။

"လူလေး···သွားကြရအောင် တောင်ပေါ်ကဆင်းကြမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကိုရွှေထွန်း ဓာတ်ကစားတာ အတော်ဖြစ်နေပြီပဲ။ ရွှေဖြစ်ငွေဖြစ် လုပ်တာကို ရပ်လိုက်ပေတော့။ မောင်ရင့်လုပ်ရပ်နှင့် မရသေးဘူး။ အေး··· အေး···ဝင့်ကြွေးရှိရင်လည်း ဆပ်ပေဦးတော့"

ဆရာကြီးက ပြောပြောဆိုဆို ပါစွန်ပါတောင်မှ ဆင်းချသွားတော့သည်။ ကျွန်တော် ရသေ့ကိုရွှေထွန်းကိုပင် နှုတ်မဆက်အားတော့။ ဆရာကြီးနောက်မှ မီအောင်လိုက်ရသည်။ တောင်အောက်ရောက်ပြီး လမ်းတစ်လျှောက် ကျွန်တော်သိလိုသောအကြောင်းကို မေးရသည်။

"လူလေး···မင်း ရသေ့ကိုရွှေထွန်းအကြောင်း မေးမလို့မဟုတ်လား။ သူက အင်္ဂရိတ်ဖိုထိုးတဲ့သူကွ။ သူ့တဲကျောင်းနောက်မှာ ဖိုရုံရှိတယ်။ သူ့ဓာတ်လုံးက အောင်မြင်နေပြီ။ သူက ရွှေဖြစ်တဲ့ စားလမ်းလိုက်နေလို့ ပညာစခန်းမပွင့်တာ။ ဒီပါစွန်ပါတောင်မှာ ဘုရားတည်သာသနာပြုရမှာ လမ်းလွဲနေလို့ [illegible]ကြောင် ရသေ့ဝတ်ကနေ လူဖြစ်တော့[illegible]။ လူတွေဟာ မြတ်စွာဘုရား ဟော[illegible]တဲ့ ပုထုဇ္ဇနော ဥမ္မတ္တကောဆိုတဲ့[illegible]ဟာ တယ်မှန်တာပဲ။ တစ်ခုခု[illegible] စိတ်ကူးနဲ့ ရူးနေကြတာလား"

ဆရာကြီးပညာရွှေမှာ သိသ[illegible]က်ကို စကားအကုန်မပြောပါ။ [illegible]သင့်သလောက်သာ ပြောတတ်၏။ [illegible]ချက်- နောက် ခြောက်လအကြာ[illegible]၌ ရသေ့ကိုရွှေထွန်း လူထွက်ပြီး [illegible]ရောက်နေကြောင်း ကြားရ၍ [illegible]ကြီး အမိဋ္ဌာန်ခရီးထွက်နေစဉ် ဝင်ဒါမီယာ ဘိုးကျောက်ကုန်းရှိ ကိုရွှေထွန်းနေအိမ်သို့ ရောက်သွားရသည်။

"ကိုသိန်းထွန်းရေ··ကျွန်တော့် ပါရမီက ဒီလောက်ပဲပါတာ။ ကလေးတွေကို သူတို့ကြီးဒေါ်ကြီးက မစောင့်ရှောက်နိုင်ဘူး အကြောင်းကြားလာတာနဲ့ ပါစွန်ပါတောင်က ပြန်ခဲ့ရတာ။ ခင်ဗျားလို ဆရာကောင်းနဲ့ မတွေ့ခဲ့ရတော့ ကျွန်တော် ပညာမရခဲ့ဘူး။ ဒီဘဝမှာ ဒါလောက်နဲ့ပြီးတာဗျို့")

ဆရာကြီးထံမှ သိလိုက်သော အကြောင်းများ မေးလာရင်း ဝမ်းဘဲအင်းရှာ မန္တလေး-ရန်ကုန် ကားလမ်းမကြီးသို့ ရောက်လာကြသည်။

"လူလေး··ငါ နေမွန်းတည့်အမီ ပဲခူးမြို့က ကိုးသိန်းကိုးသန်းတောင်ကို အရောက်သွားရမယ်။ ကျိုက်စကောရွာက ဆရာကြီးဦးလှမောင်ဆီကို မင်းလည်း နေမွန်းတည့်ချိန် အရောက်သွားပေတော့။ ကျိုက်ဇကောမှာ မင်းညအိပ်ပြီး ဆရာကြီးဦးလှမောင်ဆီက ပညာနဲ့ ဆေးတော်တွေ ယူလာခဲ့။ မနက်ဖြန် နေမွန်းတည့်ချိန် ကိုးသိန်းကိုးသန်းတောင်တော်က ဆရာတော်ဦးကေတုကျောင်းမှာ ပြန်ဆုံကြမယ်"

ဆရာကြီးသည် ပြောပြောဆိုဆို ညောင်လေးပင်မြို့ဘက်က ဆင်းလာသော ကားများကို တစ်စီးပြီးတစ်စီး တားနေသည်။ ကားတစ်စီးမှ ရပ်မပေးကြပါ။ ဆရာကြီးအတွက် ကျွန်တော် စိတ်ပူနေမိသည်။ အသက်အရွယ်ကြီးပြီး ကားစီးရသည်မှာ နေရာကောင်းမရလျှင် ဒုက္ခခံရသည်။ ဆရာကြီးပညာရွှေ ရုပ် ပုံလွှာမှာလည်း ခံ့ညားထည်ဝါသော ဟိတ်ဟန်မရှိ နေတတ်သူဖြစ်၍ ညောင်လေးပင်မှ ရန်ကုန်မြို့သို့ ပြေးဆွဲသော လိုင်းကားမှလွဲ၍ ကိုယ်ပိုင်ကားများက တင်မခေါ်သွားချင်ကြချေ။ ကားလေးငါးစီးတား၍မရသည့်အခုံး ဆရာကြီးပညာရွှေနှုတ်က တတွတ်တွတ်ရွတ်နေသည်ကို တွေ့ရပြီး ကိုယ်ပိုင်ဆလွန်းကားလေးတစ်စီး အမြန်မောင်းလာသည်ကို တွေ့လိုက်ရသည်။ ထိုကားလေးမှာလည်း ရပ်မပေးပါ။ ဆရာကြီးကို ကျော်သွားပြီး ဝါးတစ်ရိုက်အကွာအဝေး၌ ထိုကားလေး ထိုးရပ်သွားသည်။ ဆရာကြီးပညာရွှေ ကားနားသို့လျှောက်သွားစဉ် ကားပေါ်မှ လူရည်သန့်တစ်ဦး ဆင်းလာပြီး ကားခေါင်းဘက်ရှိ စက်အဖုံးကို မတင်လိုက်သည်ကို မြင်လိုက်ရသည်။ ကားပျက်၍ ရပ်လိုက်ခြင်းဖြစ်သည်။

ဆရာကြီးပညာရွှေ ကားနားရောက်သွားပြီး ဝိုင်းပြင်ပေးလိုက်သည်နှင့် ထိုကားလေးကောင်းသွားပြီး ဆရာကြီးကိုပါ တင်ခေါ်သွားတော့သည်။ ကျွန်တော်လည်း ရန်ကုန်-ညောင်လေးပင် လူစီးလိုင်းကားရောက်လာ၍ ဝမ်းဘဲအင်း၌ ခရီးသည်တချို့ ဆင်းကြစဉ် ကျိုက်ဇကောရွာသို့ ထိုလိုင်းကားဖြင့် လိုက်ပါခဲ့ရတော့သည်။

**သိန်းထွန်းသစ်**

၀၉-၅၀၄၇၄၇၉



www.burmeseclassic.com

www.burmeseclassic.com

# ကြိုတင်ပြီးကြံစည် အောင်ရမည်

ဆရာမိုးဟန်ကြွယ်

ကံမရှိ ဉာဏ်ရှိတိုင်း ဘာပဲလုပ်လုပ် မွဲတတ်ကြောင်း ကြားနာမှတ်သားခဲ့ရဖူးပါသည်။ တစ်ခါတရံ၌ အံ့သြစရာတွေ တစ်ပုံတစ်ပင်။ ဖြစ်ချင်တာလည်း မဖြစ်ရသလို မဖြစ်ချင်တာတွေလည်း ဖြစ်နေရသည်။ ကြံစည်ထားသမျှ အောင်မြင်တတ်သည်လည်းရှိသလို လွဲချော်တာတွေလည်း ရှိနေသည်။

သို့ဆိုလျှင် ကြိုတင်ပြီးကြံစည်ထားသမျှ ကျိန်းသေပေါက် အောင်မြင်စေရန် လုပ်ဆောင်၍ရပါသလော။

သည့်အတွက် အောင်မြင်ရပါမည်ဟု လောကီပညာရပ်တွေက ပြောနေပါသည်။ လောကီပညာရပ်ဆိုင်ရာ၌ ပညာရပ်အစစ်အမှန်ကို ခြေခြေမြစ်မြစ် နားလည်တတ်ကျွမ်းရပါလိမ့်မည်။ သီလတရား လုံခြုံရပါမည်။ စရဏတရား အားကောင်းရပါမည်။ သို့ဆိုပါက လွဲချော်စရာအကြောင်း သိပ်မရှိပါ။ အကယ်တန္တ စာရှုသူအနေဖြင့် (သူတစ်ပါးအကျိုးပျက်ပြားစေမှု လုံးဝမပါဘဲ) မိမိကြိုတင်ပြီး ကြံစည်ထားသမျှ အောင်မြင်စေရန် အောက်ပါဆည်းလည်းယတြာလေးကို လုပ်ကြည့်စေချင်ပါသည်။

ဆည်းလည်း သုံးလုံးကို ဘုရားဈေးမှဝယ်ပါ။

မိမိမွေးနေ့နံနက်ပိုင်း ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း ဘုရားကျောင်းဆောင်၌ တညီတညာ ချိတ်ဆွဲပါ။ ယတြာလုပ်ဆောင်ရမည့် ကာလပိုင်းအခြားသည် မွေးနေ့စတင်လျက် ကိုးရက်တိတိ ဖြစ်ပါသည်။ စတင်လုပ်ဆောင်သည့်နေ့ဝယ် ဘုရားအား သစ်သီးဆွမ်းတစ်နေ့ ဆွမ်းတစ်နေ့ကို တစ်ရက်စီ မပျက်မကွက် ကပ်လှူပေးရပါမည်။ သစ်သီးဆိုရာ၌ မိမိတတ်နိုင်သော မည်သည့်သစ်သီးမဆို ကပ်လှူနိုင်ပါသည်။ ဆွမ်းကပ်ရောက်မည့်နေ့ ရောက်လျှင် ဆွမ်းဖြူပေါ်၌ နမ်းဖြူး၍ဖြစ်စေ၊ ပေါက်ပေါက်ဖြူး၍ဖြစ်စေ ကပ်လှူပေးပါ။ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းပြီးပါက အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအားလည်း ဘုရားရှင်တိုင်း ဆက်ကပ်သည့်နည်းတူ ဆက်ကပ်လှူဒါန်းပါ။ ပြီးနောက် နှစ်သက်ရာ ပုတီးစိပ်ကို ပုတီး ကိုးပတ်ရအောင် စိပ်ပါ။ (ကြိုက်သက်အလိုက်လည်း စိပ်နိုင်ပါသည်။) ကိစ္စပြီးပြီဆိုသောအခါ မိမိကြံစည်ထားသော လုပ်ငန်းကိစ္စအဝဝကို အထစ်အငေါ့မရှိဘဲ အောင်မြင်ပြီးမြောက်ပါစေကြောင်း ဆုတောင်းပါ။

အဓိဋ္ဌာန်ရက်ကို အပျက်မခံပါနှင့်။ အဓိဋ္ဌာန်ရက် ပြီးမြောက်သွားပါက ထူးခြားသော အကျိုးရလဒ်တို့ ထက်တွေ့ခံစားရပါမည့်အကြောင်း တင်ပြရေးသားလိုက်ပါသည်။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com



# နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၃)

## (ရုပ်ခံတတ်ရှုစ်ပါး)

**မဟာထွန်း**

ပညက်ကို ကုန်ခဲ့သည့်ကဆိုလျှင် နှစ်လရှိခဲ့ပြီဖြစ် ထုံလောက်လိမ့်မည်။ နားလည်ကြလိမ့်မည်ဟု ယူဆသည်။ ပရိသတ်များ သိပြီးမြင်ပြီးသော အကြောင်းအရာ တ်များစွာတို့သည် ပညက်ချည်းသာဖြစ်သည်။

(မသိမမြင်နိုင်သေးသော အကြောင်းအရာများ သော ပရမတ်ဖြစ်သည်။)

လူရှိသည်ဟုဆိုလျှင် ခေါင်းပြလျှင်ခေါင်း၊ ကိုယ် ပြလျှင်ကိုယ်၊ လက်ကိုင်ပြလျှင်လက် စသည်ဖြင့်–

အိမ်ရှိသည်ဟုဆိုလျှင် တိုင်ပြလျှင်တိုင်၊ တန်းကိုင် လျှင်တန်း၊ အမိုးကိုင်ပြလျှင်အမိုး၊ အကာကိုင်ပြလျှင် အခင်းကိုင်ပြလျှင်အခင်း စသည်ဖြင့် ...။

အိမ်/ကျောင်း/ဇရပ် ထိုနည်းလည်းကောင်း –

တောတောင်ရှိသည်ဟုဆိုလျှင်လည်း သစ်ပင် ပြလျှင် သစ်ပင်၊ တောင်ပို့ပုတ်ပြလျှင် တောင်ပို့၊ တုံးကျောက်ဆောင်ကို ကိုင်ပြလျှင်ကျောက်တုံး ဆောင်၊ စမ်းချောင်းစမ်းအိုင်ကို ထိုးပြလျှင် စမ်းချောင်းစမ်းအိုင် စသည်ဖြင့် ...။

ထို့ကြောင့် လူနတ် စသည်၊ အိမ်ကျောင်းဇရပ် စသည်၊ တောတောင်ရေမြေ စသည်။ မည်သည့်အရာဝတ္ထုမျှ အရှိတရားမဟုတ်၊ အရှိတရားဟူ၍ မရှိ။ အရာခပ်သိမ်း မရှိတရားများချည်းသာ ဖြစ်ကြသည်။

ထိုသို့သောသဘော ရှိသောကြောင့် တင်ပြခဲ့သည့် ပညက်တရားများနှင့် ပတ်သက်ပြီးမသိ၊ နားမလည် ရှိကြလျှင်လည်း မဂ္ဂဇင်းတိုက်မှတစ်ဆင့် ဤစာရေးသူအား ဆက်သွယ်ပြီး မေးမြန်းနိုင်သည်။

ဤတရားစဉ်ကြီး၌ မည်သည့်အခန်းကဏ္ဍကို ဖြစ်စေ နားမလည်၊ သဘောမပေါက်ဘဲ ရှိကြမှုဆိုခဲ့သည့် အတိုင်း ဤရောင်ပြန်မဂ္ဂဇင်းတိုက်ကြီးမှ ဆက်သွယ်ပြီး မေးမြန်းနိုင်ကြောင်းကိုလည်း မဂ္ဂဇင်းတိုက်မှာ ပြောဆိုပြီး ဖုန်းနံပါတ်ထားပေသည်။

သဘောမပေါက်သည်ကို မမေးမြန်းဘဲမနေကြနှင့် အကျိုးယုတ်လိမ့်မည်။ အကြွေးတုံး၊ အဆိပ်တုံးကြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော ဤခန္ဓာသည် သေဘက်ကိုသာ ဦးတည်ပြီး အရှိန်အဟုန်နှင့် ရွေ့လျား၊ တွန်းပို့ ပြေးလွှားနေသောကြောင့် မိမိတို့သည် လူ့ပြည်လူ့လောကအတွင်း၌ နေရချိန်သည် အင်မတန် အင်မတန် နည်းပါးနေပြီ။

ထို့ကြောင့်သေရန် အချိန်ပိုင်းသာ လိုတော့သည်ဟု မိမိတို့ကိုယ် မိမိတို့ရှုမြင်ကာ တရားတော်ကိုပွားများကြရမည်။ အသက်ရှင်လျက်နှင့်ပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတရားဆိုးများက နှိပ်စက်ခြင်း၊ ဇာတိ၊ ဇရာ၊ မရဏ တရားဆိုးကြီးများက ကိုက်စားခြင်း စသည်များကို မရပ်မနား တရစပ်အားဖြင့် ခံနေကြရသည်။

ဘယ်ထိအောင်ခံနေကြရမလဲ။

သေသည့်တိုင်အောင်။

သေပြီးနောက်ကော။ ဘဝသာလျှင် ဆက်ကာဆက်ကာ ရရှိလာပြီး ထိုနည်းလည်းကောင်း ဆင်းရဲဒုက္ခများကို ခံမြဲခံနေကြရဦးမည် စသည်ဖြင့် မိမိတို့ကိုယ်ကို သနားစဘွယ် သားငယ်လေး တစ်ယောက်ပမာ ရှုမြင်တတ်ကြရမည်။

ငါတို့ပရိသတ်များသည်ကား သူတစ်ပါးတို့ကိုသာ သနားတတ်သည်။ မိမိကိုယ်ကို မသနားတတ်ကြ။ အံ့ဖွယ်ရှိစွသည်။ စင်စစ်တွင်ကား ဦးစွာ မိမိကိုယ်ကိုသာလျှင် သနားတတ်ကြရမည်။ မိမိကိုယ်ကို သနားတတ်မှ ထိုမိမိကိုယ်ကို သနားတတ်သော ကရုဏာစိတ်နှင့် ဉာဏ်ယှဉ်ကာ သူတစ်ပါးတို့ကိုပါ သနားတတ်ကောင်း သနားတတ်လာနိုင်သည်။

မိမိကိုယ်ကိုသနားတတ်ခြင်းမှာ တရားရရန်ဦးစွာ အကြောင်းခံလာသည်ဟု သိနိုင်သည်။ မိမိကိုယ်ကို သနားတတ်ခြင်းနှင့် ဉာဏ်ယှဉ်ကာ သူတစ်ပါးတို့အား သနားတတ်ခြင်းမှာ ဘုရားအလောင်းတော်ကြီးတို့၏ မဟာကရုဏာပြဋ္ဌာန်းသော စိတ်ဟု ဆိုနိုင်လေသည်။

ထို့ကြောင့်ကရုဏာနှင့် ပတ်သက်၍ သူတစ်ပါးတို့အား သနားတတ်ခြင်းကို အယုတ်ဟုဆိုလျှင် သင့်မည်။ မိမိကိုယ်ကို သနားတတ်ခြင်းကို အလတ်ဟုဆိုလျှင် သင့်မည်။ မိမိ၊ သူတစ်ပါး နှစ်မျိုးလုံးတို့အား သနားတတ်ခြင်းကို အမြတ်ဟုဆိုလျှင် တိတိကျကျ မှန်ကန်လေသည်။

သတ္တဝါအပေါင်းတို့အား သနားကရုဏာစိတ် ကြီးမားခြင်းရှိမှသာလျှင် ဘုရားဆုကြီးကိုပန်ဆင်၍ ရနိုင်သည့်အကြောင်းကို ပါရမီခန်းများတွင် ရှုကြည့် ကြည်ညိုကြလေဦး။

ဤသို့ငါတို့ ပရိသတ်များသည် အလောင်းတော်ကြီးများမဟုတ်ကြ၍ လိုရင်း၏အဓိကမှာ မိမိကိုယ်ကိုသနားတတ်ရန်သည်သာ ပဓါနကျလိမ့်မည်ဟု ဆိုကြရမည်။

မိမိကိုယ်ကို သနားတတ်မှသာလျှင် သံသရာ၏ ဝဋ်ဒုက္ခအပေါင်းတို့မှ လွတ်မြောက်ရန်ကို ကြံစည်ပြီး ရှာဖွေလာကြမည်ဖြစ်၍ တရားဘက်သို့ စိတ်ရောက်လာကြမည် ဖြစ်သည်။ တရားမှတစ်ပါး သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရန် နည်းလမ်းမရှိတော့ပေ။

ထို့ကြောင့်မိမိတို့အား သနားသည်ကို မှတ်ထားပြီး အချိန်ရှိခိုက် တရားရှာကြရပေမည်။ သာသနာတော်၏ အတွင်း၌ လူဖြစ်ရကျိုး နပ်ကြမည်မှာလည်း တရားရရှိခြင်းသည်သာ တစ်ခုသောပဓါနဖြစ်သည်။

လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ရေးသည်ကား သာသနာမှာလည်း ရှိပေသည်။ တစ်နည်း ဗုဒ္ဓဘာသာမဟုတ်သော အခြားသော ဘာသာများသည်လည်း လူ၊ နတ်၊ ဗြဟ္မာ စသည်ဖြင့် ဖြစ်ကြမြဲသာ ဖြစ်သည်။

ထို့ကြောင့်မိမိတို့ ဗုဒ္ဓဘာသာများသည် လူနတ်စသည် ဖြစ်ရေးအတွက်ကို ကွက်ပြီး ဆုတောင်းရန်မလိုပေ။ တရားဘာဝနာကို လိုက်စားခြင်းဖြင့်ပင်လျှင် လူ၊ နတ်မှသည် နိဗ္ဗာန်တိုင်အောင် အကျိုးပေးကြီးမားခြင်းကြောင့် လူ၊ နတ်၊ ဗြဟ္မာဖြစ်ရေးကိုကွက်ပြီး ဆုတောင်းရန်ပင် မလိုတော့ပေ။

* * *

ခန္ဓာငါးပါးလုံးကို ပြသပြီးမှ အာယတန၊ ဓာတ် စသော တရားတော်များကို တစ်ခုပြီးတစ်ခု ရေးသားသွားရန် အစီအစဉ်ရှိသောကြောင့် ဦးစွာ ရုပ်ကိုရေးရပေလိမ့်မည်။ ရုပ်ကို ရေးသားပြီးမှ စိတ်နာမ်၊ စေတသိက်နာမ် စသည်များကို ရေးသားရမည်။

ရုပ်နှင့် စိတ်နာမ်၊ စေတသိက်နာမ်တို့ကို ရေးပြီး ခန္ဓာဖွဲ့ရပေမည်။ ခန္ဓာဖွဲ့ပြီးမှ သက်ဆိုင်ရာ ဝိပဿနာ တရားတော်များကို တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး ဆက်ကာ စဉ်ကာ ရေးသားရန် သင့်လေသည်။

ရုပ်ကိုရေးသားရာ၌လည်း ရုပ် ၂၈ ပါးလုံးကို ရေးသားရန် ဆန္ဒမရှိပေ။ ရုပ် ၂၈ ပါးလုံးကိုသာ ရေးသား



www.burmeseclassic.com

www.burmeseclassic.com

လျှင်လည်း ဝိပဿနာတရားတော်ကို ပြသသည်နှင့်မတူဘဲ အဘိဓမ္မာတရားတော်များကို သင်ကြားပို့ချသည်နှင့်သာ တူပေလိမ့်မည်။

ထို့ကြောင့် ရုပ် ၂၈ ပါးထဲမှ အဝိနိဗ္ဘောဂ/သုဒ္ဓဋ္ဌကလာပ်၊ အဋ္ဌကလာပ် စသည်ဖြင့် ခေါ်ဝေါ်အသုံးပြုကြသော ရုပ် ရှစ်ပါးမျှကိုသာ ရေးသားရန် စိတ်ကူးထားသည်။ အဋ္ဌကလာပ်ရုပ်ရှစ်ပါးမှ တစ်ပါးကို နားလည်လျှင်ပင် အောက်မက်အောက်ဖိုလ်မှသည် နိဗ္ဗာန်တိုင်အောင် ရနိုင်ကြောင်းကို ပါဠိတော် အထောက်အထားများဖြင့် ရေးသားသွားပေမည်။

ထို့ကြောင့် ယခုအဋ္ဌကလာပ် ရုပ်ရှစ်ပါးတို့တွင် အဦးအစ ပဓါနဖြစ်သော ပထဝီဓာတ် (ရုပ်)ကစကြစို့ . . .။

ပထဝီဓါတ်ဟုဆိုလျှင် လူတိုင်းကြားဖူးကြသည်။ တစ်နည်းအားဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီးလေးပါး အကြောင်းကိုလည်း ဗိန္ဒောဆေးဆရာများ သုံးနှုန်းကြ၍ နားယဉ်နေကြလိမ့်မည်ဟုထင်သည်။

ဤဓာတ်ကြီးလေးပါးတို့ကိုလည်း ပထဝီဓာတ်မှစ၍ အစဉ်အတိုင်း တစ်ပါးပြီးတစ်ပါး ရေးသားသွားရန် စိတ်ကူးထားသည်။ ပထဝီဓာတ်ကြီးမျှ တစ်ပါးတည်းကို ပရမတ်ပေါက်အောင် နားလည်လျှင်ပင် ကျန်သောဓာတ်စဉ်များကိုလည်း ပရမတ်လမ်းစဉ်အတိုင်း တစ်ပါးနှင့်တစ်ပါး ဆက်စပ်ပြီး နားလည်းနိုင်မည်သာဖြစ်သည်။

မဂ္ဂဇင်းကြီးတစ်ခုတွင် ပထဝီဦးဆောင်သော သုဒ္ဓဋ္ဌက ဓာတ်ရှစ်ပါးလုံးကို တစ်ပါးပြီးတစ်ပါး ပရမတ်ပေါက်အောင် စီစဉ်ပြီး ပထဝီဓါတ်ကြီးကစ၍ ရေးသားလေရာ နှစ်လမျှသာဖော်ပြခဲ့ပြီး လူကြီးတစ်ယောက်က မှားနေသည်၊ ဒါမျိုးမဟုတ်ဟု ဖုန်းဆက်ပြီးပြော၍ဟုဆိုကာ ဆက်လက်ရေးသားရန် အစီအစဉ်ပျက်ခဲ့ရသည်။

ထို့ကြောင့် ထိုလူကြီးဆိုသူကို ဤစာရေးသူနှင့် ဖုန်းဖြင့်ဖြစ်စေ တွေ့ပေးရန် ဆက်သွယ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ထိုလူကြီးဆိုသူသည် တစ်လက်ကိုင် ဖြစ်လေသလား၊ တရားတော်ကိုပင် ကျကျနန မလေ့လာဖူးလေသလား၊ တရားတော်ကိုပင် ကျကျနန မလေ့လာဖူးဘဲ ဆရာကြီးလုပ်ချင်၍ပင် ထိုကဲ့သို့ပြောလေသလား။ သို့တည်း မဟုတ် သူ့အမှားကို သူသိသွား၍ပင် နှုတ်ဆိတ်သွားလေသလား မပြောတတ်ပေ။

မဂ်ပေါက် ဖိုလ်ပေါက် တရားထူးအစီအစဉ်ကြီး တစ်ခု ၎င်း၏ပယောဂကြောင့် ရပ်ဆိုင်းသွားရ၍ ၎င်းအဖို့ ကြီးလေးသော ဓမ္မအန္တရာယ်ကြီးတစ်ခု ကျရောက်သွားရသည့် အဖြစ်ကိုမူ ထိုလူကြီးဆိုသူ သိဟန်မတူပေ။ မသိသောကြောင့်လည်း ထိုကဲ့သို့ ဝင်နှောက်ခြင်းဖြစ်ပေမည်။

အပြစ်ဟူသည်ကို သိလျှင်ဖြစ်စေ၊ မသိ၍ဖြစ်စေ ကျူးလွန်၍ ပြီးဆုံးခြင်းသို့ရောက်လျှင် ကံမြောက်သည်။ ကံမြောက်လျှင် ထိုအပြစ်မှရှောင်မရဘဲ မလွဲမသေ ကျခံကြရသည်သာဖြစ်လေသည်။ ထို့ကြောင့် အထူးသတိရှိရန်လိုလေသည်။

ယခုလည်း ဤတရားစဉ်နှင့် ပတ်သက်ပြီး မည်သူမဆို ဤစာရေးသူနှင့် ဆွေးနွေး၍ တိုင်ပင်၍ ထောက်ပြ၍ အချိန်မရွေးရသည်။ ဤစာရေးသူထက် တရားအမြင်သာသူဖြစ်ပါမူလည်း ဤစာရေးသူက ဝမ်းမြောက်ဝမ်းသာ လက်ခံပြီး ကြိုဆိုမည်သာဖြစ်သည်။

ဤစာရေးသူသည် မိမိကိုယ်ကို ဆရာကြီးတစ်ဆူအနေဖြင့် မည်သည့်အခါမျှ မယူဆပေ။ မိမိဟောကြားရေးသားသော တရားတော်ကို မိမိပိုင်နိုင်သော်လည်း အခြားသောပုဂ္ဂိုလ်များနှင့် အမြင်ချင်း မတူနိုင်ကြပေ။ ဉာဏ်ကြီးသော ပုဂ္ဂိုလ်တို့သည် အမြင်သန်ကြမြဲ ဖြစ်သည်။ အမြင်သန်သော ပုဂ္ဂိုလ်များကိုလည်း ဆရာတင်သင့်လေသည်။

ဘုရားရှင်လက်ထက်တော်အခါက တရားတစ်ပုဒ်ချလိုက်တိုင်း သတ္တဝါ အနန္တတို့ ကျွတ်တမ်းဝင်ကြခြင်းမှာလည်း အားလုံးရဟန္တာချည်း ဖြစ်တော်မူကြသည်ဟု မဆိုရဘဲ အောက်မဂ် အောက်ဖိုလ်မျှကိုသာ ရသောပုဂ္ဂိုလ်၊ တချို့ပုဂ္ဂိုလ်များမှာ အောက်မဂ်အောက်ဖိုလ်မျှပင် မရရှိဘဲ ရတနာမြတ်သုံးပါးတို့အား ကိုးကွယ်ယုံကြည်သည့် သရဏဂုံတည်ရုံမျှသော ပုဂ္ဂိုလ်များလည်းရှိကြသည်။

ဤသည်မှာ ကံအနီးအဝေး၊ ဉာဏ်အထူးအပါး၊ ပါရမီအနုအရင့် စသည်များနှင့်သာ သက်ဆိုင်နေ၍ ဆက်လက်ပြီး ကြိုးစားရန် လိုအပ်သည်။ ထိုအခါ မိမိထက် ဉာဏ်မြင့်သော တရားအမြင်သန်သည့် ပုဂ္ဂိုလ်များ လိုအင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်ဤစာရေးသူ အနေဖြင့် မိမိထက် ဉာဏ် အမြင်သန်သော ပုဂ္ဂိုလ်များကို ဆရာတင်ရန် အနည်းငယ်မျှပင် ဝန်မလေးပေ။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မမြင်သေးသမျှ ကာလပတ်လုံး ဆရာရှာနေကြရမည်သာ ဖြစ်သည်။

ဤစာရေးသူ၏ ဓမ္မမိတ်ဆွေများသည်လည်း ထိုကဲ့သို့ပင် မိမိတို့စိတ်ကို မွေးကြရမည်။ သာဓက အထောက်အမသည်ကား မြောက်မြားစွာပင်ရှိလေသည်။ ဤ၌ဤမျှ တင်ပြဦးမည်။ နောက်နောက်သော အခန်းကဏ္ဍများတွင်လည်း လိုအပ်သလို တင်ပြပေဦးမည်။

ယခု ပထဝီအကြောင်းကို စကြစို့ ...။

**ပထဝီဓာတုံ အနိစ္စတော၊**

**ပဿတော၊ ဇာနတော၊**

**သက္ကာယဒိဋ္ဌိ ပဟီယတိ။**

ပထဝီဓာတုံ = ပထဝီဓာတ်ကြီးကို၊ အနိစ္စတော စသည်ဖြင့်၊ ဝါ = အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ဖြင့်၊ ပဿတော = ဝိပဿနာဉာဏ်မျက်စိဖြင့်မြင်သော၊ ဇာနတော = ဝိပဿနာဉာဏ်ပညာဖြင့် သိသော ယောဂါဝစရ ပုဂ္ဂိုလ်တို့သည်၊ သက္ကာယဒိဋ္ဌိ အယူဆိုးကြီးကို ပဟီယတိ = ပယ်နိုင်လေ၏။

ပထဝီဓာတ်တစ်ပါးကို ဝိပဿနာဉာဏ်ပညာဖြင့် သိမြင်လျှင်ပင် သက္ကာယဒိဋ္ဌိကိုပယ်နိုင်၊ သတ်နိုင်ကြောင်း ထင်ရှားလေသည်။

သက္ကာယဒိဋ္ဌိကို အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ စသည်ဖြင့်လည်း ယူမှတ်ရသည်။ ထို့ကြောင့် သက္ကာယဒိဋ္ဌိကိုသာ ပယ်နိုင်၊ သတ်နိုင်၊ ရှင်းလင်းနိုင်လျှင် သောတာပန်ဖြစ်လေသည်။ သောတာပန်ဖြစ်လျှင် ဒိဋ္ဌိနှင့် ဝိစိကစ္ဆာကွာသည်၊ ရှင်းသည်ဟု ဟောတော်မူခြင်းကိုလည်း ကြားဖူးကြပေမည်။

ဝိစိကစ္ဆာဟူသည်ကား ဒိဋ္ဌိနှင့်ကပ်လျက် လူနှင့်အရိပ်ပမာ ရှိနေခြင်းသာဖြစ်သည်။ လူမရှိလျှင် အရိပ်မရှိပေ။ ထို့နည်းအတူ ဒိဋ္ဌိမရှိတော့လျှင်လည်း ဝိစိကစ္ဆာ ကွာမြဲသာဖြစ်လေသည်။

ယခုခန္ဓာဖွဲ့ရန်အတွက် ရုပ်နှစ်ဆယ့်ရှစ်ပါးထဲမှ သုဒ္ဓဋ္ဌ၊ အဝိနိဗ္ဘောဂ၊ အဋ္ဌကလာပ်စသည့် ရုပ်ဓါတ်ရှစ်ပါးတွင် ခေါင်းစီးဖြစ်သော ပထဝီဓါတ်ကို သိမှတ်ရုံမျှနှင့်ပင် မဂ်ကိုရနိုင်လေသည်။

**စတုန္နံ ဓာတူနံ**

**ဧကေကေသမေဝ**

**သမသေတ္တာ**

**နိဗ္ဗာနံ ပါပုနန္တိ။**

စတုန္နံ = လေးပါးကုန်သော၊ ဓာတူနံ = ပထဝီ စသော ဓာတ်ကြီးလေးပါးတို့တွင်၊ ဧကေကေသမေဝ = တစ်ပါးပါးကိုသာလျှင်၊ သမသေတ္တာ = အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် ရှုမှတ်ပွားများခြင်းဖြင့်၊ နိဗ္ဗာနံ = နိဗ္ဗာန်သို့ ပါပုနန္တိ = ရောက်နိုင်လေသည်ဟူ၏။

ထိုကဲ့သို့ အကျိုးကြီးသည်ကို မြင်၍လည်း ရုပ်ကို စပြရာ၌ ဤပထဝီဓါတ်ကြီးကို စလာခြင်းဖြစ်သည်။ အာရုံစိုက်ပြီး တရိုက်မှတ်မှတ် နှလုံးသွင်းကြရန် လိုပေသည်။ ဆောင်းပါး၊ ဝတ္ထုတစ်ခုခုကို ဖတ်ရှုသလိုမျိုး မဖတ်သင့်၊ တရားတော်ကို နာနေဘိသို့ အလားတူစွာသာလျှင် ဖတ်ရှုသင့်ပေသည်။

ပထဝီကိုအမာ၊ အပျော့ဟု အကျဉ်းအားဖြင့် နှစ်မျိုးကိုပြသည်။ ထို့နောက်အမာအုပ်စုတွင် မာသည်၊ ကြမ်းသည်၊ ရှသည် စသည်ဖြင့်လည်း မှတ်ယူနိုင်သည်။

အပျော့အုပ်စုတွင် ပျော့သည်၊ နူးသည်၊ ဖတ်သည် စသည် မှတ်ယူနိုင်သည်။

အကျဉ်းအားဖြင့် ထိုသို့သဘောရှိ၍ မာခြင်း၊ ကြမ်းခြင်း၊ ရှခြင်းစသည်များကို တွေ့ရတိုင်းပထဝီဟု သိနိုင်လေသည်။ ပျော့သည်၊ နူးသည်၊ ဖတ်သည်ဟု တွေ့ရတိုင်းလည်း ပထဝီဟု မှတ်ယူနိုင်လေသည်။

ပထဝီကိုမှတ်သားခေါ်ဝေါ်ရန်အတွက် မြေကြီးဟု ခွဲထားသော်လည်း ပထဝီ၏ သဘောသည်ကား အထက်တွင်ဆိုခဲ့သည့်အတိုင်း အမာ၊ အပျော့စသည်များကိုသာ ပထဝီဟု မှတ်ယူရမည်ဖြစ်သည်။ အမာကိုဖြစ်စေ၊ အပျော့ကိုဖြစ်စေ၊ သဘောဆိုက်အောင် ဉာဏ်ဖြင့်နားလည်လျှင်လည်း အလွန်တန်းမြင့်ပြီး မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ရောက်နိုင်ကြောင်းကို ဆိုခဲ့ပြီ။

ဤလအတွက် ဤမျှသာ မိတ်ဆက်ပြီး နောက်လတွင် သဘောဆိုက်အောင် ရေးသားရန်ဖြစ်သည်။

*(ဆက်ရန်)*

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com




ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းတူ

မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-၀၁၀၁ Y ၁၀၇၇

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြော နောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး၊

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင်ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

## ဆရာမနှင့်တွေ့ချိန်

* မြစန္ဒာဆေးတိုက် * အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၁-၃၇၇၀၉၇ (နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"
* နေအိမ်ဆေးခန်း * အမှတ်(၃၁၆)၊ စိမ်းကိုင်း (၁)လမ်း၊ သခင်ဖိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့။ (နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၇၇၅, ၀၉-၇၉၉၅၉၃၁၉၈, ၀၉-၇၉၉၉၅၃ ၂၁၆

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော လက်စွပ်

## မြသိန်း

ကျွန်ုပ် မောင်သူတော်သည် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဘွဲ့ရပြီးနောက် ဝါသနာပါသော စာရေးခြင်းအလုပ်ကို လုပ်နေသူဖြစ်သည်။

မဂ္ဂဇင်းများတွင် ဝတ္ထုတိုများကို ရေးရင်း လုံးချင်းဝတ္ထုရှည်များကို ရေးနေသူဖြစ်သည်။

စာရေးခြင်းအလုပ်ကို လုပ်လာရာ ငါးနှစ်ကျော်လာသည်အထိ အရောင်းသွက်စာရင်း မဝင်သေးပါ။

ရွှေချိုးဖြူ စာပေတိုက်ပိုင်ရှင် ဦးအောင်မိုးသည် ကျွန်ုပ်၏ လုံးချင်းဝတ္ထုများကို နှစ်လတစ်အုပ်၊ သုံးလတစ်အုပ် ထုတ်ပေးပါသည်။ စာမူခမှာ သိပ်မရပါ။

"ကြိုးစား မောင်သူတော်၊ မင်းရဲ့ စာအုပ် အရောင်းသွက် ဆယ်အုပ် စာရင်းဝင်တာနဲ့ မင်းကို ငါ စာမူခများ များ ပေးမယ်"

ဟု သူက ပြောသည်။

ကျွန်ုပ်မှာ တစ်ကိုယ်ရေးသမား သာဖြစ်၊ မိဘများကလည်း စီးပွား ပြေလည်သည့်အတွက် ငွေအတွက် ပူစရာမလိုပါ။

ကျွန်ုပ်သည် ဘဝသရုပ်ဖော်စာ များကိုရေးသူဖြစ်ရာ မကြာခဏဆို သလို မြို့နယ်၊ ကျေးရွာများသို့ သွား၍ အကြောင်းရှာပါသည်။

ကျွန်ုပ်သည် မွန်ပြည်နယ်၊ ချောင်းဆုံမြို့ဇာတိဖြစ်ရာ တစ်နေ့တွင် ကျွန်ုပ်၏အဘွား(အဖေ၏မိခင်) ဒေါ်ပျားအုံ၏မောင် ကျွန်ုပ်၏ဘိုးလေး ဦးညွှန့် နေထိုင်ရာ ချောင်းဆုံသို့ သွားလိုစိတ်များ ဖြစ်ပေါ်လာ၍ သွားပါသည်။

အဘိုးလေး ဦးညွှန့်နှင့် ကျွန်တော် ကွဲသွားသည်မှာ နှစ်ပေါင်းနှစ်ဆယ်ခန့် ရှိသော်လည်း အဘွားမှတစ်ဆင့် အဆက်အသွယ် ရှိနေပါသည်။

အဘိုးလေးသည် တိုင်းရင်းဆေးဆရာအဖြစ်အသက်မွေးနေပြီး အင်္ဂရတ်ထိုးရန်လည်း အလွန်ဝါသနာပါ၏။

အဘိုးလေးတွင် သားသမီးများမရှိ။ အဘိုးလေး၏ဇနီးမှာလည်း လွန်ခဲ့သောငါးနှစ်က ကွယ်လွန်သွား၏။

ကျွန်ုပ်သည် အဘိုးလေးထံ ရောက်သောအခါ အဘိုးလေးက မအံ့ဩဘဲ -

"သူတော် . . . မင်းရဲ့ အဖေနဲ့ အမေ၊ ပြီးတော့ မင်းကို ငါ့အာရုံထဲမှာ အခုတလောမြင်နေတော့ မင်းရောက်လာမယ်လို့ ငါမျှော်မှန်းထားပြီးသားကွ"

ဟု ပြောပါသည်။

ကျွန်ုပ်သည် ရောက်ရောက်ချင်း အဘိုးလေးအတွက် ကျွန်ုပ်မိဘများ ပေးလိုက်သော လက်ဆောင်ပစ္စည်းများနှင့် ကျွန်ုပ်က ငွေကျပ်တစ်ထောင်ဖြင့် ကန်တော့ပါသည်။

"မင်း စာရေးဆရာဖြစ်နေပြီဆို။ ဟန်ရဲ့လား"

အဘိုးလေးက မေးသည်။

"သိပ် မဟန်သေးပါဘူး အဘိုးလေးရယ်။ ကျွန်တော် ကြိုးစားနေတုန်းပါပဲ"

ကျွန်တော်က ထိုသို့ပြောသောအခါ အဘိုးလေးသည် ငြိမ်ပြီး တစ်ခုခုကို စဉ်းစားနေပါသည်။

အဘိုးဘေး၏အိမ်မှာ နှစ်ထပ်အိမ်ဖြစ်ရာ ကျွန်ုပ်သည် အပေါ်ထပ်တွင် တစ်ယောက်တည်းနေပြီး စာရေးရန်စိတ်ကူးကို အေးအေးဆေးဆေး စိတ်ကူး၍ရပါသည်။

ကျွန်ုပ် အဘိုးလေးအိမ်ရောက်ပြီး ဒုတိယနေ့တွင် အဘိုးလေးသည် ကျွန်ုပ်ကို လက်စွပ်တစ်ကွင်းပေးပါသည်။

"သူတော်၊ မင်းအတွက် ဟောဒီ ငွေလပ်စွပ်ကို အဆောင်အဖြစ် ငါ ပေးလိုက်မယ်။ လက်စွပ်မှာ ဇီးကွက်ရုပ်ပါတယ်။ ငါ ဖိုထိုးလို့ရတဲ့ ငွေကို လက်စွပ်လုပ်ထားတာ။ လက်စွပ်က ငယ်တော့ မင်းလက်နဲ့ မတော်ဘူး။ ငါ အပ်ချည်ကြိုးနဲ့ ခိုင်ခိုင်ချည်ပေးပြီး မင်းရဲ့လည်ပင်းမှာ ဆွဲပေးလိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com

နေ့ရောညပါ ဆွဲထားပါ။ ညနေ့ကစပြီး ငါးပါးသီလကိုလုံအောင်ထိန်း၊ အကျိုး ထူးရလိမ့်မယ်။ နောက်ပြီး ဒီလက်စွပ် ကို မင်းရဲ့မိဘကလွဲရင် တခြား ဘယ် သူ့ကိုမှမပြနဲ့။ နောက်သုံးနှစ်ကြာရင် မင်း ဒီလက်စွပ်ကို ဆွဲရင်းနဲ့ ငါ့ဆီပြန် လာခဲ့"

အဘိုးလေးသည် ထိုသို့ပြောပြီး လက်စွပ်ကို ဘုရားကျောင်းဆောင် ပေါ်မှ အပ်ချည်ကြိုးဖြူဖြူဖြင့် နိုင် အောင်ချည်ပြီး ကျွန်ုပ်၏လည်ပင်းတွင် စွပ်ပေးရာ ကျွန်ုပ်သည် ကြက်သီးများ ထသွားပါတော့သည်။

"ကျွန်တော် အဘိုးလေးပြော စကားများကို လိုက်နာပါ့မယ်"

ဟုပြောရင်း ကျွန်ုပ်သည် အဘိုး လေးကို ဦးသုံးကြိမ်ချ ကန်တော့ လိုက်ပါသည်။

ထို့နောက် ကျွန်ုပ်သည် အဘိုး လေးအိမ်တွင် ဝတ္ထုရှည်တစ်ပုဒ်ရေးရာ လက်သွက်သွက်နှင့် စိတ်ကူးကလည်း တည့်သည့်အတွက် ဆယ်ရက်အတွင်း ပြီးသွားပါသည်။

ဝတ္ထုရေးပြီး နောက်တစ်နေ့တွင် ကျွန်ုပ်သည် အဘိုးလေးအား -

"ကျွန်တော် ဝတ္ထုတစ်ပုဒ် ဒီမှာ ရေးပြီးပြီ အဘိုးလေး။ ထုတ်ဝေသူထံ သွားပါတော့မယ်။ နောက်သုံးနှစ်ကြာ ရင် ကျွန်တော် ပြန်လာပါ့မယ်"

ဟု ပြောရင်း အဘိုးလေးကို ကန်တော့ပြီး ရန်ကုန်သို့ ပြန်လာပါ သည်။

ထုတ်ဝေသူ ဦးအောင်မိုးက လည်း -

"ငါလည်း မင်းကို သတိရနေ တာ။ မင်း စာမူပါတယ်မဟုတ်လား"

ဟု ပြောရာ ကျွန်ုပ်သည် စာမူ ကို ပေးလိုက်ပါသည်။

နောက်တစ်လအကြာတွင် ကျွန်ုပ် သည် ပြင်ဦးလွင်သို့ ကုန်ကြမ်းအရှာ ထွက်ပါသည်။

ပြင်ဦးလွင်တွင် ဆယ်ရက်ခန့် နေပြီး ဝတ္ထုရေးရာ ဆယ်ရက်အတွင်း ဝတ္ထုပြီးသွားပါသည်။ ရေးကထက် ဝတ္ထုရေးရသည်မှာ စိတ်ကြည်လင်ပြီး လက်ကလည်း သွက်လာပါသည်။

၎င်းနောက် ပြင်ဦးလွင်မှ မန္တလေး သို့ ဆင်းလာပြီး ဘူတာကြီးအနီးရှိ တည်းခိုခန်း၌ တည်းခိုကာ ရန်ကုန် ပြန်ရန် မီးရထားလက်မှတ်ကိုဝယ်ပြီး မန္တလေးမြို့တွင်း လျှောက်ကြည့်ရင်း စာအုပ်ဆိုင်ကြီးတစ်ဆိုင်သို့ ရောက် သွားပါသည်။

ဝတ္ထု၊ မဂ္ဂဇင်းများကို လိုက်လံ ကြည့်ရင်း ဆိုင်ထဲရှိ စားပွဲတစ်လုံးတွင် ထိုင်နေသူက တယ်လီဖုန်းစကားပြော နေရာ အသံကျယ်သောကြောင့် သူ ပြောစကားများကို ကျွန်တော် အကုန် လုံးကြားလိုက်ရသည်။

"ဆရာဦးအောင်မိုးလား . . . ကျွန်တော် မန္တလေးက ဇင်ယော် စာပေတိုက်က ကြည်စိုးပါ။ မင်းသစ္စာ ရဲ့ အခုလဝတ္ထု နောက်ထပ် အုပ်တစ် ရာ အမြန်ပို့ပေးပါ။ လားရှိုးဘက်က ရော၊ မုံရွာဘက်ကရော မှာနေကြ တယ်ဗျာ။ ငါးဆယ်ပဲ ရမယ်။ ရသ လောက်သာ မြန်မြန်ပို့ပေးပါ။ နောက် ဆိုရင် မင်းသစ္စာရဲ့ဝတ္ထုကို ကျွန်တော့် ထံ နှစ်ဆတိုးပြီးပို့ပေးပါ။ ဒီမှာ မင်း သစ္စာရဲ့ ဟိုးအရင်က ဝတ္ထုတွေကို လာမေးပြီး ဝယ်သွားလို့ လက်ကျန် တွေ လုံးဝမရှိတော့ဘူး"

ကျွန်ုပ်သည် ထိုစကားများကို ကြားရသောအခါ အံ့သြသွားပြီး အပျော် ကြီးပျော်သွားသည်။ အဘယ့်ကြောင့် ဆိုသော် မင်းသစ္စာမှာ ကျွန်ုပ်၏ ကလောင်အမည်ဖြစ်သောကြောင့်။

ကျွန်ုပ် ရန်ကုန်ပြန်ရောက်သော အခါ မိခင်ဖြစ်သူက -

"သားကို ဦးအောင်မိုးက ခဏ ခဏ မေးနေတယ်။ သားပြန်ရောက် တာနဲ့ သူ့ဆီဖုန်းဆက်ပါတဲ့"

ဟု ဆိုပြောသည်။

ကျွန်ုပ်သည် ခဏနားအပြီးတွင် ဦးအောင်မိုးထံ ဖုန်းဆက်ရာ -

"မနက်ဖြန် မနက် ၁၀ နာရီမှာ သူ့တိုက်ကိုလာပါ"

ဟု ပြောပါသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် ဦးအောင်မိုးထံသွားခါနီးတွင် ဦးအောင် မိုးသည် ငွေထုပ်ပိုက်ပြီး ရှေ့နေတစ် ယောက်နှင့်အတူ အိမ်သို့ရောက်လာ သည်။

"ဆရာရယ်···ကျွန်တော် လာ မှာပါ"

"မင်းကံဇာတာတက်လာပြီ မင်း နောက်ကို ထုတ်ဝေသူတွေ လိုက် မှာ သေချာတယ်၊ ဒါ့ကြောင့် ဦးအောင်လာရတာ"

ထို့နောက် ကျွန်ုပ်တို့သည် ကျွန်ုပ် ၏စာအုပ်များကို သူ့တိုက်မှပင် ထုတ်ရေးအတွက် ဆွေးနွေးကြ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ ဝတ္ထုများကို သူ့တိုက်မှအပ အခြားတိုက်များတွင် လုံးဝ မထုတ်ရ။ စာမူခကို တစ်အုပ်လျှင် သူယခင်ပေးနေကျထက် ခြောက်ဆ ပေးမည်။ အကယ်၍ ကျွန်ုပ်သည် သူနှင့် ချုပ်ဆိုထားသော စာချုပ်ကို ဖောက်ဖျက်လျှင် သူ့ကို လျော်ကြေးအဖြစ် ကျပ်---ပေးရမည်ဖြစ်သည်။

"ဆရာစင်တင်ပေးလို့ ကျွန်တော် အခုလိုအောင်မြင်တာပါ"

ဟု ကျွန်တော်က ပြောပါသည်။

သူတို့ပြန်သွားသောအခါ ကျွန်တော်သည် ဦးအောင်မိုး ဆယ်အုပ်စာအတွက် ကြိုတင်ပေးသွားသော စာမူခများထဲမှ သုံးပုံနှစ်ပုံကို မိဘများအား ကန်တော့လိုက်ပါသည်။

ဦးအောင်မိုးတို့ ပြန်သွားပြီး တစ်နာရီခန့်အကြာတွင် ငွေစပယ်ဖြူ စာပေတိုက်မှ ဦးကျော်ရင်က တယ်လီဖုန်းဆက်သည်။ သူက တစ်အုပ်ကို ----ပေးမည်ဟု ပြောသည်။ သူပေးသည့် စာမူခမှာ ဦးအောင်မိုးထက် ပိုများသည်။

ကျွန်ုပ်က ဦးအောင်မိုးနဲ့ စာချုပ်ချုပ်လိုက်ပြီဟု ပြောလိုက်ပါသည်။

အဘိုးလေးပေးသည့် ဇီးကွက်ပုံပါသော ငွေလက်စွပ်သည် အစွမ်းထက်သည်။ လာဘ်ရွှင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။

နောက်တစ်ပတ်အကြာတွင် ကျွန်ုပ်သည် ဗိုလ်ချုပ်အောင်ဆန်းဈေးဟောင်းရှိ သူငယ်ချင်းပန်းချီဆရာ ဉာဏ်လေး၏ ပန်းချီကားအရောင်းဆိုင်သို့ သွားသည်။

"လာ··သူငယ်ချင်း။ မင်း Top Ten ထဲဝင်သွားတာကို ငါသိပြီးပြီ။ ဝမ်းသာတယ်သူငယ်ချင်း"

ဟု ဆီးပြောသည်။

"မင်းရော အရောင်းကောင်းရဲ့လား"

ကျွန်ုပ်က မေးသည်။

"သိပ်မကောင်းဘူး။ တစ်လနေလို့ တစ်ကားမရောင်းရဘူး"

သူနှင့်ကျွန်ုပ် ထိုင်စကားပြောနေစဉ် ကမ္ဘာလှည့်ခရီးသည်နှစ်ယောက် သူ့ဆိုင်ရှေ့ရောက်လာပြီး သူ့ပန်းချီကားများကိုကြည့်ပြီးနောက် မြန်မာ့ရှုခင်းပန်းချီကားကို ဒေါ်လာကိုးရာဖြင့် ဝယ်သွားသည်။ (ဒေါ်လာတစ်ထောင်ဟု ဈေးရေးထားသော်လည်း ဉာဏ်လေးက ဒေါ်လာတစ်ရာလျှော့၍ ရောင်းလိုက်ခြင်းဖြစ်သည်။)

"မင်းလာတာ လာဘ်ကောင်းတယ်ကွ"

သူက ဝမ်းသာစွာဖြင့် ပြောသည်။

နောက်တစ်လအကြာ ဉာဏ်လေးထံသွားရာ သူ့ဆိုင်ပိတ်ထား၍ အနားက ပန်းချီကားအရောင်းဆိုင်ရှင်က သူ့ဆိုင်မှာ ခဏထိုင်နားပါဟုပြော၍ ကျွန်ုပ်ထိုင်နားရင်း သူနှင့်စကားပြောနေစဉ် ကမ္ဘာလှည့်ခရီးသည် သုံးလေးယောက် ရောက်လာပြီး သူ့ပန်းချီကားများကိုကြည့်ကြပြီးနောက် ပန်းချီကားနှစ်ကားကို တစ်ကားလျှင် ဒေါ်လာငါးရာစီဖြင့် ဝယ်သွားကြရာ ဆိုင်ရှင်က –

"ဆရာက လာဘ်ခေါ်လာတာပဲ။ ကျွန်တော့်ပန်းချီကားတွေ မရောင်းရတာ အတော်ကြာပြီ"

ဝမ်းသာစွာ ပြောပါသည်။

အဘိုးလေး၏ လက်စွပ်သည် လာဘ်ရွှင်သည်ကို ကျွန်တော် အသေအချာ အသိအမှတ်ပြုလိုက်ပါတော့သည်။

ထိုသုံးနှစ်အတွင်း ဉာဏ်လေးဆိုင်သို့ရောက်တိုင်း ဉာဏ်လေးပန်းချီကား အနည်းဆုံး တစ်ချပ်ရောင်းရရာ ဉာဏ်လေးက ကျွန်ုပ်အား -

"မင်းမှာ လာဘ်ရွှင်တဲ့အဆောင် လက်ဖွဲ့ကောင်း ရှိရမယ်"

ဟု ပြောသည်။

ကျွန်ုပ်သည် ဘာမှပြန်မပြောဘဲ ပြုံး၍သာ နေလိုက်ပါသည်။

ကျွန်ုပ်၏ဝတ္ထုများမှာလည်း သုံးနှစ်အတွင်း တော့ပ်တင်းထဲမှ မထွက်တော့ပါ။ အချို့ဝတ္ထုများကို ရုပ်ရှင်သမား၊ ဗီဒီယိုသမားများက ဝယ်ကြသည်။

သို့နှင့် သုံးနှစ်ပြည့်ရန် တစ်လအလိုတွင် ကျွန်ုပ်သည် အဘိုးလေးရှိရာ ချောင်းဆုံသို့သွားရာ အဘိုးလေးအား ငွေသားများဖြင့် ကန်တော့ရင်း လက်စွပ်၏ အကျိုးပေးပုံကို ပြောပြပါသည်။


"မင်း ကံတိုတည်တယ်။ ဒီလက်စွပ်ကို မင်း ဆက်ဆောင်ထားပေတော့။ ငါကတော့ အသက်ကြီးပြီ၊ သေမယ့်ရက်ကိုပဲ စောင့်နေတယ်"

ဟုပြောပြီး လက်စွပ်ကို ဆက်ဆောင်ခိုင်းထားလိုက်ပါတော့၏။

မြသိန်း

www.burmeseclassic.com

www.burmeseclassic.com



# မတူကွဲပြား
# ယဉ်ကျေးမှု ထုံးဓလေ့များ

■ မောင်မောင်စန်းထွေး

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း လူမျိုးတိုင်းတွင် ကိုယ်စီ ယဉ်ကျေးမှုဓလေ့ထုံးစံများ ရှိသည်။ ယဉ်ကျေးမှုသည် အလွန်ကျယ်ပြန့်သောအကြောင်းအရာတစ်ခုဖြစ်သည်။ သို့ရာတွင် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများသည် အတူတကွ ဖြစ်ပေါ်လေ့ရှိသလို ကွဲပြားခြားနားလျက်လည်းရှိသည်။ အခြားတစ်ဖက်တွင် ယဉ်ကျေးမှုနှင့် ဘာသာရေးတို့သည် အတူယှဉ်တွဲလျက်ရှိသည်။ ယဉ်ကျေးမှုလေ့လာ[illegible] ပညာရှင်ပေါင်း ၁၂၁၀ ဦးထံမှ ယဉ်ကျေးမှု (C[illegible] ဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက် ၅၂ မျိုးရှိကြောင်း [illegible] ခဲ့သည်ကို တွေ့ရသည်။ သို့ရာတွင် မတူညီသောကွဲ[illegible] နားသည့်အဓိပ္ပာယ်ဖွင့်ဆိုချက် ပြည့်စုံစွာ အနက်[illegible] ဖွင့်ဆို၍ မရသေးဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးမှုထုံးဓလေ့ကို တိုင်းထွာမည့်စံနှုန်းမရှိ။ ထို့ကြောင့် အချို့သောသူများအတွက် ယဉ်ကျေးသည်ဆိုသောအရာသည် အခြားသူများအဖို့ ရိုင်းစိုင်းသောအရာ ဖြစ်သွားတတ်သည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ကျောင်းသားတစ်ယောက် ဆရာ့ရှေ့လက်ပိုက်နေခြင်းမျိုးသည် မြန်မာတို့အဖို့ ယဉ်ကျေးသိမ်မွေ့သည်ဆိုသော်ငြား၊ စင်ကာပူနိုင်ငံတွင်မူ ထိုသို့ လက်ပိုက်နေခြင်းသည် ရိုင်းသည်ဟုဆိုသည်။ အကြောင်းမူကား ပွင့်လင်းမှုမရှိခြင်း၊ မိမိကိုယ်ကိုကာကွယ်ခြင်းသဘောဟု သတ်မှတ်သည်ဆို၏။ မြန်မာနိုင်ငံတွင် လူတစ်ဦးခေါင်းကိုထိခြင်း၊ ပုတ်ခြင်းသည် စော်ကားသည်ဟု မှတ်ယူကြသော်လည်း ဥရောပတွင်မူ ခင်မင်ရင်းနှီးမှုပြခြင်း၊ ဂုဏ်ပြုခြင်းဖြစ်သည်ဆို၏။ ၎င်းအပြုအမူမျိုးကို ဥရောပ ဘောလုံးပွဲကြည့်သူများ သတိပြုမိကြပေမည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် သဘောတူလက်ခံလျှင် နှုတ်ဖြင့်မပြောဘဲ ခေါင်းညိတ်ပြလျှင်ရသည်။ သို့ရာတွင် သဘောမတူလက်မခံလျှင် ခေါင်းကိုယမ်းခါပြရုံမျှဖြင့် သိနိုင်သည်။ အိန္ဒိယနိုင်ငံတွင်မူ ခေါင်းယမ်းခါပြခြင်းသည် သဘောတူလက်ခံသည့်သင်္ကေတဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်မကို မိုးပေါ်ထောင်ပြလျှင် အစစအရာရာအဆင်ပြေသည်၊ အောင်မြင်သည်ဆိုသည့် အဓိပ္ပာယ်ဆောင်သော်ငြား၊ ဂရိ၊ အာရပ်နိုင်ငံအချို့တွင် ညစ်ညမ်းသော အမှတ်လက္ခဏာဟု ယူဆကြသည်။ တစ်ဖန် အိုကေ (OK) ဆိုသော အမှတ်သင်္ကေတကို အားလုံးအဆင်ပြေသည့် အိုစာလုံး (O)ကို လက်ညှိုးနှင့်လက်မတို့ကို ထိလျက်ဝိုင်းပြတတ်ကြသည်။ အနောက်ဥရောပနိုင်ငံအားလုံးကလည်း ၎င်းအဓိပ္ပာယ် ကောက်ယူကြသည်။ သို့ရာတွင် ပြင်သစ်ပြည်တောင်ပိုင်းသားတို့ကမူ တန်ဖိုးမရှိ၊ ဘာမျှမရှိဆိုသည့် အဓိပ္ပာယ်ကောက်ယူသည်။ ဂျပန်တွင်မူ ၎င်းသင်္ကေတပြလျှင် ငွေကြေးအကြောင်း ပြောကြစို့ဆိုသည့်သဘောတွင် သုံးသည်။ မြန်မာနိုင်ငံတွင်လည်း 'ငါ့မှာရှိနေတယ်'ဆိုသော အမှတ်အသားအဖြစ် သုံးကြသည်။ သို့သော် စပိန်နှင့် လက်တင်အမေရိကနိုင်ငံ အချို့၊ အရှေ့ဥရောပနှင့်ရုရှားတို့တွင် ညစ်ညမ်းသော သင်္ကေတအဖြစ် ဟုမှတ်သည်။

လက်မ မပါဘဲ လက်ညှိုးနှင့် လက်သန်းကိုထောင်ပြလျှင် အာဖရိကမျိုးနွယ်စုအချို့က ကောင်းသောအဓိပ္ပာယ်ဟုယူဆကြသည်။ ယင်းကို ဦးချိုထောင်ခြင်းဖြစ်သဖြင့် ရှင်သန်ခြင်း၊ အောင်မြင်ခြင်းသင်္ကေတအဖြစ် မှတ်ယူကြသည်။ သို့သော် အီတလီလူမျိုးများအတွက်မူ အလွန်ခံရခက်သော ဆဲရေးတိုင်းထွာသည့်သင်္ကေတ ဖြစ်သည်။ ဆိုလိုသည်မှာ "မင်းမိန်းမ နောက်မီးလင်းလို့ မင်းတော့နွားဖြစ်ပြီ"ဟူသော အဓိပ္ပာယ်ဆောင်သည်ဆို၏။ ထို့ကြောင့် ယဉ်ကျေးသည်၊ ရိုင်းစိုင်းသည်ဆိုသည် ဒေသနေလူတို့၏ တွေးခေါ်သော ပေတံဖြင့်သာ တိုင်းတာရသည်ဟုဆိုသည်။

မိမိတို့နိုင်ငံ၊ လူမျိုး၏ ယဉ်ကျေးမှုထုံးဓလေ့များကို သင်ယူလေ့လာမှုပြုရသည်။ မိမိတို့၏ယဉ်ကျေးမှုကို လေ့လာပါမှ တန်ဖိုးထားတတ်ပြီး၊ ယဉ်ကျေးမှုဆက်လက်ရှင်သန်ရန်အတွက် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန်နည်းလမ်း ရှာရသည်။ မိမိတို့၏ယဉ်ကျေးမှုကို သင်ယူမှု၊ လေ့လာမှုအားနည်းလျှင် အခြားသောတိုင်းတစ်ပါး ယဉ်ကျေးမှုက လွှမ်းမိုးသွားနိုင်သည်။ နိုင်ငံခြားသားများက မြန်မာတို့၏ ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားနေချိန်တွင် မြန်မာများက နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးတုပနေကြသည်။ အတုယူခြင်းအစစ်ကိုမရဘဲ အတုကိုပဲရမည်ဖြစ်ပြီး အစစ်မရနိုင်ပါ။ မြန်မာတို့၏ကောင်းမြတ်သော ယဉ်ကျေးမှု မပျောက်မပျက်အောင်၊ နိုင်ငံခြားယဉ်ကျေးမှု လွှမ်းမိုးခြင်းမခံရအောင် ထိန်းသိမ်းရပေမည်။ မြန်မာနိုင်ငံသည် သက်တံယဉ်ကျေးမှု ဖွဲ့ရှိရာနေရာ ဖြစ်သည်။ ဗမာ့ယဉ်ကျေးမှုသာမက တိုင်းရင်းသားများ၏ ယဉ်ကျေးမှုများလည်းရှိသည်။ ယင်းသို့ မတူကွဲပြားသောယဉ်ကျေးမှုများ ပေါင်းစည်းထားသောနေရာ ဖြစ်ခြင်းကြောင့် နိုင်ငံခြားသားများ စိတ်ဝင်စားမှုရှိကြသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးတစ်မျိုး၏ ဘာသာစကားသည် အခြားတိုင်းရင်းသားလူမျိုးတစ်မျိုး၏ ဘာသာစကားနှင့် မတူကွဲပြားလျက်ရှိရာ တိုင်းသားများ၏ဘာသာစကားနှင့် ယဉ်ကျေးမှုများ တစ်ခုနှင့်တစ်ခုသဟဇာတဖြစ်စေပြီး ၎င်းတို့၏ ဓလေ့ထုံးစံအတိုင်း အေးအေးချမ်းချမ်း ယှဉ်တွဲ နေထိုင်ခြင်းသည်သာ ကြိုးစားရပေမည်။ ဤကဲ့သို့ ယဉ်ကျေးမှုထုံးတမ်းအစဉ်

www.burmeseclassic.com

အလာများ ကွဲပြားခြားနားခြင်းသည် ခွဲခြားရန်မဟုတ်မှုဘဲ တွဲသွားရန်သာဖြစ်သည် ဟူသောခံယူချက်ဖြင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံလျက် တည်ဆောက်ကြရပေမည်။

အနောက်တိုင်းနိုင်ငံများတွင် အားနာသည်ဟူသော စကားလုံးမရှိသကဲ့သို့ အားနာမှုလည်း မရှိကြ။ ဤသည်ပင်လျှင် ၎င်းတို့၏ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် လောကဝတ်ပြုခြင်းသည် စေတနာပြရာရောက်သော်ငြားလည်း အနောက်တိုင်းတွင် မယဉ်ကျေးသည့်အပြုအမူမျိုး ဖြစ်တတ်ပါသည်။ ယဉ်ကျေးမှုပညာရှင် တစ်ဦးဖြစ်သူ ဘယ်ရီ(Berry)ကတော့ ယဉ်ကျေးမှုအဟောင်းကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှုအသစ်ကို လေ့လာသင်ယူခြင်း ဖြစ်သည်ဟု ဆိုသည်။

ဘယ်ရီ၏အဆိုအရ ယဉ်ကျေးမှုအသစ်ကိုရယူပြီး အဟောင်းကိုပစ်ပယ်လိုက်ခြင်းဆိုသည့် တစ်ခုတည်း ဖြစ်ထွန်းခြင်း (Assimilation) ဖြစ်သည်။ နောက်တစ်ခုမှာ သီးခြားနေခြင်း (Separation) ဆိုသည့်အချက်တွင် ယဉ်ကျေးမှုအသစ်ကို ငြင်းပယ်ပြီး အဟောင်းကို ဆက်လက်ထိန်းသိမ်းခြင်း ဖြစ်သည်။ ယဉ်ကျေးမှုတစ်ရပ် တစ်စုတစ်စည်းတည်း ဖြစ်ခြင်းဆိုသည့် (Integration) ဖြစ်ရာ အသစ်ကိုလည်း သင်ယူလေ့လာပြီး အဟောင်းကိုလည်း ဆက်လက်ထိန်းသိမ်းထားခြင်းမျိုး ဖြစ်သည်။ တစ်ဖန် ယဉ်ကျေးမှုအသစ်ကိုရော လက်ရှိယဉ်ကျေးမှုကိုပါ ဘေးဖယ်လိုက်ခြင်းဆိုသည့် (Marginalization) မျိုးလည်း တွေ့ရ သည်ဆို၏။ ဖော်ပြခဲ့သည့် ယဉ်ကျေးမှုလေးမျိုးတွင် တစ်စည်းတစ်လုံးတည်းဖြစ်ခြင်းကို လုပ်နိုင်သူသည်သာ လူမှုအသိုင်းအဝိုင်းတွင် ပိုဝင်ဆန့်ပြီး အတွေးအခေါ်ပိုင်းတွင် ပို၍မျှတမှု ရှိသည်ဟု ဆိုသည်။

ယဉ်ကျေးမှုမတူသည့် အုပ်စုများသည် အတူတကွ နေထိုင်မှုကြာမြင့်လာချိန်တွင် တစ်ဦး၏ယဉ်ကျေးမှုနှင့် အခြား တစ်ဦး၏ယဉ်ကျေးမှုကို ဖလှယ်ခြင်းဖြင့်လည်း ယဉ်ကျေးမှုအသစ်၊ သို့မဟုတ် ဖက်စပ်ယဉ်ကျေးမှု ဖြစ်ပေါ်လာခြင်းကို ယဉ်ကျေးမှုရောနှောဖလှယ်ခြင်း (Inter-culturation) ဟု ခေါ်သည်။

ကမ္ဘာ့ယဉ်ကျေးမှုလှိုင်းတံပိုးကြီးအောက်တွင် လှပသော မြန်မာ့သက်တံရောင်စုံယဉ်ကျေးမှု နစ်မြုပ်ပျောက်ကွယ်သွားမည်ကိုလည်း စိုးရိမ်ရသည်။ ရေကန်ပြင်ပေါ်တွင် ကျောက်ခဲသေးသေးလေးနှင့် ကျောက်တုံးကြီးတို့ကို တစ်နေရာစီ ပစ်ချလိုက်လျှင် ဖြစ်ပေါ်လာသည့် စက်ဝိုင်းနှစ်ခုဆုံတွေ့ ပုံကိုကြည့်ခြင်းဖြင့် လှိုင်းကြီးကလှိုင်းငယ်လေးကို လွှမ်းမိုးဝါးမျိုသွားပုံကို တွေ့ရသည်။ ထို့အတူပင် ယဉ်ကျေးမှုနှစ်ခု တွေ့ဆုံသည့်အခါတွင်လည်း အလားတူဖြစ်သွားနိုင်သည်။

ထို့ကြောင့် ယခုခေတ်စားနေသည့်အိုင်တီ(IT) နည်းပညာ ထွန်းကားလာမှုကြောင့် လူမှုဘဝတိုးတက်ပြောင်းလဲလာသည်။ အင်တာနက်၊ ဖေ့စ်ဘွတ်၊ မိုင်ဘာစသည်များသည် ခေတ်အလွန်စားနေသည်။ 3D ခေါ် သုံးဘက်မြင် ရုပ်ရှင်ကားများ ပေါ်လာသဖြင့် တစ်ဖက်သတ်ဆုံးဖြတ်လာကြသည်။ လွတ်လပ်စွာ ပြောဆို၊ ရေးသားဆဲဆိုမှုများကို မှားယွင်းစွာ အသုံးချနေကြသည်။ ကမ္ဘာကြီးကျုံ့လာသည်နှင့်အမျှ အမြင်လည်းကျဉ်းလာသည်။ တောထဲမှ လူရိုင်းများ အဝတ်အစားဝတ်လာသည့်ခေတ်၌ မြို့နေလူများသည် စားသောက်ဆိုင်များတွင် ဝင်နေရာယူကြပြီဖြစ်သဖြင့် မယဉ်ကျေးသည့်လှိုင်းလုံးကြီးသည် ယဉ်ကျေးသည့်လှိုင်းလုံးကို ဝါးမျိုသွားနိုင်သည်။

လေလှိုင်းသည် ရွက်လှေကို ကမ်းခြေသို့ အရောက်ပို့သည်။ သို့ရာတွင် မုန်တိုင်းသည် ရွက်လှေကို နစ်မြုပ်စေပါသည်။ ဘာသာရေးလှိုင်းများက လူသားများကို သံသရာဘဝ ကမ်းဆီသို့ ငြိမ်းချမ်းစွာ ပို့ပေးနေသော်ငြားလည်း အစွန်းရောက်သူများကြောင့် သေကြေပျက်စီးစေသည်ကိုလည်း သတိပြုရပေမည်။ ဘာသာတရားတိုင်းသည် ကြီးမားသော ယဉ်ကျေးမှုဖြစ်ပြီး မေတ္တာကရုဏာကင်းမဲ့သွားလျှင် ပျက်စီးခြင်းရလဒ်နှင့် တွေ့ပြီး ယဉ်ကျေးမှုတစ်ခုလုံးပင် ပြိုလဲသွားနိုင်သည်။ ထို့ကြောင့် အမုန်းတရားကင်းစင်သည့် နှလုံးသားဖြင့် ချစ်ခြင်း၊ မေတ္တာကို အခြေခံသောလူ့ယဉ်ကျေးမှုအဖွဲ့အစည်း တည်မြဲရေးအတွက် ကောင်းမြတ်သော ယဉ်ကျေးမှုကို တည်ဆောက်ကြပါစို့။

မောင်မောင်စန်းထွေး



www.burmeseclassic.com

www.burmeseclassic.com

# ဘူတန်နိုင်ငံရှိ ထူးဆန်းအံ့ဖွယ်ရာများ

နန္ဒာမင်းခေါင်(ဗိုလ်တထောင်)

ဟိမဝန္တာတောင်တန်းတွင် ဘူတန်ဘုရင်နိုင်ငံတော်ရှိပါသည်။ အဆိုပါ နိုင်ငံသည် ဗုဒ္ဓနှင့် ခေတ်သစ်ယဉ်ကျေးမှုများ ရောပြွမ်းနေသော နေရာတစ်ခုလည်း ဖြစ်ပါသည်။

ဟိမဝန္တာတောင်သည် မိုးထိမြင့်မားလောက်သည့် သဏ္ဍာန်ရှိနေဟန်ထင်ရ၏။ တောင်ကုန်း၊ ခ္ဓတောင်စွယ်တစ်ဝိုက်တွင် မိုးသားတိမ်လိပ်များ ရစ်ဆိုင်းဖုံးလွှမ်းနေပြီး ရောင်စုံတောပန်းများပွင့်ဝေဆာနေပုံက သဘာဝပန်းချီကားတစ်ချပ်သဖွယ် ရှိလှပါ၏။

ဘူတန်နိုင်ငံသည် တရုတ်နှင့် အရှေ့မြောက်ပိုင်းစွန်း အိန္ဒိယနိုင်ငံအကြား တည်ရှိသည်။ ဘူတန်နိုင်ငံတစ်ဝန်းလုံးရှိ နေအိမ်အဆောက်အဦများ ဘာသာရေး အဆောက်အဦများ မျက်နှာကြက်များတွင် သတ္တဝါပုံ၊ ပန်းပွင့်ပုံ၊ ကနုတ်ပန်းများ အစရှိ ရေးဆေးပန်းချီရုပ်ပုံများ ရေးဆွဲထားသည်ကို တွေ့ရသည်။ အိမ်တိုင်းအိမ်တိုင်း၌ အားကောင်းလုံခြုံမှု ရှိစေကြောင်း ယုံကြည်လျက် ဆောင်ထားကြသည့်နေရာတစ်ခုရှိသည်။ ယင်းမှာ အရောင်တောက်ပသည့် တောင်ဝှေးဖြစ်သည်။ ယင်းတောင်ဝှေးရှိပါက အားကောင်းမောင်းသန်ယောက်ျားတစ်ဦးသဖွယ် နေ အိမ်ကိုနှောင့်ယှက်ဖျက်ဆီးခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း ယုံကြည်ကြသည်။ ဘူတန်အရှေ့ပိုင်းတွင်မူ လူပျို လှည့်သည့်ဓလေ့ ယနေ့တိုင်ရှိနေသေးသည်။ ယင်းဓလေ့အရ လူပျိုများက နေ့ဘက်တွင် ၎င်းစိတ်ဝင်စားနေသည့် မိန်းကလေးတစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်ခွင့်ရရှိအောင် ကြိုးစားပြီးနောက် တစ်ညတာ အတူစကားပြောခွင့်ရရန် မိန်းကလေး၏ သဘောထားဆန္ဒကို တောင်းခံရသည်။ ညရောက်သည့်အခါ မိန်းကလေး၏ မိဘနေအိမ်သို့ ဝင်ရောက်ရာ၌ မိဘများက အလိုက်တသိနေပေးလျှင်ဖြစ်စေ၊ စကားတစ်ခွန်းမှ မပြောသည်ဖြစ်စေ၊ အိပ်ပျော်သွားလျှင်ဖြစ်စေ၊ မနက်မိုးလင်းမှ လာဖမ်းလျှင်ဖြစ်စေ သူတို့သမီးနှင့် ထိုလူငယ်ကို လက်ထပ်ထိမ်းမြားပေးမည် ဖြစ်သည်။

ချောမောလှပ နာမည်ကြီးသည့် မိန်းကလေးများ၏ နေအိမ်အပြင်၌ဆိုလျှင် စိတ်ရှည်ပုံမပေါ်သည့် ပိုးပန်းသူကာလသားများက တန်းစီစောင့်ဆိုင်းနေရပြီး ဝရန်းသုန်းကား တိုးမဝင်စေရေးအတွက် ဝင်ပေါက်ဝတိုင်း အားကောင်းမောင်းသန် လူငယ်များနေရာယူထားရသည်။ စိတ်မရှည်တော့အဲ ယောက်ျားမာနရှိသူများ ဆိုပါက လက်နက်စွဲကိုင်ဖြေရှင်းတတ်သဖြင့် ဘူတန်နိုင်ငံကို တန်းတန်းစွဲဖြစ်နေသူတစ်ဦးရှိသည်။ အခြားသူမဟုတ်၊ ကမ္ဘာကျော် ဟောလီဝုဒ်အက်ရှင်မင်းသား စတီဗင်ဆီးဂဲလ်ပင် ဖြစ်သည်။ ၎င်းသည် မကြာသေးသည့်နှစ်များအတွင်း လူသိရှင်ကြား ဘူတန်သို့ အကြိမ်ကြိမ်လာရောက်ခဲ့ပြီး ၁၃ ရာစုခေတ် ဗုဒ္ဓအမွေအနှစ်များ ရှာဖွေတတ်သူတစ်ဦး ပြန်ဝင်စားသူတစ်ဦးဖြစ်ကြောင်း အတိအလင်း ထုတ်ပြန်ကြေညာခဲ့ဖူးသည်။ ဘူတန်အမျိုးသားများသည် သူတော်စင် (Drukpa Kuney)ကို အထင်ကြီးလေးစားကြ၏။ သူ၏ ဩဇာအာဏာက ခေတ်သစ်ဘူတန်လူငယ်များအပေါ် လွှမ်းမိုးမှုရှိနေဆဲ။ ထိုသူတော်စင်သည် ၎င်း၏ တိဗက်မှာနေ၍ မြားတစ်စင်းကိုပစ်လွှတ်လိုက်ရာ မြားကျရောက်သည့်နေရာနှင့် အနီးဆုံးရှိနေသူ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

က ထိုမြားကို ရယူနိုင်ခဲ့သည်ဟု ဆိုသည်။ ထိုကြောင့် ဘူတန်အမျိုးသားများသည် အလွန်ဝေးကွာသည့် နေရာများသို့ မြားပစ်ခြင်းကို နှစ်ခြိုက်ကြသည်။

ထို့နောက် ထူးခြားချက်တစ်ခုက ဘူတန်နိုင်ငံ၌ လက်ညှိုးထိုးမလွဲရှိနေသည်မှာ ထုထည်ကြီးမားကြံ့ခိုင်သည့် ဘုန်းတော်ကြီးကျောင်းများဖြစ်သည်။ ယင်းဘုန်းတော်ကြီးကျောင်းများသို့ (Karma Dhemdup)က ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ Karma သည် မြားပစ်သင်တန်း နည်းပြဆရာအဖြစ်မှ ဧည့်လမ်းညွှန်အဖြစ် ကူးပြောင်းလာခဲ့သူဖြစ်သည်။ မတ်စောက်သည့် တောင်ကုန်းတစ်ခုကို ခြေကျင်တက်ရောက်ခဲ့ရာ တောင်ဇလပ်ပန်းများ ပွင့်ပြီး တောပန်းများ လှိုင်လှိုင်ပွင့်လန်းနေသည့် နေရာများကို အပေါ်စီးမှ ငေးမောမဆုံးတွေ့ခဲ့ရမှုနှင့်အတူ (Tango Goemba) ကိုဘက်မှ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့သည်။ အမြဲတမ်း လေပြည်အေးကလေးများ တိုက်ခတ်လျက်ရှိသည့် ဘုန်းတော်ကြီးကျောင်းသည် (Thimpu)မြို့နှင့် မဝေးချေ။ ၁၂ ရာစု ဘုန်းတော်ကြီးကျောင်း အတွင်းပိုင်းတွင် ဗုဒ္ဓဆင်းတုတော်များကို ကြည်ညိုသဒ္ဓါတရားပွားများစွာ ဖူးတွေ့နိုင်သည်။

ကျောင်း၌ သီတင်းသုံးနေထိုင်လျက်ရှိသော ရဟန်းပျိုများမှာ အင်္ဂလိပ်သဒ္ဒါဗုဒ္ဓစာပေများနှင့် နက္ခတ်ဗေဒကျောင်းတစ်ကျောင်း အဖြစ်အသုံးပြုနေသော (Pangri Zampa) ဘုန်းတော်ကြီးကျောင်းတွင် ရဟန်းသံဃာများ၏ စာအံနေသံများသည် လေထဲပျံ့လွင့်သယောင် ရှိသည်။ ဘုရားကျောင်းများအနက် ထူးခြားသည့် ဘုရားကျောင်းတစ်ခုက (Chimi Mhakhang) ဘုရားကျောင်းဖြစ်ပြီး သားဆုပန်နေကြသည့် အမျိုးသမီးများစွာကို တွေ့ရသည်။ ကလေးရရန် ရှန်းကန်နေရသည့် အမျိုးသမီးများသည် ဘုရားကျောင်းထဲ၌ပင် အိပ်လေ့ရှိကြသည်။ ဧည့်သည်များကို ရဟန်းပျိုတစ်ပါးမှ ရေမန်းတစ်ခွက်စီ တိုက်ကြ၏။

ဘူတန်တွင် အလွန်မြင့်မားသော တောင်စောင်းတစ်ခုပေါ်တွင် တည်ဆောက်ထားသည့် ဘူတန်၏ နာမည်အကြီးဆုံး (Tiger's Next) ဘုန်းတော်ကြီးကျောင်း ဖြစ်သည်။ ၁၆၉၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ အဆိုပါ ဘုန်းတော်ကြီးကျောင်းသို့မသွားမီ ဧည့်သည်များသည် တောင်ပေါ်သွားရာ လမ်းကြောင်းရှိ ရွက်ဖျင်တဲများ၌ ညအိပ်တည်းခိုကြရသည်။ ယင်းရွက်ဖျင်တဲများကို သိုးကျောင်းသားများက ဆောင်းရာသီရောက်တိုင်း အသုံးပြုကြကြောင်း သိရသည်။

ဘူတန်နိုင်ငံရှိ တောင်ပေါ်ဘုန်းကြီးကျောင်းမှ မြင်တွေ့ခဲ့ရသော သဘာဝရှုခင်းများတို့သည်ကား စာဖွဲ့၍ ကုန်နိုင်မည် မထင်ပါ။

**နန္ဒာမင်းခေါင်(ဗိုလ်တထောင်)**


# ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ
# ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

----- ဆက်သွယ်ရန် -----

**ရှောင်ဖြန့်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၂၅၁၀၂၂၃၃




www.burmeseclassic.com

www.burmeseclassic.com


# ဂုဏ်ထူးပဒေသာ

## သင်ရိုးတုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

**အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်(၁၀၀)ဖိုး အပြည့်ပါသည်။**

(၂၀၁၄-၂၀၁၅ ခရိုင်မေးခွန်းဟောင်းများ လေ့လာဖို့ပါသည်)

**စာကျက်မှတ်ရ လွယ်ကူအောင် လေ့ကျင့်ရလွယ်ကူအောင် စီစဥ်ထားပါသည်။**

## စတုတ္ထတန်း GRADE - 5

♦မြန်မာစာ ♦စာရိတ္တနှင့် ပြည်သူ့နီတိ ♦ဘဝတွက်တာကျွမ်းကျင်စရာ ♦သင်္ချာ ♦အခြေခံသိပ္ပံ ♦သမိုင်း ♦ပထဝီဝင် ♦**English Exam Special Guide Book**

ရှေ့ပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉-၂၆၃၄၄၁၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၇၄၉၂၇

# ဂုဏ်ထူးပဒေသာ

## အဋ္ဌမတန်း GRADE - 9

## သင်ရိုးတုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

(နမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းနှင့် လေ့လာရန် မေးခွန်းဟော ်ပါသည်)

♦မြန်မာစာ ♦အထွေထွေသိပ္ပံ ♦ပထဝီဝင် ♦သမိုင်း

♦**MATHS 1 Exam Special Guide Book**

♦**MATHS 2 Exam Special Guide Book**


♦**English Exam Special Guide Book**

ရှေ့ပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉-၂၆၃၄၄၁၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၇၄၉၂၇


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တန်တဲ့ ပစ္စည်းများ

မြနန်းရှင်

ကျွန်မ၏ ဂန္ဓာရီခရီးအဓိဋ္ဌာန်တွင် တွေ့ကြုံရသော သာသနာပြု ပုဂ္ဂိုလ်တစ်ဦးကို လက်တွေ့ကျမှ ယုံကြည်တတ်သော ညဉ့်အခါ တောစဉ်၊ တောင်စဉ်ခရီးထွက်၍ အဓိဋ္ဌာန်ဝင်ခဲ့သော အကျိုးကျေးဇူးကြောင့် စာမျက်နှာပေါ် ရေးသားတင်ပြနိုင်ခြင်း ဖြစ်ပါသည်။

ကျွန်မကိုယ်ကျွန်မ ဘာလမ်းစဉ်၊ ညာလမ်းစဉ်၊ ထွက်ရပ်ပေါက် အဲဒီလို အဆင့်တွေကို ရောက်ရှိဖို့ မျှော်ကိုးလုပ်ဆောင်ခဲ့ခြင်း မရှိပါ။

ဝါသနာအရ အခြေခံ၍ ကြိုးစားလုပ်ဆောင်ချက်များ သွားလာတွေ့ကြုံခဲ့ရသည့်အထဲမှ ထူးခြားဆန်းကြယ်မှုလေးများကို စာဖတ်ပရိသတ်အတွက် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ယခု အကြောင်းအရာများမှာလည်း လွန်ခဲ့သော ၁၉ နှစ်ကျော်ကာလ မွန်ပြည်နယ်သို့ တောစဉ်၊ တောင်စဉ် အဓိဋ္ဌာန်ခရီးမှ ကိုယ်တွေ့ကြုံခဲ့သော ဦးဇင်းတစ်ပါး၏ အဖြစ်မှန်ကို ရေးသားဖြစ်ပါတော့သည်။

ကျွန်တော်ရောက်ရှိနေသည့် နေရာ မြန်မာပြည်၏ အနောက်ရိုးမနှင့် အနောက်တောင်ဘက်ကြား တောတောင်ထူထပ်သော အရပ်ဒေသမှာ ရောက်နေပါသည်။

ကျွန်တော် လူပျိုပေါက်မရှိတရှိ အရွယ်ကတည်းက တောတွင်းလက်နက်ကိုင်အဖွဲ့၏ ခေါ်ယူစေခိုင်းမှုအောက် ကြီး ပြင်းခဲ့ရပါသည်။

ထိုအချိန်က ကျွန်တော်၏စိတ်မှာ "တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး" ဆိုရိုးစကားကဲ့သို့ တကယ့်တောအရိုင်းကောင်နှယ် သတ္တဝါအသက်ကို သတ်ဖြတ်ရမှာ ဝန်မလေးသလို စားချင်တာသတ်စား၊ အရက်သေရည် ကြိုက်သလောက်သောက်ခြင်းဖြင့် အချိန်ကုန်လွန်ခဲ့ရသည်။

သည်ဘက်အခေါ် အမှောင်လမ်းမှာ တောခိုနေရသူက ကျွန်တော့်ဘဝ ဖြစ်နေသည်။

တဖြည်းဖြည်းနှင့် လက်နက်ကိုင်တောတွင်းသားဘဝကို စိတ်ကုန်လာခဲ့ပါသည်။

ဘုရားဆိုတာမရှိ။ တရားဆိုတာမသိ။ သံဃာဆိုတာ မြင်တာနှင့် ရန်သူ။ မိဘ၊ ညီအစ်ကို၊ မောင်နှမအသိ လုံးဝမရှိ။ သံယောဇဉ်တရား၊ အကြင်နာတရားမဲ့သော အဝန်းအဝိုင်းမှာ နေနေရသမျှ ရဲကျခံသူနှင့် ပမာတူနေပါသည်။

ကျွန်တော် ကျင်လည်နေရသော ပတ်ဝန်းကျင်သည် မြတ်စွာဘုရား လက်ထက်တော်က ကောက်ကျစ်ယုတ်မာသော ဒေဝဒတ်နှင့် အနွယ်တော်ခဲ့သူများ ဖြစ်ခဲ့ပေမည်။

ကျွန်တော့်မှာ သည်နယ်မြေ၊ သည်ဝန်းကျင်မှာ လက်နက်ကိုင်စွဲ ခိုင်းသမျှစေသမျှ နာခံလုပ်ဆောင် သွားလာနေထိုင်ရသော်လည်း စိတ်ထဲမှာ နည်းနည်းမျှ ပျော်မွေ့မနေပါ။

အဖြူရောင်ဆိုသည့် နယ်ထဲသို့ ပြေးဝင်ပြီး နေကြည့်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့တော့သည်။

သွားရင်းလာရင်း တောထဲ၊ တောင်ထဲမှာ ဘုရားစေတီပုထိုးများ တွေ့မြင်လိုက်ရလျှင် ကျွန်တော့်အတွင်းစိတ်ထဲမှာ ဝမ်းနည်းစိတ်တို့ အလိုလို လှိုက်တက်လာသည်။ သည်လိုဖြစ်ပေါ်လာသည့် အငုံစိတ်ကို ရင်ထဲမှာပဲ ကြိတ်မှိတ်မျိုသိပ်ထားရသည်။ မည်သူ့ကိုမျှ မဖွင့်အန်ရဲပါ။ သည်လိုစကားမျိုး ပြောမိလို့ကတော့ အရှင်လတ်လတ် နာရီ၊ စက္ကန့်မဆိုင်းဘဲ ငရဲပြည် ရောက်ပြီလို့သာမှတ်ပါ။

တကယ်ပါ···။

သည်အရပ်၊ သည်နေရာ၊ သည်ဝန်းကျင်ကို စွန့်ခွာပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

အဝေးဆုံးကို ထွက်ခွာသွားချင်လှပါပြီ။ လူကသာ တောထဲ နေသာနေနေရသည်၊ စိတ်တွေက အဝေးသို့ တရိပ်ရိပ် ပြေးနေသည်။

❐

မသိစိတ်လား၊ အသိစိတ်လား ကျွန်တော် တကယ် မဝေခွဲတတ်ပါ။ ကျွန်တော်၏ အိပ်မက်များမှာ ကျင်လည်သွားလာနေရသည်က ယခုလှုပ်ရှားနေသော တောတွင်းနေရာများ မဟုတ်ပေ။

အလွန် အေးချမ်းသာယာသော ထုံးဖြူဖြူစေတီများရှိရာ ရွှေရောင်ဝင်းဝါသော စေတီများကြားမှာ ကျွန်တော် သွားလာနေပါသည်။ ကျွန်တော်၏ ဝတ်စားဆင်ယင်ပုံမှာ ယခုကဲ့သို့ မဟုတ်။ ဆံပင်ကုပ်ထောက်၊ အင်္ကျီ၊ ဘောင်းဘီ ဖရိုဖရဲပုံစံနှင့် မဟုတ်ဘဲ ကြည်လင်သော အသားအရေနှင့် အညိုရောင် အင်္ကျီလက်ရှည်၊ လုံချည်အညိုနှင့် ရှည်သောဆံပင်များကို သျှောင်ထုံးထုံးကာ ယောဂီတဘက် ခေါင်းမှာပေါင်းထားလိုက်သေးသည်။ အတော့်ကို ကျက်သရေမင်္ဂလာရှိသော ကျွန်တော်၏ ရုပ်နာမ်ခွဲ ဖြစ်နေသည်။

ယခုလို အိပ်မက်မက်ရာက လန့်နိုးခဲ့လျှင် ပစ္စက္ခ အခြေအနေမှာရှိသော ကျွန်တော့်ပုံစံကို ကျွန်တော့်စိတ်မှ လုံးဝလက်မခံခြင်း၊ မနှစ်မြို့ခြင်း၊ အိပ်မက်ထဲက ပုံစံအတိုင်း နေထိုင်သွားလာချင်စိတ်များ တဖွားဖွား ဖြစ်တည်လာပြန်သည်။

သည်ကဲ့သို့ ပုံစံအပြင် တစ်ခါတစ်ရံမှာ ကျွန်တော်၏ ခန္ဓာကိုယ်ပေါ်တွင် သင်္ကန်းဝတ်ခြုံထားကာ ဘုရားစေတီပြုပြင်တာမျိုး၊ ထုံးသင်္ကန်းကပ်တာမျိုးတွေ လုပ်ကိုင်နေတာ ဖြစ်နေပြန်သည်။

အဲဒီလိုနေ့မျိုး ကြုံရလျှင် စိတ်မှာ လုံးဝ ပြန်အိပ်မပျော်နိုင်ပေ။ ဘာကြောင့်မှန်းမသိ။ ဝမ်းနည်းကြေကွဲစိတ်နှင့် မျက်ရည်များပင် စို့လာရသည်။

ခုလိုဘဝ၊ ခုလိုအခြေအနေကို စက်ဆုပ်ရွံရှာလာချေပြီ။

သို့နှင့် ကျွန်တော်၏နှုတ်မှ ဘယ်ခါမျှ လေ့ကျင့်သင်ကြားဖူးခြင်း မရှိခဲ့သော ဘုရားစာများကို နှုတ်မှာ တရစပ် ရွတ်ဆိုနေမိပြန်သည်။

အခြေအနေအရ သေနတ်ထမ်း၍ တာဝန်ယူချိန်ပဲဖြစ်ဖြစ်၊ ထင်းခွဲ၊ ရေခပ်၊ ကင်းစောင့်၊ ခရီးထွက်ချိန်များမှာလည်း ဘေးလူမကြားအောင် စိတ်မှ ရွတ်ဆိုနေမိသည်။

ဘယ်လိုအဓိပ္ပာယ်လည်း မသိခဲ့ပါ။ နားလည်းမလည်ခဲ့ပါ။ အယူဝါဒမဲ့သော နေရာမှာ ကြီးပြင်းလာခဲ့ရသဖြင့် ဘာဆိုဘာမျှ နားမလည်တာ မဆန်းပါချေ။

ခုလို ဘုရားစာကို နှုတ်မှာ မပြတ်ရွတ်ဆိုနေချင်စိတ်က ကျွန်တော်၏ ရင်တွင်းဓာတ်ခံမှ လှိုက်တက်လာကာ တဖွဖွ ဘေးလူမကြားအောင် တရစပ် ရွတ်ပွားနေမိပါတော့သည်။

ထိုဘုရားစာမှာ . . .

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

ဟူ၍ ဖြစ်ပါသည်။

❐

ကျွန်တော် အလင်းသို့ ရောက်ပါပြီ

ထိုဘုရားစာကို ရွတ်ဆိုပြီးနောက်ပိုင်း ကျွန်တော်တို့ တောတွင်းလက်နက်ကိုင်အဖွဲ့မှာ တပ်မတော်နှင့် စစ်မတိုက်ရဘဲ ကျွန်တော်တို့ကဲ့သို့ တောတွင်းလှုပ်ရှားသော အမည်မတူ၊ လူမျိုးမတူ အဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားပါတော့သည်။

တိုက်ပွဲမှာ ရက်အတော်ကြာပါ သည်။ နှစ်ဖက်စလုံး အထိအခိုက် အသေအပျောက် များလှသည်။ အားလုံး လူပန်းစိတ်ပန်း အငတ်ငတ်အပြတ်ပြတ် ပြေးရလွှားရနှင့် အားကုန်လက် ပန်းကျနေပါပြီ။ စိတ်ဓာတ်များလည်း ကျနေပါသည်။ လက်ကသာ သေနတ် ကျည်ဆန် တဖွဲဖွဲပစ်ခတ်နေရသည်။

ထိုအချိန်ကာလမှာ ကျွန်တော်၏ မျက်လုံးထဲမှာ ရန်သူကိုလည်း မသ ချင်၊ သစ်ပင်တွေကိုသာမြင်ပြီး ပစ် ရသည်။ နှုတ်ကတော့ ထိုဘုရားစာ တွင်တွင်ရွတ်ဆိုနေမိသည်။ ယခု ဘုရားစာရွတ်ဆိုနေရခြင်းသည် ကျွန် တော့် ကိုယ်ကျွန်တော် လုံခြုံမှုရှိ ဟု ထင်မိပါသည်။

တစ်ဖက် ရန်သူအင်အား တောင့်တင်းပါသည်။ ရေရှည်မှာ ကျွန် တော်တို့အဖွဲ့ တောင့်ခံနိုင်ဖို့ အင် မရှိ။ စိတ်ဓာတ်ခိုင်မာနေခြင်း သာ ရန်သူမှာ ရှေ့မတိုးသာခြင်း သည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်သူကို တိုက်သာတိုက်နေရ၏။ သည်အချိန်မှာ ကျွန်တော့်မျက်လုံးထဲမှာ မြန်မာဗုဒ္ဓဘာသာ ဘုရားပုံတော်ကို မြင်ယောင်မိပြီး အားကိုးတကြီး တမ်းတနေမိတော့သည်။

နောက်ဆုံး စိတ်ကိုထိန်းချုပ်မရဘဲ သေနတ်ပစ်ချပြီး ရှိခိုးဦးချနေမိ၏။ ဘေးကလူများ၏ အမြင်မှာတော့ ဒီကောင် ကြောက်စိတ်နဲ့ လုပ်မိလုပ်ရာ သွေးကြောင်ပြီး ကြောက်ချေးပါတာဟု ယူဆထင်မြင်ကြပေမည်။ ထင်ချင်ရာ ထင်ကြပါစေ။ ယခုလို ဘုရားဦးချပြီး သေရင်လည်း သေပါစေတော့ဟု စိတ်မှာသည်လိုပဲ ခံယူထားလိုက်ပါတော့သည်။

ကျွန်တော် အားရပါးရ ဦးချအပြီး ခေါင်းပြန်အမော့မှာ -

"ဘုရား...ဘုရား"

ဟု နှုတ်မှ အလိုလို တမိပါတော့၏။ လူမှာ ကြက်သေ သေသလို အံ့သြမိပါသည်။

ကျွန်တော်၏ မျက်စိရှေ့တည့်တည့်မှာ ဘွားခနဲ တွေ့မြင်လိုက်ရသည်မှာ အဝါရောင်သင်္ကန်းဝတ်နှင့် အသားအရေ ကြည်လင်တောက်ပစွာနှင့် အလွန်ကျက်သရေရှိသော ရဟန်းတစ်ပါး အနီးကပ်ရောက်ရှိ ဖူးတွေ့မြင်လိုက်ရ၍ ဖြစ်ပါသည်။

ကြည်ညိုစိတ်နှင့် သေနတ်ပြန်ကောက်မိတော့ဘဲ လက်အုပ်ချီ ဖူးလိုက်ပါသည်။ အံ့သြဝမ်းသာစိတ်နှင့် မျက်ရည်များလည်ကာ ကြက်သီးမွေးညင်းများပင် ထလာသည်အထိ ပီတိဖြစ်ရပါသည်။

နူးညံ့ကြင်နာသော ကရုဏာတော်အပြည့်နှင့် ထိုရဟန်း၏ မျက်ဝန်းမှာရော၊ နှုတ်ထွက်စကားသံကပါ အလွန်နွေးထွေးလှပါသည်။

"ဒကာတို့ အတော်ပင်ပန်းနေကြပြီ။ ကဲ...ပါးစပ်ဟထား"

ရဟန်းပြောသမျှ နာခံကာ ကျွန်တော်၏နှုတ်ခမ်းကို ဟပေးလိုက်ရာ ရဟန်း၏ သပိတ်တော်ထဲမှ ရေကြည်ရေအေးကို စောင်းငဲ့တိုက်လာပါသည်။ လည်ချောင်းပြွန်မှတစ်ဆင့် ကိုယ်ခန္ဓာအတွင်း စီးဆင်းသွားသော ရေကြည်ရေအေးပင်ဖြစ်လင့်ကစား အားအင်တို့ ပြည့်ကာ လန်းဆန်းသွားစေတာ ခံစားလိုက်သည်။

"ရော့...ဒကာ။ ဟောဒီ ကျုပ်စွန့်လှူခဲ့တဲ့ သင်္ကန်းကို မျှဝေပြီး နဖူးမှာလည်းစည်းထား၊ ညာလက်မောင်းမှာလည်း စည်းထားပေတော့။ ကျည်လည်း မတိုးစေရဘူး။ ရန်သူတွေ အလိုလို တပ်ဆုတ်သွားပေလိမ့်မယ်။ အိမ်း.. တစ်ခုတော့ သတိပေး၊ ကတိယူရလိမ့်မယ်။ ဒါဟာ ဒကာတို့နဲ့ ကျုပ်တို့ စာချုပ်ချုပ်တဲ့ စည်းကမ်းလို့ပဲ မှတ်လိုက်ပါ။ ဒကာတို့ အခု ကျုပ်သင်္ကန်းကို အသုံးပြုပြီးသူတိုင်း ဗုဒ္ဓဘာသာကို ကိုးကွယ်ကြဖို့ ကတိပြုရမယ်"

ကျွန်တော် ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါ။ ချက်ချင်း ရှိသေစွာ ကန်တော့ရင်း...

"အေးပါ ဘုန်းကြီးရယ်။ စိတ်ချပါ"

(အဲဒီအချိန်တွင် ကျွန်တော်၏ အသုံးအနှုန်းမှာ ရိုင်းပျပါမည်။ ဗုဒ္ဓဘာသာဝင် မဟုတ်ခဲ့၍ ပြောတတ်သလို ပြောခဲ့ခြင်းဖြစ်ပါသည်။)

သို့နှင့် ဘာသာအယူဝါဒ လက်ကိုင်မရှိသော ကျွန်တော်တို့အားလုံး သေမင်းနှင့် အလူးအလဲကြုံလာခဲ့သည့် အခါ သေနတ်ကိုင်ပြီး သတ္တိရှိလှပါသည်ဟု ကြုံးဝါးခဲ့သူများပင် မိမိအသက်ရှင်ရေးအတွက် မိရာကို ဖတ်တွယ်အားကိုးလိုစိတ်က တညီစွာ ပေါ်ပေါက်လာကြသည်။

ရဟန်းပေးသော သင်္ကန်းကို ပိုင်းဖြတ်ဝေမျှ၍ ခေါင်းမှာရော၊ လက်မှာပါ စည်းနှောင်လိုက်ကြသလို သပိတ်ထဲမှ ရေကိုလည်း မျှ၍သောက်လိုက်ကြသည်။

ကျွန်တော်တို့အားလုံး ကိုယ့်အာရုံနှင့်ကိုယ် အလုပ်ရှုပ်နေကြပြီးမှ သတိရ၍ ကြည့်လိုက်စဉ် -

"ဟာ...ခုန ရေတိုက်တဲ့ ဘုန်းကြီး ဘယ်ရောက်သွားပါလိမ့်"

လိုက်ရှာဖို့ကလည်း မဖြစ်နိုင်။ တစ်ဖက်ရန်သူကလည်း ပစ်ခတ်နေဆဲဖြစ်သည်။

ထူးခြားသည်က အမှန်ပင်။

သင်္ကန်းစများ ချည်နှောင်ထားသော ကျွန်တော်တို့အဖွဲ့အပေါ် ကျည်ဆန်များ ကျရောက်သော်လည်း [illegible] ချော်ထွက်သွားပြီး လူကို [illegible]

အံ့သြဖို့ ကောင်းလှ[illegible]

နောက်ဆုံး တစ်[illegible] လက်ပန်းကျ၍ ဆုတ်ခွာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် ကျွန်တော်တို့အဖွဲ့သားများ သဘောထား တူညီမှုရယူကာ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ကာ ဗုဒ္ဓဘာသာအပေါ် ယုံကြည်သက်ဝင် ဆည်းကပ်ကိုးကွယ်ခဲ့ကြသည်။

❐

တောတွင်းမှာတွေ့ခဲ့သော ရဟန်းကို ရှာပါပြီ

သည်လိုနှင့် . . . ကျွန်တော်၏ အသက်ကို ကယ်တင်ခဲ့သော ရဟန်းတော်အား ရှာဖွေရန် ကျွန်တော်သည် တောစဉ်တောင်စဉ်များမှာ အဓိဋ္ဌာန်ဝင်ရင်း ရှာပုံတော်ဖွင့်ပါတော့သည်။

တောရိပ်တောင်ရိပ်နှိုရင်း အဓိဋ္ဌာန်များလုပ်ဆောင်ရင်းဖြင့် ဘုရားဂုဏ်တရားဂုဏ်အပေါ် ကြည်ညိုစိတ်က ရင့်တည်လာပါသည်။

ကျွန်တော်၏ ဘာသာတရားအပေါ် ကြည်ညိုစိတ်၊ သီလနိုင်မြဲမှု၊ သမာဓိတည်ကြည်မှုအားကြောင့် ရက်မှလသို့- နှစ်ခရီးတိုင်အောင် ကြုံကြုံခဲအားထုတ်ရင်း ဂန္ထာရီခရီးတစ်လျှောက် စားရေး၊ နေရေး၊ ကျန်းမာရေးတို့ အခက်အခဲကြုံပေမယ့် အလိုလို ကျော်လွှားနိုင်ခဲ့သည်ချည်းပင်။ ကျွန်တော် သည်လိုနှင့် တစ်တောဝင် တစ်တောင်တက် မရပ်မနား အဓိဋ္ဌာန်ခရီးဆက်ခဲ့ရာ သုံးနှစ်သုံးမိုး အချိန်ကြာခဲ့ပါသည်။

ထိုက်သင့်သော ဘာသာရေးဆိုင်ရာ အတွေ့အကြုံများကို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ နာယူမှတ်သား သိမှီးခဲ့ရသည်။

(ကြုံတွေ့ခဲ့ရမှု အခက်အခဲများကို အကျဉ်းချုံးပြောရခြင်း ဖြစ်ပါသည်။)

ကျွန်တော်တွေ့ချင်သော ရဟန်းတော်ကို ပြန်ဆုံတွေ့ခွင့်မရသေး၍ ကျွန်တော် ဇွဲမလျှော့ခဲ့ပါ။

သည်လို ထူးခြားသော ပုဂ္ဂိုလ်နှင့် တွေ့ဆုံနိုင်ဖို့ ကျင့်ကြံအားထုတ်မှု ဝမ်းစာပြည့်ဝအောင် ဖြည့်ရပါဦးမည်။ ကျွန်တော်၏ စိတ်မနေအောကို သမ္မာဒေဝနတ်များ၊ ဆိုင်ရာပုဂ္ဂိုလ်များ သိသည်ထင်ပါသည်။

မွန်ပြည်နယ်၏ အနောက်တောင်ဘက်ရှိ ရိုးမတောင်အနီးရှိ တောအတွင်းမှာ အဓိဋ္ဌာန်ဝင်နေစဉ် ဂူအတွင်းမှာ မနားတမ်းအားထုတ်နေစဉ် မနေ့အာရုံမှာ ကျွန်တော်၏အသက်ကို ကယ်တင်ခဲ့ဖူးသော ဆရာတော် ကြွလာပြီး-

"ဒကာ···ကျုပ်ကိုရှာနေလို့ ဘာအကျိုးထူးမှာလဲ။ ဒကာ လမ်းလွဲနေမှာစိုးလို့ လာသတိပေးခြင်း ဖြစ်တယ်။ ပုဂ္ဂိုလ်မခင်နဲ့။ တရားမင်ပါ ဒကာ။ ကိုယ်လျှောက်တဲ့လမ်း ဖြောင့်ပြီလား။ မှန်ပြီလားကြည့်။ ဖြောင့်မှန်ရင် ဆက်လျှောက်။ ဘေးထွက်မယိုင်လဲစေနဲ့။ ဟုတ်ပြီလား။ ကောင်းပြီ။ မကြာခင် ဒကာအဓိဋ္ဌာန်ကျင့်စဉ် အဆင့်တက်ရပေတော့မယ်။ အဲဒါပြီးရင် ကျုပ်တည်ခဲ့သော၊ ပန္နက်တည်ခဲ့သော စေတီများရှိပေတယ်။ ထိုစေတီများကို ဒကာ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ပြုပြင်နိုင်ရန် လက်ဆင့်ကမ်းပေးလိုက်ပါတယ်။ ယခု ဒကာရောက်နေတဲ့တောင်ရဲ့ အရှေ့ဘက်သို့ဆင်းပြီး တောင်နိမ့်တစ်ခုမှာ စေတီငယ်ငုတ်တို တွေ့ပေလိမ့်မယ်။ အဲဒီဘုရားကစပြီး ဒကာ သာသနာပြုပေတော့။ အဲဒီစေတီကို ပြန်ပြုပြင်တည်ပါ။ ဒကာ သာသနာ့ဘောင် အပြီးဝင်ချိန်မှာ စေတီအပြီးဖြစ်လာဦးမယ်။ အဲဒီအခါမှာ သီလ၊ သမာဓိ၊ ပညာ ခိုင်မြဲဖို့ လိုတယ်နော်။

အိမ်း· · ·မယိမ်းမယိုင် လမ်းကို ဖြောင့်ဖြောင့်မှန်မှန် လျှောက်နိုင်ခဲ့ရင်တော့ ပန်းတိုင်ရဲ့ မုခ်ဦးအဝကနေ ဒကာနဲ့ကျုပ် ဆုံကြရဦးမှာပေါ့"

တကယ့်ကို ရှင်းရှင်းလင်းလင်းကြီး မိန့်မှာသွားပုံက အပြင်ဘက်မှာ လူနှင့်လူချင်းတွေ့၍ ပြောသလိုပင် ကြက်သီးမွေးညင်းများပင်ထ၍ ဦးခေါင်းမှ ခြေဖျားအထိ ဖြစ်ပေါ်နေတော့သည်။

ယခုရောက်ရှိနေသော အဓိဋ္ဌာန်စခန်းမှာ ရက်ပြီးအောင် တရားအားထုတ်ပြီးလျှင် ဆရာတော်ညွှန်ပြသော အရှေ့ဘက်စခန်းသို့ ခြေဦးတည်လိုက်ပါတော့သည်။

ထိုနေရာသို့ လူသွားလမ်းရှိရုံမျှသာ ရှိပေ၏။ လူသူ အရောက်အပေါက်နည်းပါးလှသည်။ လျှောက်လှမ်းရင်း နှုတ်မှ သရဏဂုံမပြတ် ရွတ်ပွားပြီး သွားခဲ့ရ၏။

နာရီဝက်မျှလျှောက်ပြီး တောင်ထိပ်သို့ ပြန်တက်ရသည်။ ဘုရားစေတီမှာ ဒကာနှင့် ပူဇော်သူတို့ဝေးကွာ၍ ညှိုးနွမ်းလို့ နေပါသည်။

ဘုရားစေတီမှာ မူလစေတီ၏ အုတ်ပုံပေါ်တွင် ပန္နက်တိုင် တည်ထား ပါသည်။ ဆရာတော်၏ ဓာတ်ပန္နက်...



www.burmeseclassic.com

www.burmeseclassic.com

ပေးသည်။

စေတီအုတ်ပုံ၏ ခြေရင်းမှာ ပါလာသော ဖယောင်းတိုင် ထွန်းညှိပူဇော်ကာ ဘုရားရှင် သက်တော်ထင်ရှား သီတင်းသုံးသကဲ့သို့ ရှိခိုးကန်တော့လိုက်သည်။

ဤစေတီနှင့် ဆက်နွယ်သော မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များ၊ ဘုရားစောင့်၊ တောစောင့်၊ တောင်စောင့် ပုဂ္ဂိုလ်တို့အား မေတ္တာပို့ သာသနာပြုခွင့် တောင်းခံလိုက်သည်။

ပင်ကိုမူလအတိုင်းဆိုလျှင် စေတီ၏ လုံးပတ်နှင့် ဉာဏ်တော်မှာ မသေးလှချေ။

ကျွန်တော် စိတ်နှလုံး ဒုံးဒုံးချကာ သစ္စာပြုလိုက်ပါသည်။ ဆရာတော် ညွှန်ပြစေခိုင်းသော စေတီအား မပြုပြင်ရမချင်း ဒီအရပ်ဒေသမှ လုံးဝမထွက်ခွာပါကြောင်း အဓိဋ္ဌာန် လျှောက်တင်လိုက်ပါတော့၏။

ဤတောင်သည် ရွာနှင့် အလွန်အလှမ်းကွာဝေးပြီး လူသူအရောက်အပေါက်နည်းကာ စားနပ်ရိက္ခာအတွက် အခက်အခဲရှိနိုင်ပါသည်။ သည်ကိစ္စအတွက် ကြောင့်ကြစိုးရိမ်မှု လောဘတဏှာမဖြစ်ပေါ်စေရန် ရေဆွမ်း၊ သစ်သီးဆွမ်းမျှသာ စားသုံးကျင့်ကြံ နေထိုင်ခဲ့ပါသည်။

နေစရာ နေရာထိုင်ခင်းအတွက် ကံကောင်းခြင်းမှာ စေတီ၏တောင်ဘက် မြေဘာလင်းမှာ ဘုရားရှင်ပြင်သဖွယ်ဖြစ်ပြီး ကျောက်ဖျာတစ်ချပ်က လူတစ်ယောက် လဲလျောင်းရန် အနေတော် ခုတင်သဖွယ် သဘာဝအတိုင်း တည်ရှိနေသည်။ ဤနေရာမှာ ကျွန်ုပ်ထက် အရင်ရောက်ရှိနေသော ပုဂ္ဂိုလ်တို့ အား ကျွန်ုပ်အား သာသနာပြုရန်အတွက် နေခွင့်ပြုရန် ခွင့်ပန်ရပြန်သည်။

ဘယ်နေရာ ဘယ်အရပ်ဒေသ ရောက်ရောက် သူ့စည်းနှင့်သူ၊ သူ့နေရာနှင့်သူ ရှိစမြဲမို့ မေတ္တာပို့ ခွင့်ပန်ခြင်း အလိုပါက မဖြစ်မနေလုပ်ကြရပေမည်။

ယခင်အခါများက တောထဲ၊ တောင်ထဲ သေနတ်ကိုင်ပြီး သွားလာခဲ့စဉ်က ဘာကိုမျှ မကြောက်ခဲ့သူက ပုတီးကိုင်၍ နေချိန်ကျမှ မမြင်အပ်၊ မြင်အပ် ဝေနေယျတို့အား မြင်ရ တွေ့ရလာသည်မို့ ရိုးရိုးသာမန်အချိန်ဆို ကြောက်၍ သေးပင်ပါနိုင်ပါ၏။

ယခုတော့ မြတ်စွာဘုရား၏ ဂုဏ်တော်များ၊ မေတ္တာသုတ်တော်များ နှုတ်မှ ထုံပွားမှုများက ခရီးရောက်လုပါသည်။

နေ့စဉ် ထိုစေတီတော်မြတ်အား အရပ်လေးမျက်နှာ လှည့်ကာ အဓိဋ္ဌာန်ဝင်ရသည်။ နေ့ဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့ကို အမိုးအကာမရှိ၍ ကြံ့ကြံ့ခံခဲ့ရ၏။

ညဘက်ဆိုလျှင် တောကောင်ကြီးများ၊ တက်လာတတ်၍ စေတီတော်၏ ဖိနပ်တော်အောက်တွင် ကျောက်လိုဏ်ဂူသဖွယ် လူတစ်ထိုင်စာ ဝင်နေရုံမျှ ရှိနေသဖြင့် ညစဉ် ငုတ်တုတ် အထိုင်စခန်းအဖြစ် ဘာသံကြားကြား မျက်လုံးဖွင့်မကြည့်စတမ်း စုံမှိတ်ကာ ဆရာတော်ပေးခဲ့ဖူးသော သင်္ကန်းစကို မျက်လုံးတွင် စည်းနှောင်၍ အလုပ်လုပ်နေလိုက်တော့သည်။

ပုတီးစိပ်၊ တရားထိုင်သည်နှင့် သမာဓိစွမ်းအားကြောင့် အမြင်အာရုံမှာ တီဗီဖန်သားမှာ မြင်ရသကဲ့သို့ မျက်စိမှိတ်ထားပေမည့် ထင်ထင်ရှားရှား မြင်လာတတ်သည်။

ဤစေတီတော်နှင့် ပတ်သက်၍ အရှေ့ဘက်မုခ်နေရာမှာ ရေမကျောက်တုံးကြီး ရှိနေသည်။ ထိုနေရာတွင် အလုပ်လုပ်တိုင်း အာရုံထဲတွင် ကျောက်တုံးကြီးမဟုတ်ဘဲ နန်းတော်တစ်ခု၏ အဝင်အဝ တံခါးပေါက်ကြီးဖြစ်နေပြီး စေတီတော်အောက်မှာ နန်းဆောင်ကြီး တစ်ခု ဖြစ်၍နေသည်။

ထူးဆန်းသည်မှာ တစ်ခါတစ်ရံ မာလကာသီး၊ သရက်သီး တစ်လုံးစီ သူ့ဆွမ်းစားအမီ ရောက်ရှိနေတတ်ခြင်း ဖြစ်သည်။ အနီးအနားမှာ အလွယ်တကူ ရနိုင်ဖို့ မလွယ်ကူပေ။

ကျွန်တော်က အစားနှင့်ပတ်သက်၍ တဏှာကို နိုင်စွမ်းသမျှ ပယ်သတ်ထားသူဖြစ်၍ ရှည်လျားစွာ စဉ်းစားမနေတော့ဘဲ အလှူရှင်အား မေတ္တာပို့ကာ ကုသိုလ်များ မျှဝေသာဓုခေါ်စေတော့သည်။

**• လူ့ဝတ်ကြောင်ကို စွန့်ရပြီ**

ကျွန်တော်၏ ဘဝတစ်လျှောက်မှာ ဤမျှလျင်မြန်စွာ ရဟန်းဘောင်သို့ ကူးပြောင်းရမည်ဟု မထင်ထားခဲ့ပါ။

ထိုတောင်သည် နဂါးမင်းတို့၏ အဆက်အနွယ်များ တည်ခဲ့သော စေတီတစ်ဆူရှိရာ တောင်ဖြစ်ကြောင်း မနေ့က အာရုံမှာ ပေါ်လာကာ သိထားခြင်းဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

ထိုဘုရားစေတီ၏ မူလဒကာအား မေတ္တာပို့သ ပင့်ဖိတ်၍ အမျှဝေပေးပါသည်။

ရောက်ရှိသည့်နေ့မှစ၍ အထိုင်စခန်းနှင့်သာ နေခဲ့ရသော ကျွန်တော့်မှာ နေ့ခင်းဘက်တွင် အရှေ့ဘက်အရပ်ရှိ ကျောက်တုံးကြီးအနီးမှာ အမိဋ္ဌာန်နားချိန် ငိုက်မျဉ်းလာ၍ ထိုကျောက်တုံးကြီး၏ အရိပ်ကျရာဘက်မှာ မှီ၍ မေးခနဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားပါတော့သည်။

ကျွန်တော့်မှာ အိပ်မက်ခဲ့သို့ ထူးဆန်းမှုကို ကြုံတွေ့ရပါတော့သည်။

ကျောက်တုံးကြီးမှာ ကျောက်တံခါးချပ်ကြီး ဖြစ်နေပြီး အဝါရောင်ထိုင်မသိမ်းဝတ်စုံနှင့် မိန်းမပျိုတစ်ဦးထွက်လာပြီး ကျွန်တော့်အား ပြုံးပြနှုတ်ဆက်ကာ စကားပြောလာပါသည်။

"ရှင် . . .ဒီမှာ သာသနာပြုဖို့ ရောက်လာကတည်းက ကျွန်မတို့ စောင့်ကြည့်နေတာ။ ဒီနေရာမှာ တော်ရုံတန်ရုံ ဇွဲ၊ ဝီရိယမရှိဘဲ သာသနာမပြုနိုင်ဘူး။ ရောက်လာကြသူတွေထဲမှာ ရှင်ဟာ ဇွဲအရှိဆုံး၊ အလုပ်မှန်ဆုံးပဲ။ ဒီနေရာက လောကီစိတ် ကင်းရှင်းမှ ရှေ့ကို ခရီးဆက်လို့ရမှာလေ။ ဒီစေတီကြီးမှာ နမအပါအဝင် ညီအစ်ကိုမောင်နှမငါးယောက်နဲ့ အမိအဖများဒီစေတီကို စောင့်ရှောက်နေထိုင်ကြပါတယ်။ ဒီစေတီဟာ ရှေးမြတ်စွာဘုရားလက်ထက်တော်က ရေပတ်လည်ဝိုင်းနေတဲ့ ပင်လယ်သမုဒ္ဒရာဖြစ်ခဲ့ပြီး ကျွန်းတစ်ကျွန်းအဖြစ် ဒီနေရာမှာ တည်ရှိပြီး မြတ်စွာဘုရားရှင်ရဲ့ ဆံတော်များ ဝေငှချိန်မှာ ဝရဇာနာဂ နဂါးမင်း ဆံတော်ရရှိခဲ့ပြီး ဌာပနာတည်ထားခဲ့တယ်။ နဂါးမင်းတို့ရဲ့ ဆံတော်စေတီ ဖြစ်ပါတယ်။ နမတို့က ဝရဇာနာဂ နဂါးမင်း၏ သမီးတော်များ ဖြစ်ကြပါတယ်။ ဒီနေရာမှာ နှစ်ပေါင်း ထောင်ချီစွာစောင့်စားရင်း ယခုတော့ ပင်လယ်များ တိမ်ကောပြီး ကုန်းမြေတောင်တန်းများ ဖြစ်ခဲ့ရတာပါ။ ယခုလို သာသနာပြုပုဂ္ဂိုလ်စစ်မှန်ကြောင်း ခမည်းတော်မှ မိန့်ကြားပြီး ဒီဘုရားပြုပြင်တည်ထားရန် ပစ္စည်းဆက်သနိုင်း၍ လာခဲ့ရခြင်းဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ်ကို စောင့်မျှော်ရတာ ဆုတောင်းပြည့်ခဲ့ပါပြီ။ နမတို့ဘက်က ပစ္စည်းအပ်ခဲ့ပါရစေ"

ပြောပြောဆိုဆို ကျွန်တော်၏ ညာဘက်ဝါးထဲသို့ အရောင်အသွေးစိုသော ပတ္တမြားကြီးတစ်လုံးဖြစ်နေသည်။

"ဟာ...ဒါ...ကျုပ်မလိုချင်ဘူး။ ကျုပ်ပစ္စည်း မဟုတ်ဘူး"

ကျွန်တော်က အတင်းငြင်း သူမက အတင်းပြန်ပေးပြီး...

"ဒါကို ထုခွဲပြီးတော့ ရှင် သာသနာအတွက် ဆောင်ရွက်ပါလေ။ ရှင့်လက်ထဲရောက်ရင် နမတာဝန်ပြီးပါပြီ။ ခွင့်ပြုပါ"

ပြောဆိုပြီးတာနှင့် ကျောက်တံခါးချပ်ကြီးထဲ ပြန်ဝင်ကာ ပျောက်ကွယ်သွားပြီး ကျောက်တုံးကြီးအတိုင်းပင် ပြန်ဖြစ်သွားတော့သည်။

ဆတ်ခနဲ လန့်အနိုးတွင် အိပ်မက်မှန်းသိ၍ စိတ်က သာမန်မျှသာဟု ကျွန်တော် ထင်ထားခဲ့ပါသည်။

တကယ်တော့ အစစ်အမှန်အဖြစ်ဖြစ်ကြောင်း ကျွန်တော့် ညာဘက်လက်ထဲမှာ ဆုပ်ကိုင်ထားသော ပတ္တမြားလုံးက သက်သေခံနေပြန်သည်။

"မြတ်စွာဘုရားရှင်အတွက် သာသနာပြုရန် ပေးအပ်လာတဲ့ တကယ့်ပစ္စည်းပါလား"

ထိုပစ္စည်းအား လက်ခံချိန်မှစ၍ ကျွန်တော့်မှာ တာဝန်ပိုမိုကြီးလေးလာပါပြီ။

ညဘက် အလုပ်စခန်းဝင်ပြီး မနားတမ်း ဘုရားဂုဏ်တော် ရွတ်ပွား ပူဇော်ချိန်တွင် ဆရာတော် ရုတ်ခြည်းကြွရောက်လာပြီး -

"မနက်ဖြန် ရွာထဲဆင်းပြီး ရွာဦးကျောင်းမှာ ရဟန်းဘဝခံယူပြီး တောင်ပေါ်ပြန်တက်ခဲ့။ အဲဒီသာသနာ့အ[illegible] ခြုံလွှမ်းပြီးမှ မင်း ဆက်သာသနာပြု[illegible] ရမယ်။ ဟုတ်ပြီလား။ ဝရဇာနာဂရဲ့ [illegible] ဆက်ဖြစ်တဲ့အတွက် မနက်ဖြန်က[illegible] ရှင်နာဂရဟု ဘွဲ့တွင်စေ"

ထိုအချိန်မှစ၍ ကျွန်တော် [illegible] ဘဝတစ်ဖြစ်လဲ ရှင်နာဂါရာဘဝ[illegible] စေတီယသာသနာကို အသက်ထက်[illegible] ဆောင်ရွက်နေပါတော့သည်။

မြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# မြေအောက်ထဲရှိ မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များ

ကျိုင်းထီးဆောင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကျန်ရစ်သော အရိုးဓာတ်တော်များကို ဓာတုစေတီဟု ခေါ်ပါသည်။ အမွေအနှစ်အဖြစ် မြတ်ဗုဒ္ဓက ထားရှိတော်မူခဲ့သောကြောင့် မွေတော်ဟုလည်း ခေါ်ကြသေး၏။ ထိုဓာတ်တော်များတွင် အကြီးဆုံးမှာ ပဲနောက်ခြမ်းခန့်၊ အလတ်စားမှာ ဆန်ကျိုး၊ ဆန်ကွဲခန့်၊ အငယ်ဆုံးမှာ မုံညင်းစေ့ခန့် ရှိကြပါသည်။

၎င်းအပြင် ညှပ်ရိုးတော် နှစ်ဆူ၊ နဖူးသင်းကျစ် တစ်ဆူ၊ စွယ်တော် လေးဆူတို့လည်း ရှိကြပါ၏။ ၎င်းခုနစ်မျိုးကို အသဗ္ဘိန္န= မပြိုမကွဲသော ဓာတ်တော်များဟု သင်္ဂါယနာတင်ထားပါသည်။ သဗ္ဘိန္န=ပြိုကွဲသွားသော ဓာတ်တော်များမှာ လေးပြည် = ရှစ်စရွတ် = (ရှစ်စိတ်) ရှိပါ၏။ ဤသို့ ပြိုကွဲနှင့် မပြိုကွဲဟု ကွဲပြားရခြင်းမှာ အဘယ့်ကြောင့်ပါနည်း။

မြတ်ဗုဒ္ဓ၏ ဥတုဇရုပ်ကလာပ်တော်ကြီးကို မည်ကဲ့သို့ စီရင်ကြသနည်း။

ကုသိနာရုံပြည် မလ္လမင်းတို့သည် အရှင်အာနန္ဒာကို မေးမြန်းပြီး စီရင်ကြပါသည်။ အရှင်အာနန္ဒာမိန့်မှာသည်မှာ စကြာဝတေးမင်း၏ အလောင်းကဲ့သို့ သင်္ဂြိုဟ်ကြရန်ဖြစ်ပါသည်။ စကြာဝတေးမင်း၏ အလောင်းကို ကာစီမချရသေးသော ပုဆိုး(ပိတ်စအသစ်)တို့ဖြင့် ရစ်လွှမ်းကြရ၏။ နုနယ်သော ဝါဂွမ်း(အသစ်)ဖြင့် ရစ်ပတ်လျက် ၎င်းဂွမ်းအထက်တွင် ပုဆိုးထည်(ပိတ်စ)ငါးရာတို့ဖြင့် ထပ်ကာထပ်ကာ ထုပ်ထားကြပါသည်။

ဤနေရာတွင် မြတ်ဗုဒ္ဓ၏ ဥတုဇရုပ်ကလာပ်တော်ကြီးကို မုံမီများကဲ့သို့ စီရင်ဟန်ရှိပါသည်။ ရွှေစင်ဖြင့်ပြုလုပ်သော ကျင်း(ရွှေတလား)အတွင်း၌ ထည့်၍ ဆီလောင်းဖြည့်ပါသည်။ ၎င်းဆီများမှာ ထောက်ပတ်ဆီဖြစ်နိုင်၏။ ရွှေတလားကြီးကို ရွှေပြားအဖုံးဖြင့် ပိတ်ဖုံးထားပါသည်။ ပြီးလျှင် တန်ဆာဆင်ထားသော ထင်းပုံကြီးထိပ်တွင် တင်ထားကြ၏။ စန္ဒကူးထင်းပုံဟု ဆိုထားသည်။

ကုသိနာရုံပြည် သိမ်္မိုင်းတော်တွင် မြတ်စွာဘုရားအလောင်းကို မလ္လမင်းလေးဦးတို့ မီးတိုက်သော်လည်း မလောင်ချေ။ ရှင်မဟာကဿပ လာရောက်ဦးတိုက်ပြီးမှ အလိုအလျောက် မီးတောက်လောင်ပါသည်။ အခိုးအငွေ့မထွက်ဘဲ တောက်လောင်ကြောင်းဆို၏။ လယ်တီဆရာတော်၏ ဘုရားရှိခိုးလင်္ကာတွင် -

ခိုးငွေ့မနှော၊ ဓာတ်တောဇောလျှင် ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်ဟု စပ်ဆိုထားပါသည်။

ဤအရှင်မှာ ဓာတ်ငွေ့မီးဖိုမှ မီးတောက်အပြာရောင်ကိုမြင်မှ သဘောပေါက်ပါ၏။ ၎င်းမီးတောက်ပြာမှာ အခိုးအငွေ့ မထွက်ပါ။ အပူရှိန်အား အလွန်ပြင်းထန်၏။

မြတ်ဗုဒ္ဓ၏ ဥတုဇရုပ်ကလာပ်တော်ကြီးရှိရာ ရွှေခေါင်းတလားကြီးမှာ မီးတောက်ပြာဖြင့် လောင်ကျွမ်းခံလိုက်ရပါပြီ။ စန္ဒကူးထင်းများ အကုန်လောင်ကျွမ်းပြီးသော် ကောင်းကင်ပြင်မှ လက်ရုံးဖျားမျှရှိသော ရေအလျဉ်ကျပြီး မီးငြိမ်းသွား၏။ သာမန်လူသား ရုပ်အလောင်းကို ထိုကဲ့သို့စီရင်ပြီး ရွှေတလားသွင်းကာ မီးရှို့ပြီး စမ်းသပ်သင့်ပါသည်။ ငွေကုန်ကြေးကျအလွန်များမည့် လက်တွေ့စမ်းသပ်မှုကြီးတစ်ခုကို မည်သူဦးဆောင်၍ ပြုလုပ်နိုင်မည်နည်း။

လူသာမန်တို့၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်စက်ဖြင့် ရှို့ပြီး အရိုးကောက်ကြသည့် ဓလေ့နည်းပါး၏။ ဘုန်းကြီးပျံများတွင် မီးသင်္ဂြိုဟ်ပြီး အရိုးကောက်သည့်ဓလေ့ကား ရှိပါသည်။ ခန္ဓာကိုယ်ကြီး မီးကျွမ်းပြီး ကျန်ရှိသော အရိုးများကို သေချာဆန်းစစ်ကြည့်လျှင် ညှပ်ရိုးနှင့်အတူ နံရိုးများလည်း ကျန်ရှိ၏။ အောက်မေးရိုးကြီးနှင့် ဦးခေါင်းခွံအပေါ်ပိုင်းလည်း ကျန်တတ်သည်။ တင်ပါးဆုံအရိုးကွင်းကြီးကိုလည်း တွေ့ရတော့

www.burmeseclassic.com

သည်။ မီးပြင်းမှုအပေါ်တည်၍ အရိုးချောင်းကြီးများကျန်လေ့ရှိ၏။

သို့သော် မြတ်ဗုဒ္ဓ၏ အလောင်းတော်ရွှေတလားကြီးကို ဖွင့်ကြည့်ကြစဉ်က မပြိုကွဲသော အရိုးဓာတ်တော် ခုနစ်မျိုးသာ တွေ့ကြရသည်။ ပြိုကွဲပြီးသော ဓာတ်တော်များကို အစေ့သဏ္ဌာန် သုံးမျိုးဖြင့် မှတ်တမ်းတင်ထားကြ၏။ ဒေါဏပုဏ္ဏား ဝေခြမ်းရေးလုပ်သောအခါ ရှစ်စရွတ် ရှစ်စိတ် ဖေးပြည်သာရှိကြောင်း ဆိုကြသည်။

ကျန်အရိုးတော်များအကြောင်းကို သင်္ဂါယနာမှတင်ထားကြချေ။ သင်္ဂါယနာမှတ်တမ်းတွင် မပါဝင်သော်လည်း မွန်ဂဝံပတိ ကျမ်းတွင် သွားတော် ၃၃ ဆူ ပင့်လာကြောင်း ဆိုထား၏။ မွန်ရာဇဝင်အဆက်ဆက်တွင်လည်း ရှင်ဂဝံပတိက တန်ခိုးတော်ဖြင့် ဝင်ရောက်ယူငင်ပြီး ပင့်ဆောင်ကိုးကွယ်လာကြောင်း မှတ်တမ်းတင်ထား၏။ ၎င်းစေတီများ၏ တည်နေရာစာရင်းနှင့် သမိုင်းကြောင်းကို စေတီတော်များ သမိုင်းပေါင်းချုပ်တွင် အသေးစိတ် လေ့လာနိုင်ပါသည်။

မုံရွေးဇေတဝန်ဆရာတော်ရေးသော စေတီယကထာမည်သော် ရာဇဝင်ချုပ်တွင် သက္ကရာဇ် ၈၃၀ တွင် မဟာသီဟသူရ နန်းတက်သည်။ သီရိခေမ္မာသောကကျောင်းမှ "မေးရိုးတော်ဓာတ်"ကိန်းဝပ်ရာ မန္တလေးဘုရားကိုလည်း လေးမျက်နှာကျောင်း ပုထိုးအဖြစ် ထပ်မံပြင်ဆင်၍ လုပ်တော်မူ၏ဟု တွေ့ရပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ အရိုးဓာတ်တော်များထဲမှ အချို့ကို တန်ခိုးကြီးရဟန္တာကြီးများက ပင့်ဆောင်ကိုးကွယ်ခဲ့ကြမည်ဟု ယူဆရပါသည်။

ရခိုင်ပြည်နယ် သံတွဲမြို့အနီးတွင်လည်း ဘုရားရှင်၏ နံရိုးတော်ဓာတ်ကို ဌာပနာတည်ထားသော ရွှေနံတော်စေတီ တစ်ဆူ ရှိသေး၏။ မနီးမဝေးတွင် အံတော်ကို ဌာပနာတည်ထားသော ရွှေအံတော်စေတီနှင့် ရွှေဆံတော်စေတီများလည်း ရှိနေသည်။ ဆံတော်များကို သက်တော်ထင်ရှားက ချီးမြှင့်ပေးခဲ့သော်လည်း အံတော်နှင့် နံရိုးတော်မှာ ပရိနိဗ္ဗာန်စံပြီးမှ ရရှိခဲ့ခြင်းပါ။ သို့ဖြစ်၍ ရွှေတလားကြီးအတွင်းမှ မြတ်ဗုဒ္ဓ၏ အရိုးဓာတ်တော်များကို တန်ခိုးကြီးရဟန္တာများက မီးလောင်ကျွမ်းပြီးချိန်တွင် ပင့်ဆောင်ပူဇော်ခဲ့ပါလိမ့်မည်။

၂၀၁၆ ခု၊ မတ်လထဲတွင် မြတ်ဗုဒ္ဓ၏ အရိုးဓာတ်တော်များကို မြန်မာပြည်အတွင်း လှည့်လည်ပူဇော်ခံခဲ့ပါသည်။ ဟိမဝန္တာမှ တိဘက်ရဟန်းတော်များက ပိုင်ဆိုင်ထား၏။ သင်္ဂါယနာတင်ကျမ်းများတွင် မပါရှိသောကြောင့် ၎င်းအရိုးဓာတ်တော်များနှင့် ပတ်သက်၍ အငြင်းပွားခွင့်ရှိပါသည်။ ပိဋကတ်တော် အခြံအရံကျမ်းများ၌မှ ရုပ်ပွားဆင်းတုတော် ကိုးကွယ်မှုသည် ဘုရားလက်ထက်ကပင် ရှိခဲ့သတတ်။

သက်တော်ထင်ရှား မြတ်ဘုရားနှင့်မခြား စေတီတော်၌ ကြည်ညိုစိတ်ထားနိုင်လျှင် တူမျှသော အကျိုးထူးများရနိုင်ကြောင်း ပါဠိတော်များက ဆိုထား၏။ ထို့ကြောင့် စိတ်ထားတတ်ဖို့သာ အဓိကဖြစ်နေပါသည်။ ဘုရားရှင်လက်ထက်တော်က ရဟန္တာများ၏ ဓာတ်တော်များကို စေတီတည်ခဲ့ကြပါသည်။ အရှင်ဗာဟိယမထေရ်၊ အရှင်ပုဏ္ဏားမထေရ်တို့မှာ ထင်ရှားသော စေတီတည်ဝတ္ထုများ ဖြစ်၏။

အရှင်ပုဏ္ဏားမထေရ် ပရိနိဗ္ဗာန်ဝင်စံသော် အန္တိမစျာ ပနသာစုကီဠနသဘင်ကို ခုနစ်ရက်ပတ်လုံး လူတို့ကျင်းပူဇော်ကြ၏။ နံ့သာထင်းဖြင့် မီးသင်္ဂြိုဟ်ကာ ကြွင်းကျန်ဓာတ်တော်များကို ဌာပနာ၍ စေတီတည်ခဲ့ကြပါသည်။

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ခမည်းတော်သုဒ္ဓေါဒန၊ သားတော်ရာဟုလာတို့ကိုလည်း ဤနည်းအတိုင်း စေတီတည်ခဲ့ကြပါ၏။ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံခဲ့စဉ်ကလည်း ဤနည်းနှင်နှင် ပြုခဲ့ကြသည်။ ရှေးရှေးသော ဘုရားရှင်တို့ကား မပြိုမကွဲ၊ တစ်ခဲနက် ပင်တည်ကြ၏။ ရွှေကိုယ်တော်ကြီးအလား တည်ရှိနေကြ၏။ ရှေးရှေးဘုရားရှင်တို့၏ ရွှေကိုယ်တော် စေတီကြီးများကား မြေအောက် တစ်ယူဇနာအကွာစီ အနက်တို့တွင် တည်ရှိနေကြ၏။ တစ်ယူဇနာ = ရှစ်မိုင်။

ပစ္စေကဗုဒ္ဓများ ပရိနိဗ္ဗာန်စံကြရာတွင် မီးသင်္ဂြိုဟ်ခြင်း မရှိကြပါ။ နန္ဒမူလိုဏ်ဂူဝ ကျောက်ဖျာပေါ်တွင် အရိုးပကတိအတိုင်း ကြွင်းကျန်ကြကြောင်း သိရ၏။ ပရိနိဗ္ဗာန်စံသော ပစ္စေကဗုဒ္ဓါက ၎င်းအရိုးဓာတ်များကို ဖယ်ရှားရှင်းလင်းကြောင်း ပါဠိတော်တွင်ဆို၏။ ပစ္စေကဗုဒ္ဓါ၏ အရိုးဓာတ်တော်များသည်လည်း စေတီတည်ထိုက်ကြပါသည်။

ရဟန္တာမထေရ်တစ်ပါး၏ ဥဒါန်းဂါထာတစ်ခု ကမ္ဘာမြေကြီးသည် ကျက်သရေရှိနေကြောင်း၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာများ၏ အရိုးဓာတ်တော်စေတီများနှင့် ပြည့်နှက်ကြောင်း ထုတ်ဖော်ထားပါသည်။

သို့သော် ကမ္ဘာမြေထုကြီးကို မည်သူမျှ ဦးညွှတ် အလေးမပြုကြပါ။ အခြားအရာများကိုသာ ကျေးဇူးတင်ပါသည်။ ကမ္ဘာမြေထုကြီးအတွင်းရှိ မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို အာရုံပြု၍ ကုသိုလ်တရားပွားများသင့်

ကျိုင်းထီး

www.burmeseclassic.com

www.burmeseclassic.com

# သာသနာ ၅၀၀၀

ဗိုးကုန်း-ဇော်ဝင်းမောင်

### သာသနာနှင့်ယုဂငါးမျိုး

တိုင်းပြည်၌ စနစ်ခေတ် ပြောင်းလဲသကဲ့သို့ပင် သာသနာ၌လည်း သာသနာခေတ် ပြောင်းလဲလေသည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး ပထမသင်္ဂါယနတင်ပြီးချိန်မှစ၍ သာသနာဆိုင်ရာ သာသနာလုပ်ငန်း၊ သာသနာဖြစ်ရပ်များ၊ ခေတ်အသီးသီးသို့ ပြောင်းလဲပါသည်။ ထိုသာသနာခေတ်ငါးမျိုးမှာ -

(၁) ဝိမုတ္တိယုဂခေတ်၊ (၂) သမာဓိယုဂခေတ်၊ (၃) သီလယုဂခေတ်၊ (၄) သုတယုဂခေတ်၊ (၅) ဒါနယုဂခေတ်၊

ထိုဒါနယုဂခေတ် ကုန်ဆုံးသောအခါ (ပထမဆုံး ဝိမုတ္တိယုဂခေတ်သို့ ပြန်လည်ပြီး) တစ်ဖန် ဝိမုတ္တိခေတ်မှ သမာဓိယုဂခေတ်၊ ထို့နောက် သီလယုဂခေတ်၊ ထို့နောက် သုတယုဂခေတ်၊ ထို့နောက် ဒါနယုဂခေတ်။ ထိုအစဉ်အတိုင်း တစ်ပတ်လည်ပြန်လေသည်။ ဤသို့ ခေတ်ငါးခေတ် နှစ်ကြိမ်ထပ်၍ ပြန်လည်ပြီး (ဆယ်ကြိမ်ပြောင်းလဲပြီး)သောအခါ သာသနာသက်တမ်း ၅၀၀၀ ကုန်ဆုံးလေသည်။

တစ်ခေတ်တစ်ခေတ်လျှင် နှစ်အပိုင်းအခြားမှာ နှစ်ပေါင်း ၅၀၀ စီ ၅၀၀ စီ ကြာလေသည်။ ထို့ကြောင့် ပထမသင်္ဂါယနာတင်ပြီးချိန်မှစ၍ သာသနာနှစ် ၅၀၀ ခုနှစ်အထိကာလသည် ဝိမုတ္တိခေတ်၊ ထို့နောက် ၅၀၀ ခုနှစ်မှသာသနာနှစ် ၁၀၀၀ ခုနှစ်အထိ တစ်နှစ် ၅၀၀ သည် သမာဓိယုဂခေတ်၊ ထို့နောက် ၁၀၀၁ ခုနှစ်မှစ၍ ၁၅၀၀ ခုနှစ်အထိ နှစ်ပေါင်း ၅၀၀ သည် သီလယုဂခေတ်၊ ထို့နောက် ၁၅၀၁ ခုနှစ်မှ ၂၀၀၀ ခုနှစ်အထိ နှစ်ပေါင်း ၅၀၀ သည် သုတယုဂခေတ်၊ ထို့နောက် သာသနာနှစ် ၂၀၀၁ ခုနှစ်မှ ၂၅၀၀ ခုနှစ်အထိ နှစ်ပေါင်း ၅၀၀ သည် ဒါနယုဂခေတ် (ဤဒါနယုဂခေတ်ကုန်ဆုံးသော ၂၅၀၀ ခုနှစ် အချိန်သည် သာသနာသက်တမ်းတဝက်ကာလဖြစ်သည်။)

ထိုဒါနယုဂခေတ် ကုန်ဆုံးပြီးနောက် သာသနာသက္ကရာဇ် ၂၅၀၁ ခုနှစ်မှ ၃၀၀၀ ခုနှစ်အထိ နှစ်ပေါင်း ၅၀၀ သည် ဝိမုတ္တိယုဂခေတ်သို့ တစ်ဖန်ပြန်လည်သည်။ ထို့နောက် ဝိမုတ္တိယုဂခေတ် ကုန်ဆုံးသော် ၃၀၀၁ ခုနှစ်မှစ၍ တစ်နှစ် ၅၀၀ စီထည့်၍ သမာဓိယုဂခေတ်၊ သီလယုဂခေတ်၊ သုတယု ဂခေတ်၊ ဒါနယုဂခေတ်များသို့ ယခင်နည်းအတိုင်း ပြောင်းလဲသွားပေလိမ့်မည်။ ဤသို့ ဒုတိယအကြိမ် ဒါနယုဂခေတ် ကုန်ဆုံးလျှင် သာသနာ ၅၀၀၀ ပြည့်လေတော့သည်။

### ယုဂခေတ်ငါးမျိုးအဓိပ္ပာယ်အကျဉ်း

၁။ **ဝိမုတ္တိခေတ်** ဟူသည် မဂ်ဖိုလ်နိဗ္ဗာန်တရားများ၊ ထိုတရားများရကြောင်း၊ ဝိပဿနာလုပ်ငန်းများကို အများအပြားအားထုတ်ပေါက်ပြောမှု စသည် ခေတ်စားသောအချိန်အခါ။

၂။ **သမာဓိယုဂခေတ်**ဟူသည် ဈာန်အဘိညာဉ်များ၊ ထိုတရားများကိုရကြောင်း၊ သမထလုပ်ငန်းများကို အများအပြားအားထုတ်ပေါက်ပြောမှု စသည် ခေတ်စားသောအချိန်အခါ။

၃။ **သီလယုဂခေတ်**ဟူသည် သီလအမျိုးမျိုး ထိုသီလများကို အများအပြား ကျင့်သုံးအားထုတ်မှု စသည် ခေတ်စားသောအချိန်အခါ။

၄။ **သုတယုဂခေတ်** ဟူသည် စာပေကျမ်းဂန် ဗဟုသုတများ၊ ထိုစာပေများကို အများအပြား သင်ကြားပို့ချမှုခေတ်စားသော အချိန်အခါ။

၅။ **ဒါနယုဂခေတ်** ဟူသည် ပေးကမ်းလှူဒါန်းခြင်း၊ ဒါန၊ ထိုဒါနကို အများအပြား ပြုလုပ်အားထုတ်မှုခေတ်စားသော အချိန်အခါ။

သာသနာနှစ်တစ်ဝက် ကျော်လွန်ပြီးဖြစ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့မှ လူ့ဘဝရခိုက်အချိန်ကာလတွင် ဒါန၊ သီလ၊ ဘာဝနာများကို တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပေသည်။

ဗိုးကုန်း-ဇော်ဝင်းမောင်

**မှီငြမ်းပြု**

ဓနဖြူမြို့၊ နဲ့ကြိုးရွာ မဟာထူပါရာမကျောင်းတိုက် နဲ့ကြိုးဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသော ဝဋ္ဋဒေါဒနီကျမ်းကို မှီငြမ်းပြုစုပါသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မရှိတဲ့အသည်း

■ နှင်းနှင်း

"ဖေဖေရေ···လူတစ်ယောက် ကယ်လာခဲ့တယ်ဗျ"

"ဟေ···ဘယ်လိုလူလဲ၊ မှန်း···အင်"

ရှင်းဝူသည် ဖခင်၏မျက်နှာ၌ ထူးဆန်းသော ပုံရိပ်၊ သက်ပြင်းချပုံ သဏ္ဌာန်၊ ခေါင်းကို ခါယမ်းလိုက်မှုကြောင့် အံ့ဩသွားမိသည်။ ရှင်းဝူ ကယ်တင်ခဲ့သောလူကို သဘောမတွေ့နှလုံးမသာမယာ ဖြစ်သွားပြီလား။

"ဖေ···ဘာဖြစ်လို့လဲ···သူက လူကောင်းမဟုတ်လို့လား"

"မင်းက ဘယ်လိုပုံစံနဲ့ သူ့ကို ကယ်ခဲ့သလဲ"

"ပြောင်းဖူးခင်းထဲမှာ ပြောင်းဖူးချိုးနေတုန်း တောင်နံရံနဲ့ တစ်ခုခုတိုက်မိပုံ အသံထွက်လာလို့ လိုက်သွားကြည့်မိတာ သံလွင်မြစ်ထဲ မျောသွားပုံရတယ်။ ပစ္စည်းတွေကို လိုက်ဆယ်နေတဲ့သူ့ကို တွေ့ခဲ့တယ်။ သူဆယ်နေတဲ့ပစ္စည်းက လေးတယ်။ ဝင်ကူဆွဲနေရင်းက ရေအားထဲမှာ မြုပ်ဝင်သွားတယ်။ ပစ္စည်းမြုပ်သွားတာကြည့်ပြီး သူ ခြေပစ်လက်ပစ် ထိုင်ချလိုက်မှ သတိလစ်သလိုဖြစ်နေတဲ့သူ့ကို တွဲယူလာတာပါ"

"မင်းအဆောင်မှာ သူ့ကို လှဲသိပ်ထားတာသာ ကြည့်လုပ်လိမ့်မယ်"

"ဗျာ···ဆေးမတိုက်တော့ဘူးလား"

"ဘာမှမဖြစ်ဘူး၊ ငါပြောသလိုသာထား။ အားပြန်ပြည့်သွားမယ်"

ရှင်းဝူ ဘာမှ ဆက်မပြောရဲတော့ပါ။ အဖေ့နှလုံးမသာယာမှုကို မလိုလားပါ။ ဤကမ္ဘာမှာ တစ်ဦးတည်းသော သွေးသားအရင်းအချာပင် မဟုတ်လား။

"အစ်ကိုကြီး···ခင်ဗျားနာမည် ဘယ်လိုခေါ်တုန်း"

ရှင်းဝူက သူ့ကိုမေးလိုက်မိသည်။ သူက အသံထွက်ဖြေသည်။ ဖြေလိုက်ပုံက -

"နယ်ထရယ်"

"ဗျာ···ဘာလူမျိုးမို့ ဒီနာမည်ကြီးမှည့်ထားတာလဲ။ ဘာလူမျိုးလဲ"

နယ်ထရယ်သည် နားမလည်သောပုံနှင့် ရှင်းဝူမျက်နှာကို မော့၍ကြည့်သူ တော်တော့ချောမောခဲ့ညားပါသလား။ ရှင်းဝူက လက်ဟန်နဲ့ ရင်ဘတ်ကို ပုတ်၍ပြကာ -

"ကျွန်တော်က ရှင်းဝူ။ မြန်မာပြည်မှာနေတဲ့ ယူနန်တရုတ်လူမျိုး။ ယခုရောက်နေတာက ကွင်းလုံတောင်တစ်ဘက်မှာပါ"

"ရှုပ်···ရှု"

"ဟယ်···ခင်ဗျားက ဆိုဗီယက်ပြည်ထောင်စုကလား၊ တရုတ်နဲ့ အရင်က မတည့်တဲ့လူမျိုးလား။ ဒီမှာ နိုင်ငံရေးမပြောဘူးနော်"

"သား···မင်း စကားတွေများလွန်းပြီ။ သူ့နာမည် ခေါ်ရလွယ်အောင် နတ္ထိလို့ခေါ်။ ဘာလူမျိုးလဲဆိုတော့ စကားမတူတဲ့အတွက် မမေးနဲ့"

အဖေသည် သူ့အဆောင်ဘက်သို့ ထထွက်သွားခဲ့သည်။ အဖေသည် အလွန်နှလုံးသားနူးညံ့သော တရုတ်တိုင်းရင်းဆေးသမားတော် ဘုန်းကြီးတစ်ပါးဖြစ်ခဲ့ပြီး ဘယ်လူမျိုးကိုမဆို ကြင်နာစွာ ဆက်ဆံတတ်ခဲ့ပါရဲ့နဲ့ ယခု ဒုက္ခသည်ကိုမှ စိမ်းကားနေသည်ဟု မြင်မိသည်။ တရုတ်နဲ့ ရန်သူဖြစ်ခဲ့သော လူဖြစ်နေ၍လောဟု တွေးမိသည်။ ဤနေရာ ဤတောင်ကြောမှာ မြန်မာနိုင်ငံပိုင်နက်ဖြစ်သော်လည်း မြန်မာစစ်စစ်ဆို၍ တာဝန်နဲ့ရောက်ရှိလာတတ်သည့် ဝန်ထမ်းများမှတစ်ပါး ရှာ၍မရှိလောက်အောင်ရှားသည်။ တိုင်းရင်းသားတချို့နဲ့ တရုတ်နယ်စပ်ပေါက် ရပ်ဝေးမြေခြားပေါက်ဖော်များသာ နေထိုင်ကြသည့် ရှမ်းရိုးမတောင်တန်းကြီးက ရာသီဥတု အေးလွန်း၍ ဖြစ်နိုင်သည်။

"သား···အဖေ မနက် ခရီးသွားမယ် သတိနဲ့နေ"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ…ထပ်ထွက်တော့မယ်"

ခရီးမှပြန်ရောက်သည်မှာ သုံးရက်ပဲရှိသေးသဖြင့် ဆေးမြစ်များ ကျန်နေသေးသည်။ ရိက္ခာမှာလည်း ရှိနေပါရဲ့နဲ့ အဖေ ဘာကြောင့် ထပ်ထွက်ပါလိမ့်။ လာမည့် တနင်္ဂနွေနေ့ တရားဟောဆရာမရှိသည့် ဘုရားကျောင်းတက်လာသူများကို မိမိက ကိုယ်စားနှစ်လိမ့်ထားရပေဦးမည်။ တရားဟောဆရာအဖြစ် ဝတ်ရုံလေးခြုံလျက် အဖေ စတိတ်ပေါ်တက်သွားသည်ကို အလွန်အားထားကာ မြင်တွေ့ချင်လှသည်။

× × ×

နောက်တစ်ရက် မနက်တွင် ကယ်လာခဲ့သော ကိုနတ္တိသည် လန်းဆန်းစွာနဲ့ ကျွန်တော်လုပ်နေသမျှ လိုက်ကြည့်နေသည်။ ရှင်းဝှက ထမင်းကျွေးသောအခါ တောင်တန်းဘက်ကို လက်ထိုးပြပြီး ထွက်သွားသည်။ ကြည့်ရသည်မှာ တောင်တန်းဒေသမှာ စားနေကျဖြစ်သော ရှမ်းပဲပုပ်နံ့၊ မုန့်ညင်းချဉ်အနံ့သည် သူနဲ့ အဆင်မပြေဖြစ်နေသလားမသိ၍ မမေးဘဲ ကြည့်နေခဲ့မိသည်။ ဆန်စပါးစားသုံးသောတိုင်းပြည်မှ လူမျိုးမဟုတ်ဟု မိမိဘာသာ ဆုံးဖြတ်သည်။

ညနေစောင်းတွင် ရှင်းဝှသည် အားနေသဖြင့် စကားမပေါက်သော အစ်ကိုခုံချောလက်ကို ဆွဲကိုင်ကာ သံလွင်မြစ်ဆီသို့ စီးဆင်းနေသော တောင်ကျချောင်းလေးသို့ ခေါ်လာမိသည်။ အဖေကွယ်ရာတွင် ချောင်းလေးထက်မှ ငါးငယ်များကို ခိုး၍ဖမ်းကာ ချောင်းဘေးတောင်အကွယ်လေးတွင်ပင် မီးနဲ့ဖုတ်ကာ စားနေကျဖြစ်၍ သူ့ကို ငါးဖမ်းကျွေးမည်ဟု စဉ်းစားသည်။ သူ့ကို ဘာဖြစ်၍ဖြစ်မှန်းမသိ ခင်တွယ်နေမိသည်။ သူ့ဗိုက်ဆာနေမည်ကိုတွေး၍ ချောင်းထဲငါးဆင်းဖမ်းသည်။ ကိုနတ္တိက ခဏမျှကြည့်နေကာ သူပါ ရေထဲဆင်းချလာသည်။ သူ့ကိုဝတ်ထားပေးသော အဖေ့အင်္ကျီကိုချွတ်ပြီး သူ ငါးသဲ့ယူလိုက်သည်မှာ ကြည့်ကောင်းလှသည်။

"ဟာ…အများကြီးရတာပဲ"

ရှင်းဝှ တစ်နေကုန်ဖမ်းမှ ရမယ့် ငါးများကို သူ့အင်္ကျီနဲ့ သဲ့ယူခဲ့သဖြင့် အများကြီးရခဲ့သည်။ မီးဖုတ်ကျွေးလည်း သူမစားပေ။ ပြောင်းဖူးဖုတ်ကိုလည်း သူမစားပေ။ သူ့တို့တိုင်းပြည်မှာ စားတာက ဂျုံနဲ့ နံ့စားသက်သက်ပဲလား။ လုပ်မကျွေးတတ်သဖြင့် စိတ်မကောင်းဖြစ်သော်လည်း အပြန်တွင် ရှင်းဝှကို သူက ပခုံးပေါ် လွယ်ပိုးချီမြှောက်လာခဲ့သဖြင့် ၁၅ နှစ် အရွယ်ရောက်မှ သူငယ်ပြန်သကဲ့သို့ ပျော်ရွှင်ရယ်မောခဲ့မိသည်။

ညဖက်တွင် လသာ၍ လေညင်းတိုက်သောနေ့ဖြစ်သည်။ လျှပ်စစ်မီးမရှိသဖြင့် လေထိုးမီးအိမ်ကို အဆောင်တွင်းမှာ ထွန်းညှိထားပေမယ့် အပြင်ဘက်တွင် အလင်းရောင်အား နည်းသည်။ လအရောင် ပိုအေးမြစွာ ခံစားရနေသည်။ ကိုနတ္တိက ကောင်းကင်ကို တစ်ချိန်လုံး စောင့်ကြည့်နေသဖြင့်

"ဘာတွေ့လိုက်လဲ၊ ကြယ်ကြွေတာကြည့်နေတာလား"

"ရှင်း…ဝှ"

ကိုနတ္တိက တစ်ခုခုပြောချင်သလိုဖြစ်သော်လည်း နာမည်လေးတွဲ့တွဲ့မှလွဲ၍ ဆက်ပြောနိုင်ခြင်းမရှိပါ။ တိုင်းတစ်ပါးသား စကားမပေါက်၍ဟု သနားသွားကာ လက်ဆွဲကာ ထိုင်နိုင်းမိသည်။

"နားနဲ့နားထောင်ပြီး အပြောကျင့်ရတယ်တဲ့ဗျ။ ကျွန်တော်က စပြောမယ် နားထောင်။ ကျွန်တော်က စမ်းရှင်းဝှ ဝှ-ဆိုတာ နံပါတ်ငါး။ ကျွန်တော်က မိသားစုထဲမှာ ပဉ္စမမြောက် မွေးဖွားလာခဲ့တာ။ ကျွန်တော်တို့အိမ်က အရင်တုန်းက ဒီတောင်ကြောတစ်လျှောက်မှာ တရားမဝင်အပင်တွေနဲ့ ငွေချမ်းသာခဲ့တယ်။ ကျွန်တော့်အမေနဲ့ သတို့သမီးလောင်း အစ်မအတွက် ပစ္စည်းစုံသွားဝယ်ပြီး တရုတ်ပြည်မှ ပြန်လာတဲ့ကားကို နယ်စပ်မို့ ဆက်ကြေးတောင်းရာမှ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အဆင်မပြေဖြစ်ပြီး အားလုံး အသတ်ခံလိုက်ရတယ်။

ကျွန်တော်က အဖေနဲ့ မင်္ဂလာခန်းမ ပြင်ဆင်နေတဲ့အတွက် ကားနဲ့ မလိုက်သွားမိတာ။ မသေဘဲကျန်ခဲ့တယ်။ မိသားစုကြီး မင်္ဂလာပွဲမဟုတ်တော့ဘဲ အသုဘပွဲဖြစ်သွားခဲ့တဲ့အတွက် အဖေက ဒီမှာ ဘုန်းကြီးဝတ်လိုက်တယ်။ ကျွန်တော်က ကျောင်းဖွင့်ရင် မန္တလေးမှာ အဆောင်သွားနေပြီး ကျောင်းတက်တယ်။ ပိတ်ရက် အဖေ့ဆီကို ပြန်လာခဲ့တယ်။ တရားမ[...] စီးပွားရေးဘာမှမလုပ်ဘဲ ရှိတဲ့ငွေ ကျွန်တော့်အတွက် ဘဏ်မှာ ထားပေး[...]တယ်။ ကျွန်တော်ပြောတာ နား[...]သလား ကိုကြီးနတ္တိ"

ရှင်းဝှက စိတ်အားထက်သန်[...] မေးသောအခါ ကစ်လုံးစီလို မှတ်[...] နေရာမှ ကြောင်စီစီနဲ့ မော့ကြည့်[...] ရှင်းဝှမှာ ရယ်ချင်လာပြီး အား[...] ရယ်ပစ်လိုက်မိသည်။ ရှင်း[...]



www.burmeseclassic.com

www.burmeseclassic.com

ပုံကိုကြည့်ကာ ကိုနတ္ထိက အပြစ်ကင်းသော ကလေးပမာ လိုက်ရယ်သည်။ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ထပ်ရယ်ချင်လာပြီး အားရပါးရ ထပ်ရယ်လိုက်ကြသည်။

"ဟား...ဟား...ဟား"

စိတ်လွတ်ကိုယ်လွတ် တောင်တန်းပေါ်မှာ နှစ်ဦးသား ရယ်မောခဲ့ကြသည်။ အိပ်ရန် ပျံသန်းပြန်လာခဲ့ကြသော ကျေးငှက်ငယ်တို့သည် ငုံ့ကြည့်ကာ တစီစီ လိုက်အော်ကြလေသည်။

× × ×

တတိယရက် မနက်စောစော ရှင်းဝူထလာချိန်တွင် ကိုကြီးနတ္ထိက ရှိမနေပေ။ အဖေခရီးသွားလျှင် အဖေမကြိုက်သည့် သားငါးရှာသောအလုပ်ကို စိတ်ကြိုက်လုပ်ခွင့်ရသဖြင့် သိပ်မလွမ်းခဲ့ပေမယ့် သုံးရက်မျှသာ အတူနေခဲ့ရသော ကိုကြီးခန့်ချောကို မတွေ့မမြင်ရသောအခါ အတွေးများမှာ ရှုပ်ယှက်ခတ် ပျာလောင်ခဲ့သည်။ အစားအစာတွေ့၍ ရှာများ ပြန်သွားခဲ့သလား။ နှုတ်ဆက်စကား မပြောတတ်၍ ဘာမှမပြောရအောင် မျက်စိမှိတ်အိပ်ပျော်စဉ် ထွက်ကာ တစ်သက်တာအတွက် တောင်တန်းဒေသမှာ ခြေရာပျောက်သွားသလား အစ်ကိုကြီးရယ်"

"ဟော့ကောင်...မင်းအဖေ ခရီးသွားနေတာ စုံစမ်းစစ်ဆေးရေးရုံးကိုဆို တကယ်လား။ ဘာသတင်းသွားပို့လဲ၊ လူစိမ်းလည်းရောက်တယ်ဆို"

တံခါးမရှိ မျက်နှာမကြည့် အိမ်ကို မိမိဝင်ချင်ရာဝင်၊ စားချင်ရာယူစားနေသော လက်နက်ကိုင်အဖွဲ့မှ လူများကို တွေ့ရသဖြင့် စိတ်မောသွားသည်။ တရားမဝင်လုပ်ငန်းလုပ်စဉ်က မျက်နှာသိခဲ့သူများမို့ မကြောက်မိပေ။

"အဖေက ဘာမှမပြောပြခဲ့ဘဲ ထွက်သွားတယ်ဗျ။ လူစိမ်းက ဒုက္ခရောက်နေတဲ့ ဧည့်သည်ပါ။ ပြန်သွားပြီလား မသိဘူး။ ထလာတော့ မမြင်တော့ဘူး"

သူတို့သည် ကျောင်းထဲ လျှောက်ရှာဖွေကြည့်သေးသည်။ မီးကင်ထားခဲ့သောငါးများကို အရက်နှင့်မြည်းရန်ပြောပြီး အားလုံးယူသွားသည်။ ရှင်းဝူကလည်း မြန်မြန်ပြန်သွားစေချင်လှသဖြင့် ဘာတစ်ခွန်းမှ မတားမြစ်နေတော့ပေ။

အဖေ ဆေးကုပေးထားဖူးသူတစ်ယောက်က ပျားရည်တစ်ပုလင်း လှမ်းပေးခဲ့ကာ ကျန်လူများကိုခေါ်၍ ပြန်သွားသည်။ သူတို့ဖိနပ်အရာများ သန့်ရှင်းအောင် ခါကျင်းနေစဉ် သစ်သီးတချို့နှင့် ငါးရယ်၊ တောဝက်ပေါက်တစ်ကောင်ရယ်ကို ထမ်း၍ ကျောင်းသို့ပြန်လာနေပုံကို တွေ့လိုက်သောအခါ သတိလွတ်ကာ -

"ကိုကြီး...ကိုကြီးနတ္ထိ"

ပြေးဖက်ထားမိသည်။ ပစ္စည်းများချကာ တံခါးဝတွင် ရှင်းဝူကိုဖက်၍ ငုံ့ကြည့်နေသော ကိုနတ္ထိသည် ဘာကိုခံစားရ မှန်းမသိ ဖြစ်လာသည်။ ရှင်းဝူမှာမူ မတွေ့ရတော့ဘူးလားဟု ဝမ်းနည်းနေခြင်း၊ ရန်ပြုတတ်သူများ လာရာသွားခြင်းမှ ကံကောင်း၍ ကပ်လွဲသွားသဖြင့် ရင်ထဲဝမ်းသာလွန်း၍ မျက်ရည် ဝဲလာသည်အထိ ဖက်တွယ်ထားမိခဲ့သည်။ ရှင်းဝူက မိမိတို့ အသက်အရွယ်မှာ အဖော်ခင်တွယ်ချိန်ဟုသာ တွေး၍ ကိုကြီးကို ဆွေမျိုးပမာ အောက်မေ့ကာ နေ့တစ်ဝက်မမြင်ရသည်နှင့် လွမ်းနေမိသည်။

"ကိုကြီး...နတ္ထိ"

ကျောပေါ်မှ ခွထိုင်ကာ ကျောင်းသို့ပြန်လာရင်း ခေါ်လိုက်မိသည်။ သူက မော့ကြည့်သည်။ ရှင်းဝူက သူထားခဲ့သောပစ္စည်းကို လက်နှင့်ညွှန်ပြသောအခါ ခေါင်းဆတ်ပြရှာသည်။ သူပြန်သွားသယ်ခဲ့သော အသီးတို့ကို ရှင်းဝူစားနေစဉ် သူက ဝက်ကို မီးနဲ့ကင်ထားပေးသည်။ စမ်းချောင်းထဲမှာ ရေဆေးခဲ့ပုံရသည်။ သန့်ရှင်းပြီးဖြစ်နေသည်။ နေ့တစ်ဝက်နှင့် စုံစွာရှာခဲ့နိုင်သဖြင့် အံ့ဩရသည်။

အားလုံး လုပ်စရာရှိတာကိုလုပ်ပြီးသောအခါ ကိုနတ္ထိက ကျောင်းနံဘေး ရေသွယ်ထားသော စဉ့်အိုးအား အားလုံး မ၍ ခေါင်းပေါ်မှလောင်းချကာ ခန္ဓာကိုယ်အား သန့်ရှင်းရေးလုပ်သည်။ သူ့ရေချိုးပုံမှာ တစ်မျိုးဖြစ်နေသော်လည်း လဲလှယ်ရန် အဖေဝတ်စုံရှာနေသဖြင့် မကြည့်ဖြစ်တော့ပေ။

"ရော့...ကိုကြီးနတ္ထိ မအေးဘူးလား"

မေးသော်လည်း နားမလည်၍လားမသိမပြောဘဲ အင်္ကျီမပါ ဘောင်းဘီတိုနဲ့ ထိုင်ချလိုက်သည်။ ရှင်းဝူက ချစ်ခင်စွာဖြင့် -

"ဝတ်ပါဗျ။ ဒီမှာ နေစောင်းရင် အရမ်းအေးတယ်"

ရှင်းဝူက အင်္ကျီဝတ်ပေးရန် ကပ်သွားစဉ် တံခါးပေါက်တွင် လူဝင်လာပုံရ၍ လှည့်ကြည့်မိသည်။ ကိုနတ္ထိနှ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ဆင်သော လူသုံးဦးကို ကျောပိုးအိတ်များ၊ လက်နက်များနဲ့ တွေ့ရသည်။ ဦးထုပ်ဆောင်းထားကြသည်။

"ဟာ • • • ဘယ်လိုလူတွေလဲ"

ကိုနတ္တိက သူတို့လှမ်းပေးသော ကျောပိုးအိတ်ကိုဖြေကာ ဝတ်ဆင်သည်။ ချက်ချင်း ကွန်မန်ဒိုဝတ်စုံနဲ့ အထူးလေ့ကျင့်ထားသော စစ်သားပုံ ဖြစ်၍သွားသည်။ ကြောင်ကာ ငေးကြည့်နေသော ရှင်းဝှကို ကိုနတ္တိကား ငုံ့ကြည့်ရာသည်။ သူတို့အချင်းချင်း ဘာမှပြောကြားခြင်း မရှိသော်လည်း သိရှိနားလည်နေပုံရသည်။

"ရှင်း • • • ဝှ"

လူလေးဦးက ဆံလံပေးခြင်းခံရသည်။ ကျေးဇူးတင်၍လော၊ နှုတ်ဆက်ခြင်းလောမသိ။ တစ်ယောက်တစ်ချက် ကျောကိုလာပုတ်၍ ထိတွေ့ကြသည်။ ကိုနတ္တိက တဖိတ်ဖိတ်တောက်ပြီး နှစ်ဖက်အသွားရှိသော ( ) းမြှောင်ပုံ ပေါက်ဓားတစ်ချောင်း ခါးမှချွတ်၍ ရှင်းဝှလက်ထဲ ထည့်ထားခဲ့သည်။ ဦးခေါင်းကို သာသာလေး သုံးလေးချက် ပွတ်လိုက်သည်။ ထို့နောက် ရုတ်တရက် လှည့်ထွက်သွားသည်။ သူတို့လေးယောက် ချက်ချင်း ကျောင်းအရှေ့မှ ကြိုးစများကို ဆွဲယူလိုက်သည်။ ရှင်းဝှ ကြောင်နေရာမှ သတိရ၍ ထွက်ပြေးကြည့်သောအခါ လေထဲတွင် လူလေးဦး ရောက်ရှိနေပေပြီ။ ခပ်မြင့်မြင့် ကောင်းကင်ထက်တွင် မိုးပျံဘောလုံးသည် ဘယ်အချိန်က ရှိနေသည်မသိပေ။ လူကိုဆွဲတင်ရင်း ပျံသွားနိုင်သော အသံမရှိသည့် ဘောလုံးသဏ္ဍာန်ယာဉ်ကို မော့ကြည့်ကာ ရှင်းဝှ ကျောက်ရုပ်ပမာ ဖြစ်နေသည်။

လူများ ဘောလုံးခြင်းထဲအရောက်တွင် ရှင်းဝှ၏ခြေနားသို့ အရာတစ်ခု ကျဆင်းလာသည်။ အဖေ့ဝတ်စုံ အတွင်းခံများဖြစ်သည်။ ကိုနတ္တိက ပြန်ပစ်ချပေးပုံရသည်။ ဘာမှယူ မသွားကြောင်း ပြသည်လော၊ နှုတ်ဆက်၍ လက်ပြခြင်းလော မသိ။ အပေါ်မှ လက်တစ်စုံ ဝှေ့ယမ်းပြသသည်။

ရှင်းဝှမှာ မျက်ရည်ကျကာ ငေး၍ ကောင်းကင်ကြီးအား မော့ကြည့်ကျန်ရစ်ပြီး အချိန်မည်မျှကြာသွားသည် မသိ။

"သား • • ရှင်းဝှ ဘာရပ်လုပ်နေလဲ"

"အဖေ ပြန်ရောက်ပြီလား"

"မင်းရေ့လမ်းအတိုင်း တက်လာတာပဲ မမြင်ဘူးလား"

"ညွှေ့သည်တွေလည်း ပါလာတာကိုး"

"ဒါ တရုတ်ပညာရှင်တွေ။ မင်းရဲ့ စက်ရုပ်လူသားရော"

"ဗျာ • • • ကိုနတ္တိကိုလား"

"အေးလေ • • • လူအရှေ့ပြားနဲ့ တီထွင်ထားတဲ့စက်ရုပ်ဖြစ်လို့ နှလုံးမခုန် သွေးကြောမလျှောက်ဘဲ ရှင်သန်နိုင်တဲ့ဟာပေါ့"

ရှင်းဝှ ကျောင်းရှေ့ မြက်ခင်းပေါ် ဖင်ထိုင်ကျသွားသည်။ ညွှေ့သည်များမှာ သိပ္ပံပညာ ကျွမ်းကျင်သူများဖြစ်သည်။ လေ့လာရန် ကိုနတ္တိကို မြင်တွေ့ချင်နေကြသည်။ မိုးကောင်းကင်ပေါ် ပြန်တက်သွားပြီဆို၍ ရှင်းဝှမော့ကြည့်ရာသို့ လိုက်ကြည့်ကြသည်။ ကောင်းကင်မှာ အမည်းစက်တစ်စက်က လက်တစ် စုံ လှုပ်ရှားနေသဖြင့် လက်ခံမှုံကြည်ကြသည်။ သူတို့ အနည်းငယ် နောက်ကျသွားခဲ့ပေပြီ။

ညွှေ့သည်များမှာ ကိုကြီးနတ္တိရှာပေးခဲ့သော အသီးများစားကာ အဖေနဲ့ စကားပြောဆိုနေကြသည်။ အဖေသည် တာဝန်ကျေလူသားပီသရန် တရုတ်ပညာရှင်ကို ပြေးခေါ်ယူနေစဉ် သူ့သားအသည်းနှလုံးကား ဘယ်သူမှ ဘာနဲ့မှ မခွဲရဘဲ သွေးစိမ်းထွက်သွားခဲ့ပြီတည်း။ လွယ်လွယ်နဲ့ သံယောဇဉ်တွယ်တတ်သော ဆယ်ကျော်သက် အရွယ်ပင်တည်း။

ညွှေ့သည်များနဲ့ ထူးဆန်းသော ပညာရပ်များ အတော်ညဥ့်နက်သည်အထိ ပြောဆိုဆွေးနွေးနေမိကြသည်။ သတိရ၍ မေးစရာရှိသည်မှ ရှင်းဝှကိုရှာသောအခါ ဖျားပြီး အပူတက်နေသော်လည်း ပြန်များ ရောက်ရှိလာမလားဆိုပြီး ကျောင်းအစပ်မြက်ခင်းပေါ်တွင် စက်ရုပ်လူသားကို မျှော်စောင့်ရင်း သတိလစ်နေပြီ၂ည်း။

အသိစိတ်လွတ်နေသဖြင့် ဖြစ်ချင်သောဆန္ဒများကို ကယောင်ကတမ်း မက်ကာနေသည်။ ခန္ဓာကိုယ်က အဖေ ဆေးဆရာ ကုသနေပါသော်လည်း ဝိညာဉ်စိတ်ကလေးမှာ သဲလွင်မြစ် ပါးအထိ ရှက်လွှင့်သွားခဲ့သည်၊ စိတ်ကား လေကဲ့သို့ ပေါ့ပါးစွာ ပျံသန်း သည်။

× × ×

"ဆွဲပါရှင်းဝှ • • • ဆွဲ • • • ဆွဲ"

"မရတော့ဘူး။ ရေစီးကြမ်း ရာလေ။ ဘာပစ္စည်းလဲ"

"ငါ • • • ငါ ဗြာနကိုပြန်ဖို့

www.burmeseclassic.com

သွယ်နိုင်တဲ့ပစ္စည်းနဲ့ လျှို့ဝှက်ပြီး စုံစမ်းခဲ့တဲ့ နိုင်ငံတွေရဲ့ နယ်စပ်လုံခြုံရေးဂိတ်တွေပဲ"

"ဒီမြစ်က တချို့နေရာမှာ ရေစီးကြမ်းတယ်။ ကျွန်တော့်ရဲ့ အစ်ကိုကြီးနဲ့ အစ်ကိုလတ်တို့ သူငယ်ချင်းတစ်စု ကျောင်းပြေးပြီး လာဆော့တာ အားလုံးသေတယ်။ အလောင်းတောင် ရှာမတွေ့တော့ဘူး။ ဟိုး…သမုဒ္ဒရာထဲထိ မျောသွားသလားမသိဘူး။ ဒီသံလွင်မြစ်က ကမ္ဘာ့ဒုတိယအရှည်ဆုံးဆိုလားမသိဘူး"

"ဒါကြောင့် လူနည်းပေမယ့် မင်းက နံပါတ်(၅) သားပေါ့"

"ကျွန်တော် အဆောင်မှာသွားနေတော့ သူငယ်ချင်းတွေနဲ့ ဝါဆိုပန်းခူးထွက်ရင်း မြန်မာဘုန်းကြီးတစ်ပါးပောခဲ့တာ မှတ်မိတယ်ဗျ။ သူတစ်ပါးဒုက္ခရောက်အောင်လုပ်သူဟာ တစ်နေ့ ဒုက္ခပြန်ရောက်လာနိုင်တယ်တဲ့။ အဘိုးနဲ့ အဖေက အရင့်အရင်ကဆို ဒီတောင်ကြောမှာ တရားမဝင်အလုပ်တွေလုပ်တယ်။ နယ်စပ်မှာငွေရှာတယ်။ ကဲ…အခု သားနှစ်ယောက် ရေမြုပ်သေ၊ သမီးနဲ့မိန်းမက လူဆိုးသတ်လို့သေနဲ့ သံဝေဂရခဲ့တယ်။ အစ်ကိုနှစ်ယောက်အစား သံလွင်မြစ်က အစားပြန်ပေးတော့ ကိုကြီးနတ္ထိကို ရပြီပေါ့နော်"

ရှင်းဝှ အဖျားတက်ရင်း အိပ်မက်တွင် ကိုနတ္ထိသည် သူနဲ့ စကားပြောဆိုနေနိုင်သည်။ ရေထဲတွင် တစ်ခုခုမျောပုံအသံဖြင့် -

"ဆယ်စို့…ဆင်းစို့"

"မဆင်းနဲ့…မဆယ်ပါနဲ့"

"သား…ရှင်းဝှ မင်းသတိထား ဖျားပြီးယောင်နေတယ်"

ရှင်းဝှ မျက်စိဖွင့်ပြီးကြည့်၏။ ပြီး ပြန်အိပ်၏။

"ရှင်းဝှ…ထ…ငါးသွားရှာရအောင်"

"ဟုတ်ကဲ့…အစ်ကိုကြီး၊ ရေချောင်း ထဲသွားကြမယ်"

"ဘာလို့ငါးက သေးသေးလေးလဲကွ"

"တောင်ကျစမ်းတွေက ရေသိပ်အေးတယ်တဲ့။ အပင်ငယ်ပဲရှိတော့ အကောင်ငယ် စားစရာပဲရနိုင်တယ်တဲ့။ လူကြီးတွေပြောတယ်"

"ငါတို့ဆီမှာ ငါးက သိပ်အရသာရှိတယ်တဲ့"

"မစားဖူးဘူးလား။ တိတိကျကျ မသိဘူးလား"

"ငါတို့က စားဖို့မလိုဘူး။ လျှပ်စစ်ဓာတ်မပြယ်ဖို့ပဲလိုတယ်"

"ကောင်းလိုက်တာ။ ကျွန်တော့်ကိုလည်း လုပ်ပေးပါ"

"လုပ်ရင် အသည်းမရှိဘူး၊ သွေးမရှိဘူး။ မျက်ရည်မရှိဘူး"

"ဒါဖြင့် ဘာအတွက် အသက်ရှင်ကြသလဲ"

"သွေးသားရှိတဲ့လူတွေ မလုပ်ရဲတဲ့လုပ်ငန်းကို လုပ်မလို့"

"ဘယ်လိုလုပ်ငန်းမျိုးလဲ"

"မီးတောင်လေ့လာရေးတို့၊ အဆိပ်ထွက်နေတဲ့ ဓာတုစက်ရုံတို့၊ ရေခဲနေတဲ့ အန္တာတိကလွင်ပြင်တို့ ခံစားရခက်တဲ့ ရောဂါပေါ့"

"အကျိုးပြုလုပ်ငန်းလား"

"ငါတို့ကတော့ ခိုင်းတဲ့အတိုင်းလုပ်။ ခိုင်းတဲ့လူတန်းစားက စိတ်ရှုပေါက်တိုင်း အငြိမ်မနေ ကြံစည်နေတာပေါ့"

"ဒါဆို ခိုင်းတဲ့လူကို ကြောက်ရမှာပေါ့"

"ဒါပေါ့ မကောင်းရင် ပြန်ဖျက်ပစ်ဖို့ အဆင်သင့် အပိုတွေလည်း စီစဉ်ထားပြီးနေတဲ့ ပညာရှင်တွေပေါ့"

"ဒါ ဘယ်မှာရှိလဲ"

"စက်မှုနိုင်ငံတွေမှာ"

ရှင်းဝှက အိပ်မက်ယောင်ရမ်းရင်း အိပ်နေမိသည်။ ဆေးတိုက်ချိန်ရောက်သဖြင့် အဖေက ဆေးတိုက်ရန်နှိုးသည်။

"ရှင်းဝှ ဆေးသောက်ရအောင် ထ"

ဆေးသောက်ပြီး နိုးထသောစိတ် ပြန်ကပ်လာသောအခါ -

"အဖေ…ကိုနတ္ထိပြန်လာဦးမလား"

"မလာနိုင်တော့ဘူးကွ။ အမေရိကန်လား၊ ရုရှားလား၊ ဂျပန်ကလားမသိလိုက်တဲ့အတွက် သိပ္ပံပညာရှင်တွေ စိတ်ပျက်သွားတယ်"

"သူက ရုရှားပြောတယ်လေ"

"မဟုတ်ဘူး။ မှန်ချင်မှမှန်မယ်။ ချောက်ချချင်လို့ စက်ရုပ်တွင်းက ကွန်ပျူတာမှာ အမှားလည်း ထည့်ရိုက်ထားနိုင်တယ်တဲ့။ လာတဲ့နေရာမဟုတ်ဘဲ သွားရမယ့်နေရာကို ပြောမိတာလည်း ဖြစ်နိုင်တယ်"

ရှင်းဝှသည် သံယောဇဉ်တွယ်မိသော စက်ရုပ်တစ်ရုပ်အတွက် နေ့ရက်ပေါင်းများစွာ စောင့်နေခဲ့မိသေးသည်။

မရှိတဲ့အသည်းပိုင်ရှင်မို့ သူ့ကို သံယောဇဉ်လုံးဝမရှိဘဲ လာခေါ်သော မီးပုံးပျံနဲ့ လိုက်ပါသွားသည်မဟုတ်လား။

သို့သော် ကိုယ်က ခင်တွယ်ရှာမိ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် မိုးကောင်းကင်ထက်မှ လက်အစုံပြသွားသည်ကို မြင်ယောင်ကာ စက်ရုပ်ပေမယ့် တစ်ဖက်မှမေတ္တာကို မကြင်နာနိုင်တာတော့ မဖြစ်နိုင်ဟု မှတ်သည်။ တီထွင်သောပညာရှင်များသည် လူသား တစ်ဦးနီးပါးပုံစံတူ လုပ်ထားပြီး ဘာကြောင့် အသည်းနှလုံးတို့ ခံစားချက်ဦးနှောက်တို့၊ သံယောဇဉ်တရားရဲ့ မျက်ရည်များ မထည့်နိုင်သနည်း။ စက်ရုပ်တစ်ရုပ်ကို ချစ်ခင်မိသော ရှင်းဂူသည် သုံးရက်မျှ အတူနေရခဲ့ရခြင်းကို သုံးနှစ်နီးပါး စွဲမက်ကာ သတိရနေမိသည်။

ဂျာမနီနိုင်ငံ ၂၀၀၀ ပြည့်နှစ်။

ကားများ၊ သတ္တုပစ္စည်းများကို အရည်ကျိုချက်ပြီး ပုံစံပျက်အောင် လုပ်ရန်အတွက် စီမံကိန်းတစ်ခုတွင် ရှင်းဂူသည် အဓိကတာဝန် ထမ်းနေရသည်။ သူဤနိုင်ငံသို့ ပညာသင်ရင်း ရောက်နေခဲ့သည်မှာ ဆယ်စုနှစ်ကျော် လွန်ခဲ့ပြီ။ အထက်လူကြီးများ၏ စိတ်ချရသော ပညာရှင်အဖွဲ့တွင် ပါနေခဲ့သည်။ တစ်ရက် ရာသီဥတုမကောင်းသဖြင့် လုပ်ငန်းစောစော ရပ်နားကာ အိမ်ရှိရာ ပြန်ကုန်ကြသည်။ ရှင်းဂူက မပြန်ချင်သေးပါ။ အခန်းဖော်နဲ့အတူ မနေချင်သဖြင့် အလုပ်ထဲမှာပဲ နေရင်း လေ့လာနေကာ ကျန်ခဲ့သည်။

အထူးအေးဂျင့်များသာ သုံးစွဲသည့် ကွန်ပျူတာခန်းထဲ ဝင်ခဲ့မိသည်။ အရင်နေ့များတွင် တာဝန်ရှိသူများ ထိုင်နေကြသည်။ ယခု စက်တစ်လုံးအား နေ၍ အဟောင်းဖိုင်များကို ရှာဖတ်နေမိသည်။ ၁၉၉၂ ခုနှစ်၏ ဖိုင်တစ်ခုကို သွားနှိပ်မိသည်။ ဝိတ်ထားသော အင်တာနက်စာများ ပွင့်လာသည်။

"ဟာ...ဒါ...ဒါ ဘယ်လိုဖြစ်သလဲ"

ကွန်ပျူတာ၏ စကရင်ပေါ်တွင် ရှင်းဂူ၊ သံလွင်မြစ်အနီး ကွမ်းလုံမြစ်ဟု ရေးထားပြီး တရုတ်မဟာယာနဘုရားကျောင်းတစ်ခု ထွက်လာသည်။ ဤနေရာသည် မှတ်တမ်းမှတ်သူက ရောက်ရှိခဲ့ တွေ့ဆုံခဲ့ပြီး သူဖွင့်ထားသော အမှတ်အသားဖြစ်သည်။ မြန်မာပြည်မြေပုံနဲ့ နယ်စပ်နိုင်ငံပါထည့်ခဲ့၏။

"ဟော့...ဟော့...ဝိတ်ထားတဲ့၊ ဖျက်ထားတဲ့ စီမံကိန်းတွေကို ပြန်မဖော်နဲ့။ လာ...လာ...လေ့လာချင်ရင် စက်အသစ်တွေကိုသုံး။ ၂၀၀၀ မပြည့်တဲ့စက်တွေ မဖွင့်နဲ့၊ မှတ်ထားနော်"

လုံခြုံရေးအရာရှိသည် ထိန်းချုပ်မှု ကိရိယာအပြည့်နဲ့ ရောက်ရှိလာခဲ့ပြီး ဒေါက်တာရှင်းဂူကို အထက်တန်းကျောင်းသားငယ်အား ဆွဲထုတ်သည့်ပမာ အမြန်ဆွဲထုတ်ကာ စက်သစ်ရှေ့မှာသာ ထိုင်သုံးခိုင်းသည်။

ရှင်းဂူသည် တွေးစရာ၊ စဉ်းစားစရာများ ခေါင်းတစ်လုံးအပြည့်နဲ့မို့ စက်ကိုမသုံးတော့ဘဲ မှန်ခန်းတွင်းမှ ထွက်ခွာလာခဲ့သည်။ ဂျာမနီနိုင်ငံ၏ တစ်ခုသော သံရည်ကျိုလုပ်ငန်းတွင် ကိုကြီးနတ္တိ၏ရုပ်ခန္ဓာသည် ပျော်ကျပြီး ပုံသဏ္ဍာန်မရှိ ဖြစ်သွားပြီလား။ ကိုကြီးနတ္တိ၏ ခန္ဓာတွင်းမှ မှတ်တမ်းစက်တွင် မြေပုံများနဲ့တကွ နာမည်လိပ်စာမကျန်။ ရှင်းဂူတို့ရှိနေခဲ့သည့် အသည်းမရှိသော်လည်း ခြေရာခံမှတ်တမ်းတင်စက် ရှိနေသည်။

သူလျှိုလုပ်ငန်းတွင် ကိုနတ္တိကို အသုံးချခဲ့သလား၊ ရုရှားမဟုတ်ဘဲ ဂျာမနီက ဖြစ်နေသလား။ ပူးတွဲကြံစည်ခဲ့သလား။ နိုင်ငံကြီးများက မိမိလက်အောက်ထဲရောက်ရှိအောင် တခြားနိုင်ငံများ အင်္ဂါဂြိုဟ်အထိ နယ်ချဲ့လေ့လာနေကြပြီမို့ ဤကိစ္စကို ယုံကြည်အောင် ဘယ်သူ့ကို တင်ပြရမလဲ။ သက်သေဖြစ်နိုင်သော အဖေတို့ကား အားလုံး အရွယ်လွန်ကာ သေဆုံးကြပြီး အသည်းမရှိသော ကိုနတ္တိက ဘယ်ရောက်နေပြီမသိ။ တခြားပုံသဏ္ဍာန်တစ်ခုအဖြစ် တီထွင်ခံရပြီး လကမ္ဘာရောက်နေသလား။ ရေခဲပြင်မှာ ရှိနေသလား။ ဓာတ်ပေါင်းဖိုထဲရော သွားနေရသလား မသိနိုင်ပေ။ တဖြည်းဖြည်းနဲ့ စဉ်းစားကာ အနိစ္စ မမြဲခြင်း ဒုက္ခဆင်းရဲမှု အနတ္တအနှစ်ကင်းမဲ့အစိုး မရခြင်းတို့ကိုဉာဏ်မှာ ထင်သိလာခဲ့သည်။

မြန်မာပြည်နဲ့ မိုင်ပေါင်းများစွာ ဝေးသော ကမ္ဘာတစ်ဖက် အနောက်နိုင်ငံ ရောက်ရှိနေချိန်မှ ငယ်စဉ်က သူငယ်ချင်းများနဲ့ ဝါဆိုပန်းကပ်လိုက်ခဲ့စဉ် နာကြားခဲ့သော မြတ်ဗုဒ္ဓတရား ထင်လင်းစွာ ခံစားသက်ဆင်းမိ၏... အသည်းမရှိသော ကိုနတ္တိ၏ နောက်ဆုံး လက်ဆောင်အဖြစ် ဘဝများကိုသဘော ပေါက်လာမိသည်။ အသည်းမရှိသည့် ကျေးဇူးပြုတတ်ပေ၏တကား။

နှင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com

# အများကြား အမှန်ဖြစ်မှာစိုး
# လေခါလေခချမ်းသာကြီးစေအကျိုး

ဇာဖြူပွင့်

ကျွန်မသည် မန္တလေးရွှေမြို့တော်ကြီးသို့ ရောက်နေခိုက် မန္တလေးမြို့ကြီးမှ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမျှော်ပါသည်။ မန္တလေးမြို့ ချမ်းသာရာဘုရားသို့ရောက်ပြီး ချမ်းသာရ ဘုရားရှင်ရှေ့တော်မှောက်မှာ ချမ်းသာရဂါထာအမှန်နှင့် ပုတီးစိပ်ဖြစ်ပါ၏။ ရွတ်ဆိုနေကျ ချမ်းသာရဂါထာအများကို နှုတ်က စွဲနေတာကြောင့် သတိထားသည့်ကြားမှ အများဂါထာကိုပဲ နှုတ်မှ ရွတ်ဆိုနေမိသည်။ မှန်သောဂါထာက နှုတ်တက်ရွရွ မရသေး။ အမှန်နှင့်အများကို တွေးပြီး စိတ်ရှုပ်လာသည်။ ၁၀၈ လုံး ပုတီးတစ်ပတ်ပြည့်ရန်မဆိုနှင့် တစ်ဝက်မျှပင်မရသေး။ နောက်ဆုံး ချမ်းသာရဂါထာအမှန် ကူးထားသည့် စာအုပ်ကို ကြည့်ရွတ်မှ အဆင်ပြေပါသည်။

စာရေးဆရာဦး(ညွန့်မောင်ဦး) အကျိုးဆောင်ရွှေတိဂုံစေတီတော် သာသနာရေးအဖွဲ့မှ ၂၀၀၀ ပြည့်နှစ် ငွန်လထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် "အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ နေ့စဉ်ရွတ်ဖတ်သောဂါထာ"ဟူ၍ စာမျက်နှာ ၆၆ တွင် အောက်ပါအတိုင်း ရေးသားထားသည်ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်ညမှာ ဖတ်မိ၍ ကျွန်စာမှုများကို ရေးသားခြင်းဖြစ်ပါသည်။

အများကြားလျှင် အမှန်ဖြစ်မှာလည်း စိုးမိပါသည်။ ကျွန်မလည်း ချမ်းသာရဂါထာကို ၁၆-၃-၁၅ ရက်နေ့နံနက်မှာ ရွှေတိဂုံစေတီတော်ဘုရားထောင့်ရှိ ချမ်းသာကြီးဘုရားမှကူး ယူကာ ရွတ်ဆိုနေမိပါ၏။ ကျွန်မကဲ့သို့ ဂါထာအများကို ကူးယူ ချက်မှတ် ရွတ်ဆိုနေသူများ မည်မျှရှိနေမည်ကို မခန့်မှန်း နိုင်။ စာဖတ်ပရိသတ်ဆိုသည်ကလည်း မိမိတို့နှစ်သက်ရာ မဂ္ဂဇင်း/ဂျာနယ် တို့ကိုသာ စွဲစွဲမြဲမြဲ ငှားဖတ်/ဝယ်ဖတ်ကြတာမို့ ဂမ္ဘီရဖတ်သော စာဖတ်ပရိသတ်တို့က သိရှိပြင်ဆင် ရွတ်ဆိုနေကြပေမယ့် ဂမ္ဘီရမဂ္ဂဇင်း မဖတ်ဖြစ်သော စာဖတ်သူတို့ သိရှိကြမည် မဟုတ်ပါ။

နောက်တစ်ချက်···ဆရာဦး(ညွန့်မောင်ဦး)မှ ဂါထာ မှားနေပါကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြထားပေမယ့် ရွှေတိဂုံဘုရားကြီး ရာဟုထောင့်ရှိ ချမ်းသာကြီး တန်ဆောင်း ချမ်းသာကြီးဘုရားရှေ့မှာ မှားနေသောဂါထာမှာ ယခုရေးနေသော ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့အထိ အများဂါထာအတိုင်း ချိတ်ဆွဲထားဆဲ ရှိနေပါသည်။

ဆရာဦး(ညွန့်မောင်ဦး) ရေးသားထားသည့် ဂါထာအမှန်တို့နှင့် ချမ်းသာကြီးဘုရားရှိ ဂါထာကို ယှဉ်ကြည့်ပြီး ယခုချိန်မှာလည်း ဂါထာအမှား ချိတ်ဆွဲထားတုန်းပဲလား။ အမှန်ဖြစ်သွားပြီလား သေချာစွာ သိချင်လာ၍ ရွှေတိဂုံဘုရားပေါ်မှာ အမြဲဆုံနေကျ ကျွန်မမိတ်ဆွေ မစန်းစန်းအင်ကို ဖုန်းဆက်လှမ်းမေးလိုက်ပါ၏။ သူကလည်း ဘုရားပေါ်ရောက်နေ၍ ကျွန်မသိချင်တာကို ချမ်းသာကြီးဘုရားမှာ သွားဖတ်ပြီး ဂါထာကို ဖုန်းထဲကနေ ရွတ်ဆိုပြပါ၏။ ထို့ကြောင့် အမှန်နှင့် အမှား စာဖတ်သူများ သေချာကွဲပြားသွားစေရန် ရွှေတိဂုံစေတီတော်မှ အကျိုးဆောင် စာရေးဆရာဦး(ညွန့်မောင်ဦး)၏ ဆောင်းပါးမှ ချမ်းသာကြီးဘုရားဂါထာကို အထောက်အထား ခိုင်လုံစွာဖြင့် ဖော်ပြပေးလိုက်ပါသည်။

စေတီယင်စာမေးပွဲကို ရွှေတိဂုံစေတီတော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းအတွင်း ကျင်းပပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစာမေးပွဲတွင် ကျွန်တော်သည် ပလ္လင်စောင့် (အာရုံပြန်ဆိုရာတွင် ကူညီရသူ)နှင့် စာမေးပွဲတစ်လျှောက် စောင့်ကြည့်ရသူအဖြစ် ပါဝင်ကုသိုလ်ယူရပါသည်။ (၂၈-၁၂-၉၉)ရက်နေ့ စာမေးပွဲ ဖြေဆိုနေကြစဉ်မှာ မေးခွန်းလွှာများကို တာဝန်ယူကြီးကြပ်ရသော ဆရာတော် ဦးကောသလ္လာဘိဝံသ(ဓမ္မစရိယ) ပါဠိများ မှားယွင်းနေကြောင်း ထောက်ပြပါသည်။ ဆရာတော် ပြင်ပေးသော ဂါထာမှာ အောက်ပါအတိုင်း ဖြစ်သည်။

**သုခ ဘဂျ၊ ဗလဇေယျ၊**
**ယသတေဇော၊ လာဘံအာယု၊**
**အဌဝရာ၊ နိမာနေဝဓုန္တ၊**
**ဇိနတေဇသာ။**

ဂါထာအနက်မှာ ဘုရားအား ရှိခိုးပါသည်။ ရှိခိုးခြင်းကို ပြုသူအား ချမ်းသာခြင်း၊ ကုသိုလ်ကံကောင်းရှိခြင်း၊ အင်အားရှိခြင်း၊ အောင်မြင်ခြင်း၊ အခြံအရံများခြင်း၊ အာဏာတန်ခိုးရှိခြင်း၊ ဥစ္စာပေါခြင်း၊ လာဘ်များခြင်း၊ အင်အားရှိခြင်း၊ အောင် မြင်ခြင်း၊ အခြံအရံများခြင်း၊ အာဏာတန်ခိုးရှိခြင်း၊ ဥစ္စာပေါခြင်း၊ လာဘ်များခြင်း၊ အသက်ရှည်ခြင်း ဤမြတ်တရားရှစ်ပါးတို့သည် မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် တိုးပွားစေကုန်သတည်း။ ယခုလက်ရှိ ဘုရားရှေ့မှာ ချိတ်ဆွဲထားသော ဂါထာ(အမှား)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

သုခံ ဘဂျံ ဗလံ ဇေယျံ ယသတေဇော၊
လာဘံ၊ အာယု၊ အဌဝရော၊
နိမာနေဝ ဝဓုန္တ ဇိနတေဇသာ။

အောက်ဖော်ပြပါ ဂါထာမှန် သက္ကတဘာသာမှလာကြောင်းနှင့် ပိုမိုထိရောက် အကျိုးရှိစေရန် ဆရာတော်မှ အောက်ပါအတိုင်း ချီးမြှင့်ပါသည်။

**သော၊ ဘ၊ ဗ၊ ဇေ၊ ယျ၊ တေ၊ လာ၊ အာ၊**
**ချ၊ ဂျ၊ လ၊ ယျ၊ သ၊ ဇော၊ ဘ၊ ယု။**

၎င်းဂါထာကို စာချင်းလိုက်ဖက်သွားပါက အဓိပ္ပာယ်ကောက်မရပါ။ အထက်နှင့်အောက် တစ်ပိုဒ်စီ ဖတ်သွားမှသာ မှန်ကန်၍ ထိရောက်မှု ရှိပါသည်။ ယုံကြည်စွာရွတ်ဖတ်ပါ။ ဆရာတော် ဦးကောသလ္လ အဘိဝံသက ဤဂါထာနှင့်ပတ်သက်၍ အမိန့်ရှိသည်မှာ ဤဂါထာမှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျအား မင်းအဖြစ်မရောက်မီကပင် မိမိကိုးကွယ်သော ဆရာတော်ကြီးမှ ချီးမြှင့်သော ဂါထာဖြစ်ကြောင်း ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုသင့်ကြောင်းနှင့် ဦးအောင်ဇေယျကိုယ်တိုင်ပင် တစ်နေ့ ရှစ်ကြိမ် ရွတ်သည်ဟု ကြားဖူးကြောင်း အမိန့်ရှိပါသည်။ မိမိတို့ဘဝမှာ အခက်အခဲရှိသူများနှင့် ဂါထာကို ယုံကြည်သူများ ရွတ်ဆိုနိုင်ရန် ဤလာဘ်ရှစ်ပါး ဂါထာကြီးအား တင်ပြလိုပါသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တစ်နေ့ ရှစ်ကြိမ် ရွတ်ဆိုသောဂါထာကို ကျွန်မ မနက်ည နှစ်ကြိမ် ရွတ်ဆိုနေပါသည်။ ချမ်းသာကြွယ်ဝခြင်း၊ လာဘ်လာဘကို မျှော်ကိုး၍ လောဘဦးဆောင်ပြီး ရွတ်ဆိုခြင်းဖြင့် မဟုတ်ပါပေ။ မြတ်စွာဘုရားရှင်၏ တရားတော်တို့မှာ ကြားရုံနှင့်ပင် အပူစင်၍ ကျင့်လျှင် ချမ်းသာသော ပစ္စုပ္ပန် သံသရာ နှစ်ဖြာစလုံး အကျိုးရရှိနေစေနိုင်သောကြောင့်ပင်။ စာဖတ်သူအဆွေတော်တို့သည်လည်း ချမ်းသာကြီးဘုရား၏ ဂါထာအမှန်ကို သိရှိသွားပြီမို့ မိမိတို့ လိုရာဆန္ဒအဝဝတို့ ပြည့်ဝချမ်းသာစေဖို့ ရွှေတိဂုံစေတီရာပုထောင့် ချမ်းသာကြီးတန်ဆောင်း ချမ်းသာကြီးဘုရားရှင် ရှေ့တော်မှောက်၌ဖြစ်စေ၊ မန္တလေးမြို့ရှိ ချမ်းသာရ၊ ချမ်းသာကြီးဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ ရှေ့တော်မှောက်၌ဖြစ်စေ၊ ထိုဘုရားရှင်တို့၏ ဓာတ်ပုံတော် ရှေ့မှောက်၌ဖြစ်စေ မိမိတို့လိုရာဆန္ဒတို့ကို သစ္စာအဓိဋ္ဌာန်တင်ပြီး ချမ်းသာရဂါထာကို ရွတ်ဖတ်ပူဇော်ကြမည်ဆိုပါလျှင်...။

ဇာဖြူမွှင်း



www.burmeseclassic.com

www.burmeseclassic.com

# ပုဂ္ဂိုလ်ထူးပေး ငွေရောင်အိုးကလေး

မော်တင်သိန်းဇော်ဇ

အစိန္တေယျ အစိန္တေယျဟု အစချီလျက် ဘုရားရှင်ကို ရှိခိုးကန်တော့သော ဘုရားဝတ်ပြု ရှိခိုးရွတ်ပွားသော ဒေါ်ပု၏ လင်းအရုဏ် နသသတိ ဘုရားဝတ်ပြု ရှိခိုးရွတ်ပွားသံသည် အလွန်တရာမှ တိတ်ဆိတ်ငြိမ်သက် သာယာနေသည့် နံနက်ထင်းအရုဏ်ဦးချိန်တွင် ပတ်ဝန်းကျင်တစ်ခုသို့ ပျံ့လွှင့်၍ ပီပြင်စွာ ထိုးဖောက်လိုက်လေသည်။ ရွတ်ဖတ်မှု ဌာန်ကရိုဏ်းအမှန်ကန်သလို သီဆိုရွတ်ဖတ်ပွားရာ အသံရင်းကလည်း ချိုမြကြည်လင် သာယာလှ၍ ကြားလိုက်ရသူများအဖို့ ညွတ်ကျိုးကြည်နူးရ၍ ပီတိဖြာစရာ ကောင်းလွန်းလှပါဘိ။ တစ်ခါတစ်ရံ၌ ဒေါ်ပု၏ နံနက်ခင်းအရုဏ် ဝေလီဝေလင်းချိန် ဘုရားဝတ်ပြုရှိခိုးသံကို ဒေါ်ပု၏ နေအိမ်ရှေ့မှ ဖြတ်သန်းသွားရစဉ် ကြားတိုင်း ကြားကြရသော လမ်းသွားလမ်းလာ၊ ဈေးသည်၊ ဆိုက်ကားအနေးယာဉ်၊ ပဲပြုတ်၊ ပန်းရောင်းပန်းသည်ပါမကျန် စသလို လူပုဂ္ဂိုလ်အချို့က ဒေါ်ပု၏ ဘုရားရှိခိုး ဝတ်ပြုသီဆိုသံကို ခေတ္တခဏကလေးမျှ ရပ်ကြည့်၍ပင် ခံစားကုသိုလ်ပွားကြ၍ နာကြရသည်အထိပင် ဖြစ်ရတတ်ပါသည်။ ရပ်ကျော်ရွာကျော် ဖြစ်ရတော့သည်။

အမှန်တကယ် စင်စစ်မှာတော့ ဒေါ်ပု၏ ဘိုးဘွားဘီဘင်တို့အရ ဒေါ်ပုမှာ လူမျိုးဘာသာခြားသွေး အနည်းငယ်မျှ ရောနှောခတ်၍ဆိုသလို ပါရှိခဲ့သူတစ်ဦး ဖြစ်သော်လည်း ဒေါ်ပုမှာ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် ဘာသာတရား၊ ကုသိုလ်ကောင်းမှုများကို အလွန်အထူးမျှ ယုံကြည်သက်ဝင်လေးစားကာ ကြည်ညိုသက်ဝင်စွာ ဆည်းကပ်တည်အားထုတ်သူဖြစ်ကာ တစ်သက်တာမျှ ပင်တိုင်ဆိုသလို နံနက်အရုဏ် အစောကြီး၌ ဘုရားဝတ်ပြုရှိခိုးသည်။ ဥပုသ်သီတင်း ဘာဝနာများ အကြာကြီးပွားသည်။ ကြေးစည်ထု အမျှဝေသည်။ တရားထိုင်သည်။ ပုတီးစိပ်သည်။ ဥပုသ်စောင့်သည်။ ဆွမ်းသတ်လွတ်စားသည်။ တရားစခန်းဝင်သည်။ ဘုရားဖူးသည်။ လှူဒါန်းကုသိုလ်ပြုခြင်းများကို ကြီးစွာမျှ ကျင့်ကြံအားထုတ်ခဲ့သူတစ်ဦးဖြစ်သည်။ ဒေါ်ပု၏တစ်သက်တာ အာစိန္နကံသီလ ဘာဝနာ ကုသိုလ်ဒါန စရဏ ကံကြွင်းကံစများကြောင့်လားမသိ အလုပ်မဲ့ အိမ်နေမှီခိုသူ ဒေါ်ပုအနေဖြင့် တိုက်ရိုက်ကြီးသဘောနှင့် ဝင်ငွေအထူးလာဘ်လာဘမျှ မဝင်တတ်သော်လည်း ဒေါ်ပု၏အနေနှင့် ခင်ပွန်းသည်ဘက်မှ အမွေအနှစ်ရရှိခြင်း၊ ဆုမဲနှင့်ထီများ မကြာခဏပေါက်ခြင်း စသည့် ထူးခြားလှသော အကျိုးစီးပွား ရလာဒ်တို့ကို ဒေါ်ပု ခံစားစံစား ရရှိတတ်ခဲ့လေသည်။ သွယ်ဝိုက်၍ အကျိုးထူးရခဲ့လေသည်။

တစ်ခု ထူးခြားချက်အနေနှင့် တစ်ခုသောနှစ်တစ်နှစ်ကာလ၌ ဒေါ်ပုတို့ အသစ်ပြောင်းရွှေ့နေထိုင်လာခဲ့သည့် ယခုရပ်ကွက်ကြီးအနေနှင့် အထင်ကရ ပင်မသိုက်ကြောကြီးတစ်ကြော ရှိသည်ဟု အဆိုရှိ၏။ သိုက်ကြောလည်း အမှန်တကယ်ရှိနေခြင်းပင် ဖြစ်တော့သည်။ တစ်ကြိမ်တစ်ည တစ်ခါတုန်းက ဒေါ်ပုတို့ ပြောင်းရွှေ့ခါစတွင် ဒေါ်ပု၏ခင်ပွန်းသည် မယုံတတ်သူဖြစ်သူ ကိုယ်တိုင်ပင်လျှင် ဥစ္စာစောင့်မနှင့် ပက်ပင်းတွေ့ကြရ၏။ သရဲ မကျွတ်မလွတ်သူက ဝင်ပူး၊ ဝင်စီးခြင်းမျိုးကိုပင် အထင်အရှားမျှပင် တုန်လှုပ်ခြောက်မက် ထိတ်လန့်စရာအတိနှင့် အကယ်ပင် ခံစားကြုံတွေ့ခဲ့ရဖူးလေသည်။

ယင်းသို့ ရပ်ကွက်အသစ်တွင် နေထိုင်လာရင်းနှင့် နှစ်အတန်ငယ်ကြာသည့် မိုးညတစ်ည ဒေါ်ပု ဘုရားရှိခိုး အမျှဝေ၊ မေတ္တာပို့ကာ အိပ်ရာဝင်ပြီးသည့်အခါ သူတော်ကောင်းနတ်ကောင်းမ ဆိုသလို ဆိုင်ရာ ရှာခံပုဂ္ဂိုလ်ထူးတို့ ပေးအပ်မစချင်သည့်သဘောနှင့် ဒေါ်ပုအား ပစ္စည်းပေး အိပ်မက်ဆန်းတစ်ခုကို ထင်လင်းပီပြင်စွာ တိကျပေးရင်း အသိပေးလေသည်။ ထိုနေ့ည အိပ်မက်ထဲတွင် ပုဂ္ဂိုလ်ထူးဖြစ်သူက ဒေါ်ပုအား ယခုလက်ရှိနေထိုင်သည့် အိမ်အောက်တွင် တူးရှာပါ။ ပစ္စည်းများရပါမည်ဟု ချိုသာ ရင်းနှီးလိုက်လှဲသော အသံတို့နှင့် အတိအလင်းအခိုင်အမာ အဆန်းတကြယ်အဖြစ် ပြောဆိုအခါပေးခဲ့လေသည်။ အိမ်အောက်တွင် ပစ္စည်းများကို တူးရှာဖို့ကို အဝီအသ အခိုင်အမာကြီးပြောကာ အသိပေးလာခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်နှင့် အခါပေးအပ်သည့် ပုဂ္ဂိုလ်ထူးက ပစ္စည်းရဖို့ရန် အိမ်အောက်၏ ပစ္စည်းရှိရာ မည်သည့်နေရာကို တူးဖော်ရန်ကိုမူ နေရာအတိအကျ အသေအချာမျှ မညွှန်မပြောခဲ့၍ ဒေါ်ပုခမျာ နဝေတိမ်တောင်ဖြစ်မိရကား ဦးနှောက်ခြောက်ရပါတော့သည်။ ဒေါ်ပုသည် ပေါက်ကြားက လူများသိ ပြဿနာတက်မည်စိုး၍ သူမ၏ အိပ်မက်ဆန်းကို သူမ၏ခင်ပွန်းသည်နှင့် သားသမီး အိမ်သူအိမ်သားများကိုပင် အလျဉ်းတစ်စွန်းတစ်စမျှ မပြောပြ အသိမပေးဘဲ သိုဝှက်၍ ထားရှိခဲ့ပြီး တူးဖော်ရမည့်နေရာကိုသာ အဖြေရှာတွေးဆရင်း အကြံထုတ်ခဲ့လေသည်။ ရက်အတန်ကြာခန့်တွင်တော့ ဒေါ်ပုသည် စိတ်လည်းမရှည်၊ အကြံလည်းမရ မအောင့်နိုင်တော့၍ သူမ ယုံကြည်လေးစား အားကိုးယုံကြည်ရာ ဆရာတစ်ဦးဖြစ်သူထံသို့ သွားရောက်ကာ သူမ၏ အိပ်မက်ဆန်းပါ အကြောင်းခြင်းရာ အဖြစ်သနစ်စုံကို အားကိုးတကြီးနှင့် ရင်ဖွင့်ပြောပြ အသိပေး လေသည်။ ဒေါ်ပုအနေနှင့် ထိုဆရာဖြစ်သူ၏ ပစ္စည်းတူးရမည့် နေရာခန့်မှန်းကို ပြောပြအခါပေးခြင်းကိုလည်း ဝမ်းပန်းတသာနှင့် ရရှိခဲ့လေသည်။

ဒေါ်ပုသည် အိပ်မက်ဆန်းလည်းမက်၊ ဆရာဖြစ်သူ၏ တူးရမည့်နေရာကို အခါပေးကိုလည်း ရရှိပြီး အချိန်ကို စောင့်ဆိုင်းခဲ့လေသည်။ အခွင့်ကောင်းဖန်တီးလာသလို သူမ၏ခင်ပွန်းနှင့် သားသမီး အိမ်သားတစ်စုတို့ ဘုရားဖူးခရီးထွက်၍ အိမ်တွင်မရှိကြသည့် နေ့ကာလတစ်ရက်များ ရောက်လာကြုံလာချိန်တွင် ဒေါ်ပုသည် သူမ၏အကြံအစည်ကို လျှပ်ရှားလုပ်ဆောင်ရန် ပြင်ဆင်စတင်လေတော့သည်။ တစ်ကိုယ်တော် လှုပ်ရှားလေသည်။

ဒေါ်ပုသည် ရက်ကောင်းရက်တစ်ရက်ကို ရွေးချယ်လေသည်။ ထိုနေ့တွင် ဘုရားအား ကပ်လှူပူဇော်ခြင်း၊ ကိုးကွယ်ထားသည့် ဝိဇ္ဇာဓရဝင် ပုဂ္ဂိုလ်ထူးများ၊ အိမ်ခြံမြေစောင့်များအား ပူဇော်ခြင်းများကို ပြုမူလေသည်။ ထိုနေ့ညတွင်ပင် ဒေါ်ပုသည် သူမတို့နေအိမ်၏ အလယ်ခန့်နေရာရှိ အောက်မြေပြင်နေရာကို စိုးရိမ်ကြောက်လန့်မှုတွေ ကြားကနေ အရဲစွန့်ကာ အားသွန်လျက် တူးဖော်လေသည်။ ဒေါ်ပုသည် တူးရင်းဆက်ကာတူးရင်းနှင့် တူးဖော်မြေပေ တစ်ပေကျော်ကျော်ခန့်တွင် သူမ တူးနေသော တူးရာမြေမည်းမည်းထဲဆီမှ အဖြူဆွတ်ဆွတ်အရောင်ရှိ အလွန်လှပလှသော ငွေအိုးလေးတစ်လုံးကို ဖွေးခနဲ ဘွားခနဲဆိုသလို အတိုင်းသားကြီး တွေ့မြင်လိုက်ရသည့် ဒေါ်ပုသည် တုန်လှုပ်လှိုက်ဖိုမှုကြီးစွာတို့နှင့် ဝမ်းသာလုံးဆို့နင့်ကာ ငွေအိုးလေးကို ဝမ်းပန်းတသာ အမောတကော အငမ်းမရနှင့် ဆတ်ခနဲ လှမ်းကောက်လိုက်ပြီး တုန်တုန်ရီရီ ပျာပျာသလဲနှင့် အဖုံးကို အမြန်ဖွင့်ကြည့်လိုက်လေသည်။ ယင်းသို့ ရင်တုန်ပန်းတုန်နှင့် အမြန်အဆန်ပင် ဒေါ်ပုဖွင့်ကြည့်လိုက်ရာတွင် အလွန်အမင်းမျှ သူထင်မှတ် မျှော်လင့်တောင့်တနေမိသည့် ရွှေငွေတို့အစား ငွေအိုးလေးထဲတွင် မီးသွေးခဲလေးများကိုသာ အထင်းသားကြီး မြင်တွေ့လိုက်ရရှာလေသည်။ ဒေါ်ပုသည် မြင်ကွင်းနှင့် ဖြစ်အင်တို့ကြောင့် ခဲလေသမျှ သဲရေကျဆိုသလို ကိုယ်ရောစိတ်ပါ လက်ပန်းကျလျက် မချိတင်ကဲတို့နှင့် ယူကျုံးမရ ဖြစ်ရရှာလေတော့သည်။

ထို့နောက်ပိုင်း သုံးနှစ်ခန့်အကြာ နောက်ပိုင်းတွင် ဒေါ်ပုသည် အခြား ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ ထပ်မံ ပြောင်းရွှေ့ပြီးနောက် ဝိဇ္ဇာမရနှင့် ဂမ္ဘီရလမ်းကြောင်းတို့ကို လိုက်စားတတ်သိသော သက်ကြီးဆရာပုဂ္ဂိုလ်ကြီးတစ်ဦးအား သူမ၏ ထိုငွေအိုးလေးရ ဖြစ်အင်ဆန်းကို ရင်ဖွင့်ပြောပြ အသိပေးပြီး အဖြေထုတ်သဘောနှင့် မေးစမ်းကြည့်လေသည်။ "ပေးကားပေး၏၊ မရရသော" ဖြစ်ရပ်ထူးကို တင်ပြလိုက်သည်။

ထိုသက်ကြီးဆရာ ပုဂ္ဂိုလ်ကြီးဖြစ်သူက -

"သီလ ဘာဝနာ ကိုယ်ကျင့်တရားကောင်းပြီး ပ... ဆက်ပါလို့ ပုဂ္ဂိုလ်ထူးတွေက မစလေ့ရှိတတ်ကြပါတယ်။ ... ခံရတဲ့သူကလည်း သစ္စာရှိပြီး လျှို့ဝှက်ရပါတယ်။ ခု... ဆိုင်ရာကာယကံရှင် အမစခံရတဲ့သူက အိပ်မက်ထဲပါ တူး... ရမယ့်နေရာကို အသေအချာမသိရလို့ ဆရာတစ်ဦးကို ... ပြောပြ အသိပေးတိုင်ပင်မိခဲ့တာ ပေါက်ကြားမှားယွင်း... ဖြစ်ပြီး ဓာတ်လွဲရသလိုနဲ့ ပေးအပ်လိုတဲ့ပုဂ္ဂိုလ်တွေက ပြ... ပိတ်သိမ်းခဲ့တာ ဖြစ်နိုင်တယ်"

ဟု ဒေါ်ပုအား ထင်မြင်တွေးဆ ခန့်မှန်းချက်... ပေးလေသည်။ ဒေါ်ပုသည် သူမ၏ ပုဂ္ဂိုလ်ထူးတို့ပေး ... လေးရ ဖြစ်အင်ဆန်း လျှို့ဝှက်ဆန်းကြယ် အဖြစ်သ... ကို သူမ မကွယ်လွန်မီ၌ စာရေးသူအား ပြောပြခဲ့ပါ... ဂမ္ဘီရဝင်ရာ အကြောင်းခြင်းရာ အဖြစ်သနစ်ဆန်းတို့... ကြည်လေ့လာ စိတ်ဝင်စားသူများအတွက် လက်ဆ... တင်ပြအပ်ပါသည်။ အနီးကပ်သိမြင်ကြား တကယ်... မှန်တစ်ရပ် ဖြစ်ပါသည်။

မော်တင်သိန်း...



www.burmeseclassic.com

www.burmeseclassic.com


# တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံများ

**သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)**

## မိကျောင်း

ကမ္ဘာပေါ်တွင် မိကျောင်းအမျိုးမျိုးရှိသည့်အနက် မြန်မာပြည်အပါအဝင် အာရှတိုက်နှင့် ပစိဖိတ်ဒေသရှိ မိကျောင်းများသည် အကြီးဆုံးဖြစ်သည်ဟု သိရှိရပါသည်။ အကြီးဆုံးမိကျောင်းသည် ပေ ၃၀ ခန့် အလျားရှည်သည်ဟု ဆို၏။ သို့သော် ယခုအခါ ၁၅ ပေမှ ပေ ၂၀ ထိရှိသော မိကျောင်းများကိုသာ တွေ့ရှိရပါသည်။ မိကျောင်းများသည် ကြီးထွားနှုန်းမြန်၏။ အသက်ကြီးလာမှသာလျှင် ကြီးထွားနှုန်းလျော့ပေါ့၏။ မြန်မာနိုင်ငံတွင် မိကျောင်းကို လူတိုင်း [illegible] တွေ့ဖူးပြီး မွေးမြူရေးပင် လုပ်ထားကြ၏။ ရှေးခေတ်ရာဇဝင်သမိုင်းများတွင် မိကျောင်းနှင့်ပတ်သက်၍ အထင်အရှားရှိခဲ့ဖူးသည်။ မင်းနန္ဒာရာဇဝင်တွင် ငမိုးရိပ် မိကျောင်းအကြောင်း ပါရှိ၏။ ယနေ့ထက်တိုင် ငမိုးရိပ်ချောင်း၊ ငမိုးရိပ်သားများ အထင်အရှားရှိနေ၏။

မိကျောင်းဟူသော ဝေါဟာရသည် မြန်မာဝေါဟာရဖြစ်၏။ ပါဠိဘာသာအားဖြင့် သုံသုမာရ၊ ကုမ္ဘီလ၊ နက္ကဟု အမျိုးဖြင့်ဆိုပြီး အဓိပ္ပာယ်မှာ ရေအိုးအသွင်ဖြစ်နေသောအကောင်၊ သတ်ဖြတ်တတ်သောအကောင်၊ ဖျက်ဆီးတတ်သောအကောင်ဟု ပြန်ဆို၏။ မိကျောင်းသည် လိပ်၊ ပုတ္တန်လုံး၊ မကန်း(မကန်း)၊ ဖွတ်မိကျောင်း စသည့်အမျိုးတွင် ပါဝင်၍ ရေတွင်ကျက်စားတတ်သော သတ္တဝါဖြစ်၏။



မိကျောင်းကို လေ့လာရာ၌ ခေါင်းရှည်မိကျောင်းနှင့် ခေါင်းတိုမိကျောင်း နှစ်မျိုးတွေ့ရှိရ၏။ တွားသွားသတ္တဝါဖြစ်ပြီး လျင်မြန်စွာ မပြေးလွှားနိုင်ပါ။ ရေထဲတွင်လည်းကောင်း၊ ကုန်းပေါ်တွင်တက်၍လည်းကောင်း အစာရှာလေ့ရှိသော်လည်း ရေစပ်နှင့် အလှမ်းဝေးစွာအသွားဘဲ ရေထဲတွင်သာနေပြီး မလှုပ်မယှက် ရေစပ်တွင်နေပြီး ပါးစပ်ဖြဲထားလေ့ရှိ၏။ ရေသတ္တဝါ၊ ဖား၊ ငါးများ ပါးစပ်တွင်းရောက်လာကစား၏။ တစ်ခါတစ်ရံ ရေသောက်ဆင်းလာသော သမင်၊ ဒရယ်စသည်တို့ကိုလည်းကောင်း၊ တောဝက်၊ တောင်ဆိတ် စသည်များကိုလည်းကောင်း ဖမ်း၍စားကြ၏။ မိကျောင်းများသည် အကောင်လိုက် မျိုစားသော်လည်း အစာကြေကျက်လွယ်၏။ ၎င်း၏သွားများသည်လည်း တစ်ချောင်းကျိုးလျှင် နောက်တစ်ချောင်းထပ်ထွက်၏။ မိကျောင်းတွင် သန်စွမ်းခိုင်မာသော မေးရိုးကြီးနှင့် သန်မာသောအမြီး ရှိ၏။ ရန်သူတွေ့လျှင် အမြီးဖြင့်ရိုက်၍ သန်မာသော မေးရိုးကြီးဖြင့် ပါးစပ်ဟာပြီး ကိုက်ခဲလေသည်။ မိကျောင်း၏အမြီးဖြင့် အားယူ၍ရိုက်လိုက်ပါက လူမဆိုထားနှင့် ခြေလေးချောင်းရှိသော ကျွဲ၊ နွားများကိုပင် ခြေလေးချောင်းစလုံး ကျိုးအောင်ရိုက်ပြီး ရေထဲသို့ဆွဲချသွားပြီး ကြီးစွာသော ပါးစပ်ဟာပြီး သန်မာသော မေးရိုးဖြင့်ညှပ်ကာ စားသောက်ကြ၏။ ကမ္ဘာပေါ်တွင် လူများကိုသတ်ဖြတ်ရာ၌ ကျား၊ ကျားသစ်၊ ခြင်္သေ့၊ မြွေစသည့် သတ္တဝါများထက် မိကျောင်းသည် အများဆုံးသတ်ဖြတ်သော သတ္တဝါဖြစ်သည်ဟု မှတ်တမ်းများအရ သိရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

အာဖရိကတိုက်တွင် မိကျောင်းစား၍ သေရသော လူများ ၁၀၀၀ခန့်ရှိသည်ဟုဆို၏။ ထိုအထဲတွင် အမျိုးသမီးများနှင့် ကလေးငယ်များ အများဆုံးဖြစ်သည်ဟု သိရှိရ၏။ မိကျောင်းများသည် တစ်ကိုယ်လုံး ရေထဲတွင်စိမ်ထားပြီး မျက်လုံးနှစ်လုံးသာ ရေပေါ်သို့ဖော်ထားပြီး အစာကို စောင့်၍ ဖမ်းယူစားကြ၏။ ရေထဲတွင်အချိန်ကြာမြင့်စွာ နေနိုင်၏။ မိကျောင်း၏ မျက်လုံးနှစ်လုံးသည် သေးငယ်၍ တောက်ပ၏။ ညအချိန်တွင် မြင်နိုင်၏။ ညအချိန်မြစ်ချောင်းများအတွင်း လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပါက ကားမီးကဲ့သို့ နီရဲသောမျက်လုံးနှစ်လုံးကို တွေ့ရှိနိုင်ပေသည်။ မိကျောင်းများသည် ရေအောက်မှ တစ်ဆက်တည်း ကုန်းပိုင်းရောက်အောင် သဘာဝလိုဏ်ခေါင်းကြီးများ ရှိတတ်ကြ၏။ အချို့ ကုန်းပေါ်နှင့်ရေ ဆက်စပ်လျက်ရှိ လိုဏ်ခေါင်းကို နှုတ်သီးဖြင့်ထိုးဖောက် ယူထားတတ်ကြ၏။ သားကောင်ကြီးများရလျှင် ဝါး၍လည်း မျိုချမရသောကြောင့် ရေအောက်သို့ငုပ်ပြီး ထိုလိုဏ်ခေါင်းတွင် သွား၍ထားပြီး ပုပ်ပွမှသာ ကိုက်၍ စားကြ၏။

မိကျောင်းများသည် ရေနှင့်နီးသော သဲသောင်များပေါ်တွင် ဥများဥကြ၏။ တစ်ခါဥလျှင် အလုံး ၅၀ ခန့်ရှိပြီး သဲဖြင့်ဖုံးကာ တစ်နေရာမှ စောင့်ကြည့်နေလေ့ရှိ၏။ နေအလွန်ပူသောအခါ ဖုံးထားသောသဲပေါ်သို့ ရေများဖျန်းပေး၏။ သုံးလခန့်ကြာမှ မိကျောင်းကလေးများ ပေါက်လာကြ၏။

မိကျောင်းငယ်လေးများ ဥမှဖောက်၍ ထွက်လာသောအချိန်တွင် မိကျောင်းမကြီးသည် သဲများကိုယက်၍ပေးမှ အပေါ်သို့တက်လာနိုင်ကြ၏။ ထိုအခါ မိကျောင်းမကြီးသည် ဘေးဘီရန်သူ ဂရုမစိုက်နိုင်ဘဲ ၎င်း၏ကလေးငယ်များသည် ပေါက်ခါစ ၁၀ လက်မခန့်သာရှိ၏။ အပေါ်သို့ရောက်သည်နှင့် ရေရှိရာသို့ပြေးကြ၏။ ထိုအခါစွန်ရဲ သိမ်းငှက်များကလည်း ထိုးသုတ်ချီယူကြ၏။ ရေထဲသို့ ရောက်သွားသော မိကျောင်းငယ်လေးများကိုလည်း ငါးကြီးများနှင့် မိကျောင်းများက ဝါးမျိုစားသောက်ကြလေ၏။ အားလုံးကုန်မှ မိကျောင်းမကြီးက ရေထဲသို့လိုက်သွားရာတွင် သုံးပုံနှစ်ပုံခန့်မရှိတော့ဘဲ ၁၀ ကောင်၊ ၁၅ ကောင်သာ ကျန်ရှိတော့၏။ ထိုကျန်သော သားငယ်လေးများအား ဘေးကင်းရာသို့ မိကျောင်းသိုက်ခေါ် လိုဏ်ခေါင်းတွင်းသို့ ခေါ်ဆောင်ထားပြီး အစာရှာကျွေးလေ၏။ အချို့မိကျောင်းငယ်များက မိခင်နောက် ရေထဲဆင်းလိုက်သွားပါက အန္တရာယ်နှင့်တွေ့ရှိ သေဆုံးကြရပြန်ပေသည်။ သုံးနှစ်သားအရွယ်ရောက်မှ လေးပေခန့်ရှည်ပြီး ရန်သူကို ကွာကွယ်နိုင်ကြပြီး လေးနှစ်သားတွင် ခြောက်ပေခန့်ရှည်ပြီး အရွယ်ရောက်လာသော် မိတ်လိုက်တတ်လာကြသည်။ ထိုအခါကျမှ ရန်သူကို ကာကွယ်နိုင်ပြီး အစာများလည်း ရှာစားတတ်လာကြပေသည်။

ဆေးကျမ်းများတွင် မိကျောင်း၏သည်းခြေနှင့် အစွယ်သည် ဆေးဘက်တွင် အလွန်အသုံးဝင်ကြောင်း ပြဆိုထားသည်ကို တွေ့ရှိရ၏။ အထူးသဖြင့် မိကျောင်း[illegible] သားရေမှာ လူသုံးပစ္စည်းများ ပြုလုပ်ရာတွင် အသုံးပြု[illegible]၏။ မိကျောင်းသားရေလက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ သေတ္တာများ၊ ဖိနပ်များပါ ပြုလုပ်ရောင်းချရာတွင် [illegible] ကောင်းရ၏။ မိကျောင်းစွယ်သည် မျက်စိနာ၊ တိမ်စွဲ[illegible] များပျောက်၏။ အပူနာနှင့် အဆိပ်သင့်နာတို့ကိုလည်း ပျောက်ကင်းစေနိုင်၏။ မိကျောင်းသည်းခြေသည် ဝက်ရူး[illegible] ကိုလည်းကောင်း ခပ်သိမ်းသော အနာမျိုးတို့နှင့် [illegible] ရောဂါများပါပျောက်၏။ မိကျောင်းသည် ချိုဆိမ့်ရသာ[illegible] ဆူ၏။ အေး၏။ လေသည်းခြေကိုနိုင်၏။ သုက်ကိုပွား[illegible] တတ်၏။ အားကိုလည်းဖြစ်စေ၏။ ကျင်ကြီး၊ ကျင်ငယ်[illegible] ရှင်စေတတ်၏ဟု ဆေးကျမ်းများတွင် ဖော်ပြထားသည်[illegible] ကို တွေ့ရှိရပေသည်။

■ ■ ■

## မျောက်

မျောက်သည် လူနှင့်အတူဆုံးသတ္တဝါ ဖြစ်[illegible] လူများလုပ်သည်ကို အားလုံးလိုက်၍ လုပ်တတ်[illegible] လူများတွင် ခြေနှစ်ဖက်၊ လက်နှစ်ဖက် ရှိသော်[illegible] မျောက်များမှာ ရှေ့ခြေနှစ်ဖက်က ပိုရှည်ပြီး နောက်[illegible] ဖက်က တိုသည်။ လက်လေးဖက်ကဲ့သို့ ဖြစ်သည်။ [illegible] ပေါ်တွင် ရှေ့လက်နှစ်ဖက်ဖြင့် တွယ်၍ကူးပြီး [illegible] ဖက်ဖြင့်ပါ စွဲမြဲစွာ ဆွဲထားနိုင်သည်။ ခြေကချော် [illegible] မြဲ၊ လက်ကချော် ခြေကမြဲ ဆိုသောသဘော ဖြစ်[illegible] မျောက်များသည် အငြိမ်မနေဘဲ ခုန်ပေါက်ပြေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ ထို့ကြောင့် ဆော့သော ကလေးများအား မျောက်ရှုံးအောင်ဆော့သည်ဟု ပြောဆိုတတ်ကြသည်။

မျောက်ဟူသောအမည်သည် မာဂဓာဘာသာ အခေါ် မက္ကဋ – သက္ကတဘာသာ မက္ကဋမှ မြန်မာလို မျောက်ဖြစ်လာသည်ဟု ဝေါဟာရ လိနတ္ထဒီပနီကျမ်း၌ ဖော်ပြထားသည်ကို တွေ့ရှိရ၏။ မျောက်များသည် ကုန်းနေသတ္တဝါဖြစ်ပြီး အမျိုးပေါင်းများစွာရှိ၏။ မျောက်ရိုးရိုး၊ မျောက်လွှဲကျော်၊ မျောက်ဖင်နီ၊ မျောက်ပင့်ကူ၊ မျောက်ဝံ၊ လူဝံစသည်အားဖြင့် များစွာရှိ၏။ မျောက်များသည် တောတောင်ထူထပ်သော အရပ်ဒေသများတွင် နေထိုင်ကြ၏။ မြန်မာပြည်တွင် ပုပ္ပားတောင်၊ ဖိုဝင်တောင်တို့တွင် အများအပြားတွေ့ရှိရ၏။ သစ်သီး၊ သစ်ရွက်၊ သစ်ဉများကိုစားသုံးကြပြီး လူတို့စားသုံးသည့် မုန့်၊ ထမင်းစသည်များလည်း စားကြ၏။ မျောက်များသည် ပူအိုက်သောဒေသများ၌ လည်း နေ၏။ မြန်မာနိုင်ငံသစ်တောကြီးများတွင်လည်း မျောက်အုပ်ကြီးများ ရှိကြ၏။

မျောက်သား၏ ဂုဏ်သတ္တိမှာ ဆိမ့်၏။ သုတ်ကိုပွားစေ၏။ ကျင်ကြီး၊ ကျင်ငယ်ကို ရှင်စေတတ်၏။ မျက်စိနာ၊ ချောင်းဆိုးရင်ကျပ်နာနှင့် လိပ်ခေါင်းရောဂါ၊ သွေးဝမ်းသွားခြင်းကို ပျောက်ကင်းစေ၏။

မျောက်ရိုးဖြင့် ဖော်စပ်သော ဆေးများသည် ထုံနာ၊ တဥ္စနာ၊ ဖောရောင်နာ၊ မီးယပ်ရောဂါ၊ ဒူလာရောဂါ များပါ ပျောက်ကင်းစေနိုင်၏။ မျောက်ခေါင်းရိုးကို ဒူးရင်းစေ့ နှင့် ဆန်ဆေးရည်ဖြင့် သွေးလိမ်းပါက အဖောရောဂါများ ပျောက်ကင်းစေ၏။

■ ■ ■

## မိန့်ငှက် (လင်ကောင်ပိုး)

မိန့်ငှက်များသည် ဇီးကွက်များကဲ့သို့ ညဥ့်ငှက်များဖြစ်ကြသည်။ မိန့်ငှက်ကို လင်ကောင်ပိုးဟုလည်းကောင်း၊ ငှက်ဆိုးဟုလည်းကောင်း ခေါ်ကြသည်။ ၎င်းငှက်များသည် လူမမာရှိသော အိမ်ခေါင်ပေါ်မှာ "ဂစ်"ဟု မြည်သွားလျှင် လူမမာသေတတ်သည်။ ထို့ကြောင့် ငှက်စုန်းထိုး၍ သေသည်ဟု အယူရှိသောကြောင့် ငှက်ဆိုးဟု သတ်မှတ်ခြင်းဖြစ်ပေသည်။ ၎င်းပြင် "တမာကုလား၊ ဖောင်းကားကြေးနီ၊ ကရိကျိုးကျိန်၊ မိန်နှင့် ဘီလူး၊ တောင်စူးဘီးညှပ်၊ တဖျပ်ဖျပ်လျှင်"ဟု ရွှေတောင်ရာဇကျော် တောလားတွင် စပ်ဆိုထားသည်ကို တွေ့ရှိရပေသည်။

မိန့်ငှက်များသည် ဖြူသောအဆင်းရှိသည်ဟု ထင်ရသော်လည်း နေ့ခင်းကြည့်နေလျှင် မွဲခြောက်သော အရောင်နှင့် မျက်နှာဖြူ၍ အလျား ၁၃ လက်မကျော်ကျော်ရှိသည်။ ခြေတံအနည်းငယ်ရှည်၏။ မိန့်ငှက်များသည် များသောအားဖြင့် တန်ဆောင်မုန်းလနှင့် နတ်တော်လများတွင် အမြည်များပြီး ကျန်လများတွင် မြည်သံသိပ်မကြားရချေ။ နတ်တော်ပြာသိုလများတွင် သားပေါက်ကြသည်။ အသိုက်များကို အုတ်နံရံခေါင်းများတွင်လည်းကောင်း၊ ရေတွင်းအုတ်ကြားများတွင်လည်းကောင်း ပြုလုပ်တတ်ကြသည်။

မိန့်ငှက်များသည် သစ်ခေါင်းများတွင်လည်း အသိုက်ပြုလုပ်တတ်ကြသည်။ တစ်ခါဉလျှင် လေးလုံးမှ





www.burmeseclassic.com

www.burmeseclassic.com

ခုနစ်လုံးထိ ဥကြသည်။ နတ်တော်လတွင် သားပေါက်လေ့ရှိကြသည်။

မိန်ငှက်များသည် အရုပ်အားဖြင့်လည်းဆိုးပြီး အသံအားဖြင့်လည်း ဆိုးကြသည်။ ထို့ကြောင့် ငှက်ဆိုးစာရင်းတွင် ပါဝင်ခြင်းဖြစ်သည်။ မိန်ငှက်နှင့်ပတ်သက်၍ ဆေးအဖြစ် ဖော်စပ်သုံးစွဲသည်များ မရှိကြပေ။ ရလည်း ရခဲသော ငှက်မျိုးဖြစ်သဖြင့် အသားကိုလည်း စားသုံးမှုမပြုကြချေ။

■ ■ ■

## ဘုံမတီးငှက်ခေါ် ငှက်ကြီးတုံးစပ်

ဘုံမတီးငှက်ဟုလည်း ခေါ်၏။ ငှက်ကြီးတုံးစပ်ဟုလည်း အချို့ကဆိုကြ၏။ ၎င်းငှက်၏ ပုံသဏ္ဌာန်မှာ ခြေတံနှင့် နှုတ်သီးရှည်၏။ အတောင်သည်ကြီး၍ ပျံ့ကား၏။ အဖိုသည် အလျား ၅ ပေခန့်ရှည်ပြီး အမသည် ၄ ပေခွဲခန့်ရှည်၏။ ၎င်းငှက်၏ အရပ်သည်လည်း အတော်ရှည်၏။

ဘုံမတီးဟူသော ဝေါဟာရသည် မြန်မာအခေါ် ဝေါဟာရဖြစ်ပြီး ပါဠိဘာသာအားဖြင့် လောကပိဋ္ဌနှင့် ကက်ဟုနှစ်မျိုးရှိ၏။ ရှေးနိဿယတို့၌ ကက်ကို ငှက်ကြီးတုံးစပ်ဟုရင်း၊ လောကပိဋ္ဌကို သင်တိုင်းဝတ်ငှက်ဟုရင်း အနက်ပေးကြ၏။ ဆရာများကား ဘုံမတီးဟု အမည်ပေး၏။ အချို့ဆရာတို့ကား ငှက်နွားဟုလည်း ခေါ်ဆိုကြသေး၏။

ဝေဿန္တရာဇာတ် အဋ္ဌကထာ၌ နီသောအဆင်း၊ ခြေရှည်သော၊ နှုတ်သီးကြီးသော ပမာဏတို့နှင့် ညီညွတ်သောငှက်မျိုးကို (ဘုံမတီး)ငှက်ဟု မှတ်ယူရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရ၏။ ဆရာတော်ဦးဖုံ၏ စီရင်တော်မူသော သတိပဋ္ဌာန် နိဿယတွင်လည်း (ဘုံမတီး)ဟုဖော်ပြထား၏။

ဘုံမတီးငှက်အား ငှက်ကြီးတုံးစပ်ဟုလည်းကောင်း၊ ငှက်နွားဟုလည်းကောင်း၊ သင်တိုင်းဝတ်ငှက်ဟုလည်းကောင်း အမျိုးမျိုးခေါ်ဝေါ်သုံးစွဲလျက် ရှိသည်ကိုတွေ့ရ၏။ ဘုံမတီးငှက်၏ အကျိုးသွားအာနိသင်မှာ အသားသည်ပူ၏။ သုတ်ကို ကုန်ခန်းစေတတ်၏။ အသွေးအသားတို့ကိုလည်း ခြောက်ကပ်စေတတ်၏။ စိတ်နှလုံး မကြည်မသာ ရှုံသွပ်စေတတ်၏။ ဘုံမတီးငှက် (ငှက်ကြီးတုံးစပ်)နှင့် ပတ်သက်၍ ရှေးဟောင်းဆေးကျမ်း၊ တတ်ကျမ်းများတွင် ဆေးဖက်ဝင်ပုံ




ဖော်ပြထားခြင်း မရှိသဖြင့် ၎င်း၏အသားကို စားသုံးခြင်းမှ ရှောင်ကြဉ်သင့်သည်ဟု အကြံပြုတင်ပြ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

■ ■ ■

## ဘုတ်ငှက်

ဘုတ်ငှက်တို့သည် စမ်းချောင်း၊ ရေအိုင်တို့၏ ကမ်းပါးတစ်လျှောက်နှင့် ကိုင်းတော၊ ဖိစပ်တောများအတွင်း ကျက်စားလေ့ရှိကြသည်။ ၎င်းတို့၏အစာမှာ ပိုးကောင်၊ နံ့ကောင်များဖြစ်သည်။ ဖွတ်၊ ပုတတ်၊ မြွေတို့ကိုလည်း စားကြ၏။ အထူးသဖြင့် မြွေကိုပို၍ ကြိုက်နှစ်သက်ကြ၏။ ဘုတ်ငှက်ကို အချို့က ဂဠုန်ငှက်မျိုးဝင်ဟု "ပြောဆိုကြသည်။ ပျားအုံများကိုလည်း ဖွပ်တတ်ကြ၏။ မိုးရွာပြီး ခါစအချိန်များတွင် ဘုတ်ငှက်များသည် ချုံများပေါ်၌လည်းကောင်း၊ ဝါးရုံများပေါ်၌လည်းကောင်း၊ နေစာလှုံ၍ နေတတ်ကြ၏။ ဘုတ်ငှက်များသည် အသံကျယ်စွာ အု-





www.burmeseclassic.com

www.burmeseclassic.com

အု–အု အိအီ စသည်ဖြင့် အော်မြည်တတ်ကြ၏။ တစ်ကောင်အော်လျှင် ကျန်ဘုတ်ငှက်တို့ပါ လိုက်၍အော်တတ်ကြသည်။ 'ရွှေဘုတ်က အိုးအီ'ဟု စာဆိုပြုကြသည်။ ဘုတ်ကို ကျီးရှိသေး၊ ကျီးကို ဘုတ်ရှိသေးဟု စကားပုံရှိသော်လည်း ဘုတ်ငှက်ကိုမြင်ဖူးသူ ရှားပါးလှသည်။ ဘုတ်ဟူသော ဝေါဟာရသည် ၎င်းတို့အသံကို အစွဲပြုခေါ်ခြင်းဖြစ်သည်။ ပါဠိဘာသာအားဖြင့် ကုကုတ္ထကဟုခေါ်၏။ ဘုတ်ငှက်သည် ဥဩငှက်များနှင့် တူသော်လည်း ဥဩ၊ ကျီးငှက်တို့ကဲ့သို့ အမြင့်သို့မပျံနိုင်ကြပါ။

ဘုတ်ငှက်များသည် ဟိုချုံဒီချုံကူးရုံမျှသာ နိမ့်နိမ့်ပျံကြ၏။ ဘုတ်ငှက်များသည် မြက်ဖုတ်၊ ချုံဖုတ်များတွင် အသိုက်ပြုလုပ်၍ သားပေါက်ချိန်မှာ မိုးဥတုဖြစ်၏။ ဘုတ်ငှက်အဖိုနှင့် အမသည် အသိုက်အတူတူပြုလုပ်ပြီး ဥများကို တစ်လှည့်စီ ဝပ်ပေးကြ၏။ သားပေါက်လာလျှင်လည်း အတူတူ တာဝန်ယူစောင့်ရှောက်ကြ၏။ ဘုတ်ငှက်များကို မြန်မာပြည်အနှံ့အပြားနှင့် အရှေ့တိုင်းနိုင်ငံများတွင် တွေ့ရှိနိုင်ပေသည်။

ဘုတ်ငှက်၏ ဂုဏ်နှင့် အကျိုးအာနိသင်မှာ ဆီးရောဂါအမျိုးမျိုး၊ နားကိုက်၊ နားနာ၊ နားပြည်ယိုခြင်းများနှင့် တိမ်သလာများ ပျောက်ကင်းစေနိုင်၏။

**ရောဂါအလိုက်အသုံးပြုပုံ**

(၁) မျက်စိအမြင် တိမ်သလာစွဲသော် ဘုတ်သုက် မျက်စိတွင်း ခပ်ပေးခြင်းဖြင့် ပျောက်ကင်းစေ၏။

(၂) နားကိုက်၊ နားပြည်ယိုသော် ဘုတ်တစ်ကောင်လုံးကို ပြာချပြီးနောက် ၎င်းပြာ ၁၀ သား၊ နှမ်းဆီ ၂၀ သားဖြင့် ဖျော်ပါ။ ၎င်းနောက် ဘုတ်တောင်ဖြင့် နားတွင်းသို့ ကြပ်ပေးခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။

(၃) ဆီးအိမ်၌ ကျောက်တည်ပါက ဘုတ်သားကို အချဉ်တည်၍ ချက်စားပေးပါက ပျောက်ကင်းစေပါ၏။

(၄) ဆီးအိမ်၌ ကျောက်တည်ရောဂါဖြစ်ခဲ့သော် ဘုတ်ငှက်ရိုးကို သံပရာရည်ဖြင့် သွေးပြီး ဆီးအိမ်ပေါ်တွင် လိမ်းပေးပါ။ ၎င်းပြင် ၄ ပဲသားခန့် တစ်နေ့နှစ်ကြိမ်သောက်ပေးပါက ကျောက်ကျ၍ ပျောက်ကင်းစေပါသည်။

(၅) ဆီးပူ၊ ဆီးအောင့်ရောဂါဖြစ်ပါက ဘုတ်ငှက်ရိုးကို ခဲပုတ်ဖြင့်ရေသွေးပြီးလျှင် ဆီးအိမ်ပေါ်တွင် အထက်မှ အောက်သို့ ဆွဲချလိမ်းပေးပါက ပျောက်ကင်းစေပါသည်။

ဘုတ်နှင့်ပတ်သက်၍ ရှေးဟောင်း အာယုဗ္ဗေဒဆေးကျမ်းများတွင် ဖော်ပြထားခြင်းမရှိသော်လည်း မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားသည်မှ ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

■ ■ ■

## ဘဲ(ဝမ်းဘဲ)

ဘဲကို ဝမ်းဘဲဟုခေါ်၍ ဥစားရန်အတွက်လည်းကောင်း၊ အသားစားရန်အတွက်လည်းကောင်း ခြံများဖြင့် စီးပွားဖြစ်မွေးမြူကြ၏။ ဘဲတွင် လူများမွေးသော ဘဲနှင့် ရေဝမ်းဘဲ(တောဘဲ)များလည်း ရှိ၏။ တောဘဲများသည် ရေတွင်ကျက်စား၍ ငှက်များကဲ့သို့ အဝေးသို့ပျံနိုင်၏။ ဘဲမျိုးနွယ်တွင်ပါဝင်သော ဘဲငန်းကြီးများနှင့် မန်ဒါလီဘဲများလည်း ရှိကြ၏။ ဘဲများသည် အခြားငှက်သတ္တဝါများနှင့် မတူသောအချက်များမှာ နှုတ်သီးပါးစပ်သည် ပြား၏။ ခြေထောက်များရှိ ခြေချောင်းများအတွင်း အရေပြားဖြင့် ဆက်စပ်၍ ပါရှိ၏။ ထို့ကြောင့် ရေထဲတွင်လည်း ခြေဖြင့် ယက်၍ ကူးခပ်နိုင်၏။ ဝမ်းဘဲသည် မြန်မာအမည်ဖြစ်ပြီး ပါဠိဘာသာတွင် ကာဒမ္ဗကလကံသဟုဖြစ်သည်။ ဘဲကိုပါဠိ၌ ကလဟံသဟု ဖွင့်ဆိုထားသောကြောင့် ဟင်္သာငှက်မျိုးတွင်လည်း ပါဝင်သည်ဟု ယူဆနိုင်၏။ မြန်မာပြည်တွင် ဘဲကို တောဘဲ၊ ဘဲခေါင်းစိမ်း၊ ဘဲအ၊ ဘဲရစ်ဟုလည်း ခွဲခြားထားကြ၏။

ဘဲများသည် ညွန်များ၊ ရွှံ့များ ပေါများသည့် မြစ်ချောင်း၊ အင်းအိုင်များ၌ အနေများကြ၏။ ရေအိုင်များ ချောင်းများအတွင်းရှိ ရွှံ့ညွန်များအတွင်း ၎င်း၏နှုတ်သီးပြားဖြင့် ထိုးနှစ်ခါ၊ တီကောင်၊ မွှားကောင်များစားကြ၏။ ရေပေါ်တွင်လည်း ကူးခပ်၍ ပုစွန်ဆိတ်များ၊ ငါးအသေးလေးများကိုလည်း စားကြ၏။ စပါးပင်များကို ကိုက်ဖြတ်နင်းခြေပြီးလည်း စားတတ်ကြ၏။ ဘဲမွေးမြူသူများသည် ရေကန်၊ အင်း၊ အိုင်များအနီးတွင် မွေးမြူကြ၏။ ဘဲများသည် အုပ်စုလိုက်နေတတ်ကြ၏။ ထို့ကြောင့် ဘဲအုပ်က တစ်ရာနှစ်ရာဟု ခေါ်ဆိုကြ၏။ တောဘဲများသည် တောတွင်းမြစ်ချောင်း၊ အင်းအိုင်များအနီးတွင် နေထိုင်ကြပြီး အဖို၊ အမ



www.burmeseclassic.com

www.burmeseclassic.com


ဟွဲ၍နေတတ်ကြ၏။ ချောင်းဘေး၊ အိုင်ဘေးများတွင် အသိုက်ပြုလုပ်ပြီး ဥဥကြ၏။ တစ်ခါဥလျှင် လေးလုံး၊ ရှစ်လုံးထိ ဥတတ်ကြ၏။ မိုးဦးကျတွင် ဥလေ့ရှိကြ၏။ အိမ်မွေးဘဲများသည် လူတို့၏ပြုပြင်ပေးမှုကြောင့် ဆယ့်နှစ်လရာသီ ဥကြ၏။ တောဘဲများသည် သစ်ပင်ခွကြားများ၌လည်းကောင်း အသိုက်များ ပြုလုပ်တတ်ကြ၏။ ထူးခြားသည်မှာ မြွေများအရေခွံလဲသကဲ့သို့ အမွေးများအသစ်လဲ၍ ပေါက်ကြ၏။ ထိုသို့ အသစ်လဲသောအချိန် အသိုက်တွင်းတွင် ရန်သူနှင့် မတွေ့အောင်နေလေ့ရှိပြီး အမွေးအတောင်များစုံ၍ ပျံနိုင်မှသာ ထွက်လေ့ရှိကြ၏။

ဘဲခေါင်းစိမ်း၏ ခြေထောက်သည်နီနေ၏။ အချို့က ဘဲခြေနီဟုလည်း ခေါ်ဆိုကြ၏။ ဦးခေါင်း၏ အရောင်သည် ကိုယ်အရောင်နှင့်မတူဘဲ စိမ်းနေသဖြင့် ဘဲခေါင်းစိမ်းဟု ခေါ်၏။ အခြားထူးခြားချက်တစ်ခုမှာ ဘဲခေါင်းစိမ်းအထီး၏ အမြီးအလယ်ခေါင်ရှိ အမွေး လေးချောင်းသည် အပေါ်သို့ ကော့တတ်လျက်ရှိ၏။ ဘဲခေါင်းစိမ်း၏ လည်ပင်းတွင် အဖြူရစ်ပါရှိပြီး အရောင်မှာ မွဲခြောက်ခြောက်ဖြစ်၏။ ဘဲခေါင်းစိမ်းများသည် အုပ်စုလိုက်ဖွဲ့၍ မြစ်၊ ချောင်း၊ အင်း၊ အိုင်အနီးအနားတွင် နေထိုင်ပြီး ရေပေါ်တွင်လည်းကောင်း၊ ရေအောက်တွင်လည်းကောင်း အစာရှာစားကြ၏။ ပျံလျှင်လည်း လျင်မြန်စွာ ပျံသန်းနိုင်၏။ ဘဲခေါင်းစိမ်းများသည် တစ်နေရာတည်းတွင် မနေဘဲ ရာသီဥတုလိုက်၍ နေထိုင်၏။ ဆောင်းရာသီတွင် မြန်မာပြည်မြောက်ပိုင်း၊ အထက်၊ ချင်းတွင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အတွေ့ရများ၏။

ဘဲအများသည် ဘဲနှင့် မျိုးရင်းတူမျိုးခွဲတစ်မျိုးဖြစ်သည်။ ဘဲအမ အရောင်မှာ အညိုရောင်တွင် အပြောက်ကလေးများ ပါရှိသည်။ နှုတ်သီးသည် အခြားဘဲများထက် တို၍ အမြီးသည်ရှည်၏။ ဘဲအဖို၊ အမတို့သည် ဝမ်းဗိုက်တွင်ဖြူ၏။ ကိုယ်အထက်ပိုင်းနှင့် ဦးခေါင်းမှာမည်းနေ၏။ ဘဲအများသည် အုပ်စုလိုက်ဖွဲ့၍ ပျံတတ်ကြ၏။

ဘဲရစ်ကိုအချို့က ဘဲကျားဟုလည်း ခေါ်၏။ ဘဲရစ်များသည် ရိုးရိုးဘဲထက် အနည်းငယ်သေးသော်လည်း အမြီးသည်ပို၍ရှည်၏။ လည်ပင်းလည်းရှိ၏။

ဘဲရစ်များသည် ကြောက်တတ်သော သတ္တဝါများဖြစ်၍ အုပ်စုဖွဲ့ပြီး ကိုင်းပင်၊ ကြူပင်များကြားတွင်



ကျက်စားကြ၏။ လူသံကြားလျှင် အုပ်စုလိုက် ပျံတက်သွားကြ၏။ အကောင် ၂၀ မှ ၅၀ ကျော်ထိရှိတတ်၏။ ဘဲရစ်များသည် နေ့အခါ လူသူမနီးသောနေရာများတွင် ကျက်စားလေ့ရှိကြ၏။ ဘဲရစ်များသည် ဆိတ်ငြိမ်စွာနေလေ့ရှိပြီး တစ်ခါတစ်ရံ ဘဲရစ်အမသာလျှင် ခပ်တိုးတိုး အသံမြည်တတ်၏။

ဘဲသားများ၏ ဂုဏ်သတ္တိနှင့် အကျိုးအာနိသင်မှာ ဘဲသားသည်အေး၏။ ဝမ်းကိုရှင်စေ၏။ သုတ်ကိုပွားများစေတတ်၏။ လေထိုး၊ လေအောင့်၊ လေနာရောဂါတို့ကိုလည်း နိုင်၏။ ဆီးကိုရှင်စေ၏။ အဆည်းအေးမြ၍ ခွန်အားကိုတိုးပွားစေ၏။

ဘဲဥ၏ဂုဏ်သတ္တိမှာ ဆီးရှင်စေပြီး သုတ်ကိုပွားစေ၏။ ကာမကြောတို့ကို သန်စွမ်းစေပြီး ကာမစိတ်ကိုတိုးပွားစေ၏။

ဆီးရောဂါနှင့် လေရောဂါများအတွက် ဘဲသားချက်စားခြင်းဖြင့် ပျောက်ကင်းစေ၏။ ၎င်းအပြင် အသည်းကိုအေးမြ၍ အားကိုတိုးပွားစေ၏။

**ပန်းသေရောဂါပျောက်ဆေး**

ခရမ်းရှည်သီးတစ်လုံး မီးဖုတ်ပြီး အခွံသင်ပါ။ ဘဲဥတစ်လုံးကိုဖောက် ရောမွှေပြီး ထောပတ်ဖြင့် ကြော်စားပါက ပန်းသေ၊ ပန်းညှိုးရောဂါပျောက်ပြီး အလိုမပြည့်သူများ ပြည့်ဝစွာခံစားရမည် ဖြစ်ပေသည်။

သမားတော်ကြီးဒေါက်တာသက်ဆွေ (ရှေ့ဆောင်တ



www.burmeseclassic.com

www.burmeseclassic.com



# ကင်ဆာရောဂါ

ဝင်းဇော်(သုံးဆယ်)

ရှေးနှစ်ပေါင်းများစွာကပင် ရေပန်းစားကာ လူအများကို ခြောက်လှန့်စေသော၊ ကြောက်လန့်စေသော ကင်ဆာရောဂါသည် လူတို့တွင်ဖြစ်တတ်သော ကြက်သွေးနာ၊ ဂူနာ၊ ပါးပေါက်နာ၊ နို့နာ၊ ဆုံဆို့နာ စသည်ဖြင့် အမည်ရာဌာနများကို ခွဲ၍ သူ့အမည်နှင့်သူ ရှိခဲ့ကြသည်။ ယနေ့အခါမှာတော့ ကင်ဆာရောဂါဟု ခေါ်ဝေါ်နေကြသည်။

ရှေးယခင်ကတော့ ၎င်းရောဂါများသည် ယနေ့ခေတ်ကာလကဲ့သို့ အဖြစ်မများခဲ့၍ အမှတ်မထင်နေကာ ကြောက်မလန့်ခဲ့ကြခြင်း ဖြစ်သည်။

ယနေ့အခါမှာတော့ အစာအမျိုးမျိုး၊ လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေများပြား၊ အပျော်အပါးများကမျိုးစုံ၊ အလုပ်တွေကများ၊ အအိပ်အစားကမမှန်၊ ရာသီဥတုကဖောက်ပြန်၊ အာဟာရဓာတ်တွေ့ချို့တဲ့ စသောများပြားလှသော အကြောင်းအမျိုးမျိုးတို့ကြောင့် ၎င်းရောဂါများ တိုးပွားလာသည်ဆိုက မမှားနိုင်ပေ။

သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများသည် အလုပ်အကိုင်ကို ပင်ပင်ပန်းပန်း မလုပ်ကိုင်ရဘဲ အချို၊ အဆီ၊ အဆိမ့်တွေကို အစားများပြီး ပန်ကာအောက်လေအေးပေးခန်းထဲတွင် နေသူများသာ ဖြစ်တတ်သော်



www.burmeseclassic.com

www.burmeseclassic.com

လည်း ကင်ဆာရောဂါသည် ဆင်းရဲချမ်းသာမရွေး တောနေ မြို့နေ လူတန်းစားမရွေး ဖြစ်တတ်သောကြောင့် လူခပ်သိမ်း တို့နှင့် အမြဲဆက်ဆံနေသောရောဂါဟု ဆိုချင်ပါသည်။

သိပ္ပံဆေးပညာကို လူအများက အားကိုးနေသော ယနေ့အချိန်ကာလတွင် ၎င်းပညာရှင်ကိုယ်တိုင်ကပင် ကင်ဆာရောဂါအတွက် အမြစ်ပြတ်ပျောက်စေနိုင်သော ဆေးကို ရှာဖွေမတွေ့သေးကြောင်း ဝန်ခံလိုက်သောအခါ ထိုရောဂါသည် သိပ္ပံပညာကို အားကိုးနေသော လူအများ အပေါ်၌ ပို၍ပင် ခြောက်လှန့်လာခဲ့သည်။

ဝေဒနာရှင်သည် ကင်ဆာဟူသောအသံကို ကြား လိုက်ရသည်နှင့် တစ်ပြိုင်နက် အချိန်တစ်ဆယ်ရှိသော သံတူကြီးနှင့် ဦးခေါင်းကို ထုလိုက်ခံလိုက်ရသည့်ပမာ အလွန်ပင် ထိတ်လန့်၍ စိတ်ဓာတ်များကျဆင်းလာပြီး စိုးရိမ် သောကများ ကြီးမားလာကြသည်။ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်ဖြစ်ပြီး ခန္ဓာကိုယ်အင်အားများ လျော့ကျလာ သည်နှင့်အမျှ ရောဂါမှာလည်း အင်အားပိုမိုကြီးမားလာ တော့သည်။

ထို့ကြောင့် ကင်ဆာရောဂါသည်နှင့် တွေ့ဆုံမိသည့် အခါ ကင်ဆာဟုဆိုသော စကားကို လေသံမျှပင် မထွက်မိစေ ရန်နှင့် ဝေဒနာရှင်အား စိတ်ဓာတ်မကျစေရန်အတွက် အား ပေးစကားကိုသာ ပြောကြားပေးသင့်လှပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကာလက အသက် ၅၀ ကျော် အမျိုးသမီးတစ်ဦးသည် လည်ချောင်း ပိတ်ဆို့ပြီး ရေကျိုပင် မမျိုနိုင်လောက်သော အခြေအနေ သို့ ရောက်ရှိနေ၍ လည်ချောင်းကင်ဆာဟုဆိုကာ စိတ် ဓာတ်များ ကျဆင်းလျက်ရှိပါသည်။ ရောဂါအခြေအနေ သည် ဆိုးသည်ထက်ဆိုးလာသဖြင့် ဆရာဝန်က ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ သွားရန်သာ ညွှန်ကြားနေပါသည်။

ဝေဒနာရှင်အိမ်နီးချင်းက ကျွန်တော်၏အဘိုး ဆရာ သိန်းကို ပြသကြည့်ရန်ညွှန်ကြားသဖြင့် ဝေဒနာရှင်ဆိုသူ၏ မိသားစုက အဘိုးဆရာသိန်းထံသို့ ခေါ်လာပါသည်။ ရောဂါ အခြေအနေကို မေးမြန်းကြည့်သောအခါ ကင်ဆာရောဂါ၏ လက္ခဏာများဖြစ်နေကြောင်း သိရသည်ဟု အဘိုးဆရာ သိန်းက ပြောပြသည်။ အဘိုးဆရာသိန်းက ဝေဒနာရှင်ကို အသေအချာ စစ်ဆေးကြည့်သောအခါ ကင်ဆာရောဂါ မဟုတ်ကြောင်း သိသွားသည်။

ဝမ်းထဲမှ အပူခိုးများ ပြင်းထန်စွာတက်လာခြင်း ကြောင့် လည်ပင်းတွင် အခိုးဆို့နေမှန်း အတပ်သိလိုက် သည်။ အဘိုးဆရာသိန်းက သူဖော်စပ်ထားသော ဆေးကို ယူပြီး လူနာ၏လျှာကို ပွတ်ပေးသည်။ ဆေးကို ပျားရည်၊ ရေနွေးများဖြင့် ရောစပ်၍ ပါးစပ်ထဲတွင် ငုံခိုင်းထား၏။ ကြက်သွန်ဖြူ ခုနစ်မွှာင်ဖြင့် လည်ပင်းမှ လက်ကောက် ဝတ်ထိတိုင်အောင် ဆွဲချပေးသည်။ လက်ကောက်ဝတ်ကို ပတ်တီးစည်းပေးသည်။ ရေသောက်ခိုင်းရာ သောက်နိုင် လာသဖြင့် ဝမ်းနုတ်ဆေးကိုကျွေးသည်။ လူနာသည် ဝမ်းနှစ်ခါသွားပြီးသောအခါ လည်ချောင်းထဲတွင် ဘာဝေ နာမှ မခံစားရတော့ကြောင်းပြောသည်။ ညနေတွင် လူနာ နှင့် သူ၏မိသားစုသည် အဘိုးဆရာသိန်းကို ကန်တော့ပြီး စိတ်အေးချမ်းသာစွာဖြင့် ပြန်သွားကြပါသည်။ ဤနေရာ၌ လူနာ၏အသက်ကို ကယ်တင်လိုက်သော အရာမှာ ကြက် သွန်ဖြူဖြစ်ပါသည်။ ရှေးတိုင်းရင်း မြန်မာ့ဆေးဆရာကြီး များ၏ အနာရွေ့နည်းကုထုံးကို ရယ်စရာဟုသာ သဘော ထားလျှင် လူနာ၏အသက်ကို ကယ်တင်နိုင်လိမ့်မည် မဟုတ်ပါ။ တိုင်းရင်းမြန်မာ့ဆေးပညာ၏ အစွမ်းထက်ပုံကို ဤအချက်က သာဓကတစ်ခုအဖြစ် ပြသလိုက်ခြင်းဖြစ် သည်။

သည်းခြေအပူကို အကြောင်းခံပြီး လည်ချောင်းနှင့် မေးစေ့အောက် လည်ပင်းတို့တွင် ရောင်တင်း၍ ကြပ်ဆို့ပြီး အစာကို မမျိုနိုင်သော 'ဆုံဆို့နာ'ခေါ် ရောဂါဖြစ်နေသူတို့ တွေ့ရှိပါက ကြက်သွန်ဖြူခုနစ်မွှာင့်ကို အခွံခွာပြီး ထိပ်မှာ လှီး၍ အဖုအကျိတ်ရှိသောနေရာမှ လက်ကောက်သို့တိုင် အောင် ကြက်သွန်ဖြူကို မလွတ်စေဘဲ အသက်အောင့်ပြီး တစ်ကြောင့်စီဆွဲချပြီး လွှင့်ပစ်ပါ။ လက်ကောက်ဝတ်ကို ပတ်တီးစည်းထားပါ။

မှတ်ချက် ။ ။ အထဲတွင် အနာဖြစ်နေလျှင် လက် ကောက်ဝတ်၌ အနာပေါ်လာမည်။ အပူကြီးနေလျှင် လက် ကောက်ဝတ် ရောင်လာမည်။ အပူအနည်းငယ်သာရှိလျှင် နီရုံသာ နီနေမည်။

ထိုအခါ အနာနှင့်အရောင်များကို ပျောက်ကင်းစေ နိုင်သော မန်းဆေးကို တိုက်၊ လိမ်း၊ ရှုခိုင်းရပါမည်။ မကြာမီတွင် ရေသောက်နိုင်၊ အစားစားနိုင်လာပါလိမ့်မည်။

ကင်ဆာရောဂါ အမျိုးမျိုးရှိသော်လည်း လူ...



www.burmeseclassic.com

www.burmeseclassic.com

ချင်းလက်ငင်း ဒုက္ခပေးတတ်သော အာ၊ လျှာ၊ သွား၊ လည်ချောင်းကင်ဆာများအကြောင်းကို ရေးသားတင်ပြချင်ပါသည်။ ထိုရောဂါသည် အသက်ငယ်ရွယ်သူများထက် အသက် ၄၅၊ ၅၀ အရွယ် အသက်ကြီးသူများ၌ ပို၍ ဖြစ်ပွားတတ်သည်ကို တွေ့ရပါသည်။

ကင်ဆာရောဂါများသည် လူသားတို့ကို နေ့စဉ်အသက်ဆက်ပေးနေသော အစာအာဟာရများ ဝင်ရောက်ရာ လမ်းကြောင်းများနှင့် သက်ဆိုင်ရာဌာနများကို နှောင့်ယှက်၍ ရှိနေကြသောကြောင့် ခန္ဓာကိုယ်မှာ ဝဖြိုးနေသော်လည်း အစာအာဟာရများကို မစားနိုင်၊ မမျိုနိုင်သောကြောင့် တဖြည်းဖြည်း အာဟာရပြတ်ကာ ပိန်ချုံးလာပြီး စိတ်သောကဖိစီးကာ ဝဋ်ဒုက္ခကိုခံစားနေရလေတော့သည်။ စိတ်ထဲက စားချင်သောဆန္ဒ ပြင်းပြနေသော်လည်း ရောဂါ၏ဟန့်တားနှောင့်ယှက်မှုကြောင့် မစားမသောက်နိုင်ရှာကြပေ။

၎င်းအာ၊ လျှာ၊ သွား၊ လည်ချောင်းကင်ဆာများသည် မိန်းမများထက် ယောက်ျားများတွင် ပို၍အဖြစ်များကြောင်း တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယောက်ျားများသည် ဆေးလိပ်၊ အရက်တို့ကို သောက်သုံးမှုများသောကြောင့်ဟု တိုင်းရင်းမြန်မာ့ဆေးဆရာကြီးများက သုံးသပ်ကြပါသည်။

ကင်ဆာရောဂါဖြစ်ပွားပုံ လက္ခဏာကို သိရှိနိုင်စေရန် တင်ပြရသော် လျှာကင်ဆာ၌ လျှာသည် ရှိရင်းစွဲထက်ပို၍ ထူထပ်လာခြင်း (အချို့ လျှာနှစ်ထပ်ဖြစ်နေခြင်း) အချို့မှာ လျှာတစ်ပိုင်းပဲ့နေခြင်း၊ လျှာသည် ပျစ်ချွဲ၍အဖြူရောင်များ အုပ်ဖုံးနေခြင်း ဖြစ်နေသည်။

အာခေါင်ကင်ဆာ၌ အာခေါင်တွင်း၌ အနာဖြစ်ပြီး ထိုးကိုက်စားနေသော အခေါင်းဖြစ်နေတတ်သည်။ ၎င်းနေရာသည် ပြည်များဖြစ်၍ ဖြူနေတတ်ပါသည်။

သွားကင်ဆာ၌ အကြောင်းအမျိုးမျိုးကြောင့် သွားနှဲ့ခြင်း သွားပွဲ့ခြင်း၊ သွားကိုက်ခြင်း၊ သွားနုတ်ခြင်းမှ အစပြု၍ ...ပေါက်ရာ အံမကြီးတစ်လျှောက် အနာဖြစ်လာတတ်ပါသည်။ ပုပ်သိုးညှီဟောက်သော အရည်အဖတ်များ၏ ...ပြန့်ပွားခြင်းကိုခံရသော သွားနှင့် အမြဲထိတွေ့နေရသည့် ပါးပြင်အတွင်းဆက် အရေပြားသည် ရောင်တင်း... တဖြည်းဖြည်းအနာဖြစ်ပြီး အပြင်သို့ ပေါက်ထွက်လာ...အခါ ပါးပေါက်နာဟူသော အမည်တစ်မျိုးအဖြစ် ပြောင်းလဲခဲ့ပါသည်။

၎င်းပါးပေါက်နာသည် သွားကိုအကြောင်းပြု၍ဖြစ်သော ထပ်ဆင့်ပွားရောဂါ ဖြစ်ပါသည်။ ၎င်းအနာအတွက် အပူငြိမ်းဆေး၊ မန်းလိမ်းဆေး၊ ဖန်ငုံဆေး၊ ဝမ်းနုတ်ဆေး၊ အနာထည့်ဆေးတောင့်များဖြင့် တိုင်းရင်းမြန်မာ ဆေးဆရာကြီးများက ကုသသည့်အခါ ပျောက်ကင်းသွားသည်ကို တွေ့ဖူးပါသည်။

လည်ချောင်းကင်ဆာ စတင်ဖြစ်ပွားပုံကတော့ လည်ချောင်းထဲတွင် ငါးရိုးမျက်သကဲ့သို့ ငါးရိုးတကယ်မျက်နေသည်ဟု ထင်မှတ်နေတတ်သည်။

သွားရည်နှင့် တံတွေးများသည် သာမာန်ထက်လွန်ကဲနေသည်။ အာခေါင်၊ အာရင်း၊ လျှာရင်းများ ခြောက်ကပ်လာတတ်သည်။ ဆီး၊ ဝမ်းမမှန်တော့ဘဲ ဓာတ်အလွန်ချုပ်နေတတ်သည်။ သလိပ်များ ခန်းခြောက်လာတတ်သည်။ လျှာသည် ထူပြော၍ ဆူးပေါက်များထလာသည်။ လျှာ၏အရင်းပိုင်းတွင် အဖုကလေးများ ပေါ်လာတတ်သည်။ လျှာ၏အရင်းနှင့်ဘေးဘက်တွင် နီမြန်း၍ဖောင်းထနေသည်။ အစာကိုမျိုသောအခါ စပ်ခြင်း၊ အစာမျို၍မရဘဲသီးလာပြီး နှာခေါင်းမှ ပြန်ထွက်တတ်သည်။ စကားပြောလိုစိတ် မရှိတော့ဘဲ ထိုင်းမှိုင်းနေခြင်းများ ဖြစ်နေတတ်သည်။ နားရင်းတစ်လျှောက်တွင် တင်းကျပ်နေတတ်သည်။ အင်အားများသည် တဖြည်းဖြည်း ယုတ်လျော့လာသည်။ စကားပြောလျှင် မပီမသဖြစ်ပြီး အသံတိမ်ဝင်သွားသည်။

အနာဖြစ်လာသောအခါ ပုပ်သိုးညှီဟောက်သော အနံ့ဆိုးများ ထွက်လာသည်။ အသက်ရှူကျပ်၍ မောဟိုက်ပြီး အစာအဟာရကို မျို၍မရသော အခြေအနေဖြစ်လာသည်။ အလွန်ညောင်းကိုက်၍ (တစ်ကိုယ်လုံးအကြောတက်ခြင်း) အဆက်မပြတ် အနှိပ်ခံလိုစိတ်များ ဖြစ်ပေါ်နေတတ်သည်။

ကင်ဆာရောဂါများအတွက် ဖြစ်လာသောအခါ အလွယ်တကူ သိရှိနိုင်သော လက္ခဏာများမှာ တံတွေးများ ပျစ်ချွဲလာခြင်း၊ ဓာတ်ချုပ်ခြင်း၊ အလွန်ညောင်းညာကိုက်ခဲခြင်း (အကြောတက်ခြင်း)များ ဖြစ်တတ်ပါသည်။

လည်ချောင်းကင်ဆာ ဖြစ်ပေါ်လာပုံကတော့ အာခေါင်တွင်း၌ လျှာခင်၏ ဘေးနှစ်ဖက်တွင် အဖုကလေးနှစ်လုံးကို 'ပသိ'ဟု ခေါ်သည်။ ထိုပသိအဖုကလေးများသည်



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်တွင်းမှ အပူလွန်ကဲမှုကြောင့် ဖူးရောင်၍ အနာဖြစ်လာတတ်သည်။ ထိုအနာ၏အရှိန်ကြောင့်ပင် အပြင်ဘက်တွင် အဖုများ ပြန်ပေါ်လာပြန်ပါသည်။

ခြေထောက်တွင် အနာပေါက်လျှင် ပေါင်ခြံတွင် အကြိတ်ပေါ်သလို ပသီ၏အပူချိန်၊ အနာရှိန်ကြောင့်ပင် မေး ချိုင်း၊ လည်မျိုတို့တွင် အကျိတ်များ ပေါ်လာပါသည်။

တိုင်းရင်းဆေးဆရာကြီးများက ပသီတွင်ဖြစ်နေသော အနာသည်အကြောင်းဖြစ်၍ အပြင်ဘက်တွင်၍သော အဖုအကျိတ်များသည် အကျိုးမျှသာဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ၎င်းရောဂါကို ကုသရာတွင် အကြောင်းရင်းဖြစ်သော ပသီကိုသာ ပုံမှန်ဖြစ်အောင် ကုသရမည်ဟု သင်ကြားပေးပါသည်။

၎င်းအပြင်ဘက်မှ အနာများကို ခတ်ကင်ခြင်း၊ ဆေးလိမ်းခြင်း စသော ကုသခြင်းများဖြင့် ရောဂါမပျောက်ကင်းနိုင်သည့်အပြင် ထိုသို့ကုသခြင်းကြောင့် နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်တတ်သည်ကို သတိပြုစေချင်ပါသည်။

ကင်ဆာရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းများသည် အပူလွန်ကဲခြင်းကြောင့်သာ ဖြစ်ပါသည်။ ခန္ဓာကိုယ်တွင်းမှ အပူများ လွန်ကဲလာသောအခါ လည်ချောင်းတွင်ရှိသော အစာဝင်ရာလမ်းကြောင်းကို ဖြောင့်ဖြူးအောင် ပြုလုပ်ပေးသည့် အစေးဓာတ်၊ အချွဲဓာတ်များသည် အပူကြောင့် ခြောက်ကပ်လာသဖြင့် အစာကိုပင် မျိုချ၍မရသည့် အခြေအနေသို့ပင် ရောက်လာလေသည်။

တိုင်းရင်းဆေးဆရာကြီးများက ထိုအစေးများသည် ရာဘာစေး၊ ညောင်စေးများကဲ့သို့ အလွန်တင်းမာလာတတ်သည်ဟု ဆိုကြသည်။ ထိုအချိန်သည် အစာကို မျိုမချနိုင်သောအချိန် ဖြစ်သည်။

လျှာခင်၏ ခြောက်ကပ်မှု၊ လျှာ၏တိုဝင်သွားမှုတို့ကြောင့် လေပိုက်များသည် တစ်ခုနှင့်တစ်ခု အဆက်အသွယ်ပြတ်ကာ အသက်ရှူ၍ပင်မရနိုင်တော့သည့် အခြေအနေသို့ပင် ရောက်သွားတတ်သည်။

အဖုအကျိတ်ဆိုသည်မှာ အဘယ်နည်း။ ဤသည်ကို နားလည်အောင် ရှင်းပြဖို့တော့ လိုမည်ထင်သည်။

ခန္ဓာကိုယ်၏ အဆက်အစပ်များဖြစ်ကြသော နေရာအစိတ်အပိုင်းများတွင် ရှိနှင့်ပြီးဖြစ်နေကြသော အလုံးကလေးများသည် ခန္ဓာကိုယ်တွင်းမှ လေပူနှင့်တွဲပြီး ငန်းမန်းများဝင်လာကြသောကြောင့် ကြီးထွားလာကြခြင်းဖြစ်သည်။

ငန်းမန်းကိုဖြစ်စေတတ်သော အဆီအစေးပေါ်များသည့် အသားမျိုးစုံ၊ ငါးမျိုးစုံ၊ အာဟာရအရည်ရွှမ်းသည့် အသီးအရွက်များ၊ ပဲမျိုးစုံ၊ နို့မျိုးစုံ၊ လက်ဖက်၊ အုန်းနို့၊ ဥမျိုးစုံတို့ကို စားပါ။

လည်ချောင်းကင်ဆာဖြစ်လျှင် ယောကျ်ားများ ဆီးဝမ်းမှန်စေရန် ဆီး၊ ဝမ်း၊ အပုပ်ချဆေးကို ညအိပ်ရာဝင်တိုင်း ရေအေးနှင့် သောက်ရပါမည်။ မိန်းမသားများ သွေးလေဓာတ် ညီညွတ်စေရန် မိယုလောဟိတ ဓာတ်ညှိအားဆေးကို ညအိပ်ရာဝင်တိုင်း ရေအေးနှင့် သောက်ရပါမည်။ ဝမ်းချုပ်လျှင် ဝမ်းနုတ်ဆေးသောက်ပေးရမည်။

အစာကြေ၍ အနာကျက်စေရန် တိုင်းရင်းမြန်မာဆေးဆရာများက လူနာကို ဒေဝဩသဓဆေး ဆီးကင်းခန့်ကို ပျားရည်တစ်ဇွန်း၊ ရေနွေးငါးဇွန်းနှင့် နံနက်ပိုင်း သောက်ရပါမည်ဟု ညွှန်ကြားသည်။

အာခေါင်မှ ချွဲသလိပ်များ ပျော်ကျစေရန်၊ လည်ချောင်း၊ အာခေါင်နှင့် အနာများ သန့်ရှင်းစေရန် အတွင်းအပြင် ငန်းမန်းအညှော်များ ပျောက်ကင်းစေရန် သလိပ်ချွဲများ ပျစ်ချွဲ၍ပိတ်ဆို့ခြင်းမှ ကာကွယ်ရန် တိုင်းရင်းမြန်မာဆေးများကို ဖော်စပ်ပြီး သောက်ခိုင်းပါသည်။

တစ်ဖန် အခိုးငုပ်နေလျှင် အခိုးပွင့်ဆေး၊ နှလုံးမကောင်းလျှင် နှလုံးဆေး၊ အိပ်မပျော်လျှင်လည်း သည်းခြေဆေး စသည်တို့ကို ရောဂါအခြေအနေအရ သင်လျော်သော ဆေးကိုဖော်စပ်ပြီး လူနာကို ကုသပေးခြင်းဖြင့် လည်ချောင်းကင်ဆာ ရောဂါဆိုးဘေးမှ လွတ်ကင်း၍ အသက်ရှင်သွားသူ များစွာရှိခဲ့ပါသည်။

လည်ချောင်းရောဂါ ဖြစ်ပွားနေချိန်ဖြင့် ဆန်ပြုတ်၊ မြူစွမ်း၊ ခေါက်ဆွဲစွပ်ပြုတ်များကိုသာ သောက်သုံးသင့်ပါသည်။ အနာသိလျှင် ဆေးရှိပါသည်။ ကင်ဆာဟုဆိုတိုင်း မကြောက်ပါနှင့်ဟု မှာချင်ပါသည်။

ဝင်းဇော်[သုံးဆယ်]

၀၉ ၂၆၀၄၁၉၉



www.burmeseclassic.com

www.burmeseclassic.com

# ပုရိသအတွေး

မောင်ချိုမြင့်(ကန္တာရဝတီ)

ကျုပ်တို့ အရပ်ထဲမှာ အသက် ၄၀ အရွယ် မိန်းမတစ်ယောက်ရှိတယ်။ အသား ညိုစိမ့်စိမ့်၊ ထောင်ထောင်မောင်းမောင်း၊ ရုပ်ရည်ကတော့ အသင့်အတင့်ပါပဲ။ ကျုပ် သူနဲ့သိစတုန်းက သူက မုဆိုးမ။ ကျုပ်တို့နေတာက ကျူးကျော်ရပ်ကွက်။

သူက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျခဲ့သူ ဆိုတော့ သူ့မှာ အသက်နှစ်ဆယ်ကျော် သားတစ်ယောက်နဲ့ ခပ်ရွယ်ရွယ် သမီးနှစ်ဦးရှိတယ်။

သားကတော့ မူးမူးရူးရူးနဲ့ ရပ်ကွက်ထဲမှာ သောင်းကျန်းသူဆိုတော့ မကြာ [illegible] အမှုဖြစ်၊ ပြစ်ဒဏ်ခံရပြီး အကျဉ်းထောင်တွေဘာတွေရောက်၊ နောက်လွတ်[illegible]တော့ ပန်းရန်လိုက်လုပ်နေသလိုလို၊ [illegible]ကျောက်ပဲ လိုက်သယ်နေသလိုလိုနဲ့ [illegible]ပန်းလုပ်ကိုင်စားသောက်နေလေရဲ့။ [illegible]မှုကိုလည်း အမေကိုပေးဖို့နေနေသာ [illegible] သူဟာနဲ့သူပဲ အရက်သောက်လို့ကို [illegible]သောက်နိုင်ဘူး။ ပြီးတော့ ပတ်ဝန်းကျင် [illegible] အကြောင်းမဲ့ရန်ရှာတတ်တယ်။ အဲ·· [illegible]စ်လောတုန်းကဆို အရက်တွေမူးပြီး [illegible]လမ်းလုံး အိပ်မရအောင် ကလော်ဆဲ [illegible] မအေကိုယ်တိုင် သူများရိုက်သတ်[illegible] ရပ်ကွက်ရုံးကိုသွားတိုင်၊ ရဲလက်[illegible]ထိုက်ရတဲ့အထိ ဆိုးတဲ့သား။

ဟော···အသက် ၁၈ နှစ်နဲ့ ၁၆ [illegible]ယောက်ပဲရှိကြတဲ့ သမီးနှစ်ယောက် [illegible] မအေလိုပဲ ခပ်ငယ်ငယ်နဲ့အိမ် [illegible]တယ်။ သူတို့ရဲ့လင်သားတွေက [illegible]နင်းသူနင်း၊ ကြားကား စပယ်ယာလိုက်သူလိုက်နှင့် မအေအိမ်ကျဉ်းကျဉ်းလေးမှာပဲ ကပ်တွယ်နေကြတယ်။

သားသမီးသုံးယောက်စလုံးရဲ့ စရိုက်ကတော့ ဘာရိုင်းသလဲမမေးနဲ့။ မိခင်ကို မိခင်လိုတောင် သဘောထားကာ သိတတ်ကြတာ မဟုတ်ဘူး။

ဒါကြောင့် မအေခမျာ ဘယ်သူ့အကူအညီမှ မရရှာဘဲ ပြောင်းဖူးပေါ်ချိန် ပြောင်းဖူးပြုတ်လည်ရောင်း၊ ဖရဲသီးပေါ်ချိန်ဆို ဖရဲသီးစိပ်လည်ရောင်းပြီး သူ့ဝမ်းသူကျောင်းနေရပေမယ့် သားကလည်း အရက်ဖိုးပြတ်ရင် မအေ့ဆီကပဲနှိုက်တယ်၊ သမီးတွေကလည်း မအေအတွက်ဆို ဘာဆိုဘာမှမထုတ်ဘူး။ သူတို့အိမ်မှာ အမြဲလိုလို ဆဲသံဆိုသံတွေ ဆူညံနေတတ်တယ်။ စီခနဲဆို ဘယ်သူ့အိမ်ကလဲလို့ မေးစရာမလိုဘူး။ အရပ်ထဲမှာတော့ အော့နလုံးနာစရာ အကောင်းဆုံး ဂေဟာပဲ။

ဟော···မကြာပါဘူး လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အဲဒီမိန်းမ နောက်အိမ်ထောင်ထူလိုက်ပြန်တယ်။ သူယူတဲ့ကောင်က သူ့ထက်ငယ်ပြီး အော်ကြီးဟစ်ကျယ် မတောက်တစ်ခေါက် ဂီတာထိုင်တီးနေတာမျိုး၊ ချဲတွက်နေတာမျိုးပဲ တွေ့တွေ့နေရတယ်။ စိတ်မထင်ရင် သူ့အစ်မလောက်၊ အဒေါ်လောက်ရှိတဲ့ မယားကို အောက်လိုက်၊ ဝေါက်လိုက်၊ လည်ပင်းညှစ်လိုက်နဲ့ အံ့ရော အံ့ရော။ သူများဆိုင်မှာ ကော်မရှင်စား ခေါင်းညှပ်တယ်ဆိုပေမယ့် တစ်လမှာ အလုပ်ဆင်းရက် ဆယ်ရက်တောင် မပြည့်ချင်ဘူး။ အားကြီးပျင်းတယ်။ ဒါကြောင့်လည်း မိန်းမလုပ်သူ လင်ရပြီးခါမှ နေ့စဉ် ပဲပြုတ်လည်ရောင်းရပြန်တယ်။

တစ်နှစ်လောက်ကြာတော့ ဒီမိန်းမ အဲဒီအကောင်နဲ့ ကလေးတစ်ယောက် ထပ်ရတယ်။ ယောကျ်ားလေးဗျ။ မိန်းမက ကလေးကို ချစ်သမှသိပ်ချစ်။ ဖူးဖူးကို မှုတ်လို့။ ခေါင်းညှပ်တဲ့ကောင်ကတော့ ကလေးတစ်ယောက်ရပြီးချိန်မှာ မတွေ့ရတော့ဘူး။ တစ်နယ်တစ်ကျေးကို လစ်ပြေးပြီ။

ဒီနေရာမှာ အဲဒီမိန်းမရဲ့ဘဝကို ကျုပ်စဉ်းစားမိတယ်။

သူဟာ တစ်ချိန်သော ကာလကလည်း အဇာတသတ်နွယ်ဝင် သားသမီးသုံးယောက်ကို ရခဲ့ပြီးပြီ။ အခုလည်း အသက်ကြီးခါမှ ကလေးတစ်ယောက် ထပ်ရပြန်တော့ ဒီကလေးကြီးပြင်းလာရင် နောင်တော်၊ အစ်မတော်တွေအတိုင်း မအေကို ဒုက္ခပေးနေဦးမှာပဲလား။ ဒါတောင် ဒီမိန်းမဟာ ဒီကလေးကို ဘာကြောင့်များ ဒီလောက်ချစ်နေရသလဲလို့ ကျုပ်ခေါင်းထဲကို မဆီမဆိုင်အတွေးတွေ ဝင်လာမိတယ်။

နောက်ဆုံး···ကျုပ်မိန်းမကို ဒီအကြောင်းပြောမိတော့ ကျုပ်မိန်းမက ဘာပြောတယ်မှတ်သလဲ။

"ရှင်ဟာ ယောကျ်ားမို့ ဒီအတွေးမျိုး တွေးနေတာပါ"···တဲ့။

**မောင်ချိုမြင့်(ကန္တာရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

# "၂၀၁၇" မင်္ဂလာရှိသော နှစ်သစ်ဖြစ်စေသော်

**ဒေါက်တာစောယုနွယ်**

'၂၀၁၆'ခု နှစ်ဟောင်းကြီးကတော့ ကျွန်မတို့တွေကို ရယ်တစ်ခါ ငိုတစ်လှည့်နဲ့၊ ချော့တစ်လှည့် ခြောက်တစ်ခါနဲ့ နှုတ်ဆက်လို့သွားခဲ့ပါပြီ။

'၂၀၁၇' ဆိုတဲ့ မင်္ဂလာတရားပြည့်ဝတဲ့ သာယာမှု၊ ငြိမ်းချမ်းမှု၊ အေးချမ်းမှုတွေနဲ့ ပြည့်စေမယ့် သမိုင်းအသစ်ရေးဆွဲမယ့် မင်္ဂလာနှစ်သစ် ဖြစ်ပါစေလို့ ဆုတောင်းပြီး ကျွန်မတို့တွေ ကြိုဆိုလိုက်ကြရအောင်ပါ။

ခရစ်တော်ကို အကြောင်းပြုပြီး ရေးထိုးခဲ့တဲ့ ခရစ်နှစ် '၂၀၁၇' ခုနှစ်ကို ကျွန်မတို့ရဲ့ ဂဏန်းဗေဒင်ပညာနှင့် လေ့လာစမ်းစစ်ကြည့်လိုက်တဲ့အခါ သင်္ချာနာမ ကိန်းဂဏန်းအမည်ဖြင့် '၁၀' ဆိုတဲ့ ကိန်းဂဏန်းကို ရပါတယ်။ '၁၀' ဆိုတဲ့ ကိန်းဂဏန်းကို တစ်လုံးတည်းရအောင် ပေါင်းလိုက်ရင် '၁' ဆိုတဲ့ ဂဏန်း ရရှိပါတယ်။ ဂဏန်းဗေဒင်သင်္ချာနှင့် ကိန်းဂဏန်းဆိုရင်တော့ . . .

'၁' ဂဏန်းဟာ အဖွဲ့အစည်းတစ်ခုအနေဖြင့်သော်လည်းကောင်း၊ အုပ်ချုပ်သူ မင်းစိုးရာဇာများအနေနှင့်သော်လည်းကောင်း ထိပ်တန်းရောက်နိုင်တဲ့ အချိန်အခါ ဖြစ်ပါတယ်။

'၂၀၁၇' ဟာ ထိပ်ဆုံးရောက်နိုင်တဲ့ Lucky Number လို့ ဆိုခဲ့ပေမယ့် ဒီနှစ်မှ မဟုတ်ဘဲ အံရင့်အရင်နှစ်တွေမှာလည်း ကံ၊ ဉာဏ်၊ ဝီရိယ မရှိဘဲ ကံကောင်းတာကို စောင့်နေမယ်ဆိုရင်တော့ ဘယ်လောက်ပဲ ကံကောင်းစေတဲ့ ခရစ်နှစ် ဖြစ်နေပါစေ၊ အဲဒီလူဟာ ကံမကောင်းနိုင်ပါဘူး၊ ကံကောင်းတယ်လို့ မဆိုနိုင်ပါဘူး။

ဒီနှစ်ထဲမှာ တီထွင်ဖန်တီးတတ်သူတွေ၊ ကြံဆပြီးမှ လုပ်တဲ့သူတွေ အောင်မြင်မှု ရရှိနိုင်တဲ့ နှစ်ကာလဖြစ်ပါပေတယ်။ ထို့အတူပဲ တစ်သီးပုဂ္ဂလ နေတတ်ပြီး တစ်ဦးတစ်ယောက်ကောင်း ဦးစီးပြီး ဖန်တီးနေသူတွေ၊ စိတ်မြန်ခြင်း၊ သည်းမခံနိုင်တတ်သော ခေါင်းဆောင်ပိုင်းတွေ ခက်ထန်ခြင်း၊ မခံချင်တဲ့စိတ်တွေ များပြားသူများကတော့ '၂၀၁၇' ဟာ အကောင်းအဆိုး ရောနှောနေတဲ့နှစ် ဖြစ်ပါတယ်။

'၂၀၁၇' ဆိုတဲ့ ခုနှစ်ကိုက ကောင်းသောအခါ ကိစ္စတို့၌ အတိုင်းထက်အလွန် ကောင်းမွန်မှုတွေ ကြုံတွေ့ရပြီး၊ အဆိုးတွေကလည်း လာလိုက်တာ တစ်နှစ်လုံးလိုလိုပါပဲ။ ဓားသွားထက်က ပျားရည်စက်လို့တောင် ပြောရမလိုပါပဲ။ ပျားရည်စက်ကို လျက်လိုက်တာနှင့် ဓားသွားက ကိုယ့်လျှာကို ဖြတ်လိုက်မှာပါပဲ။ ဒါပေမဲ့လည်း အဆိုးထဲက အကောင်းတွေ၊ ဒါမှမဟုတ်လည်း တိမ်မည်းတွေ့မှလည်း ငွေရောင်အနားလေးတွေ ကွပ်ထားသလို အညံ့အခိုက်တွေထဲက အကောင်းလေးတွေ ပြန်လည်ရရှိ၊ အောင်မြင်မှုတွေ ပြန်လည်ရရှိ ကြုံတွေ့ရဦးမှာပါ။

ဒါကြောင့်လည်း '၂၀၁၇' ဆိုတဲ့ ဂဏန်းသင်္ချာရဲ့ အဓိပ္ပာယ်မှာ လွန်ခဲ့သော နှစ်များက ကောင်းမှု၊ မကောင်းမှု ဆိုတဲ့ အကျိုးတရား ရလဒ်တို့ကို ခံစားရမယ့်နှစ်ကာလ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က ကြိုးစားလုပ်ကိုင်ခဲ့လျှင် ယခုနှစ်တွင် ထိပ်တန်း၊ အထွတ်အထိပ်သို့ ရောက်ရှိတတ်ပေသည်။

အကယ်၍များ မလုပ်သင့်သည်များ လုပ်ခဲ့မိလျှင် ယခုနှစ်သည် အတိုက်အခိုက် အပျက်အစီး ဆုံးရှုံးခြင်းများနှင့် ကြုံတွေ့ရတတ်ပေသည်။

'၂၀၁၇' ခုနှစ်သည် နေရာထိုင်ခင်း လုပ်ငန်းပုံစံများ ပြောင်းရွှေ့ရသော နှစ်ကာလ ဖြစ်ပေသည်။

ထို့ပြင် '၂၀၁၇' ခုနှစ် ကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီး၌ စီးပွားရေး နိုင်ငံရေး အပြောင်းအလဲများ ဖြစ်ပေါ်တတ်သည်။ ကမ္ဘာနှင့်အဝှမ်း အယူအဆ ကွဲလွဲမှု သဘောထား မတိုက်ဆိုင်မှုများ ကြုံရတတ်ပေသည်။ ယခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

သည် မိသားစုအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ကမ္ဘာ့နိုင်ငံ တိုင်းပြည်များအချင်းချင်း အဆင်မပြေ စိတ်ဝမ်းကွဲတတ်သော နှစ်ကာလမျိုး ဖြစ်ပေသည်။ ကြီးမားသော ဘေးအန္တရာယ် မရှိသော်လည်း အကောက်ကြံခံရခြင်း၊ လှည့်စားခံရခြင်း၊ အလစ်အငိုက်ချောင်းခြင်းခံရခြင်း၊ နာမည်ဂုဏ်သတင်း ဖျက်ဆီးခံရခြင်း ကိန်းဂဏန်းမျိုး ဖြစ်ပေသည်။

နာမည်ကျော်၊ ကမ္ဘာကျော် ပုဂ္ဂိုလ်များထဲမှ အစွပ်စွဲ သရေဖျက်ခံရခြင်း၊ နာမည်ဆိုး နာမည်ပျက်နှင့် ဇာတ်သိမ်းရခြင်းမျိုး ပေါ်ပေါက်တတ်ပေသည်။ ပညာရေး၊ ဘာသာရေးနှင့် ပတ်သက်၍ ထူးချွန်သော လူထုအားထားရသော ပုဂ္ဂိုလ်များ ထွက်လာနိုင်ပေသည်။

စိတ်တန်ခိုးစွမ်းအင် ဝိညာဉ်လောကတို့နှင့် ပတ်သက်၍လည်း ထူးဆန်းအံ့ဩဖွယ်ရာ အဖြစ်အပျက်များစွာ ပေါ်တတ်ပေသည်။

ကမ္ဘာပေါ်တွင် တစ္ဆေ သရဲ ဝိညာဉ်နှင့် ပတ်သက်သော ဝတ္ထုများ၊ ရုပ်ရှင်များ အထူးပေါ်ပေါက်လာတတ်ပေသည်။

ငွေကြေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ ဘဏ်လုပ်ငန်းဆိုင်ရာတို့၌ တိုးတက်သော အောင်မြင်သော အလားအလာကောင်းများ ရင်ဆိုင်တွေ့ကြုံရသလို မပွင့်လင်း မမြင်သာမှုများ မသန့်ရှင်း၊ မကောင်းမှုများကိုလည်း တွေ့ရတတ်ပေသည်။

သွင်းကုန် ထုတ်ကုန် ကုန်သွယ်ရေးကိစ္စများ၌ အခွန်ရှောင်မှု၊ မရိုးသားမှုများ၊ ချေးငွေကိစ္စများ၊ [illegible]ကြေးများ၊ လျော်ကြေးများ၊ အာမခံကြေးများနှင့် စပ်လျဉ်း၍ အခြေခံလူတန်းစားများ၏ ပဋိပက္ခဆန်သော တုံ့ပြန်မှုများကို တွေ့မြင်ရတတ်ပေသည်။

အစိုးရဆိုင်ရာ လွှတ်တော်ဆိုင်ရာ တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ရာထူးဌာန အပြောင်းအရွှေ့များ လွန်စွာဖြစ်ပေါ်နိုင်သောကာလ ဖြစ်ပါပေသည်။

မိမိတို့နိုင်ငံအတွင်း၌ ပြည်နယ်ဆိုင်ရာ တိုင်းရင်းသားဆိုင်ရာ လက်နက်ကိုင် ပဋိပက္ခဆိုင်ရာနှင့် ဖြေရှင်းချက် ကုန်၊ လုံလောက်သောအဖြေမျိုး၊ ပျော်ရွှင်ဖွယ်ကောင်းသော အဖြေမျိုး မရရှိဖြစ်နေတတ်သည်။

ကမ္ဘာ့မှာသာမက မြန်မာမှာပါ ပညာရေးတွေ တိုးတက်လာမည်၊ ပညာရှင်တွေ ပေါ်ပေါက်လာမည်၊ ကမ္ဘာ့နိုင်ငံအသီးသီးက ပညာရှင်များကလည်း မိမိတို့ မြန်မာနိုင်ငံကို ရောက်လာတတ်သည်။

နိုင်ငံတကာနှင့်ယှဉ်သော ပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်လာနိုင်ပေသည်။ အဆပေါင်း သုံးဆလောက်အထိ ခုန်တက်လာနိုင်ပေသည်။ ပညာရေးစနစ်များ ဖွံ့ဖြိုး၍ ပညာတတ်သော ပညာရေးဖလှယ်မှုများ ရှိလာနိုင်ပေသည်။ မိမိတို့နိုင်ငံအနေနှင့်လည်း အနည်းငယ် ကွာခြားမှု ရှိသော်လည်း အဆင့်မှီလာနိုင်ပေသည်။

'၂၀၁၇' ခုနှစ်တွင် အစိုးရကျောင်းများ ပိုမို၍ ထွန်းကားလာခြင်း၊ ကျောင်းသူ၊ ကျောင်းသား ပိုများလာခြင်း၊ နိုင်ငံတော်၏ ပညာရေးစနစ် ပိုမိုယုံကြည်မှုများ ကြုံလာနိုင်ပေသည်။

လူမျိုးရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် ပတ်သက်၍ စောဒကတက်မှု၊ အငြင်းပွားမှုများ ပိုမိုသိသာလာလိမ့်မည်။

ကုန်ဈေးနှုန်းကို ထိန်းချုပ်နိုင်ခြင်း မရှိသော '၂၀၁၇' ခုနှစ် ဖြစ်ပေသည်။ ကုန်ဈေးနှုန်းနှင့် စားဝတ်နေရေး ပြဿနာများမှ အခြေတည်၍ ပုဂ္ဂလိကလုပ်ငန်းများ၊ စက်ရုံများတွင် အလုပ်သမား ဆန္ဒပြမှု၊ သပိတ်မှောက်မှုများ ဖြစ်ပေါ်လာတတ်ပေသည်။

အထူးသတိထားရမှာ '၂၀၁၇' ခုနှစ်သည် '၁၀' ဂဏန်း စိုးမိုးသော ကိန်းရာသီနှစ် ဖြစ်တတ်ပေသည်။

ထို့ကြောင့် '၁၀' စိုးမိုးသော ရာသီ ဖြစ်သောကြောင့် နေမင်းနှင့် ပတ်သက်ပေသည်။ မီး၊ လျှပ်စစ် ပေါက်ကွဲမှု အန္တရာယ်ကြီးများ ကြုံရတတ်ပေသည်။ မုန်တိုင်း၊ ငလျင်နှင့် ပတ်သက်သော ဘေးအန္တရာယ်များ '၂၀၁၇' နှစ်ကုန်ကာနီးတွင် တစ်ကြိမ် ကြုံရတတ်ပေသည်။

ခိုးဆိုးလုယက် လူသတ်မှုများ လွန်စွာထူပြောသော ကာလဖြစ်ပေသည်။

သစ်တောများ ခုတ်ထွင်ရှင်းလင်းတာကြောင့် လေထဲမှာရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေကို သစ်ပင်တွေက စုပ်ယူပြီး အောက်ဆီဂျင်ဒြပ်ထုပေးတယ်။ ဒါကြောင့် လေထု



www.burmeseclassic.com

www.burmeseclassic.com

ညစ်ညမ်းမှု ကာကွယ်ပေးတယ်။ အောက်ဆီဂျင်ဟာ လူသားတွေအတွက် အရေးပါပါတယ်။ ရွာချလိုက်သော မိုးရေတွေကို ထိန်းသိမ်းပေးမယ့် သစ်တောမရှိလို့ အားလုံးအချည်းနှီးဖြစ်ရတယ်။ မြေအောက်လွှာမှာ ထိန်းသိမ်းထားတာ ရေချိုတွေ ဖြစ်ပါတယ်။ လူသားနှင့် တိရစ္ဆာန်အားလုံးအတွက် မရှိမဖြစ် အသုံးဝင်ပါတယ်။ စက်ရုံတွေမှ စွန့်ပစ်အမှိုက်တွေ မြစ်ချောင်းထဲ စွန့်ပစ်တဲ့အတွက် ရေညစ်ညမ်းမှုတွေဖြစ်စေလို့ လူတွေ သောက်စရာ ရေတွေမရှိ ဖြစ်လာတတ်ပါတယ်။ ရေချိုနှင့် ပတ်သက်သော ရေရှားပါးမှုတွေ ဖြစ်ပေါ်လာတတ်ပါတယ်။

ရောဂါဝေဒနာအနေနှင့် မျက်စိအထူးကုဆေးရုံကြီးများ ပေါ်လာတတ်တယ်။ မျက်စိဝေဒနာများ ပေါ်လာတတ်သည်။ နှလုံးဝေဒနာတွေ၊ သွေးတိုးနှင့် ပတ်သက်သော ဝေဒနာတွေကြောင့် လူသားအားလုံး ရောဂါကပ်ဆိုးကြီးသဖွယ် ကြုံတွေ့နိုင်တယ်။

ဒါကြောင့်လည်း ဒီအန္တရာယ်များမှ ကင်းဝေးအောင် မိမိအိမ်၊ မိမိရုံးခန်း၊ မိမိပတ်ဝန်းကျင်မှာ ရွှေဝါရောင်၊ အဝါရောင် သို့မဟုတ် ကြေးဝါရောင်လေးများကို များများသုံးပြီး သဘာဝဘေးအန္တရာယ်ကို အဟန့်အတားအနေနှင့် အသုံးပြုထားလိုက်ပါ။

'၂၀၁၇' ရဲ့ ဓာတ်စာအနေနှင့် ပျားရည်ကို လူကြီးလူငယ်မရွေး စားပေးပါ။

လူသားအားလုံး '၂၀၁၇' ခုနှစ် နှစ်သစ်မင်္ဂလာကြီးအနေနှင့် အဝါရောင်ရှိသော စိန်(သို့မဟုတ်)ပယင်းကျောက်များကို အဆောင်အဖြစ် ဝတ်ဆင်ထားပါ။ သို့မဟုတ် ကိုယ့်ပတ်ဝန်းကျင်မှာ ထားပါ။

ပရဟိတလုပ်ငန်းတွေ ယခုနှစ်အတွင်း အောင်မြင်မှုရရှိကြပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချိတ်ဆက်ပြီး ပရဟိတလုပ်ငန်းများ လုပ်ကိုင်ခွင့် ရရှိလိမ့်မည်။ တိုင်းပြည်ချစ်စိတ် ဦးစားပေးပြီး လှုပ်ရှားမှုများ ပေါ်ပေါက်လာပေသည်။

ရပ်ကွက်၊ မြို့နယ် အသင်းအဖွဲ့ အဖွဲ့အစည်းများအားတက်သရော လုပ်ဆောင်မှုများကြောင့် သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုများ၊ ကိုယ်ချင်းစာနာမှုတရားများ ပြည့်ဝလာပေလိမ့်မည်။

အပေါင်းနိဂုံးချုပ်၍ အသစ်နိဒါန်းပျိုးရခြင်းသည် လောကဓမ္မတာ ဖြစ်ပေသည်။ နှစ်ဟောင်းတွေ ချုပ်ငြိမ်းပြီး နှစ်သစ်တစ်နှစ် ပေါ်ထွန်းလာခြင်းမှာလည်း ကြုံမြဲ ဆုံမြဲ လောကနိယာမ ဖြစ်ပါပေတယ်။

ဒါကြောင့်လည်း နှစ်ဟောင်းကို နှုတ်ဆက်ပြီး နှစ်သစ်ကို လက်ကမ်းကြိုဆိုလိုက်ကြရအောင်ပါ။ နှစ်သစ်ကို ကျွန်မတို့ဟာ မျှော်လင့်ချက်ကြီးစွာ အားမာန်ပြည့်ဝစွာ ကြိုဆိုကြပါတယ်။

မင်္ဂလာရှိသော နှစ်သစ်ဖြစ်ပါစေလို့ ဆုတောင်းကြပါတယ်။ ဒါကြောင့်လည်း နှစ်သစ်ကို ကြိုဆိုကြသော အချိန်များ၊ မျှော်လင့်ချက်များ၊ ယုံကြည်ချက်များ၊ ပန်းတိုင်အသစ်များနှင့် သံန္နိဋ္ဌာန်အသစ်များဖြင့် ရောယှက်ခြင်း၊ မျှော်လင့်ခြင်း၊ တောင့်တခြင်းဆိုတဲ့ ခံစားချက်များနှင့် စိတ်ဆန္ဒအရောင်အသွေးတွေ စုံနေတတ်ပါတယ်။

ကျွန်မတို့လူသားတွေဟာ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံရာဝယ် ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ တစ်ယောက်နှင့်တစ်ယောက် ကြည်ကြည်လင်လင် ဆုတောင်းပေးတတ်ပါတယ်။ အလွန်ပြည့်စုံတဲ့ ဆုတောင်းမေတ္တာလေး ဖြစ်ပါတယ်။

ကျန်းမာခြင်းဟာ တောင့်တင်းခိုင်မာခြင်း၊ ခွန်အားရှိခြင်းဆိုတဲ့ သဘောကိုဆောင်ပြီး ချမ်းသာခြင်းကတော့ ကြွယ်ဝသော ပြည့်စုံကုံလုံသော ဂုဏ်ဒြပ်တွေနှင့် ဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျွန်မရဲ့ ချစ်စွာသော မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဘက်တွေ၊ ချစ်လှစွာသော တပည့်အပေါင်းတို့နှင့်တကွ မြန်မာပြည်သူပြည်သားအပေါင်း၊ ကမ္ဘာသူကမ္ဘာသားအပေါင်း တောင့်တင်းခိုင်မာမှုများလည်းရှိပြီး သဘာဝဘေးအန္တရာယ်မှ ကင်းလွတ်ကာ မင်္ဂလာတရားပြည့်ဝသော နှစ်တစ်နှစ် ဖြစ်ပါစေလို့ ရည်စူးဆုတောင်းမေတ္တာပို့လိုက်ပါတယ်ရှင်…။

ချမ်းသာကိုယ်စိတ် မြဲပါစေ

ဒေါက်တာစောယုနွယ်



www.burmeseclassic.com

www.burmeseclassic.com



# သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိင်္ခ၏ နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို **မိမိဘာသာ** မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်က စိတ်ချမ်းသာစရာများ ကြုံတွေ့ရပါလိမ့်မယ်။ ပျော်စရာတွေများလို့ အမှားတွေလည်း တွေ့တတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ခါပြန်ဖြစ်တတ်တယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ ယခုကာလတွင် စီးပွားကံ အလွန်ကောင်းသော်လည်း ကိုယ်ကျင့်တရား အရေးကြီးပါတယ်။ ကိုယ်ကျင့်တရား ပျက်သော် ဒုက္ခရောက်တတ်တယ်။ ယခုကာလတွင် အိမ်ထောင်မပြုရပါ။ အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင်မဖြစ်နိုင်ပါ။ ရွှေနှင့် ရတနာပစ္စည်းများ ဝင်မယ်။ ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လာလျှင် လက်ထဲမှာ မထားဘဲ ရွှေဝယ်ထားပါ။ မြေကိစ္စ အမွေကိစ္စများ ကြုံရတတ်တယ်။ ယခင်က ကိုယ့်ကို နှိမ်ခဲ့တဲ့သူတွေက ပခုံးပေါ် ထမ်းတင်မယ့်ကာလ ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်မယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစားမှား၊ ဆေးမှားဖြစ်ခြင်း၊ သွားဒုက္ခပေးခြင်းများ ကြုံရမယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် ဗိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃) ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အဖြူရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၂၂၊ ၄၄၊ ၂၄၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် လင်စုံမယားဖက်များ မိမိအိမ်တွင် ညအိပ်ညနေ လက်မခံပါနှင့်။ ဆိတ်သားဟင်း မစားရ။ သစ္စာပန်းမထိုးပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် နှင့် မုန့်လက်ကောက်(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

### တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာများ တိုးပွားလာတတ်တယ်။ ကျေးဇူးရှင် မိဘတွေကိုလည်း ပြန်ပြီးကြည့်ရှုစောင့်ရှောက်နိုင်မယ့်ကာလ ဖြစ်ပါတယ်။ စီးပွား သိသိသာသာတက်မယ်။ သိကြားမလိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာ မြင့်တက်သွားလိမ့်မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်း ဟောင်းများ ပြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ စာမေးပွဲတစ်ခု ဝင်ရောက်ဖြေဆိုရ တတ်တယ်။ ပြည်ပက ကိုယ့်ကို လာရောက်ဖို့ ခေါ်ယူတာမျိုး ကြုံရတတ်တယ်။ မြေတစ်ကွက်လည်း ဝင်တတ်တယ်။ ဒီမိအိမ်တွင် စေ့စပ်မင်္ဂလာပွဲတွေ လုပ်ရတတ် တယ်။ သူများမင်္ဂလာပွဲတွေကိုလည်း ပါဝင်လုပ်ဆောင်ပေးရတတ်တယ်။ လွတ် လပ်ပြီး အရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ်။ အိမ်ထောင်ကျလျှင် စည်ကားတဲ့ မင်္ဂလာပွဲ ဖြစ်တတ်တယ်။ အဖိုးတန်တဲ့ ကျောက်မျက်ရတနာတစ်ခုလည်း ဝင်လာတတ်တယ်။ အပျို၊ လူပျိုဆိုရင် တပေါင်းလမှာ မြောက်အရပ်က ချစ်သူရည်းစား ရတတ်တယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ စကားများ ဖြေရှင်းရခြင်း၊ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ သူတစ်ပါးကြောင့် အမှုအခင်းနှင့် ပတ်သက်ရတတ် တယ်။ စိုးရိမ်စရာ မရှိပါ။ စက်ပစ္စည်းများ ဝင်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ် ညစ်ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ ထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

စနေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၅၅၊ ၃၃၊ ၃၅၊ ၅၃

**အထူးသတိပြုရန်**

ယခုကာလတွင် နာရေး လုံးဝမသွားပါနှင့်။ ညအိပ်ညနေ နာတာရှည် လူမမာများ လာရောက်ဆေးဝါးကုသပါက လက်မခံပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(၈)ပုံ၊ စံပယ်ပန်း(၈)ကုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာ ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း (သို့မဟုတ်) လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင့်ကျတတ်သောကာလ ဖြစ်တယ်။ ယောက်ျားလေးဖြစ်ပါက အိမ်ထောင်ကျလျှင် ကောင်းပါတယ်။ ခရီးအကျိုးပေးသောကာလ ဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ယခုကာလတွင် အိမ်ဆောက်လျှင် အိမ်ကြီးအိမ်ကောင်း ရ၍ အကျိုးပေးသောအိမ်မျိုး ရတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ တွေ့လာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်လာတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်း အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်တတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာကြုံပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူညွှန့် (၅)ညွှန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို မိမိအိမ်ခြံဝင်းအတွင်း လက်ခံမထားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုပ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အလှူအတန်းတွေ မုချပြုလုပ်ရမှာ ဖြစ်ပါတယ်။ အလှူသေးသေးလေးလုပ်မယ်ဆိုပြီး မမျှော်လင့်ဘဲ ကြီးသွားတတ်တယ်။ ငွေတွေလည်း ရုတ်တရက် ဝင်လာတတ်တယ်။ အလုပ်ကြောင့်လည်း ရတတ်တယ်၊ ကံတရားကြောင့်လည်း ရတတ်တယ်။ သာမာန်အခြေအနေမျိုးကနေ စီးပွားအရှိန်အဟုန်တက်ကာ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်တဲ့ ကာလဖြစ်တယ်။ မိမိလုပ်ငန်းကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ငွေအလွယ်ရတဲ့ ဖြတ်လမ်းနည်းဖြင့် ငွေရှာခြင်းမျိုး မပြုလုပ်သင့်ပါ။ လူမျိုးခြား၊ နိုင်ငံခြားနဲ့ ပတ်သက်တဲ့ကိစ္စများ အထူးအကျိုးပေးတဲ့ကာလ ဖြစ်ပါတယ်။ ခရီးထွက်မယ်ဆိုရင် ယခုကာလတွင် ထွက်ဖြစ်အောင် ထွက်လိုက်ပါ။ အလုပ်ထဲတွင် အတိုက်အခံတွေ ပေါ်နေတတ်တယ်။ ဝန်ထမ်းဆိုရင်တော့ အလုပ်ထွက်ချင်စိတ် ပေါ်တတ်တယ်။ စာရွက်စာတမ်း၊ စာချုပ်ကိစ္စတွေ လက်မှတ်ရေးထိုးမယ်ဆိုရင် ညံ့သွားတတ်ပါတယ်။ ဆီးရောဂါ၊ မျက်စိရောဂါနဲ့ ပတ်သက်ပြီး ဒုက္ခပေးတတ်တယ်။ ယခုကာလတွင် ဘာပဲကြံကြံ တစ်ခါတည်းနဲ့ မပြီးဘဲ ၃စ်ခါ နှစ်ခါ ထပ်ပြီးဖြစ်တတ်တယ်။ သားသမီးနှင့် ပတ်သက်ပြီး အနည်းငယ် ပူပန်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်း၊ ဝမ်းဗိုက် ဒုက္ခပေးတတ်တယ်။ ရုတ်တရက် အရိုးကျိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့် (၁၅)ညွန့်၊ ကန္တက္ကဒါန်ထီးဖြူ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၂၊ ၇၇၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် မင်္ဂလာဆောင်၊ အလှူ ရှိလျှင်သော်လည်းကောင်း၊ မိမိအိမ်ကို ကိုယ်ဝန်ဆောင်သည် လာရောက်ပြီး မီးဖွားလျှင်လည်းကောင်း ငွေများ အစုလိုက်အပုံလိုက် ရတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နံနက်ထိုင်မုန့် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့တတ်ပါတယ်။ လုပ်ငန်းတွေ အခက်အခဲ အကြပ်အတည်းနဲ့ တွေ့ရပြီး အဆင်မပြေမှုလေးတွေ ကြုံရတတ်ပါတယ်။ ယခုကာလတွင် အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်။ အထက်လူကြီးတွေကလည်း ကိုယ့်ကို ငြိုငြင်တတ်တယ်။ ကိုယ့်ကို မနာလိုတဲ့သူတွေက သွားပုပ်လေလွင့် ပြောဆိုခံရတတ်တယ်။ အလုပ်အကိုင် ငွေကြေး ဝင်တာညှံ့ပေမယ့် စိတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကောင်းခြင်းများ ကြုံရတတ်တယ်။ ယောကျ်ားလေးဖြစ်ရင် ဇနီးကောင်း ရတတ်တယ်။ အိမ်ထောင်သည်များ သားသမီးရတနာများ ထွန်းကားတတ်တယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ အောင်မြင်မှုရတတ်တယ်။ မြေတစ်ကွက်လည်း ဝင်တတ်ပါတယ်။ မြေကွက်နဲ့ ပတ်သက်ပြီးတော့ ငွေဝင်ကိန်း ရှိပါတယ်။ ပညာရပ်တစ်ခု၊ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မကြာခဏ ကြွက်တက်ခြင်း၊ ခြေသည်း၊ လက်သည်း ပုပ်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အံ့ဝါရောင် (၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၃၊ ၃၅၊ ၄၅၊ ၅၂

### အထူးသတိပြုရန်

ယခုကာလတွင် မိမိနေအိမ်အနီးအနားတွင် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်တွေ့ပါက ကျန်းမာရေး ညံ့တတ်တယ်။ ရွှေပေါင်ခြင်း၊ ချေးငှားခြင်း၊ အာမခံလုပ်ခြင်းများ လုံးဝမလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း မုန့်ဖက်ထုပ်(၁၅)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးလေးတွေ ခံစားလာရမှာ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ဖို့ အကြံအစည်ကောင်း၊ အဆက်အသွယ်ကောင်းများ ရတတ်တယ်။ အထူးသဖြင့် တပေါင်းလနှင့် ကဆုန်လတွေမှာ အကြံအစည်ကောင်းတွေ ပေါ်လာတတ်တယ်။ ဒါပေမဲ့ လုပ်သလောက်တော့ အမြတ်အစွန်း မရနိုင်သေးပါဘူး။ အလုပ်တွေလည်း ဟိုဟာလုပ်ရမလို၊ ဒီဟာလုပ်ရမလိုနဲ့ အချိန်ကုန်သွားတတ်တယ်။ လုပ်ငန်းတစ်ခုကို ငွေများစွာရင်းနှီးပြီး မလုပ်ပါနှင့်ဦး။ စပ်တူလုပ်ရမယ့်ကိစ္စတွေ ပေါ်လာတတ်တယ်။ စက်ပစ္စည်းများ ဝင်လာလိမ့်မယ်။ မသွားချင်တဲ့ခရီးတွေ၊ သူတစ်ပါးအတွက် သွားရတဲ့ခရီးတွေ ပေါ်လာတတ်တယ်။ စန်းပွင့်တဲ့ကာလဖြစ်သောကြောင့် အပျို၊ လူပျိုတွေ ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဦးခေါင်း ဂရုစိုက်ပါ။ ဦးခေါင်း ထိခိုက်ဒဏ်ရာရခြင်း၊ ခေါင်းမကြာခဏ ကိုက်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကွမ်းကော်ညွှန့်(၁၅)ညွှန့်၊ အုန်းညွှန့်(၁)ညွှန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၃၁၊ ၁၆

### အထူးသတိပြုရန်

ယခုကာလတွင် မြေဝယ်ခြင်း၊ အိမ်ကြီးကြီးကျယ်ကျယ် ဆောက်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် အုန်းဆွမ်း မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့ပေမယ့် ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်တွေလည်း ကြွလာတတ်တယ်။ မထင်မှတ်တဲ့ခရီး၊ မရည်ရွယ်ဘဲနဲ့ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနဲ့ ရှယ်ယာခွဲခြင်း၊ လမ်းခွဲခြင်းတွေ ဖြစ်တတ်တယ်။ အလုပ်တွေလည်း အောင်မြင်သလိုလိုနဲ့ အပျက်အစီး များလာတတ်တယ်။ မိသားစုအတွင်းမှာလည်း စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာတတ်တယ်။ တနင်္လာ၊ သောကြာ သားသမီးတွေအတွက် ပူပန်ရတတ်တယ်။ ဒေါသရှေ့ထားရင် မှားတတ်သောကြောင့် မေတ္တာစိတ်နဲ့သာ တုန့်ပြန်ပါ။ မနက်စောစောမှာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေကို မေတ္တာပို့ပေးပါ။ လူမျိုးခြား အကျိုးပေးပါတယ်။ ပြည်ပသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ဆောင်ရွက်ပါ။ စိတ်ပင်ပန်းနေတဲ့ ကာလဖြစ်သောကြောင့် စိတ်တိုင်းမကျမှုတွေ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်နှင့် ခါးတို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၃၁၊ ၅၇၊ ၅၆

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ မနင်းရပါ။ ကဆုန်လ၊ ပြာသိုလများတွင် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားပါနှင့်၊ ကိုယ်လက်ခန္ဓာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် စနေနေ့တိုင်း ပေါင်မုန့်ကို ထောပတ်သုတ်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် လုပ်သမျှအလုပ်တွေ အလွဲလွဲအချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူးဖြစ်နေမယ်။ ကိုယ့်အပူတင် မဟုတ်ဘူး၊ မိသားစုအပူ၊ ပတ်ဝန်းကျင်က အပူတွေကလည်း ကိုယ့်ကို လာပေးတတ်ပါတယ်။ မိသားစုဝင်တွေ ကျန်းမာရေးညံ့လို့ ဆေးခန်း မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးက သက်ကြီးရွယ်အိုတွေ အိမ်ကို ဆေးဝါးကုသဖို့ လာတည်းလျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညံ့ပြီး ဆုံးပါးသွားတတ်တယ်။ ခရီးတွေ မကြာခဏ သွားရတတ်တယ်။ ခရီးကောင်းတွေပါ။ ယခုကာလတွင် ကူးသန်းရောင်းဝယ်ခြင်းတွေ လုံးဝမပြုလုပ်သင့်ပါ။ ယခုကာလအတွင်း ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင် မိမိရဲ့အိမ်ထောင်ဖက်နှင့် စကားများရခြင်း၊ အခြားအမျိုးသမီးများနှင့် စွပ်စွဲပြောဆိုခံရခြင်းများ ကြုံတွေ့ရတတ်တယ်။ ငွေတွေလည်း ဆုံးရှုံးတတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၃

### အထူးသတိပြုရန်

ယခုကာလတွင် မိမိကိုယ်ပေါ်တွင် အတောင်ရှိသော သတ္တဝါများ နားခြင်း၊ အညစ်အကြေးစွန့်ခြင်းမျိုး ကြုံလျှင် အစစအရာရာ အဆင်ပြေပါလိမ့်မယ်။ အမှုအခင်း ကြုံတွေ့ရတတ်တယ်။ ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၇-ခုနှစ်၊ မတ်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

အိမ်အသစ်သို့ ပြောင်းလဲရမယ်။ ထိုအိမ်သည် ကားဂိတ်၊ မီးရထားဘူတာတို့နှင့်နီးမယ်။ မကြာခဏ ခရီးသွားရမယ်။ ငယ်ရွယ်သူများ အချစ်ရေးမှာ သဘောထားကွဲလွဲတတ်တယ်။ အလုပ်တွင် အတိုက်အခံပြိုင်ဘက် ပေါ်တတ်တယ်။ အငြိုအငြင် ခံရတတ်တယ်။

**ယတြာ**

မိတ်ဆွေများကို သရက်သီး၊ သရက်ယို လက်ဆောင်ပေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

ထီပေါက်သလို ငွေများအစုလိုက်အပုံလိုက် ရတတ်တယ်။ မိသားစု အကြီးအကဲတစ်ဦး ဆုံးရှုံးတတ်တယ်။ စာရွက်စာတမ်းကိစ္စနှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အပျို၊ လူပျိုများ ချစ်သူတွေ့ရမယ့်ကာလဖြစ်တယ်။

**ယတြာ**

ရိုးရာနတ်ကို ပူဇော်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

မေတ္တာတရားစိတ်ထားဖို့ လိုအပ်တယ်။ စိတ်ပိုင်းဆိုင်ရာကိစ္စများ ထိခိုက်နာကျင်ရတတ်တယ်။ မထင်မှတ်သောခရီး သွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များနှင့် စိတ်ဝမ်းကွဲတတ်တယ်။ လူမျိုးခြား အကျိုးပေးမယ်။ ပြည်ပခရီး အဆင်ပြေမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

သင်တန်းတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ပါဝင်ရခြင်းမျိုး ကြုံမယ်။ အထက်လူကြီးများက ကူညီမ,စမယ်။ မိမိပစ္စည်း သူခိုး,ခိုးခံရတတ်တယ်။ ဘာသာရေးနှင့်ပတ်သက်သော ပုံတော်များ လက်ဆောင်ရပါက ကောင်းပါတယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို နွားနို့တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

## ကြာသပတေးသားသမီးများအတွက်

မသွားချင်တဲ့ခရီး၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ ဒါပေမဲ့ ခရီးထွက်ပြီးပြန်လာတာနဲ့ ကောင်းတဲ့သတင်း ကြားရတတ်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းများနဲ့ စိတ်ဝမ်းကွဲတတ်တယ်။ မည်သည့်ကိစ္စမဆို နှစ်ခါလုပ်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းဆီတစ်ပုလင်း လက်ဆောင်ပေးလိုက်ပါ။

## သောကြာသားသမီးများအတွက်

နိုင်ငံရပ်ခြားသွားမည့်သူများ အဆင်ပြေမယ်။ မြေကိစ္စနှင့်ပတ်သက်ပြီး ငွေဝင်မယ်။ မြေဝယ်မယ်ကြံရင် ဝယ်လိုက်ပါ။ မိမိနှင့် အကျိုးပေးမယ့် မြေမျိုးဖြစ်လိမ့်မယ်။ ငွေတွေ ဝင်နေမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါက်စီသုံးလုံး ဝယ်ကျွေးလိုက်ပါ။

## စနေသားသမီးများအတွက်

အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်တယ်။ အလုပ်မှာ အတိုက်အခံများသော်လည်း အောင်မြင်မယ်။ အိမ်အသစ်ရနိုင်သော ကာလဖြစ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးနှင့် ပြုလုပ်ထားသောမုန့် လက်ဆောင်ပေးလိုက်ပါ။

## ရာဟုသားသမီးများအတွက်

အဖက်ဖက်က စိတ်ချမ်းသာရမယ့်ကာလဖြစ်တယ်။ ငွေတွေလည်း ဟိုကဝင် ဒီကဝင် ဖြစ်နေမယ်။ သံယောဇဉ်တွယ်ရမယ့်လူ တွေ့ရတတ်တယ်။ လုပ်ငန်းအသစ်များ တိုးချဲ့လုပ်ကိုင်ရတတ်တယ်။

**ယတြာ**

ကလေးတစ်ဦးကို ချောကလက် လက်ဆောင် ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်လုံးဆိုင်ရာ
# နှစ်ကိုုပ်ရှစ်ဆူဘုရားများ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ



တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်လုံး ဆိုင်ရာ နဝမ အကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံမည့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်းရှိ သာသနာ့ဟိတဓမ္မာရုံရှေ့ရှိ ဗဟိုမဏ္ဍာပ်၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အစီအစဉ်အရ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ယာယီ ကိန်းဝပ်စံမြန်းသည့် ဗဟိုမဏ္ဍာပ်စံကျောင်းတော်မှ ရပ်ကွက်အတွင်းရှိ လမ်းပေါင်း ၁၃ လမ်းမှ ယာယီစံကျောင်းတော်များသို့ ပင့်ဆောင်ကြည်ညိုကြရာ ဘာသာရေး၊ သာသနာရေး၊ အဖွဲ့အစည်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက အလှဆင်ရုပ်တုများ ဆင်ယင်ထားသည့် မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ခဲ့ကြသည်။

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များသည် ယာယီစံကျောင်းတော် အသီးသီးတွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ အပူဇော်ခံယူကြပြီး ဒီဇင်ဘာ ၂၅ ရက်တွင် ကျားကွက်သစ် ရပ်ကွက်အတွင်းရှိ လမ်းအသီးသီးသို့ ဒေသစာရီ လှည့်လည်ကြွချီ အပူဇော်ခံယူပြီး စံကျောင်းတော်တွင် ပြန်လည်ကိန်းဝပ် သီတင်းသုံးတော်မူခဲ့ကြသည်။

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ပူဇော်ပွဲ အောင်ပွဲအဖြစ် ဓမ္မပူဇာပွဲကို ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်းရှိ သာသနဟိတဓမ္မာရုံရှေ့တွင် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်ထိ ညစဉ် ၇ နာရီခွဲနာရီ၌ သီတာဝူ အရှင်ဒေဝိန္ဒာဘိဝံသ၊ မဏိရတနာ ဒေါက်တာ အရှင်ဥတ္တမသာရနှင့် မာန်အောင်စည်ဆရာတော် အရှင်မာနိတ(ပဲခူး- အေးစွန်ပါ) ဆရာတော်တို့မှ တရားတော်များ ဟောကြားတော်မူခဲ့သည်။

ဦးစိုးမြိုင်(လေ)




www.burmeseclassic.com

www.burmeseclassic.com

## မဟာအတုလ (၉)နဝင်းစေတီတော် မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၏ သတ္တမအကြိမ်မြောက် ဓမ္မပူဇော်ပွဲ




ရန်ကုန်မြို့ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်ရှိ မဟာအတုလ (၉)နဝင်းစေတီတော် သတ္တမအကြိမ်မြောက် ဓမ္မပူဇော်ပွဲကို (၁၇-၁၂-၂၀၁၆)စနေနေ့တွင် (သီတဂူ) "ဒေါက်တာအရှင်ကုန္ဒာဓရိယ" သာသနတက္ကသီလဓမ္မာစရိယ M.A, Ph.D(Buddhist Literature) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း)ဆရာတော်၊ (၁၈-၁၂-၂၀၁၆)တနင်္ဂနွေနေ့တွင် (သီတဂူ) "ဒေါက်တာအရှင်ကိတ္တိဗလ" သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ M.A, Ph.D သီတဂူပါမောက္ခ (လ/ထ)သီတဂူ မော်ကွန်းထိန်းဆရာတော်၊ (၁၉-၁၂-၂၀၁၆)တနင်္လာနေ့တွင် (သီတဂူ) "အရှင်တိက္ခသာရ" သာသနဓဇဓမ္မာစရိယ B.A, M.A(Buddhism) ကထိကဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တို့မှ သုံးရက်တိတိ ဘုရားလေးလမ်း (၁၄၁-လမ်း)၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်တွင် ညစဉ် (၇း၃၀)နာရီ၌ တရားဓမ္မများ ဟောကြားခဲ့ကြကြောင်း သိရှိရပါသည်။

အင်ကြင်း

## ပခုက္ကူအသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် ဘုံကထိန်ပွဲ

ရန်ကုန်မြို့ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၊ မြိုင်ကြီးငူ ဓမ္မာရုံအနီးရှိ ပခုက္ကူအသင်း ဓမ္မာရုံကြီးတွင် (၂၀-၁၁-၂၀၁၆)တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီအချိန်က ပခုက္ကူအသင်း (ရန်ကုန်)၏ (၂၆)ကြိမ်မြောက် ဘုံကထိန် သင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပင့်ဖိတ်ထားသော ဆရာတော် သံဃာတော်များ၊ အသင်းနာယကကြီးများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင် အသင်းသူ၊ အသင်းသား စုံညီစွာ တက်ရောက်ခဲ့ကြပြီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

တက္ကသိုလ်စိုးယဉ်

## စာရေးဆရာမိသားစု အလှူ


(ဦးမြင့်ကြည်)ပတ္တမြားပန်းစက်မှုလက်မှု+ ဒေါ်သန်းရှင်၊ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)+(စာရေးဆရာမ မလေးယဉ်)၊ သား-ဦးအေးလွင်(ပတ္တမြားပန်းစက်မှုလက်မှု)+ ဒေါ်သီတာစိုး(ဟိတာချိုကုမ္ပဏီ) မိသားစုတို့သည် ဒုတိယအကြိမ်အဖြစ် (၂၃-၁၀-၂၀၁၆)ရက်နေ့တွင် ပွင့်ဖြူမြို့နယ်၊ သစ်တော်ရွာ၊ ဖိုလ်ပေါက်ကျောင်းတွင်လည်းကောင်း၊ (၂၇-၁၀-၂၀၁၆)နေ့တွင် ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နယ်ခွဲ၊ ခညောင်းကျေးရွာတွင်လည်းကောင်း ကထိန်သင်္ကန်း ကပ်လှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဒေါက်တာသက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

## "ကိုးတောင်ပြည့် ချမ်းသာအောင် မြတ်စွာဘုရား" ရေစက်သွန်းချပွဲ



ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ ခေမာသီဝံ ကျောင်းဝင်းအတွင်း ပြည်တွင်းပြည်ပ သာသနာပြုဆရာမကြီး ယောဂီနန္ဒမာလာ ဦးဆောင်၍ ရှစ်နေ့ရှစ်နံ သားသမီးများနှင့် တည်ထားကိုးကွယ်ထားသော "ကိုးတောင်ပြည့် ချမ်းသာအောင် မြတ်စွာဘုရား" ဗုဒ္ဓဂယာမြတ်ဘုရားပုံတူ ကျောက်ဆင်းတုတော်မြတ်ကြီးအား (၂၉-၁၂-၂၀၁၆)၊ ၁၃၇၈-ခု၊ ပြာသိုလဆန်း(၁)ရက်၊ ကြာသပတေးနေ့တွင် တိုင်းသံဃာ့နာယက၊ မြို့နယ်သံဃာ့နာယက ဆရာတော်ကြီးများ ဦးဆောင်၍ အနေကဇာတင် ပူဇော်ခြင်း မင်္ဂလာအခမ်းအနား၊ ဗုဒ္ဓပူဇနီယပွဲတော်ကြီးနှင့် ချမ်းသာအောင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက် စံကျောင်းတော် အမိုး၊ အခင်း၊ ဘက်စုံမွမ်းမံ ပြင်ဆင်တည်ဆောက်ရာတွင် ကုသိုလ်ယူ လှူဒါန်းကြသော မ,တည်အလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ရှစ်နေ့ရှစ်နံ သားသမီးများ၏ ကုသိုလ်မြတ်ကို ရေစက်သွန်းချ လှူဒါန်းပွဲကို ဒိုက်ဦးမြို့ ခေမာသီဝံကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

---

## သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် (၂၃၁၉)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ ရှေးဟောင်း သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ (၂၃၁၉)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို (၄-၂-၂၀၁၇)ရက်မှ (၁၂-၂-၂၀၁၇)ရက်(တပို့တွဲလဆန်း ၈ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက်)နေ့အထိ နှစ်စဉ်ကျင်းပမြဲအတိုင်း ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲ ပဋ္ဌာန်းရွတ်ဖတ်ပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆီမီးထွန်းညှိပူဇော်ပွဲ ဇာတ်ပွဲ၊ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ZN


## သုံးရောင်ခြယ်ဘုရားများ ဝယ်ယူပူဇော်နိုင်

ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ စိမ်း နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)များကို ဉာဏ်တော်အမြင့် ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ မိမိ နှစ်သက်ရာ ဉာဏ်တော်ကို ဘုန်းရောင်ဂျာနယ်တိုက်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။ (ဖုန်း-၀၉-၂၅၁၀၂ ...)

www.burmeseclassic.com

www.burmeseclassic.com

## ပန်းတဉ်းတန်း အရဏ်တော်ဝတ်အသင်းကြီးမှ ကြီးမှူး၍ ရွှေတိဂုံစေတီတော်သို့ (၇၅)ကြိမ်မြောက် ငွေကျပ် သိန်း ၁၇၄၀ တန်ဖိုးရှိ ရွှေပြားသက်န်းတော်များ လှူဒါန်း



ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းမနှင့် တော်ဝင်လမ်းထောင့်ရှိ ပန်းတဉ်းတန်း အရဏ်တော်ဝတ်အသင်းကြီးမှ ကြီးမှူး၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား (၇၅)ကြိမ်မြောက်(စိန်ရတုသဘင်)အဖြစ် ငွေကျပ် သိန်း ၁၇၄၀ တန်ဖိုးရှိ ရွှေစင်ရွှေသား ရွှေပြားသက်န်းတော်များ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

တရားဟော ဓမ္မကထိက ဆရာတော်များကို လှူဒါန်းငွေကျပ် ၈၅ သိန်းကျော်နှင့် စာရေးတံမဲလှူဒါန်းငွေကျပ် ၆၈ သိန်းကျော်ကို လှူဒါန်းခဲ့ကြောင်းလည်း သိရှိရသည်။

သားငယ်

---

## ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ဆုတောင်းပြည့် မိုးကောင်းစေတီတော် (၁၂၄)ကြိမ်မြောက် ဖုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်ရှိ ဆုတောင်းပြည့် မိုးကောင်းစေတီတော်မြတ်ကြီး (၁၂၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၈ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ဘုရား၊ တရားနှင့် သံဃာတော် (၁၀၈)ပါး၊ သီလရှင် ၁၀ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်းလည်း သိရှိရသည်။

---

## ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ အလှူမင်္ဂလာ ဈေးရောင်းပွဲတော်

ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ (၂၇)ကြိမ်မြောက် အလှူမင်္ဂလာ ဈေးရောင်းပွဲတော်ကြီးကို ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ စနေနေ့ ညနေ ၄ နာရီခွဲတွင် ဆေးရုံကြီးဝင်းအတွင်း၌ စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ထိုအလှူမင်္ဂလာ ဈေးရောင်းပွဲတော်တွင် အလှူရှင်များက ဈေးရောင်းချ၍ ရရှိလာသော ငွေများကို ထိုဆေးရုံကြီးသို့ ပြန်လည်လှူဒါန်းခဲ့ကြသည်ဟုလည်း သတင်းရရှိသည်။ ညပိုင်းတွင် သီးလေးသီးအငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေခဲ့ကြောင်းလည်း သိရှိရသည်။